http://www.dhammadownload.com

ပဋ္ဌာန်းဆက်သံသရာ လည်ပုံနှင့်ပြတ်ပုံပြ

# ပဋ္ဌာန်းတရားတော်

(ပစ္စယနိဒ္ဒေသ+ပဉှာဝါရ)

ပို့ချချက်



အရှင်ကုမာရာဘိဝံသ(သျှင်မိုးဝေ)

သာသနဓဇဓမ္မာစရိယ၊ သာသနကံ့ရဓမ္မာစရိယ

(မင်္ဂလာဗျူဟာဓမ္မစာပေသင်တန်းနှင့် ရှင်သာမဏေဓမ္မဝိဟာ သင်တန်းပြဆရာတော်)

ကောဇာ - ၁၃၇၀ သာသနာ - ၂၅၅၂ ခရစ် - ၂၀၀၉

http://www.dhammadownload.com

# ကမ္ဘာလောကသားတို့၏ စွမ်းအင်သတ္တိ(၂၄)မျိုး
# အကြောင်းအကျိုး ကျေးဇူးပြုပုံ

## ပဋ္ဌာန်းဆက်လည်ပုံ

ဟေတုံ ပဋိစ္စ သမ္ဘူတာ

(သမုဒယသစ္စာ + ဒုက္ခသစ္စာ)

အာရုံတွေကြောင့် စိတ်တွေဖြစ်၊
စိတ်တွေဖြစ်လို့ အမြစ်တွယ်၊
အမြစ်တွယ်တော့ သံသရာလည်။

## ပဋ္ဌာန်းဆက်ပြတ်ပုံ

ဟေတု ဘဂ္ဂါ နိရုဇ္ဈတိ

(မဂ္ဂသစ္စာ + နိရောဓသစ္စာ)

အာရုံတွေကြောင့် စိတ်တွေဖြစ်၊
စိတ်တွေဖြစ်တော့ အမြစ်ဖြတ်၊
အမြစ်ပြတ်တော့ သံသရာဆုံး။

http://www.dhammadownload.com

ပဋ္ဌာန်းဆက်သံသရာ လည်ပုံနှင့်ပြတ်ပုံပြ

# ပဋ္ဌာန်းတရားတော်

[ပစ္စယနိဒ္ဒေသ-ပဉှာဝါရ]

## ပို့ချချက်

အရှင်ကုန္ဒြိယ၊(သျှင်မိုးဝေ)
သာသနဓဇဓမ္မာစရိယ၊သာသနကိုရဓမ္မာစရိယ

ကောဇာ-၁၃၇၀၊ သာသနာ-၂၅၅၂၊ ခရစ်-၂၀၀၉။

http://www.dhammadownload.com

"ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်၌သာ တည်သကဲ့သို့၊
သူတော်ကောင်းတရားသည်
သူတော်ကောင်းတို့ နှလုံးသား၌သာ တည်ပါ၏။"


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ၂၀၀၉-ခုနှစ်၊ ဒီဇင်ဘာလ၊

အုပ်ရေ(၁၀၀၀)

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)ဖြင့် ထုတ်ဝေခွင့်ပြု၍၊
ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊
အမှတ်(၁၈၄၊ဘီ)၊ (၃၁)လမ်း၊
ဦးဇော်မြင့်ဝင်း၊ ကာလာဖုံပုံနှိပ်တိုက်မှ ပုံနှိပ်သည်။

## ဖြန့်ချိရေး

အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း၊
မင်္ဂလာဗျူဟာနှင့်ရှင်သာမဏေဓမ္မဗိမာန်သင်တန်းကျောင်း
ပဋ္ဌာန်းတရားတော်သင်တန်းသားများအတွက်
ဓမ္မစက္ကူအဖွဲ့မှ ဖြန့်ချိပါသည်။
ဖုန်း ၀၉-၅၀၂၂၇၇၄၊ ၀၉-၅၄၀၁၇၇၄။

http://www.dhammadownload.com

# ပဋ္ဌာန်းဘုရားရှိခိုး

❁❁❁❁❁❁

**နာနာပစ္စကာရ ဋ္ဌာနာနိ၊ ဟေတုအာဒိ နေတ္တ မုနိနာ။**

**အနန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တဂေါစရံ။**

စတ္တ၊ ဤအနန္တနယ သမန္တမည်မှန်း ပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနာပစ္စကာရဋ္ဌာနာနိ၊ ဟေတု,အာရမ္မဏ စသည်များစွာ အကြောင်းအရာ တို့ကို။ ဟေတဒိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျွန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူခဲ့ပါလေပြီ။

အနန္တနယဂေါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူပါပေသော။ တံအနန္တနယပဋ္ဌာနံ၊ များမြောင်ပေါ်ထယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုနိဗ္ဗာန်လမ်းပြ ပဋ္ဌာန်းကျမ်းဒေသနာတော်မြတ်ကြီးကို။

မယံ၊ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းကို ဉာဏ်ဖြင့်ထင်ထင် သိမြင်လိုလား ဘုရားတပည့်တော်များတို့သည်။ ဝန္ဒေ-ဝန္ဒာမိ၊ တစ်သက်တစ်ခါ ကြုံခဲစွာမို့ ကြုံလာသည့် ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်မြတ်နိုး ရှိခိုးကန်တော့ပါကုန်၏ မြတ်စွာဘုရား။

**သမ္ဗုဒ္ဓဿ တံ ဓမ္မံ၊ တဿ သတ္ထု သရီရတော။**

**သဗ္ဗာ ဒိသာ ဝိဓာဝန္တိ၊ လောဟိတာဒိပဘာဒိနာ။**

တံဓမ္မံ၊ ထိုပဋ္ဌာန်းတရားတော်ကြီးကို။ သမ္ဗုဒ္ဓဿ၊ သုံးသပ်ဆင်ခြင်တော်မူ သော။ တဿ-သတ္ထု၊ ထိုမြတ်စွာဘုရား၏။ သရီရတော၊ နဂိုကရွှေ အဆင်းကဲ့သို့ ဝါဝင်းသော ခန္ဓာကိုယ်ပေါ်မှ။ သဗ္ဗာဒိသာ၊ အလုံးစုံသော အရပ်မျက်နှာတို့ကို။

(နီလာဒိ ဆဗ္ဗဏ္ဏရံသိယော၊ ညိုသောရောင်ခြည်တော် အစရှိတဲ့ ခြောက်သွယ် သော ရောင်ခြည်တော်တို့သည်။)

လောဟိတာဒိပဘာဒိနာ၊ စိတ်တော်က ကြည်လင်သည့်အတွက် အသွေးတော် အသားတော်စသည်တို့လည်း သန့်ရှင်းကြည်လင်ခြင်း ရှိတော်မူခြင်းကြောင့်။

(နီလာဒိဆဗ္ဗဏ္ဏရံသိယော၊ ညိုသော ရောင်ခြည်,ရွှေသော ရောင်ခြည် အစရှိတဲ့ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည်)

ဝိဓာဝန္တိ၊ ထိုထိုဤဤ အရပ်မျက်နှာ အဖြာဖြာတို့သို့ လှည့်လည်ပြေးသွား တော်မူကြလေကုန်သတည်း။

http://www.dhammadownload.com

# ပဋ္ဌာန်းတန်ခိုး

⊛⊛⊛⊛⊛⊛

ပဋ္ဌာန်းတန်ခိုး၊ မြတ်ကောင်းကျိုးကား၊ သူခိုးရန်ပ၊ေစားပြရန်ပြေ၊ တစ္ဆေရန်လွှဲ၊ သရဲရန်ဖြတ်၊ ဘုတ်ကျတ်ရန်ဝေး၊ မီးဘေးရန်ကွာ၊ ရတနာပိုင်စိုး၊ ဂုဏ်ရှိန်တိုး၍၊ သက်ဖိုင်းရှည်စွာ၊ လွန်ကျန်းမာလျက်၊ ပညာကြီးမား၊ ကုသိုလ်များကာ၊ လိုရာဆန္ဒ၊ ပြည့်စုံရ၏။

အနန္တဂုဏ်အင်၊ ဘုရားရှင်၏၊ သဗ္ဗညုတ၊ ဉာဏမိတ်ဖက်၊ ပဋ္ဌာန်းဆက်ကား၊ ထက်မြတ်ကြီးမား၊ တန်ခိုးများသည်။ ဟောကြားမကုန် မဆုံးတည်း။

# ပဋ္ဌာန်းအကျိုး

⊛⊛⊛⊛⊛⊛

အကြောင်းမှန်နှင့်၊ အကျိုးမှန် ဆက်သွယ်ဟန်ကို ကောန်သိ၍ ဖန်ဆင်းရှင်ယုံကြည်မှု(ဣဿရနိမ္မာနဒိဋ္ဌိ)ဘေးမှ လွတ်ကင်းနိုင်၏။

အကြောင်းနှင့်အကျိုးတို့ ဆက်သွယ်ပြဋ္ဌာန်းမှု မရှိဟု ယူမှားသော အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊
နတ္ထိကဒိဋ္ဌိ ဘေးတို့မှလည်း လွတ်ကင်းနိုင်၏။

နတ္ထိပစ္စည်း၏ မရှိသတ္တိကို ကောန်သိ၍ မြဲ၏ဟုယုံကြည်မှု(သဿတဒိဋ္ဌိ)ဘေးမှ လွတ်ကင်းနိုင်၏။

အတ္ထိပစ္စည်း၏ အရှိသတ္တိကို ကောန်သိ၍ ပြတ်ဆဲ၏ဟု ယုံကြည်မှု (ဥစ္ဆေဒဒိဋ္ဌိ)ဘေးမှ လွတ်ကင်းနိုင်၏။

အကြောင်းဘက်နှင့်အကျိုးဘက် နှစ်ဘက်လုံးမှာရှာ သူမပါ၊ ငါမပါ။ ပုဂ္ဂိုလ်သတ္တဝါ မရှိသည်ကို ကောန်သိရ၍ ငါဟုစွဲလန်းမှု(အတ္တဒိဋ္ဌိ)ဘေးမှလည်း လွတ်ကင်းနိုင်ပေ၏။

http://www.dhammadownload.com

# ပဋ္ဌာန်းတရားတော်မာတိကာ

အကြောင်းအရာ ... စာမျက်နှာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဋ္ဌာန်းဘုရားရှိခိုး | ..... | ..... |
| ပဋ္ဌာန်းတန်ခိုး၊ပဋ္ဌာန်းအကျိုး | ..... | ..... |
| နိဗ္ဗာန်လမ်းပြပဋ္ဌာန်းဒေသနာတော် | ..... | .....(က-စ) |
| ပဋ္ဌာန်းမာတိကာ | ..... | ..... |
| ပဋ္ဌာန်းစွမ်းအင်သတ္တိ (၂၄)မျိုး | | ..... ၁ |
| ဟေတုပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | ..... ၂ |
| အာရမ္မဏပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | ..... ၁၃ |
| အဓိပတိပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | ..... ၂၆ |
| အနန္တရပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | ..... ၃၇ |
| သမနန္တရပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | ..... ၅၆ |
| သဟဇာတပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | ..... ၅၇ |
| အညမညပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | ..... ၆၇ |
| နိဿယပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | ..... ၇၇ |
| ဥပနိဿယပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | ..... ၈၅ |
| ပုရေဇာတပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၀၅ |
| ပစ္ဆာဇာတပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၁၅ |
| အာသေဝနပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၂၃ |
| ကမ္မပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၃၀ |
| ဝိပါကပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၄၁ |
| အာဟာရပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၅၀ |
| ဣန္ဒြိယပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၅၉ |
| ဈာနပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၆၇ |
| မဂ္ဂပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၇၇ |
| သမ္ပယုတ္တပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | | .....၁၈၄ |

http://www.dhammadownload.com



| | |
|---|---|
| ဝိပ္ပယုတ္တပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | .....၁၉၂ |
| အတ္ထိပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | .....၁၉၉ |
| နတ္ထိပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | .....၂၀၉ |
| ဝိဂတပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | .....၂၁၅ |
| အဝိဂတပစ္စယောပါဠိအနက်နှင့်အဓိပ္ပါယ်များ | .....၂၁၉ |
| စွမ်းအင်သတ္တိ(၂၄)မျိုးသဘောတူရာအုပ်စုခွဲခြင်း | .....၂၂၁ |
| စွမ်းအင်သတ္တိ(၂၄)မျိုး၏အချုပ်သတ္တိ(၄)မျိုး | .....၂၂၄ |
| စွမ်းအင်သတ္တိ (၂၄)ပါးကိုကာလသုံးပါးခွဲခြားခြင်း | .....၂၂၅ |
| သန္တာန်နှစ်ပါးခွဲခြင်း | .....၂၂၇ |
| သခ်တအသခ်တခွဲခြင်း | .....၂၂၇ |
| သဘောတူရာအုပ်စုအမျိုးအမည်များ | .....၂၂၉ |
| ယုဂနဒ္ဓ အစုံသတ္တိ(၅)မျိုး | .....၂၃၀ |
| ဇနကသတ္တိနှင့်ဥပတ္ထမ္ဘကအခွဲ | .....၂၃၀ |
| အကျိုးသက်ရောက်မှုတစ်ခု၌ အကြောင်းစွမ်းအင်များစွာဖြစ်နေပုံ | .....၂၃၀ |
| ပဋိသန္ဓေတည်နေစိတ်အား အကြောင်းစွမ်းအင်များစွာကျေးဇူးပြုနေပုံ | .....၂၃၁ |
| သဘာဝဓမ္မ၏စွမ်းအင်သတ္တိများ | .....၂၃၃ |
| သဘာဝဓမ္မ၏စွမ်းအင်သတ္တိများကိုရှာဖွေခြင်း | .....၂၃၅ |
| ပရမတ်တရားထဲက သဘာဝဓမ္မစွမ်းအင်များ | .....၂၃၇ |
| အမှန်သိဖြင့် အမှားသိကို ပယ်နိုင်ခြင်း | .....၂၃၈ |
| မြင်မှုကိစ္စတစ်ခု၌ အမြင်မှားမိစ္ဆာဒိဋ္ဌိဖြစ်ပွားပုံ | .....၂၃၉ |
| မြင်မှုကိစ္စတစ်ခု၌ အမြင်မှန်သမ္မာဒိဋ္ဌိဖြစ်ပေါ်ပုံ | .....၂၄၀ |
| အမြင်မှန်သမ္မာဒိဋ္ဌိကြောင့် ဉာဏ်အဆင့်ဆင့်ရင့်ပုံ | .....၂၄၁ |
| အမြင်မှန်သမ္မာဒိဋ္ဌိကြောင့် ဝိပဿနာဉာဏ်ဖြစ်ပုံ | .....၂၄၂ |
| ဝိပဿနာဉာဏ်ကြောင့် ကိလေသာပယ်သတ်ပုံ | .....၂၄၂ |
| သစ္စာလေးတန် အမြင်မှန်ပုံ | .....၂၄၃ |
| သစ္စာအမြင်ဉာဏ်ဆိုက်ရောက်ပုံ | .....၂၄၄ |
| ပဋ္ဌာန်းတရားတော်စာအုပ်မှီငြမ်းပြုကျမ်းများ | .....၂၄၆ |

http://www.dhammadownload.com

# နိဗ္ဗာန်လမ်းပြပဋ္ဌာန်းဒေသနာတော်

## ပဋ္ဌာန်းဂုဏ်ရည်

အထူးထူးအပြားပြား များလှစွာသော အကြောင်းပစ္စည်း စွမ်းအင်သတ္တိတရားများကို (ပ+ဌာန) "ပဋ္ဌာန်း"ဟု ခေါ်သည်။ ထိုပဋ္ဌာန်းတရားတော်၌ အကြောင်းအကျိုးဆက်စပ်ပုံ နည်းမျိုးစုံတို့ ပါဝင်နေသည်ကို အကြောင်းပြု၍ '**အနန္တနယပဋ္ဌာန်း**'ကျမ်းဟု ခေါ်သည်။

## သိမ်မွေ့နက်နဲ

ပဋ္ဌာန်းတရားတော်၌ သာမန်လူတို့၏ ပကတိမျက်စိ၊ သာမန်အသိဉာဏ်တို့ဖြင့် သိမြင်နားလည်ရန် ခက်ခဲသိမ်မွေ့သော စိတ်,စေတသိက်,ရုပ်, နိဗ္ဗာန်ဟတ်ဟူသော ပရမတ်တရားများကို ခွဲခြမ်းစိတ်ဖြာ ဝေဖန်၍ ဟောကြားတော်မူထားသောကြောင့် ပဋ္ဌာန်းတရားတော်သည် သိမ်မွေ့နက်နဲ၍ ကြီးကျယ်မြင့်မြတ်ခြင်းဂုဏ်နှင့် ပြည့်စုံသောတရားတော် ဖြစ်သည်။

## (၆)ရောင်စုံကွန့်မြူး

သဗ္ဗညုတရွှေဉာဏ်တော်သခင် မြတ်ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်တော်မူ၍ (၂၂)ရက်မြောက်၌ ဗောဓိပင်၏ အနောက်မြောက်အရပ်တွင် လေးခုမြောက်သတ္တာဟ ရတနာဃရစံအိမ်တော်ဝယ် (၇)ရက်ပတ်လုံး စံနေတော်မူ၏။

ယင်းသို့ စံတော်မူစဉ်အတွင်း၌ အဘိဓမ္မာ(၇)ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူပါသည်။ ဓမ္မသင်္ဂဏီအစ ယမိုက်အဆုံးရှိသော အဘိဓမ္မာ(၆)ကျမ်းလုံးကို

http://www.dhammadownload.com



သုံးသပ် ဆင်ခြင်တော်မူပြီးသော်လည်း ထူးခြားအံ့ဖွယ်များ စိုးစဉ်းမျှ ဖြစ်ပေါ်မလာ။

နောက်ဆုံး(၇)ကျမ်းမြောက် ပဋ္ဌာန်းကျမ်းတော်အရောက်တွင်ကား ကိုယ်တော်မြတ်မှ ရောင်ခြည်တော်(၆)စုံတို့ ကွန့်မြူးထွက်ပေါ်လာခဲ့သည်။ ဝဲယာ,ရှေ့နောက်နှင့် ထက်,အောက်ဗီလာ အရပ်(၁၀)မျက်နှာတို့သို့ အဆုံးအပိုင်းခြားမရှိ ထွန်းလင်းတောက်ပလာခဲ့သည်။

ထိုသို့ ရောင်ခြည်တော် (၆)စုံတို့ ထွက်ပေါ်လာခြင်းမှာ ရှင်တော်ဗုဒ္ဓ၏ အနှိုင်းမဲ့ဘုန်းတန်ခိုးတော်အနန္တကြောင့်ပင် ဖြစ်၏။ ဘုန်းတန်ခိုးတော်အနန္တဖြစ်ပေါ်လာရခြင်းမှာ အဆုံးအပိုင်းအခြားမရှိ သိမ်မွေ့နက်နဲသော ပဋ္ဌာန်းကျမ်းကို အာရုံပြုမှုကြောင့်သာ အနှိုင်းမဲ့သဗ္ဗညုတဉာဏ်တော်၏ ကွန့်မြူးထွက်ပေါ်တော်မူခြင်း ဖြစ်ပေသည်။

## နှလုံးသွေးတို့ကြည်လင်

မြတ်ဗုဒ္ဓရှင်တော်၏ အနှိုင်းမဲ့သော သဗ္ဗညုတဉာဏ်တော်သည် ကွန့်မြူးတော်မူလေသောအခါ ဉာဏ်တော်နှင့်သမ္ပယုတ်ဖြစ်သော စိတ်,စေတသိက်တို့၏ တည်ရာ ဟဒယဝတ္ထု ခေါ် နှလုံးသွေးတော်သည် အလွန်အထူး ကြည်လင်တောက်ပ၍ လာပေ၏။ နှလုံးသွေးတို့ ကြည်လင်လေသောအခါ နှလုံးသွေးနှင့် ဆက်စပ်သော အသွေး, အသား,အရိုး,အကြော,အရေ,ဣန္ဒြေငါးပါးတို့နှင့် ကံ, စိတ်,ဥတု, အာဟာရတို့ကြောင့်ဖြစ်သော ရုပ်များလည်း ကြည်လင်လာ၍ တဝင်းဝင်းတလက်လက် (၆)ရောင်စုံတို့ ကွန့်မြူးထွက်ပေါ်လာကြခြင်း ဖြစ်သည်။

## ပဋ္ဌာန်းတန်ခိုး,ဆင်ခြင်ရကျိုး

လက်ဒီပကျွန်း၌ အရှင်တိဿဒတ္တမထေရ်ကြီးသည် သင်္ဘောစီး၍ ပင်လယ်ပြင်ကို ဖြတ်ကူးတော်မူ၏။ မထေရ်ကြီးသည် လှိုင်းတံပိုးများဖြင့် ပြည့်သော ကမ်းမမြင် ပင်လယ်ပြင်ကျယ်ကို ကြည့်၍ 'ဤပင်လယ်ပြင်ကပင် အဆုံးအပိုင်းအခြားမဲ့ ကြီးကျယ် ပြန့်ပြောသလော၊ အဆုံးအပိုင်းအခြားမရှိသော နည်းတို့ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသော ပဋ္ဌာန်းကျမ်းကြီးကပင် ကြီးကျယ်ပြန့်ပြောသလော'ဟု အဖန်ဖန်အထပ်ထပ် ကြံစည် စဉ်းစားတော်မူ၏။

http://www.dhammadownload.com



ထိုအခါ 'ပင်လယ်ပြင်သည်ကား အောက်၌ မြေထု၊ အထက်၌ မိုးကောင်းကင်၊ ဘေးဘက်၌ ကမ်းခြေ၊စကြာဝဠာတံတိုင်းများဖြင့် အပိုင်းအခြား ရှိသေး၏။ ပဋ္ဌာန်းကျမ်းကြီး သည်ကား နည်းမျိုးစုံပြွမ်း၍ ဆုံးခန်းမမြင်နိုင်အောင် အလွန်ပင် ကျယ်ပြန့်နက်နဲလှပေတကား' ဟု သိမြင်တော်မူခဲ့သည်။

မထေရ်မြတ်သည် ပဋ္ဌာန်းတရားတော်၌ လွန်ကဲသော သဒ္ဓါစေတ်ဖြင့် အဖန်ဖန်အထပ်ထပ် ဆင်ခြင်တော်မူ၍ ရွှင်လန်းနှစ်သက်ခြင်း ပီတိ၊သောမနဿတို့ ဆင့်ကဲဆင့်ကဲ ဖြစ်တော်မူလာ၏။ ထိုတရားများကို အခြေခံ၍ ဝိပဿနာဉာဏ်သို့ တက်ကာ ရှုမှတ်ပွားများ ဆင်ခြင်တော်မူလတ်သော် တစ်ထိုင်တည်း၌ပင် ကိလေသာအာသဝေါ ကုန်ခန်းသည့် ရဟန္တာမြတ် ဖြစ်တော်မူခဲ့သည်။

## တရားမြတ်နိုးသော နတ်မင်း

လူ၊နတ်၊ဗြဟ္မာ သတ္တဝါအားလုံးတို့သည် မိမိတို့နှင့် စေတ်သဘော တူသူချင်းသာ ပေါင်းဖက်ကြလေ့ ရှိ၏။ စေတ်သဘောမတူက ပေါင်းဖက်၍ မရ။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓက 'ရဟန်းတို့၊ သတ္တဝါတို့သည် စိတ်သဘောထား စေတ်အားဖြင့် တူသူချင်းသာ နီးနှောဆက်ဆံကြ၏။ ညီညွတ်ပေါင်းသင်းကုန်၏' ဟု ဟောကြားတော်မူသည်။

မြတ်စွာဘုရား ရှိတော်မူစဉ်အခါက ဝေဠုကဏ္ဍာမြို့တွင် နန္ဒမာတာခေါ် အမျိုးသမီးတစ်ယောက်သည် မိမိနှစ်သက် သဘောကျသည့် ပါရာယနသုတ်တော်ကို ပါဠိအသံထွက် မှန်ကန်တိကျစွာဖြင့် နံနက်တိုင်း (၇)ထပ်တိုက် အပေါ်ဆုံးထပ်တွင် ရွက်ဖတ်ပူဇော်မြဲ ဖြစ်၏။

တစ်နေ့နံနက်စောစောတွင် ဝေဿဝဏ်နတ်မင်းကြီးသည် ကောင်းကင်ခရီးဖြင့် တောင်အရပ်သို့သွားစဉ် နန္ဒမာတာ၏ တရားပူဇော်သံကို ကြား၍ ပြီးဆုံးအောင် ရပ်တန့် နာယူလေ၏။ တရားဆုံးသောအခါ အသံထွက်ပြီး 'သာဓု' (၃)ကြိမ် ခေါ်ဆိုလိုက်၏။ နန္ဒမာတာက 'အရှင်က မည်သူပါနည်း' ဟု မေးသောအခါ 'နှမ၊ ငါကား ဝေဿဝဏ် နတ်မင်းဖြစ်သည်' ဟု ဖြေ၏။

နန္ဒမာတာက 'အရှင် ဤသို့ဆိုလျှင် ကျွန်တော်မ ရွတ်ဆိုပူဇော်သော ဤတရားတော်ကို အရှင့်အား လက်ဆောင်ပေးပါ၏' ဟု ပြော၏။ နတ်မင်းကြီး

http://www.dhammadownload.com



ကလည်း 'ကောင်းလှပါပြီ နှမ၊ သင်ပေးသည့် လက်ဆောင်ကို ငါတမြတ်တနိုး ခံယူပါ၏။ နက်ဖြန်နံနက်မှာ ဤမြို့ကို တရားစစ်သူကြီး အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ဆွမ်းမဘုန်းပေးရသေးဘဲ ကြွတော်မူပါလိမ့်မည်။ သင် နှမသည် အရှင်မြတ်များကို ဆွမ်းကပ်လှူ၍ ကုသိုလ်ယူပါလေ။ ကုသိုလ်အဖို့ကို မောင်ကြီး ကိုလည်း ပေးဝေမျှပါဦး'ဟု ပြောဆိုလိုက်၏။

ပြီးသောအခါ နတ်မင်းကြီးက 'နှမ၊ တရားကို ပူဇော်သောအနေဖြင့် ဤပစ္စည်းများကို သင့်အား ပေးပါ၏'ဟု ပြော၍ စပါးကျီ (၁၂၅-ခု) သလေးစပါး များကို တန်ခိုးဖြင့် အပြည့်ထည့်ပေးလိုက်သည်။ နတ်မင်းကြီးပေးခဲ့သော စပါးများသည် နန္ဒမာတာ၏ တစ်သက်တာလုံး စားသုံးလှူဒါန်း၍ပင် မကုန်မခန်းဘဲ တည်ရှိခဲ့လေသည်။ ဝေဿဝဏ်နတ်မင်းကြီးကဲ့သို့ တရားတော်၌ ရိုသေမြတ်နိုးစွာ ပူဇော်လေ့ရှိသော သူတော်ကောင်း နတ်ဗြဟ္မာတို့ကား အများအပြားပင် ရှိနေကြ ပေသည်။

## ပဋ္ဌာန်းပရိသတ်နတ်ဗြဟ္မာများ

ရှင်တော်ဗုဒ္ဓသည်(၇)ဝါမြောက်တွင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ဝါဆိုလပြည့်မှ သီတင်းကျွတ်လပြည့်အထိ ဝါတွင်းသုံးလ၊ ရက်ပေါင်း(၉၀)လုံး အဘိဓမ္မာ(၇)ကျမ်းကို နတ်ဗြဟ္မာပရိသတ်အပေါင်းတို့အား ဟောကြားတော်မူ၏။

ဓမ္မသင်္ဂဏီကျမ်းကို (၁၂)ရက်၊ ဝိဘင်းကျမ်းကို (၁၂)ရက်၊ ဓာတုကထာကို (၆)ရက်၊ ပုဂ္ဂလပညတ်ကို (၇)ရက်၊ ကထာဝတ္ထုကို (၈)ရက်၊ ယမကကျမ်းကို (၂၀)ရက်၊ ပဋ္ဌာန်းကျမ်းကို (၂၅)ရက် ဟောကြားတော်မူခဲ့၏။

နောက်ဆုံး အဘိဓမ္မာ (၇)ကျမ်း၏ အနှစ်,အချုပ်ဖြစ်သော ပဋ္ဌာန်းတရား တော်ကို ဟောကြားအပြီးတွင် စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာပေါင်း ကုဋေ(၈)သောင်း ကျော်တို့ တရားထူးသိမြင်၍ ကျွတ်တမ်းဝင်တော်မူခဲ့ကြ၏။ သောတာပန်,သကဒါဂါမ် စသည်တည်ကုန်သော နတ်ဗြဟ္မာတို့ကား မရေတွက်နိုင် အောင် များပြားလှ၏။ အကယ်စင်စစ် ထိုနတ်တို့သည် ရှင်တော်ဗုဒ္ဓထံတော်မှောက်၌ ပဋ္ဌာန်းတရားတော်ကို နာယူခဲ့ကြ၍ ပဋ္ဌာန်းပရိသတ်အဖြစ် ပဋ္ဌာန်းဆက်ရှိခဲ့ကြသူများ ဖြစ်ကြလေသည်။

http://www.dhammadownload.com


ထိုသို့ ပဋ္ဌာန်းဆက်ရှိကုန်သော နတ်ဖြဟ္မာတို့သည် မိမိတို့နှင့် ဓာတ်သဘော တူစွာ ပဋ္ဌာန်းတရားတော်ကို လေ့လာသင်ယူသူ၊ ရွတ်ဖတ်ပူဇော်သူ ပဋ္ဌာန်းပရိသတ်တို့အား ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ ဖြစ်ထွန်းအောင်မြင်တိုးတက်စေလျက်၊ ဆိုးကျိုးဘေးရန် အန္တရာယ်တို့ ကင်းစင်လွင့်ပျောက်အောင် ကူညီစောင့်ရှောက်ပေးနိုင်ကြလေသည်။

## လင်းနို့ငှက်တို့၏ ပဋ္ဌာန်းဆက်

ရှင်တော်ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ(၇)ကျမ်းကို ဝါတွင်းသုံးလတိုင်တိုင် အကျယ်အားဖြင့် အပြည့်အစုံ ဟောကြားတော်မူ၏။ ထိုတရားတော်ကို လူ့ပြည်၌ အရှင်သာရိပုတ္တရာအား အကျဉ်းဆုံးနည်းဖြင့် ပြန်လည်၍ ဟောပြတော်မူသည်။ အရှင်သာရိပုတ္တရာသည် တပည့်ရဟန်းငါးရာတို့အား မကျဉ်းမကျယ်နည်းဖြင့် တစ်ဆင့်ပြန်ပြီး ဟောကြားတော်မူခဲ့လေသည်။ ယခုသင်ယူလေ့လာနေကြသောပဋ္ဌာန်းတရားတော်သည် အရှင်သာရိပုတ္တရာက 'မကျဉ်းမကျယ်' နည်းဖြင့် ပြန်လည်ဟောပြသောတရားတော်ဖြစ်၏။

ကဿပရှင်တော်မြတ်ဘုရား သာသနာတွင်းအချိန်၌ ရဟန်းတော်နှစ်ပါးတို့သည် တောင်စွန်းတစ်နေရာ၌ သီတင်းသုံးတော်မူ၍ မကြာမကြာ အဘိဓမ္မာတရားတော်ကို ရွတ်အံသရဇ္ဈာယ် ပူဇော်လေ့ရှိသည်။ အရှင်မြတ်တို့ ရွတ်ဖတ်သော အဘိဓမ္မာတရားတော်ကို ထိုတောင်စွန်း၌နေသော လင်းနို့ငါးရာတို့သည် အသံဟူသောအမှတ်ဖြင့် နားထောင်လေ့ ရှိကြ၏။ ထိုလင်းနို့ငှက်များသည် တရားတော်၌ အသံဟူသော အမှတ်သညာဖြင့် နာယူရုံမျှနှင့်ပင် ထိုဘဝမှသေလွန်သောအခါ သုဂတိနတ်ပြည်၌ ကြာမြင့်စွာ ဖြစ်လာကြရလေသည်။

ဘုရားတစ်ဆူ လွန်ပြီး၍ ရှင်တော်ဗုဒ္ဓသာသနာတော်ဝယ် လူအဖြစ်ကို ရလာလျက် တရားစစ်သူကြီးအရှင်သာရိပုတ္တရာထံတွင် တပည့်ရဟန်း ပြုကြသည်။ ထို့မှတစ်ဖန် ကဿပဘုရားရှင် သာသနာတော်ခေတ်၌ အဘိဓမ္မာတရားတော်ကို အဟိတ်တိရစ္ဆာန်ဘဝဖြင့် နာယူခဲ့သော ပဋ္ဌာန်းဆက်အကြောင်းသတ္တိကြောင့်ပင် အဘိဓမ္မာတရားကို ရှေးဦးဆုံး နာကြားရ၍ ရဟန္တာဖြစ်တော်မူကြလေ၏။

## သာသနာတော်၏ ရှေ့တန်းခံတပ်

ဤပဋ္ဌာန်းတရားတော်သည် ရှင်တော်ဗုဒ္ဓ တည်ထောင်တော်မူခဲ့သော

http://www.dhammadownload.com



သိက္ခာသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်တည်တန့် ခိုင်ခံ့ဖို့အတွက် ရှေ့တန်းခံတပ်ကြီးပင် ဖြစ်ပေ၏။ သာသနာတော် ကွယ်ပျောက်မည့်အချိန်တွင် ပရိယတ်,ပဋိပတ်,ပဋိဝေဓဟူသော သာသနာ(၃)ရပ်တွင် ပရိယတ်သာသနာသည် အရင်ဆုံး ကွယ်ပျောက်လေ၏။

ထိုတွင်လည်း သုတ်,ဝိနည်း,အဘိဓမ္မာဟူသော ပိဋကတ်(၃)ပုံတွင် အဘိဓမ္မာတရားတော်က အရင်ဆုံး ကွယ်လေ၏။ ထိုတွင်လည်း ဓမ္မသင်္ဂဏီ, ဝိဘင်း,ဓာတုကထာ,ပုဂ္ဂလပညတ်, ကထာဝတ္ထု,ယမိုက်,ပဋ္ဌာန်းဟူသော အဘိဓမ္မာ (၇)ကျမ်း၌ အချုပ်ဖြစ်သော ပဋ္ဌာန်းကျမ်းတော်သည် အရင်ဆုံး ကွယ်ပျောက်မည် ဖြစ်ပေသည်။

ထို့ကြောင့် ပဋ္ဌာန်းတရားတော်သည် သာသနာတော်၏ ရှေ့တန်းခံတပ်ကြီး သဖွယ်ဖြစ်၍ သာသနာတော်မကွယ်ပျောက်ရေးကို အထူးစောင့်ရှောက်လိုသော သူတော် ကောင်းတို့သည် ပဋ္ဌာန်းတရားတော်ကြီး မကွယ်ပျောက်အောင် လေ့လာ သင်ယူခြင်း, အဓိပ္ပါယ်သိနားလည်လျက် အသံထွက်မှန်ကန်စွာ ရွတ်ဖတ်ပူဇော် ခြင်းတို့ဖြင့် သာသနာမကွယ်ပျောက်ရအောင်၊ နေရောင်လရောင်သဖွယ် ထွန်းလင်း တောက်ပနေနိုင်အောင် သာသနာပြု ကုသိုလ်အဖြစ် စောင့်ရှောက်ထိန်းသိမ်း နိုင်ကြလေသည်။

ထို့ပြင် ပဋ္ဌာန်းဒေသနာတော်သည် ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းအစုံ အလင်တို့ဖြင့် ပစ္စည်းပစ္စယုပ္ပန်ဟူသော အကြောင်းမှန်အကျိုးမှန်တို့ကို ခွဲခြမ်းစိတ် ဖြာလျက် ဟောတော်မူ ထားခြင်း ဖြစ်၏။ ပဋ္ဌာန်းဒေသနာတော်ကို လေ့လာသင် ယူ၍ ဆင်ခြင်ပွားများသူသည် ယထာဘူတအမြင်ဉာဏ်ကို သိမြင်ရရှိလျက် ဝိပဿနာဉာဏ်၊မဂ်ဉာဏ်၊ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ဓာတ်ကို ကောန်မျက်မှောက် ပြုနိုင်ပေ၏။


ထို့ကြောင့် နိဗ္ဗာန်လမ်းပြဖြစ်သော ပဋ္ဌာန်းဒေသနာတော်ကို မိမိတို့စွမ်းအား အလျောက် သင်ယူလေ့လာ၊ ပွားများဆင်ခြင်တော်မူကြလျှင် သန္တိသုခနိဗ္ဗာနဓာတ်သို့ မျက်မှောက်ပြုနိုင်မည့် စွမ်းအင်သတ္တိပါရမီထူးများ တစ်နေ့တခြား တိုးလာပြည့်စုံလာ နိုင်မည်သာ ဖြစ်ပါပေသတည်း။

အရှင်ဣန္ဒြိယ (သျှင်မိုးဝေ)
( ၁၀၊ ၁၊ ၂၀၀၉)
ကမ္ဘာအေး၊ ရန်ကုန်။
ဖုန်း-၀၉၅၄၁၇၇၄။

http://www.dhammadownload.com



# ပဋ္ဌာန်းဆက်သံသရာ လည်ပုံနှင့်ပြတ်ပုံ



**ပဋ္ဌာန်းဆက်လည်ပုံ**

◆◆◆◆◆

ဟေတုံ ပဋိစ္စ သမ္ဘူတာ၊
(သမုဒယသစ္စာ+ဒုက္ခသစ္စာ)
အာရုံတွေကြောင့် စိတ်တွေဖြစ်၊
စိတ်တွေဖြစ်လို့ အမြစ်တွယ်၊
အမြစ်တွယ်တော့သံသရာလည်။

**ပဋ္ဌာန်းဆက်ပြတ်ပုံ**

◆◆◆◆◆

ဟေတု ဘဂ္ဂါ နိရုဇ္ဈတိ၊
(သမုဒယသစ္စာ+ဒုက္ခသစ္စာ)
အာရုံတွေကြောင့် စိတ်တွေဖြစ်၊
စိတ်တွေဖြစ်တော့ အမြစ်ဖြတ်၊
အမြစ်ဖြတ်တော့ သံသရာဆုံး။

http://www.dhammadownload.com



# (၂၄)ပစ္စည်းပဋ္ဌာန်းဂီတာကဗျာကြီး

သတ္တဝါအများ မှတ်ကာထားကြတော့၊ မြတ်စွာဘုရားဟောကြားခါခါ။
ပုဂ္ဂိုလ်သတ္တဝါ ငါ,သူမှတ်သော်လည်း၊ အကြောင်းပစ္စည်းနဲ့အကျိုး ပစ္စယုပ္ပန္နာ။
ပဋ္ဌာန်းရွှေစာ သေချာဟောတာက၊ ဟေတု,အာရမ္မဏ,အဓိပတိ,အနန္တရာ။
သမနန္တရာ၊ သဟဇာတ၊ အညမညက အချင်းချင်း ဓမ္မတာ။
ကျေးဇူးပြုကာ နိဿယမှီရတော့ ဥပနိဿယမှ အားကြီးတဲ့ မှီရာပါ။
ပုရေဇာတ ဖြစ်နှင့်ကြ၍၊ နောက်မှဖြစ်တော့ ပစ္ဆာဇာတာ။
အာသေဝနဆိုတာ နံ့သာထုံသည့်ပမာ၊
ကမ္မစေတနာ အကြောင်းပစ္စည်း၊ အကျိုးယူနည်းက ဝိပါကမှတ်ပါ။
အာဟာရက ကျားထောက်နည်းတူစွာ၊ ဣန္ဒြိယအရှိန်အပြည့်အဝ
အစိုးရမင်းပမာ။
ဈာနစူးစိုက် မဂ်ကူးဆိုက်တော့ ဘဝလမ်းကြောင်း ဦးတိုက်သွေမကွာ။
သမ္ပယုတ်ယှဉ်ကြ၊ ဝိပ္ပယုတ်မယှဉ်သပ၊ အတ္ထိမှတ်ဘိ
ထင်ရှားရှိကျေးဇူးပြုပေတာ။
ကင်းချုပ်မရှိ၊ နတ္ထိပါ။ ဝိဂတာ တစ်မျိုးဆက်လိုက်တော့
အဝိဂတာမျိုးသက်သက်ကတော့။ နှစ်ဘက်ရှိ မကင်းတာ။
သူငါဆိုတာ ခေါ်ကာမတ္တ အကြောင်းပစ္စည်းတွေနဲ့မို့ သပစ္စယာဓမ္မာပါ။
အကြောင်းပြုစီရင် ကောင်းမကောင်းအမှုပင်။
သခ်ာတဓမ္မတွေ စစ်စစ်မှန်မှန်သိကြဖို့၊
ပဋ္ဌာန်းဒေသနာ ကျမ်းရွှေစာ သေချာသိကြမှ၊
ဒိဋ္ဌိ၊ဝိစိကိစ္ဆာ ပယ်ခွာကင်း၍ နိဗ္ဗာန်ချဉ်း ဖောက်ထွင်းရောက်မည်သာ။
(မူလသင်တန်းမြတ်ပဋ္ဌာန်းကျမ်းမှ)

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပဋ္ဌာန်းစွမ်းအင်သတ္တိ(၂၄)မျိုး

၁။ ဟေတုပစ္စယော- ဟိတ်သတ္တိ စွမ်းအင်တရား
၂။ အာရမ္မဏပစ္စယော- အာရုံသတ္တိ စွမ်းအင်တရား
၃။ အဓိပတိပစ္စယော- အကြီးအမှူးသတ္တိ စွမ်းအင်တရား
၄။ အနန္တရပစ္စယော- အကြားမဲ့သတ္တိ စွမ်းအင်တရား
၅။ သမနန္တရပစ္စယော- ကောင်းစွာ အကြားမဲ့သတ္တိ စွမ်းအင်တရား
၆။ သဟဇာတပစ္စယော-အတူတကွဖြစ်မှုသတ္တိ စွမ်းအင်တရား
၇။ အညမညပစ္စယော- အချင်းချင်းထောက်ပံ့မှုသတ္တိ စွမ်းအင်တရား
၈။ နိဿယပစ္စယော- မှီရာသတ္တိ စွမ်းအင်တရား
၉။ ဥပနိဿယပစ္စယော-အားကြီးသောမှီရာသတ္တိ စွမ်းအင်တရား
၁၀။ ပုရေဇာတပစ္စယော- ရှေးကဖြစ်မှုသတ္တိ စွမ်းအင်တရား
၁၁။ ပစ္ဆာဇာတပစ္စယော-နောက်ကဖြစ်မှုသတ္တိစွမ်းအင်တရား
၁၂။ အာသေဝနပစ္စယော-အထုံသတ္တိ စွမ်းအင်တရား
၁၃။ ကမ္မပစ္စယော- ကံသတ္တိ စွမ်းအင်တရား
၁၄။ ဝိပါကပစ္စယော- အကျိုးပေးသတ္တိ စွမ်းအင်တရား
၁၅။ အာဟာရပစ္စယော- ထောက်ပံ့နိုင်စေမှုသတ္တိ စွမ်းအင်တရား
၁၆။ ဣန္ဒြိယပစ္စယော- အစိုးရမှုသတ္တိ စွမ်းအင်တရား
၁၇။ ဈာနပစ္စယော- စူးစူးစိုက်စိုက်ရှုမှုသတ္တိ စွမ်းအင်တရား
၁၈။ မဂ္ဂပစ္စယော- လမ်းကြောင်းသတ္တိ စွမ်းအင်တရား
၁၉။ သမ္ပယုတ္တပစ္စယော-ယှဉ်ခြင်းသတ္တိ စွမ်းအင်တရား
၂၀။ ဝိပ္ပယုတ္တပစ္စယော- မယှဉ်ခြင်းသတ္တိ စွမ်းအင်တရား
၂၁။ အတ္ထိပစ္စယော- ရှိခြင်းသတ္တိ စွမ်းအင်တရား
၂၂။ နတ္ထိပစ္စယော- မရှိခြင်းသတ္တိ စွမ်းအင်တရား
၂၃။ ဝိဂတပစ္စယော- ကင်းခြင်းသတ္တိ စွမ်းအင်တရား
၂၄။ အဝိဂတပစ္စယော- မကင်းခြင်းသတ္တိ စွမ်းအင်တရား။

http://www.dhammadownload.com



## ၁။ ဟေတုပစ္စယော။

(ဟိတ်သတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

(က) ဟေတူ၊

(ခ ) ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊

(ဂ ) ဟေတုပစ္စယေနပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

(က)ဟေတူ၊ လောဘ,ဒေါသ,မောဟ၊ အလောဘ,အဒေါသ,အမောဟ ဟူသော ဟိတ်(၆)ပါး ပစ္စည်းတရားတို့သည်။ (ခ)ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ် (၆)ပါးနှင့်ယှဉ်ကုန်သော။ ဓမ္မာနံ၊ စိတ်,စေတသိက်တို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဟိတ် (၆)ပါးကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ (ဂ) ဟေတုပစ္စယေန၊ ဟိတ်သတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဟိတ်သတ္တိသရုပ်အဓိပ္ပါယ်များ

### ဟေတုနှင့်ပစ္စယ

ဟေတု-သဒ္ဒါသည် အရင်းအမြစ်ဟူသော 'မူလ'အနက်ကို ဟော၏။ ပစ္စယ-သဒ္ဒါသည် ကျေးဇူးပြုခြင်း 'ဥပကာရက'အနက်ရှိ၏။ မိမိနှင့်တကွဖြစ်ဖက် သမ္ပယုတ်တရားတို့၏ စည်ပင်ခိုင်မြဲကြောင်း အရင်းအမြစ်ဖြစ်သော သဘောတရားတို့ကို 'ဟိတ်'ဟု ခေါ်၏။ ထိုဟိတ်သဘောဖြင့် ကျေးဇူးပြုမှု ဖြစ်သည်။

### ဟေတုပစ္စယောအဓိပ္ပါယ်

ဟေတု ဟုတ္វာ ပစ္စယော-ဟေတုပစ္စယော= ဟေတု-အကြောင်းရင်းမြစ်

http://www.dhammadownload.com



သည်။ ဟုတွာ-ဖြစ်၍။ ပစ္စယော-ကျေးဇူးပြုကတ်၏။ ထို့ကြောင့် 'ဟေတုပစ္စယော' မည်ပေ၏။

ရေသောက်မြစ်သဖွယ်ဖြစ်သော ဟိတ် (၆)ပါး အကြောင်းပစ္စည်းတရားတို့က သမ္ပယုတ်နာမ်ခန္ဓာလေးပါးနှင့် သမုဋ္ဌာန်ရုပ်တရားတို့အား ကျေးဇူးပြုမှုသဘောကို 'ဟေတုပစ္စယော'ဟု ဆိုလိုသည်။

## ကျေးဇူးပြုခြင်းဟူသည်

ဥပကာရက-ဟူသည် ကျေးဇူးပြုခြင်း ဖြစ်၏။ ကျေးဇူးပြုခြင်းဟူသည်-မိမိဟူသောအကြောင်းသည် ထင်ရှားရှိနေခဲ့သော် မိမိနှင့်စပ်ဆိုင်သော တရားတို့အား မဖြစ်ပေါ်သေးလျှင်လည်း ဖြစ်ပေါ်လာနိုင်အောင်၊ ဖြစ်ပေါ်ပြီးလျှင်လည်း တည်တံ့ခိုင်မြဲတိုးပွားလာအောင် ပြုမှုသဘောပင် ဖြစ်သည်။

**လင်္ကာ**။ ဖြစ်စေ၊တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေကျေးဇူးပြု။

## ဟိတ်၏ရေသောက်မြစ်ဥပမာ

သစ်ပင်၏ ရေသောက်မြစ်တို့သည် မြေ၌ ထောက်တည်ရာကို ယူ၍ ပင်စည်၊ခက်မ၊အရွက်၊အသီး၊အပွင့်စသည်တို့ကို အဆင့်ဆင့် ကြီးပွားဖြစ်ထွန်းအောင် တည်တံ့ခိုင်မြဲအောင် ပြုလေ၏။

ထို့အတူ ဟိတ်တရားတို့သည် မြေနှင့်တူသော အာရုံတို့၌ ထောက်တည်ဆွဲမှီလျက် သစ်ပင်နှင့်တူသော စိတ်၌ အသီးအရွက်နှင့်တူသော သမ္ပယုတ်တရားတို့ကို ကြီးပွားဖြစ်ထွန်းလာအောင် တည်တံ့ခိုင်မြဲနေနိုင်အောင် ကျေးဇူးပြုပေသည်။

**လင်္ကာ**။ ရေသောက်မြစ်လျှင်၊ ကိုယ့်သစ်ပင်ကို၊ စည်ပင်စေမှု၊ ကျေးဇူးပြု၊ ဟေတုသတ္တိခေါ်။

## ကျေးဇူးပြုပုံသဘောအချုပ်

| ပစ္စည်း | ပစ္စယုပ္ပန် | သတ္တိ |
|---|---|---|
| အကြောင်း | အကျိုး | စွမ်းအင် |
| ၁ | ၂ | ၃ |

ပဋ္ဌာန်းပစ္စည်း စွမ်းအင်သတ္တိများ ဆက်သွယ်ကျေးဇူးပြုရာ၌ မဖြစ်မနေ သိထားရမည့် သဘောအချုပ်(၃)မျိုး ရှိသည်။

http://www.dhammadownload.com



(က) ပစ္စည်း- **အကြောင်းတရား**

(ခ) ပစ္စယုပ္ပန်- **အကျိုးတရား**

(ဂ) သတ္တိ- **စွမ်းအင်** (အကြောင်းနှင့် အကျိုးတို့၏သက်ရောက်မှု)

**မှတ်ချက်**။ နောက်ပစ္စည်း အားလုံးတို့၌လည်း ဤအတိုင်း(က-ခ-ဂ)ဖြင့် မှတ်ပါလေ။

## ဟိတ်သတ္တိဖြင့်ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| (က)ဟေတူ<br><br>ဟိတ် ၆-ပါး | (ခ)ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ<br>သဟိတ်စိတ် ၇၁၊(မောကြဉ်)စေ-၅၂<br>**တံသမုဋ္ဌာနာနဉ္စ ရူပါနံ**<br>သဟိတ်စိတ္တဇရုပ်၊ကမ္မဇရုပ် |

### ပစ္စည်းနှင့် ပစ္စယုပ္ပန်ဆိုရိုး

လောဘ၊ဒေါသ၊မောဟ၊ အလောဘ၊အဒေါသ၊အမောဟဟူသော ဟိတ် (၆)ပါး အကြောင်းပစ္စည်းတရားတို့သည် ဟိတ်နှင့်ယှဉ်ဖက်ဖြစ်သော သဟိတ်စိတ် (၇၁)၊ စေတသိက် (၅၂)၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ဟူသော အကျိုးပစ္စယုပ္ပန်တရားတို့အား ဟိတ်သတ္တိဖြင့် ကျေးဇူးပြုသည်။

### သမ္ပယုတ်နာမ်နှင့် သမုဋ္ဌာန်ရုပ်

မိမိနှင့်အတူ ပေါင်းဖော်ယှဉ်ဖက် နာမ်တရားတို့သည် '**သမ္ပယုတ်တရား**' မည်၏။ ထိုနာမ်တရားတို့ကြောင့် ဖြစ်ပေါ်လာရသော ရုပ်တရားတို့သည် '**သမုဋ္ဌာန်တရား**' မည်၏။

ရုပ်တို့တွင် စိတ်ကြောင့်ဖြစ်ပေါ်လာရသော ရုပ်တို့သည် '**စိတ္တဇရုပ်**' မည်၏။ စိတ်တို့တွင်လည်း သဟိတ်စိတ်၊ အဟိတ်စိတ်ဟု (၂)မျိုး ရှိ၏။ ဟိတ်တို့နှင့် ယှဉ်(တကွဖြစ်)သောစိတ်ကို '**သဟိတ်စိတ်**'ဟုခေါ်၏။ ဟိတ်တို့နှင့် မယှဉ်(တကွ မဖြစ်)သော စိတ်ကို '**အဟိတ်စိတ်**'ဟု ခေါ်၏။ ထိုသဟိတ်စိတ်တို့ကြောင့်ဖြစ်သော ရုပ်တို့ကို လည်း '**သဟိတ်+စိတ္တဇရုပ်**'ဟုပင် ခေါ်ရ၏။ ကံကြောင့် ဖြစ်ပေါ်လာ သောရုပ် တို့ကိုလည်း '**ကမ္မဇရုပ်**'ဟုပင် ခေါ်ရသည်။

http://www.dhammadownload.com


## ဟိတ်အကြောင်းတရားတို့တည်ရှိနေပုံ

လောဘ၊ဒေါသ၊မောဟ၊ အလောဘ၊အဒေါသ၊အမောဟဟူသော ဟိတ်(၆)ပါးတရားတို့သည် သတ္တဝါတို့၏အဇ္ဈတ္တသန္တာန်၌ ပရမတ်ဓမ္မအနေဖြင့် တည်ရှိနေကြပေ၏။ **'အနုသယ'**အဆင့်မျိုးဖြင့်ကိန်းအောင်း ဖြစ်တည်လျက် အမြစ်သဖွယ် တွယ်နေကြခြင်းမျိုးပင် ဖြစ်သည်။ ထိုပရမတ် ဟိတ်သတ္တိ(၆)မျိုးတို့ကို **'ဟေတု'** ပုဒ်ဖြင့် ဟောတော်မူထားခြင်း ဖြစ်သည်။

## အကျိုးနာမ်ခန္ဓာလေးပါးအား သက်ရောက်ပုံ

ထိုဟိတ်(၆)ပါးတို့သည် အကြောင်းညီညွတ်သည်ရှိသော် မိမိတို့နှင့် ပေါင်းဖော်ယှဉ်ဖက် သဟိတ်စိတ်(၇၁)၊ စေတသိက်(၅၂)ပါးတို့နှင့်အတူ အဇ္ဈတ္တသန္တာန်၌ ချက်ချင်းနာမ်ခန္ဓာလေးပါး ဖွဲ့စည်း၍ ထကြွလှုပ်ရှားကာ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ သို့သော် အပြင်သို့ မရောက်သေးဘဲ အတွင်းစိတ်သန္တာန်၌ စိတ်အကြံမနောကံအနေဖြင့်သာ လွန်ကျူးမှုဖြစ်သဖြင့် **'ပရိယုဋ္ဌာန'**အဆင့်မျိုးသာ ဖြစ်၏။ ထိုသဘောကို **'ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ'** ပုဒ်ဖြင့် ဟောတော်မူထားခြင်း ဖြစ်သည်။

## အကျိုးရုပ်ခန္ဓာအား သက်ရောက်ပုံ

ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟူသော နာမ်ခန္ဓာ(၄)ပါးတို့သည် မိမိတို့စိတ်အနေဖြင့်သာ မကျေနပ်နိုင်ကြဘဲ အပေါင်းအဖော်ဖြစ်သော စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့အား ကိုယ်အမူ၊နှုတ်အပြောတို့ကို ဖြစ်စေပြန်လျက် ဝစီကံမြောက်၊ ကာယကံမြောက် လွန်ကျူးခိုင်းကြတော့၏။

ထိုအခါတွင် **'ဝီတိက္ကမ'**အဆင့်မျိုးဖြင့် အကျိုးတရားတို့ သက်ရောက်ဖြစ်ပေါ်လာကြလေ၏။ ထိုသဘောကို **'တံသမုဋ္ဌာနာနဉ္စ ရူပါနံ'** ပုဒ်ဖြင့် ဟောတော်မူထားခြင်း ဖြစ်သည်။

## စွမ်းရည်သတ္တိတို့ အမြစ်တွယ်ပုံ

ဟိတ်သတ္တိတို့သည် သတ္တဝါတို့၏သန္တာန်အစဉ်၌ အနုသယအဆင့်ဖြင့် မူလ (အရင်းအမြစ်)သဖွယ် တွယ်ငြိနေကြ၏။ အာရုံ (၆)ပါးဟူသော အတိုက်ဓာတ်၊ ဒွါရ (၆)မျိုးဟူသောအခံဓာတ်တို့ ပေါင်းစပ်တွေ့ကြုံလာ၍ ဝိညာဏ် (၆)မျိုးဖြစ်သော

http://www.dhammadownload.com


အပွင့်ခတ်တို့ ဖြစ်ပေါ်လာခြင်းသည် ဟိတ်သတ္တိတို့ ဖြစ်ပေါ်ဖို့အတွက် အကြောင်း ညီညွတ်မှုပင် ဖြစ်လေ၏။

ထိုသို့ အကြောင်းညီညွတ်သည်နှင့် တစ်ပြိုင်နက် သမ္ပယုတ်နာမ်ခန္ဓာ(၄)ပါးနှင့်အတူ သမုဋ္ဌာန်ရုပ်ခန္ဓာတို့အား 'စိတ်အကြံ၊ နှုတ်အပြော၊ကိုယ်အပြု' ဟူသော ကံအမှုတို့ကို ဖြစ်ပေါ်စေလျက် ကြီးကျယ်ပြန့်ပြောသော အကျိုးတရားများ တိုးပွားဖြစ်ပေါ်လာနိုင်အောင် ထိုဟိတ်သတ္တိတို့က ကျေးဇူးပြုမှု ဖြစ်၏။ ထိုသဘောကိုပင် '**ဟေတုပစ္စယေန ပစ္စယော**'ဟု ဟောတော်မူထားခြင်း ဖြစ်သည်။

## အာရုံနှင့်စိတ်တို့ကြောင့် အမြစ်တွယ်ပုံ

အာရုံ (၆)ပါးတို့သည် မြေကြီးနှင့် တူ၏။ စိတ်တို့သည်ကား သစ်ပင်နှင့်တူ၏။ အာရုံ (၆)ပါးတို့ကြောင့် သိစိတ်(၆)မျိုးတို့ ဖြစ်ပေါ်လာရ၏။ ထိုစိတ်(၆)မျိုးတို့၏ သိနိုင်မှုကြောင့်သာ ဟိတ်သတ္တိအမြစ် (၆)မျိုးတို့လည်း ငြိတွယ်ဖြစ်ပေါ်လာကြရသည်။ အကယ်စင်စစ် အာရုံတည်းဟူသော မြေပေါ်၌ စိတ်ဟူသော သစ်ပင်သည် မပေါက်ခဲ့လေသော် ဟိတ်ဟူသောအမြစ်တို့လည်း မတွယ်နိုင်ပေ။

## ဟိတ်သတ္တိကျေးဇူးပြုပုံအကျယ်

(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | အရေအတွက်-၇ | | အကျိုးတရား(ပစ္စယုပ္ပန်) |
|---|---|---|---|
| အလောဘ၊အဒေါ၊အမောဟ အရေတွက်(၃)ပါး | ကု | ကု | ကု-၂၁၊ စေ-၃၈၊ သမ္ပယုတ္တက္ခန္ဓာ |
| | | ဈာ | ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| လောဘ၊ဒေါ၊မောဟ အရေတွက်(၃)ပါး | အကု | အကု | အကု-၁၂၊ စေ-၂၇ |
| | | ဈာ | အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| အလောဘ၊အဒေါ၊အမောဟ အရေတွက်(၁) | ဈာ | ဈာ | သဟိတ်-ဝိ ၂၁၊ သဟိတ်-ကြိ ၁၇၊ စေ-၃၈၊ သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် |

http://www.dhammadownload.com



## အရေအတွက် သင်္ချာ(၇)ချက် ဖြစ်ပုံ

၁။ **ကုသလော ဓမ္မော- ကုသလဿ ဓမ္မဿ ဟေတုပစ္စယေနပစ္စယော။**
ကုသိုလ်ဟိတ်အကြောင်းသည် ကုသိုလ်အကျိုးတရားအား ကျေးဇူးပြု၏။

၂။ **ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေနပစ္စယော။**
ကုသိုလ်ဟိတ်အကြောင်းသည် အဗျာကတအကျိုးတရားအား ကျေးဇူးပြု၏။

၃။ **ကုသလော ဓမ္မော ကုသလာဗျာကတဿ ဓမ္မဿဟေတုပစ္စယေနပစ္စယော။**
ကုသိုလ်ဟိတ်အကြောင်းသည် ကုသိုလ်၊ အဗျာကတအကျိုးတရားတို့အား ကျေးဇူးပြု၏။

၄။ **အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေနပစ္စယော။**
အကုသိုလ်ဟိတ်အကြောင်းသည် အကုသိုလ်အကျိုးတရားအား ကျေးဇူးပြု၏။

၅။ **အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေနပစ္စယော။**
အကုသိုလ်ဟိတ်အကြောင်းသည် အဗျာကတအကျိုးတရားအားကျေးဇူးပြု၏။

၆။ **အကုသလော ဓမ္မော အကုသလာဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေနပစ္စယော။**
အကုသိုလ်ဟိတ်အကြောင်းသည် အကုသိုလ်အဗျာကတအား ကျေးဇူးပြု၏။

၇။ **အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေနပစ္စယော။**
အဗျာကတဟိတ်အကြောင်းသည် အဗျာကတအကျိုးတရားအား ကျေးဇူးပြု၏။

**မှတ်ချက်။** အရေအတွက် သင်္ချာ(၇)မျိုးကို ဇယားနှင့်ယှဉ်တွဲ၍ လေ့လာကျက်မှတ်ထားပါ။ နောက်၌ (ကု+ကု) စသည်တို့ဖြင့် ပြသောအခါ 'ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ' စသည်ဖြင့် သိပါလေ။

## အဆိုးပြုဟိတ်နှင့် အကျိုးပြုဟိတ်

ဟိတ် (၆)မျိုးတို့တွင် ဟိတ်ကောင်း သုံးမျိုးရှိ၍ ဟိတ်ဆိုးလည်း သုံးမျိုးပင်ရှိ၏။ ဟိတ်ကောင်းသုံးမျိုးသည် ကောင်းရာကောင်းမှုတို့ကို ပြုလုပ်အားထုတ်စေသဖြင့် ကောင်းကျိုးသယ်ပိုးသော **'အကျိုးပြုဟိတ်'** တို့ ဖြစ်၏။ ဟိတ်ဆိုးသုံးမျိုးတို့သည် မကောင်းရာမကောင်းမှုတို့ကို ပြုလုပ်အားထုတ်စေသဖြင့် မကောင်းကျိုးသယ်ပိုးသော **'အဆိုးပြုဟိတ်'** တို့ ဖြစ်၏။

## အဆိုးပြုဟိတ် (၃)ပါး

အဆိပ်ပင်၌ အဆိပ်မြစ်တို့သည် အဆိပ်သီးစသည်တို့ကို ဖြစ်ထွန်းစေသကဲ့သို့ လောဘ၊ဒေါသ၊မောဟဟူသောဟိတ်ဆိုးတို့သည် အပြုဆိုး၊အပြောဆိုး၊

http://www.dhammadownload.com



အကြဲဆိုးတို့ကို လွန်ကျူးစေလျက် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းစသော ဆိုးကျိုး ဒုက္ခတို့ကို ဖြစ်ပေါ်စေ၏။ မိမိသူတစ်ပါး နှစ်ဦးသားတို့၏ ကောင်းကျိုးသုခမှန်သမျှ တို့ကို နှိပ်စက်ဖျက်ဆီးတတ်၏။ သေလွန်သောအခါ၌လည်း အောက်အပါယ်လေး ဘုံတွင် ဖြစ်ကျင်လည်ရလျက် ပစ္စုပ္ပန်သံသရာ ဘဝနှစ်ဖြာလုံးတွင် ဒုက္ခပင်လယ် တွင်း၌သာ နစ်မြုပ်စေတတ်ပေသည်။

**လင်္ကာ**။ လောဘ၊ဒေါသ၊ မောဟဟိတ်တွေ၊ ဆိုးမိုက်ထွေထူး၊ ယုတ်လူးကျက်သရေ။
အောက်အပါယ်ရပ်၊ ပို့တတ်မှန်ပေ၊ ငရဲနှန်း၊ ဖြောင့်တန်းရောက်နိုင်လေ။
ဆိုးဟိတ်များ၊ ထင်းရှားမဖြစ်အောင်နေ။

## အကျိုးပြုဟိတ် (၃)ပါး

သရက်ပင်၌ သရက်မြစ်တို့သည် ချိုမြိန်အရသာရှိသော သရက်သီးစသည် တို့ကို ဖြစ်ထွန်းစေသကဲ့သို့၊ အလောဘ၊အဒေါသ၊အမောဟဟူသော ဟိတ်ကောင်း တို့က အပြုကောင်း၊ အပြောကောင်း၊အကြံကောင်းတို့ကို ဖြစ်စေလျက် ကိုယ်ချမ်း သာမှု၊စိတ်ချမ်းသာမှုစသော ကောင်းကျိုးသုခတို့ကို ဖြစ်ပေါ်စေ၏။ မိမိသူတစ်ပါး နှစ်ဦးသားတို့အား ကောင်းကျိုးသုခမှန်သမျှတို့ကို တိုးပွားဖြစ်ပေါ်စေ၏။ သေလွန် သောအခါ၌လည်း အထက်နတ်ပြည်သုဂတိဘဝတို့၌ ဖြစ်ရလျက် ပစ္စုပ္ပန်သံသရာ ဘဝနှစ်ဖြာတွင် သုခချမ်းသာအဖြာဖြာတို့ဖြင့် ကျင်လည်ရ၍ နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပေသည်။

**လင်္ကာ**။ အလော၊အဒေါ၊အမောဟိတ်တွေ၊ ကောင်းမြတ်ထွေထူး၊ ထွတ်ဖူးကျက်သရေ၊
လူ့ပြည်ထက်ရပ်၊ ဗြဟ္မာနတ်ပို့ပေ၊ နိဗ္ဗာန်နန်း၊ ဖြောင့်တန်းရောက်နိုင်လေ။
ကောင်းဟိတ်များ၊ ထင်းရှားဖြစ်အောင်နေ။

## အချိန်နေရာပုဂ္ဂိုလ်နှင့်ဟိတ်သတ္တိ

ဟိတ်သတ္တိတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်အချိန်၌သာ ကျေးဇူးပြု၏၊ ဒေသအားဖြင့် အသညသတ်ဘုံမှတစ်ပါး ကာမ၊ရူပ၊အရူပ ဘုံ (၃၀)တို့၌ ကျေးဇူးပြု နိုင်၏။ ကာမဘုံ၌ ဟိတ်စွမ်းအင် (၆)ပါးလုံးရ၍ ရူပ၊အရူပဘုံတို့၌ ဒေါသဟိတ်မှ ကျေးဇူးမပြုနိုင်။ အရူပဘုံ၌ ရုပ်မရှိသဖြင့် နာမ်ခန္ဓာတို့ကိုသာ ကျေးဇူးပြုနိုင်၏။

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် (၄)ယောက်၊ အရိယာ (၈)ယောက်အားဖြ

http://www.dhammadownload.com



(၁၂)ယောက်လုံးတို့၏အစ္ဈတ္တသန္တာန်၌ ကျေးဇူးပြုနိုင်၏။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့နှင့် ရဟန္တာတို့၌ အကုသိုလ်ဟိတ်တို့သည် ကျေးဇူးမပြုနိုင်။ အနာဂါမ်ကား ဒေါသဟိတ် လုံးဝမရှိပေ။

---

ဟိတ်စွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

## မကောင်းမြစ်ပယ်၊ ကောင်းမြစ်ဆယ်

ဟေတုပစ္စယော-အရသတ္တဝါတို့၏သန္တာန်၌ အမြစ်သဖွယ် တွယ်ငြိနေ တတ်သော ဟိတ်စွမ်းအင်တရား(၆)ပါးကို သိမြင်နိုင်လျှင် ယင်းစွမ်းအင်တရားတို့ကို လက်တွေ့ဘဝ၌ တန်ဖိုးရှိအောင် အသုံးချနိုင်သည်။

မကောင်းဟိတ်(၃)ပါး အကြောင်းတရားတို့သည် မိမိသန္တာန်၌ ဖြစ်ပေါ် လာသောအခါ ထိုဟိတ်သတ္တိတို့၏ကျေးဇူးပြုမှုကြောင့် အကုသိုလ် စိတ်ဆိုးစိတ်ယုတ် များနှင့် စိတ်ကြောင့်ဖြစ်သော ရုပ်အမူအရာဆိုးတို့သည် ပွားစီးခိုင်တည်လာကြ၏။ အပြစ်ရှိ၍ ဆိုးကျိုးကိုပေးသော ဒုစရိုက်၊အကုသိုလ်မှုတို့ကို ပြုလုပ်၊ပြောဆို ကြံစည်တော့၏။

ထို့ကြောင့် မျက်မှောက်ဘဝ၌ပင် ကိုယ်စိတ်ဆင်းရဲခြင်း၊ တမလွန်၌ အပါယ်ငရဲသို့ ရောက်ရခြင်းစသော ဆိုးကျိုးဒုက္ခတို့ကို မခံစားလိုပါက မကောင်း ဟိတ်အကြောင်းတရားတို့ကို ပညာသတိဖြင့် ပယ်ရှားပစ်နိုင်ဖို့ လိုသည်။

ကောင်းဟိတ် (၃)ပါးအကြောင်းတရားတို့ ဖြစ်ပေါ်လာသောအခါ၌ ထိုဟိတ်သတ္တိတို့၏ကျေးဇူးပြုမှုကြောင့် ကုသိုလ်စိတ်ကောင်းများနှင့် စိတ်ကြောင့် ဖြစ်သော်ရုပ်အမူအရာကောင်းတို့သည် ပွားစီးခိုင်တည်လာ၏။ အပြစ်မရှိ၍ ကောင်းကျိုးကိုပေးသော သုစရိုက်၊ ကုသိုလ်မှုများကိုလည်း ပြုလုပ်, ပြောဆို,ကြံစည် လာနိုင်၏။ ထို့ကြောင့် မျက်မှောက်ဘဝ၌ပင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာခြင်း၊ တမလွန်၌ နတ်ပြည်သုဂတိသို့ ရောက်ရခြင်းစသော ကောင်းကျိုးဟူသမျှကို ခံစားလိုသူသည် ကောင်းဟိတ်အကြောင်းတရားတို့ကို ဖြစ်ပေါ်လာနိုင်အောင် ပညာသတိဖြင့် ဆယ်ယူအားထုတ်နိုင်ဖို့ လိုပေသည်။

## လောဘဟိတ်၏စွမ်းရည်

မိမိကြိုက်နှစ်သက်သောအာရုံတို့ကို မြင်ရ,ကြားရသောအခါ လိုချင်မှု သဘောဖြစ်မှုသည် လောဘဟိတ်အမြစ်တွယ်ခြင်း ဖြစ်၏။

http://www.dhammadownload.com


ထိုလောဘဟိတ်က သမ္ပယုတ်တရားနှင့် သမုဋ္ဌာန်ရုပ်တို့အား ကျေးဇူးပြုသောအခါ မိမိလိုချင်သောအာရုံကို ရှာဖွေအားထုတ်မှု၊ ကြိုးစားပြုလုပ်မှု၊ ပြောဆိုကြံစည်မှု၊ ရယူပိုင်လိုမှုစသော လောဘအမူအကျင့်တို့ ဖြစ်ပေါ်လာမြဲဖြစ်၏။ ထိုလောဘဖြင့်သေလွန်သော် ပြိတ္တာဘုံဘဝသို့ ရောက်ရ၏။ ထိုအကျိုးဆက်တို့မှာ လောဘဟိတ်၏ စွမ်းရည်သတ္တိကြောင့်ပင် ဖြစ်သည်။

**လင်္ကာ**။ လောဘဟိတ်စွမ်း၊ ညစ်ညမ်းကိလေ၊ ပြိတ္တာမျိုးမျိုး၊ ပို့ရိုးမှန်ပေ။

လိုချင်စိတ်ဇော၊ မက်မောစိတ်စေ၊ လောဘရုပ်၊ ငုတ်တုတ်မြင်နိုင်ပေ။

## ဒေါသဟိတ်၏စွမ်းရည်

မိမိ၏ရန်သူတစ်ယောက်ကိုမြင်ရသောအခါ ပျက်စီးလိုသည့်သဘောဖြစ်မှုသည် ဒေါသဟိတ်အမြစ်တွယ်ခြင်း ဖြစ်၏။ ဒေါသကြောင့်ဖြစ်လာသော အပြု၊ အပြော၊အကြံဟူသော ကံသုံးပါးတို့ဖြစ်ပေါ်လာခြင်း၊ ဒေါသဖြင့်သေသောအခါ ငရဲကြီးရှစ်ထပ်သို့ ရောက်ရခြင်းတို့မှာ ဒေါသဟိတ်၏စွမ်းရည်များပင် ဖြစ်သည်။

**လင်္ကာ**။ ဒေါသဟိတ်ကြမ်း၊ လွန်သရမ်းပါလေ၊ ငရဲရှစ်မျိုး၊ ပို့ရိုးမှန်ပေ။

ဆဲရေးငေါက်ငမ်း၊ ကြမ်းတမ်းကိုယ်နေ၊ ဒေါသရုပ်၊ ငုတ်တုတ်မြင်နိုင်ပေ။

## မောဟဟိတ်၏စွမ်းရည်

အလုပ်တစ်ခုပြုလုပ်သောအခါ မှားသည်မှန်သည်နှစ်လီကို ခွဲခြား၍မသိနိုင်မှုသဘောသည် မောဟဟိတ်အမြစ်တွယ်ခြင်း ဖြစ်၏။ မောဟကြောင့် အလုပ်မှား၊ အပြောမှား၊ အကြံမှားများ ဖြစ်လာခြင်း၊ လောဘ၊ဒေါသအမူအကျင့်တို့ တိုးပွားလာခြင်း၊ မောဟဖြင့်သေသောအခါ တိရစ္ဆာန်ဘဝရောက်ရခြင်းတို့သည် မောဟဟိတ်၏စွမ်းရည်များ ဖြစ်သည်။

**လင်္ကာ**။ မောဟဟိတ်မိုက်၊ မှောင်တိုက်မှောင်လေ၊ တိရစ္ဆာန်မျိုး၊ ပို့ရိုးမှန်ပေ။

တွေဝေမိန်းမော၊ သိသဘောကင်းနေ၊ မောဟရုပ်၊ ငုတ်တုတ်မြင်နိုင်ပေ။

## အလောဘဟိတ်စွမ်းရည်

ကုသိုလ်အရာ၌ လှူဒါန်းပေးကမ်းလိုစိတ်၊ စွန့်လွှတ်လိုစိတ်၊ အနစ်နာခံစိတ်၊ မရယူ မပိုင်ဆိုင်လိုစိတ်များ ဖြစ်သောအခါ အလောဘဟိတ် အမြစ်တွယ်၏။ အလောဘကြောင့် လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ ကိုယ်ကျိုးစွန့်အနစ်နာခံခြင်း၊

http://www.dhammadownload.com



အတ္တစိတ်၊မာနစိတ်စသည်တို့ ပါးလာခြင်းသည် အလောဘဟိတ်၏ စွမ်းရည်များ ဖြစ်ပေသည်။

**လင်္ကာ**။ အလောဘဟိတ်များ၊ ရှိကြားသူမှာ၊ ပေးကမ်းလှူဒါန်း၊ ရှင်လန်းသဒ္ဓါ။
အလှူရေစက်၊ လက်နှင့်မကွာ၊ ဝေသာန်လောင်း၊ ဖြည့်ကြောင်းမဒ္ဒီပမာ။

### အဒေါသဟိတ်စွမ်းရည်

အာရုံဆိုးတို့နှင့်ဆုံတွေ့ရသောအခါ သည်းခံခွင့်လွှတ်မှု၊ သတ္တဝါတို့အပေါ် ကျောသားရင်သား မခွဲခြားဘဲ ချစ်ခင်ကြင်နာမှုစသည်တို့ဖြစ်သောအခါ၌ အဒေါသဟိတ်သည် အမြစ်တွယ်၏။ အဒေါသကြောင့် သီလလုံခြုံအောင် စောင့်ထိန်းနိုင်ခြင်း၊ ကိုယ်နှင့်စိတ်တို့ နူးညံ့သိမ်မွေ့လာခြင်း၊ ကရုဏာ၊မေတ္တာ၊ကုက္ကုစ္စစသည် တို့နည်းပါးလာခြင်းတို့သည် အဒေါသဟိတ်၏စွမ်းရည်များ ဖြစ်သည်။

**လင်္ကာ**။ အဒေါသဟိတ်များ၊ ရှိကြားသူမှာ၊လပြည့်ရှစ်ရက်၊ ကျောင်းတက်မကွာ။
လက္ခယ်ဥပုသ်၊ စောင့်ထုတ်သီလာ၊ စမွေယျာတ်၊ လောင်းမြတ်ဘူရိပမာ။

### အမောဟဟိတ်စွမ်းရည်

အရာရာတွင် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးတို့ကို ခွဲခြားသိနိုင်မှု သဘောသည် အမောဟဟိတ် အမြစ်တွယ်၏။ မောဟကြောင့် အလုပ်များ၊ အပြော များ၊ အကြံများတို့ကိုရှောင်ကြဉ်၍ အပြုမှန်၊အပြောမှန်၊ အတွေးအကြံမှန်တို့ကို ပြုလုပ်ပြောဆိုကြံစည်နိုင်ခြင်း၊ ဒါန၊သီလ၊ဘာဝနာ ကောင်းမှုအဖြာဖြာတို့ကို ပြုလုပ် နိုင်ခြင်း၊ ပညတ်အပြောကို ဖောက်ခွဲနိုင်လျက် ပရမတ်သဘောဖြစ်သော ရုပ်နာမ် တို့၏ ဖြစ်မှု၊ပျက်မှုတို့ကို ရှုမြင်ဆင်ခြင်နိုင်မှုတို့သည် အမောဟဟိတ်စွမ်းရည်များ ဖြစ်သည်။

**လင်္ကာ**။ အမောဟဟိတ်များ၊ ရှိကြားသူမှာ၊ဘာဝနာမှု၊ ပွားရှုခါခါ။
ခန္ဓာနာမ်ရုပ်၊ ဒုက္ခသစ္စာ၊ပွားရှုပေါက်၊ မဂ်ရောက်မြတ်သောတာ။

### ဘယ်သူမပြု မိမိမှု

ကောင်းဟိတ်(၃)ပါးတို့ကြောင့် ကောင်းကျိုး နာမ်ရုပ်တရားများကို ရရှိပိုင်ဆိုင်ရခြင်း၊ ဆိုးဟိတ်(၃)ပါးတို့ကြောင့် ဆိုးကျိုးရုပ်နာမ်တရားများကို ရရှိခံစားရ ခြင်းသဘောသည် ဟေတုပစ္စယော-အရ ဟိတ်(၆)ပါး၏ စွမ်းရည်သတ္တိများ တိုးပွား ဖြစ်ပေါ်မှု ဖြစ်၏။

http://www.dhammadownload.com



သတ္တဝါတို့၏ ဆိုးကျိုးဒုက္ခများရရှိခံစားရမှုနှင့် ကောင်းကျိုးသုခများ ရရှိ ခံစားရမှုတို့သည် ဗြဟ္မာ၊ဗိဿနိုး၊ထာဝရတန်ခိုးရှင်စသူဟို့က ပြုပြင်ဖန်ဆင်း နေခြင်းမဟုတ်။ 'မည်သူမပြု မိမိမှု၊ အရင်းစစ် အမြစ်မြေက' ဆိုသကဲ့သို့ မိမိတို့၏ အဇ္ဈတ္တသန္တာန်တွင် နေ့စဉ်ဖြစ်တည်ပေါက်ဖွားနေသော အမြစ်(၆)ပါး ဟိတ် အကြောင်းတရားတို့၏ စွမ်းအားပင် ဖြစ်သည်။ ထိုဟိတ်ဟူသော အမြစ်စွမ်းအားတို ကြောင့် ဆိုင်ရာအကျိုးတရားတို့ မွေးဖွားဖြစ်ပေါ်လာမှုပင် ဖြစ်ပေသည်။

## ဟေတုပစ္စည်း၏အကျိုး

အဆိပ်ပင်၌ အဆိပ်မြစ် မပြတ်နိုင်ခြင်းကြောင့် အဆိပ်ပင်စည်၊ အခက် အရွက်၊ အပွင့်အသီးများ ပြန့်ပွားဝေဆာသကဲ့သို့ သတ္တဝါတို့သန္တာန်၌ လောဘ ဒေါသ၊မောဟဟူသော အမြစ်မူလဟိတ်တရားတို့ကို မပယ်ဖြတ်နိုင်မှုကြောင့် ခန္ဓ ငါးပါးဟူသော သံသရာအဆိပ်ပင်ကြီး၌ ဒုက္ခအသီးအပွင့်တို့သည် စည်ပင်နေကြ ရပေသည်။

ခန္ဓာငါးပါးဟူသော သံသရာဝန်ကိုကြောက်သူတို့သည် လောဘစသော ဟိတ်ဆိုးတို့ကို ပယ်၍ အလောဘစသော ဟိတ်ကောင်းတို့ကို ပွားများနိုင်ပါလျှ သံသရာဝဋ်မှ လွတ်မြောက်၍ မဂ်ဖိုလ်၊နိဗ္ဗာန်ကို ရရှိနိုင်ပေသည်။

## ဟေတုပစ္စယော-ဘုရားရှိခိုး

**ဟေတုပစ္စယော**-ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စိမ်းရှင်ညွန့် စည်ပင်စေထ၊ ထောက်ပံ့မသို့၊ သဟဇာတံ၊ ရုပ်နှင့်နာမ်ကို၊ သန္ဓေ၊ပဝတ် မလွတ်စေရ၊ သဘာဂတာ၊ ဆယ့်နှစ်ဖြာတွင်၊ ကောင်းစွာခိုင်ကြည်၊ တည်သ ၏အဖြစ်ကိုသိစေတတ်သော၊ ဟေတုသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသည် ဟိတ်ခြောက်ပါးပစ္စည်းတရားသည်။ **အတ္ထိ**- ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနေ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

**ဣတိ**- ဤသို့။ **ဗောဓေန္တံ**၊ သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ကောင်းစွ ကျန၊ သိပြီးမှလျှင်၊ များလှုဝေနေ၊ သိစေတော်မူသောမြတ်စွာဘုရားကို။ **ဝန္ဒာ** ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိကျိုး၊ လက်စုံမိုး ရှိခိုးကန်တော့ပါ၏ဘုရား။

ဟေတုပစ္စယောပြီး၏။

http://www.dhammadownload.com



## ၂။ အာရမ္မဏပစ္စယော။

(အာရုံသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)ရူပါယတနံ၊ (ခ) စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ၊

(သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ-တို့၏)

၂။ (က)ရူပါယတနံ(ပ)ဖောဋ္ဌဗ္ဗာယတနံ၊(ခ)မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊

၃။(က) သဗ္ဗေဓမ္မာ၊ (ခ)မနောဝိညာဏဓာတုယာ တံသံမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊

၄။(က) ယံယံ ဓမ္မံ အာရဗ္ဘ၊ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊ တေတေဓမ္မာ၊ (ခ) တေသံ တေသံ ဓမ္မာနံ၊

(ဂ) အာရမ္မဏပစ္စယေနပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။ (က) **ရူပါယတနံ၊** အဆင်းမျိုးစုံဟူသော ရူပါရုံပစ္စည်းတရားသည်။ (ခ) **စက္ခုဝိညာဏဓာတုယာ၊** မြင်သိစိတ်ဟူသော စက္ခုဝိညာဏဓာတ်အားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ၊** ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ၊** ဖဿ,ဝေဒနာ,သညာ,စေတနာ,ဧကဂ္ဂတာ,ဇီဝိတိန္ဒြေ,မနသိကာရဟူသော စေတသိက် (၇)ပါးတို့အားလည်းကောင်း။ (ဂ)အာရမ္မဏပစ္စယေန ပစ္စယော။

(သဒ္ဒါယတနံ၊ အသံမျိုးစုံသဒ္ဒါရုံသည်။ ဂန္ဓာယတနံ၊ အနံ့မျိုးစုံ ဂန္ဓာရုံသည်။ ရသာယတနံ၊ အရသာမျိုးစုံရသာရုံသည်။ ဖောဋ္ဌဗ္ဗာယတနံ၊ အတွေ့မျိုးစုံ၊ ဖောဋ္ဌဗ္ဗာရုံသည်။)

၂။ (က) **ရူပါယတနံ(ပ)ဖောဋ္ဌဗ္ဗာယတနံ၊** ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အာရုံငါးပါး ပစ္စည်းတရားတို့သည်။ (ခ)**မနောဓာတုယာ၊** အာရုံကို သိရုံမျှသိမှု မနောဓာတ်အားလည်းကောင်း။ **တံသမ္ပယုတ္တကာနံ၊** ထိုမနော

http://www.dhammadownload.com


စာတ်နှင့်ယှဉ်ကုန်သော။ **ဓမ္မာနံ**၊ စေတသိက်တရားတို့အားလည်းကောင်း။ (ဂ)တူ။

၃။(က)**သဗ္ဗေ**၊ခပ်သိမ်းကုန်သော။ **ဓမ္မာ**၊ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်, ပညတ် အားဖြင့် အာရုံ (၆)ပါးပစ္စည်းတရားတို့သည်။ (ခ) **မနောဝိညာဏဓာတုယာ**၊ ကြံသိစိတ် မနောဝိညာဏဓာတ်တို့အားလည်းကောင်း၊ **တံသမ္ပယုတ္တကာနံ**၊ ထိုမနော ဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ **ဓမ္မာနံ**၊စေတသိက်တရားတို့အားလည်းကောင်း၊ (ဂ)တူ။

၄။ (က) **ယံယံဓမ္မံ**၊ အကြင်အကြင်အာရုံ (၆)ပါးကို။ **အာရဗ္ဘ**၊ အာရုံပြု၍။ **ယေယေဓမ္မာ**၊ အကြင်ကြင်သို့သဘောရှိသော။ **စိတ္တစေတသိကာဓမ္မာ**၊ စိတ် စေတသိက်တရားတို့သည်။ **ဥပ္ပဇ္ဇန္တိ**၊ ဖြစ်ကုန်၏။ **တေတေ ဓမ္မာ**၊ ထိုထိုအာရုံ (၆)ပါး ပစ္စည်းတရားတို့သည်။ (ခ)**တေသံတေသံဓမ္မာနံ**၊ ထိုထိုသို့သောသဘော ရှိကုန်သော စိတ်စေတသိက်ပစ္စယုပ္ပန်တရားတို့အား။ (ဂ) **အာရမ္မဏ ပစ္စယေန ပစ္စယော**။ အာရုံသတ္တိဖြင့် ကျေးဇူးပြု၏။

---

## အာရုံသတ္တိသရုပ်အဓိပ္ပါယ်များ

### အာရမ္မဏနှင့်ပစ္စယ

ရူပါရုံစသော အာရုံ(၆)ပါးတို့သည် စိတ်,စေတသိက်တို့၏ မွေ့လျော် ပျော်ပိုက်ရာ ဖြစ်သောကြောင့် အာရုံ(အာရမ္မဏ) မည်၏။ စိတ်စေတသိက်တို့၏ ဆွဲကိုင်မှီတွယ်ရာ ဖြစ်သောကြောင့် အာရုံ(အာလမ္ဗဏ)မည်၏။

စိတ်တို့သည် အာရုံတို့နှင့် ကင်း၍ မဖြစ်။ အာရုံများရှိသည့် အတွက်ကြောင့် သာ စိတ်,စေတသိက်တို့ ဖြစ်လာကြရ၏။ ထို့ကြောင့် အာရုံ (၆)ပါးစွမ်းအင်များက စိတ်စေတသိက်တို့အား မွေ့လျော်ဖွယ်ရာဥယျာဉ်သဖွယ်၊ မှီတွယ်ဆွဲကိုင်ရာ ကြိုးတန်း,တောင်ဝှေးသဖွယ် ကျေးဇူးပြုမှုသဘောကို '**အာရမ္မဏပစ္စယော**' ဟု ခေါ်၏။

အာရုံတို့၏သဘောသည် အလွန်ပင် ကျယ်ပြန့်၏။ လေ့လာဝေဖန်၍ မကုန်နိုင်။ လောကမှာရှိသော သက်ရှိသက်မဲ့ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်, ပညတ်ဟူသည့် တရားအားလုံးသည် အာရုံ(၆)ပါး ထိုက်ကုန်၏။ အာရုံ(၆)ပါးမှ လွတ်သော '**အာရမ္မဏဝိမုတ်**'တရားဟူ၍ မရှိ။ ပဋ္ဌာန်း(၂၄)ပစ္စည်း၌ အာရမ္မဏ ပစ္စည်းသည် အကြီးကျယ်ဆုံး ဖြစ်၏။ နိဗ္ဗာန်သည် အာရမ္မဏနှင့် အာရမ္မဏာ

http://www.dhammadownload.com



ဓိပတိပစ္စည်းတို့၌သာ ပါဝင်၏။

### အာရုံ၏ဥပမာ

အာရုံ(၆)ပါးတို့သည် အသီးအပွင့်စသော အလှအပတို့ပေါကြွယ်၍ သာယာမွေ့လျော်ဖွယ်ရှိသော ဥယျာဉ်ကြီးများနှင့်တူ၏။ အိုမင်းမစွမ်းသူ, အားအင်ချိနဲ့သူတို့၏ ဆွဲကိုင်မှီတွယ်ရာ တောင်ဝှေး,ကြိုးတန်းတို့နှင့်လည်း တူ၏။

လင်္ကာ။ ဥယျာဉ်တွေနှယ်၊ မွေ့လျော်ဖွယ်၊ ခြောက်သွယ်အာရုံခေါ်။
ဆွဲကိုင်မှီတွယ်၊ တောင်ဝှေးနှယ်၊ ခြောက်သွယ်အာရုံခေါ်။

### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဓမ္မာရုံဟူသော အလုံးစုံသော အာရုံ ၆-ပါး အကြောင်းပစ္စည်းတရားတို့က စိတ် ၈၉-ပါး, စေတသိက် ၅၂-ပါးဟူသော အကျိုးပစ္စယုပ္ပန် တရားတို့အား အာရုံသတ္တိဖြင့် ကျေးဇူးပြုပါသည်။

### ကျေးဇူးပြုပုံသဘောအချုပ်

| (၁)ပစ္စည်း | (၂)ပစ္စယုပ္ပန် | (၃)သတ္တိ |
|---|---|---|
| အာရုံ ၆-ပါး၊ | စိတ်,စေတသိက် | အာရုံသတ္တိ |

### အာရုံ+အာရုံခံဆက်နွယ်မှု

| အကြောင်းအာရုံ(၆)ပါး | | အကျိုးအာရုံခံနာမ်တရားများ | |
|---|---|---|---|
| ၁။ အဆင်းမျိုးစုံ- | ရူပါရုံ | မြင်သိစိတ်- | စက္ခုဝိညာဏ် |
| ၂။ အသံမျိုးစုံ- | သဒ္ဒါရုံ | ကြားသိစိတ်- | သောတဝိညာဏ် |
| ၃။ အနံ့မျိုးစုံ- | ဂန္ဓာရုံ | နံသိစိတ်- | ဃာနဝိညာဏ် |
| ၄။ အရသာမျိုးစုံ- | ရသာရုံ | စားသိစိတ်- | ဇိဝှါဝိညာဏ် |
| ၅။ အတွေ့မျိုးစုံ- | ဖောဋ္ဌဗ္ဗာရုံ | တွေ့သိစိတ်- | ကာယဝိညာဏ် |
| ၆။ အာရုံအလုံးစုံ- | ဓမ္မာရုံ | ကြံသိစိတ်- | မနောဝိညာဏ် |

http://www.dhammadownload.com


အာရုံစွမ်းအင်ဖြင့်ကျေးဇူးပြုရာ၌ အကြောင်းပစ္စည်းတရားတို့တွင် စိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန်၊ပညတ်ဟူသော ပရမတ်၊ပညတ်အာရုံ (၆)ပါးလုံး ပါဝင်၏။ အကျိုးပစ္စယုပ္ပန်တရားတို့တွင် စိတ်၊စေတသိက်ဟူသော နာမ်တရားတို့သာ ပါဝင်၏။

## အာရုံ ၆-ပါးနှင့် အာရမ္မဏာကတရားများ

၁။ ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဝိညာဏ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇) ခုတို့အားလည်းကောင်း၊ (သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံတို့၏။)

၂။ ပစ္စုပ္ပန်ပဉ္စာရုံသည် မနောဓါတ် ၃-ခု၊ ဆန္ဒ၊ပီတိ၊ဝီရိယကြဉ် အညသမာန်း စေတသိက် (၁၀)တို့အားလည်းကောင်း၊

၃။ စိတ် (၈၉)၊ စေတသိက်(၅၂)၊ ရုပ်(၂၈)၊ နိဗ္ဗာန်၊ပညတ်ဟုဆိုအပ်သော အာရုံ(၆)ပါး အကြောင်းပစ္စည်းတရားတို့သည် မနောဝိညာဏဓာတ်(၇၆) စေတသိက် (၅၂)ပါး အကျိုးပစ္စယုပ္ပန်တရားတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုသည်။

### အာရုံနှင့်အာရမ္မဏာကဇယား

| အာရုံများ | စိတ်အစဉ်များ |
|---|---|
| ပစ္စုပ္ပန်ပဉ္စာရုံ<br>(အဆင်း,အသံ,အနံ့,အရသာ,<br>အတွေ့ဟူသောအာရုံငါးပါး) | ဒွေပဉ္စဝိညာဏ် ၁၀<br>(မြင်သိစိတ်,ကြားသိ,နံ့သိ,<br>လျှက်သိ,ထိသိစိတ်) |
| ကာလသုံးပါးအာရုံနှင့်<br>ကာလဝိမုတ်အာရုံများ | မနောဝိညာဏ်<br>(ကြံသိစိတ်) |
| ကံ,ကမ္မနိမိတ်,ဂတိနိမိတ်<br>(သေခါနီး၌ထင်သောအာရုံများ) | ဘဝင်စိတ်<br>(ပဋိသန္ဓေ,စုတိ) |

### ကေန်အာရုံနှင့်အနေကန်အာရုံ

အဆင်းရူပါရုံသည် မြင်သိစိတ်စက္ခုဝိညာဏ်အား ကေန်မုချ အာရုံအပြုံ နိုင်၍၊ ကြွင်းသော မိမိရူပါရုံကို အာရုံပြုသမျှစိတ်တို့အား အနေကန်အားဖြင့် အာရုံ

http://www.dhammadownload.com



အပြုခံနိုင်၏။ ထို့အတူ နိဗ္ဗာန်အာရုံသည် မဂ်ဖိုလ်ဟူသော လောကုတ္တရာစိတ်တို့အား ကောင်းသောအာရုံပြုခံနိုင်၍၊ ကြွင်းကုသိုလ်စိတ်တို့အား အနေကာကမ္မဖြစ်သော အာရုံပြုခံနိုင်သည်။

### အချိန်နှင့်နေရာပုဂ္ဂိုလ်နှင့်အာရုံသတ္တိ

ကာလအားဖြင့် ရောက်ဆဲပစ္စုပ္ပန်၊ လွန်ပြီးသောအတိတ်၊ မရောက်သေးသော အနာဂတ်ဟူသော ကာလသုံးပါး၌လည်းကောင်း၊ ကာလမဲ့ဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တို့အား ကာလဝိမုတ်အားဖြင့်လည်းကောင်း အာရုံစွမ်းအင်များ ကျေးဇူးပြု နိုင်သည်။

ဒေသအားဖြင့် ကာမ၊ရူပ၊အရူပဟူသော (၃၁)ဘုံ၌ အာရုံစွမ်းအင်များ တည်ရှိကြ၏။ သို့သော် ကာမဘုံ၌သာ အာရုံအားလုံး ကျေးဇူးပြုနိုင်၏။ ရူပဘုံတို့၌ မျက်လုံးနှင့် နားသာ ရှိသဖြင့် အနံ့၊အရသာ၊အတွေ့ဟူသော အာရုံသုံးပါးတို့ ကျေးဇူးမပြုနိုင်။ အရူပဘုံ၌ နာမ်သာရှိ သဖြင့် အဆင်းစသောအာရုံငါးပါးတို့ ကျေးဇူးမပြု။

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်(၄)ယောက်၊ အရိယာ(၈)ယောက်လုံးတို့၌ အာရုံစွမ်းအင်များကျေးဇူးပြုနိုင်၏။ မဂ်ပုဂ္ဂိုလ်(၄)ယောက်တို့၌ နိဗ္ဗာန်ဟူသောဓမ္မာရုံ၊ ဈာန်ဝင်စား ခိုက်၊ဖိုလ်ဝင်စားခိုက်ပုဂ္ဂိုလ်တို့အား ဈာန်အာရုံ၊ဖိုလ်အာရုံဟူသော ဓမ္မာရုံသာ ကျေးဇူးပြုနိုင်၏။ နိရောဓသမာပတ်ဝင်စားခိုက် အနာဂါမ်၊ရဟန္တာတို့အား အာရုံ (၆)ပါးလုံး ကျေးဇူးမပြုနိုင်ပါ။

## ကုသိုလ်အာရုံစွမ်းအင်များ

### ၁။ ကုသိုလ်ကကုသိုလ်ကို အာရုံပြုပုံ

| အကြောင်းအာရုံ | အကျိုးနာမ် | ကျေးဇူးပြုပုံ |
|---|---|---|
| အတိတ်ကပြုခဲ့တဲ့<br>ကုသိုလ်စိတ်တွေကို | ပြန်ဆင်ခြင်မှု၊<br>ဝမ်းသာမှုဖြစ်တဲ့အခါ | အာရုံသတ္တိနဲ့<br>ကျေးဇူးပြု |

http://www.dhammadownload.com



**ကုသလောဓမ္မော +ကုသလဿဓမ္မဿ**

သူတော်ကောင်းပုဂ္ဂိုလ်တို့သည် အလှူပေးမှု၊ သီလစောင့်ထိန်းမှုစသော ရှေးက ပြုဖူးသော ကုသိုလ်မှုတစ်ခုခုကို ပြန်ဆင်ခြင်သောအခါ၊ ဝိပဿနာဉာဏ်ဖြင့် ပွားများ သောအခါတို့၌ ကုသိုလ်တရားသည် ကုသိုလ်တရားအား အာရုံသတ္တိဖြင့် ကျေးဇူးပြု၏။

## ၂။ ကုသိုလ်ကအကုသိုလ်ကို အာရုံပြုပုံ

| အကြောင်းအာရုံ | အကျိုးအာရုံခံ | ကျေးဇူးပြုပုံ |
|---|---|---|
| ဒါနမှု၊သီလမှု စတဲ့ကုသိုလ်ကို | သာယာမှု၊ စွဲလမ်းမှု၊ယုံမှားမှု မာနမှုစသည်များ ဖြစ်တဲ့အခါ | အာရုံသတ္တိနဲ့ ကျေးဇူးပြု |

**ကုသလောဓမ္မော+အကုသလဿဓမ္မဿ**

အသိဉာဏ်ဗဟုသုတနည်းသူတို့သည် အလှူပေးမှု၊ သီလကျင့်သုံးမှုစသော မိမိရှေးကပြုဖူးသော ကုသိုလ်မှုတစ်ခုခုကို ပြန်လည်တွေးတော၍ သာယာခြင်း၊ နှစ်သက်, စွဲလမ်းခြင်း၊ သံသယဝင်ခြင်း၊ စိတ်နှလုံးမသာယာခြင်း၊ မာနဝင်ခြင်း စသည်အခိုက်တို့၌ ကုသိုလ်တရားသည် အကုသိုလ်တရားအား အာရုံသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၃။ ကုသိုလ်ကအဗျာကတကို အာရုံပြုပုံ

| အကြောင်းအာရုံ | အကျိုးအာရုံခံ | ကျေးဇူးပြုပုံ |
|---|---|---|
| ရဟန္တာကြီးတို့ မဂ်ကို- ကုသိုလ်တစ်ခုခုကို- | ဆင်ခြင်တဲ့အခါ- ဝိပဿနာပွားတဲ့အခါ- | အာရုံသတ္တိနဲ့ ကျေးဇူးပြု |

**ကုသလောဓမ္မော+အဗျာကတဿဓမ္မဿ**

ရဟန္တာပုဂ္ဂိုလ်ကြီးတို့၏သန္တာန်၌ ကုသိုလ်အကုသိုလ်သဘော မရှိ။ ဝိပါက်ကြိယာ ဟူသော အဗျာကတသဘောသာ ရှိ၏။ မိမိတို့၏ မဂ်တရားကို

http://www.dhammadownload.com



ဆင်ခြင်သောအခါ မိမိတို့ပြုဖူးသော ကုသိုလ်တရားများကို မမြဲ, ဆင်းရဲ, အစိုးမရ စသည်ဖြင့် ဝိပဿနာရှုမြင် သောအခါတို့၌ ကုသိုလ် ပြုသော်လည်း ကုသိုလ်မရ။ အဗျာကတသာ ဖြစ်ပါသည်။

## အကုသိုလ်အာရုံများ

### ၄။ အကုသိုလ်က အကုသိုလ်ကို အာရုံပြုပုံ

| အကြောင်းအာရုံ | အကျိုးအာရုံခံ | ကျေးဇူးပြုပုံ |
|---|---|---|
| လောဘ,ဒေါသ,မာန-ဒိဋ္ဌိစတဲ့စိတ်တွေကို | သာယာ,စွဲလမ်း, ပျော်ရွှင်,ပူလောင်တဲ့အခါ | အာရုံသတ္တိနဲ့ ကျေးဇူးပြု |

**အကုသလော၀မ္မော+အကုသလဿ၀မ္မဿ**

လူမိုက်တို့သည် မိမိ၏ ချစ်မှု၊ မုန်းမှု၊ သတ်မှု၊ ခိုးမှု၊ မာနကြီးမှုစသော အကုသိုလ်မှုတစ်ခုခုကို ပြန်လည်စဉ်းစား၍ သာယာခြင်း၊ စွဲလမ်းခြင်း၊ ပျော်ရွှင်ဝမ်းသာခြင်း၊ စိတ်နှလုံးပူလောင်ခြင်းစသည်များ ခံစားကြရ၏။ ထိုအခါတို့၌ အကုသိုလ်တရားက အကုသိုလ်တရားအား အာရုံသတ္တိဖြင့် ကျေးဇူးပြုပါသည်။

### ၅။ အကုသိုလ်က ကုသိုလ်ကို အာရုံပြုပုံ

| အကြောင်းအာရုံ | အကျိုးအာရုံခံ | ကျေးဇူးပြုပုံ |
|---|---|---|
| ပယ်ပြီး,ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို | ပြန်ဆင်ခြင်တဲ့အခါ, ပွားများလိုက်တဲ့အခါ | အာရုံသတ္တိနဲ့ ကျေးဇူးပြု |

**အကုသလော၀မ္မော+ကုသလဿ၀မ္မဿ**

အသိဉာဏ်ရှိသော ပညာရှိသူတော်ကောင်းတို့၏ စိတ်နှလုံး၌လည်း လိုချင်မှု၊ ချစ်မှု၊ မုန်းမှု၊ စိတ်ဆိုးမှု၊ မာနကြီးမှုစသော အကုသိုလ်တရားများ ဖြစ်၏။ ထိုဖြစ်ပြီး အကုသိုလ်များကိုပြန်ဆင်ခြင်၍ မမြဲခြင်း,ဆင်းရဲခြင်း, အစိုးမရခြင်း သဘောတို့ဖြင့်

http://www.dhammadownload.com


ဝိပဿနာပွား၏။ ထိုအခါ၌ အကုသိုလ်တရားသည် ကုသိုလ်စိတ်အား အာရုံသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ၆။ အကုသိုလ်က အဗျာကတကို အာရုံပြုပုံ

| အကြောင်းအာရုံ | အကျိုးအာရုံခံ | ကျေးဇူးပြုပုံ |
|---|---|---|
| ပယ်ပြီး,ဖြစ်ပြီးတဲ့ ကိလေသာတွေကို | ပြန်ဆင်ခြင်တဲ့အခါ, ပွားများလိုက်တဲ့အခါ | အာရုံသတ္တိနဲ့ ကျေးဇူးပြု |

**အကုသလောဓမ္မော+အဗျာကတဿဓမ္မဿ**

ရဟန္တာသူတော်စင်ကြီးများသည် မဂ်ဖြင့်ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သောအခါဝိပဿနာရှုသောအခါ၊ သေက္ခပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ် တို့သည်လည်း ပယ်အပ်၊ရှောင်ကြဉ်အပ်သော အကုသိုလ်တရားကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းစသည်ဖြင့် ဝိပဿနာပွားသောအခါတို့၌ အကုသိုလ်စိတ်သည် ဝိပါက်ကြိယာဟူသော အဗျာကတတရားတို့အား အာရုံသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဗျာကတအာရုံများ

## ၇။ အဗျာကတက အဗျာကတကို အာရုံပြုပုံ

| အကြောင်းအာရုံ | အကျိုးအာရုံခံ | ကျေးဇူးပြုပုံ |
|---|---|---|
| ရူပါရုံကို၊ ဖိုလ်,နိဗ္ဗာန်တွေကို | မြင်သိစိတ်ဖြစ်တဲ့အခါ - ဆင်ခြင်,ပွားများတဲ့အခါ - | အာရုံသတ္တိနဲ့ ကျေးဇူးပြု |

**မှတ်ချက်။** အဗျာကတဟူသည် ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်သော အကျိုးဝိပါက်၊ ကြိယာ၊ ရုပ်ခန္ဓာနှင့်၊ နိဗ္ဗာန်စသည်တို့ ဖြစ်၏။ (ရူပါရုံ-ရုပ်အဗျာကတ၊ မြင်သိစိတ်-ဝိပါက်အဗျာကတ၊)

**အဗျာကတောဓမ္မော+အဗျာကတဿဓမ္မဿ**

အဆင်းရူပါရုံကို မြင်၍ မြင်သိစိတ်စက္ခုဝိညာဏ်ဖြစ်သောအခါ၊ အသံသဒ္ဒါရုံကို ကြား၍ ကြားသိစိတ်သောတဝိညာဏ်ဖြစ်သောအခါ၊

http://www.dhammadownload.com



ရဟန္တာပုဂ္ဂိုလ်ကြီးများသည် ဖိုလ်တရား၊ နိဗ္ဗာန်တရားတို့ကို ဆင်ခြင်သောအခါတို့၌ အဗျာကတတရားသည် အဗျာကတတရားအား အာရုံသတ္တိဖြင့် ကျေးဇူးပြုသည်။

## ၈။ အဗျာကတက ကုသိုလ်ကို အာရုံပြုပုံ

| အကြောင်းအာရုံ | အကျိုးအာရုံခံ | ကျေးဇူးပြုပုံ |
|---|---|---|
| ဖိုလ်,နိဗ္ဗာန်တွေကို<br>အဗျာကတခန္ဓာကို | ဆင်ခြင်အခါ -<br>ပွားများတဲ့အခါ - | အာရုံသတ္တိနဲ့<br>ကျေးဇူးပြု |

**အဗျာကတော ဓမ္မော+ကုသလဿ ဓမ္မဿ**

ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့သည် ဖိုလ်တရား,နိဗ္ဗာန်တရားတို့ကို ဆင်ခြင်သောအခါ၊ မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်စသော အဗျာကတခန္ဓာတို့ကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရ ခြင်းစသည်တို့ဖြင့် ဝိပဿနာရှုမြင်သောအခါတို့၌ အဗျာကတ တရားတို့က ကုသိုလ်စိတ်အား အာရုံသတ္တိဖြင့် ကျေးဇူးပြုသည်။

## ၉။ အဗျာကတက အကုသိုလ်ကို အာရုံပြုပုံ

| အကြောင်းအာရုံ | အကျိုးအာရုံခံ | ကျေးဇူးပြုပုံ |
|---|---|---|
| မျက်လုံးစတဲ့ခန္ဓာကိုယ်ကို<br>ရုပ်ဝတ္ထုပစ္စည်းတွေကို | ချစ်ခင်စွဲလမ်းတဲ့အခါ<br>ဒေါသဖြစ်တဲ့အခါ - | အာရုံသတ္တိနဲ့<br>ကျေးဇူးပြု |

**အဗျာကတော ဓမ္မော+အကုသလဿ ဓမ္မဿ**

ရုပ်ခန္ဓာနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ၊ ရုပ်ဝတ္ထုဓိမ်ခံပစ္စည်းစသည်များကို အကြောင်းပြု၍ လိုချင်မှု၊ စွဲလမ်းမှု၊ စိတ်ဆိုးမှု၊ မာနဖြစ်မှုစသည်တို့ဖြစ်သောအခါ အဗျာကတတရားက အကုသိုလ်စိတ်တို့အား အာရုံသတ္တိဖြင့် ကျေးဇူးပြုပါသည်။

လုလင်ပျိုတစ် ယောက်သည် မိန်းမပျိုတစ်ယောက်ကို မြင်သဖြင့် ချစ်ခင်တွယ်တာစိတ်၊ မုန်းစိတ်စသည်ဖြစ်သောအခါ အဗျာကတတရားက အကုသိုလ်စိတ်ကို အာရုံသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

http://www.dhammadownload.com



## အာရမ္မဏပစ္စယော-ကျေးဇူးပြုပုံအကျယ်
## (ယှဉ်တွဲလေ့လာရန်)

| အကြောင်းတရား | (သင်္ချာ-ဥ-) | | အကျိုးတရား |
|---|---|---|---|
| အရဟာမဂ်ကြဉ် ကုသိုလ်-၂၀၊စေ-၃၈ | ကု | ကု | မဟာကု-၈၊ဝိညာ,နေဝကု-၂၊ကုဘိ |
| လောကီကု-၁၇၊ စေ-၃၈ | ကု | အကု | အကုသိုလ်-၁၂၊ စေ-၂၇ |
| ကုသိုလ်-၂၁၊ စေ-၃၈ | ကု | ဗျာ | ရုံ-၁၁၊ ပဉ္စဒွါကြဉ် ကာကြိ-၁၀၊ ဝိညာ,နေဝဝိ,ကြိ,ကြိဘိ |
| အကုသိုလ်-၁၂၊ စေ-၂၇ | အကု | အကု | အကုသိုလ်-၁၂၊ စေ-၂၇ |
| အကုသိုလ်-၁၂၊ စေ-၂၇ | အကု | ကု | မဟာကု-၈၊ ကုဘိ ၊စေ-၃၆ |
| အကုသိုလ်-၁၂၊ စေ-၂၇ | အကု | ဗျာ | ရုံ-၁၁၊ ပဉ္စဒွါကြဉ် ကာကြိ၊၁၀၊ကြိဘိ ကာဝိ-၂၃၊ကြိ-၁၁၊ ဝိညာ,နေဝကြိ |
| ဝိ-၃၆၊ ကြိ-၂၀၊ ရုပ်-၂၈၊နိဗ္ဗာန် | ဗျာ | ဗျာ | ကြိဘိ ၊ ဖိုလ်-၄ |
| အရဖိုလ်ကြဉ်ဝိ-၃၅၊ကြိ-၂၀၊၃၈၊ရုပ်နိ | ဗျာ | ကု | မဟာကု-၈၊ ကုဘိ၊ မဂ်-၄၊ စေ-၃၆ |
| ကာဝိ-၃၂၊ကြိ-၂၀၊ စေ-၃၅၊ရုပ်-၂၈ | ဗျာ | အကု | အကုသိုလ်-၁၂၊ စေ-၂၇ |

## အာရုံတွေကြောင့် စိတ်တွေဖြစ်

အာရုံတို့သည် (၆)ပါးသာ ရှိ၏။ ထိုအာရုံ (၆)ပါးကိုပင် ကာမတဏှာ၏ ကျက်စားရာကာမဘုံ၌ ဖြစ်ခြင်းကြောင့် ကာမအာရုံဟု ခေါ်၏၊ ကာမဂုဏ်ဟုလည်း ခေါ်၏။ ထိုအာရုံ (၆)ပါး၌ မွေ့လျော်ကျက်စားကြသော စိတ်တို့ကား (၈၉)ပါးမျှ ရှိ၏။ ထို (၈၉)ပါးသောစိတ်တို့သည် အာရုံ (၆)ပါး၌ပင် မွေ့လျော်ပျော်ပိုက်လျက်၊ ဆွဲကိုင်မှီတွယ်လျက် အာရုံပြုကာ ဖြစ်လာကြ၏။

ထိုစိတ်တို့တွင် ကောင်းသောကုသိုလ်စိတ်၊ ဆိုးသောအကုသိုလ်စိတ်၊ အကောင်းအဆိုး မဟုတ်သော အဗျာကတစိတ်အားဖြင့် ကွဲပြား၏။

ထိုစိတ်တို့တွင် ကုသိုလ်စိတ်ဖြစ်နိုင်ရာ အကြောင်းအာရုံကို ရှာကြည့်လျှင်-

၁-'**ကုသလောဓမ္မော**' ကုသိုလ်အာရုံကြောင့်လည်း ကုသိုလ်ဖြစ်နိုင်၏။

၂-'**အကုသလောဓမ္မော**' အကုသိုလ်အာရုံကြောင့်လည်း ကုသိုလ်ဖြစ်နိုင်၏။

၃-'**အဗျာကတော ဓမ္မော**' အဗျာကတအာရုံကြောင့်လည်း ကုသိုလ် ဖြစ်၏။

http://www.dhammadownload.com



ထို့အတူ အကုသိုလ်စိတ်ဖြစ်နိုင်ရာအာရုံများ၊ အဗျာကတစိတ်ဖြစ်နိုင်ရာ အာရုံများကို ရှာလျှင်ယည်း အကြောင်း(၃)ပါးစီပင် ရှိ၏။

ထိုတွင် အာရုံကောင်း ကုသိုလ်အကြောင်းကြောင့်လည်း ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ ဖြစ်နိုင်သကဲ့သို့၊ အာရုံဆိုးအကုသိုလ်အကြောင်းကြောင့်လည်း အကုသိုလ်စိတ်၊ ကုသိုလ် စိတ်တို့ ဖြစ်လာနိုင်သည်ကို သိရပေမည်။

အာရုံစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

## အာရုံစွမ်းအင်၏ အာနိသင်

အာရုံ(၆)ပါးတို့၏စွမ်းအင်သတ္တိများသည် အာရုံခံဖြစ်သော စိတ်စေတသိက် တရားတို့အပေါ်၌ စိုးမိုးချယ်လှယ်နိုင်မှုစွမ်းအား ကြီးမားလှ၏။ စိတ်စေတသိက် တရားတို့သည် စိတ်စေတသိက်ဟူသော နာမ်တရားကိုလည်း ပြန်၍ အာရုံပြုနိုင်၏။ ရုပ်တရားကိုလည်း အာရုံပြုနိုင်၏။ နိဗ္ဗာန်တရားနှင့် ပညတ်များကိုပင် အာရုံပြုနိုင် ကြ၏။ အတိတ်အနာဂတ်ပစ္စုပ္ပန်ဟူသော ကာလသုံးပါးသာမက၊ ကာလမဲ့ အခါတို့၌ ပင် အာရုံပြုနိုင်ကြသည်။

ထို့ကြောင့် စိတ်စေတသိက်တရားများသည် အာရုံ (၆)ပါးကို အမှီပြု၍ အထက်ဘဝဂ်နှင့် နိဗ္ဗာန်ထိတိုင် စွမ်းအားအာနိသင်များ ကြီးကျယ်မြင့်မား လာနိုင်သကဲ့သို့ အောက်အဝီစိငရဲထိတိုင်အောင်လည်း တစ်ရှိန်ထိုး စွမ်းအင်အာနိသင် များ ကျဆင်းသွားနိုင်ခြင်းတို့ကို ကြည့်ခြင်းအားဖြင့် အာရုံစွမ်းအင်တို့၏ အာနိသင်များကို သိရှိနိုင်ပါသည်။

## အာရုံအဓိကလား၊စိတ်အဓိကလား?

လူတစ်ယောက်သန္တာန်၌ ကုသိုလ်စိတ်၊အကုသိုလ်စိတ်တို့ဖြစ်လာဖို့ရာ အာရုံတွေက အဓိကလား၊ သို့မဟုတ်၊ စိတ်တွေက အဓိကလား? မေးစရာ ရှိ၏။ အာရုံတွေကအဓိက ဆိုလျှင် အာရုံဆိုးကြောင့် ကုသိုလ်ဖြစ်နိုင်စရာ အကြောင်းမရှိ။ အာရုံကောင်းကြောင့်လည်း ကုသိုလ်သာ ဖြစ်သင့်၍ အကုသိုလ် မဖြစ်သင့်။ စိတ်အဓိကဆိုလျှင်လည်းမွေးရာပါ အကုသိုလ်စိတ်ကြောင့် အာရုံမည်မျှပင် ကောင်းကောင်း အကုသိုလ်စိတ်သာ ဖြစ်နိုင်၍ ကုသိုလ်စိတ် ဖြစ်နိုင်မည်မဟုတ်ပါ။

http://www.dhammadownload.com


ထို့ကြောင့် အာရမ္မဏပစ္စယော-အရ 'အာရုံတွေကြောင့် စိတ်တွေဖြစ်၏' ဟူသော သဘောတရားကို သိရှိပြီးသူသည် အာရုံအဓိက၊ စိတ်အဓိကဟူသည့် တစ်ဖက်စွန်းရောက် မိစ္ဆာဝါဒတို့ကို ပယ်နိုင်တော့၏။ အာရုံတရားတို့အပေါ် ယောနိသောမနသိကာရခေါ်ပညာသိဖြင့် နှလုံးသွင်းကောင်းရှိသူသည် အကုသိုလ်

အာရုံဆိုးတို့ကြောင့်သော်လည်း ကုသိုလ်စိတ်များ မွေးဖွားလာနိုင်သည်၊ အယောနိသောမနသိကာရခေါ် မောဟအသိဖြင့် နှလုံးသွင်းဆိုးရှိသူသည် ကုသိုလ်အာရုံကောင်းတို့ကြောင့်သော်လည်း အကုသိုလ်စိတ်များ မွေးဖွားလာနိုင်သည်ဟုသမ္မာဒိဋ္ဌိအမြင်မှန် ဖြစ်လာနိုင်ပါသည်။

ဥပမာ။ အာရုံ(၆)ပါးတွင် တစ်ပါးပါးကို မှီတွယ်အာရုံပြု၍ လူဆိုးလူမိုက် တစ်ယောက်သည် လူလိမ္မာသူတော်ကောင်းတစ်ယောက် ဖြစ်သွားနိုင်သည် (အကုသလော ဓမ္မော၊ ကုသလဿ ဓမ္မဿ၊ ကုသလော ဓမ္မော၊ ကုသလဿ ဓမ္မဿ)

လူလိမ္မာတစ်ယောက်သည်လည်း လူဆိုးလူမိုက် ဖြစ်သွားနိုင်၏ (ကုသလော ဓမ္မော၊ အကုသလဿ ဓမ္မဿ၊အကုသလော ဓမ္မော၊ အကုသလဿ ဓမ္မဿ)။

## ကုသိုလ်စိတ်တို့ ဖြစ်လာဖို့

အပြစ်ကင်းသော ကောင်းကျိုးသုခတရားများကို ရရှိခံစားလိုသူသည် အကုသိုလ်စိတ်တို့ မဖြစ်စေဘဲ ကုသိုလ်စိတ်များ ဖြစ်ပေါ်လာဖို့ လိုအပ်၏။ ကုသိုလ်စိတ်ဖြစ်ဖို့မှာ အာရုံတွေကလည်းအဓိကမကျ၊ စိတ်ကလည်း အဓိကမကျ။ အာရုံ(၆)ပါးနှင့် ဆုံလာသော စိတ်ဝိညာဏ် (၆)မျိုးအပေါ် ပညာ၊သတိဖြင့် ထိန်းညှိနိုင်ဖို့သာ လိုရင်းဖြစ်တော့သည်။

ထို့ကြောင့် ကုသိုလ်အာရုံတို့ကြောင့်လည်း ကုသိုလ်စိတ်ဖြစ်နိုင်၊ အကုသိုလ်အာရုံတို့ကြောင့်လည်း ကုသိုလ်စိတ်သာ ဖြစ်လာနိုင်ဖို့မှာ အာရုံ(၆)ပါးနှင့် ဆုံလာသော စိတ်တို့ကို ယောနိသောမနသိကာရခေါ် နှလုံးသွင်းကောင်းဖြင့် ဦးလှည့်ပြောင်းပေးဖို့ လိုသည်။ အယောနိသောမနသိကာရခေါ် နှလုံးသွင်းဆိုးဖြင့် အာရုံတို့ကို လက်ခံနေသမျှ အကုသိုလ်အကျိုးတရားများသာ တိုးပွားဖြစ်ပေါ် လာနိုင်၏။

http://www.dhammadownload.com



## ကုသိုလ်နှင့်အကုသိုလ်

ကုသလ် အနဝဇ္ဇ သုခဝိပါကံ-အရ အပြစ်လည်းမရှိ၊ ကိုယ်၏ကျန်းမာ၊ စိတ်ချမ်းသာ လျက် ကောင်းကျိုးသုခဟူသမျှကို ရရှိခံစားစေနိုင်သော စိတ်တို့သည် ကုသိုလ်မည်၏။

အကုသလံ သာဝဇ္ဇ ဒုက္ခဝိပါကံ-အရ အပြစ်လည်းရှိ၊ ကိုယ်လည်းဆင်းရဲ၊ စိတ်ဆင်းရဲလျက် ဆိုးကျိုးဒုက္ခဟူသမျှကို ရရှိခံစားစေနိုင်သောစိတ်တို့သည် အကုသိုလ် မည်၏။

**လင်္ကာ**။ ဖြစ်သော်ညစ်ထေး၊ အပြစ်ဘေးနှင့်၊ ဆိုးကျိုးဒုက္ခ၊ ဆယ့်နှစ်ဝ၊ မုချအကုသိုလ်ခေါ်။
ဖြစ်သော်သန့်ရှင်း၊ အပြစ်ကင်း၍၊ ကောင်းခြင်းသုခ၊ ကျိုးပေးကကုသလဟုခေါ်။

## အာရမ္မဏပစ္စည်းအကျိုးတရား

ကာမဂုဏ်ငါးပါး အာရုံခြောက်ပါးတို့၌ တွယ်တာမှုမကင်းဘဲ မက်မောခြင်း ရှိကြ လေသောကြောင့် သံသရာဝဋ်ဒုက္ခကို ဖြစ်စေဆဲ၊ ဖြစ်စေလတ္တံ့သော စိတ်စေတသိက်အစဉ် မပြတ်၊ သံသရာစက်ရဟတ် မပြတ်နိုင်ရခြင်း ဖြစ်ပါသည်။

သံသရာစက်ရဟတ်ကို ပြတ်စေလိုသော သူတော်ကောင်းပုဂ္ဂိုလ်တို့သည် လောကီ ကာမဂုဏ်ဟူသော အာရုံခြောက်ပါးကို ပယ်မြစ်၍ လောကုတ္တရာ နိဗ္ဗာန်အာရုံကို အလွန်စုံမက်စွာ တောင့်တအပ်သည်ရှိသော် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်ပေသည်။

## အာရမ္မဏပစ္စယော-ဘုရားရှိခိုး

အာရမ္မဏပစ္စယော-တောင်ဝှေးကြိုးတန်း၊ သူမစွမ်းကို၊ မပန်းရလေ၊ ထိုင်ထစေဖို့၊ စိတ်စေလေးတန်၊ နာမက္ခန်ကို၊ ဖြစ်ဟန်တူစွာ၊ ရှစ်သဘာတွင်၊ ဆွဲထောက်ရာအာရုံ၏အဖြစ်တည်းဟူသောသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော အာရုံခြောက်ပါး ပစ္စည်းတရားသည်။ အတ္တ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှာရှိပါပေသည်တကား။

အာရမ္မဏပစ္စယောပြီး၏။

http://www.dhammadownload.com



## ၃။ အဓိပတိပစ္စယော။
(ကြီးစိုးမှုသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။(က)ဆန္ဒာဓိပတိ၊ (ခ) ဆန္ဒသမ္ပယုတ္တကာနံ့ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စ ရူပါနံ၊
(ဂ)။ (ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ)
၂။(က)ယံယံဓမ္မံ ဂရုံကတွာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တစေတသိကာဓမ္မာ၊ တေတေဓမ္မာ၊
(ခ)တေသံတေသံ ဓမ္မာနံ၊ (ဂ)အဓိပတိပစ္စယေနပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။ (က) ဆန္ဒာဓိပတိ၊ အကြီးမှူးဖြစ်သော ဆန္ဒသည်။ (ခ)ဆန္ဒသမ္ပယုတ္တကာနံ၊ ဆန္ဒနှင့်ယှဉ်ကုန်သော။ ဓမ္မာနံ၊ ဒွိဟိတ်ဇောတိဟိတ်ဇော စိတ်စေတသိက်တို့အားလည်း ကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဆန္ဒကြောင့်ဖြစ်ကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ (ဂ) (ဝီရိယာဓိပတိစသည်တူ၏)

၂။ (က) ယံယံဓမ္မံ၊ အကြင်အကြင် အာရုံ(၆)ပါး ပစ္စည်းတရားကို။ ဂရုံကတွာ၊ အလေးအမြတ်အာရုံပြု၍။(ဂရုစိုက်၍) ယေယေဓမ္မာ၊ အကြင်အကြင်သို့သဘောရှိကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက် တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေတေဓမ္မာ၊ ထိုထိုသို့သဘောရှိ သောအာရုံ(၆)ပါးပစ္စည်း တရားတို့သည်။(ခ) တေသံတေသံ ဓမ္မာနံ၊ ထိုထိုသို့သဘောရှိသော စိတ်စေတသိက်ဟူသော ပစ္စယုပ္ပန်တရားတို့အား။ (ဂ) အဓိပတိ ပစ္စယေနပစ္စယော။ အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

---

## အဓိပတိသတ္တိသရုပ်အဓိပ္ပါယ်များ

### အဓိပတိနှင့်ပစ္စယ

အဓိပတိဟူသည် 'အကြီးအမှူး၊ အရှင်သခင်'ဟု အဓိပ္ပါယ်ရ၏။ စကြဝတေးမင်း တို့ကဲ့သို့ လွှမ်းလွှမ်းကဲကဲ အစိုးရမှုသဘောသည် အဓိပတိမည်၏။

http://www.dhammadownload.com



အကြီးအမှူး၊အရှင်သခင်သဖွယ်ဖြစ်သော အာရုံ(၆)ပါးနှင့် ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတရားတို့က ရုပ်နာမ်တရားတို့အား အကြီးအမှူးအဖြစ် အရှင်သခင်အဖြစ်ဖြင့် ကျေးဇူးပြုမှုသဘောကို **'အဓိပတိပစ္စယော'** ဟု ခေါ်သည်။

### အဓိပတိ၏ဥပမာ

စကြာဝတေးမင်းသည် မိမိပိုင်တိုင်းနိုင်ငံတို့၌ ပြိုင်ဘက်မရှိသော အကြီးအမှူးအဖြစ်၊ အရှင်သခင်အဖြစ်ဖြင့် လွှန်လွှန်ကဲကဲ အုပ်ချုပ်အစိုးရသကဲ့သို့ ဖြစ်ပါသည်။

**လင်္ကာ။** နှစ်ပါးမမြင်၊ စကြာရှင်သို့၊ များမြင်ကျယ်သည့်၊ စိုးရဘိ၊အဓိပတိခေါ်။

### အဓိပတိ (၂)မျိုး

၁။ **သဟဇာတာဓိပတိ**- တကွဖြစ်ဖက်တရားတို့အပေါ် အရှင်သခင်အဖြစ် အစိုးရခြင်းသည် **'သဟဇာတာဓိပတိ'** မည်၏။

ဆန္ဒ၊ဝီရိယ၊စိတ်၊ပညာဟူသော အကြောင်းပစ္စည်းတရား(၄)ပါးတို့က တကွဖြစ်ဖက် စိတ်၊စေတသိက်၊စိတ္တဇရုပ်တို့အား ကျေးဇူးပြုခြင်း ဖြစ်သည်။ (သဟာဓိဟု-ခေါ်၏)

၂။ **အာရမ္မဏာဓိပတိ**-အာရုံတရားတို့က အာရမ္မဏိကစိတ်စေတသိက် နာမ်တရားတို့အား အရှင်သခင်အဖြစ် အစိုးရခြင်းသည် **'အာရမ္မဏာဓိပတိ'** မည်၏။

အာရုံ(၆)ပါး ပစ္စည်းတရားတို့သည်လည်း မိမိကို အလေးအနက် အာရုံပြုသော စိတ်၊စေတသိက်တို့အား ကျေးဇူးပြုခြင်း ဖြစ်သည်။ (အာဓိဟု-ခေါ်၏)

## အဓိပတိကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| **အကြီးအမှူးတရား** | **နောက်လိုက်တရားများ** |
| ဆန္ဒ၊ဝီရိယ၊စိတ်၊ပညာ | စိတ်၊စေတသိက်၊စိတ္တဇရုပ် |
| အာရုံ ၆-ပါး | စိတ်၊စေတသိက်များ |

http://www.dhammadownload.com



## ၁။ သဟာဓိ-ကျေးဇူးပြပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈၊ဒေါ-၂၊ မော-၂၊ဒု-၁ကြဉ်,စိတ် ၈၄၊ဒေါ-စတုတ်၊ ဝိစိ-ကြဉ်,စေ-၄၇၊ နိဗ္ဗာန် | လော-၈၊ကု-၈၊ကြိယ်-၄၊ ကုတ်-၈ ဟူသော စိတ်-၂၈၊ ဒေါစတုတ်၊ဝိစိ၊ အပ္ပမညာကြဉ်-စေ-၄၅ပါး |

## သဟာဓိ ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

၁။ သာဓိပတိဇော (၅၂)ခုဌ်ရှိသော ဆန္ဒ၊ဝီရိယ၊စိတ်၊ပညာ အဓိပတိတရားကိုယ် (၃)ပါး၊ (၄)ပါးတို့တွင် တစ်ပါးပါးသော အကြောင်းပစ္စည်းတရားတို့သည် သာဓိပတိဇော (၅၂)ခု၊ (ဝိစိကိစ္ဆာ၊ မိမိအဓိပတိ ကြဉ်)စေတသိက် (၅၁)၊ သာဓိပတိစိတ္တဇရုပ် အကျိုး ပစ္စယုပ္ပန်တရားတို့အား **'သဟဇာတာဓိပတိ'**သတ္တိဖြင့် ကျေးဇူးပြု၏။

## သဟာဓိ-အဓိပ္ပါယ်

မိမိနှင့်တကွဖြစ်ဖက်၊ ယှဉ်ဖက်တရားတို့ အပေါ်အစိုးရမှုသဘောသည် **'သဟာဓိ'** မည်၏။ အစိုးရလိုမှုနှင့်တကွဖြစ်သော လောဘ၊ဒေါသစသောဇောတို့ကို **'သာဓိပတိဇော'**ဟု ခေါ်သည်။ ထိုအစိုးရလိုမှုဇောစိတ်တို့ကြောင့် ဖြစ်ပေါ်လာသော ရုပ်တို့သည် **'သာဓိပတိစိတ္တဇရုပ်'** မည်၏။

ဇောစိတ် (၅၅)ပါးရှိရာတွင် အဟိတ်ဖြစ်သော ဟသိတုပ္ပါဒ်၊ ဧကဟိတ်ဖြစ်သော မောဟဇော (၃)ပါးကြဉ် ကျန်(၅၂)ပါးသော ဇောတို့သည် ဒွိဟိတ်နှင့် တိဟိတ်ဇောတို့သာ ဖြစ်၏။ တိဟိတ်ဇောဖြစ်ခိုက် အဓိပတိတရားကိုယ် (၄)ပါး၊ ဒွိဟိတ်ဇောဖြစ်ခိုက် ပညာမရသဖြင့် အဓိပတိတရားကိုယ် (၃)ပါး ဖြစ်၏။ ထိုသဘောကို အဓိပတိတရားကိုယ် (၃)ပါး၊ (၄)ပါးတို့တွင် တစ်ပါးပါးဟု ဆိုသည်။

ဒွိဟိတ်ဇော၊ တိဟိတ်ဇော (၅၂)ခုဌ်သာ အဓိပတိ ယှဉ်၏။ အဟိတ်စိတ်၊ ဧကဟိတ် စိတ်တို့၌ မယှဉ်။ ထိုဇော (၅၂)ပါးတို့၌ အဓိပတိကိစ္စ တပ်သောအခါကို သာဓိပတိဇော ဟု ဆိုသည်။ ထိုသာဓိပတိဇောစိတ်ကြောင့်ဖြစ် သောရုပ်ကိုလည်း သာဓိပတိစိတ္တဇရုပ်ဟု ဆိုခြင်း ဖြစ်၏။

**လင်္ကာ**။ ဒွိဟေ,တိဟေ၊ ဇောနှစ်ထွေ၊ ရလေအဓိပတိ။

http://www.dhammadownload.com



## ကုသိုလ်ကကုသိုလ်နှင့် အဗျာကတအားကျေးဇူးပြုပုံ

ကုသလော+ကုသလဿ၊ ကုသလော+အဗျာကတဿ

ဆန္ဒ,စိတ်,ဝီရိယ,ပညာတို့သည် ကုသိုလ်အရာ၌ ထက်သန်ပြင်းပြစွာ ပြုသောအခါကြီးကျယ်လွန်မြတ်သောကုသိုလ်အကျိုးများ, ဝိပါက်အဗျာကတ စိတ္တဇရုပ်အကျိုးများ တိုးပွားဖြစ်ထွန်းလာအောင် သဟာဓိသတ္တိဖြင့် ကျေးဇူးပြုသည်။ (ကု+ကု၊ကု+ဗျာ၊ကု+ကုဗျာ)

## အကုသိုလ်ကအကုသိုလ်နှင့်အဗျာကတအား ကျေးဇူးပြုပုံ

အကုသလော+အကုသလဿ၊ အကုသလော+အဗျာကတဿ

ဆန္ဒ,စိတ္တ,ဝီရိယတို့သည် အကုသိုလ်အရာ၌ ထက်သန်ပြင်းပြစွာ ပြုသောအခါ ကြီးမားသော အကုသိုလ်မှုများ, စိတ္တဇရုပ်များ တိုးပွားဖြစ်ထွန်းလာအောင်သဟာဓိသတ္တိဖြင့်ကျေးဇူးပြုသည်။(အကု+အကု၊အကု+ဗျာ၊ အကု+အကုဗျာ)

## အဗျာကတကအဗျာကတအားကျေးဇူးပြုပုံ

အဗျာကတော+အဗျာကတဿ

ဆန္ဒ,စိတ္တ,ဝီရိယ,ပညာတို့သည်အရိယာပုဂ္ဂိုလ်တို့. သန္တာန်၌ ထက်သန်ပြင်းပြလာသောအခါကြီးကျယ်လွန်မြတ်သော ကြိယာ,ဖိုလ်,စိတ္တဇရုပ်များ ဖြစ်ထွန်းလာအောင် သဟာဓိသတ္တိဖြင့် ကျေးဇူးပြုသည်။(ဗျာ+ဗျာ)

### သဟာဓိကျေးဇူးပြုပုံအကျယ်
(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | (သချာ-ရ) | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ဆန္ဒ၊စိတ်၊ဝီရိယ၊ပညာ (၄) | ကု | ကု | မဟာကု ၈၊မဟဂ်ကု ၉၊ မဂ် ၄ |
| | | ဗျာ | ကုသိုလ်ပြုသော စိတ္တဇရုပ် |
| ဆန္ဒ၊ စိတ်၊ ဝီရိယ၊ (၃) | အကု | အကု | လောဘ ၈၊ဒေါ ၂၊ဝိကြဉ်စေ ၂၆ |
| | | ဗျာ | အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| ဆန္ဒ၊စိတ်၊ဝီရိယ၊ပညာ (၄) | ဗျာ | ဗျာ | မဟာကြိ-၈၊မဟဂ်ကြိ-၉ဖိုလ်-၄ စေ-၃၈၊ သာဓိပတိစိတ္တဇရုပ် |

မှတ်ချက်။ သချာ ၇-ချက်သည် ဟေတုအတိုင်း တူ၏။

http://www.dhammadownload.com



## ၂။ အာဓိ–ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈၊ဒေါ–၂၊ မော–၂၊ဒု–၁ကြဉ်,စိတ် ၈၄၊ဒေါ–စတုတ်၊ ဝိစိ–ကြဉ်,စေ–၄၇၊ နိဗ္ဗာန် | လော–၈၊ကု–၈၊ကြိယ်–၄၊ ကုတ်–၈ ဟူသော စိတ်–၂၈၊ ဒေါစတုတ်၊ဝိစိ၊ အပ္ပမညာကြဉ်–စေ–၄၅ပါး |

**လင်္ကာ**။၈–လောဘမူ၊မဟာကု၊၄–ခုညာဏ်ကြိယာ၊လောကုတ်ရှစ်ခု၊ ဤစိတ်စု၊ဂရုပြုတတ်စွာ။

## အာဓိ ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

၂။ အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်(၁၈)၊(ဒေါသ၊မောဟ၊ ဒုက္ခသဟဂုတ်–၅–ကြဉ်) စိတ်(၈၄)၊ (ဒေါစတုတ်၊ဝိစိကိစ္ဆာ–၅–ကြဉ်) စေတသိက်(၄၇)၊ နိဗ္ဗာန်ဟူသောအာရုံ(၆)ပါး အကြောင်းပစ္စည်းတရားတို့သည် အလေးအမြတ် အာရုံပြုတတ်သောလောဘမူ(၈)၊ မဟာကု(၈)၊ မဟာကြိယ်ဉာဏ်(၄)၊ လောကုတ္တရာ စိတ်(၈)ဟူသော အကျိုးပစ္စယုပ္ပန်တရားတို့အား **'အာရမ္မဏာဓိပတိသတ္တိ'** ဖြင့် ကျေးဇူးပြုပါသည်။

## အာဓိ–အဓိပ္ပါယ်များ

အာရမ္မဏာဓိပတိပစ္စည်းသည် အာရမ္မဏာမှ ခွဲထွက်လာသောပစ္စည်း ဖြစ်၏။ 'မြွေကြီးတော့နဂါး၊ဖွတ်ကြီးတော့မိကျောင်း' စကားကဲ့သို့ သာမညအာရုံများထက် သာလွန်၍ လွန်လွန်ကဲကဲ ကျေးဇူးပြုသည့် အာရုံပစ္စည်းများဖြစ်၏။

အလေးအမြတ်ပြုအပ်သောအာရုံ–ဟူသည် အာရုံအဓိပတိ၏ အကြောင်းပစ္စည်းတရား များဖြစ်၏။ ဣဋ္ဌဖြစ်သောအာရုံ–ဟူသည် သာယာနှစ်သက် မြတ်နိုးအပ်သောအကြောင်းပစ္စည်းအာရုံတရားများတည်း။ အလေးအမြတ် အာရုံပြုတတ်သောတရား–ဟူသည် အာရုံ အဓိပတိပစ္စည်းတရားကို အာရုံပြုသော စိတ်, စေတသိက် စိတ္တဇရုပ်တို့ ဖြစ်၏။

## ပစ္စည်းမတပ်နိုင်သောတရားများ

အာရမ္မဏာဓိပတိပစ္စည်း၌ အနိပ္ဖန္နရုပ် (၁၀)ပါးသည် ရုပ်တုဖြစ်၍ စွဲမက်ဖွယ်သဘော မထင်ရှားသောကြောင့်လည်းကောင်း၊ ဒေါသ၊မောဟ၊ဒုက္ခနှင့် ယှဉ်သော ကာယဝိညာဏ်စိတ်တို့သည် သာယာစွဲမက်ဖွယ်တရားများ မဟုတ်သော

http://www.dhammadownload.com



ကြောင့်လည်းကောင်း၊ပညတ်တို့သည်လည်း သဘာတရားကိုယ်အားဖြင့် ထင်ရှား မရှိသောကြောင့်လည်းကောင်း၊ အလေးအမြတ်အာရုံစွမ်းအင်သတ္တိတွင် မပါဝင် ကြခြင်း ဖြစ်သည်။

## ကုသိုလ်က ကုသိုလ်အားကျေးဇူးပြုပုံ

ကုသလော(ဂရုံကတွာ)ကုသလဿ

အတိတ်ကပြုခဲ့ဖူးသော ဒါန၊သီလ၊ဘာဝနာ၊ဈာန်၊မဂ်ဟူသော ကုသိုလ်မှု များကို အလေးအနက်အာရုံပြု၍ ပြန်လည်စဉ်စား ဆင်ခြင်သောအခါ (အရဟတ္တ မဂ်ကြဉ်) ကုသိုလ် စိတ်၂၀-က မဟာကုသိုလ်စိတ် ၈-ပါး ကုသိုလ်တရားကို အာဓိသတ္တိဖြင့် ကျေးဇူးပြုသည်။

## ကုသိုလ်က အကုသိုလ်အားကျေးဇူးပြုပုံ

ကုသလော (ဂရုံကတွာ) အကုသလဿ။

အတိတ်က ပြုခဲ့ဖူးသော ဒါန၊သီလ၊ဘာဝနာလောကီကုသိုလ်များကို အလေးအနက် ပြန်လည်စဉ်းစားဆင်ခြင်၍ သာယာ၊စွဲလန်းနှစ်သက်၍ ဒိဋ္ဌိ၊တဏှာတို့ ဖြစ်သောအခါ လောကီ ကုသိုလ် ၁၇-ပါးက အကုသိုလ်စိတ်-လောဘ ၈- ပါးကို အာဓိသတ္တိဖြင့် ကျေးဇူးပြုသည်။

## အကုသိုလ်က အကုသိုလ်အားကျေးဇူးပြုပုံ

အကုသလော (ဂရုံကတွာ) အကုသလဿ။

အတိတ်ကပြုဖူးသောသာယာ၊နှစ်သက်၊စွဲလန်း ချစ်ကြိုက်မှုသဘောတရား များကို အလေးအနက် ပြန်လည်စဉ်းစား၍ တဏှာ၊ ဒိဋ္ဌိတို့ဖြစ်သောအခါ လောဘမူ (၈)ပါး အကုသိုလ်တရားက လောဘမူ(၈)ပါး အကုသိုလ်စိတ်အား အာဓိသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဗျာကတက ကုသိုလ်အားကျေးဇူးပြုပုံ

အဗျာကတော(ဂရုံကတွာ) ကုသလဿ

အရိယာပုဂ္ဂိုလ်ကြီးများ၏ အောက်ဖိုလ်(၃)ပါးနှင့် နိဗ္ဗာန်တရားတို့အား အလေးအနက် အာရုံပြု၍ စဉ်စားဆင်ခြင်သောအခါ အဗျာကတစိတ်က ပုထုဇဉ် တို့အား မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် (၄)ပါး၊ အရိယာတို့အား မဟာကြိယာ

http://www.dhammadownload.com


ဉာဏသမ္ပယုတ် (၄)ပါးဟူသော ကုသိုလ်စိတ်ကို အာဓိပတိသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဗျာကတက အကုသိုလ်အားကျေးဇူးပြုပုံ

အဗျာကတော (ဂရုံကတွာ) အကုသလဿ

သာယာဖွယ်ဖြစ်သော ရုပ်အဆင်းခန္ဓာကိုယ်နှင့် လောကီအကျိုးဝိပါက်၊ ကြိယာများကို အလေးအနက်အာရုံပြု၍ သာယာ၊စွဲလမ်း ချစ်ကြိုက်နှစ်သက်လျက် တဏှာ၊ဒိဋ္ဌိတို့ဖြစ်သောအခါ အဗျာကတတရားက အကုသိုလ်စိတ်၊လောဘမူ(၈) ပါးအား အာဓိသတ္တိဖြင့် ကျေးဇူးပြုသည်။ (ကျန်သဘောများကို ဇယားနှင့်တွဲ၍ လေ့လာပါ)

## အာဓိ-ကျေးဇူးပြုပုံအကျယ်

(ယှဉ်တွဲလေ့လာရန်)

| အလေးအမြတ်ပြုအပ်(အကြောင်း) | (၇) | | အလေးပြုတတ်(အကျိုး) |
|---|---|---|---|
| အရဟာမဂ်ကြဉ် ကု ၂၀၊စေ-၃၈ | ကု | ကု | မဟာကု-၈ |
| လောကီကု ၁၇ | ကု | အကု | လောဘစိတ်-၈ |
| အရဟာမဂ် | ကု | ဗျာ | မဟာကြိ-ဉာသံ-၈ |
| လောဘမူစိတ်-၈ | အကု | အကု | လောဘမူစိတ်-၈ |
| အရဟာဖိုလ်၊နိဗ္ဗာန် နိဗ္ဗာန် | ဗျာ | ဗျာ | မဟာကြိ-ဉာသံ-၈ ဖိုလ်စိတ်-၄ |
| အောက်ဖိုလ်-၃၊နိဗ္ဗာန် နိဗ္ဗာန် | ဗျာ | ကု | မဟာကု-ဉာသံ-၄ မဂ်စိတ်-၄ |
| နိပ္ဖန္နရုပ်-၁၈၊ ဒုကြဉ် လောကီ-ဝိပါက်-၃၁၊ ကြိယာ-၂၀ | ဗျာ | အကု | လောဘမူစိတ်-၈ |

## အချိန်နေရာပုဂ္ဂိုလ်နှင့်အဓိပတိသတ္တိ

အာရမ္မဏာဓိပတိသတ္တိ၌ ကာလ၊ဒေသ၊ပုဂ္ဂလတို့၏အစွမ်းဖြင့် တည်မြဲ ကား မရှိ။ ဘုရားရဟန္တာဟူသော အရိယာပုဂ္ဂိုလ်တို့အတွက် နိဗ္ဗာန်ဟူသော အာ အကြောင်းပစ္စည်း တရားသည် လောကုတ္တရာစိတ်ဟူသော အကျိုးပစ္စယုပ္ပန်အ

http://www.dhammadownload.com



ကေန်အလေးအမြတ်အာရုံပြု၏။ သို့သော် အချိန််နေရာအစွမ်းဖြင့်ကား သဟ်မှတ်၍ မရကောင်း။ ကြွင်းသော လောကီ၊ စိတ်စေတသိက်ရုပ်ဘရားတို့၌ အချို့ပုဂ္ဂိုလ်အား အာရုံအဓိပတိကျေးဇူးပြုသော်လည်း အချို့သောပုဂ္ဂိုလ်တို့အား ကျေးဇူးမပြုနိုင်။ မိမိကြိုက်နှစ်သက်လွန်းသော သာယာစွဲမက် ဖွယ်အာရုံသည် မိမိသာယာစွဲမက်သည့် အချိန်၌ ကျေးဇူးပြုနိုင်မည်ဖြစ်၏။

ထို့ကြောင့် ပုဂ္ဂိုလ်အားဖြင့် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့မှလွဲ၍ ကျန်ပုဂ္ဂိုလ်တို့အား ရံခါအာရုံအဓိပတိ ကျေးဇူးပြု၍ ရံခါကျေးဇူး မပြုပါ။ ဘုံအားဖြင့် ဣဋ္ဌာရုံရကောင်းသော အလေးအမြတ်အာရုံပြုနိုင်သော (၃၁)ဘုံတို့တွင် ကျေးဇူးပြုနိုင်၏။

လောဘစိတ်၊ မဟာကုသိုလ်စိတ် တို့ဖြင့် အာရုံပြုနိုင်သည့် ဣဋ္ဌာရုံတို့ ပေါ်ကြွယ်ပြည့်စုံသော လူ့ပြည်နတ်ပြည်တို့၌သာ မုချအားဖြင့် ကျေးဇူးပြုနိုင်၏။ သဟဇာတာဓိပတ္တိ၌ ကာလအားဖြင့် ပစ္စုပ္ပန်အဖြစ်ဖြင့် ကျေးဇူးပြု၏။ ဘုံအားဖြင့် အသညသတ်မှတစ်ပါး ဘုံ(၃၀)၊ ပုဂ္ဂိုလ်(၁၂)ယောက်တို့၌ ကျေးဇူးပြုနိုင်၏။

အဓိပတိစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

## အဓိပတိစွမ်းအင် (၁၀)မျိုး

အဓိပတိထိုက်သော အကြောင်းပစ္စည်းတရားတို့မှာ အာရုံ(၆)ပါးနှင့်၊ ဆန္ဒ, ဝီရိယ,စိတ်,ပညာဟူ၍ အဓိပတိစွမ်းအင်သတ္တိ (၁၀)မျိုးဖြစ်၏။

အာရုံ (၆)ပါးတို့က အဓိပတိစွမ်းအင်ဖြင့် ကျေးဇူးပြုသောအခါ အာရုံခံစိတ်, စေတသိက်တရားတို့က ထိုအာရုံတို့၏ လက်အောက်ခံအလိုကျ ဖြစ်ကြရ၏။ ဆန္ဒ,ဝီရိယ, စိတ်,ပညာအဓိပတိ (၄)ပါးတွင် တစ်ပါးပါးဖြင့် ကျေးဇူးပြုသောအခါ ကျန်တရားကိုယ် (၃)ပါးအပါအဝင် စိတ်နှင့်ရုပ်တို့သည် နောက်လိုက်ဖြစ်ကြရ၏။

## အောင်မြင်ပြီးမြောက်သူတို့၏နည်းစနစ်

အလေးအနက် စိတ်ညွှတ်အပ်သော အာရုံအဓိပတိသည် စိတ်စေတသိက်တို့အား ကြီးကဲစိုးမိုးနိုင်စွမ်း ရှိလေ၏။ အလေးအနက် ထက်သန်အပ်သော ဆန္ဒ,ဝီရိယ,စိတ်,ပညာတို့ ကလည်း တကွဖြစ်ဖက်စိတ်စေတသိက်တို့အား ကြီးကဲ စိုးမိုးနိုင်စွမ်း ရှိပေ၏။

အာရုံတစ်ခုကို အဓိပတိတပ်သူသည် ထိုအာရုံကို အရှုံးအမှုံးစွဲလမ်းလျက် မရမနေ အာရုံနောက်သို့ လိုက်ပါရလေ၏။ ကိစ္စတစ်ခု၊ လုပ်ငန်းတစ်ခုကို အောင်မြင်

http://www.dhammadownload.com



ပြီးမြောက်လိုသူသည် ဆန္ဒ၊ဝီရိယ၊စိတ်၊ပညာတရားတို့ဖြင့် ပြုလုပ်အားထုတ်ပါက အဓိပတိစွမ်းအင်ကြောင့် မုချအောင်မြင် ပြီးမြောက်ရ၏။

## အရှင်သခင်စိတ်နှင့် ကျွန်စိတ်များ

အာရုံအဓိပတိသတ္တိရှိသောအာရုံ (၆)ပါး ပစ္စည်းတရားတို့သည် မိမိသို့ အလေးအနက်အာရုံပြုအပ်သော စိတ်စေတသိက်စိတ္တဇရုပ်တို့အား အရှင်သခင် သဖွယ် ကျေးဇူးပြု၏။ အာရုံပြုသောစိတ်စေတသိက်တို့သည် ကျွန်သဖွယ်အလိုကျ လိုက်ပါဆောင်ရွက်ပေးကြရ၏။

ကုသဇာတ်၌ ဘုန်းတန်ခိုးနှင့် ပြည့်စုံသော ကုသဘုရင်၏စိတ်အစဉ်သည် ပပဝတီ၏ ချောမောလှပသောအဆင်းရူပါရုံကို အဓိပတိပစ္စည်းတပ်မိ၏။ ပပဝတီ၏ ရူပါရုံသည် အရှင်သခင်သဖွယ်ဖြစ်လျက် မင်းကုသ၏စိတ်သည် ကျွန်သဖွယ်သာ ဖြစ်ရရှာ၏။ ယူဇနာ တစ်ရာဝေးသောခရီးကိုပင် နေ့ချင်းပေါက် သွားနိုင်ခဲ့သည်။

ထို့အတူ ညီတော်နန္ဒမင်းသား၏ စိတ်အစဉ်သည်လည်း ဇနပဒကလျာဏီ၏ အဆင်းအာရုံ၊ အသံအာရုံတို့၌ အဓိပတိတပ်၏။ ရဟန်းပြုသော်လည်း ဇနပဒ ကလျာဏီ၏အာရုံက အရှင်သခင်သဖွယ် စိုးမိုးနှိပ်စက်မှုဒဏ်ကိုသာ ခံစားရ၍ တရားစိတ်မဝင်နိုင် ဖြစ်ရလေ၏။

လူသားစားပေါရိသာဒဘုရင်သည် လူသားဟူသောရသာရုံ၌ အဓိပတိတပ်မှု ကြောင့် တိုင်းပြည်ထီးနန်းကိုပင် စွန့်လွှတ်နိုင်ခဲ့၍ ရသာရုံအဓိပတိ၏ ကျေးကျွန် ဖြစ်ရရှာသည်။

ပဥ္စပါပီမိန်းကလေး၏ ဖောဋ္ဌဗ္ဗာရုံအဓိပတိစွမ်းအင်ကြောင့် တွေ့ထိမိသူတိုင်း သည် မခွဲခွာရက်အောင် စွဲမက်ကြရသည်။

ထို့ကြောင့် အာရုံ(၆)ပါး အဓိပတိစွမ်းအင်ရှိသော ပုဂ္ဂိုလ်များသည် အရှင်သခင်သဖွယ် စိုးမိုးနိုင်ကြ၍ အာရုံပြုသော စိတ်စေတသိက် စိတ္တဇရုပ်ပိုင်ရှင် ပုဂ္ဂိုလ်တို့မှာ သခင့်အလိုကျ လိုက်ပါဆောင်ရွက်ရသော ကျေးကျွန်သဖွယ်သာ ဖြစ်ကြရသည်။

## ခေါင်းဆောင်စွမ်းအင်နှင့်နောက်လိုက်များ

ဆန္ဒသည် အဓိပတိကိစ္စတပ်၍ ထက်သန်ပြင်းပြလာပါက မိမိနဲ့တကွ ဖြစ်ဖက် စိတ်၊စေတသိက်၊စိတ္တဇရုပ်တို့ကို ဦးဆောင်ဦးရွက်ပြု၍ အောင်မြင်မှု

http://www.dhammadownload.com



ပန်းတိုင်ဆီသို့ မဖြစ်မနေ အရောက်ပို့နိုင်စွမ်း ရှိသည်။ ဤသည်ကိုပင် '**ဆန္ဒဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ**' ဆန္ဒဦးစီးနေသူအဖို့ မည်သည့်ကိစ္စမဆို မလွဲမသွေ ပြီးနိုင်၏' ဟု မိန့်ဆိုတော်မူကြခြင်း ဖြစ်သည်။

ထိုနည်းတူစွာ ပြင်းထန်သောစိတ်, ထက်သန်သောဝီရိယ,ကြီးမြတ်သော ပညာရှိသူတို့သည်လည်း အဓိပတိစွမ်းအင်သတ္တိဖြင့် အမှုကိစ္စဟူသမျှကို ပြီးစီးအောင် မြင်အောင် စွမ်းဆောင်နိုင်လေ့ရှိကြမြဲ ဖြစ်ပါသည်။

## အာရုံအဓိပတိပစ္စည်း၏အကျိုးတရား

ယင်ညိုတို့သည် စတုမဓုအရသာကို ပယ်ရှား၍ တစီးတွင်၌သာ အလွန် လေးမြတ်ပျော်ပိုက်သကဲ့သို့ လောဘစိတ်အစဉ်သည် ကာမဂုဏ်အာရုံတို့၌သာ အလေးအမြတ်ပြုတတ်သည်။ ထိုလောဘကို ပယ်သတ်မှသာ အပါယ်ဒုက္ခစသည် ပြတ်နိုင်မည် ဖြစ်သည်။

ထို့အတူ ကာမကုသိုလ်အာရုံသည်လည်း အဆိပ်ရောသော ဘောဇဉ်ကို စုံမက်မှား၍ စားသုံးသူကဲ့သို့ အို,နာ,သေစသောဘေးကို ဖြစ်စေသော လောကီ ကုသိုလ်ကို အလေးအမြတ် ပြုတတ်ပြန်သည်။ ယင်းကုသိုလ်ကိုလည်း မတွယ်မတာ ပယ်ခွာဖြတ်မှ ခန္ဓာဝဋ်မှ လွတ်နိုင်သည်။ လောကုတ္တရာစိတ်သည်ကား နိဗ္ဗာန်ကို သာ အလေးအမြတ် ပြုတတ်သည်။ ထာဝရဘေးကင်းရာ နိဗ္ဗာန်ကို အလိုရှိသော သူတော်ကောင်းသည် လောကုတ္တရာ မဂ်စိတ်ဖိုလ်စိတ်ကို ရအောင်သာ လွန်စွာ အားထုတ်ရမည် ဖြစ်ပါသည်။

## သဟဇာတာဓိပတိပစ္စည်း၏အကျိုးတရား

တဏှာနှင့်စပ်သောအမှု, ဝဋ္ဋာအာရုံတို့၌ အလွန်အလိုရှိသော ဆန္ဒ၊ အားကြီးစွာ ညွတ်သော စိတ်၊ လွန်စွာအားထုတ်သော ဝီရိယတို့ဖြင့် တိုက်တွန်း နှိုးဆော်သောကြောင့် လောဘ၊ဒေါသအကုသိုလ်ကိလေသာတို့ နှိပ်စက်ခံရ၍ ဒုစရိုက်မှုများကို ပြုမှားမိကြသည်။

အပါယ်ဝဋ်ဒုက္ခ၌ နစ်မွန်းမျောပါး၍ သံသရာခါးပန်း မသတ်နိုင် ဖြစ်ကြ ရသည်။

http://www.dhammadownload.com



ထိုသို့ ယုတ်မာသောအာရုံ၌ဖုံမက်သော ဆန္ဒစသည်ကို အသုဘသညာ၊ မရဏာနုဿတိကမ္မဋ္ဌာန်းစသည်တို့ဖြင့် နှိပ်ကွပ်ဆုံးမ၍ ကာယဒုစရိုက်မှုစသည်မှ ရှောင်ကြဉ်ကြရမည်။ ကောင်းမြတ်သောအကျင့်အာရုံ၌ လွန်စွာလိုလားခြင်း တည်းဟူသော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာတို့ကို လွန်စွာအားထုတ်၍ ကုသိုလ်တရားတို့ကို အားထုတ်ကျင့်ဆောင်မှသာ အပါယ်ဘေးမှ ကင်းလွန်နိုင်မည် ဖြစ်ပါသည်။

**အဓိပတိပစ္စယော-ဘုရားရှိခိုး**

စကြာဘုန်းငှ၊ များဖိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့၊ မိမိဆိုင်ရာ၊ နာမ်ခန္ဓာဝယ်၊ ကောင်းစွာစိုးဘိ၊ သတ္တိရှိသော၊ အဓိပတိလေးပါး၊ သဟဇာတပစ္စည်း တရားနှင့်၊ ခြောက်ပါး အာရုံ၊ အဖုံဖုံသော အာရမ္မဏာဓိပတိပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည် တကား။

အဓိပတိပစ္စယောပြီး၏။

http://www.dhammadownload.com



## ၃။ အနန္တရပစ္စယော။
(အကြားမရှိမှုသတ္တိဖြင့် ကျေးဇူးပြုခြင်း။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ၊
(ခ) မနောဓာတုယာ တံ သမ္ပယုတ္တကာနဥ္စဓမ္မာနံ၊(ဂ)။
၂။ (က) မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ၊
(ခ)မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စဓမ္မာနံ၊(ဂ)။
(သောတဝိညာဏ၊ ဃာနဝိညာဏ၊ဇိဝှါဝိညာဏ၊ကာယဝိညာဏ-ပါဠိ၂-ခုစီ တူ)
၃။ (က)ပုရိမာပုရိမာကုသလာဓမ္မာ၊ (ခ)ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံဓမ္မာနံ၊(ဂ)
(က)ပုရိမာပုရိမာကုသလာဓမ္မာ၊(ခ)ပစ္ဆိမာနံပစ္ဆိမာနံအဗျာကတာနံ ဓမ္မာနံ၊(ဂ)
(အကုသလာ+အကုသလာနံ၊ အကုသလာ+အဗျာကတာနံ)
(အဗျာကတာ+ အဗျာကတာနံ၊ အဗျာကတာ+ကုသလာနံ၊ အဗျာကတာ+
အကုသလာနံ)
၄။ (က)ယေသံယေသံဓမ္မာနံ အနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ၊စိတ္တစေတသိကာ ဓမ္မာတေ တေဓမ္မာ၊(ခ)တေသံတေသံဓမ္မာနံ (ဂ) အနန္တရ ပစ္စယေနပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။(က) စက္ခုဝိညာဏဓာတု၊မြင်သိစိတ် စက္ခုဝိညာဏဓာတ် သည်လည်းကောင်း။တံသမ္ပယုတ္တကာစဓမ္မာ၊ ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်သော ဖဿ,ဝေဒနာ,သညာ, စေတနာ,ဧကဂ္ဂတာ,ဇီဝိတိန္ဒြေ,မနသိကာရဟူသော စေတသိက် ၇-ပါး ပစ္စည်းတရား တို့သည်လည်းကောင်း။ (ခ)မနောဓာတုယာ၊ သမ္ပဋိစ္ဆိုင်းဟုဆိုအပ်သော မနောဓာတ်အား လည်းကောင်း၊ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ၊ ထိုမနောဓာတ်နှင့်ယှဉ်သော စေတသိက်ပစ္စယုပ္ပန် တရားတို့အားလည်းကောင်း၊(ဂ)။

၂။(က)မနောဓာတုစ၊ သမ္ပဋိစ္ဆိုင်းဟုဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာစဓမ္မာ၊ ထိုမနောဓာတ်နှင့်ယှဉ်သော စေတသိက်ပစ္စည်းတရားတို့သည် လည်းကောင်း။ (ခ)မနောဝိညာဏဓာတုယာစ၊ သန္တီရဏဟုဆိုအပ်သောမနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပ ယုတ္တကာ

http://www.dhammadownload.com



နဥ္စမမွာနံ၊ ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်သော စေတသိက် ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း။ (ဂ)။

၃။ (က) ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်ဖြစ်သော ပစ္စည်းတရားတို့သည်။ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်ဇောပစ္စယုပ္ပန်တရားတို့အား။ (ဂ)။

(က)ပုရိမာပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်ဖြစ်သော ပစ္စည်းတရားတို့သည်။ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတပစ္စယုပ္ပန်တရားတို့အား။ (ဂ)။

၄။(က) ယေသံယေသံ၊ အကြင်အကြင်ရှေးရှေး၌ဖြစ်ကုန်သော။ ဓမ္မာနံ၊စိတ်စေတသိက်တရားတို့၏။ အနန္တရာ၊ အခြားမဲ့၌ဖြစ်ကုန်သော။ ယေယေဓမ္မာ၊ အကြင်အကြင် နောက်နောက်၌ဖြစ်ကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။တေတေဓမ္မာ၊ ထိုထိုရှေးရှေး၌ဖြစ်ကုန်သော ရဟန္တာတို့၏စုတိကြဉ် စိတ်စေတသိက် ပစ္စည်းတရားတို့သည်။ (ခ)တေသံတေသံ ဓမ္မာနံ၊ ထိုထိုနောက်နောက်၌ဖြစ်ကုန်သော ရဟန္တာတို့၏စုတိနှင့်တကွ စိတ်စေတသိက်ပစ္စယုပ္ပန်တရားတို့အား။ (ဂ)အနန္တရပစ္စယေန ပစ္စယော၊ အနန္တရသတ္တိဖြင့်ကျေးဇူးပြု၏။

---

## အနန္တရသတ္တိသရုပ်အဓိပ္ပါယ်များ

### အနန္တရနှင့်ပစ္စယ

အနန္တရဟူသည် (န+အန္တရ)အကြားမရှိ၊ အကြားမဲ့ဟု အဓိပ္ပါယ်ရ၏။ ရှေးရှေးစိတ်, စေတသိက်တရားတို့သည် ချုပ်ပျောက်သွားသော်လည်း အကြောင်းမဲ့ အရှိန်အဟုန်ကင်းစွာ ပျောက်ပျက်သွားခြင်းမျိုး မဟုတ်။ နောက်နောက်စိတ်များ တစ်ဆက်တည်း အကြားမလပ်ဘဲ ဖြစ်ပေါ်လာနိုင်ဖို့ရန် အကြောင်းတရားအဖြစ် ကျေးဇူးပြုပြီးလျှက် ချုပ်ပျောက်သွားခြင်းမျိုး ဖြစ်သည်။

ဤကဲ့သို့ နောက်နောက်သော စိတ်,စေတသိက်များ အစဉ်မပြတ် ဆက်၍ဆက်၍ ဖြစ်လာအောင် ရှေးရှေးစိတ်စေတသိက်တို့က အကြားအလပ်မရှိ ကျေးဇူးပြုနေခြင်း သဘော ကို အနန္တရပစ္စယော-'အကြားမဲ့ကျေးဇူးပြုခြင်း'ဟု ဆိုပါသည်။

http://www.dhammadownload.com



### အနန္တရဥပမာ

စကြာဝတေးမင်းကြီးသည် မိမိနတ်ရွာစံသည်ရှိသော် သားကြီးအား ထီးနန်းအစဉ် အဆက်ကို လွှဲအပ်လျက်ကျေးဇူးပြုသကဲ့သို့ ဖြစ်ပါသည်။

လင်္ကာ။ စကြာမင်းဖျား၊ နတ်ရွာလားသော်၊ သားကြီးစစ်စစ်၊ ကေရာဇ်၊ မင်းဖြစ်အနန္တရာ။

### အနန္တရသတ္တိအုပ်စု

အနန္တပစ္စည်းနှင့် ပစ္စည်း+ပစ္စယုပ္ပန်ကျေးဇူးပြုဟန် သဘောသတ္တိတူသော ပစ္စည်းများမှာ သမနန္တရ၊ အနန္တရဥပနိဿယ၊ အာသေဝန၊ အနန္တရကမ္မ၊ နတ္ထိ၊ ဝိဂတတို့ ဖြစ်၏။ ထို့ကြောင့် ထိုသတ္တိ(၇)မျိုးကို အနန္တရမျိုးနွယ်စုဟု ခေါ်ကြသည်။

### အနန္တရသတ္တိကျေးဇူးပြုပုံ

| အကြောင်းရှေးရှေးစိတ် | အကျိုးနောက်နောက်စိတ် |
|---|---|
| (ရဟန္တာတို့စုတိကြဉ်) | (ရဟန္တာတို့စုတိနှင့်တကွ) |
| ရှေး၂သော စိတ် ၈၉၊စေ၅၂ | နောက်၂ စိတ်-၈၉၊စေ-၅၂ |

### ရှေးရှေးစိတ်မှ နောက်စိတ်သို့ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| စက္ခုဝိညာဏ်ဒွေ | သမ္ပဋိစ္ဆိုင်းဒွေ(မနောဓာတ်) |
| သဗ္ဗစိတ္တ စေ-၇-ပါး | (ဆန္ဒ၊ပီ၊ဝီရိယကြဉ်)အညစေ-၁၀ |
| သမ္ပဋိစ္ဆိုင်းဒွေ | သန္တီရဏ -၃-ပါး |
| (ဆန္ဒ၊ပီ၊ဝီရိယကြဉ်)အညစေ-၁၀ | (ဆန္ဒ၊ပီ၊ဝီရိယကြဉ်)အညစေ-၁၀ |

http://www.dhammadownload.com



## ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

(ရဟန္တာတို့၏စုတိစိတ်ကြဉ်) ရှေးရှေး၌ဖြစ်သော စိတ်(၈၉)၊ စေတသိက် (၅၂)ဟူသောနာမ်ခန္ဓာလေးပါးအကြောင်းပစ္စည်းတရားသည် (ရဟန္တာတို့စုတိနှင့် တကွ) နောက်နောက်၌ဖြစ်သော အလုံးစုံသော စိတ်(၈၉)၊ စေတသိက် (၅၂) အကျိုးပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ရှေးစိတ်လည်းမည်၊နောက်စိတ်မည်

စိတ်သည် ကောင်းစိတ်၊ဆိုးစိတ်၊ အကြောင်းစိတ်၊အကျိုးစိတ်စသည်အားဖြင့် (၈၉)ပါး ရှိ၏။ ထို့တွင်'ပုရိမာ ပုရိမာ'စသည်ဖြင့်ဟောသော ရှေးရှေး၌ဖြစ်သော စိတ်တို့က (၈၉)ပါးရှိ၍၊ 'ပစ္ဆိမာ ပစ္ဆိမာ'စသည်ဖြင့်ဟောသော နောက်နောက်၌ဖြစ် သောစိတ်လည်း (၈၉)ပါးပင်ဖြစ်၏။

ဘဝတစ်ခု၌ ဘဝဟောင်းမှစိတ်ဟောင်းများနှင့် ဘဝသစ်၌ ဖြစ်မည့်စိတ် သစ်များကို စပ်ဆက်ပေးတတ်သော 'ပဋိသန္ဓေ'သည် အဦးဆုံးဖြစ်၏။ ထို ပဋိသန္ဓေစိတ် နောင်ဘဝပြတ် မသွားအောင် ဘဝ၏အင်္ဂါအစိတ်အပိုင်းဖြစ်သော ဘဝင်စိတ်များ ဖြစ်၏။ ဘဝင်စိတ်နောင် ဘဝတစ်ခုပျက်ဆုံးခြင်းဖြစ်သော စုတိစိတ် တို့ဖြစ်၏။ထိုဘဝဟောင်း၏စုတိနောင်၌ ဘဝသစ်အတွက် ပဋိသန္ဓေစိတ်သည် တစ်ဖန် ဖြစ်ရပြန်လေ၏။

ဘဝတစ်ခု၌ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့အကြားတွင် ဘဝင်စိတ်နောင် ဝီထိစိတ်ခေါ် 'စိတ်အစဉ်အတန်း'အမျိုးမျိုးတို့သည် စိတ္တနိယာမအားဖြင့် ဖြစ်၍ ပျက်လျက် ရှိကြ၏။

ထိုပဋိသန္ဓေ၊ဘဝင်၊စုတိစိတ်တို့နှင့် ဝီထိစိတ်တို့သည် တစ်ဘဝပြီး နောက် ဘဝအားဖြင့် စက်ဝိုင်းသဏ္ဌာန်လည်ပတ် ဖြစ်ပျက်ကြရာတွင် မည်သည့်စိတ်က ရှေးရှေးစိတ်မည်၍ မည်သည့်စိတ်က နောက်နောက်စိတ် မည်နိုင်ပါသနည်း။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ စုတိစိတ်မှလွဲ၍ စိတ်(၈၉)ပါးလုံးသည်ပင် ရှေးစိတ်လည်းမည်၍ နောက်စိတ်လည်း မည်သည်သာ။

http://www.dhammadownload.com


## ရဟန္တာတို့၏စုတိသဘော

မြတ်စွာဘုရားနှင့် ရဟန္တာပုဂ္ဂိုလ်တို့အား ဘဝသစ်ကို ဖြစ်စေတက်သော အဝိဇ္ဇာနှင့် တဏှာစာတ်တို့ ပြတ်ပြီးဖြစ်၍ တစ်ဖန် မွေးရှင်သေမရှိ။ ယခုဘဝသည် 'ပစ္ဆိမဘဝိက' ခေါ်နောက်ဆုံးဖြစ်၏။ ထို့ကြောင့် ဘုရားရဟန္တာတို့၏စုတိစိတ်နောင် ပဋိသန္ဓေစိတ် မဖြစ်တော့၍ထိုစုတိစိတ်သည်ရှေးရှေးစိတ်သာမည်၍ နောက်နောက် စိတ် မမည်နိုင်ပါ။

## အာရုံသိစိတ်နှင့် မသိစိတ်

သတ္တဝါတို့၏သန္တာန်၌ ဖြစ်ပေါ်နေသောစိတ်သည် အာရုံကို သိစိတ်နှင့် အာရုံကို မသိစိတ်ဟု နှစ်မျိုး ကွဲပြား၏။ သိစိတ်ကို 'ဝီထိစိတ်'ဟု ခေါ်၍ မသိစိတ်ကို 'ဘဝင်စိတ်'ဟု ခေါ်၏။ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့အကြား၌ ထိုဘဝင်စိတ်နှင့် ဝီထိစိတ်တို့သည် တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်နေကြရ၏။

ထိုစိတ်တို့သည် ဘဝတစ်ခုအတွင်း၌ 'နဒီသောတောဝိယ' မြစ်ရေအလျဉ် ကဲ့သို့လည်းကောင်း၊ 'ဒီပဇာလံဝိယ'ဆီမီးလျှံကဲ့သို့လည်းကောင်း အနန္တရသတ္တိဖြင့် အစဉ်မပြတ် ဆက်၍ဆက်၍သာ ဖြစ်ပျက်ကြကုန်သည်။

## စိတ်ဖြစ်စဉ်အားလုံးကို ရေတွက်ပုံ

ဘဝဟောင်းမှစုတိစိတ်နောင် ဘဝသစ်၏ပဋိသန္ဓေစိတ်၊ ထို့နောင်ဘဝင်စိတ် တို့သည် ဖြစ်တူချုပ်တူကြ၏။ အရေအတွက်အားဖြင့်လည်း (၁၉)ပါး အတူတူပင် ဖြစ်၏။ ထိုဘဝင်စိတ်တို့နောင် ပေါ်လာသောအာရုံငါးမျိုးကို ဆင်ခြင်သော 'အာဝဇ္ဇန်းစိတ်'(၁)ပါးဖြစ်၏။ ထို့နောင်အာရုံငါးမျိုးကိုသိသော 'ဒွေပဉ္စဝိညာဏ်စိတ်' (၁၀)၊ ထို့နောင် အာရုံကိုစုံစမ်းသော'သမ္ပဋိစ္ဆိုင်းစိတ်'(၂)ပါး၊ ထို့နောင် အာရုံကို လက်ခံသော'သန္တီရဏစိတ်'(၃)ပါး၊ ထို့နောင် အာရုံကိုအဆုံးအဖြတ်ပေးသော 'ဝုဋ္ဌောစိတ်'(မနောဒွါရာဝဇ္ဇန်း)(၁)ပါး၊ ထို့နောင် အာရုံကို အမိအရခံစားသော 'ဇောစိတ်'(၇-ကြိမ်)၊ (၅၅)ပါးတို့ ဖြစ်၏။

အဆုံး၌ အာရုံကိုအဆုံးသတ်ပေးသော 'တဒါရုံစိတ်'(၁၁)ပါး ဖြစ်၏။ ထို့နောင် မူလဘဝင် စိတ်တို့သည် ဖြစ်မြဲပြန်ဖြစ်၏။ထိုစိတ်အားလုံးကို သဘောတူရာ ပေါင်း၍ ရေတွက်သော် ဝီထိစိတ်နှင့်ဘဝင်စိတ်တို့(၈၉)ပါးအရေအတွက်ပင် ဖြစ်၏။

http://www.dhammadownload.com



### ညှော်သည့်စိတ်နှင့်အိမ်ရှင်စိတ်

စိတ်တို့သည် အစဉ်အတန်းသဘောဖြင့် ဖြစ်သော 'ဝီထိစိတ်' နှင့် ဘဝ၏အင်္ဂါအစိတ် အပိုင်းသဘောဖြင့်ဖြစ်နေသော 'ဘဝင်စိတ်' ဟု နှစ်မျိုးသာ ရှိ၏။ ထိုတွင် ဘဝင်စိတ်တို့၏ သဘောသည် ညစ်ကြေးမတင် ဖြူစင်တောက်ပ၏။ ပြိုးပြိုးပျက်ပျက် အရောင်တလက်လက် ထွက်၏။ မလှုပ်မယှက် တည်ကြည်ငြိမ် သက်သောသဘောရှိ၏။

ဝီထိစိတ်တို့၏သဘောသည် အာရုံတို့နှင့်ဒွါရများ ထိခိုက်ပေါင်းဆုံရသဖြင့် ကိလေသာအညစ်ကြေးတို့ ငြိတွယ်လာမှုကြောင့် အရောင်အမျိုးမျိုးဖြင့် ဆေးဆိုးထားသကဲ့သို့ ဖြစ်၏။ တည်ငြိမ်မှုမရှိဘဲ တုန်လှုပ်သောသဘောလည်း ရှိ၏။ ထို့ကြောင့် မူလဘဝင်စိတ် တို့ကို အိမ်ရှင်စိတ်ဟုခေါ်ဆိုရ၍ အာရုံဒွါရတို့ ကြောင့် ဖြစ်ပေါ်ရောက်ရှိလာသော ဝီထိစိတ် တို့ကို ညှော်သည့်စိတ်ဟု ခေါ်ဆိုရ၏။

### အကြောင်း(၄)မျိုး ပေါင်းဆုံမှုကြောင့် မြင်သိစိတ်-စက္ခုဝိညာဏဝီထိ ဖြစ်ပုံ

| | |
|---|---|
| အဆင်း-ရူပါရုံ | မျက်လုံး- စက္ခုပသာဒ |
| အလင်း-အာလောက | နှလုံးသွင်း- မနသိကာရ |

**လင်္ကာ**။ စက္ခာ,လောက၊ ရူပထင်ပြီ၊ မနသိ၊ လေးလီစက္ခုဖြစ်။

### မြင်စရာအာရုံတစ်ခုကို မြင်သောအခါ 'စိတ္တနိယာမ' စိတ်အစဉ်အတန်းဖြစ်ပုံ

မြင်စရာအဆင်း ရူပါရုံကို စက္ခုပသာဒခေါ် မျက်လုံးဖြင့် မြင်တွေ့ရသော အခါ၌အာရုံသိစိတ်ခေါ် ဝီထိစိတ်များမဖြစ်ခင် မူလဘဝင်စိတ်များ အစဉ်မပြတ် ဖြစ်နေကြရာထိုဘဝင်တို့တွင် အာရုံသိစိတ်နှင့် အနီးဆုံးသော ဘဝင်စိတ်သည် ဖြစ်၍ ချုပ်သွားသည်။

http://www.dhammadownload.com



၁။ ထိုဘဝင်ကို 'အတီတဘဝင်'(လွန်ဘဝင်)စိတ်ဟု ခေါ်၏။ ထို့နောက် ဒုတိယ အနီးဆုံးသော ဘဝင်စိတ်သည် ဖြစ်၍ လှုပ်လျက် ချုပ်ပြန်၏။

၂။ ထိုဘဝင်ကို 'ဘဝင်္ဂစလန'(လှုပ်ဘဝင်)စိတ်ဟု ခေါ်၏။ ထို့နောက် တတိယ အနီးဆုံးဘဝင်စိတ်သည် ဘဝင်အစဉ်ကို ဖြတ်တောက်ပစ်လျက် ဖြစ်၍ ချုပ်ပြန်၏။

၃။ ထိုဘဝင်ကိုကား 'ဘဝင်္ဂုပစ္ဆေဒ'(ပြတ်ဘဝင်)စိတ်ဟု ခေါ်ရသည်။ ထိုသို့ ဘဝင်သုံးကြိမ်တိုင် ဖြစ်ပြီးချိန်၌ ဝီထိစိတ်ခေါ် သိစိတ်များ စ၍ဖြစ်လာသည်။

၄။ ဝီထိစိတ်တို့တွင် ပထမဆုံးသိစိတ်မှာ မြင်စရာအာရုံတစ်ခုကို မြင်ရသဖြင့် 'ဘာပါလိမ့်'ဟု အာရုံကိုဆင်ခြင်စိတ် ဖြစ်၏။ ထိုစိတ်ကို '**အာဝဇ္ဇန်း**' စိတ် ဟုခေါ်သည်။

၅။ ထို့နောက် ဆင်ခြင်ပြီး၍ အာရုံပီပြင်ထင်ရှားလာသဖြင့် မြင်စရာ အာရုံကိုသိသော မြင်သိစိတ် ဖြစ်၏။ ထိုစိတ်ကို '**စက္ခုဝိညာဏ်**'စိတ်ဟု ခေါ်သည်။

၆။ ထိုစိတ်ချုပ်သွားသောအခါ အာရုံကိုလက်ခံသော '**သမ္ပဋိစ္ဆိုင်း**'စိတ် ဖြစ်၏။

၇။ ထိုစိတ်ချုပ်သောအခါ အာရုံကိုစုံစမ်းသော '**သန္တီရဏ**'စိတ် ဖြစ်၏။

၈။ ထိုစိတ်ချုပ်ပြန်သောအခါ အာရုံဆုံးဖြတ်လိုက်သော '**ဝုဋ္ဌော**'စိတ်ဖြစ်၏။

၉။ ထိုစိတ်ချုပ်ပြန်သော် အာရုံကိုအပြည့်အဝ သုံးဆောင်ခံစားသော '**ဇော**'စိတ် (၇)ကြိမ်တိတိ အရှိန်အဟုန်ပြင်းစွာ ဖြစ်၍ချုပ်၏။

၁၀။ ထိုအခါတွင် အာရုံကို မြင်သိစိတ် ဖြစ်စဉ်တစ်ခု၏ အဆုံးသတ်အဖြစ် အာရုံကို မှတ်တမ်းတင်သော 'တဒါရုံ'စိတ်သည် ဇောအားလျော်စွာ (၂)ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောက် မူလဖြစ်နေကျ ဘဝင်စိတ်များသည် ဝီထိစိတ်အသစ်တစ်ခု ထပ်၍ မဖြစ်မချင်း ဖြစ်မြဲဖြစ်နေတော့၏။ ဤကား မြင်စရာအာရုံ(ရူပါရုံ)တစ်ခုကို မြင်သောအခါ မြင်သိစိတ်ဖြစ်စဉ် (စက္ခုဝိညာဏဝီထိခေါ်) 'စိတ္တနိယာမ' အစဉ်အတန်း ဖြစ်သည်။ (အခြား ကြားသိစိတ်၊ စားသိစိတ်၊ နံသိစိတ်၊ ထိသိစိတ်စသည်များကိုလည်း ဤသဘောဖြင့် သိပါလေ။)

http://www.dhammadownload.com



## မြင်သိစိတ်အစဉ်အတန်းဖြစ်ပုံဇယား

| ဘဝင်စိတ် ၃- | | | ဝီထိစိတ်များ ၁၄ | | | | | | | ဘဝင်စိတ်များ |
|---|---|---|---|---|---|---|---|---|---|---|
| အတီတ | စလန | ဥပစ္ဆေဒ | အာဝဇ္ဇန်း | ဝိညာဏ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော-၇ | တဒါရုံ ၂ | ဘဝင် |
| လွန်ဘဝင်, | လှုပ်ဘဝင် | ပြတ်ဘဝင် | အာရုံတို့ဆင်ခြင်စိတ် | အာရုံကိုသိစိတ် | အာရုံကိုယက်ခံစိတ် | အာရုံကိုစုံစမ်းစိတ် | အာရုံကိုဆုံးဖြတ်စိတ် | အာရုံကိုခံစားစိတ် | အာရုံကိုမှတ်ထမ်းထင်စိတ် | စိတ်များ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀ ၀ ၀ | ၀၀၀ | |

## စိတ်သက်နှင့်ရုပ်သက် တွက်ပုံ

“တိ ၁၁၁, နှ ၁၁, ဒ ၁၁၁, အာ ၁၁၁, စ ၁၁၁, သံ ၁၁၁, တိ ၁၁၁, ဝု ၁၁, ဇဇဇဇဇဇဇ ၂, ဒါဒါ ၁၁၁ ၁၁၁”

ထိုမြင်သိစိတ်ဖြစ်စဉ်တစ်ခုတွင် ဘဝင် (၃)ကြိမ်မှစ၍ တဒါရုံ (၂)ကြိမ်အထိ အားလုံးပေါင်းသော် (၁၇)ချက် ရှိ၏။ ထို (၁၇)ချက်ကို စိတ်ခဏ (၁၇)ချက်ဟု ခေါ်၏။ စိတ်ခဏတစ်ချက်စီတွင် ခဏငယ်ပေါင်း (၃)ခုစီ ပါဝင်သည်။ ထိုခဏငယ်သုံးခုမှာ-

၁။ ဥပါဒ်- စ၍ဖြစ်ခြင်း။
၂။ ဌီ- တည်တံ့ခြင်း။
၃။ ဘင်- ပျက်သုဉ်းသွားခြင်း တို့ဖြစ်၏။

ထို ‘ဖြစ်၊တည်၊ပျက်’ ခဏငယ် သုံးချက်ကိုပင် စိတ်၏အသက်ဟု ခေါ်၏။ ထိုစိတ်သက် ခဏကြီးပေါင်း (၁၇)ချက်ကို ခဏငယ် သုံးချက်နှင့် မြှောက်ပွားသော် (၃×၁၇) ခဏငယ်ပေါင်း (၅၁)ချက် ဖြစ်၏။ ထို (၅၁)ချက်(ခဏကြီး ၁၇-ချက်)ကိုကား ရုပ်တို့၏အသက်ဟု တွက်ချက်ခေါ်ဆိုရသည်။

### အကြောင်းစိတ်နှင့်အကျိုးစိတ်တို့ဆက်သွယ်ပုံ

ဘဝတစ်ခု၌ ဖြစ်လေ့ရှိသောစိတ်တို့သည် အနန္တရသတ္တိဖြင့် ကြည့်ပါက အကြောင်း ဖြစ်သော ရှေးရှေးစိတ်နှင့် အကျိုးဖြစ်သော နောက်စိတ်ဟူ၍သာ တွေ့ရပေမည်။

http://www.dhammadownload.com



“တိ$_{၁၁၁}$, နှ$_{၁၁၁}$, ဒ$_{၁၁၁}$, အာ$_{၁၁၁}$, စ$_{၁၁၁}$, သံ$_{၁၁၁}$, တိ$_{၁၁၁}$, ဝ$_{၁၁၁}$, ဇဇဇဇဇဇဇ$_{၂}$ ဒါဒါ$_{၁၁၁ ၁၁၁}$”

| အကြောင်းရှေးစိတ် | အကျိုးနောက်စိတ် |
|---|---|
| ပဋိသန္ဓေစိတ်(၁၉) | ဘဝင်စိတ်များ(၁၉) |
| ဘဝင်စိတ်(၁၉) | အာဝဇ္ဇန်း(၁) |
| အာဝဇ္ဇန်း(၁) | မြင်သိစိတ်စသည်(၁၀) |
| မြင်သိစိတ်စသည်(၁၀) | စုံစမ်းစိတ်(၃) |
| စုံစမ်းစိတ်(၂) | လက်ခံစိတ်(၃) |
| လက်ခံစိတ်(၃) | ဆုံးဖြတ်စိတ်(၁) |
| ဆုံးဖြတ်စိတ်(၁) | ခံစားစိတ်(၅၅) |
| ခံစားစိတ်(၅၅) | အဆုံးသတ်စိတ်(၁၁) |
| အဆုံးသတ်စိတ်(၁၁) | ဘဝင်စိတ်(၁၉) |
| ဘဝင်စိတ်(၁၉) | စုတိစိတ်(၁၉) |
| စုတိစိတ်(၁၉) | ပဋိသန္ဓေစိတ်(၁၉) |

ထိုစိတ်အားလုံးကို သဘောတူရာပေါင်းသော် စိတ် (၈၉)ပါး ပင်ဖြစ်၏။

ဤကဲ့သို့ ရဟန္တာတို့၏စုတိစိတ်မှတစ်ပါး ကျန်စိတ် ၈၉-ပါးတို့သည် အနန္တရသတ္တိ ဖြင့် တရံမလပ်လည်ပတ်လျက် ဖြစ်ပျက်နေကြ၏။ ထိုစိတ်တို့တွင် စွမ်းအင်သတ္တိအထက် သန်ဆုံးစိတ်တို့မှာ အရေအတွက်(၅၅)ပါး အကြိမ်(၇) ကြိမ်အားဖြင့် အများဆုံးဖြစ်သော အာရုံကိုခံစား ဇောစိတ်များဖြစ်၏။

ထိုဇောတို့သည် ပုဂ္ဂိုလ်သန္တာန်၊ နှလုံးသွင်းအပေါ်မူတည်၍ အကုသိုလ်ဇော၊ ကုသိုလ်ဇော၊ ကြိယာဗျာကတဇောဟု သုံးမျိုး ဖြစ်၏။

ဘုရားရဟန္တာတို့သန္တာန်၌ ကြိယာဇောဖြစ်၍၊ ပုထုဇဉ်၊သေက္ခပုဂ္ဂိုလ်တို့ သန္တာန်၌ ကုသိုလ်ဇော၊အကုသိုလ်ဇောတို့ ဖြစ်သည်။

ယောနိသောမနသိကာရဖြင့် နှလုံးသွင်းကောင်းရှိသူအား ကုသိုလ်ဇောစော၍၊ အယောနိသော မနသိကာရဖြင့် နှလုံးသွင်းဆိုးရှိသူအား အကုသိုလ်ဇောများ စောလေ့ရှိပါသည်။

http://www.dhammadownload.com



## ရှေးစိတ်က နောက်စိတ်အား ကျေးဇူးပြုပုံများ

### ၁။ ကုသိုလ်ဇောစိတ်သည် ကုသိုလ်ဇောစိတ်အား

ပုရိမာ ၂ ကုသလာ ခန္ဓာ၊ ပစ္ဆိမာနံ ၂ ကုသလာနံ ခန္ဓာနံ။

ရှေးရှေး၌ဖြစ်ပြီးသော ကုသိုလ်တရားတို့သည် နောက်နောက်ဖြစ်လတ္တံ့သော ကုသိုလ်တရားတို့အား အကြားအလပ်မရှိအောင် ကျေးဇူးပြုသည်။

**ကုသလောဓမ္မော ကုသလဿဓမ္မဿ**

| | |
|---|---|
| အဆုံးဇောကြဉ် ရှေးရှေးသော လောကီ,ကု-၁၇ (ဝေါတြဘု) | ပ,ဇောကြဉ် နောက်နောက်သော ကု -၂၁ (မဂ္ဂဿ) |

### ၂။ ကုသိုလ်စိတ်က အဗျာကတစိတ်အား

ရှေးရှေး၌ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည် နောက်နောက်ဖြစ်လတ္တံ့သော အဗျာကတတရားတို့အား အကြားအလပ်မရှိအောင် ကျေးဇူးပြုသည်။

**ကုသလောဓမ္မော အဗျာကတဿဓမ္မဿ**

| | |
|---|---|
| ကီ,ကုအဆုံးဇော မဂ် ၄-(မဂ္ဂေါ) | တဒါရုံ ၁၁၊ ဂုတ်ဝိ ၉၊ ဖိုလ် ၄ (ဖလဿ) |

### ၃။ အကုသိုလ်စိတ်က အကုသိုလ်စိတ်အား

ရှေးရှေး၌ ဖြစ်ပြီးသောအကုသိုလ်စိတ်တို့သည် နောက်နောက်ဖြစ်လတ္တံ့သော အကုသိုလ်စိတ်တို့အား အကြားအလပ်မရှိအောင် ကျေးဇူးပြုသည်။

**အကုသလောဓမ္မော အကုသလဿဓမ္မဿ**

| | |
|---|---|
| အဆုံးဇောကြဉ် ရှေးရှေးသော အကု ၁၂ (ပုရိမာ အကု×ခန္ဓာ) | ပဇောကြဉ် နောက်နောက်သော အကု ၁၂ (ပစ္ဆိမာနံ အကု×ခန္ဓာနံ) |

### ၄။ အကုသိုလ်စိတ်က အဗျာကတစိတ်အား

ရှေးရှေး၌ ဖြစ်ပြီးသော အကုသိုလ်စိတ်တို့သည် နောက်နောက်ဖြစ်လတ္တံ့ အဗျာကတ စိတ်တို့အား အကြားအလပ်မရှိအောင် ကျေးဇူးပြုသည်။

http://www.dhammadownload.com



**အကုသလောဓမ္မော အဗျာကတဿဓမ္မဿ**

| | |
|---|---|
| အကု ၁၂,အဆုံးဇော | ရုံ ၁၁,ဂ္ဂုဏ်ဝိ ၉ |

### ၅။ အဗျာကတစိတ်က အဗျာကတစိတ်အား

ရှေးရှေး၌ဖြစ်ပြီးသောအဗျာကတတရားတို့သည် နောက်နောက်ဖြစ်လတ္တံ့သော အဗျာကတတရားတို့အား အကြားအလပ်မရှိအောင် ကျေးဇူးပြုသည်။

**အဗျာကတောဓမ္မောအဗျာကတဿဓမ္မဿ**

| | |
|---|---|
| ရဟန္တာတို့စုတိကြဉ်ရှေးရှေးသော ဝိ ၃၆၊ ကြိ ၂၀ | ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိ ၃၆၊ ကြိ ၂၀ |

### ၆။ အဗျာကတစိတ်က ကုသိုလ်စိတ်အား

ရှေးရှေး၌ ဖြစ်ပြီးသော အဗျာကတခန္ဓာတို့သည် နောက်နောက်ဖြစ်လတ္တံ့သော ကုသိုလ်ခန္ဓာတို့အား အကြားအလပ်မရှိအောင် ကျေးဇူးပြုသည်။

**အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ**

| | |
|---|---|
| ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း | မဟာကုသိုလ် ပ,ဇော |

### ၇။ အဗျာကတစိတ်က အကုသိုလ်စိတ်အား

ရှေးရှေး၌ ဖြစ်ပြီးသော အဗျာကတတရားတို့သည် နောက်၌ဖြစ်လတ္တံ့သော ကုသိုလ် တရားတို့အား အကြားအလပ်မရှိအောင် ကျေးဇူးပြုသည်။

**အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ**

| | |
|---|---|
| ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း | အကုသိုလ်ဒွါဒသ ပ,ဇော |

### အချိန်နေရာပုဂ္ဂိုလ်နှင့် အနန္တရသတ္တိ

အနန္တရသတ္တိသည် ကာလအားဖြင့် အတိတ်အနေဖြင့်သာ ကျေးဇူးပြုနိုင်၏။ ဘုံအား ဖြင့် ပဉ္စဝေါကာရ (၂၆)ဘုံနှင့် စတုဝေါကာရ (၄)ဘုံတို့၌ ကျေးဇူးပြုနိုင်၏။ ဧကဝေါကာရ ဘုံ၌ကား ကျေးဇူးမပြုနိုင်။ ပုထုဇဉ်၊အရိယာအားဖြင့် ပုဂ္ဂိုလ် (၁၂) ယောက်လုံးတို့၏ အဇ္ဈတ္တသန္တာန်၌ ကျေးဇူးပြုသည်။

http://www.dhammadownload.com



## အနန္တရသတ္တိကျေးဇူးပြုပုံအကျယ်
(ယှဉ်တွဲလေ့လာရန်)
"အာဝဇ္ဇန်း,ဝိညာဏ်,ဝုဋ္ဌော,ဇောဇောဇောဇောဇောဇောဇော,တဒါရုံ"

| အကြောင်း(ပစ္စည်း) | (သချာ-၇) | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| နောက်ဆုံးဇောကြည် ရှေးရှေးသော | | | ပထမဇောကြည် နောက်နောက် |
| လောကီကုသိုလ် ၁၇ | ကု | ကု | သော ကုသိုလ်-၂၀ |
| လောကီကုနောက်ဆုံးဇော/မဂ် ၄ | ကု | ဗျာ | ဒါရုံ ၁၁၊မဟဂ္ဂုတ်ဝိ၉၊ဖိုလ်၄ |
| ဆုံးဇောကြည်ရှေးရှေးအကု-၁၂ | အကု | အကု | ပဇောကြည်နောက်အကု- ၁၂ |
| အကု-၁၂ ဆုံးဇော | အကု | ဗျာ | တဒါရုံ ၁၁၊ မဟဂ္ဂုတ်ဝိ ၉ |
| ရဟန္တာစုတိကြည်ရှေးရှေးသော | ဗျာ | ဗျာ | ရဟန္တာစုတိနှင့်တကွသော |
| ဝိပါက် ၃၆၊ ကြိ ၂၀ | | | နောက်-ဝိ ၃၆၊ ကြိ-၂၀ |
| ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း | ဗျာ | ကု | မဟာကုသိုလ် ၈-ပထမဇေ |
| ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း | ဗျာ | အကု | အကုသိုလ် ၁၂-ပထမဇော |

---

## အနန္တရသတ္တိဖြင့်လက်တွေ့အသုံးချခြင်း

### အနန္တရသတ္တိ၏စွမ်းအား

စိတ်တို့သည် စက္ကန့်တိုင်း အချိန်တိုင်း၌ အကြားမလပ် ဖြစ်ပျက်ကြ၏ စိတ်မဖြစ်သောအချိန်ဟူ၍ အိပ်ပျော်ချိန်၌ပင် မရှိ။ ရှေးစိတ်တစ်ခု ချုပ်သွားတိုင်းတွ နောက်စိတ်တစ်ခုက ဖြစ်လာမြဲ ဖြစ်၏။ ထိုသို့ ရှေးစိတ်အစဉ်များ ဖြစ်တည်လျှ ပျက်သွားတိုင်း၌ နောက်စိတ်အစဉ်အဆက်တို့ ဖြစ်ပျက်လာနိုင်ဖို့မှာ အနန္တရသတ္တိ အကြောင်းအကျိုးဆက်ကာ ကျေးဇူးပြုနေမှုသာ ဖြစ်၏။ အကယ်၍ ရှေးစိတ်တို့သ မဖြစ်ခဲ့သော် နောက်စိတ်တို့လည်း ဖြစ်လာစရာအကြောင်းမရှိ။ ချုပ်ငြိမ်းရတော့၏

### စိတ်မဖြစ်ရာ ကြားခံနယ်မြေမရှိ

ဘဝတစ်ခု ကုန်ဆုံးသွားချိန်တွင် ဘဝဟောင်းနှင့်ဘဝသစ်တို့၏ အကြား ဆက်စပ်ပေးတတ်သော ပဋိသန္ဓေစိတ်များ ဖြစ်ကြသည်။ ပဋိသန္ဓေစိတ်ပြီးနော

http://www.dhammadownload.com



ဘဝင်စိတ်၊ ဘဝင်စိတ်နောင် စုတိ ဖြစ်၏။ ဘဝင်စိတ် မဖြစ်ချိန်တို့၌လည်း ဝီထိစိတ်များ အစဉ်မပြတ် ဖြစ်နေကြသည်သာ။ ထို့ကြောင့် ဘဝတစ်ခုပြီး နောက်တစ်ခုသာ ပြောင်းလဲသွား၍ စိတ်တစ်ခုနှင့်စိတ်တစ်ခု တို့၏အကြား၌ စိတ်မဖြစ်ရာ နယ်မြေကား မရှိချေ။

## အပြတ်ကောင်းနှင့် အဆက်ကောင်း

ရှေးစိတ်တစ်ခုပျက်သွားမှုသည်ပင် နောက်စိတ်တစ်ခုဖြစ်ပေါ်လာဖို့ အကြောင်း ဖြစ်၏။ ရှေးစိတ်က အကြောင်းကုသိုလ်ဖြစ်လျက် နောက်စိတ်ကလည်း အကျိုးကုသိုလ်ဆက်ပါက 'အပြတ်ကောင်းနှင့်အဆက်ကောင်း' စိတ် မည်၏။

ရှေးစိတ်က အကြောင်းအကုသိုလ်ဖြစ်လျက် နောက်စိတ်လည်း အကျိုးအကုသိုလ်ဆက်ပါက 'အပြတ်ဆိုးနှင့်အဆက်ဆိုးစိတ်' မည်၏။

ဤဘဝ၌ ကုသိုလ်ကံအကြောင်းဟူသော အပြတ်ကောင်းစိတ်များဖြင့် စုတိစိတ်ကျ၍ သေလွန်သူသည် နောင်ဘဝတွင် ကုသိုလ်အကျိုးဟူသော ပဋိသန္ဓေစိတ်ဝိညာဏ်ဖြင့် အဆက်ကောင်း ဖြစ်ပေမည်။ အကယ်၍ ဤဘဝတွင် အကုသိုလ်ကံအကြောင်းဟူသော အပြတ်ဆိုးစိတ်များဖြင့် စုတိပြတ်ကြွေ သေလွန်သူသည် တမလွန်တွင် အကုသိုလ်ဝိပါက်အကျိုးစိတ်တို့ဖြင့် အဆက်ဆိုး ဖြစ်ပေမည်။

ဤကဲ့သို့ အပြတ်ကောင်းနှင့် အဆက်ကောင်းစိတ်တို့သည် နိဗ္ဗာန်ထိတိုင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုနိုင်၍ အပြတ်ဆိုးနှင့်အဆက်ဆိုးစိတ်တို့သည်ကား အပါယ်ငရဲထိတိုင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုနိုင်၏။

## အကြားမလပ် ဖြစ်ပြီးသော်လည်းပျက်

သတ္တဝါတို့သန္တာန်၌ စိတ္တနိယာမအားဖြင့် စိတ်အစဉ်တို့သည် မြစ်ရေအလျဉ်ကဲ့သို့၊ ဆီမီးလျှံကဲ့သို့ အကြားမလပ် ဖြစ်ပျက်နေကြ၏။ အနန္တရသတ္တိသဘောကိုမသိသူအား စိတ်အစဉ်အတန်းကြီး 'တစ်ခုတည်း' ဖြစ်နေသကဲ့သို့ ထင်ရလေ၏။ အမှန်မှာမူ စိတ်အစဉ်တို့သည် တစ်စိတ်ပြီးလျှင် နောက်တစ်စိတ်အားဖြင့် ထပ်ဖန်တလဲလဲ ဖြစ်မြဲ ဖြစ်ပျက်နေ၏။ နှစ်စိတ်၊ သုံးစိတ်စသည်မှ ဟုတ်ရဲ့ လားဟုပင် သံသယဝင်စရာ ဖြစ်၏။

အနန္တရသတ္တိ၏ ကျေးဇူးပြုမှုသဘောကို သိမြင်နိုင်သူသည်ကား 'စိတ်ဆိုတာ တစ်စိတ်ထဲမှ မဟုတ်ဘဲ၊ သွားလည်းဒီစိတ်၊ စားလည်းဒီစိတ်ဆိုတာ ဘယ်မှာလဲ' ဟု စိတ်၏သဘာဝ အနန္တရသတ္တိကို ကိုယ်တိုင်ကိုယ်ကျသိနိုင်ပေ၏။

http://www.dhammadownload.com



ထို့ပြင် စိတ်တို့သည် အကြားမလပ် တစ်စိတ်ပြီး နောက်တစ်စိတ် ဖြစ်နေကြ သည်ဟု သိရှိမှုမက။ အကြားမလပ် ဖြစ်ပြီးတိုင်းသောစိတ်တို့သည် 'ဖြစ်,တည်,ပျက်' ဟူသော ခဏသုံးခု၏ အသက်တမ်းကုန်ဆုံးသည်နှင့် တစ်ပြိုင်နက် ချုပ်ပျက်သွားသည့်သဘောကိုလည်း ကိုယ်တိုင်ကိုယ်ကျ သိရပြန်၏။

ထို့ကြောင့် အနန္တရသတ္တိ၏သဘာဝစွမ်းအင်သတ္တိကို သိမြင်နိုင်သူသည် မိမိသန္တာန်၌ မြစ်ရေအလျဉ်ပမာ တစ်သွင်သွင်စီးဆင်းလျက် ဖြစ်ပျက်နေသော စိတ်တို့၏ မမြဲခြင်းအနိစ္စ, ဆင်းရဲခြင်းဒုက္ခ, အစိုးမရခြင်းအနတ္တဟူသော သာမည လက္ခဏာတို့ကို လွယ်ကူစွာ ဆင်ခြင်နှလုံးသွင်းနိုင်ပေတော့၏။

## မမြဲသော လောကဓံကို အနိုင်ယူနည်း

မိမိသန္တာန်၌ ပျော်ရွှင်စိတ်၊ဝမ်းသာစိတ်၊ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ ညှိုးနွမ်းစိတ်၊လွမ်းစိတ်၊သတိရစိတ်တို့နှင့် လောဘ,ဒေါသ,မောဟ, မာန စသော စိတ်များ, ဖြစ်ပေါ်လာ သောအခါ၌လည်း ထိုနည်းတူစွာ စိတ်ပရမတ် တရားတို့၏ ဖြစ်တည်ပျက်မှုသဘောလက္ခဏာကို သိမြင်လျက် 'မမြဲခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်း' ဟူသော သာမညလက္ခဏာထင်မြင်အောင် နှလုံးသွင်းဆင်ခြင် သင့်ပေ၏။

ထိုအခါ၌ ဖြစ်ပေါ်ပျောက်ပျက်လွယ်တတ်သော ချမ်းသာ၊ဆင်းရဲ၊ဝမ်းနည်း ဝမ်းသာ အဖြာဖြာသော လောကဓံတရားတို့ကို 'အနိစ္စ၊ဒုက္ခ၊အနတ္တ' သဘောမြင်လျက် ဖြစ်ပျက်ဉာဏ်များရင့်သန်ကာ လောကဓံဟူသမျှကို လွယ်ကူစွာပင် အနိုင်ယူနိုင်ပေသည်။

## စိတ်အစဉ်ကိုမြင် အတ္တဒိဋ္ဌိစင်၏

စိတ်အစဉ်အတန်းတို့သည် ပဋိသန္ဓေစိတ်ပြီး ဘဝင်စိတ်၊ ဘဝင်စိတ်ပြီး (ဝီထိစိတ်၊ ဝီထိပြီး) စုတိစိတ်ဟူ၍ အနန္တရစွမ်းအင်ဖြင့် မပြတ်ဖြစ်ပျက် နေကြ၏၊ စိတ်တို့ဖြစ်မှုကြောင့် စိတ်ကိုမှီသော စေတသိက်တရားများလည်း ဖြစ်ရ၍ နာမ်ခန္ဓာ လေးပါးတို့ ဖြစ်ပျက်ရ၏။ နာမ်ခန္ဓာလေးပါးတို့ဖြစ်သဖြင့် 'ဝိညာဏပစ္စယာ နာမရူပံ' အရ နာမ်ခန္ဓာတို့၏ မှီရာဖြစ်သော ရုပ်တရားများလည်း ဖြစ်ပျက်ရသည်ပင်။

ထိုသို့ စိတ္တနိယာမသဘောဖြင့် သူ့သဘာဝအတိုင်း ပဋိသန္ဓေစိတ်က ဘဝတစ်ခုကို စ၍၊ စုတိစိတ်က ဘဝတစ်ခုကို ဆုံးစေလျက် 'စိတ်စေတသိက်ရုပ်' ဟူသည့် ခန္ဓာငါးပါးဖြစ်ပျက်နေမှုကိုပင် 'ပုဂ္ဂိုလ်,သတ္တဝါ၊ သူ,ငါ၊ယောကျ်ား,

http://www.dhammadownload.com



မိန်းမ စသည်တို့ မွေးသည်။ ရှင်သည်။ သေဆုံးသည်’ဟု မှတ်ထင်ယူဆမိကြ၏။

ထိုသို့ယူဆခြင်းသည် အမှန်တကယ်ရှိသော စိတ်ပရမတ်တရားများကို တကယ်မရှိသည့်ပညတ်များဖြင့် ဖုံးအုပ်လျက် ‘ငါစွဲ’စွဲမှတ်ယူခြင်း ‘သက္ကာယဒိဋ္ဌိ’ သာ ဖြစ်၏။

အနန္တရသတ္တိ၏ ‘စိတ္တနိယာမ’ စိတ်သဘောကို သိမြင်နိုင်သူသည်ကား ပုဂ္ဂိုလ်သတ္တဝါ၊ သူငါယောကျ်ားမိန်းမအားဖြင့် မစွဲလန်းဘဲ စိတ်ပရမတ်ဖြစ်စဉ်ကို မြင်သိ၍ သက္ကာယဒိဋ္ဌိ ကင်းလွတ်ငြိမ်းပျောက်နိုင်ပါသည်။

## တည်မြဲခြင်းနှင့် ပြတ်စဲခြင်း

အနန္တရသတ္တိဖြင့် စိတ်ဖြစ်စဉ်ကို မသိနိုင်သူအား ‘ပဋိသန္ဓေစိတ်၊ ပထမဘဝင်၊ ဒုတိယဘဝင်၊ မနောဒွါရာဝဇ္ဇန်း၊ စုတိစိတ်’စသည်ဖြင့် တစ်စိတ်ပြီးမှ နောက်တစ်စိတ်ဖြစ် နေသည်ကို စိတ်အစဉ်အတန်းကြီး ‘တစ်ခုတည်း’ ဖြစ်နေသကဲ့သို့ မှတ်ထင်၏။

ထိုအထင်များဖြင့် ငါသည် တည်မြဲ၏။ ယခုလည်း ငါ၏စိတ်၊ နောင်လည်း ငါ၏စိတ်။ ဒီဘဝလည်း ငါ့စိတ်၊ နောင်ဘဝလည်း ငါ့စိတ်ပဲ’စသည်ဖြင့် တစ်ဆက်တည်း ‘မပြတ်မစဲ တည်မြဲ၏’ဟူသော အယူမှား ‘သဿတဒိဋ္ဌိ’ ဖြစ်၏။

အချို့ပုဂ္ဂိုလ်တို့မှာ ‘ဒီဘဝက ငါဖြစ်၏။ နောင်ဘဝတွင် အခြားဖြစ်၏။ ယခင်ဘဝက လည်း ငါနှင့်ဘာမျှမပတ်သက်။’စသည်ဖြင့် တစ်ဘဝနှင့်တစ်ဘဝ မပတ်သက်ဘဲ ပြတ်စဲ၏ဟူသော အယူအဆမှား ‘ဥစ္ဆေဒဒိဋ္ဌိ’ ဖြစ်ပြန်၏။

အနန္တရသတ္တိဖြင့် စိတ္တနိယာမဖြစ်စဉ်ကို သိနိုင်သူအား ထိုကဲ့သို့ တစ်ဆက်တည်းတည်မြဲ၏ဟုအယူမှားမှု ‘သဿတဒိဋ္ဌိ’နှင့် ငါနှင့်ဘာမျှမပတ်သက်ဘဲ ပြတ်စဲ၏ဟု အယူမှားမှု ‘ဥစ္ဆေဒဒိဋ္ဌိ’တို့ဘေးမှ ကင်းဝေးနိုင်တော့သည်။

## တစ်ဆက်တည်းမဟုတ်၊ ပြတ်စဲခြင်းမဟုတ်

ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို သောတာပတ္တိမဂ်ဖြင့် မပယ်သတ် နိုင်သေးသမျှကာလပတ်လုံး တစ်ပါးမက များပြားလှစွာသော အယူမှားမိစ္ဆာဒိဋ္ဌိစိတ်များသည် ဒီရေအလား တိုးပွား၍ ဖြစ်နေတတ်ကြ၏။

အနန္တရသတ္တိအစွမ်းဖြင့် ဘဝသံသရာ၌နာမ်ခန္ဓာအစဉ်နှင့် ရုပ်ခန္ဓာအစဉ် တို့သည် တစ်စိတ်ပြီးမှ နောက်တစ်စိတ်တို့ အဆက်မပြတ် အကြားမဲ့စွာ ဖြစ်ပျက် နေခြင်းဖြစ်၏။ထိုခန္ဓာအစဉ်တို့၌ ရှေးစိတ်နှင့်နောက်စိတ် များတို့သည်လည်းကောင်း၊

http://www.dhammadownload.com



ရှေ့ဘဝနှင့် နောက် ဘဝတို့သည်လည်း တစ်ဆက်တည်း၊တစ်ခုတည်း ဖြစ်နေခြင်းမျိုးလည်းမဟုတ်။ထို့အတူ ရှေးစိတ်နှင့်နောက်စိတ်၊ ရှေးဘဝနှင့် နောက်ဘဝတို့ ဘာမျှမပတ်သက်၊ သီးသန့်ခြားနား ကွဲပြားစွာ ဖြစ်ပေါ်နေမှုမျိုးလည်း မဟုတ်ပါ။

## ပွဲတင်သံ၊ဆီမီး၊လျှံ၊လှိုင်းတံပိုးဥပမာများ

ရှေးစိတ်တို့နှင့် ရှေးဘဝများက အကြောင်းအနေဖြင့် အနန္တရသတ္တိထူးက ကျေးဇူး ပြုမှုကြောင့်သာ နောက်စိတ်များ၊ နောက်ဘဝများမှာ အကျိုးအနေဖြင့် ဆက်စပ်၍ တစ်ဆက်တည်းကဲ့သို့ ဖြစ်ပျက်နေကြခြင်းဖြစ်၏။

ဥပမာ–အားဖြင့် ဒီဘက်ကမ်းမှ ဟစ်အော်သံကြောင့် ဟိုဘက်ကမ်းမှ ဟိန်းသံအဖြစ် ကမ်းနှစ်ဘက်တို့ ဆက်စပ်လျက် 'ပွဲတင်သံ' ဖြစ်ပေါ်သကဲ့သို့လည်းကောင်း၊ ဆီမီးတိုင်၌ ရှေးကဆီနှင့် မီးစာတို့ကုန်သွားမှုကြောင့် နောက်ကဆီနှင့်မီးစာတို့ ထပ်ထပ်ဖြစ်နေသဖြင့် ဆီမီး,မီးလျှံမငြိမ်းနိုင်အောင် တောက်လောင်နေသကဲ့သို့လည်းကောင်း၊ ရေပြင်၌ ရှေးက ဒီရေလှိုင်းတို့ကုန်သွားသဖြင့် နောက်က ဒီရေလှိုင်းများ ထပ်ထပ်ဖြစ်ပေါ် ဒီရေလှိုင်းတို့ အဆက်မပြတ် ဖြစ်ပေါ်နေ သကဲ့သို့လည်းကောင်း အနန္တရစွမ်းအင်ဖြင့် ရှေးရှေးနာမ်ခန္ဓာ အကြောင်းတို့ကြောင့် နောက်နောက် နာမ်ခန္ဓာအကျိုးတရားများ အကြားမရှိအောင် ဖြစ်ပေါ်နေကြခြင်း ဖြစ်ပါသည်။

## အနန္တရသတ္တိဖြင့် ဒိဋ္ဌိကိုပယ်နိုင်မှု

အနန္တရစွမ်းအင်သတ္တိကို သိမြင်နိုင်သူအား စိတ်စေတသိက်ရုပ်ဟူသော ခန္ဓာငါး ပါးအပေါ်၌ ပုဂ္ဂိုလ်,သတ္တဝါအထည်ကိုယ်ဒြပ်ပညတ်အားဖြင့် ယူမှားသော 'အတ္တဒိဋ္ဌိ'၊ ထိုခန္ဓာငါးပါး၊ ပုဂ္ဂိုလ်သတ္တဝါတို့၌ တည်မြဲ၏ဟုယူမှားသော 'သဿတဒိဋ္ဌိ'၊ ပြတ်စဲ၏ဟု ယူမှားသော 'ဥစ္ဆေဒဒိဋ္ဌိ'၊ ထာဝရဘုရား၊ တန်ခိုးရှင် ဗြဟ္မာ၊ ဗိဿနိုးစသူတို့က ဖန်ဆင်း သည်ဟုယူမှားသော 'ဣဿရနိမ္မာနဒိဋ္ဌိ'၊ ရှေးအကြောင်းကင်းလျက်ဖြစ်ပျက်ခြင်းဟူ၍ ယူမှားသော 'အဟေတုကဒိဋ္ဌိ'၊ အကြောင်းအမှုတို့ကြောင့် အကျိုးခံစားချက်မရှိဟု ယူမှားသော 'နတ္ထိကဒိဋ္ဌိ' စသည်တို့ကင်းပျောက်၍ ရုပ်နှင့်နာမ် ခန္ဓာငါးတန်တို့၏ ဖြစ်ပျက်သဘော အမှန်သိမြင်သော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်,ဗောဓိဉာဏ်တို့ ပျက်မှောက်ပြုနိုင်ပေသည်။

http://www.dhammadownload.com



ဘယ်မှာငါဟုရှိအံ့နည်း။

ပုတ္တာမတ္ထိ ဓနမတ္ထိ၊ ဣတိဗာလော ဝိဟညတိ။

အတ္တာဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ။ (ဓမ္မပဒ)

'လူမိုက်သည် ငါ့မှာ သားသမီး,ဇနီးခင်ပွန်း,ချစ်သူ,မုန်းသူတွေ ရှိ၏။ အာဏာတန်ခိုး စည်းစိမ်ဥစ္စာ အမျိုးမျိုးတွေ အပြည့်ရှိ၏'ဟု စွဲလမ်းလျက် အချိန်ရှိသမျှ ပင်ပန်းညှိုးနွမ်း၍ နေရ၏။ အကယ်စင်စစ် မိမိဟုစွဲလမ်းအပ်သော ခန္ဓာ၌ မိမိဟူသော အတ္တသည်ပင်မရှိ။ သားသမီး,ဇနီးဥစ္စာစသည်မှာ အဘယ်မှာ ရှိပါအံ့နည်း'ဟု မြတ်စွာဘုရား ဟောဆိုဆုံးမထား၏။

အတိတ်အနာဂတ်ပစ္စုပ္ပန် ကာလ(၃)ပါးလုံး၌ တကယ်အရှိတရားကို ရှာဖွေကြည့်လျှင် (အတ္ထိသတ္တိအရ) ရုပ်နာမ်ခန္ဓာငါးပါးကိုသာ တွေ့ရ၏။ ထိုရုပ်နှင့်နာမ် တို့ ချုပ်ပျက်သွားသောအခါ မရှိတော့သည့် တရားတို့သည်လည်း (နတ္ထိသတ္တိအရ) ရုပ်နှင့်နာမ်ပင် ဖြစ်၏။

အနန္တရသတ္တိအရ ရှေးရှေး၌ ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတ္တံ့တရားတို့ကလည်း ရုပ်နှင့်နာမ်ခန္ဓာငါးပါးပင်။နောက်နောက်၌ ချုပ်ပြီး,ချုပ်ဆဲ, ချုပ်လတ္တံ့ တရားတို့ ကလည်း ထိုရုပ်နှင့်နာမ် ခန္ဓာငါးပါးပင် ဖြစ်၏။ ပရမတ်အရာ၌ မလိမ္မာသော အန္ဓမည်ထိုက်သည့် ထိုလူမိုက်အား 'ငါ၊ငါ့ဟာ၊ငါ့ဥစ္စာ,ငါ့သားငါ့သမီး, ငါ့ဇနီး၊ ငါ့ခင်ပွန်း, ငါ့ချစ်သူ၊ ငါမုန်းသူ,ငါ့ရာထူး, ငါ့အာဏာရယ်ဟု စွဲလမ်းတမ်းတလျက် နွမ်းလျှညှိုးမှိန်နေရမှုတို့မှာ ရေထဲမှလရိပ်ကို ရှာဖွေဖမ်းနေသူကဲ့သို့ တဏှာ၊မာန၊ ဒိဋ္ဌိတို့ပွားတိုး၍ အကျိုးနည်းရုံမှတစ်ပါး အခြားမရှိနိုင်ပါပေတကား။

## အနန္တရသတ္တိနှင့် ဝိပဿနာဉာဏ်

အိုအိုလူများ၊ သတိထားလော့၊ သွားဆဲကာလ၊ ခါသမယတွင်၊ ပထမ ခြေလှမ်း၊ ရုပ်နာမ်တန်းသည်၊ လှမ်းဒုတိယ၊ မရောက်ကြဘူး။ ဒုတိယလှမ်း၊ ရုပ်နာမ်တန်းလည်း၊ လှမ်းတတိယ၊ မရောက်ကြခင်၊ တစ်လှမ်းတွင်လည်း၊ မြှောက်စဉ်တစ်မျိုး၊ ရှေ့တိုးတစ်ဖုံ၊ ရှောင်တုံတစ်ဝ၊ အောက်ချတစ်ခင်း၊ ထိခြင်း တစ်လေ့၊ ဖိနင်းစေ့အောင်၊ တစ်ရွေ့ရွေ့မြန်း၊ ရုပ်နာမ်တန်းတို့၊ နှမ်းအိုးကင်းထက်၊ နှမ်းတွေကျက်သို့၊ ဖြစ်ပျက်နေရ၊ အနိစ္စသည်၊ ဒုက္ခ,အနတ္တသဘောပါတကား။

http://www.dhammadownload.com



## စိတ်ဖြစ်စဉ်နှင့်အာရုံတို့၏ ဆက်စပ်မှု

အနန္တရသတ္တိအရ ဖြစ်ပေါ်သမျှသောစိတ်တို့သည် အာရမ္မဏသတ္တိအရ အာရုံစွမ်း အင်တို့နှင့်ကင်း၍ လုံးဝမဖြစ်ပါ။ အာရုံစွမ်းအင်တို့ကြောင့်သာ စိတ်တို့ ဖြစ်ပေါ်လာရ၏။

စိတ်တို့ကလည်း အာရုံတို့၌သာ မွေ့လျော်ကျက်စားလေ့ ရှိကြ၏။ ထို့ကြောင့် စိတ်တို့သည် ပစ္စုပ္ပန်၊အတိတ်၊အနာဂတ်ဟူသော ကာလသုံးပါး၌သာ မကဘဲ ကာလသုံးပါးမှလွတ်သော ကာလဝိမုတ်နိဗ္ဗာန်နှင့်ပညတ်အာရုံတို့၌ပင် မွေ့လျော်ပျော်ပိုက်ကြလေ၏။

ထိုသို့ အာရမ္မဏသတ္တိအရ အာရုံ (၆)ပါးတို့ကြောင့် အနန္တရသတ္တိအရ စိတ်ဝိညာဏ် (၆)မျိုးတို့ ဖြစ်ပေါ်လာသောအခါ အာရုံတို့၌ ဝေဒနာခံစားမှုအားလျော်စွာ ဟိတ်သတ္တိဖြင့် အမြစ်(၆)ပါးတို့လည်း တွယ်ငြိလာတတ်ကြပြန်၏။ ထို့ကြောင့် အာရုံနှင့်စိတ်နှင့် ဟိတ်သတ္တိတို့သည် အာရုံတွေကြောင့်စိတ်တို့ဖြစ်၍ အမြစ်တွယ်ကာ သံသရာမပြတ် လည်ပတ်နေကြရခြင်း ဖြစ်သည်။

## အနန္တရပစ္စည်း၏ အကျိုးတရား

အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ မပယ်မဖြတ်မချင်း စုတိ၏အခြားမဲ့၌ ဘဝသစ်တစ်ဖန် ပဋိသန္ဓေတည်နေ မွေးဖွားရပြန်ပါသည်။ ဘဝသစ်၌ တစ်ဖန်ဖြစ်ရ ခြင်းကြောင့် ပထမဘဝင်စသော နာမ်ခန္ဓာအစဉ်တို့သည် ဖြစ်လျက်ပျက်လျက် တစ်ဖန် စုတိချုပ်ရပြန်လျက် သေဆုံးကြရပြန်၏။

ပဋိသန္ဓေ တည်နေရခြင်းစသော ဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက် လိုသူသည် ကိလေသာတရားတို့အား အရဟတ္တမဂ်ဖြင့် အမြစ်ပြတ်ပယ်ဖြတ်၍ နောက်ဆုံးပစ္ဆိမဘဝိကစိတ်ဖြင့် ဘဝအဆုံး နိဗ္ဗာန်ဓာတ်သို့ မရောက်ရောက်အောင် အားထုတ်အပ်ပေသည်။

## အနန္တရပစ္စယော-ဘုရားရှိခိုး

အနန္တရပစ္စယော-ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မသွေသိပ်သည်း၊ တစ်စိတ်ထဲသို့၊ အကွဲအပြား၊

http://www.dhammadownload.com



အကြားမရှိ၊ မိမိနှင့်တူစွာ၊ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာ (၄)ပါးပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနော၊ တရား သဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

အနန္တရပစ္စယောပြီး၏။

http://www.dhammadownload.com



## ၅။ သမနန္တရပစ္စယော။

(ကောင်းစွာအကြားမရှိသတ္တိဖြင့် ကျေးဇူးပြုသည်။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ၊
(ခ) မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံ၊ (ဂ)။

၂။ (က) မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ၊
(ခ)မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံ၊ (ဂ)။
(သောတဝိညာဏ၊ ဃာနဝိညာဏ၊ဇိဝှါဝိညာဏ၊ကာယဝိညာဏ-ပါဠိ၂-ခုစီတူ)

၃။ (က)ပုရိမာပုရိမာကုသလာဓမ္မာ၊ (ခ)ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ (ဂ)။
(က)ပုရိမာပုရိမာကုသလာဓမ္မာ၊(ခ)ပစ္ဆိမာနံပစ္ဆိမာနံအဗျာကတာနံ ဓမ္မာနံ၊ (ဂ)။
(အကုသလာ+အကုသလာနံ၊ အကုသလာ+အဗျာကတနံ)
(အဗျာကတာ+ အဗျာကတာနံ၊ အဗျာကတာ+ကုသလာနံ၊ အဗျာကတာ+ အကုသလာနံ)

၄။ (က)ယေသံယေသံဓမ္မာနံ အနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တစေတသိကာ ဓမ္မာတေတေဓမ္မာ၊(ခ)တေသံတေသံဓမ္မာနံ (ဂ)သမနန္တရပစ္စယေန ပစ္စယော။

### အဓိပ္ပါယ်ရှင်းချက်။

သမနန္တရသတ္တိသည် အနန္တရနှင့် အားလုံးတူ၏။ ‘သံ-ကောင်းစွာ’ ဟူသောပါဠိသာ ထူး၏။ ဝေနေယျတို့၏ အလိုဆန္ဒအားလျော်စွာ သဒ္ဒါကွဲ အနက်တူ အားဖြင့် ထပ်၍ ဟောတော်မူထားခြင်း ဖြစ်၏။

**လင်္ကာ။** စကြာဘုန်းလျှံ၊ နတ်ရွာစံလည်း၊ ခြင်းချန်မွေနှစ်၊ ကေရာဇ်၊ပေးလစ်သမနန္တရာ။

သမနန္တရပစ္စယောပြီး၏။

http://www.dhammadownload.com



## ၆။ သဟဇာတပစ္စယော။
(အတူတကွဖြစ်မှုသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က) စတ္တာရော ခန္ဓာ အရူပိနော(ခ) အညမည်၊ (ဂ)။
၂။ (က) စတ္တာရော မဟာဘူတာ၊ (ခ) အညမည် ၊(ဂ)။
၃။ (က) ဩက္ကန္တိက္ခဏေ နာမရူပံ (ခ) အညမည် ၊(ဂ)။
၄။ (က)စိတ္တစေတသိကာ ဓမ္မာ (ခ)စိတ္တသမုဋ္ဌာနာနံရူပါနံ၊(ဂ)။
၅။ (က) မဟာဘူတာ (ခ) ဥပါဒါရူပါနံ၊ (ဂ)။
၆။ (က) ရူပိနောဓမ္မာ (ခ) အရူပိနံဓမ္မာနံ(ဂ) ကိဉ္စိကာလေ-
သဟဇာတပစ္စယေနပစ္စယော။ကိဉ္စိကာလေ နသဟဇာတပစ္စယေနပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။ (က)စတ္တာရော၊ (၄)ပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာတို့သည်။(ခ) အညမည်၊အချင်းချင်းအား။(တနည်း)အညော-အညဿ၊ တစ်ပါးသည်တစ်ပါးအား။

၂။စတ္တာရော၊(၄)ပါးကုန်သော။မဟာဘူတာ၊ ပထဝီ၊တေဇော၊ အာပေါ၊ ဝါယော ဟူသော မဟာဘုတ်ရုပ်(၄)ပါးတို့သည်။ (ခ) အညမည်၊ အချင်းချင်းအား။

၃။ (က) ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေအခိုက်၌။ နာမရူပံ၊ ပဋိသန္ဓေ နာမ်ခန္ဓာ (ပဋိသန္ဓေစိတ်)နှင့် (ဟဒယဝတ္ထု)ရုပ်တို့သည်။ အညမည်၊ အချင်းချင်းအား။(နာမ်နှင့်ရုပ်ပစ္စယုပ္ပန်တရားအား)။

၄။ (က) စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ဝေဒနာ၊သညာ၊ သင်္ခါရ၊ဝိညာဏ်ဟူသော နာမ်ခန္ဓာလေးပါးတို့သည်။ (ခ) စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်တို့အား။

၅။ (က) မဟာဘူတာ၊ မဟာဘုတ်ဓာတ်ကြီး(၄)ပါးတို့သည်။ (ခ)ဥပါဒါရူပါနံ၊ အမှီအတွယ်ဥပါဒါရုပ်တရားတို့အား။

http://www.dhammadownload.com



၆။ (က) ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟာဒယဝတ္ထုရုပ်တို့သည်။ (ခ)အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဋိသန္ဓေနာမ်ခန္ဓာတို့အား။ (ဂ)ကိဉ္စိကာလေ၊အချို့သောကာလ၌(ပဋိသန္ဓေကာလ၌) သဟဇာတ ပစ္စယေန ပစ္စယော၊ သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ ကိဉ္စိကာလေ၊ အချို့သောကာလ၌ (ပဝတ္တိကာလ၌)၊ နသဟဇာတပစ္စယော၊ သဟဇာတသတ္တိဖြင့် ကျေးဇူးမပြု။

## သဟဇာတသတ္တိသရုပ်အဓိပ္ပါယ်များ

### သဟဇာတနှင့်ပစ္စယ

သဟ-အတူတကွ၊ ဇာတ-ဖြစ်ခြင်း။ မိမိနှင့် ရှေးနောက်မဟုတ်ဘဲ အတူတကွဖြစ်မှုသဘောသည်သဟဇာတမည်၏။ မိမိနှင့်အတူဖြစ်ဖော်ပုဂ္ဂိုလ်မျိုးတို့ကို သဟာယ-'အပေါင်းအဖော်'ခေါ်သကဲ့သို့တည်း။ မိမိနှင့်ပေါင်းသင်း ယှဉ်ဖက်ဖြစ်သူတို့အား မိမိနှင့်အတူ တကွ ကျေးဇူးပြုမှုသဘောကို သဟဇာတဟု ခေါ်သည်။

မိမိဟူသောအကြောင်းပစ္စည်းတရားတို့နှင့်အတူတကွတစ်ပြိုင်တည်းဖြစ် လျက်အကျိုး ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုမှုသဘောကို 'သဟဇာတ ပစ္စယော'ဟု ခေါ်သည်။

### သဟဇာတ၏ဥပမာ

ဆီမီးတိုင်သည်ထွန်းညှိဆဲခဏ၌ မိမိအလင်းရောင်ရောက်ခြင်းနှင့်အတူတကွ အမှောင်ပျောက်မှုသဘောတို့ တစ်ပြိုင်နက်ဖြစ်ပေါ်လာစေသကဲ့သို့ ဖြစ်သည်။

**လင်္ကာ**။ အမှောင်ကွယ်ပျောက်၊ အလင်းရောက်သို့၊ ရှေးနောက်တူတကွ၊ ဖြစ်လာကြ၊ သဟဇာတခေါ်။

### သဟဇာတမျိုးနွယ်အုပ်စုများ

လောက၌ သက်ရှိသက်မဲ့ဟူသမျှသည် မျိုးနွယ်တူအပေါင်းအဖော်တို့နှင့် အတူတကွဆက်နွှယ် ယှဉ်တွဲ၍ နေထိုင်မြဲ ဖြစ်သကဲ့သို့ ပဋ္ဌာန်းစွမ်းအင် သတ္တိတို့တွင် လည်း အတူတကွ ဆက်နွှယ်ယှဉ်တွဲမြဲဖြစ်သော သဟဇာတ် မျိုးနွယ်ဝင်တို့က အများဆုံး ဖြစ်၏။ သဟဇာတ် မျိုးနွယ်ဝင်သတ္တိပေါင်း (၁၅)ပါးရှိ၏။

ထိုတွင် ဟောတုစသော(၇)ပါးတို့ကို သဟမျိုးငယ်များဟု ခေါ်၏။ အညမညစသော (၄)ပါးကား သဟမျိုးလတ်များဟု ခေါ်၏။

http://www.dhammadownload.com



ဤသဟဇာတသတ္တိနှင့် နိဿယ၊အတ္ထိ၊အဝိဂတ (၄)ပါးတို့ကိုကား သဟဇာတနှင့် ပစ္စည်း+ပစ္စယုပ္ပန်သဘောတရားအားလုံး တူ၍ သဟမျိုးကြီး(၄)ပါးဟု ခေါ်ကြ၏။

## သဟဇာတကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| (၁)နာမ်ခန္ဓာ ၄-ပါး (၁×၃×၂) | အချင်းချင်း(၃×၁×၂) |
| (၂)မဟာဘုတ် ၄-ပါး (၁×၃×၂) | အချင်းချင်း(၃×၁×၂) |
| (၃)ပဋိသန္ဓေ နာမ်ခန္ဓာ၊ ဟဒယဝတ္ထု | အချင်း (နာမ်×ရုပ်) |
| (၄)ပဋိ-ဘုံ၌ စိတ် ၇၅၊စေ ၅၂ | စိတ္တဇရုပ်၊ပဋိ-ကမ္မဇရုပ် |
| (၅)မဟာဘုတ် ၄-ပါး | ဥပါဒါရုပ် ၂၄ ပါး |
| (၆)ဟဒယဝတ္ထု ကိဋ္ဌိ- | ပဋိနာမ်ခန္ဓာ၊ ပဋိ-ဖြစ် |
| ကိဋ္ဌိ-န | ပဝတ္တိအခါ -မဖြစ် |

### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

၁။ စိတ်,စေတသိက်ဟူသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် နာမ်ခန္ဓာ (၄)ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊(နာမ်အချင်းချင်း)

၂။ ပထဝီ၊တေဇော၊ အာပေါ၊ ဝါယောဟူသော မဟာဘုတ်ရုပ် (၄-)ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊(ရုပ်အချင်းချင်း)

၃။ ပဋိသန္ဓေအခါ ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေနာမ်ခန္ဓာ(၄)ပါးနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း(နာမ်ရုပ်ချင်း)အားလည်းကောင်း၊

၄။ ပဉ္စဝေါကာရဘုံ၌ (အရူပဝိပါက် ၄၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့ စုတိကြဉ်) စိတ် (၇၅)ပါး၊စေတသိက်(၅၂)တို့သည် စိတ္တဇရုပ်၊ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း၊

၅။ မဟာဘုတ် (၄)ပါးတို့သည် ဥပါဒါရုပ်အားလည်းကောင်း၊(ရုပ်နှင့်ရုပ်)

၆။ ဟဒယဝတ္ထုရုပ်သည် ပဉ္စဝေါကာရပဋိသန္ဓေနာမ်ခန္ဓာအား ပဝတ္တိအခါ၌ မဖြစ်ဘဲ၊ပဋိသန္ဓေအခါ၌သာ အတူတကွဖြစ်မှုသဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



**လင်္ကာ။** စိတ်,စေ,ဘုတ်စု၊ ဝတ္ထုသန္ဓေ၊ ဤလေးထွေ၊ တပ်လေသဟဇ။

## သဟဇာတအစိပ္ပါယ်များ

နေမင်းသည် ထွက်ပေါ်လာသည်ရှိသော် တစ်ပြိုင်နက် အလင်းရောင်ကို ဖြစ်စေသကဲ့သို့ သဟဇာတပစ္စည်းသည် မိမိဖြစ်ပေါ်မှသာ ကျေးဇူးပြုနိုင်၏။မိမိ မဖြစ်လျှင် ကျေးဇူးမပြုနိုင်။ မိမိနှင့်အတူဥပါဒ်ခဏ၌သာ ကျေးဇူးပြု၏။ မိမိ၏ရှေ့နှင့် မိမိ၏နောက်တို့၌ ကျေးဇူးမပြုနိုင်။ သဟဇာတပစ္စည်းထိုက်သော တရားအချင်း ချင်းသာ ကျေးဇူးပြုနိုင်၏။ သဟဇာတမထိုက်က ကျေးဇူးမပြုနိုင်ပါ။

သဟဇာတထိုက်သောတရားတို့တွင်-

၁။ နာမ်တရားအချင်းချင်း 'နာမ်သဟဇာတ'

၂။ ရုပ်အချင်းချင်း- 'ရုပ်သဟဇာတ'

၃။ နာမ်ရုပ်အချင်းချင်း- 'နာမ်ရုပ်သဟဇာတ'

၄။ ရုပ်နှင့်နာမ်အချင်းချင်း 'ရုပ်နာမ်သဟဇာတ'တို့သည် မိမိနှင့်အတူ ဖြစ်လျက်သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြသည်။

**လင်္ကာ။** မိမိနှင့်မူ၊ အတူဖြစ်ရန်၊ ကျေးဇူးသန်၊ အမှန်သဟဇာတ။

## နာမ်သဟဇာတ ဖြစ်ပုံ

ဆီးမီးခွက်တစ်ခွက်ကို မီးညှိထွန်းသည်ရှိသော် ဆီကုန်မှုကိစ္စ၊ မီးစာလောင် ကိစ္စ၊ အမှောင်ကို ဖျောက်မှုကိစ္စ၊ အလင်းရောင်ဖြစ်မှုကိစ္စတို့သည် သဟဇာ သတ္တိဖြင့် အတူတကွ တစ်ပြိုင်နက် ပူးပေါင်းဆောင်ရွက်ကြသကဲ့သို့ ဖြစ်၏။

ထို့အတူ စိတ်စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးတို့တွင် ၁။ ခံစား ဝေဒနာ၊ ၂။ မှတ်သားမှုသညာ၊ ၃။ တိုက်တွန်းစေ့ဆော်မှုသင်္ခါရ၊ သိမှုဝိညာဏ တို့သည် သဟဇာတသတ္တိဖြင့် အတူတကွ တစ်ပြိုင်နက်ဖြစ်ကာ ပူပေါင်းဆော ရွက်ကြသည်။

**လင်္ကာ။** စိတ်,စေတသိက်၊ ဖြစ်ရိုပ်တူနေ၊ အဖြစ်တူကြ၊ ယှဉ်ဆပါလေ
ဝေ,သဉ်,သင်္ခါရက်၊တွဲဖက်ဝိညာ၊ တူတကွ၊ ဖြစ်ကြသဟဇာတေ။

## ရုပ်သဟဇာတ ဖြစ်ပုံ

ခြေလေးချောင်းရှိသော ကုတင်ညောင်စောင်းတွင် ခြေတစ်ချောင်းတိုင်းသ ကုတင်,ညောင်စောင်းကိစ္စပြီးမြောက်အောင် သဟဇာတသတ္တိဖြင့် အတူတ

http://www.dhammadownload.com


ကျေးဇူးပြု၏။

ပထဝီ,တေဇော,အာပေါ,ဝါယောဟူသော ဓာတ်မဟာဘုတ်(၄)ပါးတို့သည် ရုပ်ဝတ္ထုတိုင်း၌ ရုပ်ကိစ္စပြီးမြောက်အောင် သဟဇာတသတ္တိဖြင့် အတူတကွ တစ်ပြိုင်နက် ကျေးဇူးပြုကြသည်။

**လင်္ကာ**။ မြေ,ရေ,လေ,မီး၊ ဓာတ်ကြီးလေးထွေ၊အတူတကွ၊ ဖြစ်ကြပုံသေ၊ ခွဲမရတွဲကြ၊အမြဲပတူနေ၊မဟာဘုတ်၊ ဓာတ်ရုပ်သဟဇာတေ။

## နာမ်နှင့်ရုပ်သဟဇာတ

နာမ်ရုပ်သဟဇာတနှင့် ရုပ်နာမ်သဟဇာတတို့သည်လည်း ခန္ဓာ (၅)ပါး ရကောင်းသော ပဉ္စဝေါကာရဘုံသားတို့၏ ပဋိသန္ဓေအခိုက်တွင် ရုပ်နာမ် (၂)ပါးစုံ ရောနှောပေါင်း၍ တစ်ပြိုင်နက် အတူတကွ ကျေးဇူးပြုကြသည်။

ပဋိသန္ဓေတည်ဆဲအခိုက်တွင် ဟဒယဝတ္ထုနှင့် ပဋိသန္ဓေစိတ်, စေတသိက် တို့သည် ရုပ်နာမ်ခန္ဓာငါးပါးပေါင်းလျက် သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

**လင်္ကာ**။ သန္ဓေဓာတိ၊ ချိန်ရှိကာလေ၊ ရုပ်နာမ်နှစ်ဦး၊ ခွဲဘူးတူနေ၊ သန္ဓေဝတ္ထု၊ တွဲပြုဖြစ်ပေ၊ ပဉ္စဝေါ၊ မှတ်လောငါးခန္ဓေ။

## တစ်ဖက်သတ်သဟဇာတများ

စိတ်နှင့်စိတ္တဇရုပ်တို့ သဟဇာတသတ္တိကျေးဇူးပြုရာ၌ စိတ်ကသာ စိတ္တဇရုပ် တို့အား ကျေးဇူးပြုနိုင်၏။ စိတ္တဇရုပ်တို့က အပြန်အလှန် ကျေးဇူးမပြုနိုင်။ ထို့အတူ ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်နှင့် ကမ္မဇရုပ်တို့သည်လည်း ပဋိသန္ဓေစိတ်ကသာ ကျေးဇူးပြုနိုင်၍ ကမ္မဇရုပ်က ကျေးဇူးပြန်မပြုနိုင်။ မဟာဘုတ်တို့က ဥပါဒါ ရုပ်တို့အား ကျေးဇူးပြုရာ၌လည်း ဥပါဒါရုပ် တို့က အပြန်အလှန်ကျေးဇူးပြန်မပြုနိုင်။ တစ်ဖက်သက် သဟဇာတသတ္တိကျေးဇူးပြုမှုတို့ ဖြစ်၏။

### ကုသိုလ်နာမ်ခန္ဓာ (၁)ပါးသည် ကုသိုလ်နာမ်ခန္ဓာ(၃)ပါးအား

**ကုသလော ဧကော ခန္ဓော၊ တိဏ္ဏန္နံ ခန္ဓာနံ(၁+၃)**

ကုသိုလ်နာမ်ခန္ဓာ (၁)ပါး အကြောင်းဖြစ်လျှင် ကျန်ကုသိုလ်နာမ်ခန္ဓာ (၃)ပါးသည် အကျိုးသဟဇာတ ဖြစ်၏။

**တယောခန္ဓော ၊ ဧကဿ ခန္ဓဿ (၃+၁)**

အကြောင်း (၃)ပါးဖြစ်လျှင် အကျိုး (၁)ပါး။

http://www.dhammadownload.com



**ဒွေ ခန္ဓာ၊ ဒွိန္နံ ခန္ဓာနံ (၂+၂)**

အကြောင်း (၂)ပါးဖြစ်လျှင် ကျန် (၂)ပါးအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

'**ကောခန္ဓာ**- ကုသိုလ်နာမ်ခန္ဓာတစ်ပါးသည်၊ **တိဏ္ဏန္နံ ခန္ဓာနံ**- ကုသိုလ်နာမ်ခန္ဓာသုံးပါးတို့အား၊ '**ဧကံမဟာဘူတံ ပဋိစ္စ၊ တယော မဟာဘူတာ**' မဟာဘုတ်တစ်ပါးအကြောင်းဖြစ်လျှင် ကျန်မဟာဘုတ်သုံးပါးအကျိုးတို့အား' စသည်ဖြင့် ကျေးဇူးပြုသည်။

## သဟဇာတကျေးဇူးပြုပုံအကျယ်

(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | (သင်္ချာ-၉) | | အကျိုးတရား(ပစ္စယုပ္ပန်) |
|---|---|---|---|
| ကု၂၁၊စေ ၃၈၊ နာမ်ခန္ဓာ (၁×၃×၂) | ကု | ကု | ကု-၂၁၊ စေ-၃၈၊ နာမက္ခန္ဓာ (၃×၁×၂) |
| | | ဗျာ | ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| အကု ၁၂၊စေ ၂၇၊နာမ်ခန္ဓာ | အကု | အကု | အကု-၁၂၊ စေ-၂၇ နာမက္ခန္ဓာ |
| | | ဗျာ | အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈ ပဉ်၊ပဋိ-နာမ်ခန္ဓာဟာဒယဝတ္ထု မဟာဘုတ် | ဗျာ | ဗျာ | ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈ နာမ်ခန္ဓာ ပဉ်၊ ပဋိ- နာမ်ခန္ဓာ-ဟာဒယဝတ္ထု မဟာဘုတ် |
| ပဉ်၊ကုသိုလ်-နာမ်ခန္ဓာ မဟာဘုတ် | ကု ဗျာ | ဗျာ | စိတ္တဇရုပ် |
| ပဉ်၊အကုသိုလ်-နာမ်ခန္ဓာ မဟာဘုတ် | အကု ဗျာ | ဗျာ | စိတ္တဇရုပ် |

**မှတ်ချက်။** (အပေါ် (၇)ချက် ဟေတုနှင့် တူ၏။ အောက်(၂)ချက်မှာ 'ကုသလာဗျာကတော အဗျာကတဿ။ အကုသလာဗျာကတော အဗျာကတဿ' ဟု ဆို၍ အဓိပ္ပါယ်တွဲစပ်ပါ။)

**နာမ်ကလာပ်တစ်ခု သဟဇာတကျေးဇူးပြုပုံ**

လိုချင်မှု လောဘစိတ်တစ်ခု၌ စေတသိက် (၁၉)ပါး ယှဉ်၏။ စိတ်တစ်ခုထည့်သော် (၂၀)ပါး ဖြစ်၏။ ထို (၂၀)သည် လောဘစိတ်၏ 'နာမ်

http://www.dhammadownload.com



ကလာပ်တစ်ခု' ဖြစ်သည်။ နာမ်ကလာပ်တစ်ခု ဖြစ်သည်နှင့်တစ်ပြိုင်နက် စိတ္တဇရုပ် ကလာပ်တို့ပါလိုက်၍ ဖြစ်ကြ၏။

ထိုလောဘစိတ်ကလာပ်တွင် ခံစားမှုဟူသော ဝေဒနာခန္ဓာသည် အကြောင်း ပစ္စည်းဖြစ်ခိုက်တွင် မှတ်သားမှု သညာ၊ တိုက်တွန်းစေ့ဆော်မှုသင်္ခါရ၊ သိမှုဝိညာဏ် ဟူသော ကျန်နာမ်ခန္ဓာ (၃)ပါးတို့သည် အကျိုးပစ္စယုပ္ပန်အဖြစ်ဖြင့် တစ်ပြိုင်နက် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ထို့အတူ နာမ်ကလာပ်သည် အကြောင်းဖြစ်ခိုက်၌ စိတ္တဇရုပ်တို့အား အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုသည်။ ဥတုဇရုပ်၊အာဟာရဇရုပ်တို့အားကား ကျေးဇူး မပြုနိုင်။ ထိုရုပ်တို့သည် စိတ်တို့နှင့် တစ်စုံတရာ သဟဇာတအကြောင်းမထိုက်သဖြင့် မသက်ဆိုင်သောကြောင့်တည်း။

လောဘစိတ်နှင့် သဘာဝမတူသော ဒေါသ၊ အလောဘစသော ဆန့်ကျင် ဘက်တရားတို့သည်လည်း လောဘနှင့် သဟဇာတမဖြစ်နိုင်၍ ပစ္စည်းမတပ်နိုင်ပါ။ သဘောတူရာ ယှဉ်ဖက်တရား အချင်းချင်းသာ ပစ္စည်းတပ်နိုင်၏။ ထိုသဘောကိုပင် 'သမဏေန၊သမဏော'၊'ဂေါဏေန၊ ဂေါဏော' ဟု ဆိုကြမှုဖြစ်သည်။

### ပဋိသန္ဓေနာမ်ကလာပ် သဟဇာတဖြစ်ပုံ

လူ့ပြည်တွင် မဟာဝိပါက်ပထမစိတ်ဖြင့် ပဋိသန္ဓေနေသူအား ထိုမဟာ ဝိပါက်ပထမ ပဋိသန္ဓေစိတ်နှင့်အတူ စေတသိက် (၃၃)ပါး။ စိတ်(၁)ပါး ထည့်၍ (၃၄)ပါးတို့ကို ပဋိသန္ဓေနာမ် ကလာပ်(၁)ခုဟု ခေါ်၏။ ထိုပဋိသန္ဓေနာမ် ကလာပ်နှင့် တပြိုင်နက် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကခေါ် ကမ္မဇကလာပ် (၃)စည်းဟူသော ရုပ်ပေါင်း (၃၀)တို့ ဖြစ်၏။

ထိုပဋိသန္ဓေဝိညာဏ်၌ နာမ်ခန္ဓာ (၄)ပါးတို့သည် နာမ်အချင်းချင်း သဟဇာတဖြစ်သကဲ့သို့၊ ပဋိသန္ဓေဝိညာဏ်သည် ဟဒယဝတ္ထုကြည် ကမ္မဇကလာပ် (၃)စည်းအား (နာမ်က ရုပ်အား) သဟဇာတဖြစ်သည်။ ထို့အတူ ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုရုပ်သည်လည်း အချင်းချင်း အပြန်အလှန် (နာမ်က ရုပ်အား၊ ရုပ်က နာမ်အား) သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြသည်။

### အချိန်နေရာပုဂ္ဂိုလ်နှင့်သဟဇာတသတ္တိ

သဟဇာတသတ္တိသည် ကာလအားဖြင့် ပစ္စုပ္ပန်အချိန်၌သာ ကျေးဇူးပြုနိုင်၏။ ဘုံအားဖြင့် (၃၁)ဘုံတို့၌ ရအပ်သော်လည်း ပဥ္စဝေါကာရဘုံ၌သာ သဟဇာတ

http://www.dhammadownload.com



သတ္တိကို အပြည့်အစုံ ရနိုင်၏။ ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်အရိယာ (၁၂)ယောက်လုံးတို့၌ ရအပ်၏။

နိရောဓသမာပတ်ဝင်စားနိုက်ပုဂ္ဂိုလ်နှင့် ရုပာဗ္ဗာပုဂ္ဂိုလ်တို့၏ စုတိအခိုက်တို့၌ ရုပ်သဟဇာတသာ ကျေးဇူးပြုနိုင်ပါသည်။ သဟဇာတသည် ရုပ်နာမ်အစုံပါသော အဇ္ဈတ္တသန္တာန်၌သာမက၊ ရုပ်ချည်းရှိသော ဗဟိဒ္ဓသန္တာန်တို့၌လည်း ကျေးဇူးပြုနိုင်ပါသည်။

## သဟဇာတသတ္တိဖြင့်လက်တွေ့အသုံးချခြင်း

### ခတ်သတ္တိတို့ ကူးစက်တတ်ပုံ

လူတစ်ယောက်တွင် ခန္ဓာငါးပါးရုပ်နှင့်နာမ်တရားတို့ သဘောတူရာ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဟူသော သဟဇာတစွမ်းအင်တို့ ရှိ၏။ သဘောတရားကွဲပြားသော ဆန့်ကျင်ဘက်တရားတို့မှာကား အချင်းချင်းအတူတကွ မဖြစ်နိုင်၍ သဟဇာတစွမ်းအင် မရရှိနိုင်ပါ။ သဟဇာတစွမ်းအင်ရှိသောစိတ်တို့သည် ယှဉ်ဖက်စေတသိက်များနှင့် စိတ်ကြောင့်ဖြစ်သော ကိုယ်နှုတ်အမူအရာရုပ်များကိုပါ ကျေးဇူးပြုနိုင်ကြသည်။

ထို့ကြောင့် ကောင်းသော ကုသိုလ်စိတ်ဖြင့် သဟဇာတစွမ်းအင်ရှိသော စေတသိက်များနှင့် ကိုယ်နှုတ်အမူအရာရုပ်တို့၌လည်း ကောင်းသောကုသိုလ်ခတ်များ အတူရှိနေနိုင်၍၊ မကောင်းသော အကုသိုလ်စိတ်ဖြင့် သဟဇာတစွမ်းအင်ရှိသော စေတသိက်များနှင့် ကိုယ်နှုတ် အမူအရာရုပ်တို့တွင်လည်း အကုသိုလ်ခတ်များ ကူးစက်ရောက်ရှိနိုင်၏။ 'တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး' စကားကဲ့သို့ ခတ်သဘောကောင်းသူတို့နှင့် ပေါင်းသင်းဆက်ဆံပါက ခတ်ကောင်းများရရှိနိုင်၍ ခတ်သဘောဆိုးသူတို့နှင့်ပေါင်းလျှင် ခတ်ဆိုးများ ရှိလာပေမည်။

### မိသားစုနှင့် သဟဇာတ်တရား

သဟဇာတသတ္တိစွမ်းအင်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သန္တာန်၌ ကျေးဇူးပြုနိုင်သကဲ့သို့၊မိသားစု ,မိတ်ဆွေစသည်တို့ အချင်းချင်းပေါင်းသင်း ဆက်ဆံရာ၌လည်း မဖြစ်မနေ ရှိနေသည်သာ ဖြစ်၏။

မိသားစုအတွင်း၌ အချင်းချင်း စိတ်ခတ်၊ဆန္ဒ၊ဝါသနာ၊ စရိုက်၊ အကြိုက်စသည်တို့ တူညီမှုရှိမှသာ အတူတကွ တပြိုင်နက် ကျေးဇူးပြုမှု သဟဇာတစွမ်းအင်များ ဖြစ်ပေါ်၍ အပြန်အလှန် ထောက်ပံ့ကူညီမှု အညမညသတ္တိတို့လည်း

http://www.dhammadownload.com


တိုးပွားရရှိလာနိုင်ပေမ၏။

တစ်ယောက်က တမ်မျိုးကြိုက်၍ တစ်ယောက်က နောက်တစ်မျိုးစီ ကြိုက်နေမှု၊ တစ်ဦးက ကုသိုလ်ပြုလိုလျက် နောက်ပုဂ္ဂိုလ်တို့က အကုသိုလ်ပြုလိုမှုစသော သဘောထား ကွဲပြားမှုတို့သည် သဟဇာတ်စွမ်းအား ချို့တဲ့နွမ်းပါးခြင်းအကြောင်း ဖြစ်၏။

မိဘဖြစ်သူက ကုသိုလ်ဆန္ဒမျိုးဖြစ်ခဲ့လျှင် ကျန်ပုဂ္ဂိုလ်များကလည်း ကုသိုလ်ဆန္ဒမျိုးဖြစ်နိုင်မှသာ သဟဇာတ်စွမ်းအင်ဓာတ်ကောင်းများ ဖြစ်ပေါ်ရရှိလာနိုင်မည်။ အတူတကွ အညီအညွတ် ကုသိုလ်ပြုနိုင်၍ ကုသိုလ်အကျိုးတရားများ တိုးပွားပြည့်စုံလာပေမည်။

အကယ်၍ မိသားစုတစ်ခုလုံးက အကုသိုလ်စိတ်ဆန္ဒများနှင့်သာ သဟဇာတ်ဖြစ်ကာ ပေါင်းသင်းဆက်ဆံနေခဲ့လျှင်ကား အကုသိုလ်သဟဇာတ် မိသားစုဝင်များသာ ဖြစ်တော့သည်။

မိမိသူတစ်ပါးနှစ်ဦးသားနှင့် မိသားစုဝင်များအတွက် ကောင်းကျိုးတရားများကို ရွက်ဆောင် သယ်ပိုးလိုသူတို့ကား ကုသိုလ်သဟဇာတ် မိသားစုဝင်များ ဖြစ်ဖို့ လိုပါသည်။

## အပေါင်းအသင်းနှင့် သဟဇာတ်တရား

လူသည် ပတ်ဝန်းကျင်နှင့်အတူ ရှင်သန်ကြီးထွားလာရ၏။ တစ်ဦးတစ်ယောက်တည်းဖြင့် ရပ်တည်၍ မဖြစ်နိုင်။ ပတ်ဝန်းကျင်နှင့်မကင်းသမျှ အပေါင်းအသင်းများနှင့်ဆက်ဆံနေရသမျှတွင် လူတစ်ယောက်ချင်းစီ၌ ပတ်ဝန်းကျင်ပုဂ္ဂိုလ်များနှင့် အတူတကွ ကျေးဇူးပြုနိုင်မှုသဟဇာတ်စွမ်းအင်သည် ရှိကြလေ၏။

အကယ်၍ မိမိက ပတ်ဝန်းကျင်နှင့် သဟဇာတ်မဖြစ်နိုင်ခဲ့လျှင် မိမိသည် ပတ်ဝန်းကျင်နှင့် အဆင်မပြေနိုင်။ ကောင်းတူဆိုးဖက် မဆက်ဆံနိုင်၍ အထီးကျန်၊ အဖော်မဲ့သူ တစ်ကောင်ကြွက်ဘဝမျိုးသာ ဖြစ်ရလေ၏။ အကယ်၍ မိမိပေါင်းသင်းသော ပတ်ဝန်းကျင်က ဆိုးသွမ်းရိုင်းစိုင်းသော လူဆိုး၊လူမိုက်၊ အကုသိုလ်အသိုင်းအဝိုင်းမျိုး ဖြစ်နေခဲ့ပြန်လျှင်လည်း မိမိသည် အကုသိုလ်သဟ ဇာတ်ဝင်တစ်ယောက် ဖြစ်ရတော့၏။

မိမိကိုယ်တိုင်ကလည်း သူတော်ကောင်းဖြစ်လျက်၊ ကောင်းမြတ်သည့် သူတော် ကောင်းပတ်ဝန်းကျင်နှင့်သာ ပေါင်းသင်းဆက်ဆံနိုင်ပါက ကုသိုလ်သဟဇာတ်ဝင်တစ်ယောက် ဖြစ်နိုင်ပေတော့၏။

http://www.dhammadownload.com



### သူတော်ကောင်းနှင့် သူယုတ်မာ

သဟဇာတ်သတ္တိ၌ ဓာတ်သဘောချင်း ဆန့်ကျင်သူတို့သည် ပေါင်းသင်းဆက်ဆံမှု မဖြစ်နိုင်။ သမဏောနသမဏော၊ ဂေါဏောနဂေါဏော၊ဆိုသကဲ့သို့ ဓာတ်တူ၊ဝါသနာတူ၊ စရိုက်တူ၊ အကြံတူသူချင်းသာ ပေါင်းဖက်ဆက်ဆံနိုင်ကြသည်။

ကုသိုလ်နှင့် အကုသိုလ်သဘောသည် မိတ်ဆွေနှင့်ရန်သူပမာ မဆက်ဆံမရင်းနှီးနိုင်။ သူတော်ကောင်းနှင့် သူယုတ်မာတို့သည်လည်း အရှေ့နှင့် အနောက်ပမာ သဟဇာတ်ကမ္ဘာ ဝေးကွာလှ၏။ ယုတ်ညံ့သောစိတ်ထားနှင့် နှလုံးသွင်းဆိုးရှိသူများနှင့် စိတ်နှလုံးမြင့်မြတ်သည့် သူတော်ကောင်းဓာတ်ရှိသည့်ပုဂ္ဂိုလ်တို့သည် တစ်မိုးတရံတစ်ခြံတွင်း၌ အတူနေရပါသော်လည်း ရေနှင့်ဆီကဲ့သို့ သဟဇာတ်သတ္တိ မရှိနိုင်။

### သဟဇာတပစ္စည်း၏ အကျိုးတရား

ကာမဂုဏ်ငါးပါး,အာရုံခြောက်ပါးတို့၌ ပျော်ပါးခံစားခြင်း ဝေဒနက္ခန္ဓာဖြစ်သဖြင့် သညာစသော ခန္ဓာလေးပါး ရုပ်နာမ်တရားတို့ ဖြစ်ပွားကြ၏။ ပုဂ္ဂိုလ်, သတ္တဝါ,သူ,ငါ တစ်ပါး,ယောကျ်ား,မိန်းမ,မဟုတ်၊ အနိစ္စ,ဒုက္ခ,အနတ္တဖြစ်သော ခန္ဓာငါးပါး၊ အာရုံခြောက် ပါးတို့၌ တွေဝေမိန်းမောသဖြင့် သတ္တသညာစသော သညာဝိပ္ပလ္လာသတို့ဖြစ်၍ ဝေဒနာစသော ခန္ဓာ,အာယတန,ဓာတ်တို့ အဆက်မပြတ်ဖြစ်ပွားလာကြခြင်း ဖြစ်၏။

ကာမဂုဏ်အာရုံတို့အပေါ်၌ ထိုသို့ ခံစားခြင်းဝေဒနာပြတ်မှသာ သညာပြတ်နိုင်မည်။ သညာပြတ်မှသာ ဝိပ္ပလ္လာသတရားတို့ဖြင့် မဖေါက်ပြန်၍ သံခါရစသော ခန္ဓာလေးပါး၊ရုပ်နာမ်တရားများ ဖြစ်ပွားမှု ပြတ်ဆဲသည်။ ထို့ကြောင့် မိမိတို့၏ခန္ဓာ့ဝန်ကို စွန့်နိုင်မှသာလျှင် သံသရာဝဋ်မှ ကင်းလွတ်ငြိမ်းအေးနိုင်မည်ဖြစ်ပါသည်။

### သဟဇာတပစ္စယော-ဘုရားရှိခိုး

အလင်းဖြစ်မှု၊ ဆီမီးပြုသည့်၊ တန္တုပမာ၊ သဟဇာတ၊ နာမနှင့်ရုပ်၊ ဘူတုပ္ပါဒါ၊ သန္ဓေခါလည်း၊ ဝိပါဝတ္ထု၊ ယှဉ်းခြောက်ခုအား၊ တူပြားအဋ္ဌ၊ သဘာဂတွင်၊ တကွမကွေ၊ ဖြစ်စေခြင်းဟူသော သဟဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်, မဟာဘုတ်၊ ဝတ္ထု,ပါက၊ သဟဇာတ (၆)ပါးပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

သဟဇာတပစ္စယောပြီး၏။

http://www.dhammadownload.com



# ၇။ အညမညပစ္စယော။
(အချင်းချင်းကူညီမှုသတ္တိဖြင့် ကျေးဇူးပြု၏။)

## ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)စတ္တာရော ခန္ဓာ အရူပိနော (ခ)အညမညပစ္စယေနပစ္စယော။

၂။ (က) စတ္တာရော မဟာဘူတာ (ခ)အညမညပစ္စယေနပစ္စယော။

၃။ (က)ဩက္ကန္တိက္ခဏေ နာမရူပံ (ခ)အညမညပစ္စယေနပစ္စယော။

## ပစ္စယနိဒ္ဒေသအနက်-

၁။ (က) စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာတို့သည်။ (ခ)အညမညပစ္စယေနပစ္စ ယော၊ အချင်းချင်း အညမညသတ္တိဖြင့်ကျေးဇူးပြု၏။ ကျန်ပုဒ်များ သဟဇာတနှင့်တူ၏။

---

## အညမညသတ္တိသရုပ်အဓိပ္ပါယ်များ

### အညမညနှင့်ပစ္စယ

အညမညဟူသည် 'အညော-တစ်ယောက်သည်၊ အညဿ-အခြားတစ်ယောက်အား 'ဟု အဓိပ္ပါယ်ရ၏။ တစ်ယောက်နှင့် အခြားတစ်ယောက်တို့ အချင်းချင်း ထောက်ပံ့ကူညီမှု သဘောမျိုးသည် အညမညမည်၏။

မိမိဟူသော(နာမ်၊ရုပ်)အကြောင်းပစ္စည်းတရားသည် မိမိမှတစ်ပါး အခြားသော အကျိုးပစ္စယုပ္ပန်တရားတို့အား အချင်းချင်း ထောက်ပံ့ကူညီမှုသတ္တိဖြင့် ကျေးဇူးပြုမှုသဘောကို 'အညမညပစ္စယော'ဟု ခေါ်သည်။

### အညမည၏ဥပမာ

အချင်းချင်း ထောက်ကန်၍ ထောင်ထားအပ်သော သစ်သားသုံးချောင်းတို့တွင် တစ်ချောင်းသည် အခြားနှစ်ချောင်းကို ကူညီထောက်ပံ့၍ ကျေးဇူးပြုသကဲ့သို့ ဖြစ်သည်။

http://www.dhammadownload.com



လင်္ကာ။ သစ်သားသုံးခွ၊ ချင်းချင်းမသို့၊ ထောက်ပံ့ကူမ၊သတ္တိပြ၊အညမညခေါ်။

အညမညသည် သဟဇာတမျိုးထဲတွင် ပါဝင်၍ သဟဇာတနှင့်သဘောသွား တူ၏။ အညမည၊ဝိပါက၊သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ(၄) ပစ္စည်းတို့ကို 'သဟမျိုးလတ်' အုပ်စုဟု ခေါ်၏။ သို့သော် သဟဇာတရထိုက်သောတရားတိုင်း အညမညမဖြစ်ပါ။ အညမညဖြစ်သော တရားတိုင်းသည်ကား သဟဇာတထိုက်၏။

ထို့ပြင် သဟဇာတသည် အတူတကွ ဖြစ်၍ ကျေးဇူးပြုရုံသာ ဖြစ်၏။ အညမညသည် အတူတကွဖြစ်ရုံမျှမကဘဲ အချင်းချင်း အပြန်အလှန်သဘောမျိုးဖြင့် အပေးအယူ ကျေးဇူးပြုနိုင်သည်။

## အညမညကျေးဇူးပြုပုံဇယား

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| နာမ်ခန္ဓာ ၄-ပါး(၁×၃×၂) | အချင်းချင်း (၃×၁×၂) |
| မဟာဘုတ် ၄-ပါး(၁×၃×၂) | အချင်းချင်း (၃×၁×၂) |
| ပဋိသန္ဓေနာမ်ခန္ဓာ ဟဒယဝတ္ထု | အချင်းချင်း (နာမ်×ရုပ်) |

### ပစ္စည်း+ပစ္စယုပ္ပန်ကျေးဇူးပြုပုံ

၁။ စိတ်,စေတသိက်ဟူသော နာမ်ခန္ဓာ (၄)ပါးတို့သည် အချင်းချင်းအား၊ (နာမ်ချင်း)

၂။ မဟာဘုတ်ရုပ် (၄)ပါးတို့သည် အချင်းချင်းအား၊(ရုပ်ချင်း)

၃။ ပဋိသန္ဓေအခါ ပဉ္စဝေါကာရဘုံ၌ပဋိသန္ဓေနာမ်ခန္ဓာ (၄)ပါးနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်းအား၊ (နာမ်ရုပ်ချင်း)ထောက်ပံကူညီမှု အညမညသတ္တိဖြင့် ကျေးဇူးပြုသည်။

လင်္ကာ။ စိတ်[၁],စေ[၂],ဘုတ်စု[၃]၊ ဝတ္ထုသန္ဓေ[၄]၊ ဤလေးထွေ၊ တပ်လေအညမည်။

### သဟဇာတသာဖြစ်၍ အညမညမဖြစ်ပုံ

ဥပမာ-လောဘစိတ်သည် လောဘစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များကို သဟဇာတ်သတ္တိဖြင့် အတူတကွဖြစ်၍ ကျေးဇူးပြုနိုင်၏။ သို့သော် ထိုစိတ္တဇရုပ်များ သည် လောဘစိတ်ကို အပြန်အလှန်အညမညသတ္တိဖြင့်ကား ကျေးဇူးပြန် မပြုနိုင်ပါ၊

http://www.dhammadownload.com



## အညမညနှင့် သဟဇာတထူးခြားချက်

သဟဇာတသည် အတူတကွဖြစ်ကိုက်သောတရား အချင်းချင်းအား ကျေးဇူးပြု၏။ အညမညကား အတူတကွဖြစ်ထိုက်သော တရားများမှ ပို၍ကြောင်းကျိုးနီးကပ်သောတရား အချင်းချင်း ထောက်ပံ့ကူညီခြင်းဖြင့် အပြန်အလှန် ကျေးဇူးပြုသည်။ (မိမိ၏ သူငယ်ချင်း, မိတ်ဆွေနှင့် မိမိ၏မိသားစုအား ကူညီထောက်ပံ့ပုံ မတူသကဲ့သို့တည်း)

### အညမညကျေးဇူးပြုပုံအကျယ်
(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | အရေအတွက်-၃ | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ကု(၂၁)၊စေ(၃၈)နာမ်ခန္ဓာ (၁×၂×၃) | ကု | ကု | ကု(၂၁)၊စေ(၃၈)၊ နာမက္ခန္ဓာ (၃×၁×၂) |
| အကု(၁၂)၊စေ(၂၇)နာမ်ခန္ဓာ | အကု | အကု | အကု(၁၂)၊စေ(၂၇)၊ နာမက္ခန္ဓာ |
| ဝိ(၃၆)၊ကြိ(၂၀)၊ စေ(၃၈) ပဉ်၊ပဋိ-နာမ်ခန္ဓာဟဒယဝတ္ထု မဟာဘုတ် | ဗျာ | ဗျာ | ဝိ(၃၆)၊ကြိ(၂၀)၊ စေ(၃၈)နာမ်ခန္ဓာ ပဉ်၊ပဋိ-နာမ်ခန္ဓာ-ဟဒယဝတ္ထု မဟာဘုတ် |

စိတ်စေတသိက်ရုပ်နိဗ္ဗာန်ဟူသော ပရမတ်(၄)ပါးတို့တွင် အညမည ထိုက်သောတရားတို့မှာ **'စိတ်,စေ,ဘုတ်စု၊ ဝတ္ထုသန္ဓေ၊ ဤလေးထွေ'** အရ-

၁။ စိတ်,စေတသိက်ဟူသော နာမ်ခန္ဓာ (၄)ပါးအချင်းချင်း၊

၂။ မဟာဘုတ်ရုပ် (၄)ပါး အချင်းချင်း၊

၃။ပဋိသန္ဓေအခါ ပဥ္စဝေါကာရပဋိသန္ဓေ နာမ်ခန္ဓာ (၄)ပါးနှင့် ဟဒယဝတ္ထုရုပ်ဟု နာမ်နှင့်ရုပ် အချင်းချင်းကျေးဇူးပြုမှု (၃)ပါးမျိုးသာ ရှိသည်။

## နာမ်ခန္ဓာ(၄)ပါး အချင်းချင်းကျေးဇူးပြုပုံ

'သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့'၊ 'အိုးပဲ့နှင့် စလောင်းပဲ့' စသောစကားတို့ကဲ့သို့ ကုသိုလ်နာမ်ခန္ဓာသည် ကုသိုလ်နာမ်ခန္ဓာအချင်းချင်း 'ကုသလော၊ ကုသလဿ'ဟု လည်းကောင်း၊ အကုသိုလ်နာမ်ခန္ဓာသည် အကုသိုလ်နာမ်ခန္ဓာအချင်းချင်း 'အကုသလော၊ အကုသလဿ'ဟုလည်းကောင်း အညမည

http://www.dhammadownload.com


သတ္တိဖြင့် ကျေးဇူးပြု၏။

**လင်္ကာ**။ မြင်စိတ်,ရှေးဦး၊ ကြီးမှူးပေါ်လာ၊ ခံစား,မှတ်သား၊ ပြင်တရား,ဆက်ကာ၊
အချင်းချင်းလဲ၊ ထောက်မြဲတံထွာ၊ အကျိုးဆက်၊ တိုးတက်ဖြစ်ကာလာ။

**အဗျာကတတရားအချင်းချင်းကျေးဇူးပြုပုံ**

အဗျာကတနာမ်ရုပ်ခန္ဓာတို့တွင် မဟာဘုတ်လေးပါးတို့သည်လည်း အချင်းချင်းထောက်ပံ့ကူညီမှုသတ္တိဖြင့်လည်းကောင်း၊ ပဋိသန္ဓေဝေါက္ကာရနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်ခန္ဓာတို့သည်လည်း အချင်းချင်းထောက်ပံ့ ကူညီမှု သတ္တိဖြင့်လည်းကောင်း၊ 'အဗျာကတော၊ အဗျာကတဿ'ဟု အပြန်အလှန် ကျေးဇူးပြုနိုင်ပေ၏။

**လင်္ကာ**။ မြေရေလေမီး၊ ဓာတ်ကြီးလေးဖြာ၊ အချင်းချင်းလည်း၊ ထောက်မြဲတံတွာ။
အညမည၊ ထင်ကရမကွာ၊ အကျိုးဆက်၊ တိုးတက်ဖြစ်ကာလာ။
သန္ဓေဇာတိ၊ ချိန်ရှိကာလေ၊ ရုပ်နာမ်နှစ်ဦး၊ ခွဲဘူးတူပေ၊
သန္ဓေဝတ္ထု၊ ထောက်မှုချင်းပေ၊ ပဋိသန္ဓေ၊ မှတ်လောငါးခန္ဓေ။
အညမညသတ္တိအချိန်နေရာပုဂ္ဂိုလ်တို့သည် သဟဇာတအတိုင်းတူ၏။

---

အညမညစွမ်းအင်ဖြင့်လက်တွေ့ကျင့်သုံးခြင်း

**လူတစ်ယောက်တွင် အညမညစွမ်းအင်**

အညမညသတ္တိသည် အတူတကွယှဉ်တွဲ ဖြစ်ရုံမျှမက အပြန်အလှန် ထောက်ပံ့ကူညီမှုမျိုးဖြင့်လည်း ကျေးဇူးပြု၏။ အတူတကွဖြစ်ရုံမျှဆိုလျှင် သဟဇာတသာဖြစ်၍ အညမည မဖြစ်။ အညမညဖြစ်လျှင်ကား သဟဇာတ်သတ္တိလည်း မလွဲမသွေပါဝင်ရလေ၏။ ထို့ကြောင့် အညမညသတ္တိကား သဟဇာတထက်ပို၍ စွမ်းအင်ထက်မြက်သည်။ အညမညသတ္တိမပါရှိပါက လူတစ်ယောက်တွင် မိမိ၏ရုပ်နာမ်ခန္ဓာငါးပါးတို့သည် အခြေမခိုင် ယိုင်လဲပြိုကျ၍ သေဆုံးရပေတော့၏။ မိမိနှင့်အပြန်အလှန် ထောက်ပံ့ကူညီမည့်သူမဲ့၍ အထီးကျန်၊တစ်ကောင်ကြွက်မျိုးသာဖြစ်ရပေမည်။

**အညမညရှာ သဟဇာတ်မှာတွေ့**

အညမညစွမ်းအားရှိသူများကို ရှာဖွေကြည့်လိုလျှင် သဟဇာတ်ရှိသူများ

http://www.dhammadownload.com



ထံ၌သာ တွေ့ရပေမည်။ သဟဇာတ်ရှိသူများကို ရှာဖွေလျှင်ကား အညမညသတ္တိ ရှိသူများ ထံ၌ဖြစ်စေ၊ အခြားတစ်ပါးသော ပတ်ဝန်းကျင်များဖြစ်စေ တွေ့ရနိုင်ပေ၏။ အကယ်၍ မိမိနှင့် အတူတကွ ဖြစ်မှုဟူသည့်သဟဇာတ်သတ္တိမှ မရှိသူထံ၌ကား အညမညစွမ်းအားလည်း ရှိနေနိုင်လိမ့်မည် မဟုတ်။ အညမညစွမ်းအင်ရှိသူထံ၌ကား သဟဇာတ်ကော၊ အညမညသတ္တိပါ နှစ်မျိုးလုံး ရှိနေနိုင်မည် ဖြစ်၏။

## အပေးအယူ မျှဝေခံစား အညမညစွမ်းအား

ရုပ်နှင့်နာမ်ခန္ဓာငါးပါးတို့သည် တစ်ပါး၏စွမ်းအင်သတ္တိကို ကျန်ခန္ဓာများကို့အား အပေးအယူသဘောမျိုးဖြင့် မျှဝေခံစားလျက် ထောက်ပံ့ကူညီမှု ကျေးဇူးပြုကြခြင်း ဖြစ်၏။ လူ့ပတ်ဝန်းကျင်အတွင်း၌ အညမညစွမ်းအားရှိသူတို့မှာ တစ်ယောက်ကောင်းစားလျှင် မနေသာ။ မိမိ၏အဖော်၊ မိသားစု၊ မိတ်ဆွေ၊ ချစ်သူစသည့် အချင်းချင်းတို့အား မျှဝေခံစားတတ်လေ့ရှိ၏။

ထို့အတူ တစ်ဦးဒုက္ခတွေ့ပြန်လျှင်လည်း ဥပေက္ခာဖြင့် လျစ်လျူမရှုကြ။ မှဟန်မဆောင်တတ်ကြ။ ကောင်းကောင်းဆိုးဆိုး မျှဝေခံစားတတ်ကြလေ၏။ အေးအေး,ပူပူ၊ ယူလည်းယူ၍ ပေးလည်းပေးတတ်ကြ၏။ ပေးကားပေး၍ ယူသူလည်း မဟုတ်။ ယူကားယူ၍ ပြန်မပေးတတ်သူမျိုးလည်း မဟုတ်ပေ။ အညမညစွမ်းအားသည် အပေးနှင့်အယူ တူညီမျှစွာ မျှဝေခံစားမှုစွမ်းအင်သတ္တိမျိုး ဖြစ်ပေသည်။

## ဒေါသစိတ်နှင့် အညမည

အာရုံဆိုးတစ်ခုကြောင့် စိတ်ဆိုးမှုဒေါသစိတ်သည် သူနှင့်အပေါင်းဖော် ဟူသော, မစ္ဆရိယ၊ကုက္ကုစ္စစသော ယှဉ်ဖက်များနှင့် သဟဇာတလည်း ဖြစ်၏။ အညမညဖြင့်လည်း ကျေးဇူးပြု၏။ ထိုဒေါသစိတ်ကြောင့်ဖြစ်သော ဒေါသအမူ အကျင့် ကိုယ်နှုတ်ရုပ်တို့နှင့်ကား သဟဇာတသာဖြစ်၏။ အညမညမဖြစ်။ ဒေါသ အမူအရာ,အပြောအဆိုတို့ကို ဒေါသစိတ်က ကျေးဇူးပြုနိုင်သော်လည်း ဒေါသအမူအရာ,အပြောအဆိုတို့က ဒေါသစိတ်ကို အပြန်အလှန် တုံ့ပြန်၍ ကျေးဇူးမပြုနိုင်ပါ။

## အပေါင်းအဖော်များနှင့် အညမည

မိမိ၏ ပတ်ဝန်းကျင်၌ မိမိနှင့်စိတ်တူကိုယ်တူ ကြည်ဖြူစွာ ပေါင်းသင်း

http://www.dhammadownload.com



ဆက်ဆံ သူတို့ရှိကြ၏။ ထိုတွင် အချို့မှာ မိမိနှင့်အပေါင်းအဖော်သာ ပြု၏။ မိမိ၏ကျေးဇူးပြုမှုမျိုးကို သာ ခံယူ၏။ သို့သော် မိမိအား တုံ့ပြန်ကျေးဇူးပြုမှုမျိုးကား မရှိ။ ထိုသူမျိုးသည် မိမိနှင့် သဟဇာတ်သတ္တိသာရှိ၍ အညမညသတ္တိမရှိသူဖြစ်၏။

အချို့ကား မိမိနှင့်အပေါင်းအဖော်လည်း ဖြစ်၏။ မိမိထံမှ လိုအပ်သော ကူညီပံ့ပိုး မှုမျိုးကို လိုအပ်သည့်အခါအားလျော်စွာ ရယူတတ်သကဲ့သို့၊ မိမိလိုအပ် သည့်အကူအညီမျိုးကိုလည်း အခါအားလျော်စွာ တုံ့ပြန်ကူညီပံ့ပိုးတတ်လေသည်။ ထိုသူများကား မိမိနှင့် သဟဇာတ်သတ္တိလည်းရှိ၍ အညမညစွမ်းအင် အပြည့်ရှိ နေသူများသာ ဖြစ်ကြသည်။

## မိသားစုများနှင့် အညမညစွမ်းအား

မိသားစုအတွင်း၌ အညမညစွမ်းအားသည် လိုအပ်သည်ထက်ပင် ပို၍အရေး ပါလှ၏။ အိမ်ထောင်စုတစ်ခုသည် သာယာအေးချမ်းမှု ရှိနေသည်ဟုဆိုလျှင် ထိုအိမ် ထောင်စုထဲ၌ တစ်ယောက်နှင့်တစ်ယောက်အကြားတွင် 'မိသားစုစိတ်ဓာတ်' ဂ ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးထားသည်ကို တွေ့ရပေမည်။ မိဘနှ သားသမီး၊ ဇနီးနှင့်ခင်ပွန်း၊ ညီအစ်ကိုမောင်နှမများ၊ ချစ်သူခင်သူတို့အကြား ပျော်ရွှင်အေးချမ်းမှုစသော အကျိုးတရားများ တိုးပွားဖြစ်ပေါ်လာနိုင်ရန် အညမ သတ္တိက ပေါင်းကူးတံတားသဖွယ် ဆက်ဆံပေးထားလေ၏။ ထိုသဘောကိုပ 'တစ်ယောက်ကျေးဇူး၊ တစ်ဦးမေတ္တာ' ဟု လောကသဘော ပြောဆိုကြလေသည်

## အညမညစွမ်းအားသည် ပေါင်းကူးတံတား

အညမညသတ္တိစွမ်းအားဖြင့် ဖွဲ့စည်းထားသည့် မိသားစုပေါင်းကူးတံတ တစ်ခု၌ စေတနာ၊မေတ္တာ၊ကရုဏာ၊မုဒိတာ၊နှင့်သစ္စာတရား၊ ကိုယ်ကျင့်သိက္ခာစသေ ကြိုး,သစ်သား တို့ဖြင့်တည် ဆောက်ထားခြင်း ဖြစ်၏။ ထိုပေါင်းကူးတံတ ကြောင့်ပင် မိသားစုစိတ်ဓာတ် ဆက်ဆံရေးသည် အရှည်တည်တံ့၏။ မြဲမြံခိုင်ခံ့၏ သာယာငြိမ်းအေးလျက် စည်ပင်ဝပြောမှု စသောကောင်းကျိုးတရားများ တိုးပွ လာနိုင်ခြင်း ဖြစ်၏။

## မိသားစုစိတ်ဓာတ်နှင့် အညမညသတ္တိ

မိသားစုစိတ်ဓာတ်ရှိသူတို့တွင် မိမိနှင့်အတူတကွ ပေါင်းဖော်ယှဉ်ဖ တစ်ဦးသည် အဆင်မပြေ ဒုက္ခရောက်၏။ ကိုယ်ဆင်းရဲစိတ်ဆင်းရဲ ဖြစ်ကြုံရ

http://www.dhammadownload.com


အခြေအနေမခိုင်ဘဲ ယိမ်းယိုင်ပြိုလဲကျ၏။ ထိုအခါတွင် မိသားစုစိတ်ဓာတ်ရှိနေသူများက အဆင်ပြေအောင် ကူညီထောက်ပံ့၏။ ဒုက္ခကို မျှဝေခံစား၏။ ယိမ်းယိုင်မှုတို့ကို ကူညီတည့်မတ်ပေးကြလေ၏။

ထိုမိသားစုစိတ်ဓာတ်ဟူသည် အညမညသတ္တိပင် ဖြစ်၏။ အညမညသတ္တိသည် သုံးချောင်းထောက်ပမာတူစွာ တစ်ချောင်းယိုင်လဲသော်လည်း ကျန်နှစ်ချောင်းက ခိုင်မြဲအောင် ကူညီထောက်ကန်၍ ကျေးဇူးပြုလေ၏။ ဥပေက္ခာသဘောဖြင့် လျစ်လျူရှုမှုမျိုး မဟုတ်ချေ။

## တစ်ယောက်မကောင်းလည်း ကောင်းနေမယ်

အညမညစွမ်းအင်ရှိနေလျှင် ဇနီးနှင့်ခင်ပွန်း၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ချစ်သူနှစ်ဦးစသူတို့တွင် တစ်ဦးတစ်ယောက်က မှားမိ၊ဆိုးမိုက်မိသော်လည်း ကျန်တစ် ယောက်သာ ကောင်းနေမည်ဆိုပါက ဆိုးဘက်မိုက်ဘက်သို့ ရောက်မသွားနိုင်ပါ။ တစ်ယောက် ၏အကောင်းဓာတ်က ကျန်တစ်ယောက်အား ထောက်ပံ့ကူညီမှု ပြုနိုင်သောကြောင့် ဖြစ်၏။

မိဘတို့က ဝတ္တရားနှင့်အညီ စေတနာ၊မေတ္တာအလျောက် သားသမီးတို့အား အမှားကို ပြုပြင်ပေးကြ၏။ အမှန်ကို လမ်းညွှန်ဆုံးမ၏။ သို့သော် တစ်ခါတရံ မိဘဖြစ်သူတို့ မှားမိမိုက်မိသောအခါ၌ သားသမီးတို့က အမှန်ကို ထောက်ပြရ ကောင်းမှန်းမသိ။ အဆိုးကို အကောင်းဖြင့်သော်လည်း အစားထိုးမပေးနိုင်ကြ။ ထိုသားသမီးသည်ကား မိဘတို့နှင့် သဟဇာတ်သာရှိ၍ အညမညသတ္တိ ချို့တဲ့သူသာတည်း။

လောက၌ 'သားသမီးမကောင်း၊ မိဘခေါင်း'ဟုသာ ဆိုလေ့ရှိ၏။ သို့သော် 'မိဘမကောင်းလျှင်ကား ခံမည့်ခေါင်းမရှိ ဖြစ်နေမှုမှာ မိဘနှင့်အညမညသတ္တိရှိသော သားသမီးများ ရှားပါးမှုကြောင့်ပင်တည်း။

ထို့အတူ၊ ဇနီးခင်ပွန်းအချင်းချင်း၊ မိတ်ဆွေအပေါင်းအသင်းအချင်းချင်း၊ ချစ်သူ သူငယ်ချင်းအချင်းချင်းတို့၌လည်း သဟဇာတ်ရှိသူတို့သာ ပေါများ၍ အညမညသတ္တိပါ ရှိသူတို့မှာကား လွန်စွာနည်းပါးလှသည်မှာ သတိပြုသင့်စရာပင်။

## ဆရာမကောင်းတော့ မည်သူ့ခေါင်းလဲ

ဆရာနှင့်တပည့် ဆက်ဆံရာ၌လည်း ဆရာ့တာဝန်မှာ တပည့်အား လိမ္မာတတ်သိဖို့၊ လမ်းမှန်သွားနိုင်ဖို့အတွက် ပြောဆိုဆုံးမ ညွှန်ပြရ၏။ တစ်ခါတရံ၌

http://www.dhammadownload.com



မီးပြသမား အပေါက်ကျွံသွားသကဲ့သို့ လမ်းညွှန်မှားနေခဲ့ပြန်သော် တပည့်သာမက၊ ဆရာပါ နစ်နာဆုံးရှုံးမှု ကြုံရတတ် လေ၏။ ထို့ကြောင့် ကောင်းကျိုးလိုလားသူမှန်လျှင် မိမိက သားသမီးပင် ဖြစ်ပါစေ၊ တပည့်ပင် ဖြစ်နေပါစေ၊ ဆရာမိဘစသူတို့အား စိတ်ကောင်း၊ စေတနာမှန်ဖြင့် အမှားကို ထောက်ညွှန်ပြမှု၊ အမှန်ဖြင့်အစားထိုးမှု များဖြင့် ထောက်ပံ့ကူညီမှု ပြုနိုင်ရပေမည်။

လောကစကားတွင် 'တပည့်လိမ္မာမှ ဆရာအာပတ်လွတ်' ဟူ၍သာဆိုကြ၏။ ဆရာလိမ္မာလျှင် တပည့်အဘယ်မှ လွတ်ပေမည်နည်း။ ဆရာကော တပည့်ပါ လိမ္မာနိုင်မှသာ သံသရာဝဋ္ဋ်က လွတ်နိုင်ပေမည်။ သံသရာဝဋ္ဋ်ကလွတ်ဖို့အရေးမှာ ဆရာသာမကဘဲ တပည့်ပါ လိမ္မာနိုင်ဖို့လိုသည်။

'တပည့်မကောင်း၊ ဆရာ့ခေါင်း' ဟုသာဆိုပါက ထိုဆရာနှင့်တပည့်သည် သဟဇာတ်သတ္တိသာရှိ၍ အညမညသတ္တိ မပါရှိနိုင်ပေ။ အညမညသတ္တိပါရှိသည့် ဆရာနှင့်တပည့် ဆက်ဆံရေး၌မူ 'တပည့်မကောင်း၊ ဆရာခေါင်း' ဟူဘိသကဲ့သို့ 'ဆရာမကောင်း၊ တပည့်ခေါင်း' ဟူ၍လည်း အကြောင်းအကျိုး ဆက်နွယ်နေသည် သာတည်း။

## အညမညသတ္တိခေါင်းပါးခြင်းအပြစ်

အချို့ကမူ ဆရာမိဘကို ပြန်ပြောမိလျှင်ပင် ငရဲကြီးသည်၊အပြစ်ကြီးသည်ဟု ယူဆကြ၏။ ထိုအယူသည် မဟာမိစ္ဆာအယူသာတည်း။ ကြီးမားသော လွဲမှားမှု ဖြစ်၏။ အဘိဓမ္မာသဘောအရမှာ ကြီးငယ်မဟူ မည်သူ့ကိုမဆို စေတနာဆိုးဖြင့် ပြောဆိုမိပါက အပြစ်ရှိ၏။ ငရဲကြီးပေ၏။ သို့သော် စိတ်ကောင်းစေတနာမှန်ဖြင့် အမှားကို ထောက်ပြမှု၊ အမှန်ကို ညွှန်ပြမှုတို့သည် သူတော်ကောင်းတို့၏ထုံး ဖြစ်၏။ ပညာရှိတို့၏မူ ဖြစ်၏။ ပါရမီဖြည့်ဖက်တို့၏ လမ်းစဉ်သာ ဖြစ်၏။ သစ္စာဉာဏ်နှင့်ယှဉ်နိုင်သော ကုသိုလ်မျိုး ဖြစ်၏။

အရှင်သာရိပုတ္တရာသည် (၇)နှစ်သားကိုရင်ငယ်လေး၏ ညွှန်ပြမှုကို တရိုတသေ ခံယူလေ၏။ မြတ်စွာဘုရားသည် သံဃာတော်ထံ အပြုအမူတစုံတရာ မှားနေသည်ကိုတွေ့လျှင် ထောက်ညွှန်ပြဖို့ ဖိတ်မံမှုပြုတော်မူ၏။ ထိုကဲ့သို့ မှားနေသည်ကိုပင် မှားမှန်းမသိမှုမှာ မောဟ အားကြီးသူ၏အကြောင်းတည်း။ သိပါလျက် မပြောဆို၊မညွှန်ပြမှုသည်ကား မိစ္ဆာဝါဒီတို့၏ လုပ်ဆောင်ချက် ဖြစ်၏။ ပြောပါလျက်၊သိပါလျက်နှင့် ဥပေက္ခာပြုမှုသည်ကား ပညာနည်းသူတို့၏အကျင့်သာ

http://www.dhammadownload.com



ဖြစ်၏။ အညမညသတ္တိစွမ်းအား ခေါင်းပါးသူတို့၏ စိတ်ဇေတနာပင် ဖြစ်ပေသည် တကား။

## လူမျိုးဘာသာ,သာသနာရေးနှင့် အညမညစွမ်းအား

'လူ့စွမ်းအားအရင်းအမြစ်' ဟူသည့်စကားတွင် အညမညသတ္တိသည် မပါမဖြစ်ရှိနေဖို့ အရေးကြီး၏။ တစ်ဦးတစ်ယောက်တည်း နေထိုင်သူ၌ အညမညစွမ်းအား ခေါင်းပါးမှုသည် ထိခိုက်နစ်နာမှု မသိသာလှသော်လည်း မိသားစု၊ အသိုင်းအဝိုင်း၊ အဖွဲ့အစည်း၊ ပတ်ဝန်းကျင်စသည်ဖြင့် လူအများစုတို့ မှီတင်းနေထိုင်ရာ ကမ္ဘာမြေပြင်အရပ်ရပ်တွင်ကား အညမညသတ္တိ ခေါင်းပါးလာပါက မိုးခေါင် ရေရှားသည့်ပမာ ထိခိုက်ဆုံးရှုံးမှုမှာ သိသာထင်ရှားလှပေ၏။

အညမညစွမ်းအားမရှိလျှင် တစ်ယောက်တည်းနေသူ၌ပင် စိတ်စေတသိက် ရုပ်တရားတို့ ခိုင်ခိုင်မတ်မတ် မရပ်တည်နိုင်ဘဲ ပြိုလဲသေပျက်ရတော့၏။ မိသားစုတွင်လည်း သာယာပျော်ရွှင်မှုဆိတ်သုဉ်း၍ တစ်ပင်တည်း လွင်တီးခေါင် အရပ်က သစ်ပင်ပမာ သွေးရင်းသားရင်းတို့အဖို့ အားကိုးရာ မဲ့ဖြစ်ရ၏။ ထို့အတူ လူ့ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းစသည် တို့တွင်လည်း စည်လုံးညီညွတ်မှု ပြိုကွဲနိုင်၍ ကြီးပွားတိုးတက်အောင်မြင်မှုများ ဆုတ်ယုတ် ပျက်သုဉ်းလာနိုင်သည်။

အညမညတရား ထွန်းကားနိုင်မှသာလျှင် ရပ်ရွာနှင့် မြို့နိုင်ငံဒေသ အရပ်ရပ်တွင် လူမျိုးကောင်းကျိုး၊ ဘာသာသာသနာအကျိုး၊ ရပ်ကျိုးရွာကျိုးနှင့် တိုင်းပြည်အကျိုးများ တိုးတက်စည်ပင်အောင်၊ သာယာဝပြောလာအောင် အချင်းချင်း ကူညီထောက်ပံ့မှုသတ္တိဖြင့် ဝိုင်းဝန်းထမ်းဆောင်နိုင်မည် ဖြစ်ပေသည်။

## အကောင်းဓာတ်တွေပေးလို့ အကောင်းဓာတ်တွေယူကြစို့

အညမညသတ္တိသဘော၌ ကိုယ်က ပေးရသည့်အလှည့် ရှိသလို၊ ယူရမည့် အလှည့်ကိုလည်း တစ်လှည့်တစ်ပြန် ရောက်လာတတ်သည်သာ။ မိဘနှင့်သား သမီးတို့၌ သားသမီးများသည် ကလေးဘဝတွင် မိဘများထံက ယူကြရ၍ မိဘများ အိုမင်းမစွမ်းဖြစ်လာလျှင် သားသမီးများထံ မှီခိုကြရပြန်သည်။ ဆရာနှင့်တပည့်၊ ဇနီးနှင့်ခင်ပွန်း၊ ချစ်သူချင်း၊သူငယ်ချင်း စသည်တို့တွင်လည်း ထိုနည်းအတူ တစ်ရံတစ်ခါယူကြရသကဲ့သို့ တစ်ရံတစ်ခါ ပေးကြရမြဲသာတည်း။

ယူမှုနှင့်ပေးမှု ထိုနှစ်ခုထဲ၌ အညမညစွမ်းအားအရ အပူတွေကိုလည်း ယူနိုင်၊ ပေးနိုင်ကြ၍ အအေးတွေကိုလည်း ယူနိုင်ပေးနိုင်ကြ၏။ မပူမအေးခပ် နွေးနွေး

http://www.dhammadownload.com



ကိုလည်း ယူနိုင်ပေးနိုင်ကြ၏။ ကောင်းကျိုးသုခတိုးပွား၍ အေးချမ်းသာယာ မှုကိုအလိုရှိသူတို့မှာမူ အကုသိုလ်အဆိုးဓာတ်တို့ကို ပယ်ဖြတ်လျက်၊ ကုသိုလ် အကောင်းဓာတ်ကိုသာ ပေးကြယူကြဖို့ လိုပေ၏။

## အညမညပစ္စယော-အကျိုး

ခံစားမှု-ဝေဒနာစသော နာမ်ခန္ဓာလေးပါးသည် ခိုးသားလေးယောက်ပမာ တစ်ပါးသည် တစ်ပါးအား မှီရာပြု၍ သတ္တဝါတို့အား မွေး၊အို၊သေစသော ဘေးတို့ကို ဖြစ်စေတတ်သည်။ ထိုနာမ်ခန္ဓာတို့ကို ပယ်ဖြတ်မှသာလျှင် မွေးအိုသေ စသောဘေးတို့ ပြတ်နိုင်၏။

မဟာဘုတ် လေးပါးတို့သည်လည်း ဘီလူးမလေးယောက်တို့ပမာ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊မိန်းမဟု ထင်ရှားမရှိဘဲလျက် ရှိသယောင် လှည့်စား ပြကြ၏။ ထိုမဟာဘုတ် ရုပ်ခန္ဓာကိုယ်၌ တပ်ခြင်းကင်းမှသာ သံသရာဘေးမှ ကင်းလွတ်ဝေးနိုင်မည် ဖြစ်ပါသည်။

## အညမညပစ္စယော-ဘုရားရှိခိုး

သစ်သားသုံးခွ၊ ချင်းချင်းမသို့၊ ဥပကာရာ၊ ထောက်ပံ့လာသော၊ နာမ် မဟာဘု၊ ဝတ္ထု၊နာမ်အား၊ တူရှစ်ပါးတွင်၊ ထောက်ထားလှန်ပင်း၊ အချင်းချင်းဟူသော အညမညသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်၊မဟာဘု ဝတ္ထု၊ပါက၊ အညမညသုံးပါး၊ ပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိ ပါပေသည်တကား။

အညမညပစ္စယောပြီး၏။

http://www.dhammadownload.com



# ၈။ နိဿယပစ္စယော။

(မှီရာသတ္တိဖြင့် ကျေးဇူးပြု၏။)

## ပစ္စယနိဒ္ဒေသပါဠိ

(သဟဇာတနိဿယ)

၁။ (က)စတ္တာရော ခန္ဓာ အရူပိနော၊(ခ)အညမညံ နိဿယပစ္စယေနပစ္စယော။
၂။ စတ္တာရော မဟာဘူတာ၊ အညမညံ နိဿယပစ္စယေနပစ္စယော။
၃။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေနပစ္စယော။
၄။ စိတ္တစေတသိကာဓမ္မာ စိတ္တသမုဋ္ဌာနာနံရူပါနံ နိဿယပစ္စယေနပစ္စယော။
၅။ မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေနပစ္စယော။

(ပုရေဇာတနိဿယ)

၁။ (က)စက္ခာယတနံ၊(ခ)စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ၊(ဂ) (သောတာယတနံ၊ ဃာနယတနံ၊ ဇိဝှါယတနံ၊ ကာယာယတနံ၊တူ၏)
၂။ (က)ယံရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံရူပံ၊ (ခ) မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ (ဂ) နိဿယပစ္စယေနပစ္စယော။

## ပစ္စယနိဒ္ဒေသအနက်

၁။ နိဿယပစ္စယေနပစ္စယော၊ နိဿယပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

**(ပုရေဇာတနိဿယ)**

၁။ စက္ခာယတနံ၊စက္ခုပသာဒရုပ်မျက်စိအကြည်ဓာတ်သည်။ (ခ) စက္ခုဝိညာဏဓာတုယာစ၊ မြင်သိစိတ် စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ၊ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်သော ဖဿစသော စေတသိက်(၇)ပါးတို့အားလည်းကောင်း။ (ဂ)နိဿယပစ္စယေနပစ္စယော၊ နိဿယသတ္တိဖြင့်ကျေးဇူးပြု၏။

၂။ (က)ယံရူပံ၊ အကြင်ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ မှီ၍။ မနောဓာတုစ၊ သာမန်သိစိတ် မနောဓာတ်သည်လည်းကောင်း။ မနောဝိညာဏဓာတုစ၊ အထူးသိစိတ်မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံရူပံ၊

http://www.dhammadownload.com



ထိုဟာဒယဝတ္ထုရုပ် ပစ္စည်းတရားသည်။ (ခ) မနောဓာတုယာစ၊ မနောဓာတ်အား လည်းကောင်း။မနောဝိညာဏဓာတုယာစ၊ မနောဝိညာဏဓာတ် အားလည်းကောင်း။ တံသမ္ပယုတ္တာနဉ္စဓမ္မာနံ၊ ထိုမနောဓာတ်၊ မနောဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက်ပစ္စယုပ္ပန်တရားတို့အားလည်ကောင်း။ (ဂ) နိဿယပစ္စယေနပစ္စယော၊ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

## နိဿယသတ္တိသရုပ်အဓိပ္ပါယ်များ

### နိဿယနှင့်ပစ္စယ

တည်မှီရာသဘောကို 'နိဿယ'ဟု ခေါ်၏။ မိမိဟူသော အကြောင်းပစ္စည်း တရားသည် မိမိနှင့်အတူဖြစ်သော အကျိုးပစ္စယုပ္ပန်တရားတို့အား(သဟဇာတ)လည်း ကောင်း၊ မိမိ၏နောက်၌ ဖြစ်လာလတ္တံ့သော အကျိုးပစ္စယုပ္ပန်တရားတို့အားလည်း ကောင်း(ပုရေဇာတ) တည်ရာမှီရာအဖြစ် 'နိဿယသတ္တိ'ဖြင့် ကျေးဇူးပြုမှုသဘောကို **'နိဿယပစ္စယော'** ခေါ်သည်။

### နိဿယ၏ဥပမာ

မြေကြီးသည် သစ်ပင်ကြီးငယ်တို့၏ တည်မှီရာဖြစ်သကဲ့သို့၊ ပန်းချီကား၊ ပိတ်စ စသည်တို့သည် ပန်းချီဆေးစသည်တို့၏ တည်မှီရာဖြစ်သကဲ့သို့ တည်မှီရာ သဘောသည် နိဿယမည်၏။

**လင်္ကာ။** သစ်ပင်တည်ရာ၊ မြေပမာဖြင့်၊ မှီရာကားပုံ၊ အာရုံစုံသို့၊ ဖုံဖုံတည်ရာ၊ မှီစရာဟု၊ မဏ္ဍာဆန်းကြယ်၊ သတ္တိကြွယ်၊ မှတ်ဖွယ်နိဿယ။

### တည်မှီရာနိဿယ (၂)မျိုး

၁။ အတူတကွဖြစ်ဖက်တရားတို့အား တည်ရာမှီရာအဖြစ်ကျေးဇူးပြုသော **'သဟဇာတနိဿယ'**။

၂။ ရှေးဦးစွာ ကြိုတင်ဖြစ်နှင့်၍ တည်ရာမှီရာအဖြစ် ကျေးဇူးပြုသော **'ပုရေဇာတနိဿယ'**ဟု နိဿယ(၂)မျိုး ရှိ၏။ သဟဇာတနိဿယသည် သဟ ဇာတနှင့်သဘောသွား တူ၏။ ပုရေဇာတနိဿယမှာ ပုရေဇာတနှင့် တူ၏။

http://www.dhammadownload.com


နိဿယပစ္စည်းနှင့် သဘောတူသော ပစ္စည်းတို့မှာ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၄)ပစ္စည်းတို့တည်း။

**လင်္ကာ**။ သဟဇာတ်စု၊ ဝတ္ထုပုရေ၊ ဤနှစ်ထွေ၊ တပ်လေနိဿယ။

## သဟဇာတနိဿယကျေးဇူးပြုပုံ

နာမ်ခန္ဓာ (၄)ပါးတို့သည် အချင်းချင်း တည်မှီရာဖြစ်၍လည်းကောင်း၊ နာမ်သည် စိတ္တဇရုပ်တို့အားအချင်းချင်း တည်မှီရာဖြစ်၍လည်းကောင်း၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမ် ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း တည်မှီရာ ဖြစ်၍လည်းကောင်း၊ ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုမှတစ်ပါးသော ကမ္မဇရုပ်တို့အား အချင်းချင်းမှီရာဖြစ်၍လည်းကောင်း၊ မဟာဘုတ်လေးပါးတို့သည် အချင်းချင်း မှီရာဖြစ်၍လည်းကောင်း၊ ဥပါဒါရုပ်တို့အား မှီရာ ဖြစ်၍လည်းကောင်း သဟဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ (သဟဇာတအတိုင်းဖြစ်၏)

## ပုရေဇာတနိဿယကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ဝတ္ထုရုပ် (၆)ပါး<br>စက္ခုဝတ္ထု၊သောတဝတ္ထု<br>ဃာန၊ဇိဝှါ၊ကာယဝတ္ထု<br>ဟဒယဝတ္ထု | ဝိညာဏဓာတ် (၇)ပါး<br>စက္ခုဓာတ်၊သောတဓာတ်<br>ဃာန၊ ဇိဝှါ၊ ကာယဓာတ်<br>မနောဓာတ်၊ မနောဝိညာဏ |

## ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

ဝတ္ထုရုပ်(၆)ပါး အကြောင်းပစ္စည်းတရားတို့သည် ဝိညာဏဓာတ်(၇)ပါး အကျိုးပစ္စယုပ္ပန်တရားတို့အား ရှေးဦးကြိုတင်ဖြစ်နှင့်၍ တည်မှီရာအဖြစ်ဟူသော ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ကျေးဇူးပြုပုံများ

၁။ စက္ခုဝတ္ထုရုပ်သည် ရှေးကကြိုတင်ဖြစ်နှင့်၍ စက္ခုဝိညာဏဓာတ်နှင့်၊ သမ္ပစိတ္တသာဓာရဏစေတသိက် (၇)ပါးတို့အား ရှေးကကြိုတင် ဖြစ်နှင့်၍

http://www.dhammadownload.com



ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ထို့အတူ သောတ,ဃာန,ဇိဝှါ, ကာယ ဝတ္ထုတို့သည်လည်း သောတ၊ဃာန၊ဇိဝှါ၊ ကာယဟူသော ဝိညာဏဓာတ်တို့အား ရှေးကကြိုတင်ဖြစ်နှင့်၍ ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

၂။ ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ် အကြောင်းပစ္စည်းတရားသည် မနောဓာတ်(၃)ပါး၊(ဆန္ဒ၊ပီတိ၊ဝီရိယကြဉ်)စေတသိက် (၁၀)၊ (အရူပဝိပါက် ၄-ခုကြဉ်) မနောဝိညာဏဓာတ် (၇၂)ပါး၊ စေတသိက်(၅၂)ပါး အကျိုးပစ္စယုပ္ပန်တရားတို့အား ရှေးကကြိုတင်ဖြစ်နှင့်၍ ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ပုရေဇာတနိဿယကျေးဇူးပြုပုံအကျယ်

(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | (၃) | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ဝတ္ထုရုပ် ၆-ပါး | ဗျာ | ဗျာ | ပဉ္စဘုံ၌ အရူပဝိ ၄-ကြဉ် ဝိ ၃၂၊ကြိ ၂၀ |
| ဟဒယဝတ္ထုရုပ် | ဗျာ | ကု | ပဉ္စဘုံ၌ ကု ၂၁၊ စေ ၃၈ |
| ဟဒယဝတ္ထုရုပ် | ဗျာ | အကု | ပဉ္စဘုံ၌ အကု ၁၂၊ စေ ၂၇ |

ဝတ္ထုရုပ် (၆)ပါးတို့သည် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါတွင် ရှေးကကြို တင်ဖြစ်နှင့်ကြ၍ နောက်မှဖြစ်လာသော ဝိညာဏဓာတ်(၇)ပါးတို့အား မှီရာအဖြစ် ကျေးဇူးပြုကြ၏။ ထိုတွင် ပဉ္စဝတ္ထုရုပ်(၅)ပါးတို့သည် နောက်မှဖြစ်သော ပဉ္စဝိညာဏ ဓာတ်(၅)ပါးတို့အား မှီရာအဖြစ် ကျေးဇူးပြု၏။ ထိုပဉ္စဝတ္ထုရုပ်တို့သည် ပဉ္စဝိညာဏ ဓာတ်တို့မဖြစ်ခင် ကြိုတင်ဖြစ်နှင့်၏။ ပဉ္စဝိညာဏဓာတ်တို့ဖြစ်လာခိုက်၌လည်း မချုပ်ကြသေးဘဲ ပစ္စုပ္ပန်ထင်ရှားရှိဆဲဖြစ်လျက် ဝိညာဓာတ်တို့၏ အမှီကို ခံကြ၏။

ထို့ကြောင့် 'ပဉ္စဝိညာဏ၊ ဝိညာဏဓာတ်ငါးပါးတို့သည်။ အသမ္ဘိန္န ဝတ္ထုကာ၊ မချုပ်သေးသောဝတ္ထုလျှင်မှီရာ ရှိ၏။အသမ္ဘိန္နာရမ္မဏာ၊ မချုပ်သေးသော အာရုံကိုအာရုံပြု၏' ဟု မိန့်ဆိုတော်မူ၏။

## နာမ်တရားတို့က ရှေးရှေးဝတ္ထုရုပ်ကို မှီရခြင်း

စိတ်,စေတသိက်ဟူသော နာမ်တရားတို့သည် မိမိနှင့်အတူဖြစ်သော

http://www.dhammadownload.com


ပဌ္ဌုရုပ်ကို မမှီဘဲ မိမိ၏ရှေး၌ဖြစ်သော ဝတ္ထုရုပ်တို့ကိုသာ မှီကြရ၏။ အကြောင်းမှာ ရုပ်တရားတို့သည် ဥပါဒ်ဆဲခဏ၌ လွန်စွာအားနည်းကြ၏။ ဌီခဏသို့ရောက်မှသာ အားရှိ၏။ ထို့ကြောင့် ဥပါဒ်ဆဲဖြစ်သော ရုပ်တရားအားလုံးတို့သည် နာမ်တရား၏ မှီရာနိဿယပစ္စည်း မဖြစ်နိုင်။

## ပဋိသန္ဓေစိတ်ဝိညာဏ်၏မှီရာ

ပဋိသန္ဓေစိတ်ဖြစ်ပြီးနောက်၌ ဖြစ်လာသော ပထမဘဝင်၊ ဒုတိယဘဝင် စသော နာမ်တရားတို့သည် မိမိတို့၏ရှေး၌ကြိုတင်ဖြစ်နှင့်၍ ပဋိသန္ဓေစိတ်နှင့် အတူဖြစ်လာသော ဟဒယဝတ္ထုကို မှီ၏။ သို့သော် ပဋိသန္ဓေစိတ်ဝိညာဏ်သည်ကား မိမိရှေး၌ ကြိုတင်ဖြစ် နှင့်သော ပုရေဇာတဝတ္ထုရုပ် တစ်စုံတရာ မရှိ။ မိမိသည် အမှီမရှိ၍လည်း မဖြစ်နိုင်။ ထို့ကြောင့် မိမိနှင့်အတူဖြစ်လာသော ဟဒယဝတ္ထုရုပ်ကိုသာ မှီရ၍ သဟဇာတနိဿယသာ ဖြစ်၏။ ပုရေဇာတဝတ္ထုကို မှီနိုင်ခွင့် မရှိ။

## သေခါနီးစုတိစိတ်၏မှီရာ

မရဏာသန္နဇောဝီထိ၌ သေခါနီးအခါတွင် စုတိစိတ်မှပြန်၍ ရေတွက်သော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်သည် အလုံးစုံသော မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏မှီရာ ပုရေဇာတနိဿယပစ္စည်း ဖြစ်၏။

ထိုဟဒယဝတ္ထုသည် သေခါနီးအခါ၌ မိမိကိုယ်တိုင်က လွန်စွာအားနည်းသည့်အပြင် များစွာသောစိတ်တို့၏အမှီကို ခံရသဖြင့် လူအိုတစ်ယောက်၏ အပေါ်တွင် လူအများ ဝိုင်းအုံပိကျခံရသကဲ့သို့ ဖြစ်ရ၍ မိမိကိုမှီသော စုတိစိတ်နှင့် ဥပါဒ်ပြိုင် တစ်ချက်တည်းပင် ချုပ်တော့သည်။ ထိုသို့ဟဒယဝတ္ထုရုပ်နှင့် စုတိစိတ်တို့ တစ်ပြိုင်နက် ချုပ်မှုကိုပင် သေဆုံးသည်ဟု ဆိုခြင်း ဖြစ်သည်။

## အချိန်နေရာပုဂ္ဂိုလ်နှင့်နိဿယသတ္တိ

ပုရေဇာတနိဿယသတ္တိသည် ကာလအားဖြင့်ပစ္စုပ္ပန်ဖြစ်ဆဲအခိုက်၌သာ ကျေးဇူး ပြု၏။ ဒေသအားဖြင့် ပဉ္စဝေါကာရ(၂၆)ဘုံ၌သာ ကျေးဇူးပြုနိုင်၏။ စတုဝေါကာရဘုံ၊ ဧကဝေါကာရဘုံတို့၌ မရ။ ထိုဘုံတို့၌ နာမ်တရားတို့သည် ဘာဝနာအစွမ်းဖြင့်သာ ဖြစ်ပေါ်နိုင်ကုန်၏။ ရူပဘုံတို့၌လည်း စက္ခုသောတ၊ ဟဒယဝတ္ထုတို့သာ ကျေးဇူးပြုနိုင်၏။ ကြွင်းသောဝတ္ထုရုပ်တို့ မရှိကုန်။ ပုဂ္ဂိုလ်အားဖြင့်

http://www.dhammadownload.com



(၁၂)ယောက်လုံးတို့၌ အဓျတ္တနှင့် ဗဟိဒ္ဓသန္တာန် ကျေးဇူးပြု၏။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ ဟဒယဝတ္ထုသာကျေးဇူးပြုနိုင်၍ နိရောဓသမာပတ်ဝင် စားခိုက်တို့၌ကား ကျေးဇူး မပြုနိုင်။

---

နိဿယစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

## အမှီခံတရားနှင့်အမှီတရားများ

နိဿယသတ္တိအရ အမှီခံတရားနှင့်အမှီတရားတို့ကို ရှာဖွေကြည့်လျှင် ပရမတ် ရုပ်+နာမ် နှစ်ချက်လုံးကို တွေ့ရပေမည်။ သဟဇာတ်သတ္တိအရ အချင်းချင်း အမှီပြုကြသကဲ့သို့၊ ပုရေဇာတ်သတ္တိအရ အရင်ဦးစွာဖြစ်နှင့်သော ရုပ်တို့ကို နာမ်တရားတို့က အမှီပြုကြရ၏။ ပစ္စည်း+ပစ္စယုပ္ပန်အရကြည့်လျှင် အကြောင်းဖြစ် သော ရုပ်နာမ်တို့က အမှီခံဖြစ်၍ အကျိုး ဖြစ်သောရုပ်နာမ်တို့က အမှီပြုကြခြင်း ဖြစ်၏။

## ရုပ်ကန်း နာမ်ကျိုး

ရုပ်နှင့်နာမ်ဟူသော ခန္ဓာငါးပါးတို့သည် တစ်ပါးကို တစ်ပါးက အမှီပြု၍ ဖြစ်တည် ရှင်သန်ကြရ၏။ ရုပ်သည် အကန်းနှင့်တူ၍၊ နာမ်သည် အကျိုးနှင့်တူ၏။ ကန်းသောရုပ်သည်လည်း သူ့ချည်းမမြင်မစမ်းနိုင်။ ကျိုးသောနာမ်ကလည်း သူ့ချည်း မသွားမလာနိုင်။ အကန်းနှင့်အကျိုးတို့ ပူးပေါင်းဆောင်ရွက်နိုင်ပါမှသာ မြင်နိုင် သွားလာရှင်သန်နိုင်သကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ရှေးဆရာတို့ 'ရုပ်ကန်းနာမ်ကျိုး၊ ကျောကပိုး၊ ကျောပိုးနာမ်ရုပ်၊ သူမဟုတ်၊ ငါမဟုတ်။ ဟုတ်တာ နာမ်နှင့်ရုပ်'ဟု မိန့်ဆိုတော်မူကြသည်။

## ရုပ်နှင့်နာမ် မည်သူအရေးကြီးသနည်း?

(၃၁)ဘုံအရပ်ဌာနတို့တွင် ခန္ဓာငါးပါးဖြင့် ကြီးထွားရှင်သန်ရာဌာနတို့ကို ပဉ္စဝေါကာရဘုံဟု ခေါ်၏။ ထို့အတူ ခန္ဓာလေးပါးသာရှိသောဘုံကို စတုဝေါကာရ ဘုံဟု လည်းကောင်း၊ ခန္ဓာတစ်ပါးသာရှိသောဘုံကို ဧကဝေါကာရဘုံဟူလည်း ကောင်း ခေါ်ရ၏။ ပဉ္စဝေါကာရဘုံသည် ကာမ (၁၁)ဘုံနှင့် ရူပ(၁၅) ဘုံအားဖြင့် (၂၆)ဘုံရှိ၏။ ထိုပဉ္စဝေါကာရဘုံသားသတ္တဝါတို့တွင် ရုပ်နှင့်နာမ်ဟူသော ခန္ဓာငါးပါး တို့သည် အချင်းချင်းအမှီပြု၍သာ ရှင်သန်ဖြစ် တည်ကြရ၏။ ခန္ဓာတစ်ပါးကောင်း

http://www.dhammadownload.com



နေရုံ၊ ရှိနေရုံမျှနှင့် အကျိုးမပြီး။ အကယ်၍ ရုပ်သာ အဓိကကျသည်။ ရုပ်သာ အရေးကြီးသည်ဟုဆိုလျှင် ရုပ်အဓိကဝါဒသမားတို့သည် ကုသိုလ်ပြု၍သေသော အခါ ရုပ်ခန္ဓာတစ်ပါးသာရှိသော အသညသတ်ဘုံသို့ ရောက်ရ၏။ နာမ်အဓိက ကျသည်။ နာမ်သာအရေးကြီးသည်ဟုဆိုလျှင်လည်း နာမ်အဓိကဝါဒသမားတို့ သေသောအခါ ရုပ်ကင်းမဲ့သော အရူပလေးဘုံသို့ ရောက်ရ၏။ နိဗ္ဗာန်နှင့်ဝေးတော့၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူတို့သည်ကား ရုပ်နှင့်နာမ် ခန္ဓာငါးပါးအပေါင်းကို အမှီပြု၍ အချိုးအစားညီမျှအောင် ဝိပဿနာဉာဏ်ပညာဖြင့် အသုံးချနိုင်မှသာ တန်ဖိုး ပြည့်ဝပေမည်။

**လင်္ကာ။** ရုပ်မပါ- ဘယ်ဟာမပြီး၊ ရုပ်ချည်းလည်း ဘာမှမဖြစ်၊
နာမ်မပါ-ဘယ်ဟာမပြီး၊ နာမ်ချည်းလည်း ဘာမှမဖြစ်၊
ရုပ်နှင့်နာမ် အားသစ်လောင်း၊ ပေါင်းစည်းမှဖြစ်။

## မိသားစုနှင့် နိဿယစွမ်းအား

မိသားစုတွင် မိဘ၊ ညီအစ်ကိုမောင်နှမအချင်းချင်း သဟဇာတ်သတ္တိဖြင့် လည်းကောင်း၊ ပုရေဇာတ်သတ္တိမျိုးဖြင့်လည်းကောင်း တည်မှီကြလျက် ရှင်သန်ကြ ရ၏။ မိမိဟူသော တည်မှီရာသတ္တိကြောင့် မိမိကိုတည်မှီ၍ ဖြစ်တည်ရှင်သန် ကြသော မိသားစုဝင်ပုဂ္ဂိုလ်တို့အား စိတ်နှလုံးရွှင်ပြုံးစေမှု၊ သာယာအေးချမ်းမှု၊ ကြီးပွားအောင်မြင်မှုစသည်တို့ ဖြစ်နိုင်သကဲ့သို့ စိတ်ဆင်းရဲမှု၊ စိုးရိမ်ပူလောင်မှုစသော အကျိုးတရားများလည်း တိုးပွားဖြစ်လာနိုင်ကြ၏။

မိဘ၊ဆရာစသော လူကြီးသူမတို့သည် တပည့်သားမြေးစသော ငယ်ရွယ် သူတို့အား ပုရေဇာတ်စွမ်းအင်ဖြင့်လည်း ကျေးဇူးပြုကြ၏။ ထိုမိဘဆရာစသော ကြီးသူတို့ကိုအမှီပြု၍ ငယ်ရွယ်သူတပည့်သားမြေးတို့အား သားလိမ္မာ၊ သမီးလိမ္မာ၊ တပည့်လိမ္မာဖြစ်ထွန်းလာနိုင်အောင် အကျိုးပြုကြ၏။ ထို့အတူ သားဆိုး၊ သမီးမိုက်၊ တပည့်မိုက်များ ဖြစ်လာအောင်လည်း အဆိုးပြုနိုင်ကြသည်ပင်။

## နိဿယပစ္စယော၏အကျိုး

အဆိပ်ပင်တို့သည် ဥယျာဉ်မြေ၌မှီ၍ ဖြစ်ထွန်းကြီးပွားကြသကဲ့သို့ အာရုံ ခြောက်ပါး ဝတ္ထုရုပ်တရားတို့ကို အမှီပြု၍သာ လောဘ၊ဒေါသစသော အကုသိုလ် နာမ်ခန္ဓာများ ဖြစ်ပွားလာကြခြင်း ဖြစ်၏။

http://www.dhammadownload.com


ရုပ်,ဝေဒနာစသော ခန္ဓာငါးပါးတို့၏ဖွဲလန်းရာ အာရုံခြောက်ပါးတို့၌ ဖွဲလန်းခြင်း, မိန်းမော,မူးယစ်ခြင်းတို့ ဖြစ်နေသမျှကာလပတ်လုံး ခန္ဓာငါးပါးတိုးပွား၍ ဒုက္ခသံသရာမှ လွတ်မြောက်နိုင်မည် မဟုတ်။

ဒုက္ခသံသရာဟူသောဝဋ္ဋဆင်းရဲတွင်းမှ လွတ်ကင်းလိုသော သူတော်ကောင်းတို့သည် လောကီအာရုံခြောက်ပါး,ဝတ္ထုရုပ်ခြောက်ပါးတို့၌ ဖွဲလန်းခြင်း, တွယ်တာခြင်းတို့ကို ပယ်ခွာစွန့်လွှတ်၍ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ရောက်ရှိနိုင်၏။

သံသရာဝဋ္ဋမှ လွတ်မြောက်လိုသူသည် ဥပါဒါနိခန္ဓာငါးပါးကိုမှီ၍ဖြစ်သော တွယ်တာစွဲလန်းမှုတဏှာကို လွှတ်မှသာ လွတ်ပေမည်။

## နိဿယပစ္စယောဘုရားရှိခိုး

သစ်ပင်စိုက်မြေ၊ သစ်ပင်တွေ၏၊ မသွေမှီရာ၊ ပုံပမာနှင့်၊ တစ်ဖြာပန်းချီ၊ ဆေးရုပ်မှီဖို့၊ ညီညီကြက်ထား၊ အဝတ်ကားသို့၊ ဖြစ်ငြားမသွေ၊ ရှေးရှေးမြေလျှင်၊ ဖြစ်ရာမှီရာ၊ တည်ရာ ဖြစ်သော သတ္တိထူးဖြင့်ကျေးဇူးပြုသည့်၊ သဟဇာတ, ပုရေဇာတနိဿယနှစ်ပါး ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှောတရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

နိဿယပစ္စယောပြီး၏။

http://www.dhammadownload.com



## ၉။ ဥပနိဿယပစ္စယော။
(အားကြီးသောမှီရာသတ္တိဖြင့် ကျေးဇူးပြု၏။)

ဥပနိဿယသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယဟု (၃)မျိုး ရှိ၏။ အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့် တူ၏။ အနန္တရူပနိဿယသည် အနန္တရနှင့် အားလုံးတူ၏။ ဤ၌ ပကတူပနိဿယကိုသာ ပြပါမည်။

**ပစ္စယနိဒ္ဒေသပါဠိ**

၁။(က)ပုရိမာပုရိမာ ကုသလာဓမ္မာ၊(ခ)ပစ္ဆိမာနံပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ (ဂ)။

၂။ (က)ပုရိမာပုရိမာ ကုသလာဓမ္မာ၊ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ အကုသလာနံဓမ္မာနံ၊ (ဂ ) ကေသဉ္စိ ဥပနိဿယပစ္စယေနပစ္စယော။

၃။ (က)ပုရိမာပုရိမာ ကုသလာဓမ္မာ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ(ဂ)

၄။ (က)ပုရိမာပုရိမာ အကုသလာဓမ္မာ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ (ဂ) ဥပနိဿယပစ္စယေနပစ္စယော။

၅။(က) ပုရိမာပုရိမာ အကုသလာဓမ္မာ (ခ)ပစ္ဆိမာနံပစ္ဆိမာနံကုသလာနံ ဓမ္မာနံ၊ (ဂ) ကေသဉ္စိ ဥပနိဿယပစ္စယေနပစ္စယော။

၆။ (က)ပုရိမာပုရိမာ အကုသလာဓမ္မာ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ (ဂ) ။

၇။ (က)ပုရိမာပုရိမာ အဗျာကတာဓမ္မာ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ (ဂ) ။

၈။ (က)ပုရိမာပုရိမာ အဗျာကတာဓမ္မာ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ(ဂ)

၉။ (က)ပုရိမာပုရိမာ အဗျာကတာဓမ္မာ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ (ဂ)။

ဥတုဘောဇနမ္ပိ၊ ပုဂ္ဂလောပိ၊ သေနာသနမ္ပိ ဥပနိဿယပစ္စယေနပစ္စယော။

http://www.dhammadownload.com



### ပစ္စယနိဒ္ဒေသအနက်

၁။ (က) ပုရိမာပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ (ခ) ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့အား။ (ဂ)ဉပနိဿယပစ္စယေနပစ္စယော၊ ဉပနိဿယ(အာရမ္မဏူပနိဿယ) (အနန္တရူပနိဿယ)(ပကတူပနိဿယပစ္စယ)သတ္တိဖြင့် ကျေးဇူးပြု၏။

၂။ ကေသဉ္စိ၊ အချို့သောအကုသိုလ်တရားတို့အား။

၅။ ကေသဉ္စိ၊ အချို့သောကုသိုလ်တရားတို့အား။

ဉတုဘောဇနမ္ပိ၊ လျောက်ပတ်သည်စသော အချမ်းအပူဟူသောရာသီဉတု၊ အစား အသောက်ဘောဇဉ်သည်လည်းကောင်း။ ပုဂ္ဂလောပိ၊ ကလျာဏမိတ္တစသော မိဘဆရာသမား ဆွေမျိုးမိတ်သင်္ဂဟ ပုဂ္ဂိုလ်သည်လည်းကောင်း။ သေနာသနမ္ပိ၊ ကျောင်း၊အိပ်ရာနေရာ၊ ရုပ်ဝတ္ထုပစ္စည်းတရားသည်လည်းကောင်း၊ ဉပနိဿယပစ္စယေနပစ္စယော၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။(ကျန်အနန္တနှင့်တူ၏)

## ပကတူပနိဿယသရုပ်အစီအပွါယ်များ

### ဉပနိဿယနှင့် ပစ္စယ

ဉပသဒ္ဒါသည် 'ဗလဝတရ'အားကြီးခြင်း အနက်ရှိ၏။ နိဿယသည် မှီရာ ဖြစ်၏။ ထို့ကြောင့် အားကြီးသောမှီရာ အကြောင်းတရားတို့ကို 'ဉပနိဿယ' ဟုခေါ်၏။ ထိုအားကြီးသောမှီရာ အကြောင်းတရားတို့က အကျိုးပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုမှုသဘောကို 'ဉပနိဿယပစ္စယော'ဟု ခေါ်ဆိုသည်။

### ပကတိနှင့် ပကတ

၁။ ပကတိဟူသည်-ပင်ကိုယ်သဘောဖြစ်၏။ အာရုံအကြောင်း (အာရမ္မဏူပ) အကြားမဲ့အကြောင်း(အနန္တရူပ)စသည်တို့မဟုတ်ဘဲ ပင်ကိုယ်သဘော (သူ့အလိုလို)အားဖြင့် အားကြီးသောမှီရာ အကြောင်းဖြစ်သည့် တရားများကို 'ပကတိ+ဉပနိဿယ'ဟု ဆိုသည်။

http://www.dhammadownload.com



၂။ **ပကတတူဟူသည်-** မိမိသန္တာန်၌ ကောင်းစွာပြုလုပ်အားထုတ် မှီဝဲထားအပ်သောသဘော ဖြစ်၏။ နောင်အခါ အကျိုးဖြစ်ထွန်းဖို့ မိမိသန္တာန်၌ မှီဝဲအားထုတ်ပြုလုပ်ထားအပ်သော သဒ္ဓါ,သီလ,ဥတု,ဘောဇဉ်၊ ရာဂ,ဒေါသစသော အားကြီးသော မှီရာအကြောင်းတရားများကို **'ပကတ+ဥပနိဿယ'** (ပကတူပနိဿယ)ဟု ဆိုသည်။

**လင်္ကာ။** အားကြီးမှီရာ၊ ပြုတုံပါ၊ မှတ်ပါဥပနိဿယ။

## ပကတူပနိဿယဥပမာ

သစ်ပင်,တော,တောင်စသည်တို့သည် မိုးကို အမှီပြု၍ မိုးကြောင့် အားကြီးသော ရှင်သန်ကြီးထွားခြင်း ဖြစ်ရသကဲ့သို့တည်း။

**လင်္ကာ။** ဖြိုင်ဖြိုင်သွန်းသွန်း၊ မိုးရေချမ်းကြောင့်၊ ရှင်လန်းတိုးတက်၊ မှီတုံလတ်၊
ကြီးချက်ဥပနိဿယာ။

## အားကြီးသောမှီရာအကြောင်း (၃)မျိုး

၁။ အာရုံအားဖြင့် အားကြီးသောမှီရာအကြောင်း-အာရမ္မဏူပနိဿယ။

၂။ အကြားမဲ့အားဖြင့် အားကြီးသောမှီရာအကြောင်း-အနန္တရူပနိဿယ။

၃။ ပင်ကိုယ်သဘောအားဖြင့် အားကြီးသောမှီရာအကြောင်း-ပကတူပနိဿယဟု (၃)မျိုး ရှိ၏။ (အာရမ္မဏူပနိဿယကို အာရမ္မဏာဓိပတိနှင့်တွဲ၍ အနန္တရူပနိဿယကို အနန္တရနှင့်တွဲ၍ လေ့လာပါ။ ဤ၌ ပကတူပနိဿယကိုသာ သီးခြားပြသည်။)

**လင်္ကာ။** အာရမ္မဏူ၊ အနန္တရူနှင့်၊ ပကတူပေ၊ ဤသုံးထွေ၊ ခွဲလေဥပနိဿယ။

## နိဿယနှင့် ဥပနိဿယ

နိဿယနှင့် ဥပနိဿယ(၂)မျိုးလုံးသည် မှီရာအကြောင်းပစ္စည်းများ ဖြစ်ကြ၏။ သို့ရာတွင် နိဿယသည် သာမညမှီရာအကြောင်းတရားဖြစ်၍၊ ဥပနိဿယကား အားကြီးသောမှီရာအကြောင်းတရား ဖြစ်သည်။

**ဥပမာ-** ထမင်းဖြစ်ဖို့ရန်အတွက် ထမင်းအိုး၊ ထင်း,မီးစသည်တို့သည် နိဿယ အကြောင်းဖြစ်၍၊ ဆန်,စပါးစသည်တို့သည် ဥပနိဿယကြောင်း ဖြစ်၏။

http://www.dhammadownload.com



## ပကတူပနိဿယပစ္စည်း+ပစ္စယုပ္ပန်

ဗလဝဖြစ်သော စိတ် (၈၉)ပါး၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊အချို့သော ပညတ်၊ အကြောင်းပစ္စည်းတရားသည် စိတ်(၈၉)၊ စေတသိက်(၅၂)ဟူသော အကျိုးပစ္စယုပ္ပန်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

**လင်္ကာ**။ နာမ်ရုပ်ပညတ်၊ အဇ္ဈတ်ဗဟိဒ္ဓါ၊ ကျယ်ဝန်းစွာ၊ သညာပကတူ။

### ကျေးဇူးပြုပုံသဘော

| အကြောင်း(ပစ္စည်း) | | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ဗလဝဖြစ်သောကု ၂၁၊စေ ၃၈ | ကု | ကု | ကု ၂၁၊စေ ၂၈ |
| ဗလဝဖြစ်သောအကု ၁၂၊ စေ၂၇ | အကု | အကု | အကု ၁၂၊စေ၂၇ |
| ဗလဝဖြစ်သောဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၀ | ဗျာ | ဗျာ | ဝိ၃၆၊ကြိ၂၀၊စေ၃၈ |

မှတ်ချက်။ အရေတွက်သချာ(၉)မျိုးသည် အာရမ္မဏာနှင့် တူ၏။

## ပကတိအကြောင်းနှင့်အကျိုးများ

သတ္တဝါတို့သန္တာန်၌ ပြုပြီးပြုဆဲသော ပကတိအကြောင်းတရားတို့သည် များပြားစွာ ရှိကြ၏။ ပရမတ်အားဖြင့် စိတ်၊စေတသိက်နှင့်ရုပ်,ပညတ်များဖြစ်၏ ထိုပကတိအကြောင်း တရားများကို ဥပနိဿယစွမ်းအင်ဖြင့်အမှီပြု၍ ကြီးကျယ် ပြန့်ပြောသော အကျိုးတရားများ တိုးပွားဖြစ်ပေါ်လာကြရကုန်၏။ စွမ်းအင်သတ္တိ (၂၄)မျိုးတွင် အာရမ္မဏ၊ အာရမ္မဏာဓိပတိနှင့် ဥပနိဿယ(၃)မျိုးသည် အကျယ်ပြန့်ဆုံး ဖြစ်၏။

## အားကြီးသောကုသိုလ်အကြောင်းများ

လောက၌ ကုသိုလ်စသည်ဖြစ်ဖို့ရန် အားကြီးသောမှီရာ ဥပနိဿယသ ထူးရှိသော ကုသိုလ်အကြောင်းတရားများ ထင်ရှားရှိကြ၏။ ထိုတရားတို့မှာ-

၁။ **သဒ္ဓါ**-ရတနာသုံးပါး,ကံ/ကံ၏အကျိုးစသည်ကို ယုံကြည်မှု

၂။ **သီလ**-ကိုယ်ကျင့်တရားပြည့်စုံမှု

http://www.dhammadownload.com


၃။ သုတ-ကောင်းသော အကြားအမြင်နှင့် ပြည့်စုံမှု
၄။ စာဂ-ပေးကမ်းစွန့်ကြဲ လှူဒါန်းမှု
၅။ ပညာ-အမြော်အမြင် ဉာဏ်ပညာရှိမှု တို့ဖြစ်၏။

## ၁။ ကုသိုလ်သည် ကုသိုလ်အားကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| သဒ္ဓံ ဥပနိဿာယ-<br>သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ်<br>စိတ္တုပ္ပါဒ်ကို အားကြီးစွာအမှီပြု၍<br>သီလံ၊သုတံ၊စာဂံ၊ပညံ၊<br>ဥပနိဿာယ-<br><br>(ဗလဝဖြစ်သော-<br>အရဟာတ္တမဂ်ကြဉ်ကု-၂၀) | ဒါနံ ဒေတိ၊ အလှူပေး၏။<br>သီလံ သမာဒိယတိ၊ သီလကျင့်<br>ဥပေါသထကမ္မံ ကရောတိ၊ ဥပုသ်<br>ဈာနံ ဥပ္ပါဒေတိ၊ ဈာန်ဖြစ်<br>ဝိပဿနံ၊ ဝိပဿနာပွား<br>မဂ္ဂံ၊အဘိညံ၊သမာပတ္တိံ ဥပ္ပါဒေတိ၊<br><br>(ကုသိုလ်-၂၁၊ စေ ၃၈) |

**ကုသလောဓမ္မော+ကုသလဿဓမ္မဿ**

ကုသိုလ်တစ်ခုကို အားကြီးသောမှီရာ ဥပနိဿယသတ္တိရ၍ သူတော်ကောင်း ပုဂ္ဂိုလ်တို့၏သန္တာန်၌ ကုသိုလ်တရားများ ဆထက်တိုး၍ ဖြစ်ပွားနိုင်၏။

သဒ္ဓါတရားရှိသူအား ဒါန,သီလ,သမထ,ဝိပဿနာ,မဂ်ကုသိုလ်များ ဖြစ်သည်။ ဒါနတစ်ခုပြုနိုင်သူအား သီလ၊သမထ၊ဝိပဿနာအကျင့်များ တိုးပွား ဖြစ်ပေါ်လာနိုင်၏။

ထို့အတူ ပညာအမြော်အမြင်နှင့် ပြည့်စုံသူကို အမှီရ၍ ဒါန၊သီလ၊ ဘာဝနာ မှုများ ပြုလုပ်အားထုတ် ဖြစ်၏။ သာသနာပြု ကုသိုလ်အမျိုးမျိုးကို ပြုလုပ်၏။ ပါရမီဆယ်ပါးအကျင့်မြတ်တရားတို့ကို ကျင့်ကြံအားထုတ်နိုင်ကြ၏။ သူတော် ကောင်းမိတ်ဆွေထံမှ တရားစကား နာကြားရမှုကြောင့် မကောင်းမှုများကို စွန့်ခွာ၍ ကုသိုလ်မှုများကို အားထုတ်နိုင်၏။ သမထ၊ဝိပဿနာများကို ပွားများနိုင်သည်။

ဥပမာ- သဒ္ဓါရှိသူသည် ကုသိုလ်အမှုသာဆိုပါက မပြုဘဲ မနေနိုင်ခြင်း၊ တရားစကားဆိုလျှင် မကြားဘဲ မနေနိုင်ခြင်းစသည်ဖြင့် ကျေးဇူးပြုပေ၏။

http://www.dhammadownload.com



## ၂။ ကုသိုလ်သည်အကုသိုလ်အား ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | -အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| သဒ္ဓါ၊သီလ၊သုတ၊စာဂ<br>ပညာ ဥပနိဿယ-<br>ယုံကြည်စိတ်သဒ္ဓါစသည်<br>ပြဋ္ဌာန်းသောမဟာကုသိုလ်စိတ်<br>(ဗလဝ-လောကီကု ၁၇) | -မာနံ ဇပ္ပေတိ၊ မာနဖြစ်<br>-ဒိဋ္ဌိ ဂဏှာတိ၊ ဒိဋ္ဌိယူ၏<br>-ရာဂ၊ဒေါသ၊မောဟ၊ဖြစ်၊<br>-ပတ္ထနာ ၊ ဆုတောင်း၏။<br>(အကုသိုလ်-၁၂၊ စေ ၂၇) |

**ကုသလောဓမ္မော+အကုသလဿဓမ္မဿ**

ကုသိုလ်တစ်ခုကို အားကြီးသောမှီရာဥပနိဿယသတ္တိပြု၍ လူမိုက်တို့သန္တာန်၌ အပါယ်ရောက်ကြောင်း အကုသိုလ်များစွာ ဖြစ်ပွားလာနိုင်၏။ လိုချင်မှု,မုန်းတီးမှု, စိတ်ဆိုးမှု,အယူမှားမှု, စွဲလန်းမှု,သာယာမှု, ဝါမှုကြွားမှု, တွေဝေမှု,ဆုတောင်းမှားမှုစသော အကုသိုလ်များ ဖြစ်နိုင်ကြ၏။

ဥပမာ- မွေးနေ့ဒါနပြု၍ လောဘ,ဒေါသ,သောက၊မာနများ ဖြစ်ပွားကြ၏။

## ၃။ ကုသိုလ်သည် အဗျာကတအား ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | -အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| သဒ္ဓါ၊သီလ၊သုတ၊စာဂ<br>ပညာ ဥပနိဿယ-<br>သဒ္ဓါပြဋ္ဌာန်းသောကုသိုလ်စိတ်ကို<br>အမှီပြု၍-<br>ရဟန္တာပုဂ္ဂိုလ်တို့သည်<br>မဂ်ကုသိုလ်စသည်ကို အမှီပြု၍<br>(ဗလဝ-ကုသိုလ်-၂၁၊) | အတ္တာနံ အာတာပေတိ၊<br>မိမိကိုယ်ကို ပူပန်စေ၏။<br>ပရိယိဋ္ဌိမူလကံဒုက္ခံ အနုဘောတိ၊<br>ရှာဖွေမှုအရင်းခံသောဆင်းရဲကိုခံစား၏။<br>ကာယိကသုခ၊ဒုက္ခ၊ အကျိုးဝိပါက်<br>ဖလသမာပတ်၊ကြိယာသမာပတ်ဖြစ်<br>(ဝိပါက် ၃၆၊ ကြိ ၂၀) |

**ကုသလောဓမ္မော+အဗျာကတဿဓမ္မဿ**

ကုသိုလ်တစ်ခုကို အားကြီးသောမှီရာ ဥပနိဿယအကြောင်းပြု၍ ပုထုဇဉ်

http://www.dhammadownload.com


ပုဂ္ဂိုလ်တို့အတွက် ရှာဖွေရ၊ စီမံရသဖြင့် ကိုယ်ပင်ပန်းမှု၊ လန်းဆန်းမှုတို့ ဖြစ်၏။ အရိယာတို့အတွက် ကိုယ်ကျန်းမာ၊ပင်ပန်းမှုတို့နှင့် ဖလသမာပတ်စသော အကျိုးများ ရရှိဖြစ်ပေါ်၏။

ဥပမာ- သားရှင်ပြုအလှူပွဲအတွက် ကိုယ်ပင်ပန်းခံ၍ ကုသိုလ်ပြုကြသည်။

## အားကြီးသော အကုသိုလ်မီှရာအကြောင်းများ

အကုသိုလ်တစ်ခုပြီးတစ်ခု ပြုလာမိဖို့ရန်အတွက် အားကြီးသောမှီရာ ဥပနိဿယသတ္တိ အကြောင်းများမှာ ရာဂ-လိုချင်တပ်မက်ခြင်း၊ ဒေါသ-စိတ်ဆိုး အမျက်ထွက်ခြင်း၊ မောဟ-တွေဝေမိုက်မဲခြင်း၊ မာန-အထင်ကြီး ဘဝင်မြင့်နေခြင်း၊ ဒိဋ္ဌိ-အယူအဆမှားခြင်း၊ ပတ္ထနာ- လိုရာကိုတောင့်တခြင်းတို့ ဖြစ်၏။

## ၄။ အကုသိုလ်သည် အကုသိုလ်အား ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | -အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ရာဂံ၊ဒေါသံ၊မောဟံ၊မာနံ ဒိဋ္ဌိံ၊ပတ္ထနံ ဥပနိဿာယ- အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့် (ဗလဝ၊ဒုဗ္ဗလ အကု ၁၂၊ ၂၇) | သတ်၊ခိုး၊လိမ်ညာ၊ကာမေသု အရက်သောက်၊ ဒုစရိုက်မှုပြု။ ပဉ္စာနန္တရိယကံ၊မိစ္ဆာဒိဋ္ဌိလွန်ကျူး (အကုသိုလ် ၁၂၊ စေ ၂၇) |

### အကုသလောဓမ္မော+အကုသလဿဓမ္မဿ

အကုသိုလ်တစ်ခုကို အားကြီးသောမှီရာ ဥပနိဿယသတ္တိရ၍ လူမိုက်တို့ သန္တာန်၌ အပါယ်ရောက်ကြောင်း အကုသိုလ်များ ပို၍ တိုးပွားလာမြဲဖြစ်၏။ လိုချင်မှု၊မုန်းတီးမှု၊ စိတ်ဆိုးမှု၊အယူမှားမှု၊စွဲလန်းမှု၊သာယာမှု၊ဝါမှုကြွားမှု၊မိုက်မဲမှု၊ ဆုတောင်းမှားမှုစသော အကုသိုလ်များဖြစ်ကြ၏။ ကံငါးပါးလွန်ကျူး၏။ ဒုစရိုက် မှန်သမျှ ပြုကြရ၏။

အကြီးမားဆုံး အကုသိုလ်ဖြစ်သည့် နိယတမိစ္ဆာဒိဋ္ဌိကံနှင့် အဖေသတ်မှု၊ အမေသတ်မှုစသော ပဉ္စာနန္တရိယကံ ငါးပါးတို့ကိုသော်မှ ပြုလုပ်တတ်ကြ၏။

http://www.dhammadownload.com



အကုသိုလ်တစ်ခုကို ဥပနိဿယသတ္တိရရှိသောအခါ အကုသိုလ်အစဉ်အဆက် တစ်ခုပြီးတစ်ခု ဖြစ်ပွားနိုင်၏။

ဥပမာ၊ လောဘကို အမှီပြု၏။ ခိုး၏။ ခိုးမှုနှင့်စပ်လျဉ်းသဖြင့် လူသတ်မှုတ် ဝိတ်၏။ လိမ်ညာ၏။ ကာမေသု ပြု၏။ အယူမှား၏။ စသည်ဖြင့် အကုသိုလ်များ ရေတွက်မကုန်နိုင်အောင် များပြားတိုးပွားလာရသည်။

## ၅။ အကုသိုလ်သည် ကုသိုလ်အား ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ရာဂံ၊ဒေါသံ၊မောဟံ၊မာနံ<br>'ဏ္ဍcEyw eHOyed m, -<br>သူ့သက်သတ်၍၊ ခိုးယူ၍<br>အမိစသူကိုသတ်မိ၍<br>(အကု ၁၂၊ စေ-၂၇) | ဒါနံဒေတိ၊ သီလံ၊သမာပတ္တိ<br>သဒ္ဓါ၊သီလ၊သုတ၊စာဂ၊ပညာဖြစ်၏။<br>ဒါန၊သီလ၊ဈာန်သမာပတ်-ပွား၏။<br>အပြစ်ဝန်ချ၍၊ ကုသိုလ်မှုများပြု၏။<br>(ကုသိုလ် ၂၁၊ စေ ၂၇) |

### အကုသလောစမ္ဗော+ကုသလဿစမ္ဗဿ

အကုသိုလ်တစ်ခုကို အားကြီးသောမှီရာ ဥပနိဿယသတ္တိပြု၍ ပညာနှင့် ပြည့်စုံသောသူတော်ကောင်းတို့သန္တာန်၌ အကုသိုလ်၏ အပြစ်ဒေါသ အာဒီနဝတို့ကို သိမြင်ဆင်ခြင်သဖြင့် ကာမကုသိုလ်၊ ရူပဈာန်၊ မဂ်ကုသိုလ်များအထိ ပွားတိုးဖြစ်ပေါ် လာနိုင်၏။

ထိုလွန်ကျူးဆဲ၊ လွန်ကျူးပြီး၊ လွန်ကျူးလတ္တံ့သော အကုသိုလ်စိတ်တို့ကို သံဝေဂရ ၍ပယ်ဖျောက်ရန်အလို့ငှါ ဒါနပြု၏။ သီလစောင့်၏။ သမထ၊ ဝိပဿနာ ဘာဝနာများ ပွားများ၏။ ထိုအခါ၌ ကာမကုသိုလ်တရားများတွင်မကဘဲ ရူပ၊အရူပ ဈာန်အဘိညာဏ်တို့နှင့်အတူ မဂ်တရားများကိုပင် ရရှိလာနိုင်သည်။

ဥပမာ-ညီတော်နန္ဒမင်းသားသည် နတ်သမီးလိုချင်စိတ်ဖြင့် ဝိပဿနာ တရားကို အားထုတ်၏။ အင်္ဂုလိမာလသည် လူသတ်လျက် ရဟန္တာဖြစ်အောင် အားထုတ်၏။

http://www.dhammadownload.com



## ၆။ အကုသိုလ်သည် အဗျာကတအား ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | -အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ရာဂ၊ဒေါသ၊မောဟ၊မာန၊ ဒိဋ္ဌိ၊ပတ္ထနာကို အမှီပြု၍- (အကု ၁၂၊ စေ-၂၇) | ကာယိကသုခ၊ကာယိကဒုက္ခ ကိုယ်စိတ်၊ ချမ်းသာ၊ဆင်းရဲ ဖလသမာပတ်၊အကျိုးဝိပါက် (ဝိပါက် ၃၆၊ ကြိ ၂၀၊စေ ၃၈) |

**အကုသလောဓမ္မော+အဗျာကတဿ ဓမ္မဿ**

အကုသိုလ်တစ်ခုကို အားကြီးသောမှီရာ ဥပနိဿယသတ္တိပြု၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း,ဆင်းရဲခြင်းစသော အဗျာကတအကျိုးဝိပါက်များ ဖြစ်ပွား၏။

**ဥပမာ။** လိုချင်မှုလောဘကြောင့် စီးပွားရှာ၏။ ကိုယ်ဆင်းရဲခြင်း၊ပင်ပန်းခြင်းဖြစ်၏။ ရှာဖွေရရှိလာသောအခါ ကိုယ်ချမ်းသာခြင်း,စိတ်ရွှင်လန်းခြင်း အကျိုးတရားများ ဖြစ်ပေါ်ခံစားရ၏။

**အားကြီးသောမှီရာ အဗျာကတအကြောင်းများ**

အဗျာကတဟူသည် ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်သောသဘော တရားများဖြစ်၏။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးဖြစ်သော ဝိပါက်များနှင့်, ကုသိုလ် အကုသိုလ်သတ္တိမရှိ၊ ပြုကာမျှသတ္တိဖြစ်သော ကြိယာစိတ်များနှင့် ရုပ်တရားများကို အဗျာ ကတဟု ခေါ်ဆိုသည်။ ထိုအဗျာကတအကြောင်းတို့တွင်-

**ကာယိကသုခ**-ကိုယ်လန်းဆန်းမှု၊**ကာယိကဒုက္ခ**-ကိုယ်ပင်ပန်းမှု၊ **ဥတု**-ရာသီဥတု၊ **ဘောဇနေ**-အစားအစာ၊ **ပုဂ္ဂလ**-မိန်းမ,ယောက်ျားပုဂ္ဂိုလ်၊**သေနာသန**-နေရာဌာနတို့သည် အားကြီးသောမှီရာ အဗျာကတအကြောင်းများ ဖြစ်ကြ၏။

## ၇။ အဗျာကတသည် အဗျာကတအား ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | -အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ကာယိကသုခ၊ ဒုက္ခ၊ ဥတု၊ အစားအစာ၊မိန်းမ၊ယောက်ျား၊ နေရာထိုင်ခင်း၊အိမ်ကျောင်း (ဝိပါက် ၃၆၊ ကြိ ၂၀၊ စေ ၃၈ ရုပ် ၂၈) | ကာယိကသုခ၊ ဒုက္ခ၊ဥတု၊ ဘောဇနေ၊ သေနာသန၊ ဖလသမာပတ်၊ ဝိပဿနာ။ (ဝိပါက် ၃၆၊ ကြိ ၂၀၊ စေ ၃၈ ရုပ် ၂၈) |

http://www.dhammadownload.com



**အဇ္ဈတ္တကတော‌ဓမ္မော+ အဇ္ဈတ္တကတဿဓမ္မဿ**

အဇ္ဈတ္တကတစ်ခုကို အားကြီးသောမှီရာ ဥပနိဿယသတ္တိပြု၍ အဇ္ဈတ္တကတ တရားများ ဖြစ်ပွားသည်။ ကိုယ်ချမ်းသာမှုကို အကြောင်းပြု၍ ကိုယ်ချမ်းသာမှု၊ ကိုယ်ဆင်းရဲမှု များဖြစ်၏။ ကိုယ်ဆင်းရဲမှုကို အကြောင်းပြု၍လည်း ကိုယ်ချမ်းသာ ကိုယ်ဆင်းရဲများ ဖြစ်ပွား ၏။ ဥတု၊ဘောဇဉ်၊ ပုဂ္ဂိုလ်၊ နေရာဌာနတို့ကြောင့်လည်း ဝိပါက်၊ ကြိယာ၊အဇ္ဈတ္တကတတရားများ ဖြစ်ပွားလာကြသည်။ ဥပမာ- အစားကောင်း စားရ၍ မိုက်လေးနေ၏။ နေရာကောင်းရ၍ ကိုယ်သက်တောင့်သက်သာရှိ၏။ ချစ်သူနှင့်အတူနေရ၍ ကိုယ်ပေါ့ပါးနေ၏။

## ၈။ အဇ္ဈတ္တကတသည် ကုသိုလ်အား ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | -အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ကာယိက သုခ၊ ဒုက္ခ၊ ဥတု၊ ဘောဇနေ၊ပုဂ္ဂိုလ်၊သေနာသန၊ (အရဟာဖိုလ်ကြည် ဝိ၊ကြိ၊ရုပ်) | ဒါန၊သီလ၊သမာပတ်၊မဂ် သဒ္ဓါ၊သီလ၊သုတ၊စာဂ၊ပညာ (ကု ၂၁၊ စေ ၃၈) |

**အဇ္ဈတ္တကတော‌ဓမ္မော+ကုသလဿဓမ္မဿ**

အဇ္ဈတ္တကတစ်ခုကို အားကြီးသောမှီရာ ဥပနိဿယသတ္တိပြု၍ ကုသိုလ် တရားများ ဖြစ်ပွား၏။ ကိုယ်ချမ်းသာမှုကို အကြောင်းပြု၍၊ ကိုယ်ချစ်ရသူနှင့် အတူနေထိုင်ရသဖြင့် ဒါနမှုပြု၏။ သီလစောင့်၏။ ဈာန်သမာပတ်များ ပွားသည်။ သဒ္ဓါ၊သီလ၊သုတ၊စာဂ၊ပညာများ ပွားအောင် ပြုနိုင်၏။ မဂ်ချမ်းသာအထိ ရရှိနိုင်၏။

မာတိကမာတာရှာ၌ သီတင်းသုံးကြသော ရဟန်းတော်များသည် အာဟာရ နှင့် မပြည့်စုံသည့်အတွက် တရားထူးမရ။ မာတိကမာတာမယ်တော်ကြီး၏ အာဟာရ စောင့်ရှောက် မှုကြောင့် ရဟန္တာဖြစ်သွားကြရ၏။ ထို့အတူ နေရာကြောင့်လည်း ကုသိုလ်ဖြစ်၏။ ရာသီဥတုကြောင့်လည်း ကုသိုလ်ဖြစ်၏။ ချစ်သူကြောင့်လည်း ကုသိုလ်ဖြစ်နိုင်၏။ သတိပြုပါလေ။

ဥပမာ-လင်ဖြစ်သူဝိသာခကြောင့် ချစ်ဇနီးဓမ္မဒိန္နာသည် ဘိက္ခုနီပြု၍ ရဟန္တာဖြစ်၏။

http://www.dhammadownload.com



## ၉။ အဗျာကတသည် အကုသိုလ်အား ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ကာယိကသုခ၊ဒုက္ခ၊ ဥတု၊ ဘောဇန်၊သေနာသန၊ (လောကီဝိ ၃၂၊ ကြိ ၂၀၊ စေ ၃၈ ရုပ် ၂၈) | သတ်၊ခိုး၊လိမ်ညာ၊ကာမေသု အရက်သောက်၊ ပဉ္စာနန္တရိယကံ၊ ရာဂ၊ဒေါသ၊မာန၊ဒိဋ္ဌိများ ဖြစ် (အကုသိုလ် ၁၂၊ စေ ၂၇) |

**အဗျာကတောဓမ္မော+အကုသလဿ ဓမ္မဿ**

အဗျာကတတစ်ခုကို အားကြီးသောမှီရာ ဥပနိဿယပြု၍ အကုသိုလ်တရားများ ဖြစ်ပွားသည်။ ကိုယ်ချမ်းသာမှုကို အကြောင်းပြု၍ လောဘ၊မာန၊ ဒေါသများ ဖြစ်၏။ ကိုယ်ဆင်းရဲမှု၊ ဥတုရာသီဖေါက်ပြန်မှုတို့ကြောင့် ဒေါသဖြစ်၏။ အစားအစာကြောင့် ရာဂဖြစ်၏။ ဒေါသဖြစ်၏။ နေရာဌာနတို့ကြောင့် မာန၊ဒေါသ၊ရာဂများ ပွား၏။ ချစ်သူကြောင့် ကံငါးပါးလွန်ကျူး၏။ မုန်းသူကြောင့်လည်း ဒုစရိုက်မှုများစွာပြုကြ၏။

ဥပမာ- အရှင်မဟာမောဂ္ဂလာန်လောင်းသည် မိမိမယားကို အကြောင်းပြု၍ မိဘတို့ကို လုပ်ကြံသတ်ဖြတ်လေ၏။

## အချိန်နေရာပုဂ္ဂိုလ်နှင့် ဥပနိဿယ

ဥပနိဿယသတ္တိသည် မိမိသူတစ်ပါးဟူသော နှစ်ဦးသားတို့၏ အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်တို့၌ အတိတ်၊ပစ္စုပ္ပန်၊အနာဂတ် ကာလသုံးပါးလုံး၌လည်း ကျေးဇူးပြုနိုင်၏။ရံခါ ကာလမဲ့ပညတ်တို့၌လည်း ကျေးဇူးပြုနိုင်၏။ ဒေသအားဖြင့် (၃၁)ဘုံလုံး၌ ကျေးဇူးပြုနိုင်၏။ ပုဂ္ဂိုလ်အားဖြင့်လည်း (၁၂)ယောက်လုံးတို့၌ ကျေးဇူးပြု၏။ ကျေးဇူးမပြုနိုင်သော ပုဂ္ဂိုလ်၊နေရာ၊အချိန်တို့ဟူ၍ မရှိပေ။

---

ဥပနိဿယစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

**အကြောင်း+အကျိုးစွမ်းအင်ဆက်ပုံ**

အတိတ်ကပြုဖူးသော ဒါနစေတနာစွမ်းအင်ကြောင့် ပစ္စုပ္ပန်ဘဝတွင်

http://www.dhammadownload.com



ဒါန၊သီလ၊ သမထ၊ဝိပဿနာစွမ်းအင်များဆက်လက်ဖြစ်ပေါ်လာနိုင်၏။ ပစ္စုပ္ပန်ဘဝ၌ ဆည်းပူးအား ထုတ်အပ်သော ကုသိုလ်စွမ်းအင်တို့ကြောင့် ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလတို့တွင်ကုသိုလ် စွမ်းအင်များဆက်လက် ဖြစ်ပေါ်လာနိုင်၏။ ထို့အတူ လောဘ၊ဒေါသ၊မာနစသည်အကုသိုလ် စွမ်းအင်များ ကြောင့်လည်း အကုသိုလ်စွမ်းအားများ တိုးပွားဖြစ်ပေါ်လာနိုင်သည်။

ကုသိုလ်စွမ်းအင်တို့ကြောင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာမှုရရှိနိုင်ခြင်း၊ အကုသိုလ်စွမ်းအင်တို့ကြောင့် ကိုယ်စိတ်ဆင်းရဲရခြင်းစသည်တို့သည် ဥပနိဿယ သတ္တိ၏ အကြောင်းအကျိုးစွမ်းအင်ဆက်ကြောင့် ဖြစ်သည်။

## သန္တာန်နှစ်ရပ် စွမ်းအင်ဆက်ပုံ

မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ လောဘ၊ဒေါသ၊မာနစသည်တို့က ဗဟိဒ္ဓသန္တာန်ဝယ် ကိုယ်ပင်ပန်းနွမ်းနယ်မှုစသည်တို့ကို ဖြစ်စေ၏။ မိမိသန္တာန်၌ သဒ္ဓါ၊သီလ၊သုတ၊ စာဂ၊ပညာစသည်တို့ကလည်း သူတစ်ပါးတို့အား ကုသိုလ်စေတနာများ ပွားတိုးဖြစ်ပေါ် လာစေနိုင်၏။ ထို့အတူ သူတစ်ပါးသန္တာန်၌ လောဘ၊ဒေါသ၊စသည်တို့ကလည်း မိမိသန္တာန်ဝယ် ကိုယ်ပင်ပန်း၍ စိတ်နှလုံး ညှိုးနွမ်းခြင်းစသည်တို့ကို ဖြစ်စေတတ်ပြန်သည်။

## အားကြီးသောအကြောင်း(၃)ရပ်

အကျိုးတရားတို့ဖြစ်ပေါ်ဖို့ရာ အားကြီးသောမှီရာ အကြောင်းတို့သည် ကုသိုလ်၊အကုသိုလ်၊အဗျာကတဟူ၍ (၃)မျိုးသာ ရှိ၏။

ကုသိုလ်အကြောင်းတစ်ခုတည်းကိုပင် အမှီပြု၍ ကုသိုလ်အကျိုးလည်း ပွားတိုးနိုင်၏။ အကုသိုလ်အကျိုးလည်း ပွားတိုးနိုင်၏။ အဗျာကတအကျိုးလည်း ပွားတိုးနိုင်၏။ ထို့အတူ အကုသိုလ်အကြောင်း၊ အဗျာကတအကြောင်းတို့က အမှီပြု၍လည်း ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဟူသော အကျိုးတရားများ တိုးပွားဖြစ်ပေါ်လာနိုင်သည်။

ထိုကဲ့သို့ အကြောင်းတစ်ချက်၌ အကျိုးသုံးချက်နှင့်၊ အကျိုးတစ်ပါး၌လည်း အကြောင်း သုံးပါးစီ ဖြစ်ပွားနိုင်သောအခါ တန်ဖိုးရလဒ်ကောင်းတစ်ခုဖြစ်နိုင် အကြောင်းကအဓိကကျသလော?၊ အကျိုးက အဓိကကျသလော?ဟူ၍ မေးခွ

http://www.dhammadownload.com



လုပ်ဖွယ်ရာ ရှိလာရ၏။ လုပ်ငန်းကောင်းဖို့အတွက် ရလဒ်ကို မျှော်လင့်ခြင်း ပေလော။ (သို့မဟုတ်) ရလဒ်ကောင်းဖို့အတွက် လုပ်ငန်းကို လုပ်ဆောင်ခြင်းလေလော၊ ဆင်ခြင်နှိုင်းချိန်စရာ ကောင်းလှသည်။

## ဆန်းကျယ်သော ကြောင်းကျိုးဆက်နွယ်မှုများ

တစ်ခါတစ်ရံတွင် မိမိပြုသည့်အမှုက ကုသိုလ်ခေါင်းစီးတပ်ထားသော လုပ်ဆောင်ချက်များ ဖြစ်၏။ သို့သော်ရလဒ်တို့မှာ အကုသိုလ်အကျိုးများ ဖြစ်လာရ၏။ အဘယ့်ကြောင့်ပါနည်း?။ ထိုကုသိုလ်သည် အကုသိုလ်အတွက် မှီရာအကြောင်း ဖြစ်သွားခြင်းကြောင့်တည်း။

တစ်ခါတစ်ရံတွင် မိမိပြုသည့်အမှုက အကုသိုလ်လုပ်ဆောင်ချက်တို့ ဖြစ်နေ၏။ သို့သော် ရလဒ်တို့တွင် ကုသိုလ်တရား တိုးပွားလာပြန်၏။ အကြောင်းမှာ ထိုအကုသိုလ်သည် ကုသိုလ်အတွက် မှီရာအကြောင်း ဖြစ်သွားခြင်းကြောင့် ဖြစ်၏။

တစ်ခါတစ်ရံမှာတော့ ကုသိုလ်လည်း မပြု။ အကုသိုလ်လည်း မဟုတ်။ ထိုအမှုမျိုးကပင် မိမိအတွက် ကုသိုလ်၊အကုသိုလ်ရလဒ်တို့ ထွက်ပေါ်လာစေတတ်၏။ အကြောင်းမှာ ထိုအဗျာကတသည် ကုသိုလ်အကုသိုလ်တို့အတွက် မှီရာအကြောင်းဖြစ်ခြင်းကြောင့်တည်း။

ဤသဘောသည် လောကီသင်္ခါရဓမ္မတို့၌ ပုံသေသတ်မှတ်ခြင်းမရှိသော ကြောင်းကျိုးဆက်နွယ်မှု ပဋ္ဌာန်းဆက်စွမ်းအင် သံသရာလည်မှုပင် ဖြစ်ပေသည်။

## အကြောင်း၏တန်ဖိုးကို အကျိုးမှာရှာ

'အကျိုးလို၍ ညောင်ရေလောင်း' ဟူသောစကား၌ ညောင်ရေလောင်းမှု အကြောင်းတရားသည် ကုသိုလ်ရဖို့ဟူသောအကျိုးကို မျှော်ကိုး၍ ဖြစ်လာရ၏။ အကယ်၍ ကုသိုလ်အကျိုးသာ မရရှိခဲ့ပါက ညောင်ရေလောင်းမှုအကြောင်းသည် တန်ဖိုးမဲ့ပေ၏။ ကုသိုလ်အကျိုးကို စွဲမှီ၍ ညောင်ရေလောင်းမှုအကြောင်း ဖြစ်၏။ ညောင်ရေလောင်းမှုအကြောင်းသည် ကုသိုလ်အကျိုး၌ တန်ဖိုးတည်ရှိနေပေသည်။

ထို့ကြောင့် ဥပနိဿယသတ္တိတွင် အကြောင်းတရားတို့ကို တန်ဖိုးရှာသော် အကျိုးတရားများ၌ တွေ့ရှိရပေ၏။ လုပ်ဆောင်ချက်ဟူသမျှသည် ရလဒ်အတွက် ကြောင့်သာ ဖြစ်ပေါ်လာရခြင်းကြောင့်တည်း။ အကျိုးကို မျှော်ကိုးကြသော

http://www.dhammadownload.com



ပုထုဇဉ်လူသားတို့အတွက်မှာ အကြောင်းတရား၏တန်ဖိုးကို အကျိုးတရားဌ်သာ ရှာဖွေ ကြည့်၍ သိနိုင်ပေ၏။

## အကျိုးပြုမှီရာနှင့် အဆိုးပြုမှီရာ

အကြောင်းတရားသည် ကုသိုလ်ဖြစ်လျှင် ဖြစ်မည်။ အကုသိုလ်ဖြစ်လျှင် ဖြစ်မည်။ အဗျာကတဖြစ်လျှင်လည်း ဖြစ်ပေမည်။ ချစ်သူမုန်းသူတွေဖြစ်လျှင်လည်း ဖြစ်မည်။ သက်ရှိသက်မဲ့များဖြစ်လျှင်လည်း ဖြစ်မည်။ ဥတုရာသီ၊ နေရာအိမ် ကျောင်း၊ အစားအသောက်ဖြစ်လျှင် ဖြစ်ပေလိမ့်မည်။ မိဘဆရာဖြစ်လျှင် ဖြစ်မည်။ မိန်းမယောက်ျား ကွဲပြားလျှင် ကွဲပြားနေပေလိမ့်မည်။

သို့သော် ထိုအကြောင်းတရားများကြောင့် ကုသိုလ်အကျိုးတရားများသာ တိုးပွားဖြစ်ပေါ်လာပါက ထိုအကြောင်းတို့ကို 'အကျိုးပြုမှီရာ' ဟု ခေါ်ရတော့၏။ (ကုသလော+ကုသလဿ၊အကုသလော+ကုသလဿ၊အဗျာကတော+ ကုသလဿ)

သို့မဟုတ်၊ အကုသိုလ်အကျိုးတရားများသာ တိုးပွားဖြစ်ပေါ်လာပါက ထိုအကြောင်းများကို 'အဆိုးပြုမှီရာ' ဟု ခေါ်ဆိုရပေလိမ့်မည်။ (ကုသလော+ အကုသလဿ၊ အကုသလော+ အကုသလဿ၊ အဗျာကတော+အကုသလဿ)

## ရလဒ်တွေ တန်ဖိုးထိုက်နေဖို့

ဥပနိဿယစွမ်းအင်များကို လက်တွေ့အသုံးချနိုင်ဖို့ရာ လိုရင်းချုပ်သည့်အခါ 'အကျိုးပြုမှီရာ ဥပနိဿယသတ္တိနှင့် အဆိုးပြုမှီရာဥပနိဿယသတ္တိဟု(၂)မျိုး တွေ့ရ၏။ ထိုတွင် မိမိပြုလုပ်သော အကြောင်းကံတစ်ခုသည် အကျိုးအပေါ်၌ မှီတွယ်နေတတ်မှုကို 'သင်္ခါရပစ္စယာ ဝိညာဏံ' စသည်တို့ဖြင့် ဆင်ခြင်သုံးသပ်နိုင်၏။ အကြောင်းကြောင့် အကျိုးဖြစ်ပေါ်လာရခြင်းနှင့်၊ အကျိုးကိုစွဲ၍လည်း အကြောင်း ဖြစ်လာခြင်းကို 'ပဋိစ္စသမုပ္ပါဒ်' ဟု ခေါ်ဆို၏။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်သဘောအရ ဆင်ခြင်သုံးသပ်ကြည့်ပါက အကြောင်းတရား တစ်ခုတည်းဖြင့်လည်း စွမ်းအင်သတ္တိများမဖြစ်။ အကျိုးတရား တစ်ပါးဖြင့်လည်း စွမ်းအင် မပေါ်။ အကြောင်းသင်္ခါရစသည်နှင့် အကျိုးဝိညာဏ် စသည်တို့ ပေါင်းဆုံယှဉ်တွဲ ဆက်စပ်မှုကြောင့်သာ (ဇာတိ၊ဇရာ၊မရဏစသည်)

http://www.dhammadownload.com



စွမ်းအင်သတ္တိများ ရရှိဖြစ်ပေါ်နေခြင်း ဖြစ်သည်။ ထို့အတူ ပဋ္ဌာန်းစွမ်းအင်သတ္တိအရ ကြည့်ပါကလည်း ထိုသဘောအတိုင်းပင် တွေ့ရပေ၏။

သို့ဖြစ်၍ လုပ်ငန်းတစ်ခု၌ တန်းဖိုးရလဒ်တွေ ကောင်းမြတ်နေနိုင်ဖို့မှာ အကြောင်း အဓိကလည်းမဟုတ်သလို၊ အကျိုးအဓိကလည်း မဖြစ်နိုင်တော့ပေ။ အကြောင်းနှင့်အကျိုး အပေါ်၌ အသိဉာဏ်ဖြင့်နှိုင်းချင့်ချိန်၍ အသုံးချနိုင်မှုရှိ/မရှိ ဆိုသည့်အပေါ်၌သာ အဓိက ကျပေတော့သည်။

## ပညာဖြင့် နှလုံးသွင်းဆင်ခြင်ခြင်း

အကြောင်းတစ်ခုသည် အကျိုးတရားနှင့် ဆက်စပ်ပေါင်းဆုံ၍ ကျေးဇူးပြုခွင့် ရမှသာ စွမ်းအင်သတ္တိများ ဖြစ်ပေါ်ရရှိလာ၏။ အကြောင်းသက်သက်လည်း အကျိုးမပြီး။ အကျိုးသက်သက်လည်း တန်ဖိုးမရှိ ဖြစ်၏။ ထိုသို့ အကြောင်းနှင့် အကျိုး ပေါင်းဆုံယှဉ်တွဲ၍ ကျေးဇူးပြုသည့်အခါ ပညာဖြင့် ချင့်ချိန်နှလုံးသွင်း နိုင်ခြင်းကို 'ယောနိသောမနသိကာရ' ဟု ခေါ်၏။ မောဟဖြင့် နှလုံးသွင်းနိုင်ခြင်း ကိုကား 'အယောနိသောမနသိကာရ' ဟု ခေါ်ရ၏။

အကြောင်းသည် ကုသိုလ်ဖြစ်ဖြစ်၊ အကုသိုလ်ဖြစ်ဖြစ်၊ အဗျာကတဖြစ်ဖြစ်၊ ယောနိသောမနသိကာရခေါ် ပညာဖြင့်နှလုံးသွင်းဆင်ခြင်နိုင်မှုရှိသူအား ကုသိုလ် အကျိုးဟူသော ကောင်းမြတ်သည့် တန်ဖိုးရလဒ်များ ရရှိလာရ၏။ အယောနိသော မနသိကာရခေါ် မောဟဖြင့်နှလုံးသွင်းလေ့ရှိသူအား အကုသိုလ်အကျိုးဟူသော ဆိုးယုတ်သည့်တန်ဖိုးရလဒ်များရရှိ လာရမြဲ ဖြစ်ပေ၏။ ထို့ကြောင့် အကြောင်း အကျိုး၏ (သို့မဟုတ်၊အကျိုးတရား၏) တန်ဖိုးကို ပညာဖြင့် နှိုင်းချင့်ချိန်၍ နှလုံး သွင်းနိုင်ခြင်း ရှိ/မရှိအပေါ်၌ အဓိကကျပေသည်။

## ဥပနိဿယသတ္တိနှင့်မကင်းနိုင်မှုများ

တစ်စက်တစ်စက်ကျနေသော မိုးရေပေါက်သည် ရာဝင်အိုးကြီးကို ပြည့်လျှံစေသကဲ့သို့၊ အနည်းငယ်မျှသော အကြောင်းတစ်ခုသည် ဥပနိဿယမိုရာသတ္တိ ထူးဖြင့် ကျေး ဇူးပြုမှုရရှိသောအခါ အောက်အဝီစိနှင့်၊ အထက်ဘဝဂ်၊ နိဗ္ဗာန်သို့ ရောက်အောင် စွမ်းအား ဖြစ်လေ၏။

http://www.dhammadownload.com



အကြောင်းတစ်ခုသည် မပြောပလောက်သော ကြုံကြိုက်မှုလေး ဖြစ်ချင်ဖြစ် နေမည်။ သို့သော် ထိုအကြောင်းသည် အတိတ်၊ပစ္စုပ္ပန် ကံအားလျော်စွာ မိမိ၏သန္တာန်၌ စိတ်၊စေတသိက်တို့အား ဥပနိဿယမိုရာသတ္တိထူးဖြင့် ကျေးဇူးပြု ဆက်သွယ်မှုကို ရရှိသောအခါ ကြီးကျယ်ပြန့်ပြောသော ကုသိုလ်၊ အကုသိုလ်စွမ်း အားများ ဖြစ်ထွန်းလာနိုင်စွမ်း ရှိလေ၏။

ဖနီးခင်ပွန်းနှစ်ယောက်တို့သည် တစ်ယောက်အပေါ် မထင်မှတ်သည့် အထင်လွဲမှု လေးတစ်ခုကနေ ကြီးကျယ်သည့်ရန်ပွဲကြီးဖြစ်ကာ ကွာရှင်း လိုက်ရ၏။ စားစရာမရှိ၍ သူတစ်ပါးအိမ် ဝင်ဖောက်သူသည် လူသတ်မှုများ ကျူးလွန်မိကာ ထောင်တစ်သက်တစ်ကျွန်း ကျသွားရ၏။ ရဟန်းတစ်ပါးသည် မိန်းမပျိုလေး တစ်ယောက်ကို မြင်မိရုံလေးမျှဖြင့်ပင် လူဝတ်လဲသွားဖြစ်ခဲ့သည်။

ထို့အတူ တရားတစ်ပုဒ် နာမိရုံလေးမျှဖြင့် တစ်မဂ်တစ်ဖိုလ်မက ရဟန္တာ ဖြစ်သွားသူများလည်း ဒုနှင့်ဒေး ရှိကြ၏။ စာအုပ်လေးတစ်အုပ် ဖတ်မိရုံဖြင့်ပင် ဘဝအနေအထား များပြုပြင်ပြောင်းလဲသွားသူများလည်း ရှိကြ၏။ မထင်မှတ်သည့် ပန်းတစ်ပွင့်၊ မုန့်တစ်ချပ်အလှူဒါန ကုသိုလ်လေးတစ်ခုကပင် လူ့နတ်နိဗ္ဗာန် ချမ်းသာများဆီသို့ ရောက်အောင် ပို့ဆောင်ပေးနိုင်မှုသဘောများသည် ဥပနိဿယ သတ္တိ၏ စွမ်းအားများပင် ဖြစ်တော့သည်။ ဥပနိဿယသတ္တိသည် အကြောင်း အကျိုးနှင့် မကင်းသူ သင်္ခါရလောကသားတိုင်း၏ သန္တာန်၌ နေ့စဉ်အမျှ စွမ်းအင်သက် ရောက်နေပေသည်။

## အပေါင်းအဖော်နှင့် ဥပနိဿယ

အားကြီးသောမှီရာအကြောင်းတို့တွင် ပစ္စုပ္ပန်သံသရာတွင် လော လောကုတ္တရာနှစ်ဖြာ၌ အောင်မြင်တိုးတက်ရေးအတွက်မှာ ပုဂ္ဂလအကြောင်းသ လည်း အရေးကြီးသော ဥပနိဿယသတ္တိပင် ဖြစ်၏။ ထိုတွင် မိမိနှင့်ပေါင်းဖေ ယှဉ်ဖက်သူတို့တွင် မိတ်ကောင်း ကလျာဏနှင့် မိတ်ပျက်ပါပဟူ၍ နှစ်မျိုးရှိ၏

ကလျာဏမိတ္တသည် ပစ္စုပ္ပန်သံသရာတွင် မိမိသူတစ်ပါးနှစ်ဦးသားလုံးအ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းနိုင်ရေးအတွက် ကျေးဇူးပြုနိုင်၏။ ဆန့်ကျင်ဘက်အားဖြ ပါပမိတ္တသည်ကား မိမိနှင့်သူတစ်ပါးတို့အား နှလုံးစိတ်ဝမ်း ပူလောင်ကျွမ်းမြို စေရန် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုမှု ဖြစ်၏။

http://www.dhammadownload.com



ထို့ကြောင့်ပင် ကလျာဏမိတ္တခေါ် မိတ်ဆွေကောင်းတစ်ယောက်သည် မိမိအတွက် ဥပနိဿယသတ္တိဖြစ်နိုင်ပါက 'သံသရာတစ်လျှောက်လုံးမှ နိဗ္ဗာန်ထိတိုင် ရာနှုန်းပြည့် အကျိုးစွမ်းအား ဖြစ်ထွန်းနိုင်၏'ဟု မြတ်စွာဘုရား ဟောမိန့်တော်မူခဲ့လေ၏။

**လင်္ကာ။** ပညာရှိအား၊ မှီငြားလေပြန်၊ အသိတရား၊ ထင်ရှားထက်သန်၊

ကုသိုလ်များပြား၊ ပွားများလေပြန်၊ ပကတူပ၊ ယူကြစွမ်းအင်မှန်။

ဗာလပုဂ္ဂလ၊ မှီကြလေပြန်၊ အသိဉာဏ၊ ကင်းပတန်တန်၊

အကုသိုလ်များ၊ ပွားများဖန်ဖန်၊ ပကတူပ၊ ယူကြစွမ်းအင်မှန်။

## ကလျာဏမိတ္တ၏တန်ဖိုး

ဘုရားရှင်လက်ထက်တော်က အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာစသော ကလျာဏမိတ္တပုဂ္ဂိုလ်တို့ကို ဥပနိဿယစွမ်းအင်ရ၍ အနီးအပါး၌ ကျွမ်းဝင်သူများ သာမက သံသရာမှ ဆွေဆက်မျိုးဆက်တို့ပင် နိဗ္ဗာန်နန်းဆီသို့ အရောက်လှမ်းနိုင်ခဲ့ကြ၏။ ထို့အတူ ကလျာဏမိတ္တဖြစ်သော ရဟန်းပုဂ္ဂိုလ်၊လူပုဂ္ဂိုလ်၊ အမျိုးသမီး၊ အမျိုးသားတို့ကို ဥပနိဿယသတ္တိရ၍ ဒုက္ခဝဋ္ဋဆင်းရဲမှ လွတ်မြောက်နိုင်ခြင်းရှိသူတို့သည် သာဓကပြ၍ပင် မကုန်နိုင်ပေ။

မြတ်စွာဘုရားတည်းဟူသော အတုမဲ့ကလျာဏမိတ္တကို ပေါင်းသင်းရမှု ကြောင့် ကုဋေကုဋာမက များပြားလှစွာသော ဝေနေယျသတ္တဝါအပေါင်းတို့သည် အပါယ်လမ်းမှ လွတ်၍ နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူကြရကုန်သည်။

ထို့ကြောင့် မိမိ၏အာရုံဝန်းကျင် နယ်မြေအတွင်းတွင် ဇနီးဖြစ်စေ၊ ခင်ပွန်းဖြစ်စေ၊ မိဘဖြစ်စေ၊သားသမီးဖြစ်စေ၊ ဆရာဖြစ်စေ၊တပည့်ဖြစ်စေ၊ ချစ်သူ၊ သူငယ်ချင်း အပေါင်းအသင်းပင် ဖြစ်နေပါစေ။ မိမိနှင့် သဟဇာတ်၊ အညမညသတ္တိရရှိ၍၊ သမ္ပယုတ်အဖော်ဖြစ်သူ တို့တွင် မိမိအတွက်ပါရမီဖြည့် ဖက်ဟုဆိုရသော ကလျာဏမိတ္တတစ်ယောက် ရှိနေဖို့လိုအပ်လှပါသည်။ ကလျာဏမိတ္တ၏ ဥပနိဿယ သတ္တိစွမ်းအားတန်ဖိုးကား ကြီးမားလှပေစွတကား။

## အကြောင်းမှလွတ်သည့်အကျိုးမရှိ

ဥပနိဿယသတ္တိ၌ အာရုံအကြောင်း၊ အနန္တရအကြောင်း၊ ပကတူပ

http://www.dhammadownload.com



အကြောင်းဟု အကြောင်းရင်း(၃)မျိုးရှိ၍ အကြောင်းဖျားတို့မှာ များစွာပင် ရှိကြ၏။ ၂ပစ္စယဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ' သင်္ခါရလောက၌ အကြောင်းမှ လွတ်သည့် အကျိုးတရားဟူ၍ကား မရှိနိုင်။ ထိုအကြောင်းတရား၏နောက်တွင်လည်း အကျိုး ဆက်သည် ယှဉ်တွဲပါလာမြဲ ဖြစ်၏။

အကျိုးတစ်ခုကို ရရှိလိုသူအား အကြောင်းတစ်ခုခုကို မလွဲမသွေ ပြုလုပ် အားထုတ်ရ၏။ အကျိုးတရားအားလုံးတို့အတွက် အကြောင်းကမူသည် ပဓာနအချက် အချာပင် ဖြစ်တော့၏။

'သင်္ခါရပစ္စယာ ဝိညာဏံ'အရ ကြည့်လေသော် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ စသော အကျိုးအားလုံးသည် သင်္ခါရဟူသောအကြောင်း ကံကြောင့် ဖြစ်ရ၏။ ထိုသင်္ခါရသည်လည်း အဝိဇ္ဇာ၏ မြစ်ဖျားခံမှု၊ တဏှာ၏အမြစ်တွယ်မှုတို့ကြောင့်တည်း။

## မှီသင့်၊မမှီသင့်အကြောင်းများ

အကျိုးဝိညာဏ်စသည်အတွက် အကြောင်းသင်္ခါရကို ပြုလုပ်သည့် အခါတွင်လည်း ထိုအကြောင်းတို့သည် ရလဒ်တန်ဖိုးအားလျော်စွာ-

၁။ **ပဟာတဗ္ဗ(ပယ်ရမည့်)အကြောင်း**

၂။ **ဘာဝိတဗ္ဗ(ပွားရမည့်)အကြောင်း** ဟု(၂)မျိုး ကွဲပြားလာရ၏။

ထိုတွင် ပယ်ရမည့်အကြောင်းတို့မှာ တဏှာဦးစီးမှုကြောင့် ဖြစ်၏။ ပွားရမည့်အကြောင်းတို့မှာကား ပညာဦးစီးမှုကြောင့် ဖြစ်၏။

ထို့ကြောင့် ဥပနိဿယသတ္တိကိုရသော အကြောင်းသင်္ခါရဟူသမျှ၌ မိမိပြုသည့်အကြောင်းသည် ကုသိုလ်ဖြစ်လျှင် ဖြစ်မည်။ အကုသိုလ်ဖြစ်လျှင်လည်း ဖြစ်ပေလိမ့်မည်။ တဏှာဦးစီး၍သာ ပြုလုပ်ပါက အကုသိုလ်အကျိုးဆက်တို့သာ တိုးတက်ပွားများလာနိုင်သဖြင့် ထိုအကြောင်းကို 'ပဟာတဗ္ဗအကြောင်း'ဟု ဟော တော်မူ၏။

အကယ်၍ ပညာဦးစီး၍ ပြုလုပ်သည်ရှိသော်ကား ထိုကုသိုလ်၊အကုသိုလ် စသော သင်္ခါရအကြောင်းတို့သည် ကုသိုလ်အကျိုးဆက်တို့ကို တိုးတက်ပွားများ စေသဖြင့် ထိုအကြောင်းကို 'ဘာဝိတဗ္ဗအကြောင်း'ဟု ဟောတော်မူခြင်း ဖြစ်ပါ သည်။

http://www.dhammadownload.com



လုပ်ဆောင်ချက်နှင့် ရလဒ်ကို ယှဉ်တွဲသည့်ခါကွင်လည်း ထို့အတူပင် တဏှာဦးစီး သည့် ပဟာတဗ္ဗအကြောင်းတို့ကြောင့် 'ဒုက္ခသစ္စာ'အကျိုးရလဒ်ကို ရရှိ၍၊ ပညာဦးစီးသည့် ဘာဝိတဗ္ဗအကြောင်းတို့ကြောင့်ကား 'နိရောဓသစ္စာ' ကိလေသာအပူခပ်သိမ်း ငြိမ်းချမ်းမှု အကျိုးကို ရရှိနိုင်ရလေသည်။

## ကုသိုလ်ပြု အကုသိုလ်ရ၊ အကုသိုလ်ပြု ကုသိုလ်ရ

ဥပနိဿယအကြောင်းတို့တွင် အကြောင်းက ကုသိုလ်ဖြစ်လျက် အကျိုး ရလဒ်မှာ အကုသိုလ်ဖြစ်နေခြင်း(ကုသလော+အကုသလဿ)၊ အကြောင်းက အကုသိုလ်ဖြစ်လျက် အကျိုးမှာ ကုသိုလ်ဖြစ်နိုင်ခြင်း (အကုသလော+ကုသလဿ) သဘောတို့ကို သိရှိနိုင်ပေ၏။

အဘိဓမ္မာ၌ 'ဝိပါက်အမှန်၊ ဇောအပြန်'နှင့်သဘော တူ၏။ ဘုရားကို ဖူးတွေ့ရပါလျက် မိစ္ဆာဒိဋ္ဌိတို့သန္တာန်၌ ဒေါသဇော၊ သဒ္ဓါအားနည်းသူတို့၌ ဥပေက္ခာ ဇောစောကြ၏။ ဖောက်ပြန်သောအာရုံကို ကြုံတွေ့ရပါလျက် ကုသိုလ်ဇော၊ ဉာဏသမ္ပယုတ်ဇောနှင့် ဝိပဿနာ ဉာဏ်တို့ ဖြစ်ရ၏။ အဘယ့်ကြောင့်ပါနည်း။ သခ်ါရဓမ္မတို့၏ 'အနိစ္စ'ဟူသော သဘာဝလက္ခဏာ ကြောင့်ပင်တည်း။ အလေး အနက် သတိပြုကြပါလေ။

ထိုသို့ ကုသိုလ်မှုပြုတိုင်းလည်း ကုသိုလ်အကျိုးမရခြင်း၊ အကုသိုလ်မှုပြု တိုင်းလည်း အကုသိုလ်အကျိုးမရနိုင်ခြင်းတို့ကို သိရသဖြင့် အကြောင်းဖက်နှင့် အကျိုးဆက်တို့အပေါ် စွဲလန်းတတ်သော တဏှာ၊ဒိဋ္ဌိတို့ အဖြစ်နည်းနိုင်တော့၏။

## မှီဝဲသင့်/မမှီဝဲသင့် အကြောင်းများ

ကုသိုလ်အကြောင်းနှင့် အကုသိုလ်အကြောင်းတို့ကို မှီဝဲသင့်/မမှီဝဲသင့်သော 'သေဝိတဗ္ဗဓမ္မနှင့် အသေဝိတဗ္ဗဓမ္မ'အားဖြင့် ရှင်တော်ဗုဒ္ဓ ခွဲခြားဟောတော်မူခဲ့၏။

(၁)သေဝိတဗ္ဗ-မှီဝဲသင့်သော ကုသိုလ်၊အကုသိုလ်ဟူသည် အဘယ်နည်း?။ အကြင်ကုသိုလ်၊ အကုသိုလ်ကံ တစ်ခုခု မှီဝဲပြုလုပ် အားထုတ်၏။ ထိုကံကြောင့် မိမိသန္တာန်၌ ကုသိုလ်အကျိုးတရားများ ပွားတိုးလာနိုင်၏။ ထိုကံသည် အကုသိုလ်ပင် ဖြစ်ပါစေ။ 'အကုသိုလ်တစ်ပဲ၊ ကုသိုလ်တစ်ပိဿာ'ဟု ပြောနိုင်လောက်သဖြင့် မှီဝဲသင့်ပေ၏။ ကုသိုလ်ကံဖြစ်လျှင်ကား အဘယ်မှာ ဆိုဖွယ်ရှိအံ့နည်း။

http://www.dhammadownload.com



၂-အသေဝိတဗ္ဗ-မမှီဝဲသင့်သော ကုသိုလ်နှင့်အကုသိုလ်ဟူသည် အဘယ် နည်း?။ အကြင်ကုသိုလ်၊အကုသိုလ်ကံတစ်ခုခုကို မှီဝဲအားထုတ်ပြုလုပ်သဖြင့် မိမိသန္တာန်၌ အကုသိုလ် ဟူသောအကျိုးတရားများသော တိုးပွားများပြားလာနိုင်၏။ ထိုကံသည် ကုသိုလ်ပင်ဖြစ်နေပါစေ။ 'ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ'ဟု ဆိုရ လောက်သဖြင့် မမှီဝဲသင့်ပေ။ အကုသိုလ်ကံဖြစ်နေပါလျှင်ကား အဘယ်မှာ ဆိုဖွယ်ရာရှိတော့အံ့နည်း။

## ဥပနိဿယပစ္စည်း၏ အကျိုး

အနည်းငယ်မျှသော အကုသိုလ်သည် အမှိုက်ကစ ပြာသာဒ်မီးလောင် သကဲ့သို့ ဥပနိဿယသတ္တိကြောင့် အဆုံးမရှိသော အဝီစိငရဲသို့တိုင် ကျရောက် နိုင်သည်။ ထို့ကြောင့် အနည်းငယ်သော အကုသိုလ်အမှုကိုပင် မထီမဲ့မြင်မပြုဘဲ သတိပြု ရှောင်ကြဉ်သင့်ပေ၏။

အနည်းငယ်မျှသော ကုသိုလ်သည် မိုးရေတစ်စက်မှ သမုဒ္ဒရာရေတို ဖြစ်လာစေ သကဲ့သို့ ဥပနိဿယသတ္တိဖြင့် နိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်စွမ်းရှိသည် ထို့ကြောင့် အနည်းငယ်သော ကုသိုလ်အမှုကိုပင် လွန်စွာနှစ်သက်လျက် ပွားများ အားထုတ်အပ်၏။

သူတော်ကောင်းကို ပေါင်းသင်းရမှုကြောင့် သဒ္ဓါဟူသော ယုံကြည်ချက်များ တိုး ပွားဖြစ်ပေါ်လာ၏။ သဒ္ဓါကြောင့် သီလကို ကျင့်သုံးနိုင်၏။ သီလကြော စိတ်နှလုံး ရွှင်လန်းသည်။ နှလုံးရွှင်မှုကြောင့် ဝမ်းမြောက်ရသည်။ ဝမ်းမြောက် ကြောင့် နှစ်သက်မှုပီတိ ဖြစ်ရ၏။ ပီတိကြောင့် ကိုယ်စိတ်ငြိမ်းချမ်းလာရ၏ ကိုယ်စိတ်ငြိမ်းချမ်းသော် ချမ်းသာရာ ရ၏။ သုခကြောင့် သမာဓိတည်ကြည်၏ သမာဓိကြောင့် အဟုတ်အမှန်ကို ယထာဘူတဉာဏ်ဖြင့် သိတော့၏။ ထိုဉာဏ ကြောင့် ဝိပဿနာဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်၏။

**လင်္ကာ**။ သဒ္ဓါရှေးသွား၊ ပြုငြားကုသိုလ်၊
ဒါနသီလ၊ ပွားကြထိုထို ။
ကုသိုလ်ရှေးသွား၊ နောက်ပါးကုသိုလ်၊
မဂ်ဖိုလ်ရောက်၊ လွတ်မြောက်နိဗ္ဗာန်ကို။

http://www.dhammadownload.com



## ဥပနိဿယပစ္စယော-ဘုရားရှိခိုး

မိုးနှင့်မကင်း၊ စုံခပင်းတို့၊ မိုးတွင်းထစ်ကျိုး၊ ရွာသည့်မိုးသို့၊ သုံးမျိုးပြားလတ်၊ စိတ္တုပ္ပါဒ်အား၊ ကြီးမားလှစွာ၊ မှီရာဖြစ်သော အာရမ္မဏူပ၊ အနန္တရူပ၊ ပကတူပနိဿယ ပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါ ပေသည်တကား။

ဥပနိဿယပစ္စယောပြီး၏။

## ၁၀။ ပုရေဇာတပစ္စယော။

(ရှေးကကြိုတင်ဖြစ်မှုသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

(ဝတ္ထုပုရေဇာတ)

၁။ (က)စက္ခာယတနံ (ခ)စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ၊(ဂ) (သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ အားလုံးနိဿယနှင့်တူ၏။)

(အာရမ္မဏပုရေဇာတ)

၂။ (က)ရူပါယတနံ (ခ)စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ၊(ဂ) (သဒ္ဒ၊ ဂန္ဓ၊ရသ၊ ဖောဋ္ဌဗ္ဗ၊ အားလုံးအာရမ္မဏနှင့်တူ၏။)

(က) ရူပါယတနံ၊သဒ္ဒါယတနံ၊ဂန္ဓာယတနံ၊ရသာယတနံ၊ဖောဋ္ဌဗ္ဗာယတနံ၊

(ခ) မနောဓာတုယာ၊ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ၊ (ဂ) ။

၃။ (က)ယံရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံရူပံ၊

(ခ) မနောဓာတုယာစ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ၊ (ဂ) ။

(ခ) မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ၊

(ဂ)ကိဉ္စိကာလေ ပုရေဇာတပစ္စယေနပစ္စယော။

ကိဉ္စိကာလေ န ပုရေဇာတပစ္စယေနပစ္စယော။

http://www.dhammadownload.com



**ပစ္စယနိဒ္ဒေသအနက်။**

၁။(က) စက္ခာယတနံ၊ စက္ခုပသာဒရုပ် မျက်စိအကြည်ဓာတ်သည်။ (ခ) စက္ခုဝိညာဏဓာတုယာစ၊ မြင်သိစိတ် စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်သော ဖဿစသော စေတသိက်(၇)ပါးတို့အားလည်းကောင်း။ (ဂ)ပုရေဇာတ ပစ္စယေနပစ္စယော၊ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ (သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ တူ၏)

၂။ အာရမ္မဏနှင့်အားလုံးတူ၏။

၃။ (နိဿယနှင့်အားလုံးတူ၏) (ဂ)ကိဉ္စိကာလေ၊ အချို့သောပဝတ္တိကာလ၌၊ ပုရေဇာတပစ္စယေနပစ္စယော။ ပုရေဇာတသတ္တိဖြင့်ကျေးဇူးပြု၏။ ကိဉ္စိကာလေ၊ အချို့သော ပဋိသန္ဓေကာလ၌။ နပုရေဇာတပစ္စယော၊ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးမပြုနိုင်။

---

## ပုရေဇာတသတ္တိသရုပ်အဓိပ္ပါယ်များ

### ပုရေဇာတနှင့်ပစ္စယ

ပုရေ-ရှေး၌။ ဇာတ-ဖြစ်သောတရား။ ရှေး၌ကြိုတင်ဖြစ်မှုသဘောသည် 'ပုရေဇာတ' မည်၏။ ပုရေဇာတအရ-ရှေးရှေး၌ဖြစ်သော ဝတ္ထုရုပ် (၆)ပါး၊ အာရုံ (၆)ပါးတို့ကို ရ၏။

မိရာဝတ္ထုရုပ် (၆)ပါးနှင့် အာရုံ(၆)ပါး အကြောင်းတရားတို့သည် ရှေးကဖြစ်လျက် နောက်မှဖြစ်လာသော စိတ်စေတသိက် အကျိုးတရားတို့အား ကျေးဇူးပြုခြင်းသဘောကို 'ပုရေဇာတပစ္စယော'ဟု ခေါ်၏။ ပုရေဇာတသည် အာရမ္မဏနှင့် နိဿယတို့မှခွဲထွက်လာသောပစ္စည်း ဖြစ်၏။

### ပုရေဇာတဥပမာ

နေနှင့်လတို့သည် ကမ္ဘာဦးကာလကတည်းက ကြိုတင်ဖြစ်နှင့်၍ အလင်းရောင်ကို မှီခိုနေသူအားလုံးတို့အား ကျေးဇူးပြုသကဲ့သို့တည်း။

**လင်္ကာ**။ ကမ္ဘာစဦး၊ ပကတူးက၊ ကွန့်မြူးနေလ၊ ဖြစ်ကုန်ကြ၍၊ နောက်မှဖြစ်လေ၊
များထွေထွေ၊ ပြုလေပုရေဇာတ။

http://www.dhammadownload.com



## ပုရေဇာတ (၂)မျိုး

၁။ တည်မှီရာအဖြစ်ဖြင့် ရှေးဦးဖြစ်၍ကျေးဇူးပြုသော 'ဝတ္ထုပုရေဇာတ ပစ္စည်း'၊

၂။ အာရုံအဖြစ်ဖြင့် ရှေးဦးဖြစ်၍ ကျေးဇူးပြုသော 'အာရမ္မဏပုရေဇာတ ပစ္စည်း'ဟု (၂)မျိုး ရှိသည်။ ထိုတွင် ဝတ္ထုပုရေဇာတသည် နိဿယပစ္စည်းနှင့် အလုံးစုံတူ၍ အာရမ္မဏ ပုရေဇာတသည် အာရမ္မဏာဓိပတိနှင့် သဘောသွားတူ၏။ လင်္ကာ။ ဝတ္ထုပုရေ၊ အာပုရေ၊ နှစ်ထွေပုရေဇာတ်။

## ပုရေဇာတကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ရှေးရှေးရုပ် | နောက်နောက်နာမ် |
| စက္ခုဝတ္ထုစသည် (၆)ပါး | စိတ် |
| ရူပါရုံစသည် (၆)ပါး | စေတသိက် |

## အာရမ္မဏပုရေဇာတဆိုင်ရာ

ပစ္စုပ္ပန်နိပ္ဖန္နရုပ် (၁၈)ပါးဟူသော အာရုံ (၆)ပါး အကြောင်းပစ္စည်းတရား တို့သည် ကာမစိတ်(၅၄)ပါး၊ ဒိဋ္ဌစက္ခု၊ဒိဗ္ဗသောတ အဘိညာဉ်ဟူသော အကျိုး ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ သဘောတရား တူသော ပစ္စည်းများမှာ- အာရမ္မဏ၊ပုရေဇာတ၊အတ္ထိ၊ အဝိဂတ။

## အာရမ္မဏပုရေဇာတကျေးဇူးပြုပုံအကျယ်

(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) (သင်္ချာ-၃) | | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် (၁၈) ပါး | ဗျာ | ကု | မဟာကု ၈၊ ဒိဗ္ဗစက္ခု,သော,ကုသိုလ်ဘိ |
| | ဗျာ | အကု | အကု (၁၂)၊ စေ (၂၇) |
| | ဗျာ | ဗျာ | ကာဝိ (၃၂)၊ ကြိ (၁၁)၊ ဒိဗ္ဗစက္ခု,သော,ကြိယာဘိ |

http://www.dhammadownload.com



## ၁။ အဗျာကတအာရုံသည် ကုသိုလ်စိတ်အား ကျေးဇူးပြုပုံ

'စက္ခုံ၊ ရူပံ ဝိပဿတိ၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, အဆင်း, အသံ, အနံ့, အရသာ, အတွေ့တို့ကို မမြဲ၊ဆင်းရဲ၊အစိုးမရစသည်ဖြင့် ဆင်ခြင်သော အခါ၊ ဒိဗ္ဗစက္ခုအဘိညာဏ်, ဒိဗ္ဗသောတအဘိညာဏ်တို့ဖြင့် မြင်ရကြားရသောအခါတို့၌ အဗျာကတအာရုံတို့က ကာမကုသိုလ်စိတ်အား ကျေးဇူးပြုသည်။

ဥပမာ။ သူတစ်ပါး၏ ခန္ဓာကိုယ်ကို ဖြစ်ပျက်ရှု၏။ အသုဘာဘာဝနာပွား၏။

## ၂။ အဗျာကတအာရုံသည် အကုသိုလ်စိတ်အား ကျေးဇူးပြုပုံ

'စက္ခုံစ၊ ရူပံစ အဿာဒေတိ'၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, အဆင်း, အသံ, အနံ့, အရသာ, အတွေ့တို့ကို စွဲ၍ သာယာမှု၊ နှစ်သက်စွဲလမ်းမှု၊ စိတ်ဆိုးမှု၊ ရာဂ၊ဒေါသ၊ဒိဋ္ဌိ၊မာနစသည်တို့ ဖြစ်သောအခါ အဗျာကတအာရုံတို့က အကုသိုလ်စိတ်အား ကျေးဇူးပြု၏။ ဥပမာ။ မိမိမျက်နှာ မလှသည်ကို မြင်ရသော် ဒေါသဖြစ်သည်။ ချောမောလှပသူတို့ကို တွေ့ရသဖြင့် ချစ်ကြိုက်၏။

## ၃။ အဗျာကတအာရုံသည် အဗျာကတစိတ်အား ကျေးဇူးပြုပုံ

ရဟန္တာပုဂ္ဂိုလ်တို့သည် 'စက္ခုံ ၊ ရူပံ ဝိပဿတိ' မျက်စိ, နား နှာ, လျှာ, ကိုယ်, အဆင်း, အသံ, အနံ့, အရသာ, အတွေ့တို့ကို မမြဲ၊ဆင်းရဲ၊အစိုးမရစသည်ဖြင့် ဝိပဿနာပွားများသောအခါ၊ ဒိဗ္ဗစက္ခုအဘိညာဏ်, ဒိဗ္ဗသောတအဘိညာဏ်များဖြင့် မြင်ရကြားရသောအခါတို့၌ အဗျာကတအာရုံတို့က ကာမဝိပါက်, ကြိယာနှင့် အဘိညာဏ်စိတ်တို့အား ကျေးဇူးပြုပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ရူပါရုံကို မြင်၍ မြင်သိစိတ်ဖြစ်သောအခါ၊ အသံကို ကြား၍ ကြားသိစိတ် ဖြစ်သောအခါ၊ တစ်ယောက်ယောက်နှင့် ထိတွေ့မိ၍ တွေ့သိစိတ်ဖြစ်သောအခါ စသည်တို့၌ အဗျာကတအာရုံတို့က အဗျာကတဝိပါက်စိတ်တို့အား ကျေးဇူးပြုမှုဖြစ်၏။

## မြင်သိစိတ်ဖြစ်စဉ်တစ်ခုတွင်
## အာရမ္မဏပုရေဇာတနှင့် ဝတ္ထုပုရေဇာတတို့ကျေးဇူးပြုနေပုံ
## 'ရူပံ စက္ခုနာ ပဿတိ'

ရူပံ၊ အဆင်းအာရုံကို။ စက္ခုနာ၊ စက္ခုပသာဒ၌မှီသော မြင်သိစိတ် စက္ခုဝိညာဏ်ဖြင့်။ ပဿတိ၊ မြင်ရ၏။

http://www.dhammadownload.com


၁။ ရူပါရုံ-အဆင်းအာရုံ။
၂။ စက္ခုပသာဒ-မျက်စိအကြည်ဓာတ်။
၃။ စက္ခုဝိညာဏ်-မြင်သိစိတ်။

ရူပါရုံနှင့် စက္ခုပသာဒတို့သည် အာရမ္မပုရေဇာတနှင့် ဝတ္ထုပုရေ ဇာတဟူသောအကြောင်းပစ္စည်း။ စက္ခုဝိညာဏ်စိတ်သည် အကျိုးပစ္စယုပ္ပန်အားဖြင့် ကျေးဇူးပြု၏။

ထိုတွင် မြင်သိစိတ်ဟူသော စက္ခုဝိညာဏ်စိတ်သည် မျက်စိအကြည်ဓာတ်ဟူသော စက္ခုပသာဒရုပ်၌ မှီ၍ ဖြစ်၏။ စက္ခုပသာဒနှင့် ရူပါရုံတို့သည် ရှေးကကြိုတင် ဖြစ်နှင့်သော ပုရေဇာတအကြောင်း ပစ္စည်းဖြစ်၍ စက္ခုဝိညာဏ်စိတ်သည် နောက်မှဖြစ်လာရသော ပုရေဇာတအကျိုးပစ္စယုပ္ပန်အဖြစ်ဖြင့် ဆက်သွယ်လျက် ကျေးဇူးပြု၏။

ထို့ကြောင့် '**တိဏ္ဏံသင်္ဂတိ ဖဿော**'၊ ထိုသုံးချက်ပေါင်းဆုံမှုကြောင့် ဖဿဖြစ်ရ၏။ '**သဠာယတနပစ္စယာ ဖဿော**'၊ အတွင်းအာယတန၊ အပြင်အာယတနတို့ကြောင့် ဖဿဖြစ်ရ၏။ '**ဖဿပစ္စယာ ဝေဒနာ**'၊ ဖဿကြောင့် ဝေဒနာ ဖြစ်ရ၏။ '**ဝေဒနာပစ္စယာ တဏှာ**'၊ ဝေဒနာကြောင့် တဏှာ ဖြစ်ရ၏။ (ပဋိစ္စသမုပ္ပါဒ်)

## မြင်သိစိတ်'စက္ခုဝိညာဏ်'ဖြစ်ပုံ

| (၁)အာရုံ(အကြောင်း) | (၂)မှီရာဝတ္ထုရုပ်(အကြောင်း) | (၃)မြင်သိစိတ်(အကျိုး) |
|---|---|---|
| မြင်သိစိတ်စက္ခုဝိညာဏ်ဖြင့် မြင်သိအပ်သော ရုပ်အဆင်း- ရူပါရုံ။ | မျက်စိအကြည်ဓာတ် ဟူသောစက္ခုပသာဒ။ | မျက်စိအကြည်ဓာတ် စက္ခုပသာဒ၌ မှီ၍ဖြစ်သောမြင်သိစိတ်- စက္ခုဝိညာဏ်၊ |

## ရှေး၌ တည်မှီရာဖြစ်နှင့်၍ ကျေးဇူးပြုပုံ

မျက်စိအကြည်ဓာတ်ဟူသော စက္ခုပသာဒရုပ်သည် ရှေး၌ ကြိုတင်ဖြစ်နှင့်ပြီး ဖြစ်၍ နောက်မှဖြစ်လာသော မြင်သိစိတ်စက္ခုဝိညာဏ်အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



## ရှေး၌ အာရုံဖြစ်နှင့်၍ ကျေးဇူးပြုပုံ

ရူပါရုံဟူသော ရုပ်အဆင်းသည် ရှေး၌ ကြိုတင်ဖြစ်နှင့်၍ နောက်မှဖြစ်လာသော မျက်စိအကြည်ဓာတ်စက္ခုပသာဒ၌ မှီ၍ဖြစ်သည့် မြင်သိစိတ်စက္ခုဝိညာဏ်အား အာရမ္မဏ ပုရေဇာတသတ္တိ ကျေးဇူးပြု၏။

## ရူပါရုံရုပ်အဆင်း'ပန်းတစ်ပွင့်ကို မြင်သောအခါ' 'မြင်သိစိတ်စက္ခုဝိညာဏ်' စိတ်အစဉ်တစ်ခုဖြစ်ပုံ

| (ဘဝင်စိတ် ၃-) | (ဝီထိစိတ် ၁၄-) | (မူလဘဝင်များပြန်ဖြစ်) |
|---|---|---|
| ၁။ အတီတဘဝင်-လွန်ဘဝင် | ၄။ ပဉ္စဒွါရာဝဇ္ဇန်း-အာရုံကိုဆင်ခြင် | ၁၁။ဘဝင်များစွာပြန်ဖြစ် |
| ၂။ ဘဝင်္ဂစလန-လှုပ်ဘဝင် | ၅။ စက္ခုဝိညာဏ်- မြင်သိစိတ် | |
| ၃။ ဘဝင်္ဂုပစ္ဆေဒ-ပြတ်ဘဝင် | ၆။ သမ္ပဋိစ္ဆိုင်း-အာရုံကိုလက်ခံ | |
| | ၇။ သန္တီရဏ- အာရုံကို စုံစမ်း | |
| | ၈။ ဝုဋ္ဌော-အာရုံကို ဆုံးဖြတ် | |
| စိတ်ခဏ ၃=စိတ်သက် | ၉။ ဇော- (၇) အာရုံကို ခံစား | |
| စိတ်ခဏ-၁၇= ခဏငယ်-၅၁= ရုပ်သက် | ၁၀။တဒါရုံ-(၂) စိတ်ဖြစ်စဉ်ဆုံး၍ မှတ်တမ်းတင်သည်။ | |

'တီ ၁၁၁, နံ ၁၁, ဒ ၁၁၁, ပ ၁၁၁, စ ၁၁၁, သံ ၁၁၁, တီ ၁၁၁, ဝုံ ၁၁, ဇဇဇဇဇဇဇ ၁၂, ဒါဒါ ၁၁၁ ၁၁၁'

မြင်သိစိတ်ဖြစ်စဉ် တစ်ခုတွင် ဘဝင် (၃)ကြိမ်မှစ၍ တဒါရုံ (၂)ကြိမ်အထိ အားလုံးပေါင်းသော် (၁၇)ချက်တိတိ ရှိ၏။ ထို(၁၇)ချက်ကို စိတ်ခဏ (၁၇) ချက်(ရုပ်သက်)ဟု ခေါ်၏။ စိတ်ခဏတစ်ခုတွင် ခဏငယ်ပေါင်း (၃)ခု(စိတ်သက်) ပါဝင်သည်။

## ရှေးကဖြစ်သောရုပ်နှင့် နောက်မှဖြစ်သော စိတ်

ပန်းတစ်ပွင့်ကို မြင်သောအခါ မြင်သိစိတ်အစဉ်'စက္ခုဝိညာဏဝီထိ'တစ်ခု၌ စက္ခုပသာဒခေါ် ရုပ်အကြည်ဓာတ်နှင့် ရူပါရုံခေါ် အဆင်းရုပ်တို့သည် အတီတ

http://www.dhammadownload.com



ဘဝင်၏ ဥပါဒ်ခဏမှ စ၍ဖြစ်ပြီး ဒုတိယမြောက် တဒါရုံ၏ ဘင်ခဏဌ်နှင့်ပြိုင်၍ ချုပ်ပျက်သည်။

မြင်သိစိတ် စက္ခုဝိညာဏ်သည်ကား အမှတ်စဉ်(၅)သို့ ရောက်မှသာ ဖြစ်သည်။ ထို့ကြောင့် အတီတဘဝင် ဖြစ်ချိန်မှစ၍ ကြိုတင်ဖြစ်နှင့်နေသော စက္ခုပသာဒရုပ်နှင့်၊ ရူပါရုံရုပ် တို့သည် နောက်မှဖြစ်သောမြင်သိစိတ်အား ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

## အချိန်နေရာပုဂ္ဂိုလ်နှင့်ပုရေဇာတ်သတ္တိ

ပုရေဇာတသတ္တိသည် ကာလအားဖြင့် ပစ္စုပ္ပန်အနေနှင့်သာ ကျေးဇူးပြုနိုင်၏။ ဘုံ အားဖြင့် ပဉ္စဝေါကာ (၂၆)ဘုံတို့၌သာ ရနိုင်၏။ စတုဝေါကာရ (၄)ဘုံနှင့် အသညသတ်ဘုံ တို့၌ မရ။ ပုဂ္ဂိုလ်အားဖြင့် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက်တို့မှတစ်ပါး ကျန်ပုဂ္ဂိုလ်(၈)ယောက်တို့၌ ကျေးဇူးပြုနိုင်သည်။

---

### ပုရေဇာတ်စွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

## အကြောင်းကရှေး+အကျိုးကနောက်

အကြောင်းတရားတို့က ရှေးကအရင်ဖြစ်နှင့်၍ အကျိုးတရားတို့က နောက်မှ လိုက်၍ ဖြစ်ခြင်းသဘော သဘာဝနိယာမအနေဖြင့် ထင်ရှားလှ၏။ ပဋိစ္စသမုပ္ပါဒ် တွင် 'အဝိဇ္ဇာ ပစ္စယာ-သင်္ခါရာ'စသည်ဖြင့်လည်း ဟောတော်မူထား၏။ အကြောင်း တရားကို ဦးစွာပြုလုပ်သူအား ထိုအကြောင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးရလဒ်ကို မလွဲမသွေ လက်ခံရရှိလေ၏။ အကြောင်းရှိနေသမျှ အကျိုးရှိနေ၏။ အကျိုးမခံ စားလိုပါက အကြောင်းကို မပြုရ။ ပယ်ရမည့်သဘောတရား ဖြစ်၏။

သစ္စာလေးပါး၌လည်း အကြောင်းတဏှာကို ပွားများအားထုတ်လျှင် အကျိုးဒုက္ခ တရားတို့ကို ရရှိခံစားရပေ၏။ ထိုအကျိုးဒုက္ခကို မလိုလားသူအား အကြောင်းတဏှာကို ပယ်သတ်ရမည်သာ ဖြစ်၏။ ဤသို့ အကြောင်းနှင့်အကျိုး ရှေ့နှင့်နောက် ဆက်စပ်လျှက် ရှိပေသည်။

ထို့အတူ ပုရေဇာတ်သတ္တိဖြင့်ကျေးဇူးပြုသော အာရုံ (၆)ပါးနှင့် မှီရာဝတ္ထုရုပ် (၆)ခု အကြောင်းတရားတို့သည် ရှေးကကြိုတင်ဖြစ်နှင့်ကြ၏။ အကျိုးတရားဖြစ်သော စိတ်စေတသိက်တို့သည် နောက်မှဖြစ်လာကြပေသည်။

http://www.dhammadownload.com



### ၁။ အာရုံတွေကြောင့် စိတ်တွေဖြစ်

ရှေး၌ ကြိုတင်ဖြစ်နှင့်သော မိုရာဝတ္ထုရုပ်တို့နှင့် အာရုံခြောက်ပါးတို့ကို အကြောင်းပြု၍ စက္ခုဝိညာဏ်-မြင်သိစိတ်၊ လောဘ-လိုချင်ဇောစသော စိတ်ပေါင်းများစွာတို့သည် အစဉ်အဆက် မပြတ်ဖြစ်ပျက်နေကြ၏။ ပဋိသန္ဓေစိတ်မှ စုတိစိတ်တိုင်အောင် တစ်ဘဝ ကုန်ဆုံးသွားသော်လည်း နောက်ပဋိသန္ဓေစိတ်များ ထပ်ကာထပ်ကာ ဖြစ်ပျက်နေကြ၍ ဘဝသံသရာသည် ရဟာတ်ပမာ မဆုံးနိုင်အောင် လည်နေကြရသည်။

ဥပမာ- အမျိုးသမီးဟူသော ရူပါရုံစသည်ကို မြင်သိစိတ် စသည်ဖြစ်မှုကြောင့် အမျိုးသားသန္တာန်၌ နှစ်သက်မြတ်နိုးသော ရာဂအမြစ် တွယ်ငြိလာသည်။ ထိုရာဂကြောင့် ဇနီးခင်ပွန်းတို့ ပေါင်းဖော်ယှဉ်ဖက်ကြ၏။ သားသမီးမြေးမြစ်စသည်ဖြင့် ဆွေစဉ်မျိုးဆက် ပြန့်ပွားလာကြပေ၏။ အကယ်၍ အဖေအမေတို့သာ မရှိခဲ့ပါက သားသမီးတို့ မရှိနိုင်။ သားသမီးမရှိလျှင် မြေး၊မြစ်တို့လည်း မရှိ။ မြေးမြစ်တို့ မရှိသော် တီ၊ကျွတ်စသော မျိုးနွယ်ဆက်တို့ဖြင့် သံသရာလည်ပတ်မှု ရှိတော့မည်မဟုတ်။

ထို့အတူပင် အဖေအမေတို့နှင့်တူသော ရှေးက ကြိုတင်ဖြစ်နှင့်သော အာရုံဝတ္ထုအစုစုတို့ကြောင့် သားသမီးတို့နှင့်တူသော စိတ်စေတသိက်တို့သည် နောက်မှဖြစ်လာကြ၍ ဘဝသံသရာတွင် ရုပ်အစဉ်နာမ်အစဉ်တို့ သံသရာလည်နေကြခြင်း ဖြစ်ပေသည်။

### ၂။ စိတ်တွေဖြစ်လို့ အမြစ်တွယ်

မျက်လုံးခေါ် စက္ခုပသာဒလည်း ရှိ၏။ အဆင်းခေါ် ရူပါရုံလည်း ပေါ်လာခဲ့၏။ (အလင်းရောင်ခေါ် အာလောကလည်းရှိ၏။ မနသိကာရခေါ် နှလုံးသွင်းဆင်ခြင်မှု (အာဝဇ္ဇန်းစိတ်)လည်း ရှိ၏။) ထိုအခါ၌ မြင်သိစိတ်ခေါ် စက္ခုဝိညာဏ် မလွဲမသွေ ဖြစ်ရပေတော့၏။

ထိုသို့ အင်္ဂါအချက်များပြည့်စုံသဖြင့် မြင်သိစိတ်စသည်ဖြစ်ရ၏။ မြင်သိစိတ်စသည်ဖြစ်မှုကြောင့် အာရုံနှင့် နှလုံးသွင်းမှုအားလျော်စွာ လောဘ၊ဒေါသ၊မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟဟူသော အမြစ်ခြောက်မျိုး တွယ်ငြိလာကြခြင်း ဖြစ်သည်။

http://www.dhammadownload.com



ထိုအခါ၌ လောဘ၊ဒေါသ၊မောဟဟူသော အမြစ်ဆိုးတို့ကြောင့် အကုသိုလ်သင်္ခါရတို့ကို ပြုလုပ်ခြင်း၊ အလောဘ၊အဒေါသ၊အမောဟဟူသော အမြစ်ကောင်းတို့ကြောင့် ကုသိုလ်သင်္ခါရတို့ကို ပြုလုပ်ခြင်းတို့ဖြင့် 'သင်္ခါရပစ္စယာ-ဝိညာဏံ' အရ ဝိညာဏ်၊နာမ်ရုပ်စသော အကျိုးဆက်များ ထက်ကာပွားလာကြခြင်း ဖြစ်ပါသည်။

## ၃။ အမြစ်တွယ်တော့ သံသရာလည်ပုံ

ရူပါရုံကို အာရုံပြု၍ မြင်စိတ်တွေလည်း ဖြစ်ပေါ်လာ။
သတိပဋ္ဌာန်အရာ အသိဉာဏ်မပါ။
သဏ္ဌာန်ကိုလည်း စွဲမက်ခါ၊ ရုပ်နာမ်ကိုလည်း မခွဲတတ်ရှာ။
တစ်ခါတရံမှာ ကောင်းတာကိုလည်း တွေ့ရမှာ၊
တစ်ခါတရံမှာ ဆိုးတာကိုလည်း တွေ့ရမှာ၊
ရာဂနှင့်ဗျာပါဒအမြစ်ဆိုတာ-
ကြိုက်ပြန်တော့လည်း ပြုံးကြရှာ၊ ကြောက်ပြန်တော့လည်း မုန်းကြရှာ
ကြိုက်ပြုံးနှင့် ကြောက်မုန်းထိုနှစ်ဖြာ-
အဝိဇ္ဇာ,တဏှာမကင်းတော့ ဒိဋ္ဌိရင်းအရှင်းသူမကွာ။
ဒီလိုသာသံသရာဝဲမှာ-
သင်္ခါတွေလည်းဖြစ်မဆုံးနိုင်ပါ။ တဏှာတွေလည်း ပေါ်မဆုံးနိုင်ပါ။
ဘုံသုံးဖြာဝဋ်အတွင်းက လွတ်ကင်းအောင်ရုန်းမှ လွတ်မည်သာ။

## ဝဋ်သုံးဖြာ မလွတ်ကင်းသမျှ

ပဋ္ဌာန်းသတ္တိနည်းဖြင့် အာရုံ(၆)ပါး စွမ်းအင်သတ္တိများကြောင့် စိတ်, စေတသိက်, ဦးစီးသောရုပ်နာမ်ခန္ဓာငါးပါး အနန္တရသတ္တိများတိုးပွားဖြစ် ပေါ်လာကြ၏။ ထိုအနန္တရစွမ်းအင်သတ္တိတို့ ဆက်နေမှုကြောင့် လောဘ၊ ဒေါသ စသော ဟိတ်စွမ်းအင်သတ္တိများ အမြစ်တွယ်ကြပြန်သည်။ ထိုအမြစ်တို့ကြောင့် ရုပ်နာမ်ခန္ဓာဟူသော သံသရာဘဝအပင်များ ထပ်ကာပေါက်လာကြရခြင်း ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် အဝိဇ္ဇာနှင့် တဏှာတို့ကြောင့် ကံဟူသော သင်္ခါရတို့ကို ပြုလုပ်အားထုတ်ကြ၏။ ထိုသင်္ခါရအကြောင်းတရားကြောင့် ဝိညာဏ်၊ နာမ်ရုပ် စသော အကျိုးဆက်များ ရရှိတိုးပွားလာကြရ၏။ ထိုအကျိုးဆက်များ မပြတ်မလပ်ဘဲ ဆက်ဖြစ်နေမှု ကြောင့် ကမ္မဘဝ၊ဥပပတ္တိဘဝတို့ဖြစ်ကာ ဇာတိ၊ဇရာ၊မရဏတို့ဖြင့်

http://www.dhammadownload.com



'မွေး၊ရှင်၊သေ'သံသရာလည်နေကြရပေသည်။

ထိုတွင် 'အရင်းစစ်အမြစ်မြေက'ဆိုစကားကဲ့သို့ ဘဝဟူသော ဒုက္ခခန္ဓာ 'ဝိပါက်' အကျိုးတရားများ မပြတ်လည်နေအောင် သခ်ါရဟူသော အကြောင်း 'ကမ္မ'တရားတို့က လှည့်ပေးနေ၏။ ထိုသခ်ါရက်တို့ကို ပြုလုပ်အားထုတ်ဖြစ်အောင်လည်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူသော 'ကိလေသာ'တို့က တွန်းအားပေးနေခြင်း ဖြစ်သည်။

ထိုသို့ 'ကိလေသာ၊ကံ၊ဝိပါက်'ဟူသည် အကြောင်းအကျိုးအဆက် ဝဋ္ဋ (၃)ချက်တို့ မပြတ်ဖြစ်ပျက်လည်ပတ်မှု မကင်းနိုင်သေးသမျှ သံသရာလည်ပတ်နေရဦးပေမည်။

## ဝဋ္ဋ (၃)ချက်ကို ပြတ်အောင်ဖြတ်နည်း

သံသရာလည်ပတ်မှုကို အကြောင်းရင်းရှာသော် ဝဋ္ဋ(၃)ဖြာဟူသည့် ပရမတ်တရားတို့ကို တွေ့ရ၏။ အကယ်၍ သံသရာလည်ပတ်မှုအဆက်ပြတ်လိုသော် ထိုဝဋ္ဋ (၃)ချက် အလည်ရပ်ဖို့ လို၏။ ထို(၃)ချက်တွင် မည့်သည့်အချက်က ပဓာနကျပါသနည်း။ ဝိပါကဝဋ္ဋတို့သည် ကမ္မဝဋ္ဋကြောင့် ဖြစ်ပေါ်လာ၏။ ကမ္မဝဋ္ဋမရှိသော် ဝိပါကဝဋ္ဋလည်း မရှိပေ။ ကမ္မဝဋ္ဋသည် ကိလေသာဝဋ္ဋကြောင့် ဖြစ်ပေါ်၏။ ကိလေသာဝဋ္ဋမရှိသော် ကမ္မဝဋ္ဋ၊ဝိပါကဝဋ္ဋတို့လည်း မရှိနိုင်တော့ပေ။

ထို့ကြောင့် ကိလေသာဝဋ္ဋသည် ကမ္မဝဋ္ဋ၊ ဝိပါက်ဝဋ္ဋတို့နှင့် သံသရာလည်ပတ်နေရမှု၏ မူလရင်းမြစ်အကြောင်းစစ် ဖြစ်၏။ သစ်ပင်၌ မူလအမြစ်ကို ဖြတ်လေသော် အပင်မရှိ။ အကိုင်း၊အခက်၊အသီး၊အရွက်စသည်မရှိ။ သစ်ပင်တစ်ပင်လုံး ပျက်ဆုံးရသကဲ့သို့ ဝဋ္ဋ(၃)ချက်တို့ဖြင့် သံသရာလည်ပတ်မှု အဆက်ကို ဖြတ်လိုသော'ကိလေသဝဋ္ဋ'ဟူသော မူလအမြစ်ကို မလွဲမသွေ ဖြတ်ဖို့ လိုပေသည်။

## ပုရေဇာတပစ္စည်း၏ အကျိုး

လောကီအာရုံ(၆)ပါးနှင့် ဝတ္ထုရုပ်(၆)ခုတို့၌ သာယာစုံမက်၊ နှစ်သက်၊ မက်မောနေသမျှ ဘဝသံသရာဝဋ္ဋအတွင်း၌ ကရွတ်ကင်းလမ်းလျှောက်သကဲ့သို့ လည်ပတ်နေကြရမည်။ ထိုအာရုံဝတ္ထုအစုစုတို့၌ သာယာစုံမက်မှု မတင် စေဘဲ အပြစ်မြင်ဆင်ခြင်၍ လောကုတ္တရာတည်းဟူသော ဓမ္မအာရုံအဖုံဖုံ၌ စုံမက်မြတ်နိုးပါမှသာ ဘဝသံသရာဝဋ္ဋအတွင်းမှ ထာဝရလွတ်နိုင်ကြမည် ဖြစ်ပါသည်။

http://www.dhammadownload.com



## ပုရေဇာတပစ္စယော-ဘုရားရှိခိုး

လင်္ကာ။ အလင်းမှီနေ၊ များဗိုလ်ခြေကို၊ ကမ္ဘာဦးစွာ၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့၊ နောက်မှဖြစ်လေ၊ စိတ်နှင့်စေအား၊ ပုရေဇာတသတ္တိထူးဖြင့် ကျေးဇူးပြု တတ်သော ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတ ပစ္စည်းတရား(၂)ပါးသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ ထင်ရှားရှိပါ ပေသည်တကား။

ပုရေဇာတပစ္စယောပြီး၏။

## ၁၁။ ပစ္ဆာဇာတပစ္စယော။

(နောက်မှဖြစ်ခြင်းသတ္တိဖြင့် ကျေးဇူးပြု၏။)

(နောက်နာမ်မှ ရှေးရုပ်သို့)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ၊

(ခ)ပုရေဇာတဿ ဣမဿ ကာယဿ၊

(ဂ)ပစ္ဆာဇာတပစ္စယေန ပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။ (က)ပစ္ဆာဇာတာ၊နောက်နောက်၌ဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ ိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာပစ္စည်းတရားတို့သည်။ ခ)ပုရေဇာတဿ၊ရှေးကဖြစ်နှင့်ပြီးသော။ ဣမဿကာယဿ၊ ဧကဇကာယ၊ ]ဇကာယ၊တိဇကာယ၊စတုဇကာယဟူသော ရုပ်ခန္ဓာအား။ (ဂ)ပစ္ဆာဇာတ ပစ္စယေန ]စ္စယော၊ပစ္ဆာဇာတပစ္စယသတ္တိဖြင့်ကျေးဇူး ပြု၏။

http://www.dhammadownload.com



## ပစ္ဆာဇာတသတ္တိသရုပ်အဓိပ္ပါယ်များ

### ပစ္ဆာဇာတနှင့်ပစ္စယ

ပစ္ဆာ-နောက်မှ၊ ဇာတ-ဖြစ်သောတရား။ နောက်မှ ဖြစ်လာ၍ ကျေးဇူးပြု ခြင်းသည်'ပစ္ဆာဇာတ'မည်၏။ ပစ္ဆာဇာတအရ နောက်မှဖြစ်သော စိတ်၊ စေတသိက် တို့ကိုရ၏။ နောက်မှဖြစ်လာသော စိတ်,စေတသိက်တရားတို့က ရှေးကကြိုတင်ဖြစ် နှင့်ပြီးသော ရုပ်တရားတို့အား ကျေးဇူးပြုမှုသဘောကို 'ပစ္ဆာဇာတပစ္စယော'ဟု ဆိုသည်။

ပဋိသန္ဓေ,ဘဝင်,စုတိဟူသော စိတ်ဖြစ်စဉ်တို့တွင် ပဋိသန္ဓေစသော ရှေးစိတ်နှင့် အတူဥပါဒ်ဖြစ်၍ ဌီခဏသို့ ရောက်ဆဲသောရုပ်တို့ကို နောက်မှဖြစ် နေသော ပထမဘဝင်စသောစိတ်တို့က ခိုင်မြဲစွာတည်တံ့နေစေခြင်းငှါ ကျေးဇူးပြ ခြင်း ဖြစ်၏။

**လင်္ကာ**။ သတ္တိရှိနေ၊ ဌီရုပ်တွေအား၊ စိတ်စေနှစ်ဖြာ၊ နောက်နောက်လာ၊ တည်ငှါပစ္ဆာဇ

### ပစ္ဆာဇာတဥပမာ။

ရှေးဦးစွာ ပေါက်ရောက်ပြီးသော သစ်ပင်ငယ်တို့အား နောင်အခါ၌ သွန် လောင်းအပ်သောရေသည် သစ်ပင်ငယ်တို့ စည်ပင်ကြီးပွားစေခြင်းငှါ ကျေးဇူး သကဲ့သို့ ဖြစ်၏။ (ရေ-နောက်+သစ်ပင်ငယ်-ရှေ့)

လင်းတငယ်တို့အား အစာစားရလိမ့်မည်ဟူသော တောင့်တမျှော်လင့် စေတနာသည် ရှေးဦးစွာကြိုတင်ဖြစ်နှင့်သော လင်းတငယ်တို့၏ရုပ်ခန္ဓာကိုယ်အ ကျေးဇူးပြုသကဲ့သို့ ဖြစ်၏။ (စေတနာ-နောက်နာမ်+ခန္ဓာကိုယ်-ရှေ့ရုပ်)

### ပစ္ဆာဇာတကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ | ပုရေဇာတဿ ဣမဿ ကာယဿ |
| ပဋ္ဌဝေါဘုံ၌ ဖြစ်ခိုက်(အရူပ-၄-ကြဉ်) | ပဋိသန္ဓေစသော ရှေးစိတ်နှင့်အတူဥပါဒ်၍ |
| ပ,ဘဝင်စသော နောက်နောက်သော | ရုပ်၏ဌီသို့ရောက်သော ကေဇ,ဒွိဇ,တိဇ, |
| စိတ် ၈၅၊ စေ ၅၂ | စတုဇကာယဟူသော ရုပ်အပေါင်း |

http://www.dhammadownload.com



### ကျေးဇူးပြုပုံဆိုရိုး

ပဋ္ဌဝေါကာရဘုံ၌ (အရူပဝိပါက်-၄-ခုကြဉ်) ပဌမဘဝင်အစရှိသော နောက်နောက် စိတ်(၈၅)ခု၊ စေတသိက်(၅၂)ပါး၊ အကြောင်းပစ္စည်းတရားသည် ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ,တိဇကာယ,စတုဇကာယရုပ်၊ အကျိုးပစ္စယုပ္ပန်တရားတို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ ပစ္ဆာဇာတနှင့် သဘောတူပစ္စည်းတို့မှာ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတတို့တည်း။

### အကြောင်း(၄)ပါးနှင့် ရုပ်တရားများ

သတ္တဝါတို့သန္တာန်၌ အစဉ်ဖြစ်ပေါ်နေသော ရုပ်တို့သည် ကံ,စိတ်,ဥတု, အာဟာရဟူသော အကြောင်း(၄)ပါးတို့ကြောင့်ဖြစ်ရသဖြင့် '**စတုသမုဋ္ဌာနိကရုပ်**' ဟု ခေါ်သည်။ အချို့ရုပ်တို့သည် ကံအကြောင်းတရား တစ်ပါးကြောင့်သာဖြစ်သော ကြောင့် '**ဧကဇကာယရုပ်**' မည်၏။ အချို့ရုပ်တို့ကား ကံ,စိတ်အကြောင်းနှစ်ပါး ကြောင့်ဖြစ်၍ '**ဒွိဇကာယရုပ်**'မည်၏။ အချို့ရုပ်တို့ကား ကံ,စိတ်,ဥတု အကြောင်း သုံးပါးကြောင့်ဖြစ်၍ '**တိဇကာယရုပ်**' မည်၏။ အချို့ရုပ်တို့ကား အကြောင်းလေး ပါးလုံး ကြောင့်ဖြစ်သဖြင့် '**စတုဇကာယရုပ်**' မည်၏။

### အကြောင်းနောက်+အကျိုးရှေ့ကျေးဇူးပြုပုံ

| အကျိုးရှေ့ရုပ်များ | အကြောင်းနောက်စိတ်များ |
|---|---|
| ကံကြောင့်ဖြစ်သော ကမ္မဇရုပ် | ပဌမဘဝင်၊ဒုတိယဘဝင် |
| ဥတုကြောင့်ဖြစ်သော ဥတုဇရုပ် | စသော-နောက်နောက်သော |
| စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် | စိတ်,စေတသိက်များ |

### နောက်စိတ်တို့၏စွမ်းရည်သတ္တိ

သတ္တဝါတို့သန္တာန်၌ ဘဝတစ်ခု၏ အစဦးဆုံးပဋိသန္ဓေစိတ် ဖြစ်တည်ချိန်မှ စ၍ ပဋိသန္ဓေစိတ်နှင့်အတူဥပါဒ်အခိုက်၌ အတိတ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ အရင်ဦးဆုံး ဖြစ်ကြ၏။ ဌီအခိုက်တွင် ဥတုကြောင့်ဖြစ်သောဥတုဇရုပ်တို့ ဖြစ်လာ၏။ ပဌမဘဝင်၏ ဥပါဒ်အခိုက်၌ ပဋိသန္ဓေစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့

http://www.dhammadownload.com



ဖြစ်လာကြ၏။ ထိုသို့ ကံ၊စိတ်၊ဥတု၊အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့်ဖြစ်သောရုပ်တို့ကို နောက်နောက်မှဖြစ်သော ပထမဘဝင်စသော စိတ်စေတသိက်တို့က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုနေမှုကြောင့် ရုပ်သက်တို့ မပြတ်နိုင်ဘဲ ဆက်လက်ရှင်သန်တည်မြဲကြ၏။ အဆင့်ဆင့် စည်ပင်ကြီးပွားခြင်းသို့ ရောက်ကုန်၏။ အသက်သေဆုံးချိန်စုတိစိတ်၏ဥပါဒ်ထိတိုင်အောင်ပင် ထိုရုပ်တို့အား မပုပ်၊မသိုးရလေအောင် စိတ်စေတသိက်တို့က ပစ္ဆာဇာတသတ္တိဖြင့် ထောက်ပံ့ ကျေးဇူးပြု၏။

## ပဋိသန္ဓေနောင် ပစ္ဆာဇာတသတ္တိ-ကျေးဇူးပြုပုံ

ပဋိသန္ဓေစိတ် ဥပါဒ်၊ဌီ၊ဘင် ခဏ(၃)ချက်ပြည့်၍ ချုပ်ပြီးနောက် ပထမဘဝင်စိတ်သည် ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏ၌ ကမ္မဇရုပ်၊ ဌီခဏ၌ ဥတုဇရုပ်၊ ဤဒွိဇရုပ်တို့ကို ကျေးဇူးပြု၏။ ဒုတိယဘဝင်စိတ်သည် ကံ,ဥတု၊စိတ်ကြောင့် ဖြစ်သော တိဇရုပ်တို့ကို ကျေးဇူးပြု၏။ အာဟာရဇရုပ်ကား မိခင်ထံမှ အာဟာရဓာတ်ကို စတင်ရရှိချိန်မှသာ ဖြစ်ပေါ်လာ၍ နောက်မှဖြစ်သော စိတ်တို့၏ ပစ္ဆာဇာတသတ္တိကို ရရှိနိုင်သည်။

ဤသို့ ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ နောက်နောက်၌ဖြစ်သော စိတ်စေတသိက်တို့၏ ပစ္ဆာဇာတသတ္တိကြောင့် ရှေးရှေး၌ ကြိုတင်ဖြစ်နှင့်ကြသော စတုသမုဋ္ဌာနိကရုပ်တို့သည် မပုပ်မသိုးဘဲ၊ မသေပျက်ဘဲ ဆက်လက်ရှင်သန် နေကြပေသည်။ နောက်ဆုံး၌ စုတိစိတ်ချုပ်၍ သေဆုံးချိန်၌သာ ထိုရုပ်တို့ ချုပ်ပျက်ကြတော့သည်။

## ပစ္ဆာဇာတကျေးဇူးပြုပုံအကျယ်

| အကျိုး(ပစ္စယုပ္ပန်) | အကြောင်း(ပစ္စည်း) |
|---|---|
| အဗျာကတသဘာဝမွေ့သာ<br>ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်းစသော<br>ရှေးစိတ်နှင့်အတူဖြစ်၍ရုပ်၏ဌီသို့<br>ရောက်သော တိဇ,စတုဇကာယရုပ် | ကုသလောဓမ္မော<br>ပဉ်ဘုံ၌ နောက်ဖြစ်သော<br>ကုသိုလ် (၂၁)၊ စေ(၃၈)<br>အကြောင်းပစ္စည်းတရား |

http://www.dhammadownload.com



| အဗျာကတသမ္မသ | အကုသလောမ္မော |
| --- | --- |
| ရှေးစိတ်နှင့်အတူဖြစ်၍ရုပ်၏ငြိသို့ ရောက်သောတိဇ,စဟုဇကာယအား | ပဉ်ဘုံ၌ နောက်ဖြစ်သော အကု (၂၁)၊ စေ (၂၇) |

| အဗျာကတသမ္မသ | အဗျာကတောမ္မော |
| --- | --- |
| ရှေးစိတ်နှင့်အတူဖြစ်၍ရုပ်၏ငြိသို့ ရောက်သော ကေဇ,ဒွိဇ,တိဇ, စတုဇကာယရုပ်အား | ပဉ်ဘုံ၌ နောက်ဖြစ်သော (အရူပိ-၄-ကြဉ်)ဝိ(၂၂)၊ ကြိစိတ်(၂၀)၊ စေ (၃၅) |

## ပစ္ဆာဇာတကျေးဇူးပြုပုံသတ္တိထူး

ပစ္ဆာဇာတပစ္စည်းသည် အခြားပစ္စည်းများကဲ့သို့ ကျေးဇူးမပြု။ အကြောင်းတရားက အကျိုးတရားနောက်မှ ဖြစ်၍ ကျေးဇူးပြုရသောကြောင့် အကျိုးတရားတို့ကို ဖြစ်စေခြင်းဟူသော ဇနကသတ္တိ မရှိ။ အထောက်အပံ့ပြုခြင်းဟူသော ဥပတ္ထမ္ဘက သတ္တိသာ ရှိလေ၏။

'ဖြစ်စေတည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေကျေးဇူးပြု' ဆိုသည်တွင် ပစ္ဆာဇာတ သည် ဌီခဏ၌ တည်ဆဲသောရှေးရုပ်တို့အား ခိုင်ခံ့စွာတည်တံ့နေနိုင်ရန် ထောက်ပံ့မှု သဘောဖြင့်သာ ကျေးဇူးပြုလေ၏။

## အချိန်နေရာပုဂ္ဂိုလ်နှင့်ပစ္ဆာဇာတ

ပစ္ဆာဇာတသတ္တိသည် ကာလအားဖြင့် ပစ္စုပ္ပန်အဖြစ်၌သာ ကျေးဇူးပြုနိုင်၏။ ဘုံအားဖြင့် ပဉ္စဝေါကာရ(၂၆)ဘုံ၌သာ ကျေးဇူးပြုနိုင်၏။ ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်၊ အရိယာပုဂ္ဂိုလ် (၁၂)ယောက်လုံးတို့၏ အဇ္ဈတ္တသန္တာန်၌ ကျေးဇူးပြုနိုင်သည်။

ပစ္ဆာဇာတ်စွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

## ရှေ့သတ္တိနှင့်နောက်သတ္တိ

ပုရေဇာတ်သတ္တိ၌ ရှေးကကြိုတင်ဖြစ်နှင့်သောရုပ်တို့က နောက်မှဖြစ် လာသော စိတ်တို့အား ကျေးဇူးပြုသကဲ့သို့ ပစ္ဆာဇာတ်သတ္တိ၌ အပြန်အားဖြင့် နောက်မှဖြစ်သော စိတ်တို့က ရှေးကကြိုတင်ဖြစ်နှင့်သော ရုပ်တို့အား ကျေးဇူးပြု၏။

http://www.dhammadownload.com



ဥပမာ- မရဏာသန္နအခါ၌ စုတိစိတ်ဖြစ်ချိန်မှစ၍ စိတ်ခဏ(၁၆)ချက် တိုင်အောင်သောစိတ်နှင့် အတူဖြစ်သည့်ဟဒယဝတ္ထုရုပ်သည် စုတိစိတ်အား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုရာ၏။ ထို့အတူ ထိုစုတိစိတ်သည် ထိုဟဒယဝတ္ထုရုပ်အား ပစ္ဆာဇာတသတ္တိဖြင့် တစ်ဖန်ပြန်၍ ကျေးဇူးပြုခြင်း ဖြစ်သည်။

## စိတ်ကြောင့် ရုပ်တို့ဖောက်ပြန်မှု

လောဘစိတ်, ဒေါသစိတ်များ ပြင်းပြင်းထန်ထန် ဖြစ်နေသောအခါ လူ့ခန္ဓာ ကိုယ်ရုပ်သည် ပင်ကိုယ်အတိုင်းမဟုတ်တော့ဘဲ ထက်သန်မှု, ညှိုးနွမ်းသွေ့ခြောက်မှု, အရောင်အဆင်းတို့ ဖေါက်ပြန်လာမှုစသည်ဖြင့် အသွင်အမျိုးမျိုးပြောင်းလဲ ဖြစ်ပေါ် လာ၏။ ထို့အတူ မေတ္တာစိတ်၊ ကုသိုလ်စိတ်, ဝမ်းသာပျော်ရွှင်စိတ် စသည်တို့ဖြစ်ရ အခါ၌လည်း ခန္ဓာကိုယ်သည် လန်းဆန်းတက်ကြွလာခြင်း၊ နုပျိုပေါ့ပါးလာခြင်း စသည်တို့ ဖြစ်မှုသည် နောက်စိတ်ကြောင့် ရှေးရုပ်တို့၏ ဖေါက်ပြန်ပြောင်းလဲခြင်း သဘောပင် ဖြစ်ပေသည်။

## စိတ်ဖြင့် ရုပ်ကို ပြုပြင်ခြင်း

'စိတ်ထောင်းကိုယ်ကြေ၊ စိတ်ပျိုကိုယ်နု'ဟူသည့်စကားသည် ပစ္ဆာဇာတ သတ္တိစွမ်းအင်သဘော ဖြစ်၏။ အကုသိုလ်စိတ်၊ ကိလေသာအပူစိတ်တို့သည် ကိုယ်ခန္ဓာအား ထုချေကြိတ်ထောင်းသည့်နှယ် ညှိုးငယ်သွေ့ခြောက်စေ၏ ကုသိုလ်စိတ်တို့သည် ကိုယ်ခန္ဓာအား ကြည်လင်လန်းဆန်း၍ ပေါ့ပါးလာစေသည် တက်ကြွထက်သန်စေသည်။

ထို့ကြောင့် ကံ၊စိတ်၊ဥတု၊အာဟာရဖြဟူသော အကြောင်းလေးပါးတို့ကြော ဖြစ်သော မိမိ၏ရုပ်ခန္ဓာကိုယ် မဟာဘုတ်တရားတို့၏ ဖောက်ပြန်မှုကို ပစ္ဆာဇာဝ စွမ်းအင်ဖြင့် စောင့်ရှောက်၍ အလှဆင်ပေးနိုင်၏။

ရောဂါဝေဒနာ နှိပ်စက်လာ၍ နာမကျန်းဖြစ်သောအခါ, စိတ်ပျက အားငယ်သောအခါ, စိတ်ညစ်နွမ်းစရာများ ကြုံရသည့်အခါစသည်တို့တွင် ပျော်ရွှ လန်းဆန်းစေသော ကုသိုလ်စိတ်တို့ဖြစ်လာအောင် ပြုပြင်ပေးနိုင်၏။

အကုသိုလ်ပစ္ဆာဇာတစိတ်တစ်ခု ကျူးလွန်မိသူသည် ထိုစိတ်ကြော ကိုယ်စိတ်လေးလံထိုင်းမှိုင်းခြင်း၊ မစားနိုင်အိပ်မပျော်နိုင်ဖြစ်ခြင်း၊ အလုပ်မလုပ်ချင် မျက်နှာမသာယာဖြစ်မှု၊ မပြောမဆိုချင်မှုတို့ ဖြစ်လာခြင်းတို့သည် ထိုပစ္ဆာဇာ

http://www.dhammadownload.com



စိတ်စွမ်းအင်ကြောင့် ဖြစ်၏။ ထိုအခါမျိုးတို့၌ မိမိပြုလုပ်မိသော အကုသိုလ်စိတ်ကို သတိမရအောင်၊ မတွေးမိအောင် မေ့ပျောက်ပစ်နိုင်ဖို့လို၏။ ကုသိုလ်ဘာဝနာ တစ်မျိုးမျိုးဖြင့်လည်း စိတ်ပြောင်းပေးနိုင်ဖို့လို၏။ ထိုပစ္ဆာဇာတ ကုသိုလ်စိတ်ဖြစ် လာနိုင်လျှင် ညှိုးနွမ်းသွေ့ခြောက်နေသည့် ရုပ်တရားတို့လည်း လန်းဆန်းလာပေ၏။

## မျှော်လင့်ချက်ဖြင့် အသက်ရှင်ခြင်း

လင်းတငယ်တို့သည် မိဘထံကမျှော်လင့်ချက်စေတနာဟူသော ပစ္ဆာဇာတ စွမ်းအင်သတ္တိဖြင့် အသက်ရှင်သန်ကြီးထွားကြသကဲ့သို့၊ မိမိတို့သန္တာန်၌ 'မနက်ဖြန် ဖြစ်လိမ့်မည်' စသော မျှော်လင့်ချက်စေတနာသည် မိမိတို့ရုပ်ခန္ဓာကိုယ်၌ ရှေးက ကြိုတင်ဖြစ်နှင့်ပြီးသော စတုဇရုပ်တို့အား အရှည်ခံ၍တည်တံ့အောင် ကျေးဇူးပြု၏။

သူတစ်ပါးတို့က ပြောဆိုလာသော ကတိ၊သစ္စာ၊စေတနာ၊မေတ္တာစသော မျှော်လင့် ချက်တို့သည် မိမိ၏ရုပ်ခန္ဓာကိုယ်အား အားအင်ပြည့်ဖြိုး၍ တက်ကြွလန်း ဆန်းနေနိုင်အောင် ပစ္ဆာဇာတသတ္တိကပင် ကျေးဇူးပြုနိုင်၏။ မိမိကပေးသော မျှော်လင့်ချက်စေတနာတို့ကလည်း သူတပါးတို့အား အားသစ်အင်သစ်များ ဖြစ်ပေါ် ရရှိလာစေနိုင်ပေသည်။

## နောက်စိတ်မဖြစ်လျှင် ရှေးရုပ်သေ

ပစ္ဆာဇာတစွမ်းအင်ဖြင့် နောက်နောက်စိတ်စေတနာတို့၏ ကျေးဇူးပြုမှုကို မရရှိသည်ရှိသော် ရှေးရှေးရုပ်ခန္ဓာကိုယ်သည် ဆက်လက်ရှင်သန်တည်နေနိုင်မည် မဟုတ်။ စိတ်,စေတနာတို့၏ ဦးဆောင်ကျေးဇူးပြုမှုဖြင့် ရုပ်နာမ်တရား ခန္ဓာ ငါးပါးတို့သည် သွားလာလှုပ်ရှားလျက် ရှင်သန်ရပ်တည်နေနိုင်ကြရ၏။

အကယ်၍ စီးပွား၊လူမှု၊သာသနာပြုမှုစသည်တို့ကို ပြုလုပ်အားထုတ်ရာတွင် စိတ်စေတနာမျှော်လင့်ချက်သည် ပျက်သုဉ်းလေသော် နောက်လိုက်နာမ်ရုပ်ခန္ဓာ တို့သည်လည်း အားအင်ချို့နည်းလျက် ပျက်သုဉ်းသေဆုံး ကြရကုန်၏။

## ပစ္ဆာဇာတပစ္စည်း၏အကျိုး

နောက်နောက်သော နာမ်ခန္ဓာတို့၏ အထောက်အပံ့ကိုရသောကြောင့် ရှေးရှေးသော ရုပ်ခန္ဓာတို့ ဖြစ်ပါသည်။ နာမ်ခန္ဓာ၌ တပ်မက်ခြင်း, တွယ်တာခြင်း, စွဲလမ်းခြင်းစသည်ကင်းမှသာ ရုပ်ခန္ဓာလည်း ဖြစ်ခြင်းပြတ်နိုင်မည်။ ဤဘက်ကမ်းကို

http://www.dhammadownload.com



စွန့်မှ ဟိုဘက်ကမ်းသို့ ရောက်ရသကဲ့သို့ ခန္ဓာဝန်ဤဘက်ကမ်းကို စွန့်နိုင်မှသာ ခေမာသောင်ဟိုဘက်ကမ်း နိဗ္ဗာနန်းသို့ ရောက်လှမ်းနိုင်မည် ဖြစ်ပါသည်။

## ပစ္ဆာဇာတပစ္စယော-ဘုရားရှိခိုး

ပေါက်ခါစရွယ်၊ လင်းတယ်အား၊ တာတွယ်အာသာ၊ စေတနာသို့၊ ဦးစွာဖြစ်ကြ၊ ကိုယ်ကာယအား၊ နောက်မှဖြစ်ဦး၊ သတ္တိထူးဖြင့်၊ ကျေးဇူးပြုနိုင်သော၊ နာမ်ခန္ဓာလေးပါး၊ ပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေ သည်တကား။

ပစ္ဆာဇာတပစ္စယောပြီး၏။

http://www.dhammadownload.com



## ၁၂။ အာသေဝနပစ္စယော။
(အဖန်ဖန်ထုံခြင်းသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။(က)ပုရိမာ ပုရိမာ ကုသလာဓမ္မာ၊(ခ)ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊
၂။(က)ပုရိမာ ပုရိမာ အကုသလာဓမ္မာ၊ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊
၃။(က)ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ၊ (ခ)ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ (ဂ)အာသေဝနပစ္စယေနပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။(က) ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ပစ္စည်းတရားတို့သည်။ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပစ္စယုပ္ပန်တရားတို့အား။ (ဂ)။

၂။(က) ပုရိမာပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ပစ္စည်းတရားတို့သည်။ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပစ္စယုပ္ပန်တရားတို့အား။ (ဂ)။

၃။(က)ပုရိမာပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကြိယာအဗျာကတာ၊ ကြိယာအဗျာကတဖြစ်ကုန်သော။ (ကုသိုလ်၊အကုသိုလ်မဟုတ် ပြုလုပ်ခြင်းမျှဖြစ်သော) ဓမ္မာ၊ပစ္စည်းတရားတို့သည်။ (ခ)ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကြိယာအဗျာကတာ၊ ကြိယာ အဗျာကတဖြစ်ကုန်သော။ ဓမ္မာ၊ ပစ္စယုပ္ပန်တရားတို့အား။ (ဂ) အာသေဝနပစ္စယေန ပစ္စယော၊ အာသေဝန ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အနန္တရနှင့် အားလုံးတူ၏)

---

http://www.dhammadownload.com



## အာသေဝနသတ္တိသရုပ်အဓိပ္ပါယ်များ

### အာသေဝနနှင့်ပစ္စယ

အာ-အဖန်ဖန်အထပ်ထပ်။ သေဝန-မှီဝဲခြင်း။ ရှေးရှေးဇောစိတ်တို့ကို နောက်နောက် ဇောစိတ်တို့အား မိမိနှင့်ဇာတ်တူသဘောအဖြစ်သို့ ရောက်အောင် အဖန်တလဲလဲဖြစ်စေခြင်း, စွမ်းအားအဆင့်ဆင့် တိုးပွားစေခြင်းသဘောသည် ]အာသေဝန'မည်၏။ ထိုသဘောကိုပင် အထုံ၊ဝါသနာ၊စရိုက်စသည်ဖြင့် ဆိုသည်။

ရှေးရှေး၌ဖြစ်သော ကုသိုလ်စသောဇာတ်တူ,ဇောပစ္စည်းတရားတို့သည် မိမိ၏အခြားမဲ့ဖြစ်သော ကုသိုလ်စသော ဇာတ်တူဇော ပစ္စယုပ္ပန်တရားတို့အား အဖန်ဖန်အထပ်ထပ်ဖြစ်စေခြင်း၊ ထုံမွှမ်းခြင်းအားဖြင့် ကျေးဇူးပြုမှုကို 'အာသေဝန ပစ္စယော'ဟု ဆိုသည်။

**လက်ာ**။ ရှေးရှေးဇာတ်တူ၊ ကု,ကူ,ကြိယာ၊ အနန္တရာ၊ ပွားငါ့သေဝန။

**မှတ်ချက်**။ အာသေဝနသည် အကြားမဲ့သတ္တိဖြင့်ကျေးဇူးပြုသော အနန္တရနှင့်တူ၏

### အာသေဝန၏ဥပမာ

နံ့သာရည်,ရေမွှေးစသည်တို့သည် အဝတ်အထည်စသည်တို့ကို မိမိနံ့သာ ရည် ဖြင့် မွှေးကြိုင်သင်းပျံ့အောင် ထုံမွှမ်းစေသကဲ့သို့တည်း။ စာပေကျမ်းဂန်တို့ကို သင်ကြားရာ၌ ပထမအကြိမ်သင်ယူအပ်သော စာပေကျမ်းစာတို့သည် နောက်ထပ် အကြိမ်ကြိမ်သင်ယူအပ်သော စာပေကျမ်းစာတို့အား လွယ်ကူစွာ လေ့လာသင်ယူ နိုင်ရန်အလို့ငှါ အထောက်အပံ့ပြုသကဲ့သို့ ဖြစ်၏။

**လက်ာ**။ ကြိမ်ကြိမ်နံ့သာ၊ လိမ်းသည့်တာကြောင့်၊ ထုံစွာကြိုင်မြဲ၊ ရနံ့စွဲ၊ ခေါ်မြဲ၊ အာသေဝန

### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

(အဆုံးဇောကြဉ်သော) ရှေးရှေးသော လောကီဇောစိတ် (၄၇)ပါ အကြောင်းပစ္စည်း တရားတို့သည် (ပထမဇော,ဖိုလ်ဇောကြဉ်) နောက်နောက်သော ဇောစိတ် (၅၁)ပါး အကျိုးပစ္စယုပ္ပန်တရားတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူး ပါသည်။ သဘောတူသောပစ္စည်းများမှာ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နဝ အဝိဂတတို့တည်း။

http://www.dhammadownload.com



## အာသေဝနကျေးဇူးပြုပုံအကျယ်
(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | (သင်္ချာ ၃) | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| (ဆုံးဇောကြဉ်)ရှေးရှေးသော လောကီကု,၁၇ နာမ်ခန္ဓာ | ကု | ကု | (ပ,ဇောကြဉ်)နောက်နောက် ကု-ဇော ၂၁ နာမ်ခန္ဓာ |
| (ဆုံးဇောကြဉ်)ရှေးရှေးသော အကုသိုလ်ဇော-၁၂နာမ်ခန္ဓာ | အကု | အကု | ပ,ဇောကြဉ်)နောက်နောက် အကု-ဇော ၁၂ နာမ်ခန္ဓာ |
| (ဆုံးဇောကြဉ်)ရှေးရှေးသော ကြိယာဇော ၁၈ နာမ်ခန္ဓာ | ဗျာ | ဗျာ | ပ,ဇောကြဉ်)နောက်နောက် ကြိ-ဇော ၁၈ နာမ်ခန္ဓာ |

မှတ်ချက်။ ကုသိုလ်နှင့် အကုသိုလ်သည် အနန္တရပစ္စည်းအတိုင်း အားလုံးတူသည်။

### အာသေဝနသတ္တိကျေးဇူးပြုသောတရားများ

ဇာတ်သဘောတူသော ကုသိုလ်ဇောအချင်းချင်း၊ ဇာတ်သဘောတူသော အကုသိုလ် ဇောအချင်းချင်း၊ ဇာတ်သဘောတူသော ကြိယာဇောအချင်းချင်းတို့သာ ကျေးဇူးပြုနိုင်၏။

ဇာတ်သဘောတူဟူသည် ကုသိုလ်ဇာတ်ရှိသောစိတ်သည် ကုသိုလ်ဇာတ် ရှိသော စိတ်အချင်းချင်း အားကျေးဇူးပြုခြင်းဖြစ်၏။ ကုသိုလ်စိတ်က အကုသိုလ် စိတ်အား ကျေးဇူးမပြုနိုင်။

ဇောဟူသည် အရှိအဟုန်ရှိသောသဘော ဖြစ်၏။ ဥပမာ-အဟုန်ပြင်းစွာ စီးဆင်းနေသော ရေအလျဉ်၊ အရှိန်ဖြင့် ပြေးသွားနေသူတို့၌ အရှိန်အဟုန်ဖြစ် ပေါ်လာသကဲ့သို့ အကြိမ်ကြိမ် အထပ်ထပ်ဖြစ်နေသောစိတ်ကို အရှိန်အဟုန်ရှိသော 'ဇောစိတ်'ဟု ဆိုလိုသည်။

### ဇော(၇)ကြိမ်နှင့် အာသေဝနသတ္တိ

လောဘ၊ဒေါသစသော ဇောစိတ်တို့သည် တစ်ကြိမ်သာ ဖြစ်သည်မဟုတ်။ ကာမဇောဟူသမျှ(၇)ကြိမ်တိတိ ဖြစ်ပြီးမှချုပ်၏။ စာတစ်ပိုဒ်ကို (၇)ကြိမ်တိတိ

http://www.dhammadownload.com



ရွတ်ဖတ်သည့်အခါ အကြိမ်ကြိမ်အဖန်ဖန် လေ့ကျက်မှုသတ္တိဖြင့် ထိုစာပိုဒ်ကို အလွတ်မှတ်မိနိုင်သကဲ့သို့ ဖြစ်၏။ ဇောစိတ်တို့သည် တစ်ခါဖြစ်လျှင် (၇)ကြိမ် တိတိစော၍ အာသေဝနသတ္တိရရှိမှုကြောင့် အားကြီးသဖြင့် ကံ၏အကျိုးဖြစ်သော ဝိပါက်စိတ်တို့ကို ဖြစ်စေနိုင်တော့သည်။

## ဇော(၇)ကြိမ်နှင့် အကျိုးပေးပုံများ

ဇောစိတ်-ရ-(ဇဇဇဇဇဇဇ)ချက်တို့တွင်-

၁။ပထမဇောစေတနာသည် ယခုလက်ရှိဘဝ၌ပင် **'ဒိဋ္ဌဓမ္မဝေဒနိယ'** (လက်ငင်းချက်ခြင်းအကျိုး)ကို ပေး၏။

၂။ အလယ်ဇောငါးချက်စေတနာသည် တတိယဘဝမှ နိဗ္ဗာန်တိုင်အောင် **'အပရာပရိယဝေဒနိယ'**(အစဉ်အဆက်အကျိုး)ကို ပေး၏။

၃။ သတ္တမဇောစေတနာသည် ဒုတိယဘဝ၌ **'ဥပပဇ္ဇဝေဒနိယ'**(အနီးဆုံးဘဝ အကျိုး)ကို ပေးသည်။

ထိုတွင် ပထမဇောစေတနာထက် နောက်နောက်ဇောစေတနာတို့က ပို၍ စွမ်းအင် သတ္တိထက်မြက် ကြီးမားလှသည်။

## အာသေဝနကျေးဇူးမပြုနိုင်သောတရားများ

ရှေးရှေးသော ဇောစိတ်တို့သာ အာသေဝနသတ္တိကို ရနိုင်သည်။ နောက်နောက်သောဇောစိတ်တို့၌ အာသေဝနသတ္တိ မရှိ။ ထို့အတူ ဝိပါက်စိတ်တို့သည် ကံ၏အစွမ်းသက်သက် ကြောင့်သာဖြစ်ရ၍ ဇောသဘောမရှိသဖြင့်လည်းကောင်း, ဖိုလ်စိတ်သည် မဂ်တည်းဟူသော ကိစ္စအားလျော်စွာသာ ဖြစ်ရသောကြောင့် လည်းကောင်း၊ အာဝဇ္ဇန်းစိတ်(၂)ခုတို့သည် ဇောသဘောရှိသော်လည်း အလွန် အားနည်းသောကြောင့်လည်းကောင်း အာသေဝနသတ္တိကို မရနိုင်ကြပါ။ ရုပ်တရားနှင့် နိဗ္ဗာန်တို့သည်လည်း အဖန်တလဲလဲမှီဝဲခြင်း ဇောသဘောမရှိ၍ အာသေဝနသတ္တိ ကျေးဇူးမပြုနိုင်။

## အချိန်နေရာပုဂ္ဂိုလ်နှင့်အာသေဝန

အာသေဝနသတ္တိသည် အနန္တရကဲ့သို့ အတိတ်ကာလအဖြစ်၌သာ ကျေးဇူး

http://www.dhammadownload.com



ပြုနိုင်၏။ အနန္တရသည် စိတ်အားလုံးတို့၌ ကျေးဇူးပြု၍ အာသေဝနကား ဇောစိတ်တို့၌သာ ကျေးဇူးပြု ခြင်းဖြစ်၏။ ဘုံအားဖြင့် နာမ်ခန္ဓာရကောင်းသော ပဉ္စဝေါကာရ(၂၆)ဘုံနှင့် စတုဝေါကာရ(၄)ဘုံတို့၌သာ ရနိုင်၏။ ရုပ်ခန္ဓာသာရှိသော အသညသတ်ဘုံ၌ မဖြစ်။ ပုဂ္ဂိုလ်အားဖြင့် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်မှတစ်ပါး ကျန်ပုဂ္ဂိုလ်တို့၏အဇ္ဈတ္တသန္တာန်၌သာ ကျေးဇူးပြု၏။

## အာသေဝနစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

မိမိပြုလုပ်အားထုတ်သော ကံအမှုတစ်ခုတိုင်း၌ ကုသိုလ်၊ အကုသိုလ်ဇောစိတ်တို့သည် အာသေဝနသတ္တိကို ရရှိပါက ဖြစ်ထွန်းအောင်မြင်သော မျိုးစေ့ကဲ့သို့ ကုသိုလ်အကုသိုလ်၏ အကျိုးဝိပါက်တို့ဖြစ်စေခြင်း စွမ်းအင်ရှိ၏။

ဇောစိတ်(၇)ကြိမ်ဖြစ်ရာ၌ ပထမဇောစိတ်၏သတ္တိသည် ဒုတိယဇောစိတ်သို့လည်းကောင်း၊ ပထမဇော၊ဒုတိယဇောစိတ်တို့၏သတ္တိသည် တတိယဇောစိတ်သို့လည်း စွမ်းအားအရှိန်အဟုန် အဆင့်ဆင့်ရင့်ကျက်လာဖြင့် နောက်ဆုံးဇော(၇)ကြိမ်အဆုံးတွင် အာသေဝနသတ္တိရရှိသော စေတနာတစ်ခု ဖြစ်လာ၏။

### လောဘဇောတစ်ခု၏ အာသေဝနသတ္တိ

မိမိအလိုရှိသော ပစ္စည်းတစ်ခုကို တွေ့ရသောအခါ လောဘဇောစိတ်(၇)ကြိမ်ဖြစ်ရာတွင် ပထမမြင်ရခိုက်၌ ပထမဇောစိတ်ဖြစ်၍ နောက်ထပ် သေသေချာချာထပ်၍တွေ့လေ နောက်လောဘဇောစိတ်တို့ ဆက်ကာဆက်ကာ ဖြစ်လာလေဖြစ်၏။ အဆုံး၌ ထိုပစ္စည်းကို အရည်အသွေး,ပုံစံသည်ဖြင့် တစိမ့်စိမ့်သိမှတ်၍ လိုချင်မှု လောဘဇောစိတ်သည် အားအဆင့်ဆင့်ပွား၍ အာသေဝနသတ္တိ ရရှိပေတော့သည်။

### ဒါနမှုကုသိုလ်တစ်ခု၏ အာသေဝနသတ္တိ

အလှူဒါနပြုရာ၌လည်း လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ အလှူ၏ အကျိုးတန်ဖိုးစသည်ကို အာရုံပြုဆင်ခြင်၍ အလှူ၌ အလောဘဇော စေတနာများအားအဆင့်ဆင့်တို့ ပွားတိုး၍လာနိုင်သည်။ သီလမှုစသည်၌လည်း အကြိမ်ကြိမ်အထပ်ထပ် ဆင်ခြင်နှလုံးသွင်းခြင်း, ပြုလုပ်,ပြောဆိုခြင်းစသည်တို့ဖြင့် အာသေဝနသတ္တိများ တိုးပွားဖြစ်ပေါ်လာပေသည်။

http://www.dhammadownload.com



## အာသေဝနသတ္တိတို့၏စွမ်းအင်

ကုသိုလ်အရာ၌ အာသေဝနသတ္တိများ ပွားများလာသောအခါ သံသရာတွင် ပါရမီ ဓာတ်အဖြစ်,စရိုက်ကောင်းများအဖြစ် ကိန်းဝပ်စွဲတည်၍ ကျန်နေရစ်သည်။ ရေအကြိမ်ကြိမ် သွန်းလောင်း၍ ချိုးသည်ရှိသော် ခန္ဓာကိုယ်၌ အပူဓာတ်များ အေးငြိမ်းသွားသကဲ့သို့ ကုသိုလ်တရားများ၏ အာသေဝနသတ္တိသည် ကိလေသာ အပူခပ်သိမ်း အေးငြိမ်းလာစေဖို့ရန် အထောက်အပံ့ပြုနိုင်ပေ၏။

အကုသိုလ်အရာ၌ အာသေဝနသတ္တိများ ပွားထုံလာသောအခါ သံသရာ အဆက်ဆက်တွင် မျက်ကန်းတစ္ဆေမကြောက်သကဲ့သို့ မကောင်းစရိုက်တို့ အထုံ ဝါသနာအဖြစ်, ကိန်းဝပ်တည်နေကြ၏။ အပါယ်ငရဲထိတိုင် ပို့ဆောင်လျက် ကျေးဇူး ပြုကြသည်။

လက်သမားတို့သည် သစ်ပင်ကို အကြိမ်ကြိမ်ခုတ်ခြင်းကြောင့် သစ်ပင်ပြိုလဲ ကျရသကဲ့သို့ အကုသိုလ်အာသေဝနသတ္တိကြောင့် သုဂတိဘဝခန္ဓာအပင် လဲပြိုကျ၍ အပါယ်ဒုဂ္ဂတိသို့ ရောက်ရ၏။ ကုသိုလ်အာသေဝနသတ္တိကြောင့် ဒုဂ္ဂတိခန္ဓာ အပင် လဲပြိုကျ၍ နတ်ရွာသုဂတိသို့ ရောက်ရလေ၏။

## အာသေဝနသတ္တိနှင့် ပါရမီသဘော

ဘုရားအလောင်းစသော သူတော်ကောင်းပုဂ္ဂိုလ်ကြီးတို့သန္တာန်၌ ဘဝ အသချေ်တို့တိုင် ဖြည့်ဆည်းအားထုတ်ထားအပ်သော ဒါန၊သီလ၊ဘာဝနာစသော ကုသိုလ်အာသေဝနဓာတ် တို့သည် ကြာမြင့်စွာစွဲထုံမွေးကြိုင်နေသော ရေမွှေးပမာ ကိန်းဝပ်တည်နေကြ၏။

ဘဝအဆက်သို့ လိုက်ပါလျက် ရနံ့သင်းထုံစွာ မွှေးကြိုင်နေကြ၏ နောက်ဆုံးဘဝ၌ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်တိုင် အထောက်အပံ့ဖြစ်စေသည်။

ဒေဝဒတ်စသောသူယုတ်မာပုဂ္ဂိုလ်တို့သန္တာန်၌ ဖြည့်ဆည်းအားထုတ် ထားသော အကုသိုလ်အာသေဝနသတ္တိတို့သည်ကား ဝါသနာ၊အထုံ၊ စရိုက်ဆိုး များဖြစ်လျက် အပုပ်နံ့ ရနံ့ဆိုးတို့ပမာ ကြာမြင့်စွာ စွဲထုံကိန်းဝပ်နေကြ၏။ အဝီ ငရဲထိတိုင် ကျေးဇူးပြုနိုင်ပေ၏။

http://www.dhammadownload.com



## သတိ၊ပညာဖြင့်လက်တွေ့အသုံးချပုံ

အာသေဝနသတ္တိကို သိရသဖြင့် မိမိတို့၏လက်တွေ့ဘဝ၌ အကုသိုလ်စရိုက်ဓာတ်ခံများ နည်းပါး၍ ကုသိုလ်ပါရမီတရားများ တိုးပွားရရှိလာအောင် အသုံးချနိုင်ပေ၏။

အကယ်၍ မိမိမြင်မကောင်းသော အနိဋ္ဌာရုံတစ်ခုကို မြင်တွေ့ရလျှင် ဒေါသဇောစိတ်များ ဖြစ်လာ၏။ သတိပညာဖြင့် ဆင်ခြင်လျက် မိမိဖြစ်ပေါ်လာဆဲသော ဒေါသဇောအား အခြား အာသေဝနဓာတ်များ ဆက်မလာစေရန် ပြုပြင်စောင့်ရှောက်ပေးနိုင်ပေသည်။

ထို့အတူ ရွှေတိဂုံဘုရားပေါ်၌ ဘုရားဟူသော ဣဋ္ဌာရုံနှင့် ဆုံရ၍ ကုသိုလ်သောမနဿဇောစိတ်များ တစ်ဖွားဖွား ဖြစ်ပေါ်လာ၏။ ဘုရားအာရုံ၌ ကုသိုလ်ဇောစိတ်တို့အား အာရုံတစ်ပါးတို့ကြောင့် အဆက်မပြတ်ရအောင် သတိပညာဖြင့် ပြုပြင်ပေးနိုင်ပါက မိမိသန္တာန်တွင် အာသေဝနကုသိုလ်ဓာတ်များ တိုးပွားရရှိလာမည်သာ ဖြစ်၏။

## အာသေဝနပစ္စည်း၏ အကျိုး

ရှေးရှေးသော အကုသိုလ်ဇောများကြောင့် နောက်နောက် အကုသိုလ်ဇောများ အင်အားသတ္တိကြီးမားစွာ ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် ဒုတိယဘဝစသည်၌ အပါယ် ဆင်းရဲစသည်ကို ဖြစ်စေ၏။ ရှေးရှေးသောကုသိုလ်ဇော၏အစွမ်းကြောင့် နောက်နောက် ကုသိုလ်ဇောတို့သည် စွမ်းအားကြီးမားသဖြင့် ဒုတိယဘဝ၌ လူ့ဘုံနတ်ရပ်ဟူသော သုဂတိသို့ ကပ်ရောက်ရသည်။ ရှေးရှေးဝိပဿနာဇောကြောင့် နောက်နောက်ဝိပဿနာဇောသည် အားအဆင့်ဆင့် ကြီးမြင့်ရင့်ကျက်သည်ရှိသော် မဂ်၊ဖိုလ်၊နိဗ္ဗာန်ကို ရရှိနိုင်တော့သည်။

## အာသေဝနပစ္စယော-ဘုရားရှိခိုး

နောက်နောက်မွန်လေး၊ သာလွန်မွေးအောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့၊ အကြား မပြတ်၊ မျိုးဓာတ်တူသော၊ နောက်နောက်ဇောအား၊ ကျေးဇူးပြုနိုင်သော၊ စွမ်းပကားအဟုန်၊ ထုံစေနိုင်သော၊ ရှေးရှေးသော လောကီဇောဟူသည့် အာသေဝနပစ္စည်းတရားသည်၊ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

အာသေဝနပစ္စယောပြီး၏။

http://www.dhammadownload.com



## ၁၃။ ကမ္မပစ္စယော။

(ကံ,စေတနာသတ္တိဖြင့် ကျေးဇူးပြု၏။)

(စေတနာဟူသောကံစွမ်းအင်)

### ပစ္စယနိဒ္ဒေသပါဠိ

၁။(က)ကုသလာကုသလံ ကမ္မံ၊(ခ)ဝိပါကာနံခန္ဓာနံ၊ ကဋတ္တာစရူပါနံ၊(ဂ)။

၂။ (က)စေတနာ၊ (ခ)သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊(ဂ)။

### ပစ္စယနိဒ္ဒေသအနက်

၁။(က) ကုသလာကုသလံ၊ ကုသိုလ်အကုသိုလ်ဖြစ်သော။ ကမ္မံ၊ အထူးထူးသော ခဏ၌ဖြစ်သော နာနာက္ခဏိကစေတနာကံပစ္စည်းတရားသည်။ (ခ) ဝိပါကာနံ၊ အကျိုးဖြစ်ကုန်သော။ ခန္ဓာနံ၊ ဝိပါက်နာမ်ခန္ဓာတို့အားလည်းကောင်း။ ကဋတ္တာစရူပါနံ၊ ကမ္မဇရုပ်ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း။ (ဂ)။

၂။ (က) စေတနာ၊ စိတ်(၈၉)ပါး၌ရှိသော စေတနာ(၈၉)ခု ပစ္စည်းတရားသည်။ (ခ) သမ္ပယုတ္တကာနံ၊ ယှဉ်ဘက်ဖြစ်ကုန်သော။ ဓမ္မာနံ၊ စိတ်၊ စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုစေတနာကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း။ (ဂ)ကမ္မပစ္စယေနပစ္စယော၊ ကမ္မသတ္တိဖြင့်ကျေးဇူးပြု၏။

### ကမ္မသတ္တိသရုပ်အဓိပ္ပါယ်များ

### ကမ္မနှင့်ပစ္စယ

၁။ ကုသိုလ်,အကုသိုလ်တို့၌ယှဉ်သော စေတနာသည် ကံ(ကမ္မ) မည်၏။

၂။ ကိုယ်အမူအရာ,နှုတ်အမူအရာ,စိတ်အမူအရာကို ပြုပြင်စီရင်အပ်သော စိတ်၏ လုံ့လပယောဂ, ကြောင့်ကြဗျာပါရ စိုက်ထုတ်မှုသဘောသည် '**စေတနာ**' (ကံ) မည်၏။

ထိုကံသတ္တိအကြောင်းတရားတို့က အကျိုးဝိပါက်နာမ်ခန္ဓာတို့အားလည်းကောင်း ယှဉ်ဖက်သမ္ပယုတ်တရား၊ သမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း ကျေးဇူးပြုမှုကို '**ကမ္မပစ္စယော**'ဟု ခေါ်၏။

http://www.dhammadownload.com


## စေတနာမည်သော ကံ(၂)မျိုး

ထိုစေတနာကံသည် နာနာက္ခဏိက(နာနာ)ကံ၊ သဟဇာတ(သဟ)ကံဟု (၂)မျိုး ရှိ၏။ ထိုတွင်-

၁။**နာနာက္ခဏိကကံ**ဟူသည် နောင်အခါ၌ အကျိုးပေးဝိပါက်ဟူသော နာမ်ခန္ဓာနှင့်ကမ္မဇရုပ်တို့ကို ဖြစ်စေမှုသတ္တိဖြင့် ကျေးဇူးပြုသော အတိတ်ကုသိုလ်, အကုသိုလ်(၃၃)ပါး၌ယှဉ်သော စေတနာဖြစ်၏။ (အတိတ်မှပစ္စုပ္ပန်သို့ ကျေးဇူးပြုမှုကံ)

၂။**သဟဇာတကံ**ဟူသည်အတူတကွဖြစ်ဖက် စိတ်,စေတသိက် သမ္ပယုတ်တရားများနှင့် စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အား စေ့ဆော်စီရင်မှုသတ္တိဖြင့် ကျေးဇူးပြုသော စိတ် (၈၉)ပါး၌ယှဉ်သော စေတနာဖြစ်၏။ (ပစ္စုပ္ပန်အချင်းချင်း ကျေးဇူးပြုမှုကံ)

**လင်္ကာ**။ သဟဇာတ၊ ခဏနာနာ၊ စေတနာ၊ မှတ်ပါကံနှစ်မျိုး။

## ကမ္မသတ္တိ၏ဥပမာ

သဟဇာတကံသည် တပည့်ကြီး,လက်သမားကြီးစသူတို့က မိမိကိစ္စ, သူတစ်ပါးတို့ကိစ္စ၌ လုံ့လဗျာပါရစိုက်ထုတ်၍ ပြီးစေသကဲ့သို့ ဖြစ်၏။ နာနာက္ခဏိက ကံသည် သရက်စေ့က သရက်ပင်ဖြစ်ထွန်းစေခြင်း, အသီးအပွင့်တို့ကို ဖြစ်စေခြင်း ကဲ့သို့ ဖြစ်၏။

## ကမ္မသတ္တိ(၂)မျိုး

စေတနာကံ(၂)မျိုး ကွဲပြားသဖြင့် ကမ္မသတ္တိသည်လည်း (၂)မျိုး ကွဲပြားရ၏။

၁။ ကုသိုလ်,အကုသိုလ် (၃၃)ပါး၌ယှဉ်သော နာနာက္ခဏိကကံ စေတနာမျိုး သည် အကျိုးဝိပါက်တရားနှင့် ကမ္မဇရုပ်တို့ကို ပွားတိုးဖြစ်စေခြင်း'**ဗီဇနိဓာနသတ္တိ**' သည်းရှိ၏။ စေ့ဆော်ခြင်း '**သံဝိဓာနသတ္တိ**'လည်း ရှိ၏။

၂။ ဝိပါက်စိတ် (၃၆)၊ ကြိယာ(၂၀)ဟူသော အဗျာကတတရားတို့၌ ယှဉ်သော သဟဇာတကံစေတနာမျိုးသည် ယှဉ်ဖက်,တကွဖြစ်ဖက် သမ္ပယုတ် တရားတို့ကို စေ့ဆော်စီရင်ခြင်း 'သံဝိဓာနသတ္တိ'သာရှိသည်။ အကျိုးပေးခြင်း ဗီဇနိဓာနသတ္တိမျိုးကား မရှိ။

http://www.dhammadownload.com



## နာနာက္ခဏိကကံကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ကုသိုလ်၂၁၊အကုသိုလ်-၁၂<br>အတိတ်စေတနာကံ ၃၃ | ဝိပါက် ၃၆၊ စေ ၃၈<br>နာမ်ခန္ဓာနှင့်ကမ္မဇရုပ်များ |

### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

ကုသိုလ်စိတ်(၂၁)ပါး၊ အကုသိုလ်စိတ် (၁၂)ပါးတို့၌ရှိသော နာနာက္ခဏိက စေတနာ (၃၃)ပါး၊ အကြောင်းပစ္စည်းတရားတို့က ဝိပါက်စိတ် (၃၆)၊ စေတသိက် (၃၈)ပါးနှင့် ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ် အကျိုး ပစ္စယုပ္ပန်နာမ်ခန္ဓာတို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## သဟဇာတကံကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| စိတ် ၈၉-၌ရှိသော-<br>စေတနာ (၈၉)ပါး၊ | ယှဉ်ဖက်စိတ် ၈၉ (စေ-ကြဉ်)<br>စေ(၅၁)၊ စိတ္တဇရုပ်၊ပဋိကမ္မဇရုပ် |

### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

စိတ်(၈၉)၌ရှိသော စေတနာ(၈၉)ပါးတို့တွင် တစ်ပါးပါး၌ရှိသော စေတန အကြောင်းပစ္စည်းတရားသည် ယှဉ်ဖက်စိတ်၊စေတသိက် သမ္ပယုတ်တရားများနှ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် အကျိုးပစ္စယုပ္ပန်တရားတို့အား သဟဇာတကမ္မသတ္တိဖြ ကျေးဇူးပြုပါသည်။

### စေတနာကံနှင့် အကျိုးဝိပါက်

စေတနာကံတို့ကို အကျိုးပေးရာဌာနအားဖြင့် ခွဲခြားလျှင် ကာမကံ၊ ရူပကံ အရူပကံဟု (၃)မျိုး ကွဲပြား၏။ သင်္ခါရအားဖြင့်ကား အကုသိုလ်ကံတို့ကို 'အပုညာ သင်္ခါရ'၊ကာမကုသိုလ်ကံနှင့် ရူပကုသိုလ်ကံတို့ကို'ပုညာဘိသင်္ခါရ'၊ အရူပကံတို့ 'အာနဉ္ဇာဘိသင်္ခါရ'ဟု ခေါ်၏။ ထိုတွင် ရူပကံ၊အရူပကံတို့မှာ မနောကံဖြစ်

http://www.dhammadownload.com



ဘာဝနာစိတ်ဖြင့်သာ ပြုလုပ်နိုင်၏။ အကျိုးပေးရာ၌လည်း ရူပဘုံ၊အရူပဘုံတို့တွင်သာ အကျိုးပေး၏။

ကာမကံသည်ကား ကုသိုလ်ကံနှင့် အကုသိုလ်ဟူ(၂)မျိုး ကွဲပြား၏။ ကိုယ်၊နှုတ်၊စိတ်သုံးမျိုးတို့ဖြင့် ပြုလုပ်ပြောဆိုကြံစည် အားထုတ်ကြ၏။ အကျိုးပေးရာ၌ အကုသိုလ်ကံက အကုသိုလ်ဝိပါက်အကျိုးကို ပေး၍ ကုသိုလ်ကံက ကုသိုလ်ဝိပါက်အကျိုးကို ပေးလေ၏။

## ကာမကုသိုလ်ကံနှင့် အကုသိုလ်ကံအကျိုး

အကုသိုလ်ကံ (၁၂)ပါးရှိရာတွင် (ဥဒ္ဓစ္စစေတနာကြဉ်)ကျန်စေတနာ (၁၁)ပါးတို့သည် အပါယ်လေးဘုံ၌ အကုသိုလ်ပဋိသန္ဓေအကျိုးကို ပေး၏။ ပဝတ္တိအကျိုးပေးရာ၌ အကုသိုလ်ကံ (၁၂)ပါးလုံးသည် အပါယ်,လူ,နတ်ဟူသော ကာမ (၁၁)ဘုံ၊ (အသညသတ်ကြဉ်)ကျန် ရူပ(၁၅)ဘုံတို့၌ အကုသိုလ်ဝိပါက် (၇)မျိုးဟူသော အကျိုးတို့ကို ထိုက်သည့်အားလျော်စွာ ပေး၏။

ကာမကုသိုလ်ကံ (၈)ပါးတို့သည် လူ,နတ်ဟူသော ကာမသုဂတိ (၇)ဘုံတို့၌ ပဋိသန္ဓေအကျိုးကို ပေး၏။ ပဝတ္တိအကျိုးပေးရာ၌ အပါယ်,လူ,နတ်,ဗြဟ္မာဟူသော ကာမ(၁၁)ဘုံနှင့်၊ ရူပ(၁၅)ဘုံတို့၌ မဟာဝိပါက်စိတ် (၈)မျိုးနှင့် အဟိတ်ကုသလဝိပါက် (၈)မျိုးအကျိုးတို့ကို ထိုက်သည့်အားလျော်စွာ ပေး၏။

## နာနာက္ခဏိကကံ-ကျေးဇူးပြုပုံအကျယ်
(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ကုသလောဓမ္မော အတိတ်ဖြစ်-ကုသိုလ် (၂၁)၌ရှိသော စေတနာ | ကု | ဗျာ | အဗျာကတာဓမ္မော ကုသလဝိပါက်(၂၉)နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များ |
| အကုသလောဓမ္မော အတိတ်ဖြစ်-အကုသိုလ် (၁၂)၌ရှိသော စေတနာ | အကု | ဗျာ | အဗျာကတာဓမ္မော အကုသလဝိပါက်(၇)နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များ |

http://www.dhammadownload.com



(သဟဇာတတက်မှာ သဟဇာတအတိုင်း အပြည့်အစုံကျေးဇူးပြုပုံ တူ၏။)

## အချိန်နေရာပုဂ္ဂိုလ်နှင့်ကမ္မသတ္တိ

နာနာက္ခဏိကကံစေတနာသည် အသညသတ်ကြဉ်သော ဘုံ(၃၀)၌ ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး ပုဂ္ဂိုလ်(၁၁)ယောက်တို့၏ အဇ္ဈတ္တသန္တာန်၌ အတိတ်ကာလ ဖြစ်၍ ကျေးဇူးပြုသည်။

သဟဇာတကံစေတနာသည် အသညသတ်ကြဉ် ဘုံ(၃၀)တို့၌ ပုဂ္ဂိုလ်(၁၂)ယောက်လုံးတို့၏ အဇ္ဈတ္တသန္တာန်ဝယ် ပစ္စုပ္ပန်ကာလအနေဖြင့်သာ ကျေးဇူးပြု၏။

### ကံစွမ်းရည်ဖြင့်လက်တွေ့အသုံးချခြင်း

## 'ကံ'ဟူသည်စေတနာ

**'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ'** ဘိက္ခဝေ၊ ရဟန်းတို့။ စေတနာ၊ စေ့ဆော်တတ်မှုစေတနာတရားကို။ ကမ္မံ၊ ကံမည်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။

ကံ-ဟူသည် စေတနာပင် ဖြစ်၏။ 'ကမ္မ'ဟူသောပုဒ်သည် အမှု၊အလုပ်၊ ကိစ္စဟူ၍ အဓိပ္ပါယ်ရ၏။ ကိုယ်အမှု၊ နှုတ်အပြော၊ စိတ်အကြံမှန်သမျှတို့ကို ပြုရာတွင် စေ့ဆော်စီရင်မှုသဘောဖြစ်သော စေတနာဓာတ်သည် အဇ္ဈတ္တမနောအတွင်း၌ အရင်းခံပါဝင်၏။ ထိုစေတနာဓာတ်သဘောသတ္တိကိုပင် "ကံ"ဟု ဆိုရပေသည်။

## စေတနာတိုင်း ကောင်း/မကောင်း

'ကံ'ဟုပြောဆိုရသော စေတနာတိုင်းသည် အားလုံးကောင်းနိုင်ပါသလော?။ ကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာတို့သည် ကောင်းပေ၏။ အကုသိုလ်စိတ်နှင့် ယှဉ်သောစေတနာတို့သည် မည်သည့်နည်းနှင့်မှ ကောင်းနိုင်မည်မဟုတ်။

စေတနာကောင်းသည် လူတိုင်းနှင့် မတန်မှုမျိုးလည်း မဟုတ်။ စေတနာကောင်းလျှင် ကံကောင်း၍ စေတနာဆိုးလျှင် ကံဆိုးရ၏။ လူတိုင်း၌ စေတနာကောင်းကြောင့် ကောင်းကျိုးရရှိ၍ စေတနာဆိုးကြောင့် ဆိုးပြစ်တို့ကို ခံစားရသဖြင့် စေတနာတိုင်းတွင် တန်ရာတန်ကြေးသည် သတ်မှတ်ပြီးသားပင် ဖြစ်တော့၏။

http://www.dhammadownload.com



**လင်္ကာ**။ ပြုလုပ်သမျှ၊ ကမ္မမည်တွင်၊ စေတနာလဲ၊ ကံပဲမှန်ပင်။
စေတနာကောင်း၊ ကံကောင်းခေါ်တွင်၊ စေတနာဆိုး၊ ကံဆိုးသူ့ဂြိုဟ်ဝင်။

### အတိတ်ကံနှင့် ပစ္စုပ္ပန်ကံအခွဲ

အတိတ်ကံဟူသည်မှာ လွန်ခဲ့သောဘဝများစွာ သံသရာမှစ၍ ယနေ့ထိတိုင် ဆည်းပူးအားထုတ်ခဲ့ပြီးသော စေတနာအလုပ်များ ဖြစ်၏။ ယခုပစ္စုပ္ပန်ဘဝ၊ အချိန်တို့၌ ပြုလုပ်အားထုတ်ဆဲအလုပ်တို့ကို 'ပစ္စုပ္ပန်ကံ'ဟု ဆိုရ၏။

ကံ,ဉာဏ်,ဝီရိယသုံးပါးအားဖြင့် ပြောဆိုကြရာတွင် ပစ္စုပ္ပန်ကံဟူသည် ဉာဏ်၊ဝီရိယကြိုးမှုး၍ ပြုလုပ်အားထုတ်သမျှအမှုတို့ကို ဆိုလို၍ ထိုဉာဏ်၊ ဝီရိယတို့ကြိုးမှုးပြုလုပ်ခြင်းမဖက် အတိတ်ကံ၏အကျိုးပေးသက်သက်ကိုသာ 'အတိတ်ကံ'ဟူ၍ မှတ်ယူရကြပေ၏။

**လင်္ကာ**။ လူ့ဘောင်ရပ်ထံ၊ လူ့သန္တာန်၌၊ ကံဉာဏ်ဝီရိယ၊ ဤသုံးဝတွင်၊ ဝီရိယဉာဏ်၊ ကျိုးပေးဟန်ကား၊ သင့်တန်ရုံမျှ၊ ခံရစနီး၊ ကံအကျိုးမူ၊ ပြည့်ဖြိုးလွန်စွာ၊ မကြံသာခဲ့။ (အတိတ်ကံ+ပစ္စုပ္ပန်ကံ)

### ကံနှစ်မျိုးတို့၏ အကျိုးပေးပုံများ

သတ္တဝါတို့သန္တာန်၌ ကံတို့သည် နာနာက္ခဏိကကံဟူသော အတိတ်ကံမျိုးနှင့် သဟဇာတကံဟူသော ပစ္စုပ္ပန်ကံအားဖြင့် (၂)မျိုး ရှိ၏။

လက်ရှိပစ္စုပ္ပန်အချိန်၌ ကောင်းကျိုးဆိုးကျိုးများကို ခံစားရမှု၊ လူနတ်တိရစ္ဆာန် စသော (၃၁)ဘုံ၌ ဘဝကြီး(၉)ပါးနှင့် ပဋိသန္ဓေ(၄)မျိုးတို့ကို ဖြစ်စေမှုတို့သည် အတိတ်ကံ၏စွမ်းရည်သတ္တိသာ ဖြစ်၏။

အတိတ်ကံသည် ယခုဘဝ၌လည်း ဒိဋ္ဌဓမ္မဝေဒနီယအကျိုးသဘောကို အခွင့်အခါရပါက ပေးနိုင်သကဲ့သို့ ဒုတိယ၊တတိယဘဝစသည်တို့၌ 'အပရာပရိယ ဝေဒနီယ'အကျိုးအဆက်ဆက်ကိုလည်း ပေးနိုင်လေ၏။

ပစ္စုပ္ပန်ကံသည်လည်း ယခုဘဝ၌ပင် 'ဒိဋ္ဌဓမ္မဝေဒနီယအကျိုး'ကို လက်ငင်း ပေးနိုင်သကဲ့သို့ သံသရာတွင် ဒုတိယဘဝ၊တတိယဘဝစသော 'အပရာပရိယ ဝေဒနီယ' အကျိုးအဆက်ဆက်ကို ပေးနိုင်လေ၏။

ဉပမာအားဖြင့် မိမိသင်ယူတတ်မြောက်ထားသော အတတ်ပညာတစ်ခုသည်

http://www.dhammadownload.com



အကြောင်းအခွင့်ကြုံခဲ့သော် လက်ငင်းချက်ချင်း အသုံးချနိုင်၏။ သို့မဟုတ် နောင်တစ်ချိန်ချိန်တွင်လည်း အသုံးချနိုင်သကဲ့သို့ ဖြစ်၏။ ကြွေးယူထားသူတစ်ဦးသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အတိုးနှင့်တကွသော အရင်းငွေကို ပြန်လည်ပေးဆပ်ရမြဲ ဖြစ်သကဲ့သို့ပင်တည်း။

## ဇော(၇)တန်နှင့် ကံအကျိုးပေး

ကံအမှုတစ်ခုကို ပြုလုပ်အားထုတ်စဉ်၌ အာသေဝနသတ္တိအရ ဇော (၇) ကြိမ်အားလျော်စွာ အကျိုးပေးလည်း ကွဲပြားနိုင်၏။

ပထမဆုံး ဇောစေတနာဖြင့် ပြုလုပ်အပ်သောကံသည် ယခုပစ္စုပ္ပန်ဘဝ၌ပင် မုချအကျိုးပေး၏။ အလယ်ဇော(၅)ချက် ကံစေတနာသည် သံသရာဘဝ အဆက်ဆက်တွင် အကျိုးပေး မြဲလေ၏။ နောက်ဆုံးဇောဖြင့် ပြုလုပ်အပ်သော ကံစေတနာသည် သေပြီးနောက် (ဒုတိယမြောက်)ဘဝအတွက် အကျိုးပေးမြဲ၏။

## သတ္တဝါတစ်ခုတွင် ကံ(၂)ခုရှိနေပုံ

'သတ္တဝါတစ်ခု ကံတစ်ခု'ဟု ပြောဆိုကြ၏။ သို့သော် ကမ္မသတ္တိအ[ရ] နာနာက္ခဏိကကံခေါ် အတိတ်ကံနှင့် သဟဇာတကံခေါ် ပစ္စုပ္ပန်ကံ(၂)မျိုးကို ခွဲခြား၍ နားမလည်နိုင်ပါက 'ကံတစ်ခု'ဟူသာ ထင်မှတ်တတ်ကြ၏။

သတ္တဝါတစ်ယောက်စီတွင် ကံ(၂)မျိုးစီ ပိုင်ဆိုင်မြဲ ဖြစ်၏။ ပဋိသန္ဓေအခါ အမိဝမ်း၌ တည်နေချိန်မှစ၍ ဘဝတစ်ခုအတွင်း၌ အတိတ်ကံ၏ စွမ်းအင်သတ္တိသည် အရိပ်ပမာ ထပ်ကြပ်မကွာ လိုက်ပါအကျိုးပေး၏။ ပဝတ္တိအခါ အသက်ရှ[င်] လှုပ်ရှားနေသမျှ အချိန်တိုင်း၌လည်း ပစ္စုပ္ပန်စေတနာကံ များစွာတို့သည် ဖြစ်တည်[၍] အကျိုးပေးနေကြမြဲသာတည်း။

## ကံတစ်ခုစီ၌ပါဝင်သော အကျိုးပေးသတ္တိ(၄)မျိုး

ကံတစ်ခုတိုင်းတွင် အကျိုးပေးသဘော သတ္တိ(၄)မျိုး ကွဲပြား၏။ ထိုတွင်

(၁) ဇနကသတ္တိမျိုးသည် ကောင်းကျိုး၊ဆိုးကျိုးတို့ မဖြစ်ထွန်းသေးသည်[ကို] ဖြစ်ထွန်းလာနိုင်အောင် ဖြစ်စေ၏။ ပြုလုပ်ပေး၏။

**လင်္ကာ**။ ဝိပါက်စိတ်စေ၊ ရုပ်ထွေထွေကို၊ သန္ဓေပဝတ္တိ၊ ခွင့်ခါရှိသော်၊ မိမိကိုယ်တို[င်]
ဖြစ်စေနိုင်၊ ခေါ်ပိုင် ဇနကကံ။

http://www.dhammadownload.com


(၂) ဥပတ္ထမ္ဘကသတ္တိမျိုးသည် ဖြစ်ထွန်းနေဆဲ ကောင်းကျိုးဆိုးကျိုးများကို သန်မာဖွံ့ဖြိုး၍ အားအင်တိုးပွားလာအောင် ထောက်ပံ့ကူညီမှု ပြုပေးလေ၏။

**လင်္ကာ။** အကျိုးပေးခွင့်၊ အခါသင့်အောင်၊ အခွင့်သင့်ပြန်၊ ကျိုးပေးသန်အောင်၊ ပေးပြန်ပြီးကာ၊ ရှည်မြင့်ကြာဖို့၊ လျော်စွာထောက်မ၊ ကူညီက၊ ဥပတ္ထမ္ဘကကံ။

(၃) ဥပပီဠကသတ္တိသည် ဖြစ်ထွန်းဆဲ ကောင်းကျိုးဆိုးကျိုးတို့ ပျက်ပြယ်လွင့်ပါးအောင် ညှဉ်းပန်းနှိပ်စက်၏။

**လင်္ကာ။** အကျိုးပေးခွင့်၊ မရလင့်အောင်၊ ရသင့်လေပြန်၊ ကျိုးမသန်အောင်၊ ရပြန်အကျိုး၊ မဖွံ့ဖြိုးဖို့၊ အမျိုးမျိုးက၊ နှိပ်စက်လှ၊ ဥပပီဠကကံ။

(၄) ဥပဃာတကသတ္တိကား ထိုဖြစ်ထွန်းဆဲကောင်းကျိုးဆိုးကျိုးတို့ကိုပင် အပြီးတိုင် ပြိုလဲပျက်ကြွေသွားအောင် သတ်ပစ်၏။

**လင်္ကာ။** နှိပ်စက်ရုံတွင်၊ မကချင်ဘဲ၊ ယခင်ထက်တိုး၊ ကံအကျိုးကို၊ ပယ်ချိုးနှိမ်ချ၊ သတ်ဖြတ်က၊ ဥပဃာတကကံ။

ထိုတွင် ယခုဘဝ၌ ပြုလုပ်အပ်သောကံတို့သည် အတိတ်ကပါလာသည့် ကံသတ္တိတစ်ခုခုကို တိုးပွားဖြစ်စေခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းများ ပြုနိုင်၏။ ထို့အတူ အတိတ်ကပြုလုပ်အပ်သော ကံတစ်ခုကလည်း ယခုဘဝ၌ ပြုလုပ်အပ်သော ကံသတ္တိတို့ကို တိုးပွားဖြစ်စေမှု၊ နှိပ်စက်ညှဉ်းပန်းမှုများကို ပြုလုပ်နိုင်သည်သာ။

## ကံတို့၏အကျိုးပေးအလှည့်(၄)မျိုး

၁။ ကံစွမ်းအင်တို့တွင် အကြီးလေးဆုံးသောကံကို 'ဂရုကံ'ဟု ခေါ်၏။ ကုသိုလ်အရာ၌ ရူပကုသိုလ်၊ အရူပကုသိုလ်(၉)ပါး၊ အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံ(၅)ပါး၊ နိယတမိစ္ဆာဒိဋ္ဌိခေါ် 'အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ'ကြီး(၃)ပါး၊ ဤ(၁၇)ပါးတို့သည် 'ဂရုကံ' မည်၏။

ထိုဂရုကံတို့သည် ကံတစ်ပါးက ဝင်ရောက်နှောင့်ယှက် ဟန့်တားခြင်းငှါ မစွမ်းနိုင်သဖြင့် သေပြီးနောက်၌ ပဋိသန္ဓေအကျိုးကို ကေန်မုချပေးတော့၏။ ထိုကံသည် ပထမဦးဆုံးသော အကျိုးပေးအလှည့်ရသည့် 'ကံ'မျိုး မည်၏။

http://www.dhammadownload.com



၂။ သေခါနီး၌ အောက်မေ့ပွားများအပ်သောကံကို 'အာသန္နကံ'ဟု ခေါ်၏။ ဂရုကံမရှိခဲ့သူအား ထိုအာသန္နကံ၏ အကျိုးပေးမှုအလှည့်ကို ကေန်မုချ ရရှိပေတော့၏။

၃။ နေ့စဉ်မပြတ် လေ့ကျက်ပွားများအပ်သောကံကို 'အာစိဏ္ဏကံ'ဟု ခေါ်၏။ အထက်ပါ ကံ(၂)မျိုးတို့ မရှိသူအား အာစိဏ္ဏကံ၏ အကျိုးပေးအလှည့်ကို ရရှိလေ၏။

၄။ အမှတ်မထင် ပြုလုပ်ခဲ့သမျှသောကံတို့ကို 'ကဋတ္တာကံ'ဟု ခေါ်၏။ အထက်က ကံ(၃)မျိုးတို့ မိမိသန္တာန်၌ ထင်ရှားမရှိခဲ့သော် ဤကဋတ္တာကံ၏ ဝင်၍ အကျိုးပေးမည့်အလှည့်ကို ရရှိပေသည်။

## ကံနှစ်မျိုးနှင့်အကျိုးကို နှိုင်းယှဉ်ခြင်း

တချို့က အတိတ်ကံကိုသာ ဦးစားပေးလွန်း၏။ အတိတ်ကံကသာ နေရာတကာ စီမံဦးစီး၏။ အတိတ်ကံသာ အကျိုးပေးလာပါက မလွဲမသွေ ပုန်းရှောင်မရ လက်ခံကြရမြဲဖြစ်၏ဟု ယူကြ၏။

တချို့ကမူ ပစ္စုပ္ပန်ကံကို ဦးစားပေးလွန်းကြ၏။ ကိုယ့်ကံကြမ္မာ ကိုယ့်လက်မှာသာ ရှိ၏။ ကိုယ်ပြုသလို ကိုယ်နေရ၏။ ကိုယ်ကြမ်းရ၏။ ကိုယ်ကြိုးစားလျှင် ဘုရားတောင် မလွဲမသွေ ဖြစ်နိုင်၏ဟု ယူဆတတ်ကြလေ၏။

ထိုနှစ်မျိုးတွင် ဘယ်အယူအဆကို သင်လက်ခံလိုပါသနည်း?။

အကယ်၍ ပစ္စုပ္ပန်ကံကိုသာ ပဓာနစွဲယူ၍ အတိတ်ကံကို ပစ်ပယ်မိပါက နတ္ထိကဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိစသည်တို့ဖြင့် တစ်ဖက်စွန်းသို့ စွဲငြိရ၏။ ထို့အတူ အတိတ်ကံကိုသာ ပဓာနစွဲယူ၍ ပစ္စုပ္ပန်ကံကို ပစ်ပယ်မိပါကလည်း အဟေတုကဒိဋ္ဌိ၊ သဿတဒိဋ္ဌိစသည်တို့ဖြင့် တစ်ဖက်စွန်းသို့ စွဲငြိရပြန်၏။

ပညာရှိတို့သည်ကား ပစ္စုပ္ပန်ကံကိုလည်း လက်ခံ၍ အတိတ်ကံကိုလည်း မငြင်းပယ်ကြ။ တစ်ဦးတစ်ယောက်ချင်းစီ၌ကား ကံနှစ်မျိုး၏ အားသာချက်နှင့် အားနည်းချက်တို့မှာ မတူညီနိုင်။ တူအောင်ညှိ၍လည်း မဖြစ်နိုင်။

တချို့ပုဂ္ဂိုလ်တို့အတွက် ကာလ၊ဒေသ၊ဥပဓိ၊ပယောဂတို့အားလျော်စွာ အတိတ်ကံက စွမ်းအားသာလွန်နေတတ်၍၊ တချို့ပုဂ္ဂိုလ်တို့အတွက်မှာ ပစ္စုပ္ပန်ကံ၏ အကျိုးကိုသာ အားကိုးကြရ၍ ပစ္စုပ္ပန်ကံက စွမ်းအားသာလွန်နေပေ၏။ မိမိသန္တာန်၌ မည်သည့်ကံစွမ်းအားကပင် သာလွန်သောအကျိုးကို ပေးနေသည်ဖြစ်ပါစေ။ ကံတစ်မျိုး၏အကျိုးကိုသာ စွဲယူအားကိုးမှုမျိုးမှာ လွဲမှားခြင်းဒိဋ္ဌိအမှု ဖြစ်ပေ၏။

http://www.dhammadownload.com



အတိတ်ကံကိုလည်း မလွှတ်ရသကဲ့သို့၊ ပစ္စုပ္ပန်ကံကိုလည်း ဆုပ်ထား၍ မသင့်။ အတိတ်ပစ္စုပ္ပန်ဟူသော ကံနှစ်မျိုးတို့၏ အကြောင်းအကျိုး ဆက်သွယ်အကျိုးပေးနေမှုသဘောကို 'ကမ္မပစ္စယော'၌ ဘုရားဟောသည့်အတိုင်း ဉာဏ်ဖြင့် အပြည့်အဝလက်ခံယုံကြည်မှုပြုနိုင်မှသာ 'ကမ္မဿကတာသမ္မာဒိဋ္ဌိ' ဖြစ်နိုင်ပေမည်။

## ကံနှစ်ခု၏ အကျိုးကို ထိန်းညှိခြင်း

အတိတ်ကံ၏စွမ်းရည်သတ္တိတို့သည်လည်း မည်မျှပင် စွမ်းအားထက်သန်သွန်းနေပါစေ။ သူ့ချည်းလည်း ကောင်းကျိုးမဖြစ်ထွန်းလာနိုင်။ ပါရမီပြည့်စုံနေပြီးသော သူတော်စင် ပုဂ္ဂိုလ်ကြီးများပင် ပါရမီအပြည့်ရှိပြီဟူ၍ အိပ်စောင့်နေလျှင် အကျိုးတရားတို့ တိုးပွားပြည့်စုံနိုင်မှုမည်သည် မရှိသည်သာတည်း။

ပစ္စုပ္ပန်ကံ၏ ဉာဏ်ဝီရိယတို့ဖြင့် ပြုပြင်စီရင်နိုင်မှုကို မလွဲမသွေ လိုအပ်သည်သာ။ ပစ္စုပ္ပန်ကံ၏ စွမ်းရည်သတ္တိတို့သည်လည်း သူ့ချည်း ရပ်တည် ဖြစ်ထွန်းသာနိုင်ခြင်း မရှိ။ အတိတ်ကံ၏ အရှိန်သတ္တိကို အမှီပြု၍သာ ရှင်သန်ကြီးထွားရ၏။ ပိုရာပန်းတိုင်သို့ အရောက်လှမ်းကိုင်နိုင်ပေ၏။

အတိတ်ကံက ကောင်းကျိုးပေးနေရုံဖြင့်လည်း ထာဝရကောင်း နေနိုင်မည်မဟုတ်။ အတိတ်ကံက ဆိုးလွန်းနေသဖြင့်လည်း ထာဝရဆိုးနေနိုင်လိမ့်မည် မဟုတ်။ အကြောင်းမှာ- ပစ္စုပ္ပန်ကံ၏ ကာလ၊ဒေသ၊ဥပဓိ၊ပယောဂတို့နှင့်စပ်သော ဉာဏ်ဝီရိယအားလျော်စွာ အတိတ်ကံ၏ အကျိုးအပြစ်အမျိုးမျိုးတို့သည် အဟောင်းအသစ်အမျိုးမျိုး ဖြစ်ပျက်၍ ထာဝစဉ်ပြောင်းလဲနေမှုကြောင့်တည်း။

ဥပမာ-အတိတ်ကံသည် ရေနှင့်တူ၍ ပစ္စုပ္ပန်ကံသည် ရေလာမည့်လမ်းကို ပြုပြင်ပေးရခြင်းမျိုးနှင့် တူလှ၏။ ကံနှစ်ခုတို့ ပေါင်းစုစွမ်းအားရှိနိုင်ပါမှသာလျှင် 'ရေလာမြောင်းပေး'သဘောဖြင့် လိုအပ်သည့် အကျိုးတရားများ တိုးပွားပြည့်စုံသာနိုင်ပေ၏။ ထို့ကြောင့် ရေလည်း လာဖို့ လိုပေ၏။ မြောင်းလည်း ပေးနိုင်ဖို့လို၏။

## ကမ္မပစ္စည်း၏အကျိုး

အကုသိုလ်ကံသည် လတ်တလော သေစေတတ်သော အဆိပ်ကဲ့သို့ အပါယ်ဘေးသို့ ကျရောက်ရသည်။ လောကီကုသိုလ်ကံသည်ကား တရွေ့ရွေ့ ညှင်းမျှင်း သေစေတတ်သောအဆိပ်ကဲ့သို့ အပါယ်ဒုက္ခ၌ နစ်မွန်းမျောပါးရ

http://www.dhammadownload.com



တတ်သည်။ လောကုတ္တရာ မဂ်ကုသိုလ်သည်ကား လောကမှလွတ်မြောက်ရာ နိဗ္ဗာန် သောင်ကမ်းသို့ အရောက်ပို့ဆောင်နိုင်ပါသည်။

ထို့ကြောင့် အပါယ်စသော ဆင်းရဲဒုက္ခတို့၌ ငြီးငွေ့စက်ဆုပ်သော သူတော် ကောင်းပုဂ္ဂိုလ်တို့သည် လောကုတ္တရာမဂ်လေးပါးကုသိုလ်များကို မရမနေ မပြတ် မလပ် ကြိုးစားအားထုတ်အပ်ပေသည်။

**ကမ္မပစ္စယော-ဘုရားရှိခိုး**

သစ်ပင်တို့အား၊ မျိုးစေ့လားသို့၊ အားပါးထုတ်ထ၊ ဗျာပါရဖြင့်၊ ကြောင့်ကြ ကြီးစွာ၊ စေတနာပဟူသော၊ သဟဇာတကမ္မ၊ နာနာက္ခဏိကကမ္မနှစ်ပါး ပစ္စည်း တရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ ထင်ရှားရှိပ ပေသည်တကား။

ကမ္မပစ္စယောပြီး၏။

http://www.dhammadownload.com



# ၁၄။ ဝိပါကပစ္စယော။
(အကျိုးပေးသတ္တိဖြင့် ကျေးဇူးပြု၏။)

## ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော၊ (ခ) အညမညံ၊ (ဂ )ဝိပါကပစ္စယေနပစ္စယော။

## ပစ္စယနိဒ္ဒေသပါဠိ

၁။ (က) ဝိပါကာ၊ အကျိုးဝိပါက်ဖြစ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ပဝတ္တိပဋိသန္ဓေ နာမ်ခန္ဓာ ပစ္စည်းတရားတို့သည်။ (ခ)အညမညံ၊အချင်းချင်းအား။ (ဂ)ဝိပါကပစ္စယေနပစ္စယော၊ ဝိပါကသတ္တိဖြင့် ကျေးဇူးပြု၏။

---

## ဝိပါကသတ္တိသရုပ်အဓိပ္ပါယ်များ

### ဝိပါကနှင့်ပစ္စယ

မှည့်ရင့်ခြင်းသို့ရောက်သော သစ်သီးသည် အားအစွမ်း ကုန်ခမ်း၍ အားထုတ်မှု ဗျာပါရကင်း၍ ငြိမ်သက်ခြင်းဖြစ်သကဲ့သို့ သိမ်မွေ့ငြိမ်သက်ခြင်း သဘောရှိသော ကုသိုလ်အကုသိုလ်စေတနာတို့၏ ရင့်မှည့်မှုဟူသော အကျိုးသဘော သည် 'ဝိပါက' မည်၏။

ကြောင့်ကြဗျာပါရကင်း၍ ငြိမ်သက်နုံ့နှေးခြင်းသဘောရှိသော အကျိုး ဝိပါက်စိတ်ဟူသော အကြောင်းတရားတို့က တကွဖြစ်ဖက် သမ္ပယုတ်နာမ်ခန္ဓာများနှင့် စိတ္တဇရုပ်၊ကမ္မဇရုပ် အကျိုးပစ္စယုပ္ပန်တရားတို့အား ကြောင့်ကြဗျာပါရကင်း၍ ငြိမ်သက်ခြင်းရှိလျက် ကျေးဇူးပြုမှုသဘောကို 'ဝိပါကပစ္စယော'ဟု ဆိုသည်။ **လကာ်**။ ၃၆-ထွေ၊ အကျိုးစိတ်,စေ၊ မှတ်လေဝိပါက။

### ဝိပါက၏ဥပမာ

သစ်ပင်ရိပ်တွင် နားနေသူသည် လေပြေလေညှင်းတို့ တိုက်ခတ်မှုကြောင့် သိမ်မွေ့နည့်မှု၊ အပန်းပြေမှုသဘောများ ရရှိလာသကဲ့သို့ ဖြစ်၏။

http://www.dhammadownload.com



လင်္ကာ။ မိမိကိုယ်က၊ ဗျာပါရကို၊ လုံးဝမရှိ၊ ငြိမ်သက်ဘိ၍၊ မိမိနှင့်မူ၊ တူအောင်ငြိမ်သက်၊ ဖြစ်စေချက်၊ ဝိပါကဟုခေါ်။ (ဂန္ဓာရုံ)

## ပစ္စည်း+ပစ္စယုပ္ပန်ဆိုင်ရိုး

ဝိပါက်စိတ် (၃၆)ပါး၊ စေတသိက် (၃၈)ပါးဟူသော အကြောင်းပစ္စည်းတရားသည် ဝိပါက်စိတ် (၃၆)ပါး၊ စေတသိက်(၃၈)ပါး စိတ္တဇရုပ်၊ကမ္မဇရုပ်ဟူသော ပစ္စယုပ္ပန်တရားတို့အား အတူတကွဖြစ်၍ ဝိပါကသတ္တိဖြင့် ကျေးဇူးပြုပါသည်။ သဘောတူသတ္တိများမှာ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတတို့ ဖြစ်သည်။

## ဝိပါက်စိတ်တို့ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ဝိပါက်စိတ် (၃၆) | ဝိ(၃၆)၊ နာမ်ခန္ဓာ |
| စေ(၃၈)နာမ်ခန္ဓာ | စိတ္တဇရုပ်၊ ပဋိ-ကမ္မဇရုပ် |
| ပဉ္စဝေါကာရပဋိသန္ဓေ | ဟဒယဝတ္ထု |

## ဝိပါက်စိတ်တို့၏ ငြိမ်သက်မှု

ကုသိုလ်အကုသိုလ်စိတ်တို့သည် ဝိပါက်စိတ်များ ဖြစ်ပေါ်လာအောင်၊ ကိုယ်အမူအရာ၊နှုတ်အမူအရာစသည်တို့ ဖြစ်ပေါ်လာအောင် ကြောင့်ကြစိုက်မှု ဗျာပါရမျိုး ရှိကြသည်။ သစ်ပင်ပေါ်မှ သစ်ရွက်၊သစ်သီးတို့ကဲ့သို့၊ မငြိမ်မသက် လှုပ်ရှားမှုများ ပါဝင်၏။

ကြိယာစိတ်တို့သည် ဝိပါက်ကိုဖြစ်အောင် ကြောင့်ကြဗျာပါရမျိုးကား မရှိ။ ကိုယ်အမူအရာ၊နှုတ်အမူအရာစသည်တို့ ဖြစ်လာအောင်ကား ကြောင့်ကြဗျာပါရ ရှိကြ၏။ ထို့ကြောင့် ရဟန္တာတို့သန္တာန်၌ ကြိယာစိတ်တို့မှာ သန္တသဘော သက်ဝင်ကြလေသည်။

ဝိပါက်စိတ်တို့မှာ ထိုသို့ကြောင့်ကြဗျာပါရနှစ်မျိုးလုံးမှ ကင်း၍ သစ်ပင်အောက်၌ ကြွေကျသောသစ်ရွက်တို့ကဲ့သို့ ငြိမ်သက်ခြင်း ရှိ၏။ လှုပ်ရှားမှုသဘော မရှိကြ။ သို့ရာတွင် နိဗ္ဗာန်၏ 'သန္တသတ္တိ' ကဲ့သို့ကား မဟုတ်ပေ။

http://www.dhammadownload.com



## ဝိပါက်စိတ်တို့ဖြစ်ပုံ မထင်ရှားခြင်း

ဝိပါက်စိတ်တို့သည် ထိုသို့ ဗျာပါရသဘောကင်း၍ ငြိမ်သက်ခြင်းရှိသဖြင့် ဖြစ်ပုံ မထင်ရှားနိုင်ပေ။ အိပ်ပျော်နေသူသန္တာန်၌ ဖြစ်ပေါ်နေသော ဘဝင်စိတ်တို့သည် ဝိပါက်စိတ်တို့ပင်တည်း။ ဗျာပါရသဘောကင်း၍ ငြိမ်သက်၏။ မထင်မရှား ဖြစ်၏။

ထို့အတူ ပဋိသန္ဓေစိတ်၊ စုတိစိတ်တို့သည်လည်း ကံကမ္မနိမိတ်ဂတိနိမိတ်ကို အာရုံယူ၍ ဖြစ်ပေါ်နေကြသော ဘဝင်စိတ်များပင် ဖြစ်၏။ မြင်သိစိတ်၊ ကြားသိစိတ်၊ ဆင်ခြင်စိတ်စသည်တို့သည်လည်း ကံတို့၏အကျိုးဝိပါက်စိတ်တို့ပင် ဖြစ်ပေသည်။

## ဝိပါက်ဟူသော အကျိုးတရား

ကမ္မ၏အကြောင်းသတ္တိတို့က အကျိုးတရားအဖြစ် ဝိပါကသတ္တိများ ဖြစ်ပေါ်လာကြခြင်း ဖြစ်၏။ ကုသိုလ်,အကုသိုလ်ကံသတ္တိတို့၏ စွမ်းအင် အကျိုးဆက်မှာ ကုသိုလ်ဝိပါက်၊ အကုသိုလ်ဝိပါက်တို့တည်း။

ကုသိုလ်ဝိပါက်ဟူသည်-အပြစ်ကင်းခြင်း၊ ချမ်းသာခြင်းတို့နှင့်တကွ ဖြစ်သော နူးညံ့သိမ်မွေ့သော ခံစားရမှုမျိုးတည်း။ အကုသိုလ်ဝိပါက်ဟူသည် အပြစ်နှင့်လည်းတကွဖြစ်၊ ဆင်းရဲနာကျင်ခြင်း သဘောလည်းရှိ၍ ခက်ထန်ကြမ်းကြုတ်သော ခံစားရမှုမျိုးတည်း။

စေတနာဟူသောကံတစ်ခုကိုပြုလုပ်ပြီးသောအခါ ထိုကံစေတနာသည်ကား ပျောက်ကွယ်ချုပ်ဆုံးသွားလေ၏။ ထိုစေတနာ၏ ဇောအရှိန်သတ္တိဓာတ်တို့မှာကား ရုပ်နာမ်ခန္ဓာအစဉ်၌ အကျိုးဝိပါက်ကို ဖြစ်စေသော ဗီဇဓာတ်သတ္တိအဖြစ် ကျန်နေရစ်ကြပေသည်။

## အချိန်နေရာပုဂ္ဂိုလ်နှင့်ဝိပါကသတ္တိ

ဝိပါက်အကျိုးတရားတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်အဖြစ်၌ ကျေးဇူးပြု၏။ ဘုံအားဖြင့် အသညသတ်ဘုံမှတစ်ပါး ဘုံ (၃၀)တို့၌ ပုဂ္ဂိုလ် (၁၂)ယောက်လုံးတို့၏ သန္တာန်၌ မိမိနှင့်တကွဖြစ်ဖက်တရားတို့အား အကျိုးပေးမှုဖြင့် ကျေးဇူးပြုလသည်။

---

http://www.dhammadownload.com



ဝိပါက်စွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

**သန္တာနေ ကမ္မံ နာမ၊ န နိရုဇ္ဈတိ သဗ္ဗသော။**
**သဝိသေသံ နိစေတွာဝိ၊ သမယမှိ ဝိပစ္စတုံ။**

သန္တာနေ၊ သတ္တဝါတို့၏ ရုပ်အစဉ်နာမ်အစဉ်၌။ တေ်ကမ္မံနာမ၊ ကောင်းကောင်းဆိုးဆိုး ထိုစေတနာကံမျိုးသည်။ နိရုဇ္ဈမာနံ၊ အကြောင်းအားလျော်စွာ ချုပ်ပျောက်ရသည် ရှိသော်။ သဗ္ဗသော၊ ကြွင်းမဲ့ဉသုံ၊ အလုံးစုံ အရှိန်ကုန်သော အားဖြင့်။ နနိရုဇ္ဈတိ၊ ချုပ်ပျောက် ပျက်စီး၊ အချည်းနှီးဖြစ် သွားသည်မဟုတ်ပါ၊

သမယမှိ၊ အကြောင်းသင့်၍၊ အခွင့်လျော်ရာအခါမျိုး၌။ ဝိပစ္စတုံ ဆိုင်ရာအကျိုးကို ပေးခြင်းငှါ။ သဝိသေသံ၊ မိမိတွက်တာ မပျက်သာအောင် ထက်စွာကျစ်လျစ် သတ္တိနှစ်ကို။ နိစေတွာ၊ မကင်းအမှန်၊ အရင်းခံဖို့ သွင်းနှံမြုပ် ထားပြီး၍သာလျှင်။ နိရုဇ္ဈတိ၊ ဥပါဒ်၊ဋ္ဌီ၊ဘင်၊ အစဉ်စေ့ရောက် ချုပ်ပျောက်သွား ခြင်းမျိုး ဖြစ်ပါပေသတည်း။

**ကံနှင့်ဝိပါက်တွဲစပ်ပုံ**

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| အတိတ်ကုသိုလ် | ကုသလဝိပါက်(၂၉) |
| (၂၁)၌ရှိ စေတနာ | ကမ္မဇရုပ်များ |
| အတိတ်အကုသိုလ် | အကုသလဝိပါက်(၇) |
| (၁၂)၌ရှိ စေတနာ | ကမ္မဇရုပ်များ |

## ကံသည်အကြောင်း ဝိပါက်သည်အကျိုး

ဝိပါက်စွမ်းအင်ဟူသမျှတို့သည် ကမ္မသတ္တိစွမ်းအင်ကြောင့် ဖြစ်ပေ လာသော အကျိုးဆက်သတ္တိများ ဖြစ်၏။ ကံသည် အကြောင်းဖြစ်၍ ဝိပါ သည် အကျိုးဖြစ်သဖြင့် ကံနှင့်အကျိုးတို့ကို တစ်သီးတစ်ခြား ခွဲခြားထား၍မ ကံရှိလျှင် အကျိုးရှိနေမည်။ အကျိုးလိုချင်ပါက ကံကို မလွဲမသွေ ပြုရလေ ကံပြုပြီးပါကလည်း ရရှိလာသောအကျိုးတို့ကို မလိုချင်၍ ငြင်းပယ်မ ကြောက်သဖြင့် ရှောင်ပုန်း၍မလွှတ်နိုင်ချေ။ အကျိုးကို မလိုချင်ပါက ကံကို ဉာဏ် ပယ်သတ်နိုင်ရပေမည်။ ကံလမ်းသည် သံခါရစက်ကွင်းအတွင်းမှ လူနတ်ဗြဟ

http://www.dhammadownload.com


ချမ်းသာအမျိုးမျိုး၊ ဆင်းရဲအဖုံဖုံဟူသော အကျိုးတရားလျှင် အဆုံးရှိ၏။ ဉာဏ်လမ်းမှာ မဂ်ဉာဏ်ကိစ္စတပ်နိုင်ပါက နိဗ္ဗာန်ဟူသော သန္တိသုခလျှင် အဆုံးရှိပေ၏။

## အကျိုးကောင်းလိုလျှင် အကြောင်းကောင်းကိုပြု

ဝိပါကသတ္တိ၌ အကျိုးတရားတို့ကို ခွဲခြားပါက ကုသိုလ်အကျိုး၊ အကုသိုလ် အကျိုးဟု(၂)မျိုးရှိ၏။ ကြိယာမှာကား အကျိုးမရှိ။ ကုသိုလ်ဟူသော ကံကောင်းကို ပြုပါက ကုသလဝိပါက်(၁၆)ဟူသော အကျိုးကောင်းများကို ရရှိပိုင်ဆိုင်နိုင်၏။ အကုသိုလ်ဟူသော ကံဆိုးကို ပြုပါက အကုသလဝိပါက်(၇)ဟူသော အကျိုးဆိုး များကို ရရှိခံစားရပေ၏။ အကြောင်းကို ပြုသူတိုင်း အကျိုးကိုရရှိ၏။ သို့သော် အကျိုးတိုင်းကားမကောင်း။ အကျိုးကောင်းကို လိုချင်သူကား ဆုတောင်းနေ၍ မရ။ အကြောင်းကောင်းကို ပြုလုပ်အားထုတ်မှသာ ရနိုင်၏။

## ရေးကကောင်း၍ ယခုကောင်းခြင်း

လူ့ဘဝနတ်ဘဝ၊ဗြဟ္မာဘဝနှင့် လူနတ်ဗြဟ္မာချမ်းသာတို့ကို ကုသိုလ်ကံက အကျိုးပေးခြင်း ဖြစ်၏။ အပါယ်ဘဝနှင့် လူမှုဒုက္ခဟူသမျှတို့ကို အကုသိုလ်ကံက အကျိုးပေးခြင်း ဖြစ်၏။ ယခုဘဝ လူအဖြစ်ရရှိ၍ ကောင်းကျိုးသုခခံစားရမှုတို့သည် အတိတ်က ကုသိုလ်ကံကောင်းများ ပြုနိုင်ခဲ့မှုကြောင့် ဖြစ်၏။

ယခုဘဝဆိုးကျိုးဒုက္ခများ ခံစားနေရမှုသည်လည်း အတိတ်က အကုသိုလ်ကံ ဆိုးများ ပွားများအားထုတ်ခဲ့မှုကြောင့် ဖြစ်၏။ နောင်ဘဝအဆက်ဆက် ကောင်းနေ လိုသူကား ယခုလက်ငင်း ကံကောင်းအကြောင်းတရားတို့ကို ရွေးချယ်ပြုအပ်၏။

**လင်္ကာ**။ ရေးကကောင်းလို့၊ ခုကောင်းပါတယ်၊

ယခုကောင်း၊နောင်ကောင်းပါလိမ့်မယ်။(မဟာဂန္ဓာရုံဆရာတော်)

## ကံ၏အကျိုး ဖွံ့ဖြိုးစေဖို့နည်း

ကုသိုလ်ကံတစ်ခုကို ပြုလုပ်လျှင် ကုသိုလ်အကျိုးတို့ကို ရရှိခံစားရ၏။ သို့သော် ထက်သန်ဖွံ့ဖြိုးမှုနှင့် အားနည်းပိန်လှီသော အကျိုးဟူ၍ကား ကွဲပြားလေ၏။ အကြောင်းမှာ ထိုကုသိုလ်ကံကို ပြုလုပ်စဉ်အခါက အသိဉာဏ်ယှဉ်နိုင်မှု၊ မယှဉ်နိုင်မှု တို့ကြောင့် ဖြစ်၏။

http://www.dhammadownload.com


ကုသိုလ်ကံ တစ်ခုတိုင်းတွင် အလောဘ၊အဒေါသ၊အမောဟဟူသော ဟိတ်သုံးပါးတို့ အကြောင်းရင်းခံလျက် ရှိ၏။ အလောဘ၊အဒေါသအကြောင်း (၂)ပါးသာ ယှဉ်၍ အမောဟဟူသော ဉာဏ်ပညာအကြောင်းမယှဉ်ဘဲ ပြုလုပ်မိပါက ထိုကုသိုလ်ကံမျိုးကို **'ဒွိဟိတ်ကံ'**ဟု ခေါ်၏။ အကြောင်းသုံးပါးလုံး ယှဉ်၍ ပြုလုပ်သော ကုသိုလ်ကံမျိုးကို **'တိဟိတ်ကံ'**ဟု ခေါ်၏။

လိုရင်းမှာ ဉာဏ်ယှဉ်ကုသိုလ်နှင့် ဉာဏ်မယှဉ်ကုသိုလ် ဖြစ်၏။ ထိုဉာဏ်သည်လည်း ကံကံ၏အကျိုးကို ယုံကြည်သိမြင်မှု **'ကမ္မဿကတာဉာဏ်'** နှင့်ရုပ်နာမ်သင်္ခါရတို့အပေါ် ဖြစ်ပျက်မြင်သိနိုင်မှု **'ဝိပဿနာဉာဏ်'**ဟု (၂)မျိုး ရှိလေ၏။

ထိုဉာဏ်နှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် ယှဉ်တွဲသိမြင်လျက် ပြုလုပ် အားထုတ်အပ်သော **'တိဟိတ်ကုသိုလ်ကံ'**မျိုးတို့သည် ဖြစ်လေရာ ဘဝသံသရာတွင် ထက်သန်ဖွံ့ဖြိုးသော အကျိုးကို ပေး၏။ ထိုဉာဏ်တို့မယှဉ်တွဲဘဲ ပြုလုပ်အပ်သော **'ဒွိဟိတ်ကုသိုလ်ကံ'**မျိုးတို့ကား ကိုယ်ပြုသလောက်မရ၊ ရသလောက်လည်း မပိုင်ဆိုင် မခံစားရနိုင်သော အကျိုးမျိုးကို ပေးတတ်လေ၏။

### ကံတစ်ခု၏ အကျိုးပေးခွင့်များ

ဘဝသံသရာတွင် လူနတ်ဗြဟ္မာသတ္တဝါတိုင်း၌ တစ်ခုမက များပြားလှစွာသော ကံအကြောင်းတို့ကို ပွားများအားထုတ်ခဲ့ဖူးကြပေ၏။ အာသေဝနသတ္တိ ဓာတ်ဖြင့် ကုသိုလ်ကံတို့လည်း ရှိနေကြ၏။ အကုသိုလ်ကံတို့လည်း ရှိကြ၏။

သို့သော် ထိုကံအားလုံးသည် တစ်ကြိမ်တစ်ခါတည်း တစ်ဘဝတည်း၌ စုပြုံ၍ အကျိုးပေးရိုးမရှိ။ အတိတ်ကံ အကြောင်းတို့မည်သည် အကျိုးပေးဖို့ရာ အခွင့်အခါ နေရာအလှည့်တို့ကို စောင့်မျှော်ရှာဖွေလျက်သာ အကျိုးပေးလာရမြဲ ဖြစ်၏။ မြောင်းမရှိသည့်နေရာသို့ ရေရောက်မလာနိုင်သကဲ့သို့တည်း။

**ကာလော,ပဓိ ပယောဂါနံ၊ ဂတိယာ စ ယထာရဟံ။**

**သမ္ပတ္တိဉ္စ ဝိပ္ပတ္တိဉ္စ၊ ကမ္မ မာဂမ္မ ပစ္စတိ။** (နာမရူပပရိစ္ဆေဒကျမ်း)

**ကာလ**-အတိတ်ကံတစ်ခုအကျိုးပေးဖို့ရာ အချိန်လိုအပ်၏။ အခါကောင်းတို့ ဆိုက်ကြုံနေချိန်ဟူသော ကာလသမ္ပတ္တိကုသိုလ်ကံတို့က ဝင်ရောက်အကျိုးပေးနိုင်၏။ အကုသိုလ်ကံတို့က အကျိုးမပေးနိုင်သေး။ ကာလဝိပ္ပတ္တိကို စောင့်မျှော်နေရ၏။

http://www.dhammadownload.com


ဥပဓိ- ရုပ်ရည်အဆင်း အင်္ဂါခြေလက်စသည်တို့ ပြည့်စုံနေပါက ဥပဓိသမ္ပတ္တိရှိသူ မည်၏။ ဥပဓိဝိပ္ပတ္တိဖြစ်နေသူအား အကုသိုလ်အကျိုးတို့သာ ဝင်ရောက်ပေးနိုင်၏။ ကုသိုလ်အကျိုးတို့ကား ဥပဓိသမ္ပတ္တိရှိချိန်အထိ စောင့်မျှော်၍သာ နေရ၏။

**ပယောဂ**-ဉာဏ်,ဝီရိယတို့ဖြင့် ထောက်ပံ့မ၍ ပြုလုပ်အားထုတ်မှုတို့သည် ပယောဂ မည်၏။ ဉာဏ်ဝီရိယမဲ့၍ ပယောဂဝိပ္ပတ္တိရှိနေသူအား အကုသိုလ်ကံအကျိုးတို့သာ ပေးနိုင်၏။ ပယောဂသမ္ပတ္တိရှိသူကိုသာ ကုသိုလ်ကံတို့က အပြည့်အဝ အကျိုးပေးနိုင်၏။

**ဂတိ**-'ဒေဝ,မနုဿ၊ နိရယ၊ ပေတ,တိရစ္ဆာန်'ဟူသော လားရောက်ရမည့် ဂတိငါးမျိုးတွင် နတ်ဘဝ၊လူ့ဘဝတို့သည် ဂတိသမ္ပတ္တိမည်၏။ အပါယ်လေးဘုံသားတို့သည် '**ဂတိဝိပ္ပတ္တိ**' မည်၏။

ဂတိသမ္ပတ္တိရှိသူအား အကုသိုလ်အကျိုးတို့ အပြည့်အဝမပေးနိုင်။ ဂတိဝိပ္ပတ္တိရောက်သည့်အခါ၌သာ အကုသိုလ်ကံတို့ အပြည့်အဝ အကျိုးပေးတော့၏။

**လင်္ကာ**။ကာလဒေသ၊ ပယောဂကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းအပ်စွာ။
ကံဟုမူလ၊ သမ္ဘဝတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။ (မဃဒေဝ)

## ကံကို ဉာဏ်ဝီရိယဖြင့် ပြုပြင်စောင့်ရှောက်ခြင်း

သတ္တဝါတိုင်း၌ ကံသတ္တိတို့သည် ရှိပြီးရှိဆဲရှိလတ္တံ့ ဖြစ်၏။ ဝိပါက်ဟူသော အကျိုးပေးအဖြစ်သို့လည်း ရောက်ပြီး၊ရောက်ဆဲ၊ရောက်လတ္တံ့သာ ဖြစ်၏။ အတိတ်ကံသည် လွန်ခဲ့ပြီဖြစ်သဖြင့် မမြင်ရ။ ပြုပြင်၍လည်း မမီတော့။ ဆုပ်ကိုင်ထား၍လည်း မဖြစ်နိုင်။ ငြင်းဆန်လွှတ်၍လည်း နောက်ပြန်ဆုတ်လိမ့်မည်မဟုတ်။ မိမိနှင့် ဆိုင်သာဆိုင်၍ မပိုင်နိုင်သောကံမျိုး ဖြစ်၏။

ပစ္စုပ္ပန်ကံသည်ကား ရှိဆဲရှိလတ္တံ့သာ ဖြစ်၏။ အကျိုးပေးတို့ သည်လည်း ရောက်ဆဲ၊ရောက်လတ္တံ့သာ ဖြစ်ပေ၏။ ကိုယ်နှင့်လည်းဆိုင်၍ ကိုယ်တိုင် ပြုပြင်စီရင်မှုလည်းရှိသဖြင့် ကိုယ်ပိုင်ကံဟု ပြော၍ ရပေသည်။

ထို့ကြောင့် မတိကျမသေချာ မရေရာသော အတိတ်ကံကို မျှော်လင့်အားကိုးနေခြင်းထက် လက်တွေ့ကျသော ပစ္စုပ္ပန်ကံကိုသာ အားကိုးအပ်၏။ လေပြေသည် ဘဝစဉ် တိုက်မနေနိုင်သကဲ့သို့၊ မိုးသည်းသည်လည်း နေ့ရက်ရှည်ကြာစွာ ရွာမနေနိုင်သကဲ့သို့၊ အတိတ်ကံ ကောင်းနေမှု၌လည်း နစ်မျော မနေအပ်။

http://www.dhammadownload.com


အတိတ်ကံဆိုးနေမှု၌လည်း စိတ်ဓာတ်ကျ၊ ဘဝပျက်မနေအပ်။

ပစ္စုပ္ပန်ကံဟူသော ဉာဏ်နှင့်ဝီရိယကို မိမိရရ ယှဉ်တွဲအသုံးချလျက် မိမိ၏ ကံနှင့် ဘဝအကျိုးပေးတို့ကို နိဗ္ဗာန်အထိ တန်ဖိုးပြည့်ဝလာနိုင်အောင် ပြုပြင် ကြိုးစားလျက် အားထုတ်အပ်ကြပေ၏။

**လင်္ကာ**။ လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊
မကောင်းလည်း ကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။
ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အပြုလုံ့လ၊ ရှိအပ်စွ။
ကံမွဲ,ဉာဏ်မွဲ၊ မလုံ့မလ၊ နတ်မ မဘူး၊ အလသမျိုး၊ အကျိုးယွင်းယို၊ အလိုလျော့ ရည်း၊ မကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံ့လ၊ နတ်လည်းမလိမ့်၊ တောင့်တကြံရာ မြန်မကြာလျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏။ (မဃဒေဝ)

## ကံနှင့်အကျိုးကိုမြင် မိစ္ဆာဒိဋ္ဌိစင်

ကမ္မသတ္တိနှင့် ဝိပါကသတ္တိတို့ကို အကြောင်းအကျိုးချိန်ထိုး၍ သိမြင်နို သူသည် '**ကမ္မဿကတာသမ္မာဒိဋ္ဌိ**' အမြင်မှန်ကို ရရှိ၏။ အကြောင်းကိုပယ်သော အဟေတုကဒိဋ္ဌိ၊ အကျိုးကိုပယ်သော နတ္ထိကဒိဋ္ဌိ၊ အကြောင်းအကျိုးကိုပယ်သော အကြိယဒိဋ္ဌိဘေးတို့မှလည်း လွတ်ကင်း၏။ ဝိပဿနာသမ္မာဒိဋ္ဌိ၊ စတုသစ္စ သမ္မာဒိဋ္ဌိတို့၏ အခြေခံပဓာနအသိဉာဏ်လည်း ဖြစ်၏။ ကံအကျိုးကို မြင်မှ '**ကမ္မဿကတာ**' အသိဉာဏ်ဖြင့် ကံကို ပြင်နိုင်က အပါယ်လမ်းမှလွတ်၍ သုဂ လမ်းသို့ တက်လှမ်းရ၏။ ကံအကျိုးကိုမြင်၍ '**ဝိပဿနာ**' အသိဉာဏ် ဖြ သင်္ခါရတို့ကို ဖြတ်နိုင်ပါက သံသရာလမ်းမှလွတ်၍ နိဗ္ဗာန်နန်းသို့ တက်လှမ်းရ၏

## ဝိပါကပစ္စည်း၏အကျိုး

အကုသိုလ်၏အကျိုးကို ခံစားရခြင်းသည် ဆားကန်အတွင်းသို့ နစ်သေ သူနှင့် တူပါသည်။ ကာမကုသိုလ်၏အကျိုးကို ခံစားရခြင်းသည် ချမ်းအေးလှသေ ရေဝတီမြစ်၌ နစ်မြုပ်သေရသူနှင့် တူ၏။ ရူပ,အရူပကုသိုလ်အကျိုး ခံစားရခြင်းသည် စတုမဂ္ဂူခွက်၌ နစ်မြုပ်သေရသူနှင့် တူ၏။ လောကုတ္တရာဝိပါ ကုသိုလ်အကျိုးကို ခံစားရခြင်းသည် စတုမဂ္ဂူကို သောက်၍ ကမ်းတစ်ဖ ရောက်ရသည်နှင့် တူလေ၏။ ထို့ကြောင့် လောကီဝိပါက် အကျိုးတရားတို

http://www.dhammadownload.com


တွယ်တာနှစ်သက် မက်မောမှုကို ပယ်ခွာ၍ လောကုတ္တရာဝိပါက် ဖိုလ်အကျိုး ကို မြတ်နိုးခံစားကာ နိဗ္ဗာန်သို့ သွားရောက်ကြရာ၏။

## ဝိပါကပစ္စယော-ဘုရားရှိခိုး

ချမ်းရိပ်နားနေ၊ ညင်းပြေလေသို့၊ တစ်သွေဖြစ်ဟန်၊ နာမ်ခန္ဓာကို၊ ပူပန်ဝေးလျက်၊ ငြိမ်သက်စေနိုင်သော၊ ဝိပါကပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ ထင်ရှားရှိပါပေသည်တကား။

ဝိပါကပစ္စယောပြီး၏။

http://www.dhammadownload.com



## ၁၅။ အာဟာရပစ္စယော။
(ထောက်ပံ့နိုင်စေမှုသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)ကဗဠီကာရော အာဟာရော၊ (ခ)ဣမဿ ကာယဿ၊

၂။ (u )t ½y̌Bem t m[ m&m?(ခ)သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ (ဂ)အာဟာရပစ္စယေန ပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။(က)ကဗဠီကာရော၊အလုတ်အလွေးကို မပြုတတ်သော်လည်း ပြုတတ်သကဲ့သို့သော။ အာဟာရော၊အာဟာရ(ဩဇာရုပ်)ပစ္စည်းတရားသည်။ (ခ)ဣမဿ၊ ဤသို့သဘောရှိသော။ ကာယဿ၊ စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားအား။ (ဂ)အာဟာရပစ္စယေန ပစ္စယော၊ ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြု၏။

၂။(က)အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရော၊ ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရဟူသော နာမ်အာဟာရတရား (၃)ပါးပစ္စည်းတရားတို့သည်။ (ခ) သမ္ပယုတ္တကာနံ၊ ယှဉ်ဘက်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်၊ စေတသိက်တို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအာဟာရနှင့် ယှဉ်သောစိတ်၊ စေတသိက်ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း။ (ဂ)အာဟာရပစ္စယေန ပစ္စယော၊ နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြု၏။

---

## အာဟာရသတ္တိသရုပ်အဓိပ္ပါယ်များ

### အာဟာရနှင့်ပစ္စယ

မိမိဆိုင်ရာ အကျိုးပစ္စယုပ္ပန်တရားတို့ကို ရှင်သန်တည်တံ့နိုင်မြဲအောင် တိုးတက် စည်ပင်အောင် ထောက်ပံ့တတ်၊ ဆောင်တတ်သော သဘောသည် 'အာဟာရ'မည်၏။

ကဗဠီကာရအာဟာရဟူသော ဩဇာရုပ်အကြောင်းပစ္စည်းတရားက အကြောင်းလေးပါးကြောင့်ဖြစ်သောရုပ်ခန္ဓာအကျိုး ပစ္စယုပ္ပန်တရားအားလည်းကောင်း၊

http://www.dhammadownload.com



ဖဿ,စေတနာ,ဝိညာဏ်ဟူသော နာမ်အာဟာရ(၃)ပါး အကြောင်းပစ္စည်းတရားတို့က စိတ်,စေတသိက်,စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ် အကျိုးပစ္စယုပ္ပန်ကရားတို့အားလည်းကောင်း ထောက်ပံ့နိုင်စေမှု အာဟာရသတ္တိဖြင့် ကျေးဇူးပြုမှုသဘောကို 'အာဟာရပစ္စယော'ဟု ဆိုသည်။

## အာဟာရ၏ဥပမာ

အိမ်တစ်လုံး၌ မယိမ်းယိုင်,မပြိုကျအောင် ထောက်ကန်ထားသည့် တိုင်များကဲ့သို့ ရုပ်နာမ်တရားတို့အား အာဟာရလေးပါးတို့က ထောက်ကန်ထားခြင်းဖြစ်၏။

**လင်္ကာ**။ ထောက်ပံ့နိုင်ဖွယ်၊ ကျေးဇူးကြွယ်၊ လေးသွယ်အာဟာရ။

## အာဟာရ(၂)မျိုး

၁။ အစာအာဟာရ၌ပါသော ဩဇာဓာတ်ဟူသော ရုပ်အာဟာရ (၁)ပါး။

၂။ ဖဿ,စေတနာ,ဝိညာဏ်ဟူသော နာမ်အာဟာရတရား (၃)ပါး။

ထိုအာဟာရတရား (၄)ပါးသည် သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာအစဉ်အား ရှင်သန်တည်တံ့နိုင်မြဲအောင်၊ စည်ပင်တိုးတက်အောင် ဇနကသတ္တိ, ဥပတ္ထမ္ဘကသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

**လင်္ကာ**။ ကဗဠီ,ဖဿော၊ မနောသဉ္စေ၊ ဝိညာဏော၊ လေးထွေအာဟာရ။

## ရုပ်အာဟာရကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| **အဇ္ဈတ္တကတောဇမ္ဘော** ကဗဠီကာရာဟာရဟူသော စတုသမုဋ္ဌာနိက ဩဇာရုပ် | **အဇ္ဈတ္တကတသဿမ္ဘဝသ** (ဩဇာကြဉ်သော) စတုဇကာယရုပ် |

http://www.dhammadownload.com



### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

ကဗဠီကာရအာဟာရဟုဆိုအပ်သော စားဖွယ်သောက်ဖွယ်တို့၌တည်ရှိသော ဗဟိဒ္ဓဩဇာရုပ် အကြောင်းပစ္စည်းတရားသည် ယင်းဩဇာရုပ်ကြဉ်သော စတုဇကာယရုပ် အကျိုးပစ္စယုပ္ပန်တရားတို့အား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်။

### ရုပ်ခန္ဓာအား ရုပ်အာဟာရကထောက်ပံ့မှု

နေ့စဉ်စားသုံးကြသော အစာများ၌ပါဝင်သည့် ဩဇာဓာတ်သည် သတ္တဝါတို့၏ ရုပ်ခန္ဓာကျန်းမာသန်စွမ်း၍ အသက်ရှည်ရန်အတွက် အဓိက ထောက်ပံ့သော အကြောင်းတစ်ပါး ဖြစ်၏။ အမိဝမ်း၌ ကိန်းအောင်းနေစဉ်မှ စ၍ မိခင်စားသုံးအပ်သော ဩဇာဓာတ် အာဟာရတို့သည် သူငယ်၏ ရုပ်ကိုယ်ခန္ဓာသို့ စိမ့်ဝင်ပျံ့နှံ့လျက် ဖြစ်ကြ၏။ ထိုအချိန်မှစ၍ အသက်မသေခင် ရှင်သန်နေသမျှ ကာလပတ်လုံး ရုပ်အာဟာရပစ္စည်းတရားက စတုသမုဋ္ဌာနိက ရုပ်ခန္ဓာကိုယ်အား အာဟာရသတ္တိဖြင့် ထောက်ပံ့လျက် ကျေးဇူးပြု၏။

### နာမ်အာဟာရကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | (သချာ-၇) | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ဖဿ,စေတနာ,ဝိညာဏ် | ကု | ကု | ကု ၂၁၊ စေ ၃၈ |
| | ကု | ဗျာ | ကုသိုလ်ပြု စိတ္တဇရုပ် |
| ဖဿ,စေတနာ,ဝိညာဏ် | အကု | အကု | အကု ၁၂၊ စေ ၂၇ |
| | အကု | ဗျာ | အကုသိုလ်ပြု စိတ္တဇရုပ် |
| ဖဿ,စေတနာ,ဝိညာဏ် | ဗျာ | ဗျာ | ဝိ ၃၆၊ကြိ ၂၀၊စေ ၃၈ စိတ္တဇရုပ်၊ပဋိ-ကမ္မဇရုပ် |

### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

ဖဿ,စေတနာ,ဝိညာဏ်ဟူသော နာမ်အာဟာရတရားသုံးပါး အကြော ပစ္စည်းတရားတို့သည် စိတ်(၈၉)၊ စေတသိက်(၅၂)၊ စိတ္တဇရုပ်၊ ပဋိသ ကမ္မဇရုပ်တို့အား နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

http://www.dhammadownload.com


## နာမ်ခန္ဓာအား နာမ်အာဟာရကထောက်ပံ့မှု

ဖဿသည် အာရုံ၏အရသာ တွေ့ထိမှုသဘောဖြစ်၏။ ထိုဖဿက အာရုံ၏အရသာ အကောင်းအဆိုးကို ထုတ်ယူလျက် ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို ထိုအာရုံသို့ ပို့ဆောင် ပေး၏။ '**ဖဿပစ္စယာ ဝေဒနာ**' အရ ထိုဖဿကြောင့်သာ အာရုံအရသာကို ခံစားမှုဝေဒနာ ဖြစ်၏။ ဖဿမရှိသော် ဝေဒနာသည်လည်း ဖြစ်ပေါ်လာစရာအကြောင်းမဲ့တော့၏။ ဝေဒနာ မဖြစ်ပေါ်သော် '**ဝေဒနာပစ္စယာ တဏှာ**' အရ တဏှာ,ဉပါဒါန်စသော အကုသိုလ်တရားများလည်း ဖြစ်ပွားနိုင်ခွင့်မရှိ။ သဒ္ဓါ,သတိစသော ကုသိုလ်တရားများလည်း ပွားများနိုင်ခွင့်မရှိ။

ထို့ကြောင့် ဖဿအာဟာရသည် အစာကို ယူပေးသော ငှက်နှုတ်သီးနှင့် တူ၏။

**စေတနာ**- စိတ်,စေတသိက် သမ္ပယုတ်တရားတို့ကို လုပ်ဆောင်ချက် အမျိုးမျိုးတို့ ဖြစ်ပေါ်အောင် စေ့ဆော်ပေးမှုသဘောသည် စေတနာမည်၏။ ထိုစေတနာသည် ကောင်းဆိုး နှစ်တန် ကံအမှုလုပ်ငန်းတို့ကို ပြုလုပ်အားထုတ်နိုင်ရန် အစဉ်မပြတ် နှိုးဆော်တိုက်တွန်း၏။ စေတနာမရှိခဲ့သော် စိတ်စေတသိက်ဟူသော သမ္ပယုတ်တရားတို့သည် ကံအမှုတို့ကို မပြုလုပ်နိုင်။ ထို့ကြောင့် စေတနာအာဟာရသည် ပျံသန်းနေသော ငှက်တို့၏ အတောင်ပံနှင့် တူ၏။

**ဝိညာဏ်**-အာရုံတစ်ခုခု ရအောင်ယူလျက် အာရုံကို သိမှုသဘောသည် ဝိညာဏ် မည်၏။ ဝိညာဏ်သည် နာမ်တရားအားလုံးကို ဦးဆောင်ပြုလျက် အာရုံသို့ ပို့ဆောင်၏။ ထိုဝိညာဏ်က အာရုံသို့ ပို့ဆောင်ပေးသည့် အတွက်ကြောင့်သာ ဖဿက တွေ့ထိနိုင်ခြင်း၊ ဝေဒနာက ခံစားနိုင်ခြင်းတို့ ဖြစ်၏။

အကယ်၍ အာရုံကို ယူမှု၊သိမှုပြုသော ဝိညာဏ်သည် မရှိခဲ့သော် ဖဿစသောနာမ်တရားများလည်း ဖြစ်လာနိုင်ခွင့်မရှိ။ '**ဝိညာဏပစ္စယာ နာမရူပံ**' အရ ဝိညာဏ်ဟူသော မျိုးစေ့မရှိခဲ့သော် ရုပ်နာမ်ဟူသော ခန္ဓာအပင် များလည်း ပေါက်မလာနိုင်။ ဝိညာဏာဟာရသည် ပျံသန်းရာအရပ်ကို ညွှန်ပြ ပေးသော ငှက်မျက်စိနှင့် တူ၏။

ဤကဲ့သို့ ဖဿ,စေတနာ,ဝိညာဏ်တရားသုံးပါးတို့သည် မိမိတို့နှင့်

http://www.dhammadownload.com



ယှဉ်ဖက် စိတ် စေတသိက်သမ္ပယုတ်တရားနှင့် ရုပ်တရားတို့အား နာမ်အာဟာရ သတ္တိဖြင့် ထောက်ပံ့လျက် ကျေးဇူးပြုကြသည်။

### အချိန်နေရာပုဂ္ဂိုလ်နှင့်အာဟာရသတ္တိ

အာဟာရသတ္တိတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်အဖြစ်၌ ကျေးဇူးပြု၏။ နာမ်အာဟာရသည် အသညသတ်ဘုံမှတစ်ပါး ဘုံ(၃၀)တို့၌ ကျေးဇူးပြု၏။ ရုပ်အာဟာရကိုကား ကာမ(၁၁)ဘုံ၌သာ ရနိုင်၏။ ရူပဗြဟ္မာတို့သည် ဇဟိဒ္ဓအာဟာရကို စားသုံးမှု မရှိ။ ပုဂ္ဂိုလ် (၁၂)ယောက်လုံးတို့၌ ကျေးဇူးပြုနိုင်သည်။

## အာဟာရစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

### ရုပ်အစာနှင့် နာမ်အစာ

ရုပ်နာမ်ခန္ဓာငါးပါးတို့၏ အသက်မသေ ရှင်သန်၍ နေနိုင်ကြခြင်းမှာ အာဟာရတရား လေးပါးတို့ကြောင့် ဖြစ်၏။ ကံစိတ်ဥတုအာဟာရဟူသော အကြောင်းလေးပါးကြောင့် ဖြစ်သည့် ရုပ်ခန္ဓာကိုယ်အား အရှည်ခိုင်ခံ့ တည်တံ့ နေနိုင်အောင် ရုပ်အာဟာရတရားက ထောက်ပံပေး၏။ စိတ်စေတသိက်ဟူသော နာမ်ခန္ဓာတို့အား နာမ်အာဟာရတို့က ထောက်ပံ့မှုပြုလျက် အသက်ဆက်ပေး နေကြခြင်း ဖြစ်၏။ ထို့ကြောင့် ခန္ဓာငါးပါးရှိသူ လူတစ်ယောက်သန္တာန်၌ ရုပ်နာမ် တရားတို့ အားအင်ဖွံ့ဖြိုး၍ အာဟာရတိုးဖို့အလို့ငှါ ရုပ်အစာကိုလည်း ကျွေးကြရ၍ နာမ်အစာကိုလည်း ကျွေးကြရလေ၏။

### ရုပ်အာဟာရ၏စွမ်းရည်သတ္တိ

ရုပ်အာဟာရသည် အကြောင်းလေးပါးတို့ကြောင့်ဖြစ်ပေါ်လာသော ခန္ဓာကိုယ်အား မပျက်စီးအောင် ဆောင်ရွက်ပေးနိုင်စွမ်း ရှိ၏။ ရုပ်အာဟာရ၏ ထောက်ပံ့ဆောင်ရွက်မှု မရရှိလျှင် ရုပ်ခန္ဓာသည် ဖောက်ပြန် ပျက်စီးရတော့၏။ ထို့ကြောင့် 'သဗ္ဗေ သတ္တာ အာဟာရ ဋ္ဌိတိကာ-သတ္တဝါအားလုံးတို့သည် အာဟာရ ကြောင့်သာ တည်နေနိုင်ကြ၏'ဟု ဟောတော်မူ၏။

မိမိစားမျိုအပ်သော ဇဟိဒ္ဓဩဇာ အစာအာဟာရမှန်သမျှသည် ရုပ်ခန္ဓာ

http://www.dhammadownload.com


ကိုယ်အား ထောက်ပံ့ဆောင်ရွက်လျက် ကျေးဇူးပြုနိုင်မှုမျိုးကား မရှိ။ မိမိစားမျို အပ်သော အစာအာဟာရကို (၅)ပုံလျှင် (၁)ပုံသည် ခန္ဓာကိုယ်အတွင်းမှ ပိုးမျိုးရှစ်ဆယ်တို့က စားသောက်ကြ၏။ နောက်(၁)ပုံသည် ပါစကတေဇောခေါ်သော ဝမ်းမီးချက်မှုကြောင့် ကုန်ရ၏။ နောက်(၁)ပုံသည် မစင်ကျင်ကြီး အဖြစ်ရောက်၍ (၁)ပုံသည်ကား ကျင်ငယ်အဖြစ်သို့ ရောက်ရ၏။ နောက်ဆုံး (၅)ပုံမြောက် ဝေစုသည်သာ ခန္ဓာကိုယ်၌ အသွေးအသားအဖြစ်သို့ ရောက်နိုင်၍ စတုဇကာယရုပ်အား ကျေးဇူးပြုနိုင်ပေသည်။

**လင်္ကာ**။ ပိုးစား, လောင်မီး၊ ကျင်ကြီး, ကျင်ငယ်၊ တစ်သွယ်သွေးသား၊ ဖြစ်လေပြား၊ မျိုစားအာဟာရ။

စားသမျှ မစင်၊ ထားသမျှ မသေခင်၊ ပြုသမျှ ကုသိုလ်အပင်။ ယခုကာလ၊ ဘဝကောင်းတွင်၊ စားလည်းစား၊ ထားလည်းထား၊ ပြုလည်းပြုမှ တော်မည်ထင်။

## နာမ်အာဟာရ၏စွမ်းရည်သတ္တိ

လူတစ်ယောက်၌ ရုပ်ခန္ဓာကိုယ် အားအင်ဖွံ့ဖြိုးဖို့အတွက် ရုပ်အာဟာရလိုအပ်သကဲ့သို့ နာမ်ခန္ဓာများ လန်းဆန်းရှင်သန်နေဖို့ရာ နာမ်အာဟာရသည်လည်း လိုအပ်ပေ၏။ ရုပ်အာဟာရ၏အသက်နှင့် စပ်လျဉ်း၍ 'ထမင်းအသက်ခုနစ်ရက်၊ ရေ၏အသက် တစ်မနက်' ဟု ဆိုကြ၏။

နာမ်အာဟာရတရားတို့၏အသက်သည်ကား အာရုံ(၆)ပါးတို့ကို သုံးဆောင်ရသည်ရှိသော် တစ်သက်လုံး၊ ကပ်ကမ္ဘာတစ်ခုလုံးတို့၌သော်လည်း အသက်ရှင်နိုင်စွမ်း ရှိကြလေသည်။

အဆင်း, အသံ, အနံ့စသော အာရုံတို့၌ တွေ့ထိအပ်သော ဖဿအာဟာရ၊ စေ့ဆော်တိုက်တွန်းမှုဟူသော စေတနာအာဟာရ၊ အာရုံတစ်ခုကို ရအောင်ယူ၍ သုံးဆောင်ခံစားအပ်သော ဝိညာဏအာဟာရတို့သည် အာရုံတစ်ခုတို့ ထပ်မကြုံမချင်း သမ္ပယုတ်နာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သောရုပ်၊ ကံကြောင့်ဖြစ်သော ရုပ်တို့အားလည်းကောင်း ထောက်ပံ့ဆောင်ရွက်လျက် အသက်ရှင်စေနိုင်စွမ်း ရှိ၏။

ဗြဟ္မာပြည်၌ ဗြဟ္မာကြီးများသည် ရုပ်အာဟာရမရှိသော်လည်း ကပ်ကမ္ဘာ

http://www.dhammadownload.com



ပေါင်းများစွာ ရှည်ကြာအောင် နာမ်အာဟာရတရားတို့၏ စောင့်ရှောက်ထောက်ပံ့မှုဖြင့် အသက်ရှင်တည်နေနိုင်ကြပေသည်။

## အသက်ကို ဉာဏ်စောင့်နိုင်ပုံ

'အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်' ဟူသောစကား၌ မိမိခန္ဓာကိုယ်အတွင်း၌ ရုပ်ဇီဝိတခေါ် 'ရုပ်သက်' နှင့် နာမ်ဇီဝိတခေါ် 'နာမ်သက်' တို့ကို ရှည်ကြာစွာ ရှင်သန်နေနိုင်အောင် သတိ,ဉာဏ်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်မှု ပြုရခြင်းပင် ဖြစ်သည်။

ရုပ်တရားတို့သည် ကံ၊စိတ်၊ဥတု၊အာဟာရ အကြောင်းလေးပါးတို့ကြောင့် ရှင်သန်ရသဖြင့် ကံကို ပြုပြင်ပေးမှု၊ စိတ်ချမ်းသာအောင် နေထိုင်မှု၊ ဥတုရာသီနှင့် မျှတအောင် ကျန်းမာရေး ဂရုစိုက်မှု၊ မိမိနှင့်သင့်လျော်သည့် အစာအာဟာရတို့ကို မှီဝဲစားသုံးမှုတို့ဖြင့် အာဟာရဟူသော ရုပ်ဓာတ်စာ, နာမ်ဓာတ်စာတို့ကိုလည်း အခါအားလျော်စွာသုံးဆောင် မှီဝဲမှုတို့သည် ရုပ်ခန္ဓာကိုယ်ကို စောင့်ရှောက်ပေးခြင်းသဘောပင် ဖြစ်၏။

နာမ်တရားတို့သည် နာမ်အာဟာရတရားသုံးပါး၌ တည်မှီရှင်သန်ရသဖြင့် သမ္ပယုတ်ဖြစ်သော နာမ်ခန္ဓာကိုယ်အား ပူလောင်ကျွမ်းမြိုက်စေသော ကာမဂုဏ်အာရုံတို့ကို ရှောင်ကြဉ်၍ စိတ်ငြိမ်းအေးချမ်းသာမှုရရှိနိုင်သော ဓမ္မအာရုံတို့ကို သုံးဆောင်မှီဝဲမှုသည် နာမ်ခန္ဓာကိုယ်ကို ပြုပြင်စောင့်ရှောက်ပေးခြင်း မည်၏။

## ရုပ်အစာ၊နာမ်အစာ မျှစွာကျွေးဖို့လို

အကြောင်းလေးပါးကြောင့်ဖြစ်သောရုပ်ခန္ဓာအား ရုပ်ဓာတ်စာကျွေးသဖြင့် အသွေးအသားတို့ တိုးပွားခြင်းအကျိုးသာ ရှိနိုင်၏။ ခန္ဓာကိုယ်၌ အသွေးအသား တိုးပွား၍ အရေ အဆင်း လှပတင့်တယ်ခြင်း၊ ပြေပြစ်ချောမောခြင်းတို့ ရှိပါသော်လည်း အသိဉာဏ်မရှိ ပါက 'အသားသာတိုး၊ ဉာဏ်မတိုး၊ ဝက်သိုးပမာတူ' ဟု တန်းဖိုးနည်းပါးရလေ၏။

လူတော်၊လူကောင်းတစ်ယောက်ဖြစ်၍ အသိဉာဏ်ဖွံ့ဖြိုးကာ ကောင်းကျိုးသုခတိုးပွားပြည့်စုံလာနိုင်ဖို့မှာ နာမ်ဓာတ်စာကို ရွေးချယ်ကျွေးမွေးရ၏။ နာမ်ဓာတ်စာတို့တွင် စိတ်ပြေရုံ,လန်းဆန်းရုံ, ပျော်ရွှင်ရုံ, နေရထိုင်ရ ပေါ့ပါးရုံဖြ

http://www.dhammadownload.com



သော ကာမဂုဏ်အာရုံ အဖို့ာတို့သည် ခဏောတာ၊ တဒင်္ဂသာ အာဟာရဖြစ်နိုင်၍ ရုပ်နာမ်ခန္ဓာအစဉ်ကို လောင်ကျွမ်းစေနိုင်၍ အဆိပ်နှင့်တူသောဓာတ်စာ ဖြစ်၏။

မိမိ၏ စိတ်နှလုံးသားကို ငြိမ်းအေးချမ်းမြေ့စေသော အသိဉာဏ်တံခါးပွင့်၍ မောဟတံခါးကို ပိတ်ပေးနိုင်သော ဓမ္မအာရုံအစာတို့သည်ကား ကာလရှည်စွာ အာဟာရ ဖြစ်နိုင်လေ၏။ သုဂတိဘဝခန္ဓာတို့၌ ရုပ်သက်နာမ်သက်တို့ကို ရှင်သန်စေနိုင်၍ နိဗ္ဗာန်သို့ရောက်အောင် ထောက်ပံ့ဆောင်ရွက်လျက် ကျေးဇူးပြုနိုင်၏။

ရုပ်ခန္ဓာအသက်ရှင်နိုင်ရန်အတွက် ရုပ်အာဟာရရုပ်ဓာတ်စာကို စားသုံးရသကဲ့သို့ နာမ်ခန္ဓာအသက်ရှင်၍ နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်သော နာမ်အာဟာရ ဓမ္မဓာတ်စာတို့ကိုလည်း သတိ၊ဉာဏ်ယှဉ်၍ စားသုံးသင့်ကြပေသည်။

## အာဟာရအတွက် ရည်ရွယ်ချက်များ

ရုပ်အာဟာရနှင့် နာမ်အာဟာရတို့ကို သုံးဆောင်မှီဝဲသူတို့သည် မိမိ၏ အသိဉာဏ် ဆင်ခြင်တုံအားလျော်စွာ ရည်ရွယ်ချက်အမျိုးမျိုး ရှိကြ၏။ ကလေးသူငယ်တို့သည် ပျော်ဖို့ပါးဖို့၊ ကစားဖို့ဟူသော ရည်ရွယ်ချက်ဖြင့် သုံးဆောင်မှီဝဲကြ၏။

ထို့အတူ ပြည့်တန်ဆာမတို့သည် မိမိ၏ကိုယ်ခန္ဓာ ပြည့်ဖြိုး၍ အလှတိုးဖို့၊ ပျော်ပါးဖို့အတွက် သုံးဆောင်ကြ၏။ အလှကေရီ မင်းသား၊မင်းသမီးတို့သည် အလှမာန်ယစ်မူး ပျော်ရွှင်မြူးကြဖို့အတွက် သုံးဆောင်ကြ၏။ လက်ဝှေ့သမားများ၊ ကာယအလုပ်သမားများ၊ အားကစားသမားတို့သည်ကား ခွန်အားဗလတိုးဖို့၊ ကျန်းမာသန်စွမ်းဖို့အတွက် ဖြစ်၏။

သူတော်ကောင်းတို့မှာမူကား ဆာလောင်မှုကို ပယ်ဖျောက်၍ ရုပ်နာမ်ခန္ဓာတို့ ရှင်သန်တည်နေနိုင်လျက် 'ဗြဟ္မစရိယ'ခေါ်အပ် အကျင့်မြတ်ကို ကျင့်ကြံအားထုတ်ဖို့ အတွက်သာ မှီဝဲသုံးဆောင်တော်မူကြလေသည်။

အစာဟူသော အာဟာရအတွက် အသက်ရှင်နေသူတို့အား ထိုအာဟာရ တရားတို့က လောဘ၊ဒေါသ၊မောဟကိလေသာများ တိုးပွားမှုအကျိုးကို ထောက်ပံ့ရွက်ဆောင် ပေး၏။ အသက်ရှင်သန်တည်နေနိုင်ရန်အတွက်သာ ထိုအစာအာဟာရကို မှီဝဲသူတို့အား လောဘ၊ ဒေါသ၊မောဟတရားတို့ ခေါင်းပါးလျက် အကျင့်မြတ်ကို ပွားများအားထုတ်နိုင်အောင် အာဟာရတို့က ထောက်ပံ့ ရွက်ဆောင်ပေးကြလေ၏။

http://www.dhammadownload.com



## အာဟာရပစ္စည်း၏ အကျိုး

အရေထူ,အရေပါးကို လှစ်ခွာထားသော နွားဩ ယင်ယယ်တစ်ကောင်မျှ အနားမခံနိုင်အောင် နာကျင်မှုဖြစ်သကဲ့သို့ ကာမဂုဏ်အာရုံခြောက်ပါးနှင့် တွေ့ကြုံခံစားခြင်းသဘော ဖဿအာဟာရစသည်တို့သည် ရာဂ,ဒေါသ, မောဟစသော ကိလေသာ,ခန္ဓာငါးပါး တိုးပွား၍ မဆုံးနိုင်ချေ။

အကယ်စင်စစ် သံသရာဝဋ်မှ လွတ်မြောက်လိုသော သူတော်ကောင်း သည် ကာမဂုဏ်အာရုံဟူသမျှ၌ သုံးဆောင်ခံစားခြင်းကို ငြီးငွေ့စက်ဆုပ်အပ်၏။

ဓမ္မအာရုံ၌သာ ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့တိုင်အောင် သုံးဆောင် ကျင့်သုံး၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပေတော့သည်။

## အာဟာရပစ္စယော-ဘုရားရှိခိုး

မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့၊ နှစ်ပါးရုပ်နာမ်၊ သဟာဇံနှင့်၊ လေးတန်ကြောင်းအင်၊ ရုပ်အစဉ်ကို၊ မပြိုမကျ၊ မလဲရအောင်၊ ထောက်ပံ့သောအား၊ ကျေးဇူးများသော၊ နာမ်အာဟာရတရားသုံးပါး၊ ဩဇာဟူသော ရုပ်အာဟာရပစ္စည်းတရား သည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရား သဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

အာဟာရပစ္စယောပြီး၏။

http://www.dhammadownload.com



# ၁၆။ ဣန္ဒြိယပစ္စယော။
(အစိုးတရသတ္တိဖြင့် ကျေးဇူးပြု၏။)

## ပစ္စယနိဒ္ဒေသပါဠိ

၁။(က)စက္ခုန္ဒြိယံ(ခ)စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ (ဂ)။
(သောတိန္ဒြိယံ၊ ဃာနိန္ဒြိယံ၊ ဇိဝှိန္ဒြိယံ၊ ကာယိန္ဒြိယံ-တို့၏)

၂။(က)ရူပဇီဝိတိန္ဒြိယံ၊ (ခ)ကဋတ္တာရူပါနံ၊ (ဂ)။

၃။(က)အရူပိနော ဣန္ဒြိယာ၊ (ခ)သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊
(ဂ) ဣန္ဒြိယပစ္စယေန ပစ္စယော။

## ပစ္စယနိဒ္ဒေသအနက်

၁။(က)စက္ခုန္ဒြိယံ၊ စက္ခုပသာဒ(ဝတ္ထု)ရုပ် စက္ခုန္ဒြေပစ္စည်းတရားသည်။ (ခ)စက္ခုဝိညာဏဓာတုယာ၊ မြင်သိစိတ် စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်သော ဖဿစသော စေတသိက်(၇)ပါး ပစ္စယုပ္ပန်တရားတို့ အားလည်းကောင်း။ (ဂ)။

၂။ (က)ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားသည်။ (ခ)ကဋတ္တာရူပါနံ၊ ကမ္မဇရုပ်(၉)ပါး ပစ္စယုပ္ပန်တရားတို့အား။ (ဂ)။

၃။အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာ၊ နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ ဝီရိယ၊သဒ္ဓါ၊သတိ၊ဧကဂ္ဂတာ၊ပညာဟူသော နာမ်ဣန္ဒြေတရားကိုယ်(၈)ပါး ပစ္စည်းတရားတို့သည်။ (ခ)သမ္ပယုတ္တကာနံ၊ ယှဉ်ဘက်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ထိုဣန္ဒြေတို့ကြောင့် ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် တို့အားလည်းကောင်း။ (ဂ)ဣန္ဒြိယပစ္စယေနပစ္စယော၊ ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြု၏။

---

## ဣန္ဒြိယသတ္တိသရုပ်အဓိပ္ပါယ်များ

### ဣန္ဒြိယနှင့်ပစ္စယ

မိမိနှင်တကွဖြစ်ဖက် စိတ်စေတသိက် သမ္ပယုတ်တရားများ၊စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့အား အစဉ်စောင့်ရှောက်မှု 'အနုပါလနသတ္တိ' ဖြင့် အစိုးရမှုသဘောသည်

http://www.dhammadownload.com



'ဣန္ဒြိယ' မည်၏။

စက္ခုန္ဒြေစသော ဣန္ဒြေငါးပါး၊ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတစသည်(၈)ပါး ပစ္စည်းတရားတို့က မိမိတို့နှင့်တကွဖြစ်ဘက် သမ္ပယုတ်နာမ်နှင့် သမုဋ္ဌာန်ရုပ်ဟူသော ပစ္စယုပ္ပန်တရားတို့အား အစိုးရမှုသတ္တိဖြင့်ကျေးဇူးပြုမှုသဘောကို 'ဣန္ဒြိယ ပစ္စယော'ဟု ခေါ်သည်။

## ဣန္ဒြိယ၏ဥပမာ

ရှင်ဘုရင်၏ မှူးကြီးမတ်ကြီး၊ဝန်ကြီးတို့သည် မိမိတို့ဆိုင်ရာအမှုကိစ္စတို့၌ အစိုးရမှုသဘော ရှိကြသကဲ့သို့တည်း။

**လင်္ကာ**။ မှူးမတ်အလား၊ ဆိုင်ရာများကို၊ ပိုင်စားစိုးရ၊ သတ္တိပြ၊ ဣန္ဒြိယခေါ်။

## ဣန္ဒြိယ(၃)မျိုး

၁။ စက္ခုန္ဒြေ,စသော ဣန္ဒြေငါးပါးတို့သည် ရှေး၌ဖြစ်၍ အစိုးရမှုသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် ပုရေဇာတိန္ဒြိယ။ (ပုရေဇာတ+ဣန္ဒြိယ)

၂။ ဇီဝိတဟူသော ရုပ်ဣန္ဒြေသည် ရုပ်တို့၌ အစိုးရမှုသတ္တိဖြင့်ကျေးဇူးပြုသောကြောင့် ရူပဇီဝိတိန္ဒြိယ။ (ရူပဇီဝိတ+ဣန္ဒြိယ)

၃။ ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ နာမ်ဣန္ဒြေ (၈)ပါးတို့သည် တကွဖြစ်ဘက်တရားတို့အား အစိုးရမှုသတ္တိဖြင့် ကျေးဇူးပြု သောကြောင့် သဟဇာတိန္ဒြိယ။(သဟဇာတ+ဣန္ဒြိယ)

**လင်္ကာ**။ သဟ,ပုရေ၊ ဇီဝိတံ၊ သုံးတန်ဣန္ဒြေ။

## ပုရေဇာတိန္ဒြိယ ကျေးဇူးပြုပုံဆိုရိုး

၁။ ပသာဒဝတ္ထုရုပ် (၅)ပါး အကြောင်းပစ္စည်းတရားတို့သည် ဒွေပဉ္စ ဝိညာဏ်(၁၀)၊သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး အကျိုးပစ္စယုပ္ပန်တရားတို့အား ရှေ့ကဖြစ်နှင့်၍ အစိုးရမှုသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပုရေဇာတနှင့်တူ၏)

## ရူပဇီဝိတိန္ဒြိယ ကျေးဇူးပြုပုံဆိုရိုး

၂။ ရုပ်ဇီဝိတိန္ဒြေဟူသော အကြောင်းပစ္စည်းတရားတို့သည် (ရုပ်ဇီဝိတကြည်

http://www.dhammadownload.com



ကလာပ်တူကမ္မဇရုပ်တို့အား ရုပ်တို့၌အစိုးရမှုသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## သဟဇာတိန္ဒြိယ ကျေးဇူးပြုပုံဆိုရိုး

၃။ ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာဟူသော နာမ်ဣန္ဒြေ(၈)ပါး အကြောင်းပစ္စည်းတရားတို့သည် တကွဖြစ်ဖက် စိတ်,စေတသိက် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် အကျိုးပစ္စယုပ္ပန်တရားတို့အား နာမ်တို့၌ အစိုးရမှု သတ္တိဖြင့် ကျေးဇူးပြု၏။

## သဟဇာတိန္ဒြိယနှင့် အဓိပတိထူးခြားချက်

အဓိပတိတရားလေးပါးတွင် စိတ်တစ်ခု၌ ဆန္ဒအဓိပတိတပ်ခိုက် ကျန်သုံးပါး သည် အဓိပတိမတပ်။ နောက်လိုက်သာ ဖြစ်ရသည်။ သဟဇာတိန္ဒြိယတရား (၈)ပါးတို့သည်ကား စိတ်တစ်ခု၌ (၈)ပါးလုံးပါလျှင် တစ်ပြိုင်တည်း၌ပင် (၈)ပါးလုံး ကျေးဇူးပြုနိုင်၏။

## ပုရေဇာတိန္ဒြိယသတ္တိ ကျေးဇူးပြုပုံ

မြင်သိစိတ်အစဉ် စက္ခုဝိညာဏဝီထိတစ်ခု၌ စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို မှီ၍သာ ဖြစ်ရ၏။ စက္ခုဝတ္ထုစသည်တို့သည် စိတ်ခဏတိုင်း၌ ဖြစ်ပေါ်လေ့ရှိသော ကမ္မဇရုပ်တို့ ဖြစ်၏။ မှီသောအခါ၌လည်း ရှေး၌ဖြစ်၍ မှီရာအဖြစ် ပုရေဇာတသတ္တိဖြင့် စက္ခုဝတ္ထုက ကျေးဇူးပြု၏။

ထိုစက္ခုဝတ္ထုစသည်တို့သည် စက္ခုဝိညာဏ်စသည်တို့၏ မြင်မှုစသော ဆိုင်ရာကိစ္စတို့၌ သူမပါလျှင်မပြီးသကဲ့သို့ အစိုးရမှုသတ္တိဖြင့် စက္ခုဝိညာဏ်နှင့် သမ္ပယုတ်တရားတို့အား ကျေးဇူးပြုပါသည်။ သောတဝတ္ထုစသည်တို့လည်း တူ၏။

### ရုပ်ဇီဝိတိန္ဒြေ ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | | အကျိုး(ပစ္စယုပ္ပန်) | |
|---|---|---|---|
| ရူပဇီဝိတိန္ဒြိယရုပ် | ဗျာ | ဗျာ | (ရုပ်ဇီဝိတိန္ဒြေကြဉ်)<br>ကလာပ်တူကမ္မဇ (၉)ခု |

http://www.dhammadownload.com



## ဇီဝိတရုပ်က ရုပ်တို့ကို အစိုးရပုံ

ရုပ်တရားတို့သည် ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတရား လေးပါးကြောင့် ဖြစ်လာရသည်။ ထိုတွင် စိတ္တဇ,ဥတုဇ, အာဟာရဇရုပ်တို့သည် မိမိတို့၏ မူလ အကြောင်း စိတ်,ဥတု, အာဟာရတို့ ထင်ရှားရှိခိုက်သာ တည်နိုင်၍ ထိုအကြောင်းများ ချုပ်ငြိမ်းသော် ဆက်လက်၍ မဖြစ်တည်နိုင်ကုန်။

ကမ္မဇရုပ်ကား အတိတ်ကပြုခဲ့သော ကံအဟောင်းကြောင့် ဤဘဝ၌ ပဋိသန္ဓေ တည်ချိန်မှစ၍ ကမ္မဇရုပ်များ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ထိုကမ္မဇရုပ်များမှာ မူလအကြောင်းဖြစ်သော အတိတ်ကံနှင့် ကင်းသော်လည်း ထိုကံအရှိန်ကြောင့် နှစ်ပေါင်း ရာထောင်ကြာအောင် ဆက်လက်ဖြစ်ပေါ်၍ သက်တမ်းအတိုင်း တည်နိုင်ကြလေ၏။

ထိုသို့တည်နိုင်ခြင်းသည် ကမ္မဇကလာပ်တိုင်းတွင်ပါဝင်သော ဇီဝိတရုပ်က အနုပါလနသတ္တိဖြင့် စောင့်ရှောက်ထားခြင်းကြောင့်တည်း။ ထိုဇီဝိတရုပ်သည် မိမိနှင့် အတူတကွဖြစ်ဖက် ကမ္မဇရုပ်များကို ရှည်ကြာစွာတည်နိုင်အောင် အစိုးတရအဖြစ် ဣန္ဒြိယသတ္တိဖြင့်ကျေးဇူးပြုထားပါသည်။ ထိုဇီဝိတရုပ်ကိုပင် ရုပ်ဇီဝိတပစ္စည်းဟု ခေါ်ဆို၏။ ဇီဝိတရုပ်သည် မိမိကိုယ်တိုင်လည်း ကမ္မဇရုပ်ပင်ဖြစ်သည်။

### သဟဇာတိန္ဒြိယကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ | စိတ် ၈၉ ၊ စေ ၅၂ |
| ဝီရိယ,သတိ,သမာဓိ,ပညာ | စိတ္တဇရုပ်၊ ကမ္မဇရုပ် |

## ဇီဝိတစေတသိက်တို့က နာမ်တို့ကိုအစိုးရပုံများ

၁။နာမ်ဣန္ဒြေတရား(၈)ပါးတွင် စိတ်ဟူသောမနိန္ဒြေသည် အာရုံကို သိခြင်း, ယူခြင်းကိစ္စတို့၌ သမ္ပယုတ်တရားတို့အပေါ် အစိုးရ၏။ မိမိအလိုသို့ လိုက်ပါစေ၏။

၂။ ဇီဝိတသည် ကြာမြင့်စွာတည်နိုင်အောင် စောင့်ရှောက်ခြင်းကိစ္စ၌ သမ္ပယုတ် တရားတို့အပေါ် အစိုးရ၏။

၃။ဝေဒနာသည် အာရုံကို ခံစားခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့အပေါ် အစိုးရ၏။

http://www.dhammadownload.com



၄။ သဒ္ဓါသည် ယုံကြည်ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့အပေါ် အစိုးရ၏။
၅။ ဝီရိယသည် အားထုတ်ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့အပေါ် အစိုးရ၏။
၆။ သတိသည် အာရုံကို အောက်မေ့ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့အပေါ် အစိုးရ၏။
၇။ သမာဓိသည် တစ်ခုတည်းသော အာရုံ၌ တည်စေခြင်းကိစ္စ၌ အစိုးရ၏။
၈။ ပညာသည် ထိုးထွင်းသိခြင်းကိစ္စ၌ အစိုးရ၏။

ထိုတရားတို့သည် ယှဉ်ဖက်စိတ်စေတသိက်နာမ်တရားတို့ကို အစိုးရသကဲ့သို့ စိတ်ကြောင့်ဖြစ်ပေါ်လာသော စိတ္တဇရုပ်တို့ကိုလည်း အစိုးရသည်။ ပဋိသန္ဓေအခိုက်၌ စိတ္တဇရုပ်မဖြစ်သေးချိန်တွင် မိမိနှင့်အတူဥပါဒ်သော ကမ္မဇရုပ်ကိုလည်း အစိုးရလျက် ကျေးဇူးပြုနေပေသည်။

## သဟဇာတိန္ဒြိယကျေးဇူးပြုပုံအကျယ်
(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ဇီဝိတ (ပ) ပညာ (၈)ပါး | က | က | က-၂၁၊ စေ-၃၈ |
| | က | ဗျာ | ကုသိုလ်ပြု စိတ္တဇရုပ် |
| ဇီဝိ၊ စိတ်၊ ဝေ၊ ဝီရိ၊ ခ (၅)ပါး | အက | အက | အက-၁၂၊ စေ-၂၇ |
| | အက | ဗျာ | အကုသိုလ်ပြု စိတ္တဇရုပ် |
| ဇီဝိတ (ပ) ပညာ (၈)ပါး | ဗျာ | ဗျာ | ဝိ-၃၆၊ကြိ-၂၀၊စေ-၃၈ စိတ္တဇရုပ်၊ကမ္မဇရုပ် |

## အချိန်နေရာပုဂ္ဂိုလ်နှင့်ဣန္ဒြိယသတ္တိ

ဣန္ဒြိယသတ္တိတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်၌ ကျေးဇူးပြု၏။ ဘုံအားဖြင့် သဟဇာတိန္ဒြိယသည် အသညသတ်မှတစ်ပါး ဘုံ(၃၀)၊ ပုရေဇာတိန္ဒြိယသည် ပဉ္စဝေါကာရ(၂၆)ဘုံ၊ ရူပဇီဝိတိန္ဒြိယသည် အရူပ(၄)ဘုံမှတစ်ပါး (၂၇)ဘုံတို့၌ ပုဂ္ဂိုလ် (၁၂)ယောက်တို့အား ကျေးဇူးပြုသည်။

http://www.dhammadownload.com


## ဣန္ဒြိယစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

### မြင်စိတ်ကို မျက်လုံးက အစိုးရပုံ

**'စက္ခုနာ ရူပံ ပဿတိ'**၊ စက္ခုနာ-မျက်လုံးဖြင့်၊ ရူပံ-ရုပ်အဆင်းအာရုံကို၊ ပဿတိ၊ မြင်သိ၏။ ရူပါရုံကို မြင်သိမှုသဘောသည် စက္ခုဝိညာဏ်၏ ဒဿနကိစ္စ ဆောင်ရွက်မှုသာ ဖြစ်၏။ ငါ၊သူတစ်ပါး၊ယောကျ်ား၊မိန်းမစသည်တို့က မြင်သိခြင်း မဟုတ်။ ထိုစက္ခုဝိညာဏ်ခေါ် မြင်သိစိတ်သည်လည်း စက္ခုပသာဒရုပ်ဝတ္ထုအပေါ်၌ ပုရေဇာတသတ္တိဖြင့် မှီ၍သာ ဖြစ်နိုင်၏။

အကယ်၍ မှီစရာစက္ခုပသာဒမရှိခဲ့သော် မှီရာမဲ့သော စက္ခုဝိညာဏ်စိတ် သည် မည်သို့သော အဆင်းရူပါရုံမျိုးကိုမှ မြင်သိနိုင်တော့မည်မဟုတ်။ ထို့ကြောင့် စက္ခုဝိညာဏ်၏ မြင်သိမှုကိစ္စသည် စက္ခုပသာဒခေါ် မျက်လုံး၌ မှီခိုနေရ၏၊ မျက်လုံးသည် စက္ခုဝိညာဏ်၏ မြင်သိမှုကိစ္စမှန်သမျှကို အစိုးရမှုပြုသော ကြောင့် ပင်တည်း။

ဥပမာ-မျက်လုံးက ကြည့်မှသာ မြင်သိစိတ်လည်း ဖြစ်နိုင်ခွင့် ရှိ၏၊ မျက်လုံးက မကြည့်သော်လည်းကောင်း၊ ကန်းနေခဲ့သော်လည်းကောင်း မြင်သိစိတ် လုံးဝ မဖြစ်နိုင်ပါ။

### မျက်လုံးကို အသုံးချ၍ ကုသိုလ်ရပုံ

**'စက္ခုံစ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'**၊

စက္ခုံစ၊ မျက်လုံးကိုလည်းကောင်း၊ ရူပေစ၊ အဆင်းအာရုံကိုလည်းကောင်း ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ မြင်သိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

၁။ စက္ခုပသာဒ-ရုပ်အကြည်ဓာတ်နှင့် ၂။ ရူပါရုံ-အဆင်းအာရုံတို့ ပေါင်းစုံခြင်းရှိမှသာလျှင် ၃။ စက္ခုဝိညာဏ်ဟူသော မြင်သိစိတ်အကျိုးသည် ဖြစ် ပေါ်လာနိုင်၏။

မြင်သိစိတ်ဟူသောအကျိုးတစ်ခု ဖြစ်နိုင်ဖို့ရာ မျက်လုံးနှင့် အဆင်းဟူသော အကြောင်းတို့က 'အာရမ္မဏ၊ပုရေဇာတ၊နိဿယ၊အတ္ထိ၊ဣန္ဒြိယ' သတ္တိတို့ဖြင့် ကျေးဇူးပြုပေးရလေသည်။

http://www.dhammadownload.com



**စက္ခုံ ရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။**

မျက်လုံးနှင့် အဆင်းတို့ ပေါင်းစုံမှုကြောင့် ရာဂဟူသော သားသမီးကို မွေးဖွားဧ၏။ အကယ်၍ ရာဂဖြစ်နိုင်သော ဣဋ္ဌာရုံ၊ ဒေါသဖြစ်နိုင်သော အနိဋ္ဌာရုံတို့ကို မြင်ရလျှင် အကုသိုလ် ဖြစ်၏။ စက္ခုပသာဒဖြင့် မကြည့်ပါက မြင်သိစိတ် မဖြစ်။ မြင်သိစိတ်မဖြစ်လျှင် အကုသိုလ် မရနိုင်ပေ။

ထို့အတူ ဘုရား၊တရားစသော အတိဣဋ္ဌာရုံအား မြင်ရတွေ့ရလျှင် ကုသိုလ် ဖြစ်သဖြင့် စက္ခုပသာဒဖြင့်ကြည့်လျက် မြင်သိစိတ်ဖြစ်၍ ကုသိုလ်အကျိုးရအောင် အသုံးချနိုင်လေ၏။ ဤကဲ့သို့ မြင်သိစိတ်စသည် ဖြစ်မှု၊မဖြစ်မှုတို့၌ စက္ခုပသာဒ စသည်၏ အစိုးရမှုသတ္တိဖြင့် ထိန်းချုပ်ပြုပြင်လျက် အသုံးချနိုင်မှသာ အကုသိုလ်မရ၊ ကုသိုလ်ရလျက် အသုံးကျ၍ တန်ဖိုးရှိနိုင်သည်။

**တိပိဋကဆရာတော်၏ ဖွတ်ဖမ်းနည်း**

ပိဋကတ်သုံးပုံဆောင် အရှင်ပေါဋ္ဌိလမထေရ်သည် ခုနစ်နှစ်အရွယ် သာမဏေငယ်လေးထံ၌ ကမ္မဋ္ဌာန်းနည်း တောင်းခံခဲ့၏။ သာမဏေက 'အရှင်ဘုရား၊ အပေါက်(၆)ပေါက်ရှိသော တောင်ပို့တစ်ခု၌ ဖွတ်ကြီးတစ်ကောင် ဝင်သွားပါ၏။

ထိုဖွတ်ကို ဖမ်းလိုသူသည် ဝင်ပေါက်မှ တစ်ပါးသော ကျန်(၅)ပေါက်ကို ပိတ်၍ တစ်ပေါက်တည်းဖြင့်သာ စောင့်ဖမ်းသည်ရှိသော် ထိုဖွတ်ကို မိနိုင်ပေ၏'ဟု ဖွတ်ဖမ်းနည်းဥပမာဖြင့် ကမ္မဋ္ဌာန်းနည်း ပေးတော်မူပါသည်။

ထိုနည်းအတိုင်း သမထ၊ဝိပဿနာဟူသော ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းလိုသော ယောဂီသည် မိမိ၏ စက္ခုစသော ဒွါရ(၅)ခုကို ပိတ်၍ ကျန်သော မနောဒွါရအပေါက် တစ်ခုတည်းဖြင့်သာ အာရုံတို့ကို ဖမ်းယူရှုမှတ်အားထုတ်သဖြင့် ဈာန်၊မဂ်၊ဖိုလ်ဟူသော အကျိုးတရားတို့ကို ရရှိနိုင်ပေသည်။

**နာမ်ဣန္ဒြေတရားတို့ကို အသုံးချခြင်း**

နာမ်တရားတို့တွင်လည်း အစိုးရမှုသတ္တိရှိသော စိတ်၊ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ပညာ၊ဇီဝိတတို့ကို မိမိအတွက် တန်ဖိုးရှိအောင် အသုံးချနိုင်ဖို့လို၏။ အာရုံတစ်ခုကို စိတ်ဖြင့် သိသောအခါ၊ ဝေဒနာဖြင့် ခံစားသောအခါ၊ သဒ္ဓါဖြင့် ယုံကြည်သောအခါ၊ ဝီရိယဖြင့် အားထုတ်သောအခါစသည်တို့တွင် ယှဉ်ဖက်

http://www.dhammadownload.com



သမ္ပယုတ်တရားနှင့် စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့၌ ကုသိုလ်အကျိုး တိုးပွားစေလို သူသည် ကုသိုလ်အာရုံတို့၌ အစိုးရမှုသတ္တိဖြင့် အသုံးချနိုင်အပ်ပေ၏။ အကုသိုလ် အာရုံတို့၌ အစိုးရမှုသတ္တိဖြင့် အသုံးချမိပါက အကုသိုလ်အကျိုးတရားတို့သည်သာ ပွားတိုးပြည့်စုံလာနိုင်ပေလိမ့်မည်။

## ဣန္ဒြိယပစ္စည်း၏အကျိုး

မျက်လုံးစသော ဣန္ဒြေ(၆)ပါးတို့သည် မြို့တံခါး(၆)ပေါက်နှင့် တူ၏။ ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ရှိသော သဒ္ဓါ၊သီလ၊သုတစသည်တို့သည် မြို့တွင်းရှိ အဖိုးတန်ရတနာတို့နှင့် တူ၏။ လောဘ၊ဒေါသ၊မာနစသော ကိလေသာ (၁၀)ပါး တို့သည် ခိုးသူကြီး(၁၀)ဦးတို့နှင့် တူ၏။

မြို့တံခါး(၆)ပေါက်ကို လုံခြုံစွာ ပိတ်ဆို့အပ်သူသည် ခိုးသူကြီး(၁၀)ဦး တို့၏အန္တရာယ် မကျရောက်ရဘဲ သဒ္ဓါ၊သီလစသော သူတော်ကောင်းဥစ္စာ ရတနာတို့ဖြင့် ပြည့်စုံကြွယ်ဝ ချမ်းသာရသူဖြစ်တော့သည်။

ထို့ကြောင့် စက္ခုစသောဣန္ဒြေတို့ကို အစိုးရမှုသတ္တိဖြင့် စောင့်ရှောက် ထိန်းသိမ်းနိုင်ပါလျှင် အလုံးစုံသော မကောင်းမှုအကုသိုလ်မှန်သမျှတို့ မဝင်ရောက် မနှောင့်ယှက်နိုင်။ သဒ္ဓါစသော ကုသိုလ်တရားများလည်း တစ်နေ့တခြား တိုးပွား ပြည့်စုံလာပေလိမ့်မည်သာတည်း။

## ဣန္ဒြိယပစ္စယော-ဘုရားရှိခိုး

တစ်ပြည်တွင်း၌၊ ချင်းချင်းမဆန့်၊ သီးမသန့်ဘဲ၊ ခွဲခန့်ပိုင်စား၊ မှူးမတ်များ သို့၊ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ဓာတ်ပစ္ဆိဇာတာ၊ ကမ္မဇကို၊ မိမိအလိုသို့၊ လိုက်စေ နိုင်သောသတ္တိထူးနှင့်၊ ကျေးဇူးပြုသော သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ (၃)ပါး ပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣန္ဒြိယပစ္စယောပြီး၏။

http://www.dhammadownload.com



## ၁၇။ ဈာနပစ္စယော။
(ရှုးစိုက်ရှုမြင်မှုသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)ဈာနင်္ဂါနိ၊ (ခ)ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ (ဂ) ဈာနပစ္စယေန ပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။ (က) ဈာနင်္ဂါနိ၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ(ဝေဒနာ)သမာဓိဟူသော ဈာနင် (၅)ပါး ပစ္စည်းတရားတို့သည်။ (ခ)ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့်ယှဉ်ကုန်သော။ ဓမ္မာနံ၊ စိတ် စေတသိက်တို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဈာန်တို့ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ (ဂ) ဈာနပစ္စယေန ပစ္စယော၊ ဈာနသတ္တိဖြင့် ကျေးဇူးပြု၏။

---

### ဈာနသတ္တိသရုပ်အဓိပ္ပါယ်များ

#### ဈာနနှင့်ပစ္စယ

စိတ်ဖြင့် အာရုံတစ်ခုတည်း၌ စွဲစွဲမြဲမြဲ ကပ်၍ရှုမှု၊ စူးစိုက်ရှုမြင်မှု သဘောသည် **'ဈာန်'** မည်၏။

ဈာန်အင်္ဂါငါးပါး အကြောင်းပစ္စည်းတရားတို့က ယှဉ်ဖက်စိတ်၊ စေတသိက် တို့နှင့် စိတ္တဇရုပ်၊ကမ္မဇရုပ်တို့အား ကျေးဇူးပြုမှုသဘောကို **'ဈာနပစ္စယော'**ဟု ခေါ်သည်။

**သင်္ကာ**။ စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတဲ့။

#### ဈာန်၏ဥပမာ

သစ်ပင်ပေါ်သို့ တက်ရောက်သူသည် ပတ်ဝန်းကျင်ကို ထင်ထင်ရှားရှား သဲသဲကွဲကွဲ မြင်ရသကဲ့သို့၊ တောင်ပေါ်သို့ တက်ရောက်သူသည် တောင်ဟိုဘက်နှင့် တောင်အောက်တို့ကို ပီပြင်ထင်ရှားစွာ မြင်ရသကဲ့သို့တည်း။

http://www.dhammadownload.com



**လက်ာ**။ သစ်ပင်တောင်ဖျား၊ ရောက်သူများသို့၊ နီးနားဝေးနေ၊ များတွေတွေ၊ ရှုလေ-
ဈာန်ဟုခေါ်။

### ဈာန်တို့၏သဘော

မှတ်တိုင် စက်ဝန်းတစ်ခု၌ ပစ်မှတ်ကို ထိမှန်ရန် မြားပစ်သူသည် မြားကို တည့်မတ် စွာချိန်၍၊ ပစ်မှတ်အာရုံကို ထင်ရှားစွာ စူးစိုက်ရှုမြင်၍ စိတ်ကို တည်ငြိမ်စွာ ထား၍ မြား,ပစ်မှတ်,စက်ဝန်းနှင့် စိတ်တို့ကို တစ်သားတည်းကျစေလျက် ပစ်မှသာ တည့်တည့် ထိမှန်နိုင်သကဲ့သို့ သိအပ်၏။

ထို့အတူ အာရုံတစ်ခုကို ထင်ရှားစွာ ရှုမြင်နိုင်ရန် အင်္ဂါ(၅)ချက် လိုအပ်၏။ အာရုံကို ကြံစည်ခြင်း၊ ထိုအာရုံကို အဖန်ဖန်သုံးသပ်ခြင်း၊ ထိုအာရုံ၌ ပီတိနှစ်မြုပ်ခြင်း၊ ထိုအာရုံကို အပြည့်အဝခံစားခြင်း၊ ထိုအာရုံအပေါ်၌ စိတ်တည်ငြိမ်စွာထားခြင်းတို့ ဖြစ်၏။

ထိုအင်္ဂါ(၅)ချက်နှင့် ပြည့်စုံသောစိတ်သည် ဈာန်သဘောသို့ သက်ဝင်၏၊ အာရုံကို စူးစိုက်ရှုမြင်နိုင်သော 'ဈာန်သတ္တိစွမ်းအင်' ကို ရရှိလေတော့၏။

### ဈာန်သတ္တိကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ဈာနင်္ဂါနိ<br>ဈာနင်တရား (၅)ပါး | ဈာနသမ္ပယုတ္တကာနံ<br>စိတ်(၇၅)၊ စေ(၅၂)<br>စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် |

### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

ဝိတက်,ဝိစာရ,ပီတိ,ဝေဒနာ,သမာဓိဟူသော ဈာန်အင်္ဂါ(၅)ပါး အကြောင်း ပစ္စည်းတရားတို့သည် (ဒွေပဉ္စဝိညာဏ်၁၀-ကြဉ်) စိတ်(၇၅)၊ စေတသိက် (၅၂) စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ဟူသော အကျိုးပစ္စယုပ္ပန်တရားတို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုပါသည်။

http://www.dhammadownload.com



## ဈာန်အင်္ဂါနှင့် ဈာန်ခွဲပုံ

ဝိတက်,ဝိစာရ,ပီတိ,ဝေဒနာ,သမာဓိဟူသော တရား(၅)ပါးတို့သည် အာရုံတစ်ခုကို စူးစူးစိုက်စိုက် ရှုမြင်နိုင်မှုကိစ္စ၏ အစိတ်အပိုင်းအင်္ဂါများ ဖြစ်သောကြောင့် ဈာန်အင်္ဂါဟုခေါ်၏။ ရထားဝင်ရိုး, ဘီး,အကွပ်စသည်တို့ကို ရထား၏အင်္ဂါများဟု ဆိုရသကဲ့သို့ ဖြစ်၏။

ထိုဈာန်အင်္ဂါတရား (၅)ပါးတို့၏ စုပေါင်းဆောင်ရွက်မှု ကိစ္စကိုကား ဈာန်ဟု ခေါ်ဆို၏။ အာရုံတစ်ခုကို စူးစူးနစ်နစ်ရှုမြင်နိုင်မှုသည် ထိုအင်္ဂါတစ်ပါးချင်းစီ၏ ကိစ္စမဟုတ်။ (၅)ပါးလုံးစုစည်းမှု၏ ကိစ္စဖြစ်၏။ ရထားဝင်ရိုး,ဘီး,အကွပ်စသော ရထားအင်္ဂါအပေါင်းတို့၏ စုစည်းတည်ဆောက်ထားမှုကိုသာ ရထားဟု ခေါ်ဆိုရသကဲ့သို့တည်း။

## ဈာန်အင်္ဂါ(၅)ပါးနှင့်(၇)ပါး

ဝိတက်,ဝိစာရ,ပီတိ,ဝေဒနာ,သမာဓိဟူသော ဈာန်အင်္ဂါ(၅)ပါးတို့တွင် ဝေဒနာစေတသိက်ကို တစ်ပါးတည်းယူ၍ ဈာန်အင်္ဂါ(၅)ပါးဟု ဆိုသည်။ ထိုဝေဒနာကို ခွဲခြားလျှင် သုခ,ဒုက္ခ,သောမနဿ,ဒေါမနဿ,ဥပေက္ခာဟု(၅)မျိုး ကွဲပြား၏။

ထို၌ ဒွေပဉ္စဝိညာဏ်(၁၀)သည် ဈာန်မထိုက်သောတရားဖြစ်၍ ထိုပဉ္စဝိညာဏ်၌ရှိသော ကာယဝိညာဏ်ဒွေ၌ သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့သည် ဈာန်အင်္ဂါ၌ မပါဝင်နိုင်တော့ပေ။

ထို့ကြောင့် ဝေဒနာ(၅)ပါးတွင် သောမနဿ, ဒေါမနဿ,ဥပေက္ခာဝေဒနာ သုံးပါးကို ခွဲခြားယူလျှင်ကား ဈာန်အင်္ဂါ(၇)ပါး ဖြစ်တော့၏။

## ဈာန်စွမ်းရည်

ဈာန်အင်္ဂါတရား(၅)ပါးတို့၏ စုစည်းဆောင်ရွက်မှုကြောင့် ဈာန်စွမ်းရည် သတ္တိသည် ဖြစ်ပေါ်၏။ ဈာန်စွမ်းရည်ကို သိရှိလိုသူသည် ဈာန်အင်္ဂါတရားတို့၏ ကိုယ်ပိုင်ကိစ္စအသီးသီးကို သိရှိထားဖို့ လိုအပ်၏။

၁။ဝိတက်သည် ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးခြင်းကိစ္စ ရှိ၏။

၂။ဝိစာရသည် အာရုံကို အဖန်ဖန်အထပ်ထပ် သုံးသပ်ခြင်းကိစ္စ ရှိ၏။

http://www.dhammadownload.com



၃။ပီတိသည် အာရုံကို ချစ်ခင်မြတ်နိုးခြင်းကိစ္စ ရှိ၏။
၄။ဝေဒနာသည် အာရုံကို သုံးဆောင်ခံစားခြင်းကိစ္စရှိ၏။
၅။သမာဓိသည် စိတ်ကို အာရုံတစ်ခုတည်း၌ မလှုပ်မယှက် ငြိမ်သက် စွဲမြဲအောင် ပြုခြင်း ကိစ္စရှိ၏။

ဈာန်အင်္ဂါ(၅)ပါးတို့တွင် ရှေ့သွားခေါင်းဆောင်ဖြစ်သော ဝိတက်သည် အာရုံသို့ ရောက်အောင် ပို့တင်ပေး၏။ ဝိစာရက ထိုအာရုံကို အဖန်ဖန်အထပ်ထပ် သုံးသပ်၏။ ထိုသို့ ဝိတက်ဝိစာရတို့က အာရုံတစ်ခု၌ ပေါင်းစည်းမိသောအခါ ပီတိက ထိုအာရုံအပေါ်၌ တည်မြဲအောင်၊ ပြုတ်မကျအောင် ဆွဲဆောင်စည်းရုံး၏။

ဝေဒနာက ထိုအာရုံ၏ ဖြစ်ပေါ်လာသောသဘောကို အပြည့်အဝ သုံးဆောင်ခံစားလျက် ခိုင်မြဲစွာ ဖွဲ့ချည်တော့၏။ နောက်ဆုံး၌ သမာဓိက အာရုံနှင့် စိတ်ကို တစ်သားတည်း၊ တစ်ပြေးတည်း ဖြစ်စေ၍ မလှုပ်မယှက်၊ တည်ကြည်ငြိမ် သက်စွာ ခိုင်ခိုင်မြဲမြဲစွဲနေအောင် စုစည်းလိုက်လေ၏။

ထိုသို့ အာရုံတစ်ခုတည်းကိုပင် ဈာန်အင်္ဂါတရား(၅)ပါးတို့ စုစည်းလျက် 'စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်သော ဈာန်ကိစ္စ'ကို ပြုလုပ်ဆောင်ရွက် သည်ရှိသော် ဈာန်စွမ်းရည်သတ္တိများ ဖြစ်ပေါ်ရရှိလာနိုင်တော့သည်။

### ဈာန်စွမ်းရည်ရှိသောစိတ်များ

စိတ်(၈၉)ပါးရှိရာတွင် မြင်သိစိတ်စသော ဝိညာဏ်(၁၀)ပါးတို့သည် ဝတ္ထုအာရုံတို့ တွေ့ဆုံထိခိုက်မှုအားကြီးသဖြင့် ပင်ကိုယ်ကပင် ဝိတက်တင်စရာမလို၍ ဈာန်မထိုက်ပါ။ ကျန်သော စိတ်(၇၉)ပါးတို့၌ ဈာန်သတ္တိဖြင့် ကျေးဇူးပြုနိုင်၏။

အဘိဓမ္မာ၌ကား မဟဂ္ဂုတ်စိတ်(၂၇)ပါးကိုသာ ဈာန်စိတ်ဟု သီးခြားခေါ် ဝေါ်၏။ အကြောင်းမှာ ကာမစိတ်တို့သည် အကြောင်းတိုက်ဆိုင်ရုံဖြင့်ပင် ဖြစ်နိုင် ကြလေ၏။ မဟဂ္ဂုတ်စိတ်တို့မှာမူ အကြောင်းတိုက်ဆိုင်ရုံမျှဖြင့် ပေါ်မလာနိုင်။ စူးစူးစိုက်စိုက်ရှုမှသာ ပေါ်လာနိုင်၏။ ပေါ်လာသောအခါ၌လည်း ကာမဆန္ဒစသည်တို့ ဝေးကွာသဖြင့် ကြာရှည်တည်နိုင်လေ၏။ ကာမစိတ်တို့ကဲ့သို့ အာရုံအမျိုးမျိုးသို့ ပြောင်းလဲရွေ့လျားမှု မမြန်ပေ။ လောကုတ္တရာစိတ်တို့ကား နိဗ္ဗာန်အာရုံတစ်ခုတည်း၌ စူးစူးစိုက်စိုက် သက်ဝင်ပြီးဖြစ်သောကြောင့် ဈာန်စိတ်ဟု သီခြားမခေါ်ဆိုတော့ပေ။

http://www.dhammadownload.com



## ဈာန်စွမ်းရည်သတ္တိ(၂)မျိုး

မဟဂ္ဂုတ်စိတ်တို့၌ရှိသော ဝိတက်၊ဝိစာရ၊ပီတိ(ဝေဒနာ)သုခ၊သမာဓိ ဟူသော ဈာန် အင်္ဂါငါးပါးတို့နှင့် ကာမစိတ်တို့၌ရှိသော ဈာန်အင်္ဂါငါးပါးတို့သည် စွမ်းရည်သတ္တိချင်း မတူညီနိုင်ကြပေ။

မဟဂ္ဂုတ်စိတ်တို့၌ ဈာန်အင်္ဂါငါးပါးတို့သည်-

(၁)အာရုံကို စူးစူးစိုက်စိုက် ကပ်၍ ရှုနိုင်မှုကိစ္စ။ (ကပ်၍ရှုခြင်း)

(၂)ဈာန်၏ဆန့်ကျင်ဘက် နီဝရဏငါးပါးတို့ကို လောင်ကျွမ်းစေနိုင်ခြင်း ကိစ္စတို့ကို ဆောင်ရွက်နိုင်၏။ (လောင်ကျွမ်းစေခြင်း)

ကာမစိတ်တို့၌ရှိသော ဈာန်အင်္ဂါတို့သည်ကား-

၁။ အာရုံတစ်ခုကို စူးစူးစိုက်စိုက် ကပ်၍ကား ရှုနိုင်၏။

၂။ ဆန့်ကျင်ဘက်နီဝရဏတရားတို့ကို လောင်ကျွမ်းစေနိုင်ခြင်းကိစ္စမျိုး လုံးဝ မရှိကြလေ။ ထို့ကြောင့်လည်း ကာမစိတ်တို့မည်သည် အာရုံအမျိုးမျိုးတို့၌ တော်ကြာတစ်မျိုး ခုတစ်မျိုး အပြောင်းအရွှေ့ များလွန်းတတ်ကြလေသည်။ ဈာန်၏စွမ်းရည်သတ္တိ(၂)မျိုးလုံး မပြည့်စုံသဖြင့်လည်း ထိုကာမစိတ်တို့ကို တကယ့်ဈာန်စိတ်ဟု မဆိုရ။ ဈာန်၏စွမ်းရည်သတ္တိ(၂)မျိုးလုံးရှိသော မဟဂ္ဂုတ်စိတ်တို့ကိုသာ ဈာန်စိတ်အစစ်ဟု ဆိုရလေသည်။

## ဈာန်အင်္ဂါတို့၏ လောင်ကျွမ်းမှုစွမ်းရည်

၁။ ဝိတက်သည် ထိနမိဒ္ဓနီဝရဏတို့နှင့် ဆန့်ကျင်၏။ ယင်းတို့ကို လောင်ကျွမ်းစေ၏။

၂။ ဝိစာရသည် ဝိစိကိစ္ဆာနီဝရဏနှင့် ဆန့်ကျင်လျက် ယင်းနီဝရဏကို လောင်ကျွမ်းစေနိုင်၏။

၃။ ပီတိသည် ဗျာပါဒနီဝရဏနှင့် ဆန့်ကျင်လျက် ယင်းနီဝရဏကို လောင်ကျွမ်းစေနိုင်၏။

၄။ သုခ(ဝေဒနာ)သည် ဥဒ္ဓစ္စ+ကုက္ကုစ္စနီဝရဏနှင့် ဆန့်ကျင်လျက် ယင်းနီဝရဏကို လောင်ကျွမ်းစေ၏။

၅။ သမာဓိသည် ကာမစ္ဆန္ဒနီဝရဏနှင့် ဆန့်ကျင်လျက် ယင်းနီဝရဏကို လောင်ကျွမ်းစေနိုင်သည်။

http://www.dhammadownload.com



## ဈာနပစ္စည်းကျေးဇူးပြုပုံအကျယ်
(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | (သင်္ချာ-၇) | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ဝိတက်(ပ) သမာဓိ-၅ | ကု | ကု | ကု ၂၁၊ စေ ၃၈၊သမ္ပယုတ်ခန္ဓာ |
| | ကု | ဗျာ | ကုသိုလ်ပြု-စိတ္တဇရုပ် |
| ဝိတက်(ပ) သမာဓိ-၅ | အကု | အကု | အကု ၁၂၊ စေ ၂၇ သမ္ပယုတ်ခန္ဓာ |
| | အကု | ဗျာ | အကုသိုလ်ပြု-စိတ္တဇရုပ် |
| ဝိတက်(ပ) သမာဓိ-၅ | ဗျာ | ဗျာ | (ဒွေ ၁၀ကြဉ်)ဝိ ၂၆၊ကြိ ၂၀၊စေ ၃၈<br>စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် |

### အချိန့်နေရာပုဂ္ဂိုလ်နှင့်ဈာန်သတ္တိ

ဈာန်သတ္တိတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်အနေဖြင့် ကျေးဇူးပြု၏ ဘုံအားဖြင့် အသညသတ်မှတစ်ပါး ဘုံ (၃၀)တွင် နိရောဓသမာပတ် ဝင်စား ပုဂ္ဂိုလ်မှတစ်ပါး ပုဂ္ဂိုလ်(၁၂)ယောက်လုံးတို့၏ အဇ္ဈတ္တသန္တာန်၌ ကျေးဇူးပြုနိုင်၏

ဈာန်စွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

### လောဘစိတ်တစ်ခု၌ ဈာန်သတ္တိဖြစ်ပုံ

မိမိ လိုချင်နှစ်သက်သော အာရုံတစ်ခုနှင့်ဆုံရသည်ရှိသော် လောဘစိတ်သ သဟဇာတ်ဖြစ်သော စေတသိက်(၁၉)ပါးနှင့်အတူ ဖြစ်ပေါ်လာ၏။ လောဘစိ ကြောင့် ဖြစ်သော စိတ္တဇရုပ်များလည်း တစ်ပြိုင်နက် ဖြစ်ပေါ်လာကြ၏။

ထိုတွင် အရင်ဆုံး ဝိတက်ခေါ် ကြံစည်တွေးတောမှုဖြစ်၍ သုံးသပ်မှုဝိစာ နှစ်သက်မှုပီတိ,ခံစားမှုဝေဒနာ,တည်ကြည်မှုသမာဓိဟူသော ဈာန်အင်္ဂါ( ပါးတို့သည် အကြောင်းသတ္တိအဖြစ်ဖြင့် ဖြစ်ပေါ်လာကုန်၏။ လောဘစိတ်နှင့်အ ကျန် စေတသိက်(၁၄)ပါး၊ စိတ်ကြောင့်ဖြစ်သောရုပ်တို့သည်လည်း အကျိုးတ အဖြစ်လိုက်ပါ၍ ဖြစ်ကြမြဲတည်း။

http://www.dhammadownload.com



## အာရုံတစ်ခုကို ဈာန်ရှုပုံ

ဈာန်သဘောကို နားလည်သူသည် အာရုံတစ်ခုကို ထက်ထက်သန်သန် စွဲစွဲလမ်းလမ်း ရှုနေကြဲ့နေလျှင် ဈာန်ဝင်စားနေသည်ဟု သဘောပေါက်၏။ အသေကောင် ရုပ်အလောင်းကို မြင်တွေ့ရ၍ မတင့်တယ်ပုံအကြောင်းဖြင့် တွေးကြဲ့နေသူသည် အသုဘဈာန် ဝင်နေသည် မည်၏။

ထို့အတူ အမျိုးသမီးတစ်ယောက်ကို စွဲစွဲလမ်းလမ်း စိုက်စိုက်စူးစူး ကြည့်ရှုကြဲ့နေသူ၌ ရာဂဈာန် ဝင်နေလေ၏။ စာတစ်အုပ်ကို လက်မလွှတ်တမ်း အငမ်းမရ ဖတ်နေသူအား စာဈာန် ဝင်နေခြင်း ဖြစ်၏။ ဂိုရီးယားဇာတ်လမ်းတွဲကို စွဲစွဲလမ်းလမ်း ကြည့်နေသူသည် ကိုရီးယားဈာန် ဝင်နေခြင်း ဖြစ်၏။ ဤကဲ့သို့ အာရုံတစ်ခုကို စိုက်စိုက်စူးစူး အရှုံးအမူး ရှုမြင်ကြဲ့စည်နေမှုသည်ပင် ဈာန်ရှုနေခြင်း၊ ဈာန်ဝင်စားနေခြင်း မည်ပေသည်။

## ကုသိုလ်ဈာန်နှင့် အကုသိုလ်ဈာန်

မကောင်းမှုအာရုံတစ်ခုကို ဈာန်ရှုနေသူသည် အကုသိုလ်ဈာန်ဝင်စားနေသူ ဖြစ်၏။ ထိုအကုသိုလ်ဈာန်ကြောင့် ဈာန်၏တန်ခိုး၊သုခအကျိုးတို့ကို ရရှိခံစားနိုင်ခြင်း လုံးဝမရှိနိုင်ချေ။ အကုသိုလ်ဈာန်တို့၏သဘောမှာ စူးစိုက်မှုသတ္တိသာပါ၍ လောင်ကျွမ်းမှု သတ္တိမပါခြင်းကြောင့်တည်း။

ဥပမာ- အနည်ထနေသော ရေအိုင်၌ ရေအောက်ရှိ သတ္တဝါများကို မတွေ့နိုင်၊ မမြင်နိုင်ရသကဲ့သို့ ဖြစ်၏။ ရေမှော်တို့ ဖုံးလွှမ်းနေသော ရေကန်အတွင်း၌ မှော်မဖယ်ထားသော ရေကို အသုံးပြုမရနိုင်သကဲ့သို့ပင်တည်း။

ကောင်းသောအာရုံတစ်ခုကို ဈာန်ရှုနေသူသည် ကုသိုလ်ဈာန်ဝင်စားနေသူ ဖြစ်၏။ ထိုဈာန်အာရုံကောင်းကြောင့် တန်ခိုးဣဒ္ဓိပါဒ် အမျိုးမျိုးနှင့် သုခအကျိုးတို့ကို ရရှိခံစားနိုင်ပေ၏။ ကုသိုလ်ဈာန်၌ ကိလေသာနီဝရဏတရားတို့ကို လောင်ကျွမ်းဖျက်ဆီးမှုစွမ်းအင် ပါဝင်လေသည်။

ဥပမာ- အနည်ထိုင်၍ ကြည်လင်နေသော ရေအိုင်၌ ရေအောက်ရှိ သတ္တဝါများကို တွေ့နိုင်၊ မြင်နိုင်ရသကဲ့သို့ ဖြစ်၏။ ရေမှော်တို့ ဖုံးလွှမ်းနေသော ရေကန်အတွင်း၌ မှော်ဖယ်ထားသောရေကို မိမိလိုရာ၌ အသုံးပြု၍ ရနိုင်သကဲ့သို့ပင်တည်း။

http://www.dhammadownload.com



## ဈာနပစ္စည်း၏အကျိုး

ကိလေသာ၏အာရုံကာမဂုဏ်, ဒုစရိုက်တရားတို့၌ ကာမဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသာဝိတက်တို့ဖြင့် အဖန်တလဲလဲကြံခြင်းကြောင့် အဆိပ်ရောသော ပျားသကာကို စားမှားသူကဲ့သို့ ထိုမကောင်းသော အာရုံ၌ နှစ်သက်ခြင်းပီတိ၊ မတုန်မလှုပ်သက်ဝင်ခြင်း သမာဓိစသော ဈာန်တရားတို့ ပွားများသဖြင့် အပါယ်သို့ လားရောက်ရလေကုန်၏။

ထိုကာမဝိတက်စသော မိစ္ဆာဈာန်တရားတို့ကို ပယ်ရှား၍ အပါယ်လွတ်ကြောင်းဖြစ်သော လောကီ,လောကုတ္တရာသမာဓိဖြင့် သမထ၊ဝိပဿနာ ကမ္မဋ္ဌာန်းအာရုံယူလျက် အပ္ပနာဈာန်၊မဂ်၊ဖိုလ်တရားသို့ရောက်အောင် ကောင်းစွာပွားများကြံစည်အပ်ပေ၏။

## ဈာနပစ္စယော-ဘုရားရှိခိုး

သစ်ပင်တောင်ငူ၊ တက်သည့်သူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့၊ နှစ်ပါးရုပ်နာမ်၊ သဟဇာအား၊ ရှုစားစေခြင်းဟူသော၊ သတ္တိထူးဖြင့် ကျေးဇူးပြုတတ်သော ဈာန်အင်္ဂါငါးပါး ပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဈာနပစ္စယောပြီး၏။

http://www.dhammadownload.com



## ၁၈။ မဂ္ဂပစ္စယော။
(လမ်းကြောင်းသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)မဂ္ဂင်္ဂါနိ (ခ)မဂ္ဂသမ္ပယုတ္တကာနံ့ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ (ဂ )မဂ္ဂပစ္စယေနပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။ (က)မဂ္ဂင်္ဂါနိ၊ ပညာ၊ဝိတက်၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊ ဝီရိယ၊သတိ၊ သမာဓိ၊ဒိဋ္ဌိဟူသော မဂ္ဂင်တရားကိုယ်(၉)ပါး ပစ္စည်းတရားတို့သည်။ (ခ)မဂ္ဂသမ္ပယုတ္တကာနံ၊ မဂ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် ပစ္စယုပ္ပန် တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ်၊မဂ္ဂင်တို့ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း။ (ဂ) မဂ္ဂပစ္စယေနပစ္စယော၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြု၏။

---

### မဂ္ဂသတ္တိသရုပ်အဓိပ္ပါယ်များ

#### မဂ္ဂနှင့်ပစ္စယ

၁။လူတို့၏ ပကတိသွားရာ လမ်းခရီးကို 'မဂ္ဂ'ဟု ခေါ်၏။ ထိုပကတိလမ်း ခရီးသည် ခရီးသွားလာသူတို့အား လိုရာအရပ်သို့ ရောက်အောင်ပို့ဆောင်ပေးသကဲ့သို့ မိမိနှင့်တကွဖြစ်ဖက် သမ္ပယုတ်တရားတို့အား လိုရာအာရုံ၊လိုရာကိစ္စသို့ ရောက်အောင် ပို့ဆောင်ပေးတတ်ကြောင့် 'မဂ္ဂ' (မဂ္ဂင်)ဟု ခေါ်သည်။

မဂ္ဂင်တရားကိုယ် (၉)ပါး အကြောင်းပစ္စည်းတရားတို့က စိတ်၊စေတသိက် စိတ္တဇရုပ်၊ကမ္မဇရုပ်အကျိုးပစ္စယုပ္ပန်တရားတို့အား လမ်းကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုခြင်းသဘောကို 'မဂ္ဂပစ္စယော'ဟု ခေါ်သည်။

#### မဂ္ဂ၏ဥပမာ

ပကတိလမ်းခရီးသည် လိုရာခရီးသို့ ရောက်အောင် ပို့ဆောင်ပေးတတ် သကဲ့သို့ မဂ်သတ္တိတို့က မိမိလိုရာခရီးသို့အရောက်ပို့ ဆောင်ပေးပါသည်။

http://www.dhammadownload.com



**လက်ာ။** ပကတိလမ်း၊ လိုရာမြန်းဖို့၊ ဆောင်ဖွမ်းသည့်နယ်၊ သတ္တိကြွယ်သို့၊ သွယ်သွယ်
တကျွ၊ဖြစ်သမျှကို၊ကိစ္စအာရုံ၊လိုရာကြုံအောင်၊ ပို့ဆောင်နိုင်စွ၊သတ္တိပြ၊ မဂ္ဂဂ်ဟုခေါ်။

**သမ္မာမဂ်နှင့် မိစ္ဆာမဂ်**

**သုဂတိဒုဂ္ဂတိနံ နိဗ္ဗာနဿစ အဘိမုခံ ပါပနတော မဂ္ဂေါ။**

'သမ္မာမဂ်'သည် သုဂတိနှင့် နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်ပေး၏။

'မိစ္ဆာမဂ်'သည် အပါယ်ဒုဂ္ဂတိသို့ ရောက်အောင် ပို့ဆောင်ပေး၏။

သမ္မာမဂ်တရားသည် အင်္ဂါ(၈)ပါး၊ မိစ္ဆာမဂ်တရားသည် အင်္ဂါ(၄)ပါး၊ ဤသို့အားဖြင့် မဂ္ဂပစ္စယောအရ မဂ္ဂင်တရား (၁၂)ပါး ရှိသည်။

**သမ္မာမဂ် (၈)ပါး**

၁။ သမ္မာဒိဋ္ဌိ-မှန်သော အမြင်ရှိခြင်း၊(ပညာ)
၂။ သမ္မာသင်္ကပ္ပ-မှန်သောအကြံရှိခြင်း။ (ဝိတက်)
၃။ သမ္မာဝါစာ- မှန်သောစကားရှိခြင်း။ (သမ္မာဝါစာ)
၄။ သမ္မာကမ္မန္တ- မှန်သောအလုပ်ရှိခြင်း(သမ္မာကမ္မန္တ)
၅။ သမ္မာအာဇီဝ-မှန်သောအသက်မွေးမှုရှိခြင်း။(သမ္မာအာဇီဝ)
၆။ သမ္မာဝါယာမ-မှန်သောအားထုတ်မှုရှိခြင်း (သမ္မာ ဝီရိယ)
၇။ သမ္မာသတိ- မှန်သောအောက်မေ့မှုရှိခြင်း (သမ္မာ သတိ)
၈။ သမ္မာသမာဓိ-မှန်သော တည်ကြည်မှုရှိခြင်း။(သမ္မာ သမာဓိ) တို့ဖြစ်၏၊

**မိစ္ဆာမဂ်(၄)ပါး**

၁။ မိစ္ဆာဒိဋ္ဌိ- မှားသော အယူရှိခြင်း(မိစ္ဆာဒိဋ္ဌိ)
၂။ မိစ္ဆာသင်္ကပ္ပ-မှားသောအကြံရှိခြင်း(မိစ္ဆာ-ဝိတက်)
၃။ မိစ္ဆာဝါယာမ-မှားသောအားထုတ်မှုရှိခြင်း(မိစ္ဆာ-ဝီရိယ)
၄။ မိစ္ဆာသမာဓိ-မှားသော တည်ကြည်မှုရှိခြင်း(မိစ္ဆာ-သမာဓိ) ဖြစ်၏

**မဂ္ဂင်ထိုက်သော တရား(၉)ပါး**

သမ္မာမဂ္ဂင်တရားတို့မှာ ကုသိုလ်သောဘာနစိတ်တို့၌ယှဉ်သော ပညာ

http://www.dhammadownload.com



ဝိတက်, ဝိရတီသုံးပါး,ဝီရိယ,သတိ,သမာဓိဟူသည့် စေတသိက်(၈)ပါးတို့ ဖြစ်၏။ မိစ္ဆာမဂ္ဂင်တို့မှာ အကုသိုလ်စိတ်တို့၌ယှဉ်သော ဒိဋ္ဌိ,ဝိတက်,ဝီရိယ, သမာဓိဟူသည့် စေတသိက်(၄)ပါးတို့ ဖြစ်၏။

ထိုတွင် ဝိတက်၊ဝီရိယ၊သမာဓိတို့သည် သမ္မာမဂ္ဂင်နှင့် မိစ္ဆာမဂ္ဂင် နှစ်မျိုးလုံး၌ ပါဝင်နေသဖြင့် မဂ္ဂင်(၁၂)ပါးကို တူရာပေါင်းလျှင် တရားကိုယ်(၉)ပါးသာ ရ၏။

## မဂ္ဂသတ္တိကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| မဂ္ဂင်္ဂါနိ | မဂ္ဂသမ္ပယုတ္တကာနံ |
| မဂ္ဂင်တရား ၉-ပါး | သဟိတ်စိတ် ၇၁၊ စေ ၅၂ |
| | စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် |

### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

ပညာ,ဝိတက်,ဝိရတီသုံးပါး,ဝီရိယ,သတိ,သမာဓိ,ဒိဋ္ဌိဟူသော မဂ္ဂင်တရားကိုယ်(၉)ပါး အကြောင်းပစ္စည်းတရားတို့သည် သဟိတ်စိတ် (၇၁)၊ စေတသိက်(၅၂)၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဟူသော အကျိုးပစ္စယုပ္ပန်တို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## မဂ္ဂသတ္တိကျေးဇူးပြုပုံအကျယ်

(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | (သချိုဂ်-၇) | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| သမ္မာမဂ္ဂင် (၈)ပါး | ကု | ကု | ကု ၂၁၊စေ ၃၈ သမ္ပယုတ်ခန္ဓာ |
| | ကု | ဗျာ | ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| မိစ္ဆာမဂ္ဂင် (၄)ပါး | အကု | အကု | အကု ၁၂၊ စေ ၂၇ သမ္ပယုတ်ခန္ဓာ |
| | အကု | ဗျာ | အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| သမ္မာမဂ္ဂင်(၈)ပါး | ဗျာ | ဗျာ | (ဒွေ ၁၀ကြဉ်)ဝိ ၂၆၊ကြိ ၂၀၊စေ ၃၈ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် |

မှတ်ချက်။ (မဂ္ဂင်၊ ဈာနင်တို့၏ အရေတွက်သချိုဂ် ၇-ချက်သည် ဟေတုနှင့်တူ၏)

http://www.dhammadownload.com



### အချိန်နှိနေရာပုဂ္ဂိုလ်နှင့် မဂ္ဂသတ္တိ

မဂ္ဂသတ္တိတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်အနေဖြင့် ကျေးဇူးပြု၏။ ဘုံအားဖြင့် အသညသတ်မှတစ်ပါး ဘုံ(၃၀)တွင် နိရောဓသမာပတ်ဝင်စားဆဲပုဂ္ဂိုလ်မှတစ်ပါး ပုဂ္ဂိုလ်(၁၂)ယောက်လုံးတို့သန္တာန်၌ ကျေးဇူးပြုနိုင်၏။

## မဂ်စွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

### လမ်းစဉ်နှင့်ပန်းတိုင်

'လမ်းဆုံးလျှင် ရွာတွေ့'ဟူသောစကားသည် ခရီးလမ်းနှင့် ပန်းတိုင်ကို ညွှန်ပြပေ၏။ မဂ်စွမ်းအင်သတ္တိတို့သည် သံသရာခရီးတစ်လျှောက်တွင် သတ္တဝါတိုင်းလျှောက်လှမ်းနေရသည့် လမ်းစဉ်တို့ပင် ဖြစ်၏။ လမ်းစဉ်ဆုံးလျှင်ကား ပန်းတိုင်ကို မလွဲမသွေ တွေ့ရပေလိမ့်မည်။

ထိုပန်းတိုင်သည် လမ်းစဉ်အားလျော်စွာ ကွဲပြားမှုကား ရှိ၏။ သမ္မာလမ်းစဉ်ကို လျှောက်လှမ်းနေသူအား လမ်းဆုံးလျှင် နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ ရောက်ရ၏။ မိစ္ဆာလမ်းစဉ်ကို လျှောက်နေသူအား တစ်ဘဝလမ်းခရီးဆုံးသည်နှင့် အပါယ်ငရဲသည် ပန်းတိုင်သဖွယ် ကြိုဆိုနေလေ၏။ လူတိုင်းမှာ မိမိကြိုက်ရာ ပန်းတိုင်အတွက် မိမိကိုယ်တိုင် လမ်းစဉ်ကို ရွေးချယ်၍ လျှောက်ပိုင်ခွင့် ရှိနေကြပေသည်။

### မဂ္ဂင်(၈)ပါး အကျင့်မြတ်တရား

မဂ္ဂင်တရား (၈)ပါး၌ အကျင့်သိက္ခာအားဖြင့်-

၁။ သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပဟူသော ပညာ၊ဝိတက်တို့သည် **'ပညာသိက္ခာ'** မည်၏။

၂။ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝဟူသော ဝိရတီသုံးပါးတို့သည် **'သီလသိက္ခာ'** မည်၏။

၃။သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိဟူသော ဝီရိယ၊သတိ၊ သမာဓိ သုံးပါးတို့သည် **'သမာဓိသိက္ခာ'** မည်၏။

ထိုတွင် သီလသိက္ခာအကျင့်မြတ်ဖြင့် အပါယ်လမ်းမှ လွတ်၍ လူ့ပြည်နတ်ရွာသို့ရောက်အောင် ပို့ဆောင်ပေးနိုင်၏။ သမာဓိသိက္ခာအကျင့်မြတ်ဖြင့် ကာမဘုံမှ

http://www.dhammadownload.com



လွတ်၍ ဗြဟ္မာဘုံသို့ ရောက်အောင်ပို့ဆောင်ပေးနိုင်၏။ ပညာသိက္ခာ အကျင့်မြတ်ဖြင့် (၃၁)ဘုံဟူသော သံသရာဝဋ်မှလွတ်၍ နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်ပေးနိုင်လေ၏။ ထိုသို့ မိမိလမ်းစဉ်၏ အဆုံးသို့ရောက်အောင် ပို့ဆောင်ပေးမှုသည်ပင် မဂ်သတ္တိ၏စွမ်းရည်ထူး ဖြစ်တော့သည်။

## သုဂတိနိဗ္ဗာန်အတွက် လမ်းစဉ်

သမ္မာမဂ် (၈)ပါးကို ပွားများအားထုတ်သူအား ကုသိုလ်တရား (၂၁)ပါးနှင့် သမ္ပယုတ်နာမ်ခန္ဓာ၊ စိတ္တဇရုပ်၊ကမ္မဇရုပ်ဟူသော လူနတ်နိဗ္ဗာန်သုံးတန်ချမ်းသာတို့ကို ရရှိနိုင်အောင် ပို့ဆောင်၏။

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာဟူသော ကောင်းကျိုးလိုလားသော သူတော်ကောင်းသည် သမ္မာမဂ္ဂင်တရား(၈)ပါးကို နေ့ညမကွာ ပွားများအားထုတ်ခြင်းဖြင့် သမ္မာလမ်းစဉ်ကို လျှောက်လှမ်း နိုင်ပေ၏။

## အပါယ်ဒုဂ္ဂတိအတွက် လမ်းစဉ်

မိစ္ဆာမဂ် (၄)ပါးကို ပွားများအားထုတ်သူအား အကုသိုလ်တရား (၁၂)ပါးနှင့် သမ္ပယုတ်နာမ်ခန္ဓာ၊ စိတ္တဇရုပ် ကမ္မဇရုပ်ဟူသော အပါယ်ဒုဂ္ဂတိနှင့် လူနတ်ဆင်းရဲတို့ကိုရရှိအောင် ပို့ဆောင်ပေး၏။

အပါယ်ဒုဂ္ဂတိနှင့် လူနတ်ဆင်းရဲဒုက္ခများကို မရရှိမခံစားလိုသော သူတော်ကောင်းသည် မိစ္ဆာမဂ္ဂင်တရား (၄)ပါးတို့ကို သတိမပြတ် ရှောင်ကြဉ်အပ်၏။ မိစ္ဆာလမ်းစဉ်ကို မလျှောက်လှမ်း သင့်ပေ။

## လမ်းစဉ်မှန်နှင့် လမ်းစဉ်မှား

သံသရာခရီးတစ်ပိုက်မှာ လျှောက်လှမ်းစရာလမ်းစဉ်သည် (၂)မျိုးသာ ရှိ၏။ ာစ်ချို့က လမ်းစဉ်မှန်ဖြင့် လျှောက်ကြ၏။ တစ်ချို့က လမ်းစဉ်မှားကို လျှောက်ကြ၏။ လမ်းစဉ်မှန်၌ ပန်းတိုင်မှန်ရှိသကဲ့သို့၊ လမ်းစဉ်မှား၌လည်း ပန်းတိုင်မှားသာ ရှိ၏။ ထို့ကြောင့် သမ္မာမဂ်ခေါ် ပန်းတိုင်မှန်ရောက်ဖို့အတွက် လမ်းစဉ်မှန်ကို ရွေးချယ်လျှောက်လှမ်းဖို့ လိုသည်။

http://www.dhammadownload.com



## လမ်းမှန်လမ်းမှားတို့၏ အကြောင်းတရား

လမ်းစဉ်မှန်ခြင်းနှင့် လမ်းစဉ်မှားခြင်းတို့၏ မူလအကြောင်းမှာ 'ဒိဋ္ဌိ' ခေါ် အသိအမြင်အယူ ဖြစ်၏။ သမ္မာဒိဋ္ဌိခေါ် အသိအမြင်မှန်ကန်မှုသည် လမ်းစဉ်မှန် သမ္မာမဂ်၏အကြောင်း ဖြစ်၏။ မိစ္ဆာဒိဋ္ဌိခေါ် အသိအမြင်အယူအဆ မှားယွင်းမှုသည် လမ်းစဉ်မှား မိစ္ဆာမဂ်၏အကြောင်းပင် ဖြစ်ပေ၏။ မူလတရားကိုယ်မှာ သမ္မာဒိဋ္ဌိ၌ ပညာဟူသော ဝိဇ္ဇာဉာဏ်အလင်းဖြစ်၍ မိစ္ဆာဒိဋ္ဌိ၌ မောဟဟူသော အဝိဇ္ဇာအမိုက် မှောင် ဖြစ်သည်။

## ဒိဋ္ဌိဖြစ်ကြောင်း (၂)ပါး

သမ္မာဒိဋ္ဌိအမြင်ရှိဖို့နှင့် မိစ္ဆာဒိဋ္ဌိအမြင်မှား ရှိနေဖို့မှာ အကြောင်း(၂)ပါးစီ ရှိ၏။ (၁) **ပရတောဃောသ**-ခေါ် သူတော်ကောင်းတရားကြားနာရမှုနှင့် (၂) **ယောနိသောမနသိကာရ**-ခေါ် သင့်တင့်သောအားဖြင့် နှလုံးသွင်းမှုတို့ မိမိ၌ ရှိနေလျှင် သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာနိုင်၏။

ထို့အတူ (၁) **ပရတောဃောသ**ခေါ် မသူတော်တို့တရား နာကြားရမှုနှင့် (၂) **အယောနိသောမနသိကာရ**ခေါ် မိမိကိုယ်တိုင်က မသင့်တင့်သောအားဖြင့် နှလုံးသွင်းမှုရှိနေလျှင်ကား မိမိသန္တာန်၌ မိစ္ဆာဒိဋ္ဌိတရား ကိန်းအောင်းဖြစ်ပေါ်လာ နိုင်ပေမည်။

တစ်နည်းဆိုရလေသော် (၁)မိမိတည်းဟူသော အဇ္ဈတ္တအကြောင်းတရားနှင့် (၂)သူတစ်ပါးတည်းဟူသော ပတ်ဝန်းကျင် ဗဟိဒ္ဓအကြောင်းတရားနှစ်ပါးတို့ ကောင်းခြင်း(၂)မျိုးဖြင့် ပြည့်စုံလျှင် သမ္မာဒိဋ္ဌိဖြစ်၍၊ ဆိုးခြင်း(၂)မျိုးဖြင့် ပြည့်စုံ နေလျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်ပေသတည်း။

## လမ်းစဉ်မှန်၏တန်ဖိုး

မြတ်စွာဘုရား သာဝတ္ထိမြို့မှာသီတင်းသုံးတော်မူစဉ်က ရဟန်းတော်များ မြို့တွင်းသို့ ဆွမ်းခံကြွစဉ် တိတ္ထိပရိဗိုဇ်တို့က 'ငါ့ရှင်တို့၊ သင်တို့ဟာ ဘာအကျိုး အတွက် ရဟန်းဂေါတမထံမှာ အကျင့်မြတ်ကို ကျင့်သုံးနေကြသလဲ'ဟု မေးကြ၏။ ရဟန်းတို့က 'ငါ့ရှင်တို့၊ ဆင်းရဲဒုက္ခကို ပိုင်းခြားသိ၍ ဆင်းရဲဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုခြင်းအတွက် အကျင့်မြတ်ကို ကျင့်သုံးခြင်းဖြစ်တယ်'လို့

http://www.dhammadownload.com



ပြန်ဖြေကြ၏။

ထိုအကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်ကြရာ ဘုရားရှင်က ဟုတ်မှန် ကြောင်းဝန်ခံပြီး 'ရဟန်းတို့၊ အကယ်၍ ပရိဗိုဇ်တို့က ဤဆင်းရဲဒုက္ခကို ပိုင်းခြားသိဖို့ရန် လမ်းစဉ်အကျင့် ရှိပါသလား' ဟုမေးခဲ့သော် အင်္ဂါ(၈)ပါးရှိသော အရိယမဂ်' ကို ဖြေဆိုရမည်ဖြစ်ကြောင်း ဟောကြားတော်မူ၏။(ကိမတ္ထိယသုတ်၊ မဂ္ဂသံယုတ်)

ထို့ကြောင့် လမ်းစဉ်မှန် မဂ္ဂင်(၈)ပါး အကျင့်မြတ်တရား၏တန်ဖိုးသည် ဆင်းရဲဒုက္ခမှ လွတ်မြောက်ခြင်း'ဝိမုတ္တိရသ'တန်ဖိုး အကျိုးရှိပေသည်။

## လမ်းစဉ်သည် ပန်းတိုင်မဟုတ်ပါ

ဘဝဒုက္ခမှလွတ်မြောက်ဖို့ရာ နိဗ္ဗာန်ပန်းတိုင်သို့ ရောက်လိုသူသည် ရပ်နေ၍ မရ။ လမ်းမှား၍လည်း မဖြစ်။ မဂ္ဂင်(၈)တန်၊ လမ်းစဉ်မှန်အတိုင်း မရပ်မနား လျှောက်လှမ်းရ၏။ လမ်းစဉ်မှန်ကိုလျှောက်ခြင်းသည် မြစ်တစ်ဖက်ကမ်းသို့ ဖောင်နှင့် ကူးသည့်ပမာ တူ၏။

ဘဝသံသရာ၌ ရပ်နာမ်ခန္ဓာအပေါ် သက္ကာယဒိဋ္ဌိဖြစ်တည်နေမှုသည် ဤဖက်ကမ်း မည်၏။ နိဗ္ဗာန်သည် ဟိုဖက်ကမ်း မည်ပေ၏။ မဂ္ဂင်အကျင့်သည်ကား 'ဖောင်'မည်ပေသတည်း။

ထို့ကြောင့် အသိပညာနှင့် ပြည့်စုံသော အမျိုးကောင်းသား၊သားမီးတို့သည် နိဗ္ဗာန်ကိုသာ ပန်းတိုင်အဖြစ်သိမြင်လျက်၊ ခန္ဓာဤဖက်ကမ်း၌ သံသရာတစ်ခွင် ကျင်လည်နေရသမျှ လူနတ်ဗြဟ္မာဟူသော ဘဝစည်းစိမ်ချမ်းသာ အဖြာဖြာကို မဂ္ဂင်(၈)တန်ဖြင့် မုချကေန်လျှောက်လှမ်းရမည့် လမ်းစဉ်မှန်အဖြစ် မှတ်ယူထားသင့် ပေသည်။

ထိုလမ်းစဉ်အတွင်း၌ ရရှိခံစားရသမျှ လူနတ်ဗြဟ္မာ၊ စည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို ဘဝ၏ရည်မှန်းချက် လမ်းဆုံးပန်းအတိုင်သဖွယ် တဏှာဥပါဒါန် တို့ဖြင့် ဖက်တွယ်ထားသမျှ နိဗ္ဗာန်ပန်းတိုင်သို့ မရောက်ရှိနိုင်ပေ။

ထို့ကြောင့် ပန်းတိုင်မဟုတ်သော ဘဝခန္ဓာ စည်းစိမ်ချမ်းသာအဖြာဖြာတို့၌ ဖက်တွယ်မထားဘဲ ရပ်မနေဘဲ လမ်းမမှားစေဘဲ ပန်းတိုင်မရောက်မချင်း ဆက် လျှောက်နေဖို့ လိုအပ်ပေသည်။

http://www.dhammadownload.com



## ငါပွားအသိနှင့် ငါပါးအသိ

နိဗ္ဗာန်ပန်းတိုင်သို့ ရောက်လိုသူသည် လမ်းစဉ်မှန်ကို လျှောက်လှမ်းရာ၌ ဘဝခန္ဓာ အပေါ် အသိတစ်မျိုးဖြင့် ရှုမြင်နိုင်ဖို့လိုကြောင်းကို မြတ်စွာဘုရားက **'နေတံမသုတ်'** ဖြင့် ထုတ်ဖော်ဟောကြား၏။

'ဤဘဝခန္ဓာသည် ငါ့ဟာ၊ ငါပိုင်၊ မဟုတ်'ဟု တဏှာမာနဒိဋ္ဌိတို့ကို **''စွန့်လွှတ်အသိ''**မျိုး ဖြစ်၏။ ထိုအသိမျိုးသည် သက္ကာယဒိဋ္ဌိကို ပါးစေသဖြင့် **'ငါပါးအသိ'** မည်၏။

ဆန့်ကျင်ဖက်အနေဖြင့် **'စတံမသုတ်'**ကိုလည်း ဟော၏။ 'ဤဘဝခန္ဓာသည် ငါ့ဟာ၊ ငါပိုင်၏'ဟု တဏှာမာနဒိဋ္ဌိတို့ဖြင့် သိမ်းပိုက်အသိမျိုး ဖြစ်၏။ ထိုအသိမျိုးသည် သက္ကာယဒိဋ္ဌိကို တိုးပွားစေသဖြင့် **'ငါပွားအသိ'** မည်၏။

နိဗ္ဗာန်ပန်းတိုင်သို့ ဦးတည်ရည်မှန်းလျက် လျှောက်လှမ်းသူသည် တဏှာ၊ မာန၊ဒိဋ္ဌိဟူသော ပပဉ္စတရားများ တိုးပွားလာမည့် ငါပွားအသိကို ရှောင်ပယ်၍၊ ငါပါးအသိဖြင့် လက်ခံကျင့်သုံးအပ်ပေ၏။

## ဘဝကို အမှိုက်ပုံကဲ့သို့ရှုမြင်ခြင်း

မိမိသူတစ်ပါးဟူသော အာရုံငါးပါးတို့ဖြင့် အလှဆင်တည်ဆောက်ထားသော ခန္ဓာငါးပါး၌ စွဲမက်သာယာ တွယ်တာစွဲလန်းမှု တဏှာ၊ဥပါဒါန်တို့ကို စွန့်လွှတ်လိုသူသည် ဘဝခန္ဓာအပေါ်၌ တန်ဖိုးမရှိသော အမှိုက်ပုံအသွင် ရှုမြင်နိုင်ဖို့ လို၏။

မြတ်စွာဘုရားက 'ရဟန်းတို့၊ ဇေတဝန်ကျောင်းဝ၌ မြက်အမှိုက်ပုံကြီးကို လူတွေ လာ၍ မီးရှို့သွားသည့်အခါ ငါတို့ဥစ္စာတွေကို မီးရှို့သွား၏လို့ သင်တို့စိတ်၌ နာကျင်ခံစားမှု အသိမျိုးဖြစ်သလော'ဟု မေးတော်မူ၏။ ရဟန်းတို့က 'မဖြစ်ပါ ဘုရား'ဟု ပြန်ကြားလျှောက်ထားလေ၏။

ထိုအခါ၌ ''ရဟန်းတို့၊ သင်တို့သည် မိမိ၏ခန္ဓာ(၅)ပါးအပေါ်၌ ငါ့ဥစ္စာဟူသည့် အစွဲကို စွန့်ကြကုန်လော။ ထိုအမှိုက်ပုံကြီးပမာ သဘောထား ကြကုန်လော့'ဟု မိန့်မှာညွှန်ကြား၍ နည်းပေးတော်မူသည်။ (နတုမှာကသုတ်၊ ခန္ဓဝဂ္ဂသံယုတ်)

ထို့ကြောင့် နိဗ္ဗာန်ပန်းတိုင်သို့ လမ်းစဉ်မှန်ဖြင့် လျှောက်လှမ်းသူသည် ငါပါးအသိဖြင့် ကျင့်သုံးအားထုတ်လျက် ဘဝခန္ဓာနှင့် ဝတ္ထုအာရုံကာမဂုဏ်တို့အပေါ်

http://www.dhammadownload.com



တဏှာ၊မာန၊ဒိဋ္ဌိအစွဲတို့ကို စွန့်လွှတ်နိုင်ဖို့ လိုပေ၏။

ထိုသို့ စွန့်လွှတ်နိုင်ခြင်းရှိသူမှသာ လွတ်မြောက်နိုင်ပေ၏။ လွတ်မြောက်နိုင်သူဖြစ်မှသာလည်း နိဗ္ဗာန်ပန်းတိုင်သို့ ရောက်ပေလိမ့်မည်တည်း။

'မစွန့်-မလွတ်၊ လွတ်ချင်-လွှတ်။ သံသရာဝဋ်မှ-ကျွတ်တော့၏'

## မဂ္ဂပစ္စည်းအကျိုးတရား

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသတိစသော အကုသိုလ်မဂ္ဂင်တရား(၄)ပါးတို့သည် ယူဆောင် ဆွဲငင်အပ်သဖြင့် အကုသိုလ်ဖြစ်ပွား၍ သံသရာ ဤဖက်ကမ်းမှ မထမြောက်နိုင်ပေ။ သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပစသော ကုသိုလ်မဂ္ဂင်တရား(၈)ပါးတို့သည် ယူဆောင် ဆွဲငင်အပ်သဖြင့် ကုသိုလ်တရားဖြစ်ပွား၍ သံသရာ ထိုမှာဖက်ကမ်းသို့ လှမ်းရောက်နိုင်ကြသည်။

သံသရာဟိုဖက်ကမ်းဖြစ်သော နိဗ္ဗာန်နန်းသို့ ရောက်လှမ်းလိုသော အမျိုးကောင်းသားသမီးတို့သည် အကုသိုလ်မဂ္ဂင်တို့ကို ပယ်ရှား၍ ကုသိုလ်မဂ္ဂင်တရားတို့ကို ကြိုးစားပွားများ အားထုတ်အပ်ပေတော့သည်။

## မဂ္ဂပစ္စယော-ဘုရားရှိခိုး

ပကတိလမ်း၊ လိုရာမြန်းဖို့၊ ဆောင်စွမ်းသည့်နယ်၊ သတ္တိကြွယ်သို့၊ သွယ်သွယ်တကွ၊ ဖြစ်သမျှကို၊ ကိစ္စအာရုံ၊ လိုရာကြုံအောင်၊ ပို့ဆောင်နိုင်သော သတ္တိထူးဖြင့် ကျေးဇူးပြုသော မဂ္ဂင်တရား(၁၂)ပါးပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနော၊ တရားသဘော သာ၊ ထင်ရှားရှိပါပေသည်တကား။

မဂ္ဂပစ္စယောပြီး၏။

http://www.dhammadownload.com



# ၁၉။ သမ္ပယုတ္တပစ္စယော။
(ယှဉ်ဖက်သတ္တိဖြင့် ကျေးဇူးပြု၏။)

**ပစ္စယနိဒ္ဒေသပါဠိ**

၁။ (က)စတ္တာရော ခန္ဓာ အရူပိနော၊ (ခ)အညမညံ
(ဂ)သမ္ပယုတ္တပစ္စယေနပစ္စယော။
(ပစ္စယနိဒ္ဒေသအနက်မှာ အညမညအတိုင်းဖြစ်၏။)

---

## သမ္ပယုတ်သတ္တိသရုပ်အဓိပ္ပါယ်များ

### သမ္ပယုတ္တနှင့်ပစ္စယ

'ဖြစ်တူ,ချုပ်တူ,၊ အာရုံတူ,၊ စိတ်နှင့်မှီရာတူ'ဟူသော သမ္ပယုတ်လက္ခဏာ (၄)ပါးနှင့် အညီအညွတ် ဖြစ်ယှဉ်မှုသဘောသည် 'သမ္ပယုတ္တ' မည်၏။

သမ္ပယုတ်ဖြစ်ကြသော နာမ်ခန္ဓာတရားလေးပါးတို့က မိမိတို့အချင်းချင်း အပြန်အလှန် ပေါင်းယှဉ်ဖက်ကြလျက် ကျေးဇူးပြုမှုသဘောကို 'သမ္ပယုတ္တပစ္စယော'ဟု ခေါ်၏။

### အညီအညွတ်ဖြစ်ယှဉ်ခြင်း

စိတ်စေတသိက်တရားတို့သည် သမ္ပယုတ်လက္ခဏာ (၄)ပါးနှင့် ပြည့်စုံနိုင်၍ အညီအညွတ်ပေါင်းယှဉ်၏။အညီအညွတ်ယှဉ်မှုဟူသည် နှစ်ပါး၊ သုံးပါးလေးပါး စသည်ပင် ရှိကြပါသော်လည်း တစ်ပါးတည်း၊တစ်မျိုးတည်း၊ တစ်ခုတည်း (ဧကတ္တ ဘာဝ)အဖြစ်သို့ ရောက်ရှိနေခြင်း ဖြစ်၏။

### သမ္ပယုတ်၏ဥပမာ

သကာ,ထောပတ်,ပျားရည်,ဆီဟူသော အရသာလေးမျိုးရောစပ်ထားသည့် စတုမဓုရ ဤကားထောပတ်အရသာ။ ဤကား ပျားရည်အရသာဟု ခွဲခြား၍ မရနိုင်သကဲ့သို့ အတူတကွပေါင်းဖက်၍ ကျေးဇူးပြုသည်။

**လင်္ကာ**။ ထောပတ်ဆီပျား၊ တင်လဲအားဖြင့်၊ ရောပြားသောခါ၊ ယှဉ်တွဲပါမူ၊ စတုမဓု၊ ပုံတူသမ္ပယုတ်ခေါ်။

http://www.dhammadownload.com



## သမ္ပယုတ်ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| စတ္တာရော ခန္ဓာ အရူပိနော<br>နာမ်ခန္ဓာ ၄-ပါး(၁-၃-၂) | အညမည<br>နာမ်ခန္ဓာချင်း(၃-၁-၂) |

### ပစ္စည်း+ပစ္စယုပ္ပန်ဆိုရိုး

၁။ စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါးဟူသော နာမ်ခန္ဓာလေးပါး အကြောင်းပစ္စည်းတရားတို့သည် စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါးဟူသော နာမ်ခန္ဓာလေးပါး အချင်းချင်း အကျိုးပစ္စယုပ္ပန်တရားတို့အား ပေါင်းယှဉ်ဖြစ်ဖက် သမ္ပယုတ်သတ္တိဖြင့် ကျေးဇူးပြုပါသည်။

### နာမ်ခန္ဓာ(၄)ပါးတို့ သမ္ပယုတ်ဖြစ်ပုံ

**ဧကော ခန္ဓော၊ တိဏ္ဏန္နံ ခန္ဓာနံ။**

လောဘမူ ပထမစိတ်၌ ထိုစိတ်ဟူသော ဝိညာဏ်ခန္ဓာသည် အကြောင်းပစ္စည်းဖြစ်သည့်အခါ ကျန်စေတသိက်ခန္ဓာသုံးပါးက အကျိုးပစ္စယုပ္ပန်ဖြစ်လျက် သမ္ပယုတ်သတ္တိကို ရ၏။

**တယော ခန္ဓာ၊ ဧကဿ ခန္ဓဿ။**

စေတသိက်ခန္ဓာသုံးပါးက အကြောင်းပစ္စည်းဖြစ်သည့်အခါ ဝိညာဏ်ခန္ဓာသည် အကျိုးပစ္စယုပ္ပန်ဖြစ်ရလျက် သမ္ပယုတ်သတ္တိ ရ၏။

**ဒွေ ခန္ဓာ၊ ဒွိန္နံခန္ဓာနံ။**

သညာနှင့်ဝေဒနာ ခန္ဓာနှစ်ပါးသည် အကြောင်းပစ္စည်းဖြစ်သည့်အခါ ကျန်သင်္ခါရ၊ ဝိညာဏ်ခန္ဓာနှစ်ပါးက အကျိုးပစ္စယုပ္ပန်ဖြစ်ရလျက် သမ္ပယုတ်သတ္တိဖြင့် ကျေးဇူးပြု၏။

ဤကဲ့သို့ နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်းသမ္ပယုတ်ဖက် ပေါင်းယှဉ်ကြလေသည်။

http://www.dhammadownload.com



## သမ္ပယုတ်ကျေးဇူးပြပုံအကျယ်
(ယှဉ်တွဲလေ့လာရန်)

| အကြောင်း(ပစ္စည်း) | သင်္ချာ-၃ | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ကု၂၁၊စေ ၃၈၊ နာမ်ခန္ဓာ (၁×၃×၂) | ကု | ကု | ကု-၂၁၊ စေ-၃၈၊ နာမက္ခန္ဓာ (၃×၁×၂) |
| အကု ၁၂၊စေ ၂၇၊နာမ်ခန္ဓာ | အကု | အကု | အကု-၁၂၊ စေ-၂၇ နာမက္ခန္ဓာ |
| ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈ | ဗျာ | ဗျာ | ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈ နာမ်ခန္ဓာ |

### အတူတကွဖြစ်တိုင်း အညီအညွတ်မဖြစ်နိုင်

အတူတကွဖြစ်ခြင်းသည်သဟဇာတ်ပစ္စည်းတည်း။ အညီအညွတ်ဖြစ်ခြင်းသည် သမ္ပယုတ်ပစ္စည်းတည်း။ သဟဇာတ်ဖြစ်တိုင်း သမ္ပယုတ်မဖြစ်နိုင်ပါ။ သို့သော် သမ္ပယုတ် ဖြစ်တိုင်းကတော့ သဟဇာတ်ပစ္စည်းဖြစ်သည်သာတည်း။

ဥပမာ။ ရူပါရုံကို အာရုံပြု၍ လောဘမူပထမစိတ်ဖြစ်ရာ၌ စေတသိက်(၁၉)ပါး ပါဝင်သည်။ ထိုစိတ်နှင့်တစ်ပြိုင်နက် စိတ္တဇရုပ်တို့လည်း ဖြစ်ပေါ်သည်။ ထိုတွင် လောဘမူ ပထမစိတ်နှင့် စေတသိက်(၁၉)ပါးတို့သည် ပင်ကိုယ်သဘော လက္ခဏာ တစ်မျိုးစီ ဖြစ်သော်လည်း သမ္ပယုတ်လက္ခဏာ(၄)ပါးနှင့် အညီအညွတ် တစ်ပေါင်းတည်း ဖြစ်ကြလေသည်။

လောဘနာမ်ကလာပ်၌ တရားကိုယ်ကား(၂၀)ဖြစ်သော်လည်း အာရုံကို တပ်မက်မှု ကိစ္စတစ်ခုတည်း၌ တစ်ပေါင်းတည်း တစ်ခုတည်းဖြစ်ခြင်းသည်ပင် သမ္ပယုတ်သတ္တိဖြင့် ကျေးဇူးပြုခြင်း မည်၏။

စိတ္တဇရုပ်သည်ကား လောဘမူပထမစိတ်နှင့် တစ်ပြိုင်နက်ဖြစ်သော်လည်း ရုပ်တရား ဖြစ်၍ နာမ်တရားနှင့် ရောယှက်ယှဉ်ဖက်နိုင်ခြင်းမရှိ။ တစ်ချိန်တည်း၌ အတူတကွ ဖြစ်တည်ရုံသာတည်း။ ထို့ကြောင့် တကွဖြစ်ခြင်း သဟဇာတ်သတ္တိ သာရှိ၍ အညီအညွတ်ယှဉ်ခြင်း သမ္ပယုတ်သတ္တိကား မရှိပါ။

### သဟဇာတ်နှင့်သမ္ပယုတ်

သဟဇာတ်သတ္တိသည် နာမ်နှင့်ရုပ်တို့ အတူတကွပေါင်းဖက်ဖြစ်နိုင်ရုံမျှ ကျေးဇူး ပြုနိုင်၏။ သမ္ပယုတ်သတ္တိမှာ 'ဖြစ်တူ၊ချုပ်တူ၊ အာရုံတူ၊စိတ်နှင့်မှီရာတူ'

http://www.dhammadownload.com



ဟူသည့် တူလေးမျိုး ပြည့်စုံမှသာ ပေါင်းဖက်ယှဉ်လျက် ကျေးဇူးပြုနိုင်သည်။

ဥပမာ- မြင်စရာတစ်ခုကို မြင်ရ၍ လောဘစိတ်ဖြစ်သောအခါ စိတ်တစ်ပါးနှင့် စေတသိက်(၁၉)ပါးနှင့် လောဘစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့သည် တစ်ပြိုင်နက် အတူတကွဖြစ်လာ၏။ ထိုတွင် လောဘစိတ်နှင့် စေတသိက်(၁၉)ပါးတို့သည် သဘောလက္ခဏာအားဖြင့် တစ်ပါးစီဖြစ်သော်လည်း သမ္ပယုတ်လက္ခဏာအားဖြင့်ကား တစ်သားတည်း ရောနှောပေါင်းယှဉ်လျက် ဖြစ်ကြ၏။

မြင်စရာအာရုံအပေါ်၌ တပ်မက်မှုကိစ္စကို အချင်းချင်းပေါင်းဖက်လျက်ဆောင်ရွက်ကြသည်။ စိတ္တဇရုပ်တို့ကား တစ်ချိန်တည်း၌ အတူတကွ ဖြစ်ရုံမျှဖြစ်၍ သဟဇာတ်သတ္တိ ဖြစ်၏။ သမ္ပယုတ်သတ္တိ မဖြစ်နိုင်။

## အညမညနှင့် သမ္ပယုတ်

အညမညသတ္တိသည် အချင်းချင်းအပြန်အလှန် ကျေးဇူးပြု၍ ဖြစ်ကုန်၏။ သို့သော် အချင်းချင်း အပြန်အလှန်ဖြစ်တိုင်း အညီအညွတ်သမ္ပယုတ် မဖြစ်နိုင်။ အညီအညွတ် သမ္ပယုတ်ဖြစ်လျှင်ကား အချင်းချင်း အပြန်အလှန် အညမညသတ္တိပါရှိလေတော့၏။

အညမညသတ္တိ၌ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုနိုင်သောတရားတို့တွင် ာမ်ခန္ဓာ(၄)ပါး၊ မဟာဘုတ်(၄)ပါး၊ ပဋိသန္ဓေနာမ်နှင့် ဟဒယဝတ္ထုရုပ်တို့ ပါဝင်၏။ ပမ္ပယုတ်သတ္တိ၌ကား နာမ်ခန္ဓာ(၄)ပါးသာ ပါဝင်၏။

ထို့ကြောင့် အချင်းချင်းအပြန်အလှန် အညီအညွတ်ဖြစ်နိုင်သော သမ္ပယုတ်ပတ္တိဖြစ်တိုင်း၌ အညမညသတ္တိပါ၍ အညမညသတ္တိဖြစ်တိုင်း၌ သမ္ပယုတ်မဖြစ်။ ပိုရင်းချုပ်သော် တစ်ပြိုင်နက်အတူတကွဖြစ်သောတရားတို့သည် သဟဇာတဖြစ်၏။ ဝိုသဟဇာတ်ဖြစ်မှသာ အချင်းချင်းအပြန်အလှန် အညမညသတ္တိ ဖြစ်နိုင်၏။ ာညမညဖြစ်နိုင်မှလည်း သမ္ပယုတ် ဖြစ်တော့၏။

## နာမ်နှင့်ရုပ် သမ္ပယုတ်မဖြစ်

နာမ်နှင့်ရုပ်တို့သည် အတူဖြစ်ခြင်း၊ အတူချုပ်ခြင်း၊ မှီရာတူခြင်း၊အာရုံ ူခြင်းဟူသာ သမ္ပယုတ်လက္ခဏာ(၄)ပါး မရှိ၍ သမ္ပယုတ်ပစ္စည်း မတပ်နိုင်။

ရုပ်အချင်းချင်းတို့သည်လည်း ဖြစ်တူ၊ချုပ်တူ၊မှီရာတူ ကြ၏။ အဝိနိဗ္ဘောဂ ပ်တို့သည် တစ်ပါးစီခွဲခြားမရနိုင်အောင် သဘောအားဖြင့် ပေါင်းစပ် နှီးနှောကြ၏။

http://www.dhammadownload.com


သို့သော် ရုပ်တရားတို့သည် အနာရမ္မဏတရားများ ဖြစ်သဖြင့် အာရုံတူခြင်း မရှိနိုင်၍ သမ္ပယုတ်ပစ္စည်း မဖြစ်နိုင်ပါ။

**အချိန်နှင့်နေရာပုဂ္ဂိုလ်နှင့် သမ္ပယုတ်သတ္တိ**

သမ္ပယုတ်သတ္တိတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်အနေဖြင့် ကျေးဇူးပြု၏။ ဘုံအားဖြင့် အသညသတ်မှတစ်ပါး ဘုံ (၃၀)၌၊ နိရောဓသမာပတ် ဝင်စားဆဲပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ်တို့မှတစ်ပါး ပုဂ္ဂိုလ်(၁၂)ယောက်တို့၏အဇ္ဈတ္တသန္တာန်၌ ကျေးဇူးပြုနိုင်၏။

---

သမ္ပယုတ်စွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

**ပါရမီဖြည့်ဖက်နှင့် အပျော်ဖက်**

သမ္ပယုတ်စွမ်းအင်သည် နာမ်ခန္ဓာအချင်းချင်း ပေါင်းသင်းဆက်ဆံခြင်း ဖြစ်၏။ သဟဇာတ၊အညမညတို့ကဲ့သို့ ရုပ်တို့ဖြင့် ဆက်ဆံမှုမျိုး မရှိ။ တစ်ဦးနှင့် တစ်ယောက် အချင်းချင်း ကိုယ်ဖြင့် ပေါင်းသင်းခြင်းမျိုး မဟုတ်။ စိတ်ဓာတ်ချင်း ပေါင်းသင်း ဆက်ဆံမှုမျိုးသာ ဖြစ်၏။

သတ္တဝါတို့သည် တစ်ဦးနှင့်တစ်ယောက် စိတ်ဓာတ်ချင်း ပေါင်းသင်း ဆက်ဆံကြရာ၌ **'သမဇာေန သမဇာော၊ ဂေါဇောေန ဂေါဇာော'** ဆိုသည့် အတိုင်း ဓာတ်သဘောတူသူ အချင်းချင်းသာ ပေါင်းသင်းဆက်ဆံနိုင်ကြ၏။

သူတော်ကောင်းဓာတ်ရှိသူတို့သည် သူယုတ်မာတို့နှင့် မပေါင်းသင်းနိုင်ကြ သူယုတ်မာဓာတ်ရှိသူတို့သည်လည်း သူတော်ကောင်းတို့နှင့် ပေါင်းသင်းနေနိုင်ခြင် လုံးဝမရှိနိုင်။ သူတော်ကောင်းနှင့် သူယုတ်မာတို့သည် ပေါင်းသင်းဆက်ဆံမှု ရည်ရွယ်ချက်အားဖြင့်လည်း ကွဲပြားကြ၏။ သူတော်ကောင်းတို့သည် ပါရမီဖြည့်ဖက် ရည်ရွယ်လျက် ပေါင်းဖက်ကြလေ၏။ သူယုတ်မာတို့ကား အပျော်ဖြည့် ဖက်အဖြ သာ ပေါင်းဖက်မှု ပြုကြလေသည်။

**အေးအတူပူအမျှ သမ္ပယုတ္တ**

တစ်ဦးနှင့်တစ်ယောက် ပေါင်းဖက်ယှဉ်တွဲ၍ နေထိုင်ကြရာ၌ သဟဇာ သတ္တိထက် အညမညသတ္တိရှိဖို့ လိုအပ်၏။ အညမညသတ္တိထက် ပို၍လည်

http://www.dhammadownload.com



သမ္မယုတ်သတ္တိ ပါရှိနိုင်မှသာ ထာဝစဉ် ပေါင်းယှဉ်နိုင်၍ ကောင်းကျိုးတိုးပွား တန်ဖိုးများနိုင်ပေမည်။

သဟဇာတ်သတ္တိသည် 'ကောင်းတူဆိုးပျက်' သဘောရှိ၏။ သူကောင်းနေသမျှ ပေါင်းဖက်၍ သူမကောင်းနိုင်သောအခါ မိတ်ပျက်သွားတော့၏။ 'အေးအတူပူမမျှ' သဘောမျိုးလည်း ရှိ၏။ အေးချမ်းနေတုန်းမှာ အတူတူပေါင်းဖက်ကြ၏။ ပူလောင်မှုကြုံလာသောအခါ မိမိကို စွန့်ခွာသွားတတ်၏။ အသွင်မတူ အိမ်သူမျိုးလည်း ဖြစ်၏။ တစ်ခါတရံ အဆင်ပြေစွာ ပေါင်းသင်းနေနိုင်၏။ တစ်ခါတရံ အဆင်မပြေမှု ဖြစ်သဖြင့် ငြိုငြင်လာတတ်ကြ၏။

သမ္မယုတ်ဖက် ပေါင်းသင်းဆက်ဆံသူတို့ကား ထိုသို့မဟုတ်။ ကောင်းလည်း အတူတူ၊ ဆိုးလည်း မစွန့်ခွာတတ်။ 'ကောင်းတူဆိုးဖက်'ဖြစ်၏။ အေးလည်းအတူတူ၊ ပူလည်း မျှမျှတတ။ 'အေးအတူ၊ ပူအမျှ' ဖြစ်ကြ၏။ အရာရာတွင် အသွင်တူသဖြင့် တစ်ဦးအပေါ်၌ တစ်ဦးက ငြိုငြင်မှုမပြုဘဲ သည်းခံခွင့်လွှတ်ပေါင်းဖက်လေ့ရှိ၏။

## အသွင်တူသော အိမ်သူများ

ချစ်သူအချင်းချင်းတို့ တစ်ဘဝလုံးအတွက် လက်တွဲဖော်အဖြစ် အိမ်ထောင်ဖက်ကို ရှာဖွေသောအခါ 'အသွင်တူ၊ မတူ'ကို ကြည့်ရ၏။ မိမိနှင့် ရေရှည်လက်တွဲမည့်သူသည် မိမိနှင့် တူညီရမည့် အသွင်(၄)မျိုးရှိကြောင်း ဘုရားဟောတော်မူ၏။ **သမသဒ္ဓါ**-ယုံကြည်ချက်လည်းတူရ၏။ **သမသီလ**-ကိုယ်ကျင့်တရားလည်း တူရ၏။ **သမစိတ္တ**-စိတ်သဘောထားချင်းလည်း တူရ၏။ **သမပညာ**-အသိဉာဏ်ဆင်ခြင်တုံတရား ရှိပုံချင်းလည်း တူညီနိုင်ရ၏။

ထို(၄)မျိုးဖြင့် အသွင်တူနိုင်မှသာ သမ္မယုတ်ဖက်ဆက်ဆံနိုင်၏။ အချင်းချင်း ကြည်ဖြူနိုင်၏။ အသွင်မတူသူတို့မှာ ကြာလေ ငြူစူမှုတို့သာ ပွားလာလေ ဖြစ်၏။ အသွင်တူမှုဟူသည်မှာ '**ဓာတ်သဘောတူ**'ဖြစ်ခြင်းကိုသာ ဆိုလိုသည်။

## ကြွေဖို့လွယ်၍ ဝေဖို့ခက်

သတ္တဝါတို့သည် ဘဝသံသရာ၌ တစ်ဦးနှင့်တစ်ယောက်တို့ တွေ့ကြုံဆုံစည်း၍ သမ္မယုတ်သတ္တိဖြင့် ကျေးဇူးပြုနိုင်မှုမှာ အကြောင်း(၂)ပါး ညီညွတ်ပြည့်စုံမှုကြောင့် ဖြစ်၏။ ကမ္မသတ္တိအရကြည့်သော် အတိတ်ကံအကြောင်းနှင့် ပစ္စုပ္ပန်ကံ

http://www.dhammadownload.com



အကြောင်း(၂)မျိုးပေါင်းထားသည်ကို တွေ့ရပေမည်။ ပဋိစ္စသမုပ္ပါဒ်နည်းအရ မိမိတို့ကိုယ်တိုင် ပြုလုပ်စီရင်ခဲ့သော သင်္ခါရစေတနာကံကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ ဘဝစသော အကျိုးတရားတို့ကို ကိုယ်ပိုင် ရရှိခံစားနေရခြင်း ဖြစ်၏။

**'ပုဗ္ဗေဝ သန္နိဝါသေန'** အတိတ်ကာလက စိတ်တူကိုယ်တူ ပေါင်းသင်းနေထိုင်ခဲ့ဖူးခြင်း၊ **'ပစ္စုပ္ပန္နဟိတေန'**၊ လက်တွေ့ဘဝ၌ တစ်ယောက်ကျေးဇူးတစ်ဦးမေတ္တာစေတ်တို့ဖြင့် အပြန်အလှန် ဆက်ဆံနိုင်ခြင်းဟူသော အကြောင်း(၂)မျိုးတို့ကြောင့်သာ ယခုဘဝတွင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ညီအစ်ကိုမောင်နှမ၊ ဇနီးခင်ပွန်း၊ ချစ်သူသမီးရည်းစားစသည်အားဖြင့် ပေါင်းဖော်ယှဉ်ဖက်၍ ပဋ္ဌာန်းဆက် သမ္မယုတ်စေတ်သတ္တိကို ရရှိလာကြခြင်း ဖြစ်၏။

ထို့ကြောင့်ပင် မြတ်စွာဘုရားက ဘဝသံသရာ၌ 'ဆွေမျိုးရင်းချာအဖြစ် မပေါင်းသင်း မဆက်ဆံခဲ့ဖူးသူ မရှိ'ဟူ၍ ဟောကြားတော်မူသည်။

ဤဘဝတွင် တစ်ယောက်နှင့်တစ်ယောက် ပေါင်းသင်းနေနိုင်ကြခြင်းမှာ ကံကောင်း၍ကောက်ရခြင်း၊ မိုးပေါ်က ပြုတ်ကျလာခြင်း၊ ထာဝရဘုရား၊ ဖန်ဆင်းရှင်၊ မိုးနတ်မင်းစသူတို့က ချစ်ခင်ကြင်နာသနားသဖြင့် ဖန်ဆင်းပေးခြင်းမျိုး မဟုတ်။

ထို့ကြောင့် သူတော်ကောင်း ပုဂ္ဂိုလ်ကြီးတို့သည် မိမိတို့၏ သမ္မယုတ်ဖက်ဘဝအဖော်တို့ကို သံသရာတစ်လျှောက်တွင် ပါရမီဖြည့်ဖက်အဖြစ် တန်ဖိုးထားကာ အကြောင်းတစ်စုံတစ်ရာဖြင့်သော်လည်း စွန့်ခွာပစ်ပယ်ခြင်း မပြုခဲ့ကြပေ။

အကြောင်းမှာ သမ္မယုတ်စေတ်ဖြင့် ကျေးဇူးပြုနိုင်မှုမှာ ခဲယဉ်း၍ ဝိပ္ပယုတ်သတ္တိဖြင့် ကျေးဇူးပြုနိုင်မှုမှာ လွယ်ကူခြင်းကြောင့်တည်း။ သစ်ပင်၌ အသီးအပွင့်တို့မှည့်ရင့် လွင့်ကြွေမှုတို့မှာ လွယ်ကူ၏။ ထိုအသီးအပွင့်တို့ ဖြစ်ထွန်းအောင်မြင်လာဖို့မှာ အချိန်ကာလအတော်ကြာ စောင့်မျှော်ရသကဲ့သို့ ဖြစ်၏။

### သမ္မယုတ္တပစ္စည်း၏အကျိုး

လောကီနာမ်ခန္ဓာ(၄)ပါးတို့သည် သဘောတူ တိုင်ပင်ပေါင်းဖက်၍ မြို့ရွာကိုဖျက်ဆီးသော ခိုးသူ(၄)ယောက်နှင့် တူ၏။ အချင်းချင်း သဘောတူပေါင်းသင်း၍ **'သင်္ခါရဒုက္ခ၊ဝိပရိဏာမဒုက္ခ၊ဒုက္ခဒုက္ခ'**ဟူသော ဝဋ်ဆင်းရဲတရားတို့ကို တိုးပွားစေပါသည်။ ထိုကုသိုလ်၊အကုသိုလ်၊ ဝိပါက်နာမ်ခန္ဓာတို့၌ ဝိပဿနာဉာဏ်ဖြင့်

http://www.dhammadownload.com



ရှုမြင်ဆင်ခြင်မှသာ မင်္ဂဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်ပါသည်။

## သမ္ပယုတ္တပစ္စယော-ဘုရားရှိခိုး

စတုမဂ္ဂ၊ ရောစပ်မှုနှင့်၊ နည်းတူလှစွာ၊ ယှဉ်ကြရာဝယ်၊ မကွာသဘော၊ လိုက်လျောနိုင်သော၊ သမ္ပယုတ်သတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်ခန္ဓာလေးပါး ပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါ မနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

သမ္ပယုတ္တပစ္စယောပြီး၏။

http://www.dhammadownload.com



# ၂၀။ ဝိပ္ပယုတ္တပစ္စယော။
(မယှဉ်ဖက်သတ္တိဖြင့် ကျေးဇူးပြု၏။)

## ပစ္စယနိဒ္ဒေသပါဠိ
၁။ (က)ရူပီနော ဓမ္မာ၊ (ခ)အရူပီနံ ဓမ္မာနံ၊ (ဂ)ဝိပ္ပယုတ္တပစ္စယေနပစ္စယော။
၂။ (က)အရူပီနော ဓမ္မာ၊ (ခ)ရူပီနံ ဓမ္မာနံ၊ (ဂ)ဝိပ္ပယုတ္တပစ္စယေနပစ္စယော။

## ပစ္စယနိဒ္ဒေသအနက်
၁။(က)ရူပီနော၊ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုဟူသော ဝတ္ထုရုပ် (၆)ပါးပစ္စည်းတရားသည်၊ (ခ)အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ နာမ်ခန္ဓာလေးပါးပစ္စယုပ္ပန်တရားတို့အား၊ (ဂ) ။

၂။ (က)အရူပိနော၊နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမ်ခန္ဓာ(၄)ပါး ပစ္စည်းတရား တို့သည်။ (ခ) ရူပီနံ၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား။ (ဂ)ဝိပ္ပယုတ္တပစ္စယေနပစ္စယော၊ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

---

## ဝိပ္ပယုတ်သတ္တိသရုပ်အဓိပ္ပါယ်များ

### ဝိပ္ပယုတ္တနှင့်ပစ္စယ
ဝိပ္ပယုတ္တသဒ္ဒါသည် မရှိခြင်း 'အဘာဝ'အနက်နှင့်၊ မရောနှောခြင်း 'အသံသဋ္ဌ'အနက်တို့ကို ဟောသည်။ ဒိဋ္ဌိဂတဝိပ္ပယုတ္တံစသည်၌ ဝိပ္ပယုတ္တသဒ္ဒါ မရှိခြင်း 'အဘာဝ'အနက်ကို ဟော၏။ ဤပဋ္ဌာန်း၌ကား မရောနှောခြင်း 'အသံသဋ္ဌ'အနက်ကို အလိုရှိအပ်၏။

ထို့ကြောင့် အတူတကွ တစ်ချိန်တည်း တစ်ပြိုင်တည်း၌ ပေါင်းသ ဆုံတွေ့မိကြ သော်လည်း သမ္ပယုတ်လက္ခဏာ (၄)ပါးတို့နှင့် မရောယှက် မဆက် ခြင်းသဘောသည် 'ဝိပ္ပယုတ္တ' မည်၏။

http://www.dhammadownload.com



ရုပ်တရားနှင့် နာမ်တရား ခန္ဓာ(၅)ပါး အကြောင်းပစ္စည်းတရားတို့က ရုပ်နာမ်ခန္ဓာ(၅)ပါး အကျိုးပစ္စယုပ္ပန်တရားတို့အား မရောနှော မဆက်ဆံမှုဖြင့် ကျေးဇူးပြုမှုသဘောကို '**ဝိပ္ပယုတ္တပစ္စယော**'ဟု ခေါ်၏။

## ဝိပ္ပယုတ္တ၏ဥပမာ

ချို၊ချဉ်၊ဖန်၊ခါး၊စပ်၊ငန်ဟူသော အရသာခြောက်မျိုးစုံသည့် ဟင်းလျာကို စားသောအခါ ဤကား အချို၊ ဤကား အချဉ်စသည်ဖြင့် ခွဲခြားသိနိုင်သကဲ့သို့ အချင်းချင်း မရောနှောသော်လည်း တစ်ပေါင်းတည်း ကျေးဇူးပြုခြင်း ဖြစ်၏။

**လင်္ကာ**။ ရသာခြောက်ပါး၊ရောစပ်ထားသို့၊ နှစ်ပါးရုပ်နာမ်၊ပစ္စယုပ္ပန်ပစ္စည်း၊တစ်ချိန်တည်းဝယ်၊
အသီးသီးတွေကြ၊ ဆုံမိကြလည်း၊ သမသဘော၊ မရောနှောကြ၊သတ္တိပြ၊ဝိပ္ပယုတ္တခေါ်။

## မရောယှက် မဆက်ဆံ၍ ကျေးဇူးပြုပုံ

ဟင်းတစ်ခွက်၌ အချဉ်အငန်အစပ်စသည်တို့ ပေါင်းစပ်ထားသော်လည်း နားလည်သောစားဖိုမှူးသည် ဤကားအငန် ဤကားအချဉ်စသည်ဖြင့် ခွဲခြားသိနိုင်၏။ ထို့အတူပရမတ် ရုပ်နာမ်တို့ကို ဉာဏ်မျက်စိဖြင့်ကြည့်လျှင် တစ်ပေါင်းတည်းဖြစ်နေသော်လည်း မိမိဆိုင်ရာလက္ခဏာအားဖြင့် ကွဲပြားခြားနားနေသည်ကို သိနိုင်ကြပေ၏။

ထိုသို့ လက္ခဏာသဘာဝချင်း မရောယှက်သော်လည်း ရုပ်နာမ်တရားတို့သည် အချင်းချင်းပေါင်းဖက်ယှဉ်တွဲလျက် ကျေးဇူးပြုနေနိုင်ကြပြန်၏။ ဤသို့ ကျေးဇူးပြုနေမှုသည် ဝိပ္ပယုတ္တသတ္တိ၏စွမ်းအင်ပင် ဖြစ်ပေသည်။

## ဝိပ္ပယုတ်(၃)မျိုး

၁။**သဟဇာတဝိပ္ပယုတ်**-နာမ်ခန္ဓာလေးပါးတို့က မိမိတို့နှင့်အတူဖြစ်သော စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့အား အတူတကွဖြစ်လျက် မရောယှက်ဘဲ ကျေးဇူးပြု၏။

၂။ **ပုရေဇာတဝိပ္ပယုတ်**-ဝတ္ထုရုပ်(၆)ပါးတို့က မိမိတို့ကိုမှီ၍ဖြစ်သော နောက်နောက် စိတ်တို့အား ရှေး၌မှီရာဖြစ်လျက် မရောယှက်ဘဲ ကျေးဇူးပြု၏။ (ပုရေဇာတ၊ နိဿယနှင့်တူ)

http://www.dhammadownload.com



၃။ ပစ္ဆာဇာတဝိပ္ပယုတ်-နောက်နောက်သော စိတ်စေတသိက်တို့က ရှေးရှေးသောစိတ်တို့နှင့်အတူ ဥပါဒ်ခဲ့၍ ဌီသို့ရောက်နေကြသော စတုဇကာယရုပ်အား နောက်၌ဖြစ်လျက် မရောက်ယှက်ဘဲ ကျေးဇူးပြု၏။ (ပစ္ဆာဇာတနှင့်တူ)

**လင်္ကာ။** သဟ,ပစ္ဆေ၊ ဝတ်ပုရေ၊ သုံးထွေဝိပ္ပယုတ်။

## သဟဇာတဝိပ္ပယုတ်ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | (သင်္ချာ-၃) | | အကျိုး(ပစ္စယုပ္ပန်) |
|---|---|---|---|
| ကု ၂၁၊ စေ ၃၈၊ နာမ်ခန္ဓာ | ကု | ကု | ကုသိုလ်ပြုအပ်သောစိတ္တဇရုပ် |
| အကု ၁၂၊စေ၂၇၊နာမ်ခန္ဓာ | အကု | အကု | အကုသိုလ်ပြုအပ်သောစိတ္တဇရုပ် |
| ဝိ ၂၂၊ ကြိ ၂၀၊စေ ၃၈၊ ပဋိ-ပဋိသန္ဓေနာမ်ခန္ဓာ-ဟဒယဝတ္ထု | ဗျာ | ဗျာ | စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပဋိ-ပဋိ နာမ်ခန္ဓာ၊ဟဒယဝတ္ထု |

### ပစ္စည်း+ပစ္စယုပ္ပန်ပုံဆိုရိုး

ပဋိဝေါကာရဘုံ၌ ဖြစ်သောအခါ (အရူပဝိပါက်စိတ် ၄-ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့စုတိကြဉ်) ရုပ်ကိုဖြစ်စေသော စိတ်(၇၅)ပါး၊ စေတသိက်(၅၂)ပါးဟူသော နာမ်ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ်၊ အကြောင်းပစ္စည်းတရားတို့သည် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဉ္စဝေါကာရပဋိသန္ဓေနာမ်ခန္ဓာ ဟဒယဝတ္ထုဟူသော အကျိုးပစ္စယုပ္ပန်တရားတို့အား၊ အတူတကွဖြစ်လျက် ဝိပ္ပယုတ်သတ္တိဖြင့် ကျေးဇူးပြုသည်။

သဟဇာတဝိပ္ပယုတ်သည် သဟဇာတပစ္စည်းမှ ထုတ်ယူထားသဖြင့် သဟဇာတပစ္စည်းနှင့် တူ၏။ ဝိပါက် (၃၆)၌ အရူပဝိပါက်(၄)၊ ပဉ္စဝိညာဏ် (၁၀)တို့သည် ရုပ်ကို မဖြစ်စေနိုင်၍ ကြဉ်ရသဖြင့် ဝိပါက်(၂၂)သာ ကျန်သည်။

ပဋိသန္ဓေအခါ၌ ပဉ္စဝေါကာရ၊ ပဋိသန္ဓေနာမ်ခန္ဓာတို့သည် ပဋိသန္ဓေကမ္မဇရုပ်အား သဟဇာတဝိပ္ပယုတ်ဖြင့် ကျေးဇူးပြု၏။ ယင်းပဋိသန္ဓေစိတ်တို့သည် ၄င်းတို့နှင့် တစ်ပြိုင်နက် ဖြစ်ပေါ်လာသော ဟဒယဝတ္ထုရုပ်ကို မှီရ၏။ ဟဒယဝတ္ထု

http://www.dhammadownload.com


သည်လည်း ပဋိသန္ဓေနာမ်ခန္ဓာ ကို့အား အချင်းအချင်းအပြန်အလှန် သဟဇာတ ဝိပ္ပယုတ်ဖြင့် ကျေးဇူးပြု၏။

## ပုရေဇာတဝိပ်ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ဝတ္ထုရုပ် ၆-ပါး | ဝိညာဏဓာတ် ၇-ပါး |

(ပုရေဇာတအတိုင်း အကျယ်လေ့လာပါ)

## အမှီခံဝတ္ထုရုပ်နှင့် အမှီဝိညာဏ်တို့ ဝိပ္ပယုတ်

'စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်စိတ်အား ရှေးဦးမှီရာဖြစ်၍ ကျေးဇူးပြု၏'ဟု ပုရေဇာတနိဿယ၌ ဆိုခဲ့၏။ ထိုမြင်သိစိတ် စက္ခုဝိညာဏ်သည် ရူပါရုံကို အာရုံပြုသော်လည်း စက္ခုဝတ္ထုကိုမှီလျက်သာ မကင်းမကွာ ဖြစ်လာရ၏။

ထိုသို့ဖြစ်ရာ၌ စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုရုပ်အတွင်းမှ တစ်စပ်တည်း ဖြစ်ပေါ်လာသကဲ့သို့ပင် ထင်ရလေ၏။

သို့သော် ဝတ္ထုရုပ်တို့နှင့် စိတ်ဝိညာဏ်တို့သည် ရုပ်နှင့်နာမ်ဖြစ်၍ တသီးခြားစီသာ ဖြစ်သည်။ အညီအညွတ် ရောနှောပေါင်းဖက် ဆက်ဆံခြင်း အလျှင်းမရှိဘဲ ကျေးဇူးပြု၍ သမ္ပယုတ်မဟုတ်။ ဝိပ္ပယုတ်သာ ဖြစ်ပါသည်။

## ပစ္ဆာဇာတဝိပ်ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| ပဉ္စဝေါကာဘုံ၌ ဖြစ်ခိုက်(အရူပဝိပါက်-ကြဉ်) ပ,ဘဝင်စသော နောက်နောက်သော စိတ် ၈၅၊ စေ ၅၂ | ပဋိသန္ဓေစသော ရှေးစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇ,ဥတုဇ,စိတ္တဇ, စတုဇကာယဟူသော ရုပ်အပေါင်း |

တ်ချက်။ ပစ္ဆာဇာတပစ္စည်းနှင့် အားလုံး တူ၏။

http://www.dhammadownload.com



## အချိန်နှင့်နေရာပုဂ္ဂိုလ်နှင့်ဝိပဿနာတ္တိ

ဝိပဿနာတ္တိတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်အနေဖြင့် ကျေးဇူးပြု၏။ ဘုံအားဖြင့် ပဉ္စဝေါကာရ(၂၆)ဘုံ၌၊ ပုဂ္ဂိုလ် (၁၂)ယောက်တို့သန္တာန်၌ ကျေးဇူးပြုနိုင်၏။

---

### ဝိပဿနာတ္တိစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

## ယှဉ်ပေါင်းနှင့် မယှဉ်ပေါင်း

သမ္ပယုတ်နှင့် ဝိပ္ပယုတ်တို့သည် သဘောအားဖြင့် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ကြ၏။ သမ္ပယုတ်သည် အချင်းချင်းရောနှောလျက် ယှဉ်တွဲသည်၊ ဝိပ္ပယုတ်ကား အချင်းချင်း မရောနှောဘဲလျက် ယှဉ်တွဲ၏။ ထို၌-

၁။ သမ္ပယုတ်သည် နာမ်အချင်းချင်းပေါင်းယှဉ်မှု ဖြစ်၏။

၂။ ဝိပ္ပယုတ်သည် ရုပ်အချင်းချင်းပေါင်းယှဉ်မှုနှင့်-

၃။ နာမ်နှင့်ရုပ်၊ ရုပ်နှင့်နာမ်တို့ပေါင်းယှဉ်မှုတို့ ဖြစ်၏။

ထို့ကြောင့်သမ္ပယုတ်သတ္တိသည် စိတ်စွမ်းအင်အဓိက ပေါင်းယှဉ်မှုဖြစ်၍ ဝိပ္ပယုတ်သည် စိတ်နှင့်ရုပ်ရောလျက် ပေါင်းယှဉ်မှုပင် ဖြစ်သည်။

## အပေါင်းအဖော်ထဲက သမ္ပယုတ်၊ဝိပ္ပယုတ်စွမ်းအင်များ

မိမိနှင့်ပေါင်းသင်း ဆက်ဆံနေသော သူငယ်ချင်း၊ မိသားစု၊ ချစ်သူ၊ မိဘ၊ ဆရာသမားစသည်တို့တွင် မိမိနှင့် သဟဇာတ်စွမ်းအင်ရှိနေမည်မှာ သေချာ၏၊ သို့သော် အပြန်အလှန်စွမ်းအား အညမညသတ္တိရှိဖို့မှာ ခဲယဉ်းလှ၏။ ထို့ထက် စိတ်ဓာတ်၊စရိုက်၊အကြိုက်၊ဝါသနာ၊ စေတနာ၊မေတ္တာဓာတ်စသည်တို့ တူညီမျှ သမ္ပယုတ်သတ္တိရှိနေဖို့မှာ သာ၍ပင် ခဲယဉ်းလှလေ၏။

ထိုသို့ အပြန်အလှန်မရှိ၊ အပေးအယူမညီမျှ။ စိတ်ဓာတ်၊ဝါသနာ၊ သဒ္ဓါ၊ သီလစသည်တို့ ကွဲလွဲနေသူတို့သည် အတူတကွ ဖြစ်တည်နေထိုင်နိုင်မှု သဟဇာတ စွမ်းအားနှင့် လူပေါင်း၍စိတ်ခွာမှု ဝိပ္ပယုတ်စွမ်းအင်တို့ဖြင့်သာ ဆက်ဆံနေခြင်းဖြစ်၏

## လူပေါင်းစိတ်ပေါင်းနှင့် လူပေါင်းစိတ်ခွာသူများ

အိမ်တစ်အိမ်၌ မိသားစု(၅)ယောက် ရှိလေ၏။ မိသားစုချင်း တစ်ဦးနှင့် တစ်ယောက် သဟဇာတ်၊နိဿယ၊ဥပနိဿယ၊ ပုရေဇာတ၊ပစ္ဆာဇာတသတ္တိတို့ဖြ

http://www.dhammadownload.com



လူအချင်းချင်းပေါင်းသင်း နေထိုင်ကြရပေ၏။ အညမည၊ သမ္ပယုတ်သတ္တိတို့ဖြင့် စိတ်မပေါင်းနိုင်ကြပါမူ 'လူပေါင်းစိတ်ခွာ' မိသားစုတို့သာ ဖြစ်ပေမည်။

သာယာပျော်ရွှင်မှုအပြည့်ရှိသော မိသားစုတို့သည်ကား လူပေါင်းစိတ်ပေါင်း စွမ်းအင်တို့ဖြင့် ပေါင်းသင်းဆက်ဆံနေနိုင်ကြ၏။ အညမညစွမ်းအင်ဖြင့် တစ်ယောက်နှင့်တစ်ယောက် ကူညီရိုင်းပင်းမှုလည်း ရှိ၏။ ယူလည်းယူ၍ ပေးလည်းပေးနိုင်ကြ၏။ တစ်ယောက်အမှားကြောင့် ပစ်ပယ်မထားဘဲ 'ရှေးရှုမေတ္တာ၊ ကရုဏာဖြင့်' အကျိုးလိုလားကာ စောင့်ရှောက်ပေးတတ်ကြလေသည်။

## ပါရမီဖက်နှင့် အပျော်ဖက်အတွဲများ

ဇနီးနှင့်ခင်ပွန်းတို့သည် ပါရမီဖြည့်ဖက် စိတ်ဓာတ်မျိုးဖြင့် ပေါင်းဖက်နေထိုင်နိုင်ပါက အညမည၊သမ္ပယုတ်စွမ်းအင်တို့ဖြင့် ကျေးဇူးပြုပေ၏။ လူပေါင်းစိတ်ပေါင်းလည်း ဖြစ်၏။ ဘုရားသွားအတူ၊ ကျောင်းတက်အတူ၊ ကောင်းတူဆိုးတူသာ ဖြစ်ရ၏။ ကုသိုလ်ပုညဟူသမျှကို အတူတူ ကြည်ဖြူစွာ ပြုကြရာ၌ 'မောင်ကလှူသော် မယ်ကြည်ဖြူ၍၊ မယ်ကလှူဒါန်း မောင်ရွှင်လန်း' နိုင်မှသာ စေတနာ၊သဒ္ဓါ၊ မေတ္တာ၊ကရုဏာစသည်တို့ တူညီကြလျက် ပါရမီဖက် မည်နိုင်သည်။

အပျော်ဖြည့်ဖက် စိတ်ဓာတ်ဖြင့် ပေါင်းသင်းနေထိုင်မိလေသော် သဟဇာတ်နှင့် ဝိပ္ပယုတ်သတ္တိစွမ်းအင်တို့ဖြင့်သာ ကျေးဇူးပြုနိုင်၏။ လူပေါင်းစိတ်ခွာသာ ဖြစ်ကြရ၏။ စိတ်ဓာတ်သဘောတရားတို့ နေရာတကာ၌ မတူကွဲပြားမှုကြောင့် တစ်အိမ်တည်းနေသော်လည်း ကျောခိုင်းလျက်သာ ဖြစ်ရပေ၏။ နီးလျက်နှင့် ကမ္ဘာခြား၍ ဝေးကွာကြရသည်။ ကုသိုလ်ပုည ပြုကြရာတွင်လည်း 'မယားပြုရာ၊ စိတ်မပါက၊ လင်မှာမရ။ လင်ပြုကလည်း၊ မယားအိမ်သူ၊ စိတ်မတူလျှင်၊ မှတ်ယူမှန်စွာ၊ မရရာ' ဆိုသဖြင့် အကုသိုလ်တရားတို့သာ တိုးပွားလာနိုင်ပေသည်။

## မချစ်ပေမယ့် ဖြစ်နေမည့် ပေါင်းသင်းမှု

အချို့သော ဇနီးခင်ပွန်းတို့သည် တစ်ဦးနှင့်တစ်ယောက် မသိကျွမ်း မရင်းနှီးခဲ့ကြ။ ချစ်ခင်ကြင်နာမှုမရှိကြဘဲလျက် မိဘဆန္ဒအရ အတူနေကြရပေ၏။ စိတ်၊ စေတနာ၊ဝါသနာ၊အကြိုက်၊ သဒ္ဓါ၊သီလစသည်တို့ ကွဲပြားနေနိုင်၏။ သို့သော် မချစ်ပေမယ့် အတူနေဖြစ်ကြခြင်းသည် သမ္ပယုတ်မပါ၊ ဝိပ္ပယုတ်စွမ်းအင်ဖြင့်သာ ပေါင်းသင်းနေထိုင်မှုများ ဖြစ်သည်။

http://www.dhammadownload.com



မိဘတို့သည် လိမ္မာတတ်သိသော၊ ပညာတော်သော၊ အရာရာ၌ တတ်သိနားလည်၍ မိဘတို့နှင့် တစ်သားတည်းဖြစ်သော သားသမီးတို့အား အသက်ကိုပင် အပ်နှင်းလျက် မေတ္တာအပြည့်ဖြင့် ချစ်ခင်တတ်ကြ၏။ ထိုအခါမျိုးတို့၌ မိဘမေတ္တာတို့သည် သားသမီးတို့၏ စိတ်စေတနာများနှင့် အညမည၊ သမ္ပယုတ်သတ္တိတို့ဖြင့် ကျေးဇူးပြုမှု ဖြစ်တော့၏။

အချို့သော မိဘတို့မှာ ဆိုးတေမိုက်မဲလှသော သားသမီးတို့အား မိဘမေတ္တာကြောင့် ထိုဆိုးမိုက်မှုကို အကြောင်းပြု၍သော်လည်း မပစ်ရက်ကြပေ။ သို့သော် လိမ္မာသော သားသမီးတို့လောက်ကား မချစ်နိုင်လေ။ မချစ်ပင် မချစ်နိုင်သော်လည်း အောင့်ကာ နမ်းရှိုက်နိုင်ကြပေ၏။ ထိုအခါမျိုးတို့၌ မိဘမေတ္တာသည် သားဆိုးသမီးမိုက်တို့ပေါ်ဝယ် ဝိပ္ပယုတ်သတ္တိဖြင့် ကျေးဇူးပြုမှု ဖြစ်ပေသည်။

## ဝိပ္ပယုတ္တပစ္စည်း၏အကျိုး

အဆိပ်ပင်၌ အဆိပ်မြစ်သည် အဆိပ်သီး၏အကြောင်းဖြစ်သော်လည်း မူလ,ဖလ အားဖြင့် ကြောင်းကျိုးကွဲပြားမှုကား ရှိသကဲ့သို့ နာမ်ခန္ဓာတို့သည် မိမိကနာမ်တရားပင် ဖြစ်သော်လည်း တစ်ဆယ့်တစ်ပါးသော မီးတို့၏လောင်စာ ရုပ်ခန္ဓာကိုကား ပွားစေတတ်၏။ ထို့ကြောင့် သံသရာမှ လွတ်လိုသော သူတော်ကောင်းအပေါင်းတို့သည် ကာမချမ်းသာ၊ လူနတ်ချမ်းသာဟု သမုတ်အပ်သော ပဥ္စဝေါကာရနာမ်ခန္ဓာကို လွန်စွာကြောက်ရွံ့ ထိတ်လန့်အပ်ပေသည်။

## ဝိပ္ပယုတ္တပစ္စယော-ဘုရားရှိခိုး

ရသာခြောက်ပါး၊ ပေါင်း၍ထားသို့၊ နှစ်ပါးရုပ်နာမ်၊ ပစ္စယုပ္ပန်ပစ္စည်း၊ တစ်ချိန်တည်းဝယ်၊ သီးသီးတွေ့ကြ၊ ဆုံမိကြလည်း၊ ဆန့်ကျင်သဘော၊ မလိုက်လျောဘဲ၊ ကျေးဇူးပြုနိုင်သော၊ ဝိပ္ပယုတ္တသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟ,ပုရေ,ပစ္ဆာဟူသော (၃)ဖြာသော ပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဝိပ္ပယုတ္တပစ္စယောပြီး၏။

http://www.dhammadownload.com



## ၂၁။ အတ္ထိပစ္စယော။
(ရှိမှုသတ္တိဖြင့် ကျေးဇူးပြု၏။)

**ပစ္စယနိဒ္ဒေသပါဠိ**

၁။ စတ္တာရော ခန္ဓာ အရူပိနော၊ အညမညံ အတ္ထိပစ္စယေန ပစ္စယော။
၂။ စတ္တာရော မဟာဘူတာ၊ အညမညံ အတ္ထိပစ္စယေန ပစ္စယော။
၃။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။
၄။ စိတ္တစေတသိကာဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။
၅။ မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။
၆။ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
(သောတာယတနံ၊ ဃာနာယတနံ၊ ဇိဝှါယတနံ၊ကာယာယတနံ၊ တူသည်)
၇။ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ (သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ၊ တူသည်)
၈။ ရူပါယတနံ (ပ)ဖောဋ္ဌဗ္ဗာယတနံ၊ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
၉။ ယံရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊တံရူပံ မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(ပစ္စယနိဒ္ဒေသအနက် သဟဇာတနိဿယစသည်နှင့် အားလုံးတူ၏)

http://www.dhammadownload.com



## အတ္ထိသတ္တိသရုပ်အဓိပ္ပါယ်များ

### အတ္ထိနှင့်ပစ္စယော

မိမိကိုယ်တိုင်က "ဥပါဒ်,ဠီ,ဘင်" ဟုဆိုအပ်သော ပစ္စုပ္ပန်ခဏ(၃)ပါးသို့ ရောက်ဆဲ, တည်ဆဲ,ထင်ရှားရှိဆဲသဘောသည် 'အတ္ထိ' မည်၏။ ဥပါဒ်ဌီဘင်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ(၅)ပါး အကြောင်းပစ္စည်းတရားတို့ကို ဥပါဒ်ဌီဘင် အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ(၅)ပါး အကျိုးပစ္စယုပ္ပန်တရားတို့အား ထင်ရှားရှိမှုသတ္တိဖြင့် ကျေးဇူးပြုမှုသဘောကို 'အတ္ထိပစ္စယော' ဟု ခေါ်၏။

### ရှိခြင်းသဘောတရား(၃)မျိုး

ထင်ရှားရှိခြင်းဟူသော အတ္ထိဘာဝသည်လည်း အမျိုးမျိုးရှိ၏။ 'ငါ့မှာ ပြုခဲ့ဖူးသော မကောင်းမှု ရှိ၏' ဟုဆိုရာ၌ ထင်ရှားရှိမှုသည် ပစ္စုပ္ပန်အခိုက်အတန့် အားဖြင့် ထင်ရှားရှိခြင်း မဟုတ်။ အကျိုးမပေးရသေး၍ အကျိုးပေးသတ္တိ အစဉ်လိုက်ပါနေခြင်း 'သန္တတိဘာဝ' အားဖြင့် ထင်ရှားရှိခြင်းမျိုးသာ ဖြစ်၏။

'မိမိအကျိုးစီးပွားကိုသာ ကျင့်သောပုဂ္ဂိုလ်သည် ရှိ၏' ဟုဆိုရာ၌လည်း ခဏတ္တယ အားဖြင့်ရကောင်းသော ပရမတ်သဘောမျိုး မဟုတ်။ ဝေါဟာရပညတ် အားဖြင့် ထင်ရှားရှိခြင်း 'သမ္မုတိဘာဝ' သာ ဖြစ်သည်။

ဤအတ္ထိပစ္စည်း၌ အလိုရှိအပ်သော ထင်ရှားရှိခြင်းမှာ ဥပါဒ်,ဠီ,ဘင်ဟု ဆိုအပ်သော ပစ္စုပ္ပန်ခဏတ္တယသို့ ရောက်ဆဲတည်ဆဲဖြစ်သော 'ပရမတ္ထဘာဝ' ထင်ရှားရှိခြင်းမျိုး ဖြစ်၏။

### ဖြစ်တည်ပျက်နှင့် အတ္ထိသတ္တိ

အတ္ထိသတ္တိသည် ဖြစ်တည်ပျက်ဟူသော ခဏတ္တယအခိုက်အားဖြင့် ထင်ရှား ရှိခြင်းကို ဆို၏။ ထိုခဏသုံးချက်တွင် အတ္ထိ၏သတ္တိသည် တည်ခြင်းဌီအခိုက် အတန့်၌ သာလွန်ထင်ရှား၏။ ဖြစ်ခြင်းဥပါဒ်၊ ပျက်ခြင်း ဘင်အခိုက်တို့၌ ရှိ မထင်ရှားလှ။

ထို့ကြောင့် အတ္ထိသတ္တိ၌ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိ နှစ်မျိုးလုံး သော်လည်း ဌီခဏအခိုက်တွင် ဥပတ္ထမ္ဘကသတ္တိသာ ပြဋ္ဌာန်း၏။ ဥပါဒ်အခိုက်

http://www.dhammadownload.com



ထင်ရှားသော သတ္တိတို့တွင်ကား ဇနကသတ္တိက ပြဋ္ဌာန်းလေသည်။

**အတ္ထိ၏ဥပမာ**

မြင်းမိုရ်တောင်၊ပထဝီမြေကြီးတို့သည် မိမိတို့ထင်ရှားရှိနိုက် ဆိုင်ရာမျိုးစေ့ကြောင့် ပေါက်ရောက်သော သစ်ပင်ကြီးငယ်တို့အား စိမ်းလန်းရှင်သန်အောင် ထောက်ပံ့ကျေးဇူးပြုသကဲ့သို့ အရှိသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်၏။

**လင်္ကာ။** မြင်းမိုရ်တောင်မင်း၊ ရှိတုံလျှဉ်းကြောင့်၊ ပင်မင်းရုက္ခေ၊ များထွေထွေ၊ ပွားစေအတ္ထိခေါ်။

## အတ္ထိသတ္တိ၏ ရှိခြင်း (၅)မျိုး

၁။ သဟဇာတတ္ထိ- အတူတကွဖြစ်၍ ထင်ရှားရှိခြင်းသတ္တိ။

၂။ ပုရေဇာတတ္ထိ- ရှေး၌ဖြစ်၍ ထင်ရှားရှိခြင်းသတ္တိ။

၃။ ပစ္ဆာဇာတတ္ထိ- နောက်၌ဖြစ်၍ ထင်ရှားရှိခြင်းသတ္တိ။

၄။ အာဟာရတ္ထိ- ထောက်ပံ့နိုင်စေ၍ ထင်ရှားရှိခြင်းသတ္တိ။

၅။ ဣန္ဒြိယတ္ထိ- အစိုးတရဖြစ်၍ ထင်ရှားရှိခြင်းသတ္တိ။

ယင်းအတ္ထိသတ္တိ (၅)မျိုးလုံးသည် ဆိုင်ရာပစ္စည်းများ ကျေးဇူးပြုပုံအတိုင်းတည်း။ ယင်းပစ္စည်းတို့၏ ကျေးဇူးပြုပုံများနှင့် ယှဉ်တွဲလေ့လာနိုင်ပါသည်။

### ၁။ သဟဇာတ်အတ္ထိသတ္တိဖြင့် ကျေးဇူးပြုပုံ

စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေနာမ်ခန္ဓာတို့သည် ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း၊ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုတို့သည် အချင်းချင်းအားလည်းကောင်း၊ မဟာဘုတ်လေးပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း အတူတကွ တစ်ပြိုင်နက် ဖြစ်၍ ထင်ရှားရှိခြင်း သဟဇာတ်အတ္ထိသတ္တိဖြင့် ကျေးဇူးပြုသည်။

### ၂။ ပုရေဇာတ်အတ္ထိသတ္တိ ကျေးဇူးပြုပုံ

ရှေးရှေး၌ဖြစ်သော ပသာဒရုပ်(၅)ပါးတို့သည် ပဉ္စဝိညာဏ် (၁၀)ပါးတို့

http://www.dhammadownload.com



အားလည်းကောင်း၊ ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် နောက်နောက်၌ဖြစ်သောမနောဓာတ်၊ မနောဝိညာဏဓာတ်တို့အားလည်းကောင်း၊ မရဏာသန္နအခါ စုတိစိတ်မှပြန်ရေတွက်သော် (၁၇)ချက်မြောက်စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် စုတိစိတ်တိုင်အောင်သော စိတ်တို့အားလည်းကောင်း၊ ရှေး၌ဖြစ်၍ ထင်ရှားရှိခြင်း ပုရေဇာတ်အတ္ထိသတ္တိဖြင့် ကျေးဇူးပြုသည်။

## ၃။ အာဟာရအတ္ထိသတ္တိဖြင့် ကျေးဇူးပြုပုံ

ပစ္စုပ္ပန်အနေဖြင့် ထင်ရှားရှိဆဲသော ကဗဠီကာရအာဟာရသည် ဋ္ဌီခဏသို့ရောက်ဆဲသော စတုဇကာယရုပ်တို့အား ထောက်ပံ့ခိုင်စေ၍ ထင်ရှားရှိခြင်း အာဟာရအတ္ထိသတ္တိဖြင့် ကျေးဇူးပြုသည်။ နာမ်အာဟာရလည်း တူ၏။

## ၄။ ပစ္ဆာဇာတ်အတ္ထိသတ္တိဖြင့် ကျေးဇူးပြုပုံ

ပထမဘဝင်စသော နောက်နောက်သော စိတ်(၈၅)ခုတို့သည် ပဋိသန္ဓေစသော ရှေးရှေးစိတ်နှင့်အတူဥပါဒ်၍ ဋ္ဌီသို့ရောက်ဆဲဖြစ်သော ရုပ်တို့အား နောက်မှဖြစ်၍ ထင်ရှားရှိခြင်း ပစ္ဆာဇာတအတ္ထိသတ္တိဖြင့် ကျေးဇူးပြုသည်။

## ဣန္ဒြိယအတ္ထိသတ္တိဖြင့် ကျေးဇူးပြုပုံ

စက္ခုဒသက ကလာပ်စသည်တို့၌ပါသော ပစ္စုပ္ပန်ရုပ်ဇီဝိတသည် မိမိနှင့်ကလာပ်တူဖြစ်သော ကမ္မဇကလာပ်(၉)ခုတို့အား အစိုးတရဖြစ်၍ ထင်ရှားရှိခြင်း ဣန္ဒြိယအတ္ထိသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## နိဗ္ဗာန်သည် ထင်ရှားရှိ/မရှိ

ထင်ရှားရှိ၍ ကျေးဇူးပြုနိုင်သော အတ္ထိပစ္စည်းတရား(၅)မျိုး၌ ပါဝင်သောတရားတို့သည် စိတ်၊စေတသိက်၊ရုပ်ဟူသော ပရမတ်(၃)မျိုးသာ ဖြစ်၏။ နိဗ္ဗာန်မပါဝင်။ ပညတ်သည်ကား ပရမတ်အားဖြင့် ဆုပ်ကိုင်ပြ၍ မရကောင်းသောကြောင့်အတ္ထိပစ္စည်း၌ မပါဝင်ခြင်းဖြစ်၏။ နိဗ္ဗာန်သည်ကား ပရမတ်တရားဖြစ်လျက်စိတ်စေတသိက်ရုပ်တို့ကဲ့သို့ ထင်ရှားရှိသော အတ္ထိပစ္စည်း၌ အဘယ်ကြောင့်

http://www.dhammadownload.com



မပါဝင်ပါသနည်း? ။

အကြောင်းမှာ- ဤပဋ္ဌာန်းတရား၌ ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိခိုက်၌သာ ကျေးဇူးပြုနိုင်ခြင်း ဖြစ်သည်။ ထိုသို့ကျေးဇူးပြုနိုင်သော တရားတို့ကိုသာ အတ္ထိပစ္စည်းဖြင့် ဟောတော်မူသည်။

နိဗ္ဗာန်သည်ကား ထင်ရှားရှိခိုက်၊ ထင်ရှားမရှိခိုက်ဟု (၂)မျိုး မကွဲပြား။ အမြဲထာဝရ ထင်ရှားရှိနေသော အသင်္ခတဓမ္မ ဖြစ်၏။ ဆိုင်ရာအာရမ္မဏိက စိတ်တို့အားသာ ပစ္စည်းတပ် နိုင်၏။

အတ္ထိသတ္တိ၏သဘောမှာ အကြောင်းဆုံမှုကြောင့်သာ ဖြစ်ပေါ်လာသည့်သဘော ဖြစ်၏။ အကြောင်းချုပ်လျှင် အတ္ထိသဘောလည်း မရှိတော့။ အသင်္ခတတရားဖြစ်သော နိဗ္ဗာန်သည် အကြောင်းတရားတို့ ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာရသော သင်္ခတဓမ္မမျိုး မဟုတ်သဖြင့် နိဗ္ဗာန်၌ ထင်ရှားရှိမှုအတ္ထိ သဘော မရှိ။ အတ္ထိမရှိလျှင် အတ္ထိရှိမှသာ ဆန့်ကျင်ဘက်အနေဖြင့် ဖြစ်ပေါ်လာနိုင်သော နတ္ထိသတ္တိလည်း မရှိနိုင်ပါ။ အတ္ထိနတ္ထိတို့၏ ရှိမှု၊မရှိမှုသဘောနှစ်ခုမှ ကင်းလွတ်၏။

## အချိန်နေရာပုဂ္ဂိုလ်နှင့်အတ္ထိသတ္တိ

အတ္ထိသတ္တိတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်၊ ဘုံအားဖြင့် (၃၁)ဘုံ၊ ပုဂ္ဂိုလ် (၁၂)ယောက်တို့၏ အဇ္ဈတ္တ၊ဗဟိဒ္ဓသန္တာန်တို့၌ ကျေးဇူးပြုနိုင်၏။

## အတ္ထိစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

### အကြောင်းဘက်အကျိုးဘက် အတ္ထိရှိဖို့လို

အတ္ထိသတ္တိသည် ပစ္စုပ္ပန်အချိန်၌ ဖြစ်တည်ပျက် စိတ်ခဏဖြစ်စဉ် ထင်ရှားရှိခိုက်သာ ကျေးဇူးပြု၍ ရ၏။ အကြောင်းပစ္စည်းတရားကလည်း ထင်ရှားရှိခိုက်ဖြစ်ရ၏။ အကျိုးပစ္စယုပ္ပန် တရားကလည်း ထင်ရှားရှိခိုက်ဖြစ်ရ၏။

အကြောင်းရှိလျက် အကျိုးမရှိသော်လည်းကောင်း အကျိုးသာရှိလျက် အကြောင်းမရှိသော်လည်းကောင်း အတ္ထိသတ္တိကျေးဇူးပြုနိုင်မည် မဟုတ်။ အကြောင်းဘက်အကျိုးဘက် နှစ်ဘက်လုံး ထင်ရှားရှိမှသာ အတ္ထိစွမ်းအင်သတ္တိ

http://www.dhammadownload.com



ရရှိနိုင်၏။

### ချစ်သူမုန်းသူတို့ရှိလျှင် အတ္ထိသတ္တိဖြစ်ပုံ

မိမိ၌ ချစ်မြတ်နိုးရသူတစ်ယောက်ရှိ၏။ ချစ်သူနှင့် ချစ်တတ်သူတို့ နှစ်ယောက်လုံး ထင်ရှားရှိခိုက်တွင် မြင်ရ၊ကြားရ၊ နမ်းရှိုက်၊တွေ့ထိရမှုတို့ကြောင့် လောဘသဟဇာတ်တရားများ အတ္ထိသတ္တိဖြင့် ကျေးဇူးပြုလေသည်။ ထို့အတူ မုန်းသူတစ်ယောက် ထင်ရှားရှိသူအား မြင်ရ၊ကြားရအခိုက်တို့၌ ဒေါသသဟဇာတ် တရားများ အတ္ထိသတ္တိဖြင့် ကျေးဇူးပြုနိုင်၏။

## မင်းကုသနှင့် ပပဝတီဥပမာ

ပပဝတီ၏ ရူပါရုံ ချောမောလှမှုကို မြင်ရသော မင်းကုသ၏ စိတ်ဝိညာဏ်၌ မျက်လုံးအကြည်ဓာတ်၊ရူပါရုံ၊မြင်သိစိတ်တို့ ထင်ရှားရှိ၍ ပုရေဇာတ်သတ္တိဖြင့် ကြောင်းကျိုးဆက်နွယ်လျက် ပုရေဇာတအတ္ထိသတ္တိဖြင့် ကျေးဇူးပြု၏။

နောက်တစ်နေ့တွင် မွေးနေ့အလှူပြုမည်ဟူသော မျှော်လင့်ချက် စိတ်စေတနာသည် ထင်ရှားရှိသော မိမိ၏ရုပ်ခန္ဓာကိုယ်အားသာ ပစ္ဆာဇာတ အတ္ထိသတ္တိဖြင့် ကြောင်းကျိုးဆက်နွယ်လျက် ကျေးဇူးပြုနိုင်သည်။

မိမိတို့ နေ့စဉ် စားသုံးကြသော အစာအာဟာရတို့သည် စတုသမုဋ္ဌာနိက ရုပ်ခန္ဓာကိုယ်အား အကြောင်းအကျိုးထင်ရှားရှိလျက် အာဟာရအတ္ထိသတ္တိဖြင့် ကျေးဇူးပြုလေသည်။

လူတစ်ယောက် သေဆုံးသောအခါ၌ သေသူ၏ကိုယ်အတွင်း၌ ဇီဝိတနဝက ကလာပ်ရုပ်သည် ကမ္မဇရုပ်တို့အား အစိုးရမှုသတ္တိဖြင့် ကျေးဇူးပြုနိုင်ခြင်း မရှိနိုင် ထင်ရှားမရှိတော့မှုကြောင့်ပင်တည်း။

## လက်တွေ့ဘဝနှင့် အတ္ထိစွမ်းအင်တရား

နေ့စဉ်လူမှုဘဝတွင် ထင်ရှားရှိမှုဟူသော အတ္ထိသတ္တိသည် လွှမ်းစွာထင်ရှ လှ၏။ ရုပ်တရားနာမ်တရား ခန္ဓာ(၅)ပါးတို့ ထင်ရှားရှိကြ၏။ အဆင်း၊ အသ အနံ့၊ အရသာ၊ အတွေ့ဟူသော အာရုံ(၆)ပါးတို့ ထင်ရှားရှိကြ၏။ ပစ္စည်းဥစ္စာန အာဏာ ရာထူး၊ သားသမီး၊ ဇနီးခင်ပွန်း၊ ဆရာတပည့်၊ သားသမီးနှင့်မိဘစသည များသည် ထင်ရှားရှိမှုအတ္ထိတရားတို့သာ ဖြစ်၏။ မရှိလျှင်လည်း ရှိအောင် ရှာ

http://www.dhammadownload.com



အားထုတ်နေကြ၏။

ထိုအရှိတရားအာရုံ(၆)ပါးတို့သည် သုံးဆောင်ခံစားသည့်ပုဂ္ဂိုလ်အား အကြောင်း အကျိုးထင်ရှားရှိမှုသတ္တိဖြင့် နေ့စဉ်ကျေးဇူးပြုနေလျက် ရှိကြပေသည်။

## အတ္ထိစွမ်းအား၏ တန်ဖိုး

ထိုအာရုံ(၆)ပါးဟူသော အရှိတရားတို့က မိမိတို့အား အတ္ထိသတ္တိဖြင့် ကျေးဇူးပြုလေသောအခါ အတ္ထိစွမ်းအား၏ တန်ဖိုးကို သိရှိနိုင်ကြပေသည်။ ထိုအရှိတရားတို့ကို အကြောင်းပြု၍ ကုသိုလ်စိတ် (၂၁)၊ စိတ္တဇရုပ်၊ကမ္မဇရုပ်ဟူသော ခန္ဓာ(၅)ပါး ကောင်းကျိုးတရားတို့လည်း ဖြစ်ထွန်းရရှိလာနိုင်၏။ အကုသိုလ်စိတ် (၁၂)၊ စိတ္တဇရုပ်၊ကမ္မဇရုပ်ဟူသော ခန္ဓာ(၅)ပါးဆိုးကျိုးများလည်း ဖြစ်ထွန်းရရှိလာနိုင်၏။

အကြောင်းဘက်မှာ ရှာသောအခါ ကုသိုလ်၊အကုသိုလ်၊အဗျာကတဟူသော စိတ် စေတသိက်ရုပ်တို့ ရှိနေသည်ကို တွေ့ရ၍ အကျိုးဘက်မှာရှာသောအခါလည်း ကုသိုလ်၊ အကုသိုလ်၊အဗျာကတဟူသော စိတ် စေတသိက်ရုပ်တို့ကိုပင် တွေ့ရမည် ဖြစ်၏။

ထိုသို့ အကြောင်းရုပ်နာမ်ခန္ဓာငါးပါးတို့ ထင်ရှားရှိမှုကြောင့် အကျိုးရုပ်နာမ်ခန္ဓာငါးပါးတို့ ထင်ရှားရရှိဖြစ်ပေါ်လာမှုသည်ပင် အတ္ထိစွမ်းအင်၏ တန်ဖိုးဖြစ်ပေသည်။

## အရှိတရားနှင့် ကောင်းမှုကုသိုလ်

မိမိတို့၌ အာရုံ(၆)ပါးတို့ အလုံးစုံအပြည့်အစုံ ထင်ရှားရှိ၏။ ထိုအရှိတရားတို့ကြောင့် ကောင်းကျိုးတိုးပွားနိုင်ပါသလော၊ သို့မဟုတ် ဆိုးကျိုးတိုးပွားနိုင်ပါသလော?ဟု မေးဖွယ်ရှိလေ၏။

အဖြေမှာ–ကောင်းကျိုးလည်း တိုးနိုင်ခွင့်ရှိ၏။ ဆိုးကျိုးလည်း တိုးပွားလာနိုင်ခွင့် ရှိသည်။ အသုံးချသူ၏ပညာအသိရှိမှုနှင့်မရှိမှု၌သာ အဓိကကျလေ၏။

မိမိနှင့်စပ်ဆိုင်သော အာရုံ(၆)ပါးအရှိတရားတို့ကို ပညာအသိမဲ့သူသည် တဏှာဖြင့် အသုံးချ၏။ ထိုသူ၏အရှိတရားတို့သည် အကုသိုလ်(၁၂)မျိုးဟူသော ဆိုကျိုးတို့သာ တိုးပွား ဖြစ်ထွန်းလာနိုင်၏။ တတ်သိမျှော်မြင်သော သူတော်ကောင်း

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့သည် ထိုအာရုံတရားတို့ကို ပညာဖြင့်ယှဉ်လျက် ကောင်းမှုအကြောင်း၊ မကောင်းမှုအကြောင်းတို့ကြောင့် ကုသိုလ်တရား(၂၁)ပါးဟူသော ကောင်းကျိုးတို့သာ တိုးပွားရရှိလာနိုင်အောင် အသုံးချနိုင်ကြ၏။

ထို့ကြောင့် မိမိ၌ထင်ရှားရှိသော အာရုံ(၆)ပါးအတွဲစွမ်းအားတို့ကို ကုသိုလ်အကျိုး တရားတို့ တိုးပွားပြည့်စုံရာ၌ အသုံးချတတ်ဖို့ လိုအပ်လှပါသည်။ အသုံးမချတတ်သူအား အဆိပ်သဖွယ် ဘေးဖြစ်၍ အသုံးချတတ်သူအား ဆေးဖြစ်နိုင်ပေသည်။

### အရှိစွမ်းအားနှင့် တန်ဖိုး(၄)မျိုး

၁-အရှိစွမ်းအားကြောင့် ကုသိုလ်အကျိုးတိုးပွားနိုင်လျှင် ရှိကောင်းမည်၏။
၂-အရှိစွမ်းအားကြောင့် အကုသိုလ်အကျိုးတိုးပွားနိုင်လျှင် ရှိမကောင်းမည်၏။
၃-အရှိစွမ်းအားကို တဏှာဖြင့် အသုံးချလျှင် အရှုံးထွက်၏။
၄-အရှိစွမ်းအားကို ပညာဖြင့် အသုံးချလျှင် အမြတ်ရ၏။

### တဏှာဖြင့်အသုံးချ၍ အရှုံးထွက်ပုံ

ကာမဂုဏ်တရား အာရုံ(၆)ပါးတို့ကို ရှာဖွေအားထုတ်မှုကြောင့် ရရှိပိုင်ဆိုင်လာသော အခါ တဏှာဖြင့် မသာယာအပ်။ ပညာဖြင့် ဆင်ခြင်အပ်၏။ တဏှာဖြင့်သာ တရှိုက်မက်မက် သာယာစွဲမက်နေသူအား ထိုအာရုံ (၆)ပါးအပေါ်၌ အလိုကျမှု၊ နှစ်သက်မှုဖြစ်လာသောအခါ တဏှာသည် မိတ်ဆွေဟောင်းတို့နှင့် အတူပေါင်း၍ ခံစား၏။

ဒိဋ္ဌိကလည်း ငါဟူသောအတ္တအစွဲဖြင့် သုံးဆောင်လေ၏။ မာနကလည်း ဘဝင်မြင့်မှု ငါတကောသဘောဖြင့် သုံးဆောင်လေ၏။ ထိုကဲ့သို့ တဏှာမာနဒိဋ္ဌိတို့ ပူပေါင်းမိသောအခါ ဥပါဒါန်အစွဲသည် ဖားကိုမြွေဖမ်းသကဲ့သို့ မြဲစွာစွဲလမ်းတော့၏။ အလိုကျမှု၊နှစ်သက်မှုဖြစ်လာလေ တဏှာမာနဒိဋ္ဌိတို့ ပိုသည်းထန်လာလေ ဖြစ်၏။ အလိုမကျမှု၊ မနှစ်သက်မှုတို့ဖြစ် လာသောအခါ ဒေါသ၊ဣဿာ၊မစ္ဆရိယာ၊ ကုက္ကုစ္စ ဟူသော ရန်သူတို့က တဏှာနှင့်အဖွဲ့အား ဝင်ရောက်လုယက် တိုက်ခိုက်ကြပြန်၏။

ဤကဲ့သို့ တဏှာဖြင့် အသုံးချသူအား အကုသိုလ်အကျိုးတရား(၁၂)ပါး၊

http://www.dhammadownload.com



ဘိုးပွား၍ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ အပါယ်လေးပါးသို့ ရောက်ရခြင်း
သည်ပတို့ဖြင့် အရှုံးထွက်မှုသာ ကြုံရပေတော့သည်။

## ပညာဖြင့်အသုံးချ၍ အမြတ်ရပုံ

ပညာရှိသူတော်ကောင်းသည် ရရှိပိုင်ဆိုင်သမျှသော အာရုံ(၆)ပါး အရှိစွမ်းအားတို့အပေါ်၌ တဏှာဖြင့်မသာယာဘဲ မာန၊ဒိဋ္ဌိတို့အဖော်မခေါ်ဘဲ သုံးဆောင်စား၏။ ဒေါသစသော ရန်သူတို့လည်း ရောက်လာ၍ မလုယက်မတိုက်ခိုက်နိုင်အောင် ပညာဖြင့် ဆင်ခြင်လျက်စောင့်ရှောက် နိုင်၏။

အာရုံ(၆)ပါးကာမဂုဏ်တရားတို့သည် အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်ရောက်ရှိလာသော အကျိုးတရားအရှိစွမ်းအားတို့ ဖြစ်၏။ ပရမတ်အနေဖြင့်ပ်နှင့်နာမ် ခန္ဓာငါးပါးပင် ဖြစ်၏။ ငါမဟုတ်။ ငါ့ဟာမဟုတ်။ ငါမပိုင်။ အကြောင်းအကျိုးအနေ စပ်ဆက်မှုဖြင့် ဆိုင်ရုံသာ ဖြစ်ပေ၏။

ဤသို့ တဏှာ၊မာန၊ဒိဋ္ဌိတို့ဖြင့် မဆုပ်ကိုင်၊ မဖမ်းဆီးထားသည့်အခါပါဒါန်အစွဲတို့လည်း ခိုင်မြဲစွာ ချည်နှောင်ဖို့အလို့ငှါ ရောက်မလာ။ တဏှာအဖွဲ့လာသဖြင့် ဆန့်ကျင်ဘက်ဖြစ်သော ဒေါသအုပ်စုသည်လည်း လာ၍ ရန်ပြုဖွယ်လိုတော့ပေ။

ထိုအခါ၌ အာရုံ(၆)ပါးဟူသော အရှိစွမ်းအားတို့အပေါ်၌ ပညာဖြင့်းစီးလျက် အလောဘ၊အဒေါသတရားတို့ ခြံရံမှုကြောင့် ဒါန၊သီလ၊ဘာဝနာကုသိုလ်မှုတို့ကို အခါအားလျော်စွာ ပြုလုပ်အားထုတ်နိုင်၏။ အာရုံ(၆)ပါးဟူသောပ်နှင့်နာမ် ခန္ဓာငါးပါးအရှိစွမ်းအားတို့ကို အရင်းအနှီးပြုလျက် ကုသိုလ်အကျိုးတရား၂၁)ပါး ပွားတိုး၍ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမှုအမြတ်တို့ကို ရရှိပိုင်ဆိုင်င်တော့သည်သာ။

## အတ္ထိပစ္စည်း၏အကျိုး

ခြင်္သေ့,သစ်ကျား,သားရဲ,ဘီလူးစသည်တို့သည် ထင်ရှားရှိသော တော,တောင်, ချောက်ကမ်းပါးတို့ကို အမှီပြုလျက် သတ္တဝါတို့အား နှိပ်စက်ဖျက်ဆီးမှုပြုသကဲ့သို့ အလုံးစုံသော ကိလေသာဒုစရိုက်တရားတို့သည် ဝဋ္ဋာအာရုံစသောလမ်းရာအကြောင်းတရား ထင်ရှားရှိ၍သာ သတ္တဝါတို့နှိပ်စက်ဖျက်ဆီးနိုင်သည်။

http://www.dhammadownload.com



အကုသိုလ်ကိလေသာတို့၏ နှိပ်စက်ဖျက်ဆီးမှုမှ ကင်းလွတ်ဝေးလိုသော သူတော်ကောင်းသည် လောကီကာမဂုဏ်, အာရုံ(၆)ပါး၊ ဝတ္ထု(၆)ပါး, ခန္ဓာ(၅)ပါး ဟူသော ရုပ်နာမ်တရားတို့၌ တွယ်တာမက်မောခြင်းကို မဖြစ်စေရာ။

မြင်းမိုရ်တောင်မင်းကို အမှီရသော မြက်သစ်ပင်တို့သည် ယာခုတ်, တောင် ထွင်သူတို့၏ ဖျက်ဆီးမှုဘေးရန်မှ ကင်းဝေးရသကဲ့သို့ လောကုတ္တရာ နာမ်ခန္ဓာအမှီ ထင်ရှားရှိသူသည် အလုံးစုံသော ဘေးရန်အန္တရာယ်တို့မှ ကင်းလွတ်ဝေးနိုင်ပါသည်။

## အတ္ထိပစ္စယော-ဘုရားရှိခိုး

မြေ,မြင်းမိုရ်သည်၊ ထိုထိုစိမ်းရှင်၊ မြက်သစ်ပင်အား၊ ထင်ရှားရှိနေ ထောက်ပံ့ပေသို့၊ တွက်ရေကုန်ထံ၊ ရုပ်နှင့်နာမ်အား၊ ဆယ့်ငါးပါးတွင်၊ ထင်ရှားရှိခိုက် အထိုက်လျော်ထ၊ ဥပတ္ထမ္ဘကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ထိုထိုရုပ်နာမ်ဟူသော သဟဇာတ,ပုရေဇာတ,ပစ္ဆာဇာတ,အာဟာရ,ဣန္ဒြိယငါးပါး ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ ထင်ရှားရှိပါပေသည်တကား။

အတ္ထိပစ္စယောပြီး၏။

http://www.dhammadownload.com



## ၂၂။ နတ္ထိပစ္စယော။
(မရှိတော့မှုသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ၊ (ခ)ပစ္စုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ၊ (ဂ) နတ္ထိပစ္စယေနပစ္စယော။

### ပစ္စယနိဒ္ဒေသအနက်

၁။(က)သမနန္တရနိရုဒ္ဓါ၊ မိမိ၏အခြားမဲ့၌ ကောင်းစွာချုပ်ငြိမ်းကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်၊စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ရုပ်ဟန္တာတို့ စုတိကြည်သော နာမ်ခန္ဓာပစ္စည်း တရားတို့သည်။ (ခ) ပစ္စုပ္ပန္နာနံ၊ မိမိနှင့်အတူဖြစ်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ်၊စေတသိက်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့၏စုတိနှင့်တကွသော နာမ်ခန္ဓာပစ္စယုပ္ပန်တရားတို့အား။ (ဂ)နတ္ထိပစ္စယေနပစ္စယော၊ နတ္ထိသတ္တိဖြင့် ကျေးဇူးပြု၏။ (အနန္တရသတ္တိနှင့် တူ၏)

---

### နတ္ထိသတ္တိသရုပ်အဓိပ္ပါယ်များ

### နတ္ထိနှင့်ပစ္စယ

ထင်ရှားရှိခြင်း အတ္ထိ၏ဆန့်ကျင်ဘက်သဘောသည် 'နတ္ထိ' မည်၏။ နတ္ထိသည် ထင်ရှားမရှိခြင်းသဘော ဖြစ်၏။ နဂိုကတည်းက ဘာမျှမရှိခြင်းဟူသော 'အဘာဝပညတ်' ကို ဆိုခြင်းကား မဟုတ်။ ပစ္စုပ္ပန်ခဏအားဖြင့် ထင်ရှားရှိနေသော နာမ်တရားတို့ သက်တမ်းစေ့၍ ချုပ်ငြိမ်းသွားသဖြင့် နဂိုကရှိနေသော တရားတို့ မရှိတော့သည့် သဘောကိုသာ 'နတ္ထိ'ဟု ဆိုပေသည်။ အတ္ထိနှင့် နတ္ထိတို့သည် သဘောဆန့်ကျင်ဘက် စုံတွဲသတ္တိများပင် ဖြစ်သည်။

သက်တမ်းစေ့သဖြင့် ချုပ်လေပြီးသော စိတ်စေတသိက်အကြောင်းပစ္စည်းတရားတို့သည် မိမိတို့ကို စွဲ၍ဖြစ်သော စိတ်စေတသိက် အကျိုးပစ္စယုပ္ပန်တရားတို့အား မရှိမှုသဘော နတ္ထိသတ္တိဖြင့် ကျေးဇူးပြုမှုကို 'နတ္ထိပစ္စယော'ဟု ခေါ်သည်။

http://www.dhammadownload.com



### နတ္ထိ၏ဥပမာ

ထွန်းညှိထားသောဆီမီးတိုင်သည် ဆီကုန်မီးငြိမ်းသောအခါ ဆီမီးအလင်းရောင် မရှိတော့သကဲ့သို့ ဖြစ်၏။ ထိုအလင်းရောင် မရှိခြင်းသည်ပင် အမှောင်ဖြစ်ပေါ်လာဖို့ အကြောင်းအဖြစ် ကျေးဇူးပြုခြင်း ဖြစ်သည်။

ယခင်က ဆီမီးတိုင်ထွန်းညှိထားခြင်းမရှိခြင်းသည် အစကတည်းကမရှိသော အဘာဝပညတ်မျိုး ဖြစ်၏။ ထိုထွန်းညှိထားသောဆီမီးတိုင်၏ ဆီ၊မီးစာရှိနေသဖြင့် အလင်းရှိနေရခြင်းသည် အတ္ထိသဘော ဖြစ်၏။ ဆီကုန်၊မီးစာကုန်၍ အလင်းရောင် ချုပ်ငြိမ်းသဖြင့် မရှိတော့ခြင်းသည် 'နတ္ထိ'၏ မရှိမှုမျိုးပင် ဖြစ်တော့သည်။

ရှေးရှေးသော စိတ်စေတသိက်အကြောင်းပစ္စည်းတရားတို့က နောက်နောက်သော စိတ်စေတသိက်အကျိုးပစ္စယုပ္ပန်တို့အား မရှိတော့မှုသတ္တိဖြင့် ကျေးဇူးပြုမှုသဘောကို 'နတ္ထိပစ္စယော'ဟု ခေါ်၏။

**လင်္ကာ**။ ဆီမီးငြိမ်းပျောက်၊ အမှောင်ရောက်သို့၊ ကိုယ့်နောက်စိတ်အား၊ အမှောင်ပေးလျက်၊ ရှေးရှေးစိတ်၏၊ ချုပ်ကွယ်ဘိ၊ နတ္ထိသတ္တိခေါ်။(ဂန္ဓာရုံ)

### ပစ္စည်း+ပစ္စယုပ္ပန်ကျေးဇူးပြုပုံ

ရှေးရှေး၌ဖြစ်သော ရဟန္တာတို့စုတိကြဉ် စိတ် (၈၉)၊စေတသိက် (၅၂)ပါး အကြောင်း ပစ္စည်းတရားတို့သည် မိမိကို စွဲ၍ဖြစ်သော နောက်နောက်သော စိတ် (၈၉)၊ စေတသိက်(၅၂)ပါး အကျိုးပစ္စယုပ္ပန်တရားတို့အား နတ္ထိသတ္တိဖြင့် ကျေးဇူးပြု၏။

**မှတ်ချက်**။ နတ္ထိ၊ဝိဂတတို့သည် ပစ္စည်း၊ပစ္စယုပ္ပန်ကျေးဇူးပြုဟန်အားလုံး အနန္တရနှင့်တူ၏။

### နတ္ထိသတ္တိကျေးဇူးပြုပုံ

| အကြောင်းရှေးရှေးစိတ် | အကျိုးနောက်နောက်စိတ် |
|---|---|
| (ရဟန္တာတို့စုတိကြဉ်) | (ရဟန္တာတို့စုတိနှင့်တကွ) |
| ရှေးရှေးစိတ် ၈၉၊စေ ၅၂ | နောက်နောက်စိတ်-၈၉၊စေ-၅၂ |

http://www.dhammadownload.com



## ရှေးစိတ်တို့က နောက်စိတ်သို့ကျေးဇူးပြုပုံ

| အကြောင်း(ပစ္စည်း) | အကျိုး(ပစ္စယုပ္ပန်) |
|---|---|
| စက္ခုဝိညာဏ်ဒွေ<br>သဗ္ဗစိတ္တ စေ-၇-ပါး | သမ္ပဋိစ္ဆိုင်းဒွေ(မနောဓာတ်)<br>ဆန္ဒ၊ပီ၊ဝီရိယကြဉ်)အညစေ-၁၀ |
| သမ္ပဋိစ္ဆိုင်းဒွေ<br>(ဆန္ဒ၊ပီ၊ဝီရိယကြဉ်)အညစေ-၁၀ | သန္တီရဏ -၃-ပါး<br>(ဆန္ဒ၊ပီ၊ဝီရိယကြဉ်)အညစေ-၁၀ |

စက္ခုဝိညာဏဝီထိ၌- စက္ခုဝိညာဏ်ချုပ်သွား၍ မရှိတော့ခြင်းသည် သမ္ပဋိစ္ဆိုင်းဖြစ်ဖို့ရန်အတွက်၊ သမ္ပဋိစ္ဆိုင်းချုပ်သွား၍ မရှိတော့ခြင်းသည် သန္တီရဏ ဖြစ်ဖို့ရန်အတွက်၊ သန္တီရဏချုပ်သွားခြင်းသည် ဝုဋ္ဌောစိတ်ဖြစ်လာဖို့ ရန်အတွက်၊ ဝုဋ္ဌောစိတ်ချုပ်သွားခြင်းသည် ဇောစိတ်တို့ ဖြစ်လာဖို့ရန်အတွက်စသည်ဖြင့် ဤကဲ့သို့ ချုပ်လေပြီးသော ရှေးရှေးစိတ်တို့က နောက်နောက်စိတ်များ ဖြစ်ပေါ်လာရန် ကျေးဇူးပြုလေသည်။

## ဘဝတစ်ခု၌ စိတ္တနိယာမဖြစ်စဉ်

| |
|---|
| (၁)ဘဝတစ်ခု၏အစစိတ်-<br>ပဋိသန္ဓေစိတ်။ |
| (၂)ဘဝတစ်ခု၏အလယ်စိတ်များ-<br>ဘဝင်စိတ်-အာဝဇ္ဇန်းစိတ်-ပဉ္စဝိညာဏ်စိတ်-သမ္ပဋိစ္ဆိုင်းစိတ်-သန္တီရဏစိတ်-<br>ဝုဋ္ဌောစိတ်-ဇောစိတ်-တဒါရုံစိတ်-ဘဝင်စိတ်များ။ |
| (၃) ဘဝတစ်ခု၏အဆုံးစိတ်-<br>စုတိစိတ်။ |

### နတ္ထိနှင့် အနန္တရအထူး

မရှိတော့သည်ဖြစ်၍ ကျေးဇူးပြုခြင်း နတ္ထိနှင့် အကြားမဲ့ဖြစ်၍ ကျေးဇူး ပြုခြင်း အနန္တရတို့သည် သဘောလက္ခဏာအားဖြင့် တူကြ၏။

စိတ္တနိယာမအားလျော်စွာ မိမိ၏အခြားမဲ့၌ နောက်နောက်စိတ်များ အကြား

http://www.dhammadownload.com


မလပ် ဖြစ်ပေါ်စေရန် ကျေးဇူးပြုမှုသည် အနန္တရသတ္တိမည်၏။

ထိုသို့ နောက်နောက်စိတ်များ ဖြစ်ပေါ်ခွင့်ရရန် ရှေးရှေးစိတ်တို့၏ ချုပ်ပျောက်သွားမှုသဘောသည် 'နတ္ထိသတ္တိ' မည်၏။ နေဝင်ခြင်းသည် လထွက်လာခြင်းအတွက် ဆီမီးငြိမ်းသွားခြင်းသည် အမှောင်ဖြစ်ခြင်းအတွက် ကျေးဇူးပြုသကဲ့သို့ ဖြစ်၏။

အချိန်နေရာပုဂ္ဂိုလ်တို့မှာ အနန္တရအတိုင်း ဖြစ်၏။

## နတ္ထိစွမ်းအင်ဖြင့်လက်တွေ့အသုံးချခြင်း

အတ္ထိသတ္တိ၏အရှိစွမ်းအင် ကျေးဇူးပြုမှုသည် မျက်လုံးဖြင့် မြင်တွေ့ရသကဲ့သို့ ထင်ရှား၏။ နတ္ထိသတ္တိ၏ 'နတ္ထိဘာဝ' မရှိစွမ်းအင်ကျေးဇူးပြုမှုမှာ အမှောင်ထဲ၌ မြင်ကြည့်ရသကဲ့သို့ ခက်လှ၏။ အများလက်ခံထားကြသည်မှာ ချုပ်ပျောက်သွားသဖြင့် မကျန်တော့ပြီ၊ မရှိတော့ပြီဆိုလျှင် ဘာသတ္တိမျှလည်း ရှိမည်မဟုတ်တော့။ မြတ်စွာဘုရားရှင်ကား သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူသဖြင့် မရှိတော့၍ ချုပ်ပျောက်သွားမှုတို့၌ မရှိတရားထဲက နတ္ထိစွမ်းအားများကို ထုတ်ဖော်ဟောကြားတော်မူခဲ့လေသည်။ မရှိတရားတို့၌လည်း ဘာသတ္တိမျှ မရှိ၊မကျန်ရစ်သည် မဟုတ်ချေတကား။

### မရှိခြင်းသတ္တိ၏တန်ဖိုး

'မရှိ'ဟူသောသဘောသည် ဝေါဟာရအားဖြင့်ကြားသော် ကြားရသူ၏နားကိုပင် လွန်စွာခါးသီးစေနိုင်၏။ မရှိမှုသတ္တိကို လက်တွေ့ကိုယ်တိုင် ခံစားနေသူတို့မှာ ပြောမကုန်၊ ကြုံဖူးမှသိဟုပင် ဆိုရလောက်ပေမည်။ ထို့ကြောင့် အရှင်အနုရုဒ္ဓါလောင်း မင်းသားငယ်၏ မရှိစကားမကြားဖူးပုံကို အတုယူ၍ ကုသိုလ်ပြုရာတွင်သော်မှ 'မရှိဟူသောစကားကို နားဖြင့်သော်မှ မကြားရပါလို၏' ဟု တောင်းဆုဆုတတ်ကြလေ၏။

မဟာကရုဏာရှင် ဖြစ်တော်မူသော ဗုဒ္ဓမြတ်ဘုရားသည် ကြားသူ့နားကိုပင်ခါးစေနိုင်မည့် မကြားလို၊မကြုံလိုကြသော မရှိတရား နတ္ထိစွမ်းအားကို တန်ဖိုးတပ်၍ဟောကြားတော်မူပေသည်။ အံ့သြမကုန်နိုင်အောင် ထူးဆန်းနက်နဲပါပေတကား။

http://www.dhammadownload.com



ပုထုဇဉ်တို့သည် သဘောအားဖြင့် အရာရာ၌ ခံစားချက်ဝေဒနာကို ဦးစားပေးတတ် ကြ၏။ ဝေဒနာကောင်းလျှင် ချမ်းသာသုခရှိသည်ဟု မှတ်ထင်လွဲကြ၏။ အရိယာသူတော်ကောင်းကြီးတို့မှာ တဏှာ၊ဒိဋ္ဌိတို့ကို ပယ်ရှင်းပြီးဖြစ်၍ ဝေဒနာကို ဦးစားမပေးကြတော့။ ပညာဖြင့် အစားထိုးတော်မူကြလေ၏။

ပုထုဇဉ်တို့၌ ဝေဒယိတသုခခေါ် ခံစားမှုချမ်းသာမျိုးသည် ထင်ရှားရှိလေသော် ရှိမှုသုခ၏တန်ဖိုးကို ရရှိကြ၏။ အရိယာသူတော်စင်တို့၌ ကိလေသာ အာသဝေါတရားများ မရှိသောအခါ သန္တိသုခခေါ် ငြိမ်းချမ်းမှုသုခကို ရရှိကြလေ၏။

ထို့အတူ အပြစ်မကင်း၍ မသန့်ရှင်းသော၊ ညစ်နွမ်းသော အကုသိုလ်အပြု၊ အပြောသဘောမျိုးတို့သည် မိမိသန္တာန်၌ရှိလေ ဒုက္ခပေးလေ ဖြစ်၏။ မရှိလေ ချမ်းသာလေ ဖြစ်၏။ မိမိနှင့် သမ္ပယုတ်မဖြစ်၍ စိတ်ဓာတ်၊စရိုက်၊အကြိုက်ကွဲလွဲသူ၊ မုန်းသူ၊ မချစ်မနှစ်သက်သူစသည်တို့သည် မိမိအနီးအပါးဝန်းကျင်၌ ရှိနေလေ၊ စိတ်ဆင်းရဲရလေသော ဖြစ်၏။ မရှိလေ စိတ်ချမ်းသာနိုင်လေသော ဖြစ်တော့၏။

## မရှိစွမ်းအားနှင့် ကောင်းမှုကုသိုလ်

မိမိထံ၌ သူတစ်ပါးတို့ကဲ့သို့ အာရုံ(၆)ပါးတို့ အလုံးစုံအပြည့်အစုံ ထင်ရှား မရှိတော့။ သို့သော် ထိုမရှိစွမ်းအင်ကြောင့် အကုသိုလ်ဆိုးကျိုး တိုးပွားနိုင်ပါ သလော?၊ မေးဖွယ် ရှိပေ၏။

အဖြေမှာ-ဆိုးကျိုးလည်း တိုးပွားလာနိုင်ခွင့် ရှိ၏။ ကောင်းကျိုးလည်း တိုးပွားနိုင်ခွင့်ရှိ၏။ မိမိသန္တာန်၌ ပညာအသိဖြင့် သင့်လျော်အောင် နှလုံးသွင်းဆင်ခြင်နိုင်မှု၊ သဘာဝတရားတို့၏ လက္ခဏာနှင့် သင်္ခါရသဘောတရားများကို သိမြင်နိုင်မှု ရှိမရှိသာ ပဓာနကျ၏။

မိမိထံ၌ အရင်ကရှိနေဆဲဖြစ်သော အာရုံ(၆)ပါး၊ ရုပ်နာမ်တရားတို့သည် သင်္ခါရ လက္ခဏာအနေဖြင့် ကေန်မုချ ပျက်လတ္တံ့၊ပျောက်လတ္တံ့ဟူသော အနိစ္စဖြစ်၏။ ကေန်မုချ ဖောက်လွဲဖောက်ပြန်ဖြစ်လတ္တံ့သော ဒုက္ခသဘော ဖြစ်၏။ ကေန်မုချ ကိုယ့်အလိုမကျ ဖြစ်လတ္တံ့သော အနတ္တသဘောလည်း ဖြစ်၏။

ထိုသင်္ခါရတို့၏ သဘာဝလက္ခဏာသုံးမျိုးကို မသိမမြင်နိုင်သူအား ထင်ရှားရှိဆဲ အာရုံ(၆)ပါးရုပ်နာမ်တရားတို့ ပျောက်ကွယ်ပျက်ဆုံး၍ မရှိသဘောကြုံလာချိန်တွင် လောဘ၊ဒေါသ၊သောက၊ ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿတို့ ထင်ရှားဖြစ်၍

http://www.dhammadownload.com



အကုသိုလ်(၁၂)ပါး အကျိုးတရားများသာ ဖြစ်ပေါ်ရရှိလာနိုင်၏။ ထိုသို့သော မရှိတော့ခြင်းနတ္ထိစွမ်းအားသည် ကောင်းကျိုးမပွား ဆိုးကျိုးများအောင် ကျေးဇူးပြု ပေ၏။

သခ်ီါရတို့၏ သဘာဝလက္ခဏာသုံးမျိုးကို သိမြင်နိုင်သူအား ထင်ရှားရှိဆဲ အာရုံ(၆)ပါးရုပ်နာမ်တရားတို့၌ လောဘ၊ဒိဋ္ဌိဟူသော ဥပါဒါန်တို့ဖြင့် မစွဲလမ်း။ ပျောက်ကွယ် ပျက်သုဉ်း၍ မရှိတော့ချိန်၌လည်း လောဘ၊ဒေါသ၊သောက၊ ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿတို့ဖြင့် မတမ်းတ။ ထိုအခါ၌ မရှိစွမ်းအားအကြောင်း တရားသည် ကုသိုလ်(၂၁)မျိုးဟူသော ကောင်းကျိုးတရားတို့ကို တိုးပွားဖြစ်ပေါ်လာ နိုင်အောင် ကျေးဇူးပြုပေသည်။

## မရှိစွမ်းအား၏တန်ဖိုး(၄)မျိုး

၁-မရှိစွမ်းအားကြောင့် ကုသိုလ်အကျိုးတိုးပွားနိုင်လျှင် မရှိကောင်းမည်၏။

၂-မရှိစွမ်းအားကြောင့် အကုသိုလ်အကျိုးတိုးပွားနိုင်လျှင် မရှိမကောင်း မည်၏။

၃-မရှိစွမ်းအားကို တဏှာဖြင့် အသုံးချလျှင် အရှုံးထွက်၏။

၄-မရှိစွမ်းအားကို ပညာဖြင့် အသုံးချနိုင်လျှင် အမြတ်ရ၏။

## နတ္ထိပစ္စည်း၏အကျိုး

အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ မဖြတ်နိုင်သေးသမျှ စုတိအခြားမဲ့၌ ဘဝသစ်တစ်ဖန် ဖြစ်ပြန်နေရ၏။ ဘဝသစ်၌လည်း ကိလေသာတို့ကို မပယ်မဖြတ် ပေါ့ပေါ့ဆဆနေမိပြန်သော် စုတိ၏အခြားမဲ့၌ ဘဝသစ်တစ်ဖန် ဖြစ်ရ ပြန်လေ၏။ ထိုသို့ ဘဝသစ်တို့ ထပ်ဖန်တလဲလဲ ဖြစ်ပျက်နေသမျှမှာ ကိလေသာ ဒုစရိုက်တရားတို့၏ နှိပ်စက်ဖျက်ဆီးမှုဘေးမှ မလွတ်နိုင်ရာ။

ကိလေသာတို့၏နှိပ်စက်ဖျက်ဆီးမှုမှ ကင်းလွတ်၍ ဘဝသစ်တို့ တစ်ဖန်ဖြစ် ရခြင်းစသောဆင်းရဲတို့မှ လွတ်လိုသောသူတော်ကောင်းသည် အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်၍ နိဗ္ဗာနဓာတ်သို့ရောက်အောင် အားထုတ်အပ် ပေသည်။

http://www.dhammadownload.com



### နတ္ထိပစ္စယော-ဘုရားရှိခိုး

မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ဆိမီးပုံသွေး၊ ဖြစ်ခွင့်ပေးသို့၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

နတ္ထိပစ္စယောပြီး၏။

## ၂၃။ ဝိဂတပစ္စယော။

(ကင်းခြင်းသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ၊ (ခ)ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ (ဂ) ဝိဂတပစ္စယေနပစ္စယော။

(အနက်၊အဓိပ္ပါယ်အားလုံး နတ္ထိပစ္စည်းနှင့် တူ၏။ သမနန္တရဝိဂတာ၊ မိမိ၏ အခြားမဲ့၌ ကောင်းစွာ ကင်းကုန်သောဟူ၍သာ ထူး၏။)

---

### ဝိဂတသတ္တိသရုပ်အဓိပ္ပါယ်များ

### ဝိဂတနှင့်ပစ္စယ

နောက်နောက်သော တရားတို့ဖြစ်ပေါ်လာဖို့ရန် ရှေးရှေးသောတရားတို့၏ o w ä;a; u i fay su 6 ã;ji fo ab mo n f]ဝိဂတ' မည်၏။

ရှေးရှေးသောစိတ်စေတသိက် အကြောင်းပစ္စည်းတရားတို့က နောက်နောက်သောစိတ်စေတသိက် အကျိုးပစ္စယုပ္ပန်တရားတို့အား ကင်းပျောက်မှုသတ္တိဖြင့် ကျေးဇူးပြုမှုကို 'ဝိဂတပစ္စယော'ဟု ခေါ်သည်။

### ဝိဂတ၏ဥပမာ

နေ့အချိန်၌ နေမင်းနှင့်အတူနေရောင်ခြည်တို့ ကွယ်ပျောက်သွားမှုသည်

http://www.dhammadownload.com



ညအချိန်၌ လမင်းနှင့်လရောင်တို့ ထွန်းလင်းဝင်းပလာခြင်း၏ အကြောင်းဖြစ်
သကဲ့သို့တည်း။

**လင်္ကာ**။ နေရောင်ကွယ်ပျောက်၊ လရောင်တောက်သို့၊ ကိုယ့်နောက်စိတ်အေး၊ ဖြစ်ခွင့်ပေး
လျက်၊ ရှေးရှေးစိတ်၏၊ ကင်းကွာဘိ၊ ဝိဂတဟုခေါ်။

## နတ္ထိနှင့် ဝိဂတအထူး

နတ္ထိ-မရှိခြင်းနှင့် ဝိဂတ-ကင်းပျောက်သွားခြင်းသည် အဓိပ္ပါယ်အားဖြင့် ကွဲပြားထူးခြားခြင်း မရှိပါ။ သို့သော် သတ္တိအားဖြင့်ကား ထူးခြား၏။ ငြိမ်းပြီးသော ဆီမီးတိုင်သည် အမှောင်ဖြစ်ဖို့ရန် အခွင့်ပေးသကဲ့သို့ နတ္ထိပစ္စည်းသည် မိမိ၏ မရှိခြင်းဖြင့် နောက်တရားများ ဖြစ်ပေါ်ဖို့ရန် ကျေးဇူးပြုပါသည်။

နေရောင်၏ ကင်းပျောက်သွားခြင်းသည် လရောင်လင်းလက်ဖို့အတွက် အခွင့်အရေး ပေးသကဲ့သို့ မိမိသဘောသတ္တိ မကင်းပျောက်သေး၍ ဖြစ်ခွင့်မ သေးသော နောက်တရားများအား မိမိ၏သဘောသတ္တိ ကင်းပျောက်ခြင်းဖြင့် ကျေးဇူးပြုမှုသည် 'ဝိဂတ' မည်၏။

လောကဥပမာအားဖြင့် မိမိအိမ်၌ လူတစ်ယောက် မရှိတော့ခြင်းသည် ခရီးသွား၍ သော်လည်းကောင်း၊ အိမ်မှထွက်ခွာသွား၍သော်လည်းကောင်း အကြောင်းတစ်စုံတရာဖြင့် မရှိခြင်းသည် နတ္ထိသတ္တိသဘော ဖြစ်၏။ မိမိအိမ်၌ လူတစ်ယောက် သေဆုံးသွားသောအခါ သူ့နေရာ၌နောက်ထပ်ပြန်မလာ နိုင်တော့ဘဲ လုံးဝပျောက်ကွယ်ချုပ်ဆုံးသွားခြင်းသဘောသည် ဝိဂတသတ္တိသဘော ဖြစ်၏။

## အဓိပ္ပါယ်တူပစ္စည်းများကို ဟောခြင်း

မြတ်ဗုဒ္ဓသည် တရားဟောရာတွင် တရားနာသူဝေနေယျတို့၏ အဇ္ဈာသယ ခေါ် ပါရမီဓာတ်ခံ လိုအင်ဆန္ဒအားလျော်စွာ ဟောကြားတော်မူသည်။ ထိုသို့ ဟောကြားရာတွင် တရားနာသူ ဝေနေယျသတ္တဝါ အမျိုးမျိုးတို့၏ လိုအင်ဆ အကြိုက်ကို လိုက်၍ အဓိပ္ပါယ်တူ သော်လည်း ပါဠိသဒ္ဒါ ကွဲပြားသော တရားအချို အခါအားလျော်စွာ ဟောကြားတော်လေ၏။ ဥပမာအားဖြင့် မိမိက အတ္ထိသတ္တိနှင့် သဘောပေါက်၏။ အခြားတစ်ယောက်က အဝိဂတနှင့်ပြောမှ သဘောပေါက်၏

http://www.dhammadownload.com



## ရုပ်နာမ်သတ္တိတို့ မတူကွဲပြားပုံ

ရုပ်တရား နာမ်တရားနှစ်ပါးတို့တွင် ရုပ်တရားသည် ရှေးရှေးရုပ်များ မချုပ်ပျောက်မီ ရှေးရှေးရုပ်တို့၏ သတ္တိများ မဆိတ်သုဉ်းမီ နောက်နောက်ရုပ်များ ထပ်ကာထပ်ကာ ဖြစ်ပေါ်လာကြ၏။ နာမ်တရားများကား ထိုသို့မဟုတ်။ ရှေးရှေး နာမ်တရားတို့ ချုပ်ပြီးမှသာ နောက်နောက်နာမ်တို့ ဖြစ်ပေါ်လာခွင့် ရှိ၏။ နောက်နောက်နာမ်များ ဖြစ်ပေါ်လာချိန်၌ ရှေးရှေးနာမ်တရားတို့၏ သတ္တိများလည်း ချုပ်ပျောက်ပြီး ဖြစ်သည်။

ထို့ကြောင့် တစ်ခုသော စိတ်အစဉ်ဝယ် လောဘစိတ်၊ ဒေါသစိတ်၊ မာနစိတ် စသည်ဖြင့် နာမ်တရား နှစ်ပါး၊ သုံးပါးတို့ တစ်ပြိုင်နက် မဖြစ်နိုင်ချေ။ နောက်စိတ်ဖြစ်ချိန်၌လည်း ရှေးစိတ်တို့ မရှိတော့ချေ။ 'သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ်'ဟူသောစကား၌ စိတ်အစဉ် တစ်ခုပြီးမှ နောက်စိတ်သစ် အစဉ်တစ်ခု ထပ်မံပေါ်ပေါက်လာခြင်းသာ ဖြစ်ပါသည်။

(အနန္တရသတ္တိခန်းဖြင့် ယှဉ်တွဲလေ့လာပါ။ သဘောတရား အတူတူပင်)

## မရှိခြင်းနှင့် ကင်းခြင်းသတ္တိ

အိမ်၌ မိသားစုဝင်တစ်ယောက် နိုင်ငံခြားစသည်သို့ ခရီးထွက်ခွာသွားသော အခါ အိမ်မှာ မရှိသည်ကား မှန်၏။ သို့သော် ပြန်မလာမည်လည်း မဟုတ်။ ထာဝရထွက်ခွာ သွားခြင်းလည်း မဟုတ်သဖြင့် မရှိခြင်းမဟုတ်ဘဲ ကင်းနေခြင်း 'ဝိဂတ'ဟုသာ ဆိုရသည်။

မိသားစုဝင်တစ်ယောက် သေဆုံးသွားသောအခါ ပြန်လည်း မလာ။ ခဏကင်းနေခြင်းလည်း မဟုတ်၍ မရှိခြင်း 'နတ္ထိ'သဘောဟု ဆိုရသည်။

ထိုတွင် ကင်းခြင်း၌ နေဝင်သွားခြင်းကြောင့် တစ်နေ့တာ ပင်ပန်းသမျှ အပန်းဖြေ၊ နားနေအိပ်စက်ရခြင်း၊ ညရိပ်၊ လရိပ်တို့ဖြစ်ပေါ်လာခြင်း သဘောတရား တို့သည် ဝိဂတသတ္တိ၏စွမ်းအင်တို့ပင် ဖြစ်သည်။

မရှိခြင်း၌ ဆီမီးသေသွားခြင်းကြောင့် နောက်ထပ် ဆီ မကုန်တော့ခြင်း၊ မီး မလောင်နိုင်ခြင်း၊ ဆီမီးတိုင်အသစ် ထပ်၍ ထွန်းညှိနိုင်ခြင်း သဘောတရား တို့သည် နတ္ထိသတ္တိ၏စွမ်းအင်တို့ပင် ဖြစ်ပါသည်။

http://www.dhammadownload.com



**ဝိဂတပစ္စယော-ဘုရားရှိခိုး**

နေရောင်ကွယ်ပျောက်၊ လရောင်ရောက်သို့၊ ကိုယ့်နှောက်စိတ်စေး၊ ဖြစ်ခွင့်ပေးလျက်၊ ရှေးရှေးစိတ်၏ ကင်းပျောက်ခြင်းဟူသော သတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော၊ ဝိဂတပစ္စည်းတရားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှား ရှိပါပေသည်တကား။

ဝိဂတပစ္စယောပြီး၏။

http://www.dhammadownload.com



## ၂၄။ အဝိဂတပစ္စယော။

(မကောင်းပျောက်မှုသတ္တိဖြင့် ကျေးဇူးပြု၏။)

### ပစ္စယနိဒ္ဒေသပါဠိ

၁။ (က)စတ္တာရော ခန္ဓာ အရူပိနော (ခ)အညမညံ (ဂ)အဝိဂတပစ္စယေန ပစ္စယော။

(ကျန်သောပါဠိများနှင့် အနက်အဓိပ္ပါယ်အားလုံးသည် အတ္ထိအတိုင်းပင် ဖြစ်၏။ အတ္ထိပစ္စယော နေရာ၌ အဝိဂတပစ္စယောဟု ပြောင်းဆိုရုံသာ ထူး၏)

### အဝိဂတသတ္တိသရုပ်အဓိပ္ပါယ်များ

### အဝိဂတနှင့်ပစ္စယ

ဝိဂတသည် ကင်းခြင်းဖြစ်၏။ အဝိဂတသည် ဝိဂတ၏ဆန့်ကျင်ဘက် မကင်းခြင်း ဟုအဓိပ္ပါယ်ရ၏။ ဝိဂတသည် နတ္ထိနှင့်အားလုံးတူ၏။ အဝိဂတသည် အတ္ထိနှင့် အားလုံး တူ၏။

မိမိ၏ သဘောလက္ခဏာ မကင်းချုပ်သေးသမျှ ဆိုင်ရာအကျိုးတရားတို့အား မကင်းချုပ်မှုသတ္တိဖြင့် ကျေးဇူးပြုမှုသဘောကို **'အဝိဂတပစ္စယော'** ဟု ခေါ်၏။

### အဝိဂတ၏ဥပမာ

မဟာသမုဒ္ဒရာရေသည် မကုန်ခမ်းသေးသမျှကာလပတ်လုံး သမုဒ္ဒရာ၌ ကျက်ရှိသော ငါးလိပ်စသည်တို့အား အသက်ရှင်သန်နေနိုင်ရန် ကျေးဇူးပြုသကဲ့သို့ ဖြစ်၏။

**ပင်္ကာ**။ သမုဒ်နက်ရေ၊ ငါးလိပ်တွေကို၊ မကင်းလေပဲ၊ ထောက်ပံ့နည်းသို့၊ ပစ္စည်း ပစ္စယုပ်၊ မကင်းချုပ်ဘဲ၊ ပစ္စုပ်နိုက်ရှိ၊ ထောက်ပံ့ဘိ၊ အဝိဂတခေါ်။

### အတ္ထိနှင့်အဝိဂတအထူး

ထင်ရှားရှိခြင်းအတ္ထိနှင့် မကောင်းပျောက်ခြင်း အဝိဂတတို့သည် အဓိပ္ပါယ်၊ တရားကိုယ် မကွဲပြား။ သို့သော် ပရမတ်တရားတို့၏ ဖြစ်,တည်,ပျက်ဟူသော ခဏသုံးပါး သဘောအားဖြင့် ထင်ရှားရှိနေမှုသဘောသည် **'အတ္ထိ'** မည်၏။

http://www.dhammadownload.com



ထိုပရမတ်တရားတို့၏ မိမိတို့ကိုယ်ပိုင် သဘောသတ္တိများ မကင်းချုပ်၊ မပျောက်ငြိမ်းသေးခြင်း သဘောသည် 'အဝိဂတ' မည်၏။

ငါးနှင့်ရေ ဥပမာ၌ ရေသည် မိမိထင်ရှားရှိနေဆဲတွင် မိမိမျက်မှောက်၌ တည်ရှိနေသောငါးတို့အား အသက်ရှင်သန်ရန် (အတ္ထိဖြင့်) ကျေးဇူးပြုသည်။ ထို့အတူ ငါးတို့သည်လည်း ရေနှင့်ကင်း၍ အသက်ရှင်ရန် မဖြစ်နိုင်။ ငါးတို့အား ရေသည် မကင်းကောင်းသည့်(အဝိဂတ)သတ္တိဖြင့် ကျေးဇူးပြု၏။

## အဝိဂတသတ္တိ၊ မကင်းခြင်း(၅)မျိုး

၁။ သဟဇာတအဝိဂတ- အတူတကွဖြစ်၍ ထင်ရှားရှိခြင်းတရား။
၂။ ပုရေဇာတအဝိဂတ- ရှေး၌ဖြစ်၍ ထင်ရှားရှိခြင်းတရား။
၃။ ပစ္ဆာဇာတအဝိဂတ- နောက်၌ဖြစ်၍ ထင်ရှားရှိခြင်းတရား။
၄။ အာဟာရအဝိဂတ- ထောက်ပံ့နိုင်စေ၍ ထင်ရှားရှိခြင်းတရား။
၅။ ဣန္ဒြိယအဝိဂတ- အစိုးတရဖြစ်၍ ထင်ရှားရှိခြင်းတရား။

ယင်းအဝိဂတပစ္စည်းငါးပါးလုံးသည် ဆိုင်ရာပစ္စည်းများ၌ အတိုင်း အားလုံး တူသည်။

## အတ္ထိ၊နတ္ထိ၊ဝိဂတ၊အဝိဂတ

ရှေ့၌ ဝိဂတပစ္စည်းကို ဟောတော်မူပြီး၍ ဆန့်ကျင်ဘက်အားဖြင့် အဝိဂတကို ထပ်၍ ဟောခြင်းဖြစ်၏။

ဝိဂတ-ကင်းခြင်းသည် နတ္ထိ-မရှိခြင်းနှင့် သဘောတူ၍ အဝိဂတ- မကင်းခြင်းသည် အတ္ထိ-ရှိခြင်းနှင့် သဘောတူ၏။ (အတ္ထိ+အဝိဂတ၊ နတ္ထိ+ဝိဂတ

## အဝိဂတပစ္စယော-ဘုရားရှိခိုး

သမုဒ်နက်ရေ၊ ငါး၊လိပ်တွေကို၊ မကင်းလေဘဲ၊ ထောက်ပံ့နဲ့သို့၊ ပစ္စဲပ ယုတ်၊ မကင်းချုပ်ဘဲ၊ ပစ္စုပ္ပန်အခိုက်၌ ထောက်ပံ့တတ်သော အဝိဂတသတ္တိထူးဖြ ကျေးဇူးပြုနိုင် သောပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနေ တရားသဘောသာ၊ ထင်ရှားရှိ ပါပေသည်တကား။

အဝိဂတပစ္စယောပြီး၏။

http://www.dhammadownload.com



## စွမ်းအင်သတ္တိ(၂၄)မျိုးတို့ကို တူရာအုပ်စုခွဲခြင်း

စွမ်းအင်သတ္တိ(၂၄)ပါးတို့ကို သဘောတူရာအုပ်စုပြုလေသော် ခေါင်းဆောင် သတ္တိ(၈)မျိုး ကွဲပြားလာ၏။

၁။ **အာရမ္မဏပစ္စယော-** အာရုံသတ္တိ၊
၂။ **သဟဇာတပစ္စယော**-သဟဇာတ်သတ္တိ၊
၃။ **ဥပနိဿယပစ္စယော**-အားကြီးသောမှီရာသတ္တိ၊
၄။ **ပုရေဇာတပစ္စယော**-ရှေးကဖြစ်သောမှီရာသတ္တိ၊
၅။ **ပစ္ဆာဇာတပစ္စယော**-နောက်ကဖြစ်သောသတ္တိ၊
၆။ **ကမ္မပစ္စယော-** ကံ,စေတနာသတ္တိ၊
၇။ **အာဟာရပစ္စယော-** ထောက်ပံ့နိုင်စေမှုသတ္တိ၊
၈။ **ဣန္ဒြိယပစ္စယော-** အစိုးရမှုသတ္တိ။

ထို ခေါင်းဆောင်သတ္တိ (၈)မျိုးကိုပင် အမျိုးအစားအလိုက် ခွဲခြားလျှင် (၉)မျိုး ကွဲပြားပြန်၏။ ထိုနှစ်မျိုးကို ရည်ရွယ်၍ 'ရှစ်ပစ္စည်း၊ကိုးမျိုး' ဟု ဆိုကြ၏။

၁။ အာရမ္မဏမျိုး- အာရုံသတ္တိ၊
၂။ သဟဇာတမျိုး- သဟဇာတသတ္တိ၊
၃။ အနန္တရူပမျိုး- အကြားမဲ့သတ္တိ၊
၄။ ပကတူပမျိုး- ပင်ကိုယ်မှီရာသတ္တိ၊
၅။ ဝတ္ထုပုရေဇာတမျိုး- ရှေးက မှီရာသတ္တိ၊
၆။ ပစ္ဆာဇာတမျိုး- နောက်ကဖြစ်သောသတ္တိ၊
၇။ ဗလဝ,ဒုဗ္ဗလနာနာကမ္မမျိုး- အတိတ်စေတနာကံသတ္တိ၊
၈။ ရူပအာဟာရမျိုး- ရုပ်အာဟာရသတ္တိ၊
၉။ ရူပဇီဝိတိန္ဒြိယမျိုး- ရုပ်ဇီဝိတိန္ဒြေသတ္တိ။

## စွမ်းအင်သတ္တိ(၂၄)ပါးကို ရုပ်နာမ်သတ္တိခွဲခြင်း

စွမ်းအင်သတ္တိတရား(၂၄)ပါးတို့တွင် ပါဝင်သောတရားတို့သည် နာမ် ပရမတ်တရား၊ ရုပ်ပရမတ်တရားနှင့်၊ ပညတ်တရားဟု (၃)မျိုးသာ ရှိလေ၏။

http://www.dhammadownload.com


ထို့ကြောင့် မည်သည့် စွမ်းအင်သတ္တိကိုကြည့်ကြည့် ရုပ်တရားဖြင့် ကျေးဇူးပြုသောသတ္တိ၊ နာမ်တရားဖြင့် ကျေးဇူးပြုသောသတ္တိ၊ ရုပ်နာမ်,နာမ်ရုပ်ပေါင်း၍ ကျေးဇူးပြုသောသတ္တိ၊ ပညတ်,နာမ်,ရုပ်ပေါင်း၍ ကျေးဇူးပြုသော သတ္တိတို့ကို တွေ့ရမည် ဖြစ်၏။ ထိုတွင်-

**၁။ နာမ်သည် နာမ်အား ကျေးဇူးပြုသော သတ္တိ(၆)ပါး**

၁။ **အနန္တရ-** အကြားမရှိသတ္တိ
၂။ **သမနန္တရ-** ကောင်းစွာအကြားမရှိသတ္တိ
၃။ **အာသေဝန**-ထုံခြင်းသတ္တိ
၄။ **သမ္ပယုတ္တ-** ယှဉ်ခြင်းသတ္တိ
၅။ **နတ္ထိ-** မရှိခြင်းသတ္တိ
၆။ **ဝိဂတ-** ကင်းခြင်းသတ္တိ။

**မှတ်ချက်။** ဆိုင်ရာ ပစ္စယသတ္တိကျေးဇူးပြုပုံ တရားများနှင့် ယှဉ်တွဲ လေ့လာကြည့်ပါ။

**၂။ နာမ်သည် နာမ်,ရုပ်အား ကျေးဇူးပြုသော သတ္တိ(၅)ပါး**

၁။ **ဟေတု-** ဟိတ်သတ္တိ
၂။ **ကမ္မ-** စေတနာကံသတ္တိ
၃။ **ဝိပါက-** အကျိုးပေးသတ္တိ
၄။ **ဈာန-** ယှဉ်ခြင်းသတ္တိ
၅။ **မဂ္ဂ-** လမ်းကြောင်းသတ္တိ

**၃။ နာမ်သည် ရုပ်အား ကျေးဇူးပြုသော သတ္တိ(၁)ပါး**

၁။ **ပစ္ဆာဇာတ-** နောက်ကဖြစ်၍ ကျေးဇူးပြုမှုသတ္တိ၊

နောက်မှဖြစ်သော စိတ်တို့သည် ရှေးကကြိုတင် ဖြစ်ပြီးသော ရုပ်တို့အား ကျေးဇူးပြုမှုသတ္တိတည်း။

**၄။ ရုပ်သည် နာမ်အား ကျေးဇူးပြုသော သတ္တိ(၁)ပါး**

၁။ **ပုရေဇာတ-** ရှေးကဖြစ်၍ ကျေးဇူးပြုမှုသတ္တိ၊

ရှေးကကြိုတင် ဖြစ်ပြီးသော ရုပ်တို့သည် နောက်မှဖြစ်လာသော

http://www.dhammadownload.com



စိတ်တို့အား ကျေးဇူးပြုသောသတ္တိတည်း။

**၅။ ပညတ်နာမ်ရုပ်သည် နာမ်အား ကျေးဇူးပြုသတ္တိ(၂)ပါး**

၁။ အာရမ္မဏ- အာရုံအဖြစ်ဖြင့် ကျေးဇူးပြုမှုသတ္တိ၊

၂။ ဥပနိဿယ-အားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူးပြုမှုသတ္တိ၊

**၆။ နာမ်ရုပ်သည် နာမ်ရုပ်အား ကျေးဇူးပြုသတ္တိ(၉)ပါး**

၁။ အဓိပတိ- အကြီးအမှူးသတ္တိ

၂။ သဟဇာတ- တကွဖြစ်မှုသတ္တိ

၃။ အညမည- အချင်းချင်းထောက်ပံ့မှုသတ္တိ

၄။ နိဿယ- မှီရာသတ္တိ

၅။ အာဟာရ- ထောက်ပံ့ခိုင်စေမှုသတ္တိ

၆။ ဣန္ဒြိယ- အစိုးရမှုသတ္တိ

၇။ ဝိပ္ပယုတ္တ- မယှဉ်ခြင်းသတ္တိ

၈။ အတ္ထိ- ရှိခြင်းသတ္တိ

၉။ အဝိဂတ- မကင်းခြင်းသတ္တိ။

http://www.dhammadownload.com


## စွမ်းအင်သတ္တိ(၂၄)ပါး၏ အချုပ်သတ္တိ(၄)မျိုး

စွမ်းအင်သတ္တိပေါင်း(၂၄)မျိုးတို့ကို သဘောတူရာသတ္တိတို့ဖြင့် ပေါင်းထည့် လေသော်-

1/ **အာရမ္မဏသတ္တိ၊ ၂။ ဥပနိဿယသတ္တိ၊ ၃။ကမ္မသတ္တိ၊ ၄။အတ္ထိ သတ္တိဟူ၍ သတ္တိ(၄)မျိုး၌ အကျုံးဝင်လေ၏။**

### ၁။ အာရမ္မဏ၌အကျုံးဝင်သတ္တိ (၈) ပါး

အာရမ္မဏသတ္တိ၌-အာရုံအနေဖြင့် ပါဝင်၍ ကျေးဇူးပြုနိုင်သောသတ္တိတို့မှာ အဓိပတိ, အာရမ္မဏ, ပုရေဇာတ, နိဿယ, ဥပနိဿယ, ဝိပ္ပယုတ္တ, အတ္ထိ အဝိဂတဟူသော (၈)မျိုး ဖြစ်ပါသည်။ (အာရမ္မဏမျိုး- ၈)

**တစ်နည်း။** ခပ်သိမ်းသော ပရမတ်,ပညတ်,ပစ္စည်းတရားဟူသမျှသည် စိတ်,စေတသိက်တို့၏ အာရုံများသာ ဖြစ်သည်။ အာရုံမှလွတ်သော တရားမရှိသေ ကြောင့် ကျန်သတ္တိ(၂၃)ပါးလုံး အာရမ္မဏပစ္စည်း၌ အကျုံးဝင်ပါသည်။ (ဋီကာကျော်

### ၂။ ဥပနိဿယ၌ အကျုံးဝင်သတ္တိ (၇) ပါး

ဥပနိဿယသတ္တိ၌-အားကြီးသောမှီရာအနေဖြင့် ပါဝင်၍ ကျေးဇူးပြ နိုင်သော သတ္တိများမှာ အနန္တရ,သမနန္တရ,အာသေဝန, အနန္တရူပနိဿယ, ပကတူ နိဿယ, နတ္ထိ, ဝိဂတ ဟူသော သတ္တိ (၇)မျိုး ဖြစ်ပါသည်။(ဥပနိဿယမျိုး-

**တစ်နည်း။** မိမိတို့ဆိုင်ရာ ပစ္စယုပ္ပန်,အကျိုးတရားတို့၏ အားကြီးသောမှီ အကြောင်းတရားများသာ ဖြစ်သောကြောင့် အလုံးစုံသော ကျန်သတ္တိ(၂၃)ပါးပ သည် ဥပနိဿယပစ္စည်း၌ အကျုံးဝင်ပါသည်။ (ဋီကာကျော်)

### ၃။ ကမ္မ၌ အကျုံးဝင်သတ္တိများ

ကမ္မသတ္တိသည် ဥပနိဿယနှင့် ကမ္မတို့သာ သဘောတူ အကျုံးဝင်သ ကမ္မ(၂)မျိုးတွင် သဟဇာတကမ္မသည် အတ္ထိသတ္တိမျိုး၌ ပါဝင်သည်။ နာနာက္ခဏိ ကမ္မသည် အားရှိ,အားမဲ့ နှစ်မျိုးရှိရာ အားရှိသော ကမ္မသည် ဥပနိဿယသတ္တိ

http://www.dhammadownload.com



အားမဲ့သော ကမ္မသည် ကမ္မသတ္တိ၌ သီးခြားပြဆိုပါသည်။ (ပရမတ္ထဒီပနီ)

**တစ်နည်း။** တစ်လောကလုံး၏ ဖြစ်ပျက်နေမှုသည် ကံသာလျှင် အရင်းခံ ရှိသောကြောင့် အလုံးစုံသော ပစ္စည်းတရားတို့သည် ကမ္မပစ္စည်း၌ အကျုံးဝင်ပါသည်။(ဋီကာကျော်)

## ၄။ အတ္ထိ၌ အကျုံးဝင်သတ္တိ (၁၇) ပါး

အတ္ထိသတ္တိသည်-

၁။ သဟဇာတတ္တိ၊ ၂။ ပုရေဇာတတ္တိ၊ ၃။ ပစ္ဆာဇာတတ္တိ၊ ၄။ ရုပ်အာဟာရတ္တိ၊ ၅။ ရူပဇီဝိတိန္ဒြိယတ္တိ ငါးမျိုးတွင် ဟေတု,အဓိပတိ,သဟဇာတ,အညမည, နိဿယ, ပုရေဇာတ,ပစ္ဆာဇာတ,ကမ္မ,ဝိပါက,အာဟာရ,ဣန္ဒြိယ, ဈာန,မဂ္ဂ, သမ္ပယုတ္တ,ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသော သတ္တိ(၁၇)ပါး ဖြစ်ပါသည်။

**တစ်နည်း။** အလုံးစုံသော ပစ္စည်းတရားတို့သည် ပရမတ်အားဖြင့်လည်း ကောင်း၊ ပညတ်အားဖြင့်လည်းကောင်း၊ ထင်ရှားရှိသည်သာ ဖြစ်သောကြောင့် အတ္ထိပစ္စည်း၌ အကျုံးဝင်ပါသည်။(ဋီကာကျော်)

## စွမ်းအင်သတ္တိ(၂၄)ပါးကို ကာလ(၃)ပါးဖြင့် ခွဲခြင်း

**ပစ္စုပ္ပန်ကာလ၌ ကျေးဇူးပြုသောသတ္တိ(၁၅)ပါး**

| | | |
|---|---|---|
| ၁။ ဟေတု | ၂။ သဟဇာတ | ၃။ အညမည |
| ၄။ နိဿယ | ၅။ ပုရေဇာတ | ၆။ ပစ္ဆာဇာတ |
| ၇။ ဝိပါက | ၈။ အာဟာရ | ၉။ ဣန္ဒြိယ |
| ၁၀။ဈာန် | ၁၁။မဂ္ဂ | ၁၂။သမ္ပယုတ္တ |
| ၁၃။ဝိပ္ပယုတ္တ | ၁၄။အတ္ထိ | ၁၅။အဝိဂတ။ |

http://www.dhammadownload.com



### အတိတ်ကာလ၌ ကျေးဇူးပြုသောသတ္တိ(၅)ပါး

၁။အနန္တရ။ ၂။သမနန္တရ၊ ၃။ အာသေဝန၊ ၄။နတ္ထိ၊ ၅။ ဝိဂတ။

### ကာလတစ်ခု၌သာ ကျေးဇူးပြုသောသတ္တိ(၂၀)

※ ပစ္စုပ္ပန်ကာလ၌ ကျေးဇူးပြုသောသတ္တိ(၁၅)ပါးနှင့် အတိတ်ကာလ၌ ကျေးဇူးပြု သောသတ္တိ(၅)ပါးပေါင်းသော် သတ္တိ (၂၀) ကာလတစ်ခု၌သာ ကျေးဇူး ပြုနိုင်သဖြင့် **'ဧကကာလိက'**သတ္တိများဟု ခေါ်သည်။

### ကာလနှစ်ခု၌ ကျေးဇူးပြုသောသတ္တိ(၁)ပါး

※ ကျန်သတ္တိ(၄)ပါးတို့တွင် ကမ္မသတ္တိသည် သဟဇာတ+နာနာက္ခဏိကဟု နှစ်မျိုးရှိရာ သဟဇာတသည် ထင်ရှားရှိဆဲ ပစ္စုပ္ပန်အခိုက်၌ ကျေးဇူးပြုသည်။ နာနာက္ခဏိကသည် ချုပ်ပြီး၊လွန်ပြီး အတိတ်အဖြစ်ဖြင့် ကျေးဇူးပြုသည်။ ထို့ကြောင့် ကမ္မသတ္တိသည် ပစ္စုပ္ပန်၊ အတိတ်ကာလနှစ်မျိုး၌ ကျေးဇူးပြုနိုင်သဖြင့် **'ဒွိကာလိက'**သတ္တိဟု ခေါ်သည်။

### ကာလသုံးပါးနှင့် ကာလဝိမုတ်သတ္တိ(၃)ပါး

※ ကျန်သောသတ္တိ(၃)ပါးတွင် အာရမ္မဏသတ္တိ၌- စိတ်၊စေတသိက်၊ ရုပ်တို့သည် ကာလသုံးပါးလုံးနှင့်ဆိုင်သော **'တေကာလိက'**တရားများ ဖြစ်သည်။

နိဗ္ဗာန်နှင့် ပညတ်တို့သည် ဥပါဒ်၊ဌီ၊ဘင်အားဖြင့် ထင်ရှားမရှိသဖြင့် ကာလ(၃)ပါးဖြင့် ပိုင်းခြားသတ်မှတ်၍ မရကောင်းပါ။ ထို့ကြောင့် **'ကာလဝိမုတ်'** တရားများ ဖြစ်သည်။

※ အဓိပတိသတ္တိ၌- အာရမ္မဏာဓိပတိသည် ကာလသုံးပါးလုံး၌ ကျေးဇူး ပြုသည်။ သဟဇာတာဓိပတိကား ပစ္စုပ္ပန်ကာလ၌သာ ကျေးဇူးပြုသည်။

※ ဥပနိဿယသတ္တိ၌- အာရမ္မဏူပနိဿယသည် တေကာလိက၊ ကာလ ဝိမုတ်(၂)မျိုး ဖြစ်သည်။ အနန္တရူပနိဿယသည် အတိတ်ကာလ။ ပကတူပ နိဿယသည် တေကာလိကဖြစ်သော စိတ်စေတသိက်ရုပ်နှင့် ကာလဝိမုတ် ပညတ် တို့ ပါဝင်သည်။

ထို့ကြောင့် အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယတို့သည် ရံခါ၌ ကာလ(၃)ပါး

http://www.dhammadownload.com



ဖြစ်၍၊ ရုံခါတွင် ကာလဝိမုတ်တို့၌ ဖြစ်ကြ၏။

## သန္တာန်(၂)ပါးဖြင့် ခွဲခြားခြင်း

※ သက်ရှိသတ္တဝါတို့၏ အတွင်းအဇ္ဈတ္တသန္တာန်နှင့် ပြင်ပဗဟိဒ္ဓတရား အားလုံးတို့၌ရှိသော သတ္တိတရား (၁၀)ပါး ဖြစ်၏။ ထို(၁၀)ပါးတို့မှာ-

၁။ အာရမ္မဏ ၂။ အဓိပတိ ၃။ သဟဇာတ

၄။ အညမည ၅။ နိဿယ ၆။ ဥပနိဿယ

၇။ ပုရေဇာတ ၈။ အာဟာရ ၉။ အတ္ထိ ၁၀။အဝိဂတ တို့တည်း။

※ ကျန်(၁၄)ပါးသော သတ္တိများသည် သက်ရှိသတ္တဝါတို့၏ အတွင်းအဇ္ဈတ္တသန္တာန်၌သာ ကျေးဇူးပြုနိုင်၍ အဇ္ဈတ္တသတ္တိများသာ ဖြစ်ပါသည်။ ဗဟိဒ္ဓသက်သက်သတ္တိမရှိပါ။

## သခ်ီတနှင့်အသခ်ီတခွဲခြင်း

※ နာမ်တရားနှင့် ရုပ်တရားတို့သည် ကံ၊စိတ်၊ဥတု၊အာဟာရဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်စီမံမှုခံကြရသောကြောင့်‘**သခ်ီတ**’တရားမည်၏။

နိဗ္ဗာန်နှင့် ပညတ်တို့သည် ထိုအကြောင်းတရား(၄)ပါးတို့ ပြုပြင်စီမံမှုခံရသောကြောင့် ‘**အသခ်ီတ**’တရားမည်၏။

※ စွမ်းအင်သတ္တိ (၂၄)ပါးတို့တွင် အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ သုံးပါးတို့၏ အကြောင်းပစ္စည်းတရား၌ သခ်ီတ၊အသခ်ီတ နှစ်မျိုးလုံးပါဝင်သောကြောင့် ထိုသုံးပစ္စည်းကို ‘**သခ်ီတာသခ်ီတသတ္တိ**’များဟု ခေါ်၏။

※ ကျန် ၂၁-ပစ္စည်းတို့ကား သခ်ီတမျိုးသာဖြစ်၍ ‘**သခ်ီတသတ္တိ**’များသာ ဖြစ်သည်။

http://www.dhammadownload.com



## သဘောတူရာအုပ်စုအမျိုးအမည်များ

၁။ အာရမ္မဏ(၈)မျိုးအုပ်စု

၁။ အာရမ္မဏ ၂။ အဓိပတိ ၃။ နိဿယ၊ ၄။ ဥပနိဿယ

၅။ ပုရေဇာတ ၆။ ဝိပ္ပယုတ္တ ၇။ အတ္ထိ ၈။ အဝိဂတ

ထို(၈)မျိုးတို့သည် အာရုံသတ္တိနှင့် သဘောတူရာ လိုက်ပါ၍ ဖြစ်နိုင်ခွ ရှိပါသည်။

၂။ သဟဇာတ(၁၅)မျိုးအုပ်စု

သဟငယ်-၇-ပါး

၁။ ဟေတု ၂။ အဓိပတိ ၃။ ကမ္မ ၄။ အာဟာရ၊ ၅။ဣန္ဒြိယ ၆။ ဈာ ၇။ မဂ္ဂ၊ ၈။ အဝိဂတ။

သဟလတ်-၄-ပါး

၁။ အညမည ၂။ ဝိပါက။ ၃။သမ္ပယုတ္တ ၄။ ဝိပ္ပယုတ္တ။

သဟကြီး-၄-ပါး

၁။ သဟဇာတ ၂။ နိဿယ ၃။ အတ္ထိ ၄။ အဝိဂတ။

ထိုပစ္စည်း ၁၅-မျိုးသည် သဟဇာတ်သတ္တိနှင့် သဘောတူရာ လိုက်ပါ ဖြစ်နိုင်ကြသည်။

၃။ အနန္တရ(၇)မျိုးအုပ်စု

၁။ အနန္တရ ၂။ သမနန္တရ ၃။ နိဿယ

၄။ အာသေဝန ၅။ ကမ္မ ၆။ နတ္ထိ ၇။ ဝိဂတ။

ထိုပစ္စည်း ၇-မျိုးသည် အကြားမဲ့သတ္တိနှင့် သဘောတူရာ လိုက်ပါ ဖြစ်နိုင်ခွင့်ရှိပါသည်။

http://www.dhammadownload.com



၄။ ပကတူ(၂)မျိုးအုပ်စု

၁။ ပကတူပနိဿယ ၂။ ဗလဝနာနာက္ခဏိကကမ္မ

ထိုပစ္စည်း ၂-မျိုးသည် ပကတူသတ္တိနှင့် သဘောတူရာ လိုက်ပါ၍ ဖြစ်နိုင်ခွင့် ရှိပါသည်။

၅။ ဝတ္ထုပုရေဇာတ(၆)မျိုးအုပ်စု

၁။ နိဿယ၊ ၂။ ပုရေဇာတ၊ ၃။ ဣန္ဒြိယ၊ ၄။ဝိပ္ပယုတ္တ၊ ၅။အတ္ထိ၊ ၆။ အဝိဂတ။

ထိုပစ္စည်း ၆-မျိုးသည် ပုရေသတ္တိနှင့် သဘောတူရာ လိုက်ပါ၍ ဖြစ်နိုင်ခွင့် ရှိပါသည်။

၆။ ပစ္ဆာဇာတ(၄)မျိုးအုပ်စု

၁။ ပစ္ဆာဇာတ ၂။ ဝိပ္ပယုတ္တ ၃။ အတ္ထိ ၄။ အဝိဂတ။

ထိုပစ္စည်း ၄-မျိုးသည် ပစ္ဆသတ္တိနှင့် သဘောတူရာ လိုက်ပါ၍ ဖြစ်နိုင်ခွင့် ရှိပါသည်။

၇။ ရုပ်အာဟာရ(၃)မျိုးအုပ်စု

၁။ ရုပ်အာဟာရ ၂။ အတ္ထိ ၃။ အဝိဂတ။

ထိုပစ္စည်း ၃-မျိုးသည် ရုပ်အာဟာရသတ္တိနှင့် သဘောတူရာ လိုက်ပါ၍ ဖြစ်နိုင်ခွင့် ရှိသည်။

၈။ ရုပ်ဇီဝိတိန္ဒြိယ(၃)မျိုးအုပ်စု

၁။ ရုပ်ဇီဝိတိန္ဒြိယ ၂။ အတ္ထိ ၃။ အဝိဂတ။

ထိုပစ္စည်း ၃-မျိုးသည် ရုပ်ဣန္ဒြေသတ္တိနှင့် သဘောတူရာ လိုက်ပါ၍ ဖြစ်နိုင်ခွင့် ရှိပါသည်။

http://www.dhammadownload.com


## ယုဂနဒ္ဓ-အစုံသတ္တိ(၅)မျိုး

၁။ အနန္တရနှင့် သမနန္တရတို့သည် အနက်တူပါဠိကွဲ 'အစုံသတ္တိ' တို့ဖြစ်၏။

၂။ နိဿယနှင့် ဥပနိဿယတို့သည် ပါဠိတူအနက်ကွဲ အစုံသတ္တိတို့ဖြစ်၏။

၃။ပုရေဇာတနှင့်ပစ္ဆာဇာတတို့သည် ကာလဆန့်ကျင်ဘက် အစုံသတ္တိတို့ ဖြစ်၏။

၄။ သမ္ပယုတ်နှင့် ဝိပ္ပယုတ်၊ အတ္ထိနှင့်နတ္ထိ၊ ဝိဂတနှင့်အဝိဂတတို့သည် အချင်းချင်းဆန့်ကျင်ဘက် အစုံသတ္တိတို့ ဖြစ်၏။

၅။ ကမ္မနှင့် ဝိပါကတို့သည် အကြောင်းအကျိုးအစုံသတ္တိတို့ ဖြစ်၏။

## ဇနကသတ္တိနှင့် ဥပတ္ထမ္ဘကသတ္တိ

အနန္တရ၊သမနန္တရ၊ပကတူပနိဿယ၊ အာရမ္မဏ၊ နာနာက္ခဏိကကမ္မ၊ ကမ္မ၊ နတ္ထိ တို့သည် 'ဇနကသတ္တိ' ရှိကြ၏။ ပစ္ဆာဇာတသည် 'ဥပတ္ထမ္ဘကသတ္တိ' သာ ရှိ၏။ ကြွင်း ၁၈-ပစ္စည်းတို့သည် ဇနကနှင့် ဥပတ္ထမ္ဘကသတ္တိ (၂)မျိုးလုံး ရှိကြ၏။

## အကျိုးသက်ရောက်မှုတစ်ခု၌ အကြောင်းစွမ်းအင်သတ္တိတို့ များစွာဖြစ်နေပုံ

ဥပမာ။ ပပဝတီ၏ရူပါရုံကို မြင်ရသောအခိုက်၌ မင်းကုသ၏သန္တာန်တွင် မြင်သိစိတ် စက္ခုဝိညာဏ်ဖြစ်ရာ၌-

⁜ အကြောင်းရူပါရုံသည် ⁜ အကျိုးမြင်သိစိတ်အား-

၁။ အာရုံစွမ်းအင်အာရမ္မဏသတ္တိဖြင့်လည်းကောင်း၊

၂။အလေးအမြတ်,အကြီးအမှူးအာရုံစွမ်းအား အာရမ္မဏာဓိပတိဖြင့် လည်းကောင်း၊

၃။ ရှေးကကြိုတင်ဖြစ်မှုစွမ်းအား ပုရေဇာတသတ္တိဖြင့်လည်းကောင်း၊

၄။ မှီရာစွမ်းအား နိဿယသတ္တိဖြင့်လည်းကောင်း၊

၅။ အားကြီးသောမှီရာစွမ်းအား ဥပနိဿယသတ္တိဖြင့်လည်းကောင်း၊

http://www.dhammadownload.com



၆။ ထင်ရှားရှိမှုစွမ်းအား အတ္ထိသတ္တိဖြင့်လည်းကောင်း၊

၇။ မကင်းပျောက်မှုစွမ်းအား အဝိဂတသတ္တိဖြင့်လည်းကောင်း ကျေးဇူးပြု
နိုင်ပေ၏။

**ှတ်ချက်**။ အာရမ္မဏ(၈)မျိုးအုပ်စုနှင့် ယှဉ်တွဲလေ့လာပါ။

ဥပမာ။ အနိဋ္ဌာရုံတစ်ခုကို မြင်တွေ့ရ၍ စိတ်ဆိုးဒေါသထွက်နေသူ၏
သန္တာန်၌ ※ရှေ့ဒေါသစိတ်အကြောင်းသည် ※နောက်နောက်ဒေါသစိတ် အကျိုးအား-

၁။ အကြားမရှိစွမ်းအား အနန္တရသတ္တိဖြင့်လည်းကောင်း၊

၂။ ကောင်းစွာအကြားမရှိစွမ်းအား သမနန္တရသတ္တိဖြင့်လည်းကောင်း၊

၃။ အားကြီးသောမှီရာစွမ်းအား ဥပနိဿယသတ္တိဖြင့်လည်းကောင်း၊

၄။ အဖန်တလဲလဲထုံပွားမှုစွမ်းအား အာသေဝနသတ္တိဖြင့်လည်းကောင်း၊

၅။ တကွဖြစ်ဖက်စွမ်းအား သဟဇာတကမ္မသတ္တိဖြင့်လည်းကောင်း၊

၆။ မရှိမှုစွမ်းအား နတ္ထိသတ္တိဖြင့်လည်းကောင်း၊

၇။ ကင်းပျောက်မှုစွမ်းအား ဝိဂတသတ္တိဖြင့်လည်းကောင်း အသီးသီး
ကျေးဇူးပြုနိုင်ပေ၏။

**တ်ချက်**။ အနန္တရ(၇)မျိုးအုပ်စုနှင့် ယှဉ်တွဲ လေ့လာပါ။

## ပဋိသန္ဓေတည်နေစိတ်အား
## အကြောင်းစွမ်းအင်သတ္တိများစွာတို့က ကျေးဇူးပြုနေပုံ

အမေဝမ်းတွင် ပဋိသန္ဓေတည်နေသူ၏ ပဋိသန္ဓေတည်ဆဲအခိုက်၌ ပဋိသန္ဓေ
ဘ်ဝိညာဏ်နှင့် ရုပ်ပေါင်း(၃၀)ဟူ၍ နာမ်နှင့်ရုပ်တို့ တစ်ပြိုင်နက်အတူ ဖြစ်လာ
ဉ်၏။

၁။ ထိုပဋိသန္ဓေနာမ်ခန္ဓာတို့ဖြစ်ပေါ်လာနိုင်အောင် အတိတ်ဘဝက ကုသိုလ်
ာတနာအကြောင်းတရားတို့က ကမ္မသတ္တိဖြင့် အကြောင်း+အကျိုး ကျေးဇူးပြုမှု

http://www.dhammadownload.com


ကြောင့် ဖြစ်၏။

၂။ ထိုအတိတ်ဘဝက သေခါနီးမရဏာသန္နဇောစိတ်၌ ထင်လာသော ကံနိမိတ်၊ကမ္မနိမိတ်၊ ဂတိနိမိတ်ဟူသော အာရုံ(၆)ပါးတွင် တစ်ပါးပါးသော အာရုံတို့က အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုပေသည်။

၃။ အတိတ်ဘဝက စုတိစိတ်ဟူသော နာမ်ခန္ဓာတို့က အကြားမပြတ်အောင် ယခုဘဝ ပဋိသန္ဓေနာမ်ခန္ဓာအား အနန္တရသတ္တိအုပ်စုဖြင့် ကျေးဇူးပြုပြန်၏။

၄။ ယခုဘဝပဋိသန္ဓေစိတ်နှင့် အတူတကွ ဖြစ်ပေါ်လာရသော ဟဒယ ဝတ္ထုရုပ် တို့သည် အချင်းချင်းအပြန်အလှန် သဟဇာတသတ္တိအုပ်စုဖြင့် ကျေးဇူး ပြုပြန်၏။

၅။ ယခုဘဝ၌ မွေးသမိခင်နှင့်ဖခင်ဟူသော ပုဂ္ဂိုလ်ပညတ်နှင့် နာမ်ရုပ်တို့ ကလည်း ပဋိသန္ဓေစိတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၆။ထို့အတူ ပဋိသန္ဓေစိတ်ဝိညာဏ်နှင့်တကွဖြစ်သော နာမ်ခန္ဓာလေးပါးတို့က အချင်းချင်းတို့အား တည်နိုင်ရှင်သန်နိုင်အောင် သဟဇာတနိဿယ၊ အတ္ထိ၊ အဝိဂတ အညမည၊ ဝိပါက၊သမ္ပယုတ္တတို့ဖြင့်လည်းကောင်း၊ ဟေတု၊ ကမ္မ၊ အာဟာရ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂတို့ဖြင့် လည်းကောင်း ကျေးဇူးပြုပြန်၏။

ဤသို့အားဖြင့် လူအဖြစ်၊ပုဂ္ဂိုလ်သတ္တဝါအဖြစ်သို့ မရောက်သေးသော အမိဝမ်း၌ ပဋိသန္ဓေတည်နေသူ၏ ပဋိသန္ဓေစိတ်နာမ်ခန္ဓာနှင့်ရုပ်ကလာပ်တို့အား

ကမ္မသတ္တိ(၁)၊ အာရမ္မဏာသတ္တိ(၁)၊ အနန္တရအုပ်စု(၅)၊ ဝတ္ထုပုရေဇာတ အုပ်စု(၆)၊ ပကတူပနိဿယ(၁)၊ သဟဇာတမျိုးအုပ်စု(၁၃)၊အားလုံးပေါင်းသော (၂၇)ပါးသော စွမ်းအင်သတ္တိတို့ဖြင့် ကျေးဇူးပြုနေမှုကြောင့် ပဋိသန္ဓေဝိညာဏ် နာမ်ရုပ်တို့သည် ရှင်သန်ကြီး ပွားခြင်းသို့ ရောက်လာကြခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



# သဘာဝဓမ္မ၏စွမ်းအင်သတ္တိများ

ကမ္ဘာပေါ်မှာ တည်ရှိကြသော သက်ရှိသက်မဲ့ အရာအားလုံးတို့သည် သဘာဝဓမ္မကပေးအပ်ထားသော စွမ်းအင်သတ္တိ(၂၄)ပါးတို့၏ အာနိသင်ကြောင့်သာ ဖြစ်တည်ရှင်သန် နေနိုင်ကြခြင်း ဖြစ်၏။ ထိုသဘာဝဓမ္မ၏ စွမ်းအင်သတ္တိတို့ကို မည်သူ တစ်ဦးတစ်ယောက်မျှ မူမပိုင်။ လောကသုံးပါးလုံး၌ သဘာဝအတိုင်းသာ အရာအားလုံးတို့နှင့် သက်ဆိုင်လျက် ဖြစ်တည်နေကြ၏။

တန်ခိုးရှင်စသူ တစ်စုံတစ်ယောက်တို့က ဖန်ဆင်းပြုပြင်ထားခြင်းမျိုးလည်း မဟုတ်။ နိယာမသဘောအားဖြင့်သာ တည်ရှိနေကြလေ၏။ ထို့ကြောင့် ထိုသဘာဝဓမ္မစွမ်းအင်တို့မှာ သတ္တဝါအဖြစ်လည်း မရှိဘဲ၊ အသက်ဇီဝမျိုးလည်း မရှိဘဲ သဘောတရားအနေနှင့်သာ လောကသုံးပါးလုံးတွင် စွမ်းအင်သက်ရောက်လျက် ဖြစ်တည်နေကြပေသည်။

သဘာဝဓမ္မ၏စွမ်းအင်သတ္တိတို့သည် သက်ရောက်ဖြစ်တည်မှု အမျိုးအစားအလိုက် အရေအတွက်အားဖြင့် (၂၄)ပါးရှိသည်ကို မြတ်စွာဘုရားရှင်က သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် ပိုင်းခြားသိမြင်တော်မူခဲ့လေ၏။ ဤကမ္ဘာမြေပြင်ပေါ်၌ သဘာဝဓမ္မစွမ်းအင်တို့ကို ထုတ်ဖော်ဟောပြောနိုင်သူကား သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်မှတစ်ပါး အခြားတစ်စုံတစ်ယောက်ကား မရှိသည်သာတည်း။

ထိုသဘာဝဓမ္မစွမ်းအင်တို့သည် လောကသုံးခွင်၌ သဇီဝကသဘောရှိသော လူနတ်ဗြဟ္မာနှင့် တိရစ္ဆာန်သတ္တဝါတို့၌လည်း အထင်အရှား ရှိကြ၏။ နိဇ္ဇီဝက သဘောရှိသော သက်မဲ့တောတောင်သစ်ပင် ရေလေမြေမီးစသည်တို့၌လည်း ထင်ရှားရှိနေကြ၏။ ထို့အတူ သဝိညာဏကဖြစ်သော အသိဉာဏ်ဆင်ခြင်တုံနှင့် စိတ်ခံစားချက် ပြည့်စုံသူပုဂ္ဂိုလ်သတ္တဝါတို့၌လည်း ရှိကြ၏။ အဝိညာဏကဖြစ်သော အသိမဲ့၊ ခံစားချက်မဲ့သတ္တဝါတို့၌လည်း ရှိကြပေ၏။

ထို့အတူ ရုပ်နာမ်ခန္ဓာငါးပါးရှိသူ၊ နာမ်ခန္ဓာမရှိ၊ ရုပ်ခန္ဓာတစ်ပါးသာရှိသူ၊ ရုပ်ခန္ဓာမရှိ နာမ်ခန္ဓာလေးပါးသာ ရှိသူတို့၌လည်း တည်ရှိကြ၏။ သတ္တဝါတို့၏ ကိုယ်တွင်းအဇ္ဈတ္တ သန္တာန်၌သာမက ပြင်ပဗဟိဒ္ဓသန္တာန်တို့၌လည်း ရှိကြလေ၏။

http://www.dhammadownload.com



လက်တွေ့ပစ္စုပ္ပန်၌လည်း ကိုယ်တိုင်ကိုယ်ကျ သိမြင်နားလည်၍ ရနိုင်၏။ လွန်ပြီးအတိတ်အချိန်တို့၌လည်း ဖြစ်တည် လာခဲ့ကြ၏။ နောင်အနာဂတ်တို့၌ ဆက်လက်ဖြစ်တည်နေကြဦးမည်သာ ဖြစ်ပေ၏။

ထို့ကြောင့် သဘာဝဓမ္မစွမ်းအင်တို့ကို သိမြင်နိုင်ဖို့ရာ 'ယခု,ရှေး,နောင်လျှင်၊ အတွင်း,အပြင်၊ အကြမ်း,အနု၊ နှစ်ခု ယုတ်,မြတ်၊ နီးကပ်,ဝေးကွာ၊ဆယ့်တစ်ဖြာ' ဟူသည့်အတိုင်း ယခုဖြစ်ဆဲ၊ ရှေးကဖြစ်ပြီး၊နောင်ဖြစ်လတ္တံ့၊ ကိုယ်တွင်း၊ပြင်ပ၊ အကြမ်း၊အနု၊အယုတ်၊အမြတ်၊ အနီး၊အဝေးဟူသော အခြင်းအရာ (၁၁)မျိုးတို့ဖြင့် ရှာဖွေသိရှိနိုင်ပေသည်။

ထိုသဘာဝဓမ္မစွမ်းအင်တို့၏ သဘာဝနိယာမအလျောက် ဖြစ်တည် ရှင်သန်နေမှုတို့ကို မည်သို့သောပုဂ္ဂိုလ်သတ္တဝါတို့က တားမြစ်ပိတ်ပင်မှု၊ ကန့်ကွက်ဖျက်ဆီးမှု၊ ထိန်းချုပ်မှုများ ပြုလုပ်နိုင်ပါအံ့နည်း။ သဗ္ဗညုတဉာဏ်တော် သခင်ဘုရားရှင်တို့သော်မှ သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် ပိုင်းခြားလျက် ထိုးထွင်းသိမြင်တော်မူခြင်း၊ ဟောညွှန်ပြသတော်မူခြင်းတို့သာ စွမ်းနိုင်တော်မူပေ၏။

ထို့ကြောင့် ထိုသဘာဝဓမ္မ၏စွမ်းအင်သတ္တိတို့သည် ခေတ်စနစ်ဟောင်းတို့ ပြောင်းလဲဖောက်ပြန်၍ အသစ်တို့ဖြစ်ပေါ်လာသော်လည်း သဘာဝဓမ္မအဖြစ်မှ ပြောင်းလဲ ဖောက်ပြန်ခြင်းမျိုး မရှိနိုင်။ ယခင်ကမ္ဘာပေါင်းများစွာကလည်း ဖြစ်တည်ခဲ့ကြ၏။ ယခုကမ္ဘာ၌လည်း ဖြစ်တည်နေကြဆဲဖြစ်၏။ နောင်ကမ္ဘာ အဆက်ဆက်တွင်လည်း ပျောက်ပျက်မသွားဘဲ ဖြစ်တည်နေကြဦးမည်ပင်။

အကြောင်းမှာ ထိုသဘာဝဓမ္မတရားတို့သည် မိမိ၏သဘော သဘာဝ အတိုင်းသာ တည်မြဲခြင်းဓမ္မနိယာမအနေဖြင့် ဖြစ်တည်နေမှု 'သဘာဝသစ္စာ' ထိုက်သောကြောင့်တည်း။

http://www.dhammadownload.com



# သဘာဝဓမ္မစွမ်းအင်များကိုရှာဖွေခြင်း

## မျက်လုံးဖြင့်မမြင်ရ၊ နားဖြင့်မကြားရ

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် ပိုင်းခြားသိမြင်တော်မူလျက် သဘာဝဓမ္မစွမ်းအင်သတ္တိ(၂၄)မျိုးတို့ကို ထုတ်ဖော်ဟောကြားတော်မူခဲ့၏။ ထိုသဘာဝဓမ္မစွမ်းအင်တို့ကို သိမြင်လိုသူသည် မည်သည့်ကမ္ဘာ မည်သည့်နေရာ တစ်စုံတစ်ရာသို့ သွားရောက်ရှာနေဖွယ် မလိုပေ။

အကြောင်းမှာ-ထိုသဘာဝဓမ္မစွမ်းအင်တို့ကို ပကတိမျက်လုံးဖြင့် မမြင်ရ၊ ပကတိနားဖြင့် မကြားရ။ အသိဉာဏ်အမြင်ဖြင့်သာ မြင်တွေ့ကြားသိနိုင်မှုကြောင့်ဖြစ်၏။ အသိဉာဏ်အမြင်နှင့် ပြည့်စုံသူအား အကြင်အခါ၌ ကြည့်နိုင်ပေ၏။ ထိုအခါ၌ မြင်နိုင်၊သိနိုင်ပေတော့၏။ မြင်နိုင်သိနိုင်သော အသိဉာဏ်ဖြင့် ကြည့်နိုင်မြင်နိုင်သူသည် ထိုသဘာဝဓမ္မစွမ်းအင်သတ္တိတို့ကို လက်တွေ့ကျကျ တန်ဖိုးပြည့်အောင် နိဗ္ဗာန်ထိတိုင် အသုံးချနိုင်ပေတော့သည်။

## အရှိတရားနှင့် မရှိတရား

သဘာဝဓမ္မတို့ကို တွေ့မြင်သိရှိလိုသူသည် ရှေးဦးစွာ အရှိတရားနှင့် မရှိတရားတို့ကို ခွဲခြားသိမြင်ထားနိုင်ရန် လိုအပ်၏။ အရှိတရားဟူသည်မှာ အသိဉာဏ်ဖြင့် ထိတွေ့စမ်းသပ် ရှုမြင်၍ရကောင်းသော ပရမတ်အနှစ်၊ ဓာတ်အစစ်တရားတို့ ဖြစ်၏။ မရှိတရားဟူသည်မှာ ထိတွေ့စမ်းသပ်ရှုမြင်၍ မရကောင်းသော လူတို့သမုတ်ထားသည့် ပညတ်အကာ၊ ဓာတ်ဗလာ အခွံတရားများသာ ဖြစ်သည်။

သို့သော် ပရမတ်သည်လည်း ပရမတ်သဘာဝအားဖြင့် မှန်ကန်မှုရှိလေသောကြောင့် 'ပရမတ်သစ္စာ' ထိုက်ကြသကဲ့သို့ ပညတ်တို့သည်လည်း ပညတ်တန်ဖိုးအလျောက် မှန်ကန်မှုရှိလေသောကြောင့် 'သမုတိသစ္စာ' ထိုက်ရသည်သာ တည်း။

## အရှိတရားပရမတ်တို့ သစ္စာထိုက်ပုံ

လောကသုံးပါး၌ အရှိ'ပရမတ်'တရားတို့သည် ရုပ်ဓာတ်အသွင်၊ နာမ်ဓာတ်အသွင်ဖြင့် မိမိတို့ကိုယ်ပိုင် သဘာဝလက္ခဏာများ ထင်ရှားရှိမှုကြောင့် အသိဉာဏ်၌ထင်မြင်နိုင်စွမ်း ရှိကြလေ၏။ ထိုပရမတ်အရှိတရားတို့သည် မိမိတို့ကိုယ်ပိုင်

http://www.dhammadownload.com



သဘာဝဓမ္မများမှ ဘယ်သောအခါမှ ဖောက်ပြန်ပြောင်းလဲခြင်းမျိုး မရှိ။ ပထဝီ
ဓာတ်သည် သဘာဝအားဖြင့် အခါခပ်သိမ်း ခက်မာမှု၊နည့်မှုသဘော ရှိနေ၏။
လောဘစေတသိက်သည်လည်း ဘယ်ပုဂ္ဂိုလ်သန္တာန်ပဲ ရောက်ရောက် လိုချင်မှုသဘောမှ
ပြောင်းလဲသွားခြင်းမျိုး မရှိ။ မိမိတို့၏ ပင်ကိုယ်သဘောလက္ခဏာတို့ဖြင့် ရွေ့လျား
ပြောင်းလဲမှုမရှိဘဲ ထာဝရတည်မြဲမှန်ကန်ခြင်းနေကြောင့်ပင် 'သစ္စာ' ထိုက်ကြရ၏။
ထိုသစ္စာ မျိုးကို '**ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ တထလက္ခဏံ**'အရ- 'ပရမတ်သစ္စာ'ဟု
ခေါ်ဝေါ် သတ်မှတ်ကြလေသည်။

## မရှိတရားပညတ်တို့လည်း သစ္စာထိုက်ပုံ

မရှိ'ပညတ်'တရားတို့မှာကား အထည်ကိုယ်ဒြပ်မဲ့၍ မိမိတို့ကိုယ်ပိုင် ဓာတ်
သဘော၊ သဘာဝလက္ခဏာတို့လည်း ဘာတစ်ခုမျှ မရှိမှုကြောင့် အသိဉာဏ်၌
ထင်မြင်နိုင်စွမ်း မရှိ။ အခြေအနေ၊အချိန်၊နေရာ၊ပုဂ္ဂိုလ်စရိုက်၊အပြုအမူ၊အပြောအဆိုနှ
ပုံသဏ္ဌာန်စသည်တို့အားလျော်စွာ အခါခပ်သိမ်း ရွေ့လျားပြောင်းလဲလျက်သ
ဖြစ်တည် ကြရ၏။ ဥပမာ-မိန်းမတစ်ဦးသည် ယောကျ်ားပုံ၊ ယောကျ်ားအပြုအ
အပြော အဆိုတို့ ပြုနိုင်ကြပေ၏။ ယောကျ်ားသည်လည်း ထိုနည်းပင် ဖြစ်၏။

ထိုသို့ ရွေ့လျားပြောင်းလဲစွာ ဖြစ်တည်ကြရ၍ သဘာဝဓမ္မအနေဖြင့်သ
မရှိတရား ဟု ဆိုရလေ၏။ လူတို့သမုတ်မှတ်သားအပ်သည့် အမှတ်အသားလက္ခဏာ
အားဖြင့်ကား ရှိကြလေ၏။ ထို့ကြောင့် မရှိတရားပညတ်များကို ပယ်အပ်သည
'**ပဟာတဗ္ဗဓမ္မ**'အားဖြင့် မြတ်စွာဘုရား ဟောတော်မမူခဲ့ပေ။ပယ်၍မရကောင်းပါလေ

ထိုကဲ့သို့ အမှတ်အသားအဖြစ်သမုတ်ခေါ်အပ်သည့် ပညတ်မျိုးတို့ကာ
လောက၌ ရေတွက်၍ပင် မကုန်နိုင်အောင် များပြားလှ၏။ မှတ်သားတတ်သ
ပုဂ္ဂိုလ်တို့အပေါ် မူတည်၍ မှည့်ခေါ်သမုတ်မှုတို့ ကျယ်ပြန့်လေ ပညတ်တွေ
ပွားလာလေသာ ဖြစ်၏။ ဥပမာ-မိန်းမ၊ ယောကျ်ားပုဂ္ဂိုလ်၊သတ္တဝါ၊လူ၊နွ
ကြက်၊ငှက်၊နေရာ၊အချိန်၊အရောင်အဆင်း၊ အလှအပ၊ အမြတ်၊ အယုတ်
စသည်တို့သည် လူတို့ပညတ် သမုတ်ချက်တို့သာ ဖြစ်ပေ၏။

ထိုပညတ်တို့သည်လည်း သူ့အခြေအနေ၊သူ့အချိန်အခါ၊ သူ့ပုံပန်းသဏ္ဌာ
စသည် အနေအားဖြင့်ကား မှန်ကန်မှု ရှိကြသည်ပင်။ သို့သော် ရေရှည်မှန်မှုမျိုးကာ

http://www.dhammadownload.com



မဟုတ်။ တဒင်္ဂမှန်မှုမျိုး ဖြစ်၏။ ထာဝရသစ္စာမဆိုက်။ ယာယီသစ္စာမျိုးသာ ဆိုက်၏။ တစ်ခါတစ်ရံ အချိန်ကြာအောင်လည်း မှန်နေတတ်၏။ ပုဂ္ဂိုလ်အများစုအတွက်လည်း မှန်နေတတ်၏။ **'ယေဘုယျသစ္စာ'**ဟု ဆိုရလေ၏။

တစ်ခါတစ်ရံ ခေတ္တခဏသာ မှန်နေတတ်၏။ ပုဂ္ဂိုလ်အနည်းစုအတွက်သာ မှန်နေတတ်၏။ **'ပစ္စေကသစ္စာ'**ဟု ဆိုရလေသည်။ ထို့ကြောင့် ထိုသစ္စာတရားမျိုးကို **'သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိ ကာရဏံ'**အရ- 'သမုတိသစ္စာ'ဟူ၍ ခေါ်ဝေါ်သတ်မှတ်ရပေသည်။

## ပရမတ်တရားထဲက သဘာဝဓမ္မစွမ်းအင်များ

သဘာဝဓမ္မ၏စွမ်းအင်တို့ကို ရှာဖွေသောအခါ လူတို့သမုတ်၊မှည့်ခေါ်အပ်သော ပညတ်တရားတို့၌ တွေ့နိုင်မည်မဟုတ်။ မဖောက်မပြန် မှန်ကန်တည့်မတ်သော ပရမတ်တရားတို့၌ တွေ့နိုင်၏။ သဘာဝဓမ္မစွမ်းအင်တို့သည် ပရမတ်တရားတို့၌ အပြည့်အစုံ ရှိကြ၏။ ပရမတ်ဓမ္မတို့ကို ကြည့်နိုင်သူသည် သဘာဝဓမ္မစွမ်းအင်တို့ကို မြင်ရလေ၏။ သို့သော် ထိုပရမတ်ဓမ္မတို့ကို မျက်လုံးဖြင့်သာ ကြည့်ပါက လှမလှသော အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး ပညတ်တို့ကိုသာ မြင်ရ၏။ နားဖြင့်သာ နားထောင်ပါက သာယာ၊ မသာယာသော အသံပညတ်တို့ကိုသာ ကြားရနိုင်၏။ အသိဉာဏ်မျက်လုံးဖြင့် မြင်နိုင်ဖို့၊ အသိဉာဏ်နားဖြင့် ကြားနိုင်ဖို့မှာ ပညာ၏အရာသာ ဖြစ်ပေသည်။

အသိဉာဏ်ဖြင့် မြင်နိုင်ကြားနိုင်၊ထိတွေ့သိရှိနိုင်သော ပရမတ်ဓမ္မတို့သည် ရုပ်ပရမတ် (၂၈)မျိုးနှင့် စိတ်(၈၉)မျိုး၊ စေတသိက်(၅၂)မျိုး၊ နိဗ္ဗာန်(၁)မျိုးအားဖြင့် နာမ်ပရမတ် (၁၄၂)မျိုး၊ အားလုံးပေါင်းသော် ပရမတ်ဓမ္မအရေအတွက် (၁၇၀)ရှိ၏။

ထိုပရမတ်ဓမ္မတို့ကို ခန္ဓာဟူသော အစုအဖွဲ့ပြုသော် ရုပ်ခန္ဓာ(၁)ပါး၊ ဝေဒနာ၊သညာ၊သင်္ခါရဟူသော စေတသိက်ခန္ဓာ(၃)ပါး၊ စိတ်ခန္ဓာ(၁)ပါးဟူ၍ အစုအဖွဲ့ခန္ဓာ (၅)မျိုး ဖြစ်၏။ နိဗ္ဗာန်သည် အစုအဖွဲ့မှ ကင်းလွတ်လေ၏။

အာယတနဟူသော တည်ရာဌာနပြုလေသော် အပြင်က အာယတန(၆)ပါးနှင့် အတွင်းအာယတန(၆)ပါးဟူ၍ တည်ရာအာယတန (၁၂)ပါး ဖြစ်၏။

ဓာတ်ဟူသော သဘောတရားကိုရှာသော် အတိုက်ဓာတ် (၆)ပါး၊ အခံဓာတ် (၆)ပါးနှင့် အပွင့်ဓာတ် (၆)ပါးဟူ၍ သဘာဝဓမ္မ (၁၈)ပါး ဖြစ်၏။

http://www.dhammadownload.com



သစ္စာဟူသော အမှန်တရားကိုရှာသော် ဒုက္ခ၊သမုဒယ၊နိရောဓနှင့် မဂ္ဂဟူ၍ အမှန်တရား အရိယသစ္စာ(၄)ပါး ဖြစ်၏။ ထိုသစ္စာသည် သမုတိသစ္စာကဲ့သို့ ယာယီတန်ဖိုးမျိုး မဟုတ်။ ပရမတ်သစ္စာကဲ့သို့ ထာဝရတန်ဖိုးထက်လည်း သာလွန်၏။ အမြင့်ဆုံးသော မဂ်ဉာဏ်ဖြင့်သာ ထိုးထွင်း သိမြင်နိုင်၍ အမြတ်ဆုံး ဖြစ်သော သန္တိသုခ၊ အမတတန်ဖိုးရှိသဖြင့် 'အရိယသစ္စာ' အမည်ရပေ၏။

ထို့ကြောင့် မိမိတို့သဘောသဘာဝမှ မဖောက်မပြန် မှန်ကန်တည့်မတ်သော ပရမတ်တရားတို့မည်သည် သဘာဝဓမ္မတရားတို့ကို အမျိုးအစားအလိုက် စုစည်းရေတွက်ထားခြင်း ဖြစ်သဖြင့် ပရမတ်မှန်သမျှတို့မှာ သဘာဝသစ္စာထိုက်ကြရသည်သာ။ သဘာဝစွမ်းအင်သတ္တိ (၂၄)မျိုးတို့ကို ရှာဖွေလေသော် ပရမတ်တရားများတွင် တွေ့ရှိနိုင်မည် ဖြစ်၏။ ပရမတ်တရားဟူသည်မှာလည်း သဘာဝဓမ္မစွမ်းအင်သတ္တိများပင်တည်းဟု ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ရန် အရေးကြီးလှပေသည်။

## ပရမတ်ကိုရှာတွေ့မှ ပညတ်ကွာ

ပညတ်ကွာလိုသူသည် ပရမတ်ကို တွေ့အောင်ရှာ၍ မြင်အောင်ကြည့်လျက် သိအောင် ပြုနိုင်ဖို့ လိုပေ၏။ ပညတ်သည် ပရမတ်၏ အခွံအကာ၊အဖုံးသဖွယ်ဖြစ်၍ ပရမတ်သည်သာ ဓာတ်အစစ်၊အနှစ်အသားတို့ ဖြစ်လေသည်။

ထို့ကြောင့် ပညတ်အခွံကို ခွာကြည့်လျှင် ပရမတ်သဘောဟူသော ဓာတ် အနှစ်အသားကိုသာ တွေ့မြင်ရ၏။ ပရမတ်ကို မြင်တွေ့လျှင်လည်း ပညတ်အခွံသည် ကွာနိုင်တော့သည်သာတည်း။

**လင်္ကာ။** ပရမတ်အလုပ်၊ ပညတ်ပြုတ်၊ ခွဲထုတ်မြင်သိ၊ သမ္မာဒိဋ္ဌိ။
ပညတ်အလုပ်၊ ပရမတ်မြုပ်၊ စွဲထုတ်ဖော်သိ၊ မိစ္ဆာဒိဋ္ဌိ။
အာရုံပညတ်၊ စွဲယူမှတ်၊ ဖြစ်တတ်ကိလေသာ။
ပရမတ်အာရုံ၊ သိမြင်တုံ၊ ပြတ်ကုန်ကိလေသာ။

## အမှန်သိဖြင့် အမှားသိကို ပယ်နိုင်ခြင်း

သစ်သီးတစ်လုံးတွင် အခွံသည် ထိုသစ်သီးကို လုံခြုံမှုရှိလျက် တင့်တယ်လှပအောင် ဖုံးအုပ်ကွယ်ကာပေးထားသကဲ့သို့ အရာရာ၌ ပရမတ်တရားတို့ကို ပညတ်တို့က ဖုံးအုပ်ကွယ် ကာထားသည်ကို တွေ့ရပေမည်။ ထိုသို့ ပရမတ်တို့ကို

http://www.dhammadownload.com



ပညတ်တို့က ဖုံးအုပ်ကွယ်ကာထားမှုကိစ္စသည် မသိမမြင်နိုင်မှုအဝိဇ္ဇာ၏ အလုပ် ဖြစ်၏။ ပညတ်အဖုံးကို ခွာထုတ်၍ ပရမတ်ကို မြင်အောင်သိအောင်ပြုမှု ကိစ္စသည်ကား သိမြင်နိုင်မှုဝိဇ္ဇာ၏အလုပ် ဖြစ်ပေ၏။

ထို့ကြောင့် ပညတ်နှင့် ပရမတ်ကို တစ်ကွဲတစ်ပြားစီ ကွဲပြားအောင် ခွဲခြားနိုင်ဖို့မှာ 'ဝိဇ္ဇာသိ' ဟူသည့် ပညာဉာဏ်မျက်စိဖြင့် ကြည့်နိုင်ဖို့ လိုပေ၏။ ပညတ်နှင့် ပရမတ်ကို ကွဲပြားစွာ ခွဲခြားကြည့်နိုင်သူသည် ပညတ်ကို ဖယ်ခွာ၍ ပရမတ်ကို သိမြင်နိုင်သဖြင့် 'သမ္မာဒိဋ္ဌိ' အမှန်မြင် ဖြစ်ပေ၏။

ထိုသမ္မာဒိဋ္ဌိဟူသော အသိဉာဏ်,အမြင်မှန်ကပင် ပရမတ်နှင့် ပညတ်တို့ မကွဲမပြား တစ်သားတည်း မှားယွင်းစွာ ထင်မြင်ယူဆနေကြသော မိစ္ဆာဒိဋ္ဌိဟူသည့် အမှားသိ၊အသိမှားကို ပယ်ရှားသတ်နိုင်ခြင်း ဖြစ်ပေသည်။

**သင်္ကာ**။ ဉာဏ်မြင်ပေါ်ရှိ၊ အမှန်သိ၊ အမှားသိကို ပယ်သတ်၏။
သမ္မာဒိဋ္ဌိ၊ ဉာဏ်မြင်ရှိ၊ အတ္တဒိဋ္ဌိကင်းလေ၏။

**မြင်မှုကိစ္စတစ်ခု၌ အမြင်မှားမိစ္ဆာဒိဋ္ဌိဖြစ်ပွားပုံ**

**ရူပါရမ္မဏံ စက္ခုဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။** (ပဋ္ဌာန်း၊အာရမ္မဏပါဠိတော်)

မြင်စရာအဆင်းအမျိုးမျိုးကို မြင်တွေ့သူတစ်ယောက်အား 'ဘာတွေကို မြင်ပါသနည်း' ဟု မေးလေသော် 'အဆင်းအမျိုးမျိုးကို မျက်လုံးဖြင့် ငါမြင် တွေ့ရ၏' ဟု ဖြေလေ၏။

ထိုအဖြေ၌ 'မျက်လုံးဖြင့် ငါမြင်၏' ဟု ဆိုရာတွင် မြင်မှုကိစ္စကို အမှန်တကယ် ဆောင်ရွက်သည်မှာ **စက္ခုပသာဒ-မျက်စိအကြည်ရုပ်၌ မှီ၍ဖြစ်သော စက္ခုဝိညာဏ်စိတ်က** မြင်သိမှုကို ပြုလုပ်ခြင်းသာ ဖြစ်သည်။

ထိုကဲ့သို့ စက္ခုပသာဒ၊ မျက်စိအကြည်ဓာတ်ဟူသော ရုပ်ပရမတ်နှင့် မြင်သိစိတ်၊ စက္ခုဝိညာဏ်ဟူသော နာမ်ပရမတ်တို့ကို အမှန်မသိနိုင်သဖြင့် 'ငါမြင်တွေ့၏' ဟု ပုဂ္ဂလပညတ်အားဖြင့် မိစ္ဆာဒိဋ္ဌိ အသိအမြင်မှား ဖြစ်သွားရလေ၏။

ထို့အတူ စက္ခုပသာဒရုပ်ကို အမှီပြုနေသော စက္ခုဝိညာဏ်စိတ်ကသာ မြင်သိမှုကိုပြု၏။ စက္ခုရုပ်-မျက်လုံးက ရုပ်ဖြစ်၍ မမြင်တတ်၊ 'အဒဿနိက' သဘောရှိ၏။ စိတ်ကသာ မြင်နိုင်၊သိနိုင်၏။ ထိုသို့ခွဲခြားလျက် ကွဲပြားစွာ

http://www.dhammadownload.com



အမှန်မသိနိုင်သဖြင့် 'မျက်လုံးဖြင့်မြင်၏' ဟူ၍ အတ္တဒိဋ္ဌိ အသိအမြင်မှား ဖြစ်ရပြန်လေသည်။

ပညတ်နှင့်ပရမတ်ကို မခွဲခြားတတ်သူအား၊ ရုပ်ဓာတ်နှင့်နာမ်ဓာတ်တို့ မကွဲပြား နိုင်သူအား အကြောင်းနှင့်အကျိုးဖြစ်သော ရုပ်နာမ်ကိစ္စအမျိုးမျိုးကို 'တစ်ခုတည်း၊ တစ်သားတည်းအဖြစ် 'အဒ္ဓယံ သမနုပဿတိ'၊ မြင်မှု၊ထင်မှုမှားမှု စွဲမှုမျိုးတို့သည် အဝိဇ္ဇာဓာတ် ဖုံးလွှမ်းသဖြင့် အတ္တဒိဋ္ဌိအား ကြီးမားနေခြင်းကြောင့်ပင် ဖြစ်ပေသည်။

## မြင်မှုကိစ္စတစ်ခု၌ အမြင်မှန်သမ္မာဒိဋ္ဌိ ဖြစ်ပေါ်ပုံ

၁-အဆင်းရူပဟူသော အာရုံနှင့်

၂-မျက်လုံးစက္ခုပဟူသော ဒွါရတို့ ပေါင်းဆုံယှဉ်တွဲမှုကြောင့်

၃-စက္ခုဝိညာဏ်ဟူသော 'မြင်သိစိတ်သဘော' ဖြစ်ပေါ်လာခဲ့၏။

မြင်စရာအဆင်းအမျိုးမျိုးကို မြင်တွေ့သူသည် 'အဆင်းအမျိုးမျိုးကို မျက်လုံး၌မှီသော မြင်သိစိတ်ဖြင့် မြင်တွေ့ရ၏' ဟု ဖြေဆိုအပ်ပေ၏။

၁။ အဆင်းရူပါရုံသည် အစုအဖွဲ့အားဖြင့် ရူပက္ခန္ဓာ၊ တည်ရာအားဖြင့် ပြင်ပ၌တည်သော ရူပါယတန၊ ဓာတ်သဘာဝအားဖြင့် အတိုက်ဓာတ်ရူပရုပ်၊ အမှန်တရားအနေဖြင့် 'ဒုက္ခအရိယသစ္စာ' ဖြစ်ပေ၏။

၂။ မျက်လုံးစက္ခုဒွါရသည် အစုအဖွဲ့အားဖြင့် ရူပက္ခန္ဓာ၊ တည်ရာအားဖြင့် အတွင်း၌ တည်သော စက္ခာယတန၊ ဓာတ်သဘာဝအားဖြင့် အခံစက္ခုရုပ်ဓာတ်၊ အမှန်တရားအနေဖြင့် 'ဒုက္ခအရိယသစ္စာ' ဖြစ်၏။

၃။မြင်သိစိတ်စက္ခုဝိညာဏ်သည် အစုအဖွဲ့အားဖြင့် ဝိညာဏက္ခန္ဓာ၊ တည်ရာအားဖြင့် အတွင်း၌တည်သော မနာယတန၊ ဓာတ်သဘာဝအားဖြင့် အပွ စက္ခုဝိညာဏဓာတ်။ အမှန်တရားအနေဖြင့် 'ဒုက္ခအရိယသစ္စာ' ဖြစ်၏။

ထိုကြောင့် မြင်မှုကိစ္စကို အမှန်တကယ်ဆောင်ရွက်သည်မှာ စက္ခုပသာဒ မျက်စိ အကြည်ရုပ်၌ မှီ၍ဖြစ်သော စက္ခုဝိညာဏ်စိတ်က ပြုလုပ်ခြင်းသာ ဖြစ်သည်

ထိုမြင်မှုကိစ္စဖြစ်ပေါ်လာနိုင်အောင် အဆင်းရူပါရုံက မြင်သိစိတ်နှင့်တက ဖဿ၊ ဝေဒနာစသောစေတသိက်တို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုလေ၏ မျက်စိအကြည် စက္ခုရုပ်ကလည်း မြင်သိစိတ်အား မှီရာ နိဿယ၊ ပုရေဇာတသ

http://www.dhammadownload.com



တို့ဖြင့် ကျေးဇူးပြု၏။

ထိုကဲ့သို့ အဆင်းရူပါရုံနှင့် စက္ခုပသာဒရုပ်တို့၏ ကျေးဇူးပြုမှုကြောင့် မြင်သိစိတ်က မြင်နိုင်သိနိုင်မှုကိစ္စကို ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။ စက္ခုပသာဒရုပ် မျက်လုံးက မြင်ခြင်းမဟုတ်ဟု ခွဲခြားပိုင်းဖြတ်လျက်သိနိုင်မှုသည် **'နာမရူပ ပရိစ္ဆေဒဉာဏ်'** ဖြစ်၏။

ထိုနာမရူပပရိစ္ဆေဉာဏ်သည် 'အနဝဇ္ဇ-အပြစ်မရှိသော၊သုခဝိပါက-ကောင်းကျိုးကို ပေးနိုင်သော' ကုသိုလ်အသိ ဖြစ်၏။ 'အကုသလဝိဒ္ဓံသနကိစ္စ' အနေဖြင့် ဆန့်ကျင်ဘက်ဖြစ်သော အတ္တဒိဋ္ဌိအမြင်များ အကုသိုလ်ကိုလည်း ပယ်သတ်နိုင်မှု ပြုလေသည်။

**လင်္ကာ။** ပညတ်မမြင်၊ ပရမတ်မြင်။ ပုဂ္ဂိုလ်မမြင်၊ ရုပ်နာမ်မြင်။

ရုပ်ဓာတ်မမြင်၊နာမ်ဓာတ်မြင်။ မြင်လျှင်မြင်မှု၊အမှန်ရှု၊ မြင်မှုတစ်ခု၊သတိပြု။

## အမြင်မှန်သမ္မာဒိဋ္ဌိကြောင့် ဉာဏ်အဆင့်ဆင့်ရင့်ပုံ

**"မကောင်းလည်းမြင်၊ ကောင်းလည်းမြင်၊ မြင်လျှင်မြင်မှု၊ အမှန်ရှု၊ အသိတစ်ခု သတိပြု"**

မြင်မှုကိစ္စတစ်ခုကို ဆောင်ရွက်ရာ၌ ပုဂ္ဂိုလ်၊သတ္တဝါ၊ငါ၊ သူတစ်ပါး၊ ယောက်ျားမိန်းမဟူသော ပညတ်တရားတို့က ဆောင်ရွက်နေသည် မဟုတ်။ ပရမတ်ဓာတ်သဘောတို့ကသာ အကြောင်းနှင့်အကျိုးကျေးဇူးပြုလျက် ဆောင်ရွက်မှုဖြစ်၏ဟု သိနိုင်မှုသည် **'ဒိဋ္ဌိဝိသုဒ္ဓိ၊ နာမရူပပရိစ္ဆေဒဉာဏ်'** ဖြစ်၏။

**လင်္ကာ။** အကြောင်းတရားက 'ရုပ်ရုပ်'၊ အကျိုးတရားက'နာမ်နာမ်'

နှစ်ပါးရုပ်နာမ်၊ ပိုင်းခြားပြန်၊ နာမရူပပရိစ္ဆေဒဉာဏ်။

ပရမတ်ဓာတ်သဘောတို့က ဆောင်ရွက်ရာတွင်လည်း ရုပ်ပရမတ်ဓာတ်တို့က မဆောင်ရွက်နိုင်။ အမှီအဖြစ်သာကျေးဇူးပြုနိုင်၏။ နာမ်ပရမတ်ဓာတ်သဘောတို့ကသာ အတိအကျ အမှန်အကန်ဆောင်ရွက်နိုင်ကြခြင်းဖြစ်သည်ဟု သိမြင်နိုင်မှုသည် **'ပစ္စယပရိဂ္ဂဟဉာဏ်၊ ဉာတပရိဉာဏ်'**ဖြစ်၍ သစ္စဉာဏ်ထိုက်၏။

**လင်္ကာ။** အမြင်ခံတာက ရုပ်ရုပ်၊ မြင်သိတာက နာမ်နာမ်၊

နှစ်ပါးရုပ်နာမ်၊ သိလိုက်ပြန် 'ဉာတပရိဉာဏ်'။

http://www.dhammadownload.com



## အမြင်မှန်သမ္မာဒိဋ္ဌိကြောင့် ဝိပဿနာဉာဏ်ဖြစ်ပုံ

'**ပုဂ္ဂိုလ်မမြင်၊ ပရမတ်မြင်။ ပညတ်မမြင်၊ ရုပ်နာမ်မြင်၊ ရုပ်ဓာတ်မမြင်၊ နာမ်ဓာတ်မြင်**' ဟူ၍ မြင်မှုကိစ္စဖြစ်ပေါ်လာအောင် ဆောင်ရွက်ကြသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တရားတို့သည် အကြောင်းညီညွတ် ပေါင်းဆုံမှုကြောင့်သာ ဖြစ်ပေါ်လာနိုင်ခြင်း ဖြစ်၏။

ထိုမြင်မှု ဖြစ်ပေါ်နေခြင်းသည် ရှေးက အမြဲဖြစ်နေမှုမျိုးလည်း မဟုတ်။ ယခုလည်း အမြဲဖြစ်နေမည်မဟုတ်သဖြင့် '**အနိစ္စသဘော**' တို့သာ ဖြစ်ပေါ် ပျက်နေကြလေ၏။

အကြောင်းအသစ်တို့ ထပ်မံဆုံလာတိုင်း အဟောင်းပစ်၍ အသစ်အသစ်တို့ ထပ်မံ ဖြစ်လာမြဲသာဖြစ်သဖြင့် '**ဝိပရိဏာမဒုက္ခ**' သဘောတို့သာ ဖြစ်ပျက်ဆင်းရဲနေကြလေ၏။

ထိုမြင်မှုဖြစ်ခြင်း၌ ငါမပါ၊ ငါ့အလိုမကျ။ ငါမြင်ချင်တိုင်း မမြင်နိုင်ရ။ ပုဂ္ဂိုလ်၊ သတ္တဝါလည်းမဟုတ်။ အစိုးမရ၊အတ္တမပါသဖြင့် '**အနတ္တသဘော**' အစစ်တို့သာ ဖြစ်ပျက်လျက် အတ္တမှ ဆိတ်သုဉ်းနေလေ၏။ ဤသို့ သိမြင်နိုင်သဖြင့် '**ဥဒယဗ္ဗယဉာဏ်၊ တီရဏပရိဉာဏ်၊ ကိစ္စဉာဏ်**' ဖြစ်လေသည်။

**လင်္ကာ**။ နှစ်ပါးရုပ်နာမ်၊ မမြဲမှန်၊ တီရဏပရိဉာဏ်။
နှစ်ပါးရုပ်နာမ်၊ ဆင်းရဲမှန်၊ တီရဏပရိဉာဏ်။
နှစ်ပါးရုပ်နာမ်၊ အစိုးမရမှန်၊ တီရဏပရိဉာဏ်။

## ဝိပဿနာဉာဏ်ကြောင့် ကိလေသာပယ်သတ်ပုံ

မကောင်းလည်းမြင်၊ ကောင်းလည်းမြင်သော မြင်မှုကိစ္စမှန်သမျှသည် စက္ခုပသာဒနှင့်ရူပါရုံ၊ ပေါင်းဆုံမှုကြောင့် ဖြစ်လာ၏။ စက္ခုဝိညာဏဓာတ်၊ မြင်စိတ်ဓာတ်၏ကိစ္စသာ ဖြစ်၏။ ထို့ကြောင့် ထိုမြင်မှုကိစ္စဆောင်ရွက်မှုစသည်တို့သည်-

'**နေတံ မမ**'-ငါ၏ဥစ္စာ၊ မဟုတ်ပါပေတကား။ တဏှာကို ပယ်သတ်၏။

'**နေသောဟ-မသ္မိ**'-ငါ့အစွမ်းကြောင့် မဟုတ်ပါပေတကား။ မာနကို ပယ်သတ်၏။

'**နမေ သော အတ္တာ**'- မြင်မှုသည် ငါမဟုတ်။ ငါသည် မြင်သည်မဟုတ်။ မြင်မှုကိစ္စ၌ ငါမပါ။ ငါ၌ မြင်မှုကိစ္စမရှိပါတကား။ အတ္တဒိဋ္ဌိကို ပယ်သတ်လေ၏။

http://www.dhammadownload.com



ဤကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ်ကို အခြေခံလျက်၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပေါ်လျှင် အတ္တဒိဋ္ဌိ ကင်းပျောက်တော့၏။ ဝိပဿနာဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်တို့ ဖြစ်ပေါ်လျက် ပရိဉာဏ်(၃)ပါးတို့ဖြင့် ပိုင်းခြားသိမြင်နိုင်ပေသည်။

တဏှာ၊မာန၊ဒိဋ္ဌိတို့ကို ခဏပယ်နိုင်သော **တဒင်္ဂ-ပဟာနပရိဉာဏ်၊** ကြာကြာပယ်နိုင်သော **ဝိက္ခမ္ဘန-ပဟာနပရိဉာဏ်၊** အမြစ်ပြတ်ပယ်သတ်နိုင်သော **သမုစ္ဆေဒ-ပဟာနပရိဉာဏ်**တို့ဖြင့် ပယ်သတ်လျက် ကတာဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။ ထိုကဲ့သို့ တဏှာ၊မာန၊ဒိဋ္ဌိအမြစ်တို့ကို သိမြင်ပယ်သတ်နိုင်မှုသည် ဝိဇ္ဇာဉာဏ်ဓာတ်၏ အလုပ်ကိစ္စ ဖြစ်၏။ အခြားတစ်စုံတစ်ရာသော ပုဂ္ဂိုလ်၊သတ္တဝါ၊ ဘန်ခိုးရှင်၊ စွမ်းအားရှင်တို့၏ ပယ်သတ်နိုင်မျိုး မဟုတ်ပေ။

## သစ္စာလေးတန် အမြင်မှန်ပုံ

စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါး၊ ရုပ်(၂၈)ပါး၊ နိဗ္ဗာန်အားဖြင့် ပရမတ်တရား(၄)ပါးတို့ကို သစ္စာလေးတန် အမှန်တရား၌ ထည့်သွင်းရေတွက်သည်ရှိသော်-

(၁) **ဒုက္ခံ တေဘူမကံ ဝဋ္ဋံ**- ကာမ၊ရူပ၊အရူပဟူသော ဘုံသုံးဖြာအတွင်း၌ ဖြစ်ပျက်မကင်းသော လောကီစိတ်(၈၁)၊ စေတသိက်(၅၁)၊ ရုပ်တရားအားလုံးသည် အကျိုး **'ဒုက္ခသစ္စာ'** မည်၏။

**သင်္ဂြိုဟ်**။ ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။

(၂) **တဏှာ သမုဒယော ဘဝေ**- ကာမ၊ရူပ၊အရူပ ဒုက္ခအားလုံး၏ ဖြစ်ကြောင်းဖြစ်သော လိုချင်မှုတဏှာ၊ လောဘစေတသိက်သည် **'သမုဒယသစ္စာ'** မည်၏။

**သင်္ဂြိုဟ်**။ ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။

(၃) **နိရောဓော နာမ နိဗ္ဗာနံ**-တဏှာချုပ်သဖြင့် ဒုက္ခငြိမ်းပြတ်ခြင်းသဘောသည် **နိရောဓသစ္စာ'** မည်၏။

**သင်္ဂြိုဟ်**။ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်ဓာတ်။

(၄) **မဂ္ဂေါ လောကုတ္တရော မတော**- ရုပ်နာမ်အားလုံးတို့ ချုပ်ပြတ်ငြိမ်းကြောင်း လမ်းစဉ်ဖြစ်သော မဂ်စိတ်တို့၌ယှဉ်သော မဂ္ဂင်တရား(၈)ပါးသည် **'မဂ္ဂသစ္စာ'** မည်၏။

**သင်္ဂြိုဟ်**။ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ္ဂမှတ်။

http://www.dhammadownload.com



## သစ္စာအမြင်ဉာဏ်ဆိုက်ရောက်ပုံ

ထိုသစ္စာလေးပါးတွင် ဒုက္ခသစ္စာသည် **'လောကီ၊ အကျိုးသစ္စာ'** ဖြစ်၍ သမုဒယသစ္စာသည် **'လောကီ၊ အကြောင်းသစ္စာ'** မည်၏။ နိရောဓသစ္စာသည် **'လောကုတ္တရာ၊ အကျိုးသစ္စာ'** ဖြစ်၍၊ မဂ္ဂသစ္စာသည် **'လောကုတ္တရာ၊ အကြောင်း သစ္စာ'** ဖြစ်သည်။

**'ဟေတုံ ပဋိစ္စ သမ္ဘူတာ'**အရ သမုဒယသစ္စာအကြောင်းကြောင့် ဒုက္ခသစ္စာ အကျိုးဖြစ်ခြင်းသည် အကြောင်းနှင့်အကျိုး 'အဆိုးသစ္စာ'သံသရာလည်ခြင်း ဖြစ်၏၊

**'ဟေတု ဘဂ်ါ နိရုဇ္ဈတိ'**အရ မဂ္ဂသစ္စာအကြောင်းကြောင့် နိရောဓသစ္စာ အကျိုးဖြစ်ခြင်းသည် အကြောင်းနှင့်အကျိုး 'အကောင်းသစ္စာ'သံသရာပြတ်ခြင်း ဖြစ်၏။

ဟောစဉ်အားဖြင့် ဒုက္ခသစ္စာ-ဆင်းရဲအမှန်တရားတို့ကို သိမြင်မှု(သိသစ္စာ)၊ သမုဒယသစ္စာ-ဆင်းရဲဖြစ်ကြောင်းတဏှာကို ပယ်သတ်မှု(ပယ်သစ္စာ)၊ နိရောဓ သစ္စာ-ဆင်းရဲခြင်းနှင့်ဆင်းရဲဖြစ်ကြောင်းတို့ချုပ်ငြိမ်းခြင်းသို့ ဆိုက်ရောက်မှု (ဆိုက်သစ္စာ)၊ မဂ္ဂသစ္စာ-ဆင်းရဲခြင်း၊ဆင်းရဲကြောင်းတို့ချုပ်ငြိမ်းကြောင်းတရားတို့ကို ပွားများအားထုတ်မှု(ပွားသစ္စာ)ဟူ၍ **'သိ၊ပယ်၊ဆိုက်၊ပွား'** (၄)ပါး ဖြစ်၏။

ကျင့်စဉ်အားဖြင့် မဂ္ဂသစ္စာကို ပွားခြင်း **'ဘာဝေတဗ္ဗကိစ္စ'**၊ ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်ခြင်း **'ပရိညာကိစ္စ'**၊ သမုဒယသစ္စာကို ပယ်သတ်ခြင်း **'ပဟာနကိစ္စ'**၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း **'သစ္ဆိကာတကိစ္စ'**ဟူ၍ **'ပွား၊သိ၊ပယ်၊ဆိုက်'** (၄)ပါး ဖြစ်၏။

ထိုတွင် ရုပ်နာမ်တရားတို့ကို ခွဲခြားသိမြင်နိုင်မှုဟူသော နာမရူပပရိစ္ဆေဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ယထာဘူတဉာဏ်တို့ဖြင့် မဂ္ဂင်(၈)ပါးကို ပွားသဖြင့် ဒုက္ခ သစ္စာကို ပိုင်းခြားသိ၏။ ထိုဒုက္ခသစ္စာကို သိမြင်မှုဉာဏ်သည်ပင် သမုဒယသစ္စာကို ပယ်သတ်နိုင်၏။ ထိုသမုဒယသစ္စာကို ပယ်သတ်နိုင်မှုသည်ပင် နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ပေတော့သည်။

ထို့ကြောင့် သမ္မာဒိဋ္ဌိဟူသော အသိအမြင်မှန် ယထာဘူတဉာဏ်ဖြင့် မဂ္ဂင်တရားကို ပွားသည်ရှိသော် ဒုက္ခသစ္စာကို ပိုင်းခြားသိလျက်၊ သမုဒယသစ္စာ တဏှာကို ပယ်သတ်နိုင်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပေသတည်း။

ပဋ္ဌာန်းတရားတော်ပို့ချချက်ပြီး၏။

အရှင်ကုဏ္ဍလိယ(သျှင်မိုး...

(၁၊ ၁၊ ၂၀၀...

http://www.dhammadownload.com



# ပဋ္ဌာန်းတရားတော်စာအုပ်
# မှီငြမ်းပြုကျမ်းများ

| | |
|---|---|
| ၁။ ပဋ္ဌာန်းပါဠိတော်(ဆဋ္ဌမူ၊ ပါဒ၊တ) | သာသနာရေးဦးစီးဌာန။ |
| ၂။ ပဋ္ဌာန်းအရကောက်ကျမ်း | ။ |
| ၃။ ပဋ္ဌာန်းမြန်မာပြန်အနှစ်ချုပ်ကျမ်း | ရှင်တစ်ရာကျောင်းဆရာတော် |
| ၄။ ပဋ္ဌာန်းလမ်းညွှန်ကျမ်း | ပဋ္ဌာန်းသိပ္ပံဆရာတော် |
| ၅။ အခြေပြုပဋ္ဌာန်းတရားတော် | မဟာဂန္ဓာရုံဆရာတော် |
| ၆။ လယ်တီဒီပနီပေါင်းချုပ် | လယ်တီဆရာတော် |
| ၇။ ပရမတ္ထသံခိပ်ဋီကာ(ပါဒ) | လယ်တီပဏ္ဍိတဦးမောင်ကြီး |
| ၈။ ပဋ္ဌာန်းသင်ကြားနည်း | ပုသိမ်ပစ္စိမာရုံဆရာတော် |
| ၉။ ပဋ္ဌာန်းအခြေခံဝိပဿနာ | မစိုးရိမ်တိုက်၊ပဋ္ဌာန်းဆရာတော် |
| ၁၀။ ပဋ္ဌာန်းနှင့်ဝိပဿနာ(ပါဒ) | သဒ္ဓမ္မရံသီဆရာတော် |
| ၁၁။ ပဋ္ဌာန်းတရားတော် | အရှင်ဝိသေဋ္ဌ |
| ၁၂။ အကြောင်းတရားတို့စွမ်းအင်သတ္တိများ | ဒေါက်တာဦးအေးကျော် |

၁၃။ သဂြိုဟ်ဘာသာဋီကာနှင့် အဘိဓမ္မာကျမ်းများကို မှီငြမ်းပြုစုသည်။

http://www.dhammadownload.com



ပဋ္ဌာန်ဆက်သံသရာ လည်ပုံ/ဖြတ်ပုံပြ

# ပဋ္ဌာန်းတရားတော်စာအုပ်

## ဓမ္မစက္ကူမတည်အလှူရှင်များ

၁။ ဦးမြင့်ကို+ဒေါ်ကြည်ကြည်သိန်း။ သမီးမအိဖြိုးပိုင်၊ မဝေဖြိုးပိုင်-
မိသားစု၊ တောင်ဥက္ကလာ၊ ၂၀၀၀၀ိ

၂။ Dr.ဦးအောင်နိုင်(သံအမတ်ကြီး)+ဒေါ်အေးမိ ၁၀၀၀၀ိ

၃။ ကွယ်လွန်သူဖခင်ဦးဘိုနီ၊မိခင်ဒေါ်အုံးတည်တို့အားရည်စူး၍-
ဒေါ်တင်လှ၊ ဒေါ်ခင်ကြည်၊ဒေါ်နွယ်နွယ်သက်ညီအစ်မများ ၁၂၅၀၀ိ

၄။ ဦးထွန်းအောင်+ဒေါ်ပွင့်သန်း မိသားစု ၁၀၀၀၀ိ

၅။ ကိုမျိုး+မနှင်းနှင်းမိသားစု ၅၀၀၀ိ

၆။ Dr.စိုးလွင်လွင်+ဒေါ်လှလှချော၊မိသားစု၊တောင်ဥက္ကလာ၊ ၃၀၀၀ိ

၇။ ကိုအောင်သပြေ+မမေဝင်းသူမိသားစု ၂၁၇၀၀

၈။ ဒေါ်ကြည်ကြည်လေး (Australia) ၅၀၀ိ

၉။ ဦးကြည်စိန်+ဒေါ်မိမိမော်၊ရွှေဟသာ်လမ်း(၁၁)ရပ်ကွက်၊လှိုင် ၅၀၀ိ

၁၀။ (ဦးတက်ထွန်း)+ဒေါ်တင့်တင့်သိန်း မိသားစု ၅၀၀ိ

♣♣♣♣♣

http://www.dhammadownload.com